www.burmeseclassic.com



www.burmeseclassic.com

# နက္ခတ္တရောင်ခြည်စာအုပ်တိုက်မှ ထုတ်ဝေသောစာအုပ်များ




မှာကြားရန်
နက္ခတ္တရောင်ခြည်စာအုပ်တိုက်
အမှတ်-၂၁၀(ပထမထပ်)၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၂၂၈၄။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



## နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်







### သောကကင်း ဂါထာတော်

- သတ်ပါဒရေဒ သေလေယျ န သုဝဏ္ဏမေယာ ဂိရိ
  သော ပံသု သောကပဟာရေယ သော ဂိရိ သောကဝမနော
- ယေသံ နတ္ထိ ပိယံ နတ္ထိ တေသံ ဒုက္ခံ
  အသောကာ တေ ဝိရဇာ အနုပါယာသာတိ ဝေါမိ

အနက်

**သတ်ပါဒရေဒ၊** ဘုရားရှင်၏ ခြေတော်တစ်စုံ မြုပ်နှံထားရာသည့်၊ **သေလေယျ၊** မြင်တော်၊ **သုဝဏ္ဏမယောဂိရိ၊** ရွှေတောင်ကြီးသည်၊ **နသေလေယျ၊** မမြင်။ **သောပံသု၊** ထိုမြုပ်နှံသည့် **သောကပဟာရေယ၊** သောကကို ပယ်ဖျောက်ခြင်းငှာ၊ **(ဟောတိ)** ဖြစ်၏၊ **သောဂိရိ၊** ထိုရွှေတောင်ကြီးသည်၊ **သောကဝမနော၊** သောကကို တိုးပွားစေသည်၊ **(ဟောတိ)၊** ဖြစ်၏။

**ယေသံ၊** အကြင်သူတို့အား၊ **ပိယံ၊** ချစ်ခြင်းသည်၊ **နတ္ထိ၊** မရှိ၊ **တေသံ၊** ထိုချစ်ခြင်းကင်းသူတို့အား၊ **ဒုက္ခံ၊** ဆင်းရဲသည်၊ **နတ္ထိ၊** မရှိ၊ **အသောကာ၊** စိုးရိမ်ပူပန်ခြင်း ကင်းကုန်သော၊ **ဝိရဇာ၊** ကိလေသာဟူသော မြူအညစ်အကြေးကင်းကုန်သော၊ **တေ၊** သူတို့ကို၊ **အနုပါယာသာတိ၊** အားကြီးသောစိတ်ပင်ပန်းခြင်းကင်းသော သူတို့ဟူ၍၊ **ဝေါမိ၊** ဆိုရ၏။

လောကီ ပညာ ရသ စုံ မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com


# နဂါးမြွေရောင်ခြည်

လောကီပညာရှင်သုတေသနစစ်စောင်

**နာယကကြီး**

ဒေါက်တာ အောင်မြင့်
M.B.B.S (Ygn)
ဒု-ဗဟို-က(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wales), D.M.A
Senior Fellowship of Aryuvedic
Medicine (India)

သာသနာ့အကျိုးဆောင်
ဓာတ်ဆရာ အောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါက်တာညွန့်ဝေ
B.Sc(Bot), Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos), Dip.T.Med.,
T.L.R.M (INDIA)

စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ချမ်းသာ

နယ်လှည့်အယ်ဒီတာ
အောင်ဝေ(LL.B)ကိုစိုးသန်း
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင်
(တော်နိကာယဓကာဝိဒုဓိမ္မယရေးစွာမှ)
* ဦးသိဟ
[သာသနာစစ်မှု]

ဥပဒေအကြံပေး
ဦးထွန်းဝင်း
B.A(Myanmar), H.G.P.R.L(Advocate)

ပန်းချီကိုယ်စားလှယ်
ကိုတင်ဦး
တင်တင်မွှယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း




မူလ ကောင်းတော်ကျိုက်ဝေဘီ
ဌာနကျောက်ဖျာ သဲပေါင်းစည်သျှင်ကြီး၏
ဆာတော်ဘုတ်ခြုံ ဖြစ်သည်
ဖာ-၄၈


ထုတ်ဝေသူ
ဦးကျော်မိုးသိန်း(၀၀၃၃၅)
[illegible]
ပုံနှိပ်သူ
[illegible]
ပုံနှိပ်တိုက်
[illegible]
ဖြန့်ချိရေး
[illegible]

ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ

၂၀၁၈ ခုနှစ်၊ ဇွန်လ
အမှတ် ၃၇၃
တန်ဖိုး - ၂၀၀၀ကျပ် (မြန်မာ)
[နှစ်ထောင်လေးရာကျပ်]
အုပ်ရေ
၁၀၀၀
ဖုန်း- ၀၉ ၇၇၆ ၃၆၉ ၇၈၅၊
၀၉ ၆၆၃ ၂၅၇ ၂၂၀




မျက်မှန်တော်ကြီးကို ချွတ်၍
ပြုပြင်နိုင်ခြင်းမရှိကြောင်း
ပြုလုပ်ခဲ့ပါက
ဖာ-၉

ကျိုက်ခွတ် (ခေါ်) စိုးခွတ်စေတီတော်ကြီး၏
ရင်ပြင်တော်မှ ရှေးဟောင်းတွေ့ရှိရသော
ရှေးဟောင်းကျောက်စာချပ်များဖြစ်သည်
ဖာ-၄၆




● [illegible] ●
ရွှေပေါ်ကျွန်း အလွမ်းပြေ [ဖိုးသိန်း-ကန့်ဘလူ] ၂၁၁

■ [illegible] ■
ကြက်ခြေလှမ်းရေ နည်းတစ်ခု [စစ်မောက်ကြည်မြင့်] ၁၂၂
သတိုသမီးရွေးနည်း [သုတေသီတစ်ဦး] ၁၅၄

[illegible]
အမေရှိ၍ အမြဲရှိခဲ့ရပါသည် [သစ်မပညာ] ၁၂၈
သက္ကရာဇ်ပဝေ၌ အမြဲညီကြီး
[ဆရာကြီး ဦးအောင်မြင့်-ဥပဒေသွဲ့] ၁၃၃
နိုင်းယှဉ်လေ့လာသောအမြဲရှာ ၁၆၁

☛ [illegible] ☛
ဝမ္ဘီရထူးဆန်း မယ်မြနမယ်ညီ နတ်နန်း [မြင့်တာဝွရွှေ] ၆၅
မြို့စစ်ကိုင်း၏ သမိုင်းလုပ ထိမ်ဝိဇ္ဇာရ
[အောင်ရွှေမြတ်-စစ်ကိုင်းဓတောင်] ၉၇
ဖုံးဖွယ် ရေပူစမ်း လမ်းညွှန်ပါရမီ
[ဦးမြင့်ဝေ-မြောက်သား ခင်ဦးမြို့] ၁၀၆

○ [illegible] ○
ရွှေမုက်ဂုဏ်ဘုရားဝန်း၌ ထုံးဖွယ်ထူးခြား
ရွှေဆံတော် တစ်ဝရဘုရား[ရွှေမှော်ချေ ဓမောင်ကြည်သိန်း] ၉
အတိတ်တဘောင် နိမိတ်ဆောင်သည့်
နေရောင်ပြအင်းဘုရား (သို့မဟုတ်) နေပြည်တော်က
ပြည်လုံးချမ်းသာ စေတီတော်
[မန္တလေး ရေသင်း-နေပြည်တော်] ၁၅
ဝေါတမ ဗုဒ္ဓမြတ်စွာဘုရား၏ သွားတော်ဓာတ်
စေတီတော် (၃၃)ဆူသို့ အဓိဋ္ဌာန်ဝန်ရိုစဉ်(၂၂)
[အောင်ဝေ-LL.B] [illegible]
အမေကြီးဦးဓောလှနှင့် ရွှေနံ့စင်ဆောင်ဆရာတော်ကြီး
ဦးပြိဿာသတို့၏တပည့် ဆရာတော်ကြီးဦးဂန္ဓမာလ
စောင်မြဲ ဓာတ်ပန္နက်များ(၃) [နိဂုံးပိုင်း]
[ဝင်းထိန်-ဆော့ဝေယံ] ၄၁



F.1B. June, 2018.

www.burmeseclassic.com

## ကိုယ်တွေ့ဆောင်းပါး


လွမ်းမိသည်တည့် လွမ်းမိသည် [သီလ-ရေတံခွန်တောင်] ၂၁၄
နတ်စောင့်ရှောက်တယ်ဆိုတာ [ရွှေမင်းသား-စစ်ကိုင်း] ၂၂၄
ကိုယ်တွေ့ကြုံလို့ ယုံရသည်(၁၂) [နှင်းပုလဲသွေး] ၂၃၀
မေတ္တာဖြင့်သာ အောင်နိုင်ရာ၏ [ဖော်မိသွင်-ရန်ကုန်] ၂၄၁
မယုံမရှိနဲ့ ကွင်းပိုင်, တောပိုင်, တောင်ပိုင် ဆိုတာ တကယ်ရှိတယ်
[ရသေ့ရှိရ ကျော်ဝင်းအောင်-ပြည်၊ ဆည်မြောင်း] ၂၃၀
မျှော်လင့်မထားသော အကျွတ်အလွတ်ပွဲတစ်ခု
[မနှင်းဆီ(စိုက်ပျိုးရေးသုတေသနဦးစီးဌာန)-ရေဆင်း၊ နေပြည်တော်] ၂၈၄


## ထူးခြားဆောင်းပါး


မိုးမိတ်မြို့ ရွှေကျောင်းပန်းယဉ်တွဲစာသင်တိုက်ကြီး၏ ပဓာန နာယက အရှင်နာဂသေန(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (၅)တွဲပိုင်ရှင် ဆရာတော်ကြီး၏ ထူးခြားသောကျင့်စဉ်နှင့် ထူးခြားသော ဖြစ်စဉ် (၂)[နိဂုံးပိုင်း]
[ချမ်းသာ-မိုးမိတ်၊ ဘူမိဗေဒသုတေသနအရာရှိ ရန်ကုန်] ၁၃၇
မော်ဘီမြို့ မြတ်မော်တင်စေတီတွင် အမြဲဥနိဝင်နေသူတစ်ဦး၏ သိဒ္ဓိပေါက် ပုတီးစိပ်နည်း
[ထွန်းထွန်း-အဝေးသောင်] ၁၄၃
အဘကို အားထား အသုဘကို ပွားများ [ဆုံကြွယ်] ၁၈၆
ပုတီးမေတ္တာနှင့် သီလ [ထွန်း-ချောင်ဦး] ၂၈၉


## အထူးဆောင်းပါး


ပွဲတွေ့ယကြား ဤသို့ စီရင်ပါ [မောင်ဗဟိန်း-အင်းတော်] ၁၆၄
လယ်ယာမြေသန့်ဖို့ ဒီလို စီရင်ပါ
[တက္ကသိုလ် အောင်မိုင်] ၁၉၃
မဟာသိဒ္ဓိကူဋ္ဌာသယဆေးတောင့် အစီအရင်နှင့် ကိုယ်တွေ့ကြုံမှုများ [ဝဏ္ဏကျော်-ဂန္ဓာရီ] ၁၉၇
နိမိတ်များ အတိုက်များ [ဖိုလ်မင်း-မင်းလှ] ၂၈၀







ဆုတောင်းတိုင်း ပြည့်စေသည် ဘုံမွှယ် ရွှေးဟောင်း ဘုရားတစ်ဆူဖြစ်သည် ▲ စာ-၁၁
ထွန့်ဒေါင်းဆရာတော်ကြီး၏ ဓမ္မိကသိမ်တော်ကြီးကို ချောက်ကမ်းပါးစွန်းတွင် တည်နေသည်မှာ ▼ စာ-၉၉







မျှော်လင့်မထားသော အကျွတ်အလွတ်ပုံ... ▲ စာ-၂၀၄
မယ်ညိုက ရွှေခွင်းတောင်တော်မှာ တောင်စောင့်နတ် တောင်ပိုင်မယ်တော် ဖြစ်ခဲ့တယ် ▼ စာ-၆၅




## အတွေ့အကြုံဆောင်းပါး


လာဘ်လာဘ ပွင့်စေသော သွပ်စာတစ်လုံး
[ဗေဒြိုးအောင်-တောင်သာ] ၁၅၂
ထုံးပြောလမ်းနှင့် ထွက်ရပ်စခန်း [နေဝန်းနီ] ၁၀၂
မှုဆိုက်နှင့် ကျွန်တော့်လက်တွေ့ [ဦးဝင်းမြင့်] ၁၉၆
ယုံချင်ယုံ မယုံချင်နေ ကာလသိဒ္ဓိနှင့် အဓိဋ္ဌာန်ရှာစာ
[ဦးကွန်းဆိုင်(U KUN SAING)-စမ်းချောင်း] ၂၉၇


## ဂါထာမန္တန်ဆောင်းပါး


မင်္ဂလာတ ပတ္တမြားရတနာ ဂါထာတော်
[အောင်ဝင်းတင့်(ဘူမိ ဂါမ)-ကျိုက်မြို့သာသာနာပြု] ၇၇
အလွယ်တကူ သားဖွားစေသော ရေမန်းမန္တန်
[ကောင်းမြတ်-စီကုန်း] ၁၂၁
မိုးကြိုးလွဲ ဂါထာတော်များ [ဦးစိန်သွင်] ၁၅၅


## ဆေးမှုဆိုင်ရာဆောင်းပါး


ငွမ်းလှတဲ့ ကြောင်လျှာခေါင် [မောင်အေးကြွ-စိမ့်ရာမရေ] ၁၃၄
ဆီးအောင့်ဆီးချုပ် ရောဂါအတွက် ဆေးနည်းကောင်းတစ်ခု [ဖိုလ်မင်း-မင်းလှ] ၁၆၈
နှမျောင်းပိတ်နေသူ မွေးဖွားပြီးစ မိခင်လောင်းများအတွက် ဆေးနည်းကောင်းတစ်လက်
[အေးချမ်းအောင်-ရေညီသင်း] ၃၀၅


## ဆေးဝါးဆောင်းပါး


ချိုင်းကြား-ပေါင်ခြံကြား အကျိတ်နှင့် ပါးချိတ်အတွက် ရှိနိုင်ဆေးနည်း [ပင်စင်စား မောင်စံလှ] ၃၉
အမောပျောက်ဆေး [ဦးသန်းစိုး-ချောင်းနှတ်] ၆၉
သွေးတိုးရောဂါအတွက် ဆေးကောင်းတစ်လက်
[တော့မှူး စိန်လှ] ၁၈၃


## ဗေဒင်ယတြာဆောင်းပါး


တရုတ်အဘိုးနှင့် ဥစ္စာစောင့်မလေး
[ဦးရွှေမြင့်(TC-ဦးဝိ)-ကျောက်မြောင်း] ၂၀၉
ရတနာရွှေသိုက် [သာလှ-ကသောမြို့] ၂၁၇
အသူရကာယ်ဘုံလား...ငရဲလား
[သူရိန်မြင့်-လယ်တောသား] ၂၇၉




www.burmeseclassic.com

www.burmeseclassic.com


[illegible] ဆောင်းပါး

၁၃၈၀ ပြည့်နှစ်အတွက် ရေကိန်းနှင့်
ကုန်ဈေးအခြေအနေ [ကသာ သင်းမျှ] ၁၀၄

[illegible] ဆောင်းပါး

ယဲ့ဟိုမှ နှစ်ပေါင်း(၆၀၀၀)ကျော် သက်တမ်းရှိ
ကျောက်ခေတ်သစ်ရုပ်ကြွင်း [နိုင်မင်းညို] ၁၂၈

[illegible] ဆောင်းပါး

သိုင်းပညာရှင် ဆရာကြီးမင်းသကျ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ပုတီးသိုင်း)(အပုဒ်-၇)
[ဆရာကြီးမင်းသကျ-တိုက်ပွဲဝင်] ၁၅၁

[illegible] ဆောင်းပါး

ခါးနာပျောက်နည်း နိသယနည်း
[မှုန်မွှင်ကျော်-ဓောင်ဓတော်သီ] ၈၃
ရုတ်တရက် လေဖြတ်ခံရသူအား ကယ်တင်နည်း
[ကောင်းမြင့်မြတ်စိုး] ၁၈၉

[illegible] ဆောင်းပါး

နှမ်းနှံရာ ငါးပေါင်းထုပ် လုပ်စားနည်း
[ဆောင်စ-L.L.B] ၈၉

[illegible] ဆောင်းပါး

အနိုင်ခေတ် တမာ [မေယုနိုင်] ၈၇
ဧဝံ ဤသို့ [နေဝိမ္မာ] ၁၅၆
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြဲလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေသွဲ့] ၁၈၁

[illegible] ဆောင်းပါး

ဝံပုလွေတို့ အမိုက်များ ဝံပုလွေအတွက် အမိုက်
[ရဲမျိုးသူ-မောင်မြိုင်] ၂၈
ထိုသလောက်ထုန်း တရင်မှီရာ ဆေးနွယ်ပင်
[ရွှေစင်ဓုန်] ၁၁၀

[illegible] ဆောင်းပါး

မြင်းများ အပုံထိုင်ခေသ် [မောင်သာဓိဓေ-ဗဓေ] ၆၇
ကွဲ့နွား ကာလဓရာဂါ
[ရတနာဆင်မင်း-ထုံမှား ဘာလောင်ကြီး] ၁၃၆







ဘုရားမျက်လုံးတော်နှစ်သွယ်မှာ
ရောင်ခြည်တော်တွေ
လွှတ်နေတယ်... စာ-၂၂၇

[illegible]... စာ-၆၁





ကျိုက်ပဒိုင်ကျောင်းအတွင်းမှ
ရေပြင်တော်ကို
ဤသို့ ဖူးမြော်ရှာ တွေ့ရသည်... စာ-၁၁၁



အဘကြီး
က
အပေါ်သို့
လက်မြှောက်ပြီး
ချဲ့ယူလိုက်ရာ
အနီးကုန်းဘိုးဘိုး
ပဲ့တော်
ပါလာပြီး... စာ-၂၃၀



လွန်ခဲ့သည့်
နှစ်ပေါင်း
၄သြောက်ထောင်
ကျော်က
လူသားများ
နေထိုင်ခဲ့သည့်
ဂူတွင်းမှ
တူးဖော်
တွေ့ရှိရသည်... စာ-၁၃၀


[illegible] ဆောင်းပါး

ရွှင်တောက်ထိန်ဘုရား မျက်ရှင်တော်
[ကမ္ဘာ့ကဝိဒ် ဆရာဟုန်းဝေ] ၂၂၆

[illegible] ဆောင်းပါး

စစ်ကိုင်းတစ်ခွင် သဒ္ဓါဝင်ဓေတီများ၏ အောင်မြေနှင့်
ရှိမိုးပူဇော် ဂါထာတော်များ(၆၄)(ဓေးဓေတီဓော်)
[အောင်ရွှေမြတ်-စစ်ကိုင်းအောင်] ၅၉
လွန်ခဲ့သော(၁၀)နှစ်ခန့်က ဖုံးမြှော်ရောက်ရှိခဲ့သော
ရွှေဘုံမြို့မှ ဓေယျဘုရွှင်တွန်းတော် အောင်မြေ
[အရိယ-မိုးကုတ် (M.W.J.A)] ၆၇

[illegible] ဆောင်းပါး

၂၀၀၈ ခုနှစ် ဂွန်လတွင် ထီဆုကြီးများ ထွက်နိုင်မှု
[ထက်မင်းကျော်စွာ] ၁၂၆
၂၀၀၈ ခုနှစ် ဂွန်လ ထီထိုးလိုက ရွှေရှာယ်ပါ ဤဂဏန်း
[ဆရာ မိုးထက်-သုမောင်] ၁၈၄

[illegible] ဆောင်းပါး

ပဲအထွက်တိုးစေဖို့ ပဲမြစ်ဖု ဇီဝမြေဩဇာ သုံးစွဲမှု
[တင်ဥာဏ်ဓော] ၁၄၈

[illegible] ဆောင်းပါး

သက်တော်ရှည် သိဒ္ဓိရှင် ဆရာတော်ကြီးများ၏
အမိဂ္ဂယ်နက်နဲသော စကားတော်များ
[သိတာဆန်း-မောင်လမြိုင်] ၁၀၇

[illegible] ဆောင်းပါး

ဈေးခေါ်လာဘ်ရွှင် ငွေဝင်မပျွမ်း ဆောင်လေ့အင်း
[နတ်မောက် ကြည်မြိုင်] ၇၈
ဓာရနာပရိတ်၏ အသက် [မောင်ပေါ်နီး-အင်းတော်] ၁၁၃

[illegible] ဆောင်းပါး

မုဠာမထောင်တန်ပေါ်က မယုံမသို့ ရုဟန်းတစ်ပါး
[လွယ်ကောင်းအောင်] [illegible]

[illegible] ဆောင်းပါး

ကျောက်စိမ်းပန်းကန်(၂)ရွှေထောင် [ကြည်မောင်ဓော] ၂၃၃
ယောဆရာကြီး [ဝမ်း-ဓက်မှုဓ္ဓ္ဓသိုလ်] ၂၈၁
အိမ်တိုင်း ကြောင်ပန်းပင်စိုက်သော ရှာ
[ကသာ သင်းမျှ] ၂၈၄
မြွေ အဆုတ ဖိုမြင်းသံ [ဓာရိ မောင်မောင်ဓော] ၂၇၃




www.burmeseclassic.com

www.burmeseclassic.com


[illegible]

ထိမ်တိုင်းတွင် ထိမ်စောင့်နတ် ရှိပါသည် [သမားတော် ဦးအောင်ဆန်း-နန်းတော်ရှေ့] ၂၈၄

[illegible]

ရှင်နှစ်သည်းရှာ ရှင်သွေးရတနာတို့အတွက် ဝ၃၈ဝ ပြည့်နှစ် တစ်နှစ်တာ [အောင်နှစ်-ကျိုက်လတ်] ၈၀

[illegible]

၂၀၁၈ ခုနှစ်၊ ဇွန်လအတွက် ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်မြည်] ၁၆၆

၂၀၁၈ ခုနှစ်၊ ဇွန်လအတွက် လာဘ်လာဘ ၂၃လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၉၀

၂၀၁၈ ခုနှစ်၊ ဇွန်လအတွက် ပုံနိုပ်ရှင်တို့၏ ဟံကြမ္မာ [ပုသျှင်းစီ] ၁၉၉

၂၀၁၈ ခုနှစ်၊ ဇွန်လအတွက် နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစ်-ကျိုက်လတ်] ၂၄၀

[illegible]

ခန်းပြွတ်၊ လွှန်းပြွတ်၊ လင်ပြွတ် ထွက်နည်းနှင့်ယကြာ [ကောင်းဆန့်-သခွတ်မြေ့ ဝက်လက်] ၁၂၀

[illegible]

ဆီးချိုသွေးချို ရောဂါရှင်များအတွက် ဆေးဖက်ဝင် အာဟာရ Diet ဟင်းလျာ စီမံနည်းများ(၂) [မင်းချမ်းမြေ့-မုသမီ] ၁၁၇

(၁၂)လရာသီ နက္ခတ်ဓာတ်စာ[2018-April လအတွက်] တန်ခူးလ မိဿရာသီ နက္ခတ်ဓာတ်စာ ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ [ဆရာ မင်းချမ်းသာ] ၁၂၆

[illegible]

မမေ့နိုင်သည့် ညတစ်ည [မြင့်] ၂၁၅

တမလွန်သို့ ရောက်သွားခါမှ လာရောက် နှုတ်ဆက်သော စိမ်းပြာရောင်အင်္ကျီဝတ် ဝရလောကသား အမျိုးသမီး [ချို-အမရပူရ] ၂၄၇

ကျွတ်ရွာကို နတ်ရွာမှတ်ခဲ့ဂ [မြလေးရှိ-သာစည်] ၂၄၇

ခေတ်သစ် နွားတရားစီရင်ခန်း [ပွင့်လေး-ဥပဓာ] ၂၆၂

ဗုတ် ဆိုသည်မှာ [ထွန်းအောင်ကြိုင်-ရွှေတောင်] ၂၇၀

ပွဲပြီးမီးသေ မလုပ်မိလို့ [ဦးနီး-မဟ္ဘူရာ] ၃၀၀

မိတ် အေးချမ်း၍ မိတ်ကျဉ်းကျပ်မှု မပျောက် စေရန် ပုံသကူ မထေရ်ကြီး၏ ဩဝါဒကို ခံယူ၍ အေးစေပါ ယောက်ကို... စာ-၅၁

ခြေမဖိုးခုံ အစိုးအတ် သူတစ်ဦး ဝံဒူ(နှ) ဥပြစ်နှင့် သနပ်ခါးပြစ်ကို ချင်းစိမ်းရည်ပြင့် သွေးပြီး ကြပ်စီးပေးခဲ့ရာ စာ-၂၈

အတိုက်များ နိမိတ်များ ကို ပဋ္ဌာန်းက ခိုင်တယ် ပဋ္ဌာန်း ၂၄ ပစ္စည်းကို ရွတ်ဖတ် ပြီးသွားပါက စာ-၂၀၁












# ရွှေမျက်မှန်ဘုရားဝန်း၏ အံ့ဖွယ်ထူးခြား ရှေးဟောင်း တစ်ဝက်ဘုရား

ရွှေဇော်မြေ့ မောင်(ကြံသင်း)

စာရေးသူ ရွှေတောင်မြေ့ကို ၂၀၀၆ ခုနှစ်မှာ ခြေချခဲ့ပါတယ်။ **ရွှေမျက်မှန်ဘုရား၊ ရွှေပြောင်ပြောင်ဘုရား၊ ရွှေဂူကြီးဘုရား၊ ဘုရားနီ၊ ရွှေနတ်တောင်ဘုရား** စုံအောင် ရောက်ရှိခဲ့ပါတယ်။ သို့သော် တစ်နေ့ "နိုင်"ဗွီဒီယိုမှ ကိုဇော်နိုင်က...

'စာရေးဆရာကို ဆုတောင်းပြည့်တဲ့ လှိုဏ်ဘုရားတစ်ဆူဆီကို လိုက်ပို့ပေးမယ်'

'နို့...နေပါဦး၊ အဝေးကြီးလား'

'ဘာဝေးလို့လဲ... **ရွှေမျက်မှန်ဘုရားကြီးဝန်းထဲမှာရှိတာ**'

သို့သော် သူ့အလုပ်နဲ့သူ ရှုပ်နေတော့ မပို့အားပါ။ (၂-၁၀-၂၀၁၅) မနက်(၉)နာရီမှာ ခြေခင်းလက်ခင်း သာယာ၊ မိုးကောင်းကင်ကြီးကလဲ ဝင်းပ၊ နေမင်းကြီးလဲ ထိန်ထိန်သာ၊ မှာကာလဲ အညာလေနဲ့ ပြောရရင် "ပူချက်ကတော့ ကမ်းကုန်ပဲဟေ့" ဆိုရလောက်အောင် ပူတယ်လေ ထယ်နွေ့ကဲ။

စာရေးသူ ရုံးရှိရာ(ရ.ယ.က)ရုံး ဝင်မယ်လုပ်တော့ ရုံးက မဖွင့်သေး ဘူး။ ဒီတော့ ဆရာခင်မောင်ကြည် အိမ်ရှိရာ ရုံးဖြတ်လမ်းသွားတော့လဲ မတွေ့။



◆ အံ့ဖွယ်ထူးခြား "ရွှေမျက်မှန်ဘုရား"

F.2A. June, 2018.



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမျက်မှန်ဘုရားကြီး ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး



ဆုတောင်းတိုင်းပြည့်ဝစေသည့် တစ်ထွာမြတ်စွာဘုရားရုပ်တော် ◆

ဒီတော့ ငယ်သူငယ်ချင်း မြင့်ထွန်း (ပြည်တောင်တန်းရေနံမြေ - ငြိမ်း) ရှိတဲ့ ရွှေမျက်မှန်ဘုရားကြီးရေ့ "အဒေါ်ကြီး ထမင်းသုပ်ဆိုင်"ဝင် တော့ အရန်သင့်တွေ့တယ်။

'သူငယ်ချင်း ရွှေမျက်မှန်ဘုရား ကြီးဝန်းထဲမှာ လျှို့ဝှက်ဆုတောင်း ပြည့်ဘုရားတစ်ဆူ ရှိတယ်ဆို။ အဲဒါ မင်းသိလား'

ဆိုတော့...

'ဟေ့အေး...မသိဘူး'

'မင်းကလဲ ရွှေတောင်သား မဟုတ်ရုံတမည်၊ ဒီမှာနေတာ အနှစ် (၄၀)ကျော်နေပြီ'

'ဒါတော့ကွာ'

'ဒါတော့ လုပ်မနေနဲ့ မင်း သိတာ ဘာရှိလဲ'

ဒီချိန်မှာ သူ့ဇနီးမြင့်မြင့်(ဆရာမ ငြိမ်း) ဝင်ရောက်လာပြီး...

'ရှိတယ် စာရေးဆရာ၊ ဘုရားဝန်းကြီးထဲ ဝင်သွား၊ အာရုံခံတန်ဆောင်းကြီးထဲဝင် သွားရင် ကြေးဘုရားကြီးတစ်ဆူ တွေ့ မယ်။ ဘယ်ဘက်ကနေ ဝင်သွား၊ တစ်ထွာ ဆုတောင်းပြည့်ဘုရား တွေ့လိမ့်မယ်'

'ကျေးဇူးပါ ဆရာမရယ်'

ဆိုပြီး ဘုရားကြီးဝန်းထဲ ဝင်လာ ခဲ့ပြီ။ ရွှေမျက်မှန်ဘုရားကြီး ဦးခိုက် ဆုတောင်း။ ရင်ထဲအေးမြကြည်လင် ဗုဒ္ဓအေးရိပ်ဟာ ထာဝရ အေးမြလှ ပါဘိ။ ရွှေမျက်မှန်ဘုရားကြီးသမိုင်း ကလဲ ဆန်းပြားထူးခြားလှပါတယ်။

ပဲခူးတိုင်းဒေသကြီး (အနောက်) ရွှေတောင်မြို့တွင် ကိန်းဝပ်စံပယ် တော်မူလျက်ရှိသော သမိုင်းဝင် ဆုတောင်းပြည့် ရွှေမျက်မှန် ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးမှာ မြန်မာနိုင်ငံ တစ်ဝန်း ရွှေမျက်မှန် တပ်ဆင်ပူဇော် ထားတဲ့ လူသိများသော ဘုရားကြီး



F.2B. June, 2018.





◆ တစ်ထွာမြတ်စွာဘုရား အဝင်တန်ဆောင်းတော်ကြီး

◆ တစ်ထွာ ရွှေဟောင်းဘုရားရုပ်တော် မူကြီးဖို့နောက်

တစ်ဆူ ဖြစ်ပါတယ်။

ဘုရားကြီးသမိုင်းအစ

ပျူခေတ်နှောင်း ဒွတ္တဘောင် မင်းကြီးနဲ့ ပိဿနိုးမိဖုရား စန္ဒာဒေဝီ တို့သည် ဘီစီ(၅)ရာစုအတွင်း ရွှေတောင်မြို့ အနောက်တောင် ယွန်းယွန်းရှိ ရွှေနတ်တောင် စေတီ တော်မြတ်ကြီးကို အသစ် ထပ်မံ ပြုပြင် ပူဇော်ဖူးမြော်ပြီး အပြန်ခရီး တစ်ထောက်အဖြစ် ယခု တည်ကုန်း ခေါ်သော အရပ်၌ ညအိပ်ရပ်နားခဲ့ ပါတယ်။

**[ယခု စာရေးသူ နေအိမ်နဲ့ (၁၀)လံခန့်အကွာ ထန်းတောကြီး ဘုန်းကြီးကျောင်းဝန်း နေရာ၊ ယင်းနေရာတွင် ရှေးဟောင်းသိမ် ကြီးကို အင်ကြင်းကျောက်ဖြင့် သိမ်ငုတ်ရိုက်ပြီး ဘုရားသုံးဆူ ပူဇော်ခဲ့ပါတယ်။]*(ပုံတွင်ရှုပါ။)***

ပိဿနိုးမိဖုရား အိပ်မက် မြင်မက်

မိဖုရားကြီးသည် ညဉ့်အခါ တည်းခိုရပ်နားစဉ် အိပ်မက် မြင်မက် တော်မူခဲ့ပါတယ်။ မိမိတို့ တည်းခို ရာ နေရာရဲ့ အနောက်မြောက်ယွန်း ယွန်း အရပ်တစ်နေရာ၌ ဗုဒ္ဓရုပ်ပွား တော်တစ်ဆူကို ဖူးမြော်ရကြောင်း အိပ်မက်မြင်မက်ခဲ့ပါတယ်။

နံနက်မိုးသောက်သောအခါ ဒွတ္တ ဘောင်မင်းကြီးထံ အကြောင်းခုံ လျှောက်ထားရာ မင်းကြီးလဲ မိဖုရား မှူးမတ် ပရိသတ်တို့နဲ့ ယင်းနေရာ ကို ကြွရောက်ရှာဖွေကြပါတယ်။

တွေ့ရှိတော်မူပြီ

ယခု ရွှေမျက်မှန် ဗုဒ္ဓရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြီး တည်ထားကိုးကွယ်လျက် ရှိသော နေရာ(ပျောက်ဆိပ်ကုန်း ယခု သိမ်ကုန်း)သို့ ရောက်သော အခါ ဘုရားရောင်ခြည်တော်ကဲ့သို့ အရောင်မျိုးစုံ ဝင်းလက်၍ အထက် ကောင်းကင်သို့ ရောင်စဉ်များ ဖြာ တက်သွားသည်ကို မင်းမိဖုရား မှူးမတ်နဲ့ ပရိသတ်တို့ တွေ့လိုက်ရ ပါတယ်။

သို့နှင့် မိမိတို့ ဘုရားတည်ပြီး ကုသိုလ်ကောင်းမှု ပြုရန်အတွက် နတ်ကောင်းနတ်မြတ်များက ပြသ ခြင်းဖြစ်သည်ဟု ယုံကြည်ကာ ဤ ရုပ်ပွားတော်မြတ်ကြီးကို တည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်ပါတယ်။ ထိုစဉ် က ရွှေမျက်မှန် တပ်ဆင်ထားခြင်း မရှိသေးပါ။

## နတ်မျက်စိ အလင်းကွယ်ပြီ

ဤကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး တည်ထားပူဇော်ပြီး မကြာ သောကာလတွင် ဒွတ္တဘောင်မင်း တရားကြီးရဲ့ နတ်မျက်စိ အလင်း ရောင် ကွယ်သွားခဲ့ပါတယ်။

ဤဖြစ်ရပ်မျိုး ရဟန္တ(၈၀) ပေါ်တော်မူဘုရားသွားရာ အင်ကြင်း စင် လမ်းနံဘေးရှိ ကြေးဘုရားကြီး ကို ''မဟာမြတ်မုနိ''ပုံတူ တည်ထား တော်မူတဲ့ ဘုန်းဘုရား(ဦးကေသရ) ပျံလွန်တော်မူက တည်ထားခဲ့ရာ မျက်စိနှစ်ကွင်း အလင်းမရဘဲ တစ်ပတ်တိတိ ကွယ်သွားခဲ့ဖူးပါ တယ်။***(နောင် အလျဉ်းသင့်ပါက ရေးသားတင်ပြပါမယ်။)***

ဒွတ္တဘောင်မင်းကြီးက ပညာရှိ မှူးမတ်များအား ဗေဒင်ကိန်းခန်းများ တွက်ချက်ကြည့်စေသော အခါမှာ မင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရုပ်ပွားတော်မြတ်ကြီး၌ ရုပ်ပွားတော် မြတ်ကြီးရဲ့ မျက်လုံးတော်နဲ့ လိုက် ဖက်ညီသော မျက်လုံးတော် ပုံသဏ္ဍာန်နဲ့ တူညီတဲ့ မှန်တစ်စုံကို ဆက်ကပ်လှူဒါန်းပါက မင်းကြီးရဲ့ နတ်မျက်စိအလင်းရောင် ပြန်ရရှိနိုင် မှာ ဖြစ်ကြောင်း လျှောက်ထားသဖြင့် မှန်တစ်စုံကို မင်းကြီးက ဗုဒ္ဓရုပ်ပွား တော်၌ ဆက်ကပ်လှူဒါန်းရာ မင်းကြီးရဲ့ နတ်မျက်စိ အလင်းရောင် ပြန်ရခဲ့ပါတယ်။

သက္ကရာဇ် ၁၂၂၇ ခုနှစ်မှာ ရွှေတောင်မြို့စားကြီး ''ဖေယျ နန္ဒမိတ်''က ဒွတ္တဘောင်မင်းကြီး လှူဒါန်းခဲ့သော မှန်တစ်စုံကို မြှင့်



ရှေးဟောင်းကြေးဘုရားကြီးပုံတော်





ဘုရားကြီးရှေ့ရှိ ဗုဒ္ဓမြတ်စွာဘုရားများ

ဘုရားကြီးရှေ့ရှိ ရှင်ဥပဂုတ်ပုံတော်



လျက် ရွှေသားအတိရှိသော မျက်မှန်တော်ကြီးအဖြစ် ပြုပြင်မွမ်းမံ တပ်ဆင်ပူဇော် လှူဒါန်းခဲ့ပါတယ်။

၁၂၄၇ ခုနှစ် သီပေါမင်း ပါတော် မူပြီး ရွှေမျက်မှန်ကြီး အခိုးခံရ၍ တတိယမျက်မှန်တော်ကြီးကို ရွှေ တောင်မြို့ နယ်ပိုင်ဝန်ထောက် မစ္စတာဟာတ်တန်းနဲ့ဇနီးက တပ်ဆင် လှူဒါန်းခဲ့ပြန်ပါတယ်။

နယ်ပိုင်ဝန်ထောက် မစ္စတာ ဟာတ်တန်းရဲ့ဇနီး မျက်စိဝေဒနာ ခံစားရသဖြင့် ရွှေမျက်မှန်ဘုန်းတော် ကြီး ဦးထောင်ဘိုထံ အကူအညီ တောင်းခံရာ မြတ်စွာဘုရားထံ မျက်မှန်ကပ်လှူခြင်းဖြင့် မျက်စိ ဝေဒနာ ပျောက်ကင်းမှာဖြစ်ကြောင်း မိန့်ကြား ကုစားစေပါတယ်။

မျက်မှန် အသေးတစ်လက်ကို အဓိဋ္ဌာန်ဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးရဲ့ လက်တော်ပေါ်၌ တင်လှူပြီး မျက်စိရောဂါ ကုသခဲ့ရာ ပျောက် ကင်းသွားသဖြင့် အလေးချိန် (၆)ပိဿာခန့်ရှိ မျက်မှန်တော်ကြီး ပြုလုပ်၍ ဗုဒ္ဓရုပ်ပွားတော်ထံ၌ တပ် ဆင်လှူဒါန်းပူဇေ

နောက်ဆုံးအလှူ ...းလဲ'

သက္ကရာဇ် ၁၃၆၂ ခုနှစ်တွ ...တောင်း မြို့၊ ဦးဝိစာရ ရွှေလီလမ်းနေ ဦး ... ဝင်း(ခ)ဦးရာဂျူး (ဇနီး) ဒေါ်ကြည် ကြည်ဝင်း မိသားစုက ရွှေစင်ရွှေပြား (၃၉)ကျပ်သား မျက်မှန်တော်ကြီး မူလပုံစံအတိုင်း ရှိစေလျက် ကပ်လှူ ပူဇော်ခဲ့ပါတယ်။

## မျက်မှန်တော်ကြီး ထူးခြားမှု

ဘုရားကြီး၌ တပ်ဆင်လှူဒါန်း ထားတဲ့ မျက်မှန်တော်ကြီးကို မွမ်းမံ လှူဒါန်းလိုပါက ကန်တော့ပွဲများဖြင့် ပူဇော်၍ လှူဒါန်းဆောင်ရွက်ရပါ တယ်။

**မျက်မှန်တော်ကြီးကို ချွတ်၍ ပြုပြင် နိုင်ခြင်း မရှိကြောင်း၊ ပြုလုပ်ခဲ့ပါက အဓိပ္ပာယ် လေပြင်းတိုက်ခြင်း၊ အချိန် အခါမဲ့မိုး သည်းထန်စွာ ရွာသွန်းခြင်းနဲ့ လျှပ်စီးလက်၍ မိုးကြိုးပစ်ခြင်း စတဲ့ ထူးခြားသော အခြေအနေများ ဖြစ်ပေါ် တတ်ပါတယ်။**

## ဆုတောင်းပြည့်ဝ

ရိုသေစွာ အဓိဋ္ဌာန်ကြည်ညိုပါက ရာထူးအာဏာ ဘုန်းတန်ခိုး တောက်ပြောင်ခြင်း၊ ကောင်းကျိုး ရရှိ ခြင်းနဲ့ မျှော်လင့်ချက် ဆန္ဒပြည့်ဝ စေသည်ကို ဒိဋ္ဌဓမ္မတွေ့ကြုံ ခံစားရ မှာ မလွဲကေန်ပါ။

## ဘုရားပွဲတော် တူပျော်ပျော်

ဘုရားကြီးရဲ့ ဗုဒ္ဓပူဇနီယ ပွဲတော် ကို နှစ်စဉ် နတ်တော်လဆန်း(၈) ရက်မှ နတ်တော်လပြည့်နေ့ထိ နှစ်စဉ် ကျင်းပခဲ့ပါတယ်။

ဒါ မသိသေးသူများ မရောက်ဘူး

www.burmeseclassic.com

သေးသူများအတွက် ပမာဏ ဂါရဝပါ။

'လေးလေး ဆုတောင်းပြည့် တစ်ဝဂ္ဂုဘုရား ဘယ်မှာလဲ သိရင် လမ်းညွှန်ပါဗျာ။ ကျွန်တော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းက စာရေးဆရာ ရွှေမှော်ဖြေ ဆောင်းကြည်သိန်းပါ'

'ဟုတ်ကဲ့ ဖတ်ဖူးပါတယ်။ သိပါတယ်။ ဟိုးရှေ့က အာရုံခံ တန်ဆောင်းကြီးထဲ ဝင်သာသွားပါ။ တွေ့ပါလိမ့်မယ်'

'ကျေးဇူးပါခင်ဗျာ'

ဘာဝေးလို့လဲ ခြေလှမ်း(၂၀) မလှမ်းရဘူး။ တန်ဆောင်းကြီးထဲ ဝင်လာခဲ့ပြီ။ စားပွဲခုံပေါ်မှာရှိတဲ့ တာဝန်ရှိသူထံ ရောက်တော့…

'လေးလေး ဆုတောင်းပြည့် တစ်ဝဂ္ဂုဘုရားရှိတဲ့နေရာ ပြပေးပါခင်ဗျာ။ ကျွန်တော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းကပါ'

'ဩော်…ဟုတ်ကဲ့ ဒီကနေ ကြေးဘုရားကြီး အောက်က ဝင်သွား ဖူးတွေ့ရမှာပါ'

စာရေးသူရောက်တော့ ဘုရားဖူးများ မရောက်သေး။ ကြေးဘုရားကြီးအောက်မှ ဝင်သွားတော့ လူတစ်ယောက် ထိုင်သာရုံ လမ်းကျဉ်းလေး။

ဟော… ဖူးတွေ့ရပြီ၊ **သက်နီးတော် ကပ်လျှထားတဲ့ ဗုဒ္ဓရုပ်ပွားတော်။ လက်တော်နှစ်ဖက် စုံချထားပြီး ပြုံးရောင်သန်းနေတဲ့ မျက်နှာတော်** တစ်ဝကြီး ဖူးမြော်မိတယ်'

'ဒီဘုရား အလှူဒကာ သိပါသလား ခင်ဗျာ'

'အဲဒါတော့ မှတ်တမ်းမှတ်ရာ မရှိဘူး စာရေးဆရာ'

ကျွန်တော့်အထင်တော့ ဒွတ္တဘောင်မင်းကြီးနဲ့ မိဖုရား စန္ဒာဒေဝီ ဝိသနီး မိဖုရားကြီးတို့ရဲ့ ကောင်းမှုလို့ ထင်တယ်။ ဘာပြုလို့လဲဆိုရင် ဒီလိုလက်ရာမျိုး စာရေးသူ မော်ဇာအနီး သရေခေတ္တရာမြို့ဟောင်းကို စာရေးသူ သူငယ်ချင်း ကိုဆက်လွင် (B.A) ဟသ်ာဆန်စက်မန်နေဂျာ လိုက်ပို့လို့ ဖူးတွေ့ရတဲ့ ဘုရားလက်ရာနဲ့ တထေရာတည်း တူနေတာရယ်၊ ရွှေမျက်မှန်ဘုရားကြီးကို ဒွတ္တဘောင်မင်းကြီးနဲ့ မိဖုရားတွေ တည်ထားတာဖြစ်လို့ ဒီလို လျှို့ဝှက်ပြီး တည်ထားတာ ဖြစ်ရမယ်။

မင်းမိဖုရားများ လျှို့ဝှက်ကိုးကွယ်တဲ့ နန်းဦးဘုရားဆိုတာ အင်မတန်တန်ခိုးကြီးမားလှလို့ သူတို့ကို ဆုတောင်းပြီး လုပ်ကြံ မင်းလုပ်မှာစိုးလို့ လူသူမသိအောင် လျှို့ဝှက်ထားကြတယ်လို့ဖတ်ဖူး မှတ်ဖူးတယ်။

ခုလဲ ရွှေတောင်မြေမှာ အနှစ်(၄၀) နေတဲ့ သူငယ်ချင်းမြင့်ထွန်းကတောင် မသိဘူးတဲ့။



တစ်ဝဂ္ဂုဘုရားအောင် လမ်းညွှန်များ

### ဘုရားမှာ ဒီလို ဆုတောင်းပါ

ဘုရားဂုဏ်တော် (၃)ပေခန့်သာ ရှိပါတယ်။ သေချာကြည့်ပါ၊ ပြုံးရယ်တော့မယ့် မျက်လုံး၊ နှုတ်ခမ်းတော် သေချာဦးနိုက်ပြီး…

၁။ လှူဖွယ်တစ်ခုခုကို လှူပါ။ ဘာလှူရမလဲဆိုရင် အလွယ်ကူဆုံးက ကိုယ်တတ်နိုင်သရွေ့ ငွေကြေး တစ်ရာ,တစ်ထောင်, တစ်သောင်း စသည်။

သိမ်းပူဇော်ခွင့် မပြုပါ။ မီးအန္တရာယ် စိုးရိမ်ရပါတယ်။(နေရာ အင်မတန် ကျဉ်းမြောင်းပါတယ်။) စာရေးသူ ကိုယ်လုံးသွယ်သွယ်တောင် လုညှိသာရုံလေးပါ။

၂။ (၅)ကြိမ် ဦးချ၍ ဩကာသဖြင့် ကန်တော့ပါ။

၃။ ဘုရားခြေတော်တွင် **နဖူးတင်၍**
"ဗုဒ္ဓေမေ သရဏံ အညနတ္ထိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"
ကို (၃)ခေါက် ရွတ်ဆို၍ ကိုးကွယ်ပါ။

၄။ လိုရာဆုကို တောင်းပါ။ စာရေးသူ ဖြစ်စေချင်တာက (၁)ဆု





ထန်းတောကြီးကျောက်စေတီတော် "ဦးဖောတိက" ကျောင်းဝင်းရှိ "ရွှေဘောင်မင်းကြီး သိမ်တော်ကြီး"

တည်းသာ တောင်းကြည့်စေလို ပါတယ်။

၅။ သင့်အား **"ကျေးဇူးအများဆုံး နတ်"**တို့ကို အဓိကထား၍ အမျှပေးဝေပါ။

စာရေးသူကတော့…

'ကျွန်တော် မြန်မာ့ ကုသိုလ်အထ ကို မြင်အပ် မမြင်အပ် နတ်မြတ် နတ်ကောင်းနတ်အပေါင်းနဲ့ နတ်မင်းကြီး လေးပါး အမျှ…အမျှ…အမျှ… သာဓု…သာဓု…သာဓု…'

လို့ ပေးဝေစေလိုပါတယ်။

### အထူးသတိထားရန်မှာ

ဘုရားခြေတော်အစုံ နဖူးတင်၍ ဦးမခိုက်မိ ကျွန်ုပ်သည် မည်သည့်မြို့ ရွာဒေသမှ မည်သူမည်ဝါ ဖြစ်ကြောင်း မြတ်စွာဘုရားအား (၃) ကြိမ် (၃)ခါ လျှောက်ထားပါ။

အဲဒါကိုတော့ အလေးနက်ထား ရပါမည်။ ဤအချက်(၅)ချက်ကို လေးလေးနက်နက် ယုံယုံကြည်ကြည်ဖြင့် ပြုလုပ်ပါ။ သင့်ဆန္ဒ အမှန် ပြည့်ဝပါလိမ့်မယ်။

'လေးလေး အမည်လေး အမိန့်ရှိပါဦး'

'ဟုတ်ကဲ့ ကျွန်တော့်အမည် ဦးဌေးစိန်ပါ။ ဒီဘုရားကြီးရဲ့ ဝန်ထမ်းပါ'

'ဟုတ်ကဲ့ပါ'

'ဒါနဲ့ ဆုတောင်း တကယ်ပြည့်ဝသူများ ရှိပါသလား'

'ရှိပါ့ဗျာ… ဟိုတုန်းက ဒီဘုရားကြီးထဲ ဘာရယ်မှ မရှိပါဘူး။ ကြည့်ပါဦးဗျာ… ဘုရားအဆူဆူ လိုလေသေးမရှိ ပြည့်ဝနေပါပြီ'

'ဟုတ်ပါ့ဗျာ… ပေး၍မကုန် လှူ၍မခန်း ပဒုမ္မာကြာပန်းကို ငွါးငွါးစွင့်စွင့် တင့်တင့်တယ်တယ် ဖူးချင်စဖွယ်ပါ။ ဒါ…ဘာလို့လဲ၊ ဆုတောင်းပြည့်ဝလို့ပေါ့။ လူတစ်ယောက် ကိုယ်အိတ်ကပ်ထဲက ငွေ(၁)ကျပ် အလကား အကုန်မခံကြဘူး။ ထူးလို့ ဆုတောင်းပြည့်ဝလို့ လာကြတာ'

'ဘယ်လိုလူတွေများလဲ'

'ကုန်သည်ပွဲစားတွေ ဆုတောင်းပြည့်လို့တဲ့ လာကြတာများ… မန္တလေး ရန်ကုန် မြို့တကာ နယ်အဆုံး အုန်းအုန်းကျွက်ကျွက်။ ရှိသေးဗျာ၊ ပုံတော်(၂၀၀)နဲ့ ဝယ်ပြီး Malayria(မလေးရှား) ပြန်ပြီး ဟိုမှာ ကိုးကွယ်ဆုတောင်းတာ မလေးထိ(မက်ကနန်)ပေါက်လို့ ငွေ (၃၇၃၀၀၀) လှူသွားတဲ့ အမျိုးသမီးပုံ ဒီမှာ ကြည့်လေ'

တဲ့။

'ဒါ ပုံတော်ကို ကိုးကွယ်တာနော်။ ကိုယ်တိုင်ကိုယ်ကျများ ဖူးလိုက်ရလို့ကတော့…'

### ရှောင်ရန်သတိထားစရာ

၁။ ဘုရားရှေ့တော်တွင် မရိုမသေ မနေနဲ့။

၂။ ပြက်ချော်ချော်စကားမျိုး မပြောဆိုနှင့်။

၃။ ဆေးလိပ်မသောက်နှင့်။

သင်၏ ပတ်ဝန်းကျင်တွင် "နတ်ဒေဝတာများ ရှိနေသည်ကို ဂရုပြုပါ"

ကဲ… နောက်ဆုံးအနေနဲ့ ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး မျက်စိဝေဒနာပျောက်စေတဲ့ ဂါထာ လက်ဆောင်ပေးပါ့မယ်။ သောက်ရေခွက် ရှေ့ထားလို့ ဒီဂါထာရွတ်ဖွားပြီး မျက်စဉ်းအဖြစ် ခတ်ပါက မျက်စိဝေဒနာ ပိန်းကြာရွက်တွင် ရေမတင်သလို ပျောက်ကင်းပါကြောင်း ဘုရားကြီး စာရေးဦးဌေးစိန်က ပြောကြားခဲ့ပါတယ်။



စာမျက်နှာ (၁၈) သို့

www.burmeseclassic.com








အတိတ်တဘောင် နိမိတ်ဆောင်သည့်

# နေရောင်ပြအင်းဘုရား


(သို့မဟုတ်) နေပြည်တော်က ပြည်လုံးချမ်းသာစေတီတော်

မနှင်းသီ
(ရေဆင်း–နေပြည်တော်)

မှတ်မှတ်ရရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက် လွတ်လပ်ရေးနေ့ နေရောင်ပြအင်းဘုရား ထီးတင်သောနေ့ မနက်(၉)နာရီထိုးဖို့ (၁၅)မိနစ်အလိုမှာ (၉)နာရီထိုးခါနီးပြီဖြစ်သော ထီးတင်ပွဲအမီ စာရေးသူတို့ ဇနီးမောင်နှံ(၂)ယောက် ဆိုင်ကယ်တစ်စီးနဲ့ ရေဆင်းစိုက်ပျိုးရေးသုတေသနမှ ပင်လောင်းလမ်းခွဲ၊ ပင်လောင်းလမ်းခွဲကနေပြီး ဥပ္ပါတသန္တိစေတီဘက်သို့ သွားတဲ့အနောက်ဘက် လမ်းမကြီးပေါ်သို့ မဝေးမမြန်သော နှုန်းလေးနဲ့ တက်သုတ်ရိုက်ပြီး စီးလာကြပါတယ်။

အေးမြင့်သာယာရွာထဲက ဖြတ်ပြီး ရွာအနောက်တံခါးက ထွက်လိုက်တော့ ရွာနဲ့ ခပ်လှမ်းလှမ်းမှာ ငြမ်းတွေ ဆင်ထားတဲ့ နေရောင်ပြအင်းဘုရားကြီးကို ဘွားခနဲ ဖူးတွေ့လိုက်ရပါတယ်။

ဒါပေမယ့် အမြင်နီးပြီး ခရီးဝေးလှပါတယ် ဆိုသလိုပါပဲ အေးမြင့်သာယာ ရွာတံခါးက ထွက်လိုက်တာနဲ့ ကြက်ပျံမကျ စည်ကားလှတဲ့ ကားအုပ်စုနဲ့ ဆိုင်ကယ်အုပ်စုတို့ စီးမျောနေတဲ့ လူအုပ်ကြီးထဲကို တိုးဝင်ပြီး တန်းစီကာ ရှေ့ကို တိုးရှာ တန်းစီလိုက်ရပါတယ်။



▲ နေရောင်ပြအင်း ဘုရားထီးတော်တင်မှု

ရှေ့က ဆိုင်ကယ်က (၁)ပေလောက် တိုးသွားလိုက်ရင်း ကိုယ့်တွေ ဆိုင်ကယ်လည်း နောက်ကလိုက်ပြီး (၁)ပေလောက်လိုက် တိုး

U.JA. June, 2018.



www.burmeseclassic.com

လိုက်ရင်းနဲ့ တရွေ့ရွေ့နဲ့ တိုးတိုးပြီး သွားတဲ့စနစ်နဲ့ သွားရင်းနဲ့ပဲ ဘုရားကို ရောက်သွားရပါတော့တယ်။

ဘုရား ရင်ပြင်တော်ပေါ်လဲ ရောက်ရော ဆိုင်းသံလူသံ တညံညံနဲ့ ထီးတော်တွေနဲ့ ဌာပနာတော်တွေ လှည့်လည်ဖို့ အလှူရှင်တွေ၊ ဝန်းခင်းတဲ့ မှူးကြီးမတ်ရာတွေ၊ ပုဂံခေတ်က စစ်သည်တော်တွေ အပျိုတော်တွေနဲ့ စည်စည်ကားကား လူစုနေကြပါပြီ။

သိပ်မကြာပါဘူး၊ ထီးတော်တွေ ဌာပနာတော်တွေနဲ့ ဝန်းခင်းတဲ့ လူတန်းကြီးက ဘုရားစေတီကြီးကို လှည့်လည်ပြီး ဘုရားစေတီတော်ရဲ့ ရင်ပြင်တော်ပေါ်မှာ ဝန်းခင်းတဲ့ အခမ်းအနား စတင်ပါတော့တယ်။

ဘုရားကို (၃)ပတ် ပတ်ပြီးတဲ့နောက် ထီးတော်တွေကို စေတီတော်ကြီးရဲ့ အထက်ပစ္စယံသို့ ပန်းရထားနဲ့ ပင့်ဆောင်ကြပါတယ်။ အဲဒါနဲ့ စာရေးသူလဲ ဖုန်းနဲ့ ဗွီဒီယို ရိုက်ပြီး အိမ်ပြန်ရောက်တော့ Facebookမှာ အများပြည်သူ ဖူးမြော်ရအောင် တင်လိုက်ပါတယ်။

အမှန်ပြောရရင် အဲသလို တင်တာက ဒုတိယအကြိမ်ပါ။ ပထမ အကြိမ်က ဘုရားဝန်းထဲကို ရောက်လို့ ခင်ပွန်းသည်က ဆိုင်ကယ်ထားရမယ့်နေရာမှာ ဆိုင်ကယ်အပ်နေတဲ့ အချိန် စာရေးသူ ရပ်ပြီးစောင့်နေရင်းက ဘုရားစေတီတော်ကြီးကို ဖုန်းနဲ့ ဓာတ်ပုံလှမ်းရိုက်ပြီး နေရောင်ပြအင်း ဘုရားစေတီကြီး အခုမနက် ထီးတင်နေတဲ့အကြောင်း။ ဖူးချင်သူတွေ အချိန်မီသေးတဲ့ အကြောင်း Facebook ပေါ်တင်ပြီး နှိုးဆော်လုပ်လိုက်ပါသေးတယ်။

ပြီးတော့ အလှူခံဌာနကိုသွားပြီး အလှူငွေ လှူတဲ့အခါ အလှူခံဌာနကလဲ ဂုဏ်ပြုမှတ်တမ်းကတ်ပြားလေးနဲ့ စာရေးသူ အလိုချင်ဆုံးဖြစ်တဲ့ ဘုရားသမိုင်းကြောင်း စာအုပ်ကလေးကို လက်ဆောင်ပြန်ပေးလိုက်ပါတယ်။

ဘုရားက ပြန်လာတော့ တချို့ လူတွေက မေးကြပါတယ်။ ဘုရားထီးတင်ပွဲကို တနင်္လာနေ့သားသမီးများနဲ့ တနင်္ဂနွေသားသမီးများ မသွားရဘူးဆိုတာနဲ့ အလန့်တကြား မေးကြပါတယ်။ စာရေးသူကတော့ သူတို့ မေးတာကို ရယ်လဲ ရယ်ချင်ပါတယ်။ စိတ်လဲ ပျက်မိပါတယ်။

ကုသိုလ်ကောင်းမှုလုပ်တဲ့ နေရာကို (၇)ရက်သားသမီးအပေါင်း အခဝေရာ ရန်မရှိ သွားလာနိုင်ပါ၏လို့ ပြောလိုက်ပါတယ်။ ပြောသာ ပြောရတယ်၊ သူတို့ လန့်မယ်ဆိုလဲ လန့်လောက်ပါတယ်။

ဒီ နေရောင်ပြအင်းဘုရားက အတိတ်နဲ့တဘောင်နဲ့လေ။ ပြီးတော့ ဘုရားတည်တာက နှစ်တွေ ကြာနေပါပြီ။

အခုလဲပဲ နေရောင်ပြအင်းဘုရားနဲ့ ပတ်သက်တဲ့၊ နေပြည်တော်နဲ့ ပတ်သက်တဲ့ ပါးစပ်ရာဇဝင် တဘောင်တွေကို မှီပြီး ဒီဘုရား ထီးတော်တင်မယ် ကြားတော့ လူတွေက မင်းပြောင်းမင်းလွှဲ ဖြစ်တော့မှာပဲ၊ နေပြည်တော် ရေလွှမ်းတော့မှာပဲဆိုပြီး ထိတ်လန့်နေကြပါသေးတယ်။

တိုက်တိုက်ဆိုင်ဆိုင် မိုးတွင်းတုန်းက မိုးများတော့ **ရေဆင်းဆည်ကြီးက ရေတွေများပြီး** ဆည်ကြီးက တုန်နေပြီကို့၊ ဂျိုးတော့မယ်တို့နဲ့ သ-ဘင်းတွေက ပြန့်နေပါတယ်။ တူတော်မောင်က သူ့အလုပ်ထဲကနေ စာရေးသူရဲ့ ခင်ပွန်းဖြစ်သူ သူ့ဦးလေးဆီကို ရေဆင်းဆည် ကျိုးသွားပြီဆိုလို့ ဖုန်းဆက်ပြီး လှမ်းမေးပါတယ်။

ဘာကြားလို့လဲဆိုတော့ သူ့အမျိုးသမီးက အိမ်ကို ခုပြန်လာခဲ့တော့၊ ရေဆင်းဆည် ကျိုးသွားပြီလို့ကြားတယ်ဆိုပြီး အိမ်ကို ဖွတ်ပြန်ခေါ်နေတယ်ဆိုပဲ။

ကောလဟာလ သတင်းများ ပြောပါတယ်။ သူ့ဦးလေးက **"တို့ ရေဆင်း စိုက်ပျိုးရေးသုတေသနမှာတော့ အေးဆေးပါပဲ"** ဆိုတော့မှ သူတို့လဲ စိတ်အေးသွားကြပါတယ်။

ပြောသာပြောရတယ်၊ ရေဆင်းရွာထဲလဲ ရေတွေဝင်တော့ ဆည်နားနီးတဲ့ အိမ်တွေ ညဘက် ရဲရဲမအိပ်ရဲကြဘူးဆိုပဲ။ ဆည်မြောင်းဌာနကလဲ ဆည်ထဲမှာ ရေများလာရင် ရေပိုလွှဲနေရာကနေ ရေတွေ လွှတ်ပါတော့တယ်။

အဲဒါကြောင့် စာရေးသူတို့ စိုက်ပျိုးရေးသုတေသနက စိုက်ကွက်တချို့ ရေတွေမြုပ်၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းက လမ်းတွေပေါ် ရေတွေကျော်နဲ့ ပင်လောင်းလမ်းဆို







◆ အဂုံစေတီထီးတော်တင်ပွဲ

နားဆို လမ်းပေါ်တက် ငါးဖမ်းကြရဲ့ပေါ့။

ဒီကြားထဲ နေရောင်ပြအင်းဘုရားကလဲ ပြီးခါနီးဆိုတော့ လန့်မယ်ဆိုလဲ လန့်လောက်စရာပါပဲ။ တဘောင်နဲ့ ပတ်သက်ပြီး စာရေးသူ လက်လှမ်းမီသလောက် ပြောပြရမယ်ဆိုရင် စာရေးသူရဲ့ ခင်ပွန်းက ပျဉ်းမနားသားပါ၊ ယောက္ခမတွေကလဲ ပျဉ်းမနားဇာတိတွေပါ။

စာရေးသူရဲ့ ယောက္ခထီးက အဖေကြီး ဦးအောင်ချမ်းသာကို ယုံကြည်တဲ့ ပုဂ္ဂိုလ်လေ။

**အဖေကြီး** ဦးအောင်ချမ်းသာ ဆိုတာက ကိုးခန်းကြီးဘုရားမှာ ဆန်(၄)ပြည် ချက်လောက်နဲ့ အရပ်(၄)မျက်နှာက လာသမျှ လူတွေကို ကျွေးနိုင်သော အလှူလို အကျန်ကျွေးနိုင်တဲ့ လူတော်တော်များများက သတ်မှတ်ထားကြတဲ့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်လေး။

စာရေးသူရဲ့ ယောက္ခထီးက ဒီ နေရောင်ပြအင်းဘုရားနဲ့ ပတ်သက်တဲ့ တဘောင်တွေ အမြဲပြောလေ့ရှိပါတယ်။

စာရေးသူရဲ့ ယောက္ခမကြီးကို သူ့အဘွားကြီးနဲ့ သူ့သားသမီးတွေက အဖေကြီးလို့ ခေါ်ကြပါတယ်။ စာရေးသူကလဲ အဖေကြီးလို့ ခေါ်ပါတယ်။

အဖေကြီး အမြဲပြောလေ့ရှိတဲ့ တဘောင်တွေက **နေရောင်ပြအင်း အနီးမှာ ထီးနန်းစိုက်မယ်၊ ခါးပြတ်က မြို့လယ်ကောင်ဖြစ်မယ်၊ ဒီဒေသကြီးက ကြက်ပျံမကျ စည်ကားမယ်၊ ကိုးခန်းကြီးဘုရားမှာ ရေဦးဆိုက်မယ်၊ လှေကြီး (၄)စီးပေါ်မယ်** စသဖြင့်ပေါ့။

အဲဒီတဘောင်တွေက အဖေကြီး ဦးအောင်ချမ်းသာ ပြောခဲ့တဲ့ တဘောင်လား၊ ဘယ်သူပြောခဲ့တာလဲ၊ ဘယ်က ကြားတာလဲလို့လဲ ယောက္ခမကြီးကို မမေးမိလိုက်ပါဘူး။ တဘောင်တွေ အမြဲပြောလေ့ရှိတဲ့ စာရေးသူရဲ့ ယောက္ခမကြီးက ၁၉၉၅ ခုနှစ်မှာ ဆုံးပါးသွားပါပြီ။

ဒါပေမယ့် အခုဖြစ်နေတာတွေက စာရေးသူရဲ့ ယောက္ခမကြီး ပြောသလိုပါပဲ... **ခါးပြတ်က မြို့လယ်ကောင် ဖြစ်ခဲ့ပါပြီ။ နေရောင်ပြအင်းကြီး အနီးမှာလဲ ထီးနန်းစိုက်ခဲ့ပါပြီ။** ကြက်ပျံမကျ မဖြစ်သေးပေမယ့်လဲ စည်ကားသင့်သလောက် စည်ကားနေပါပြီ။

www.burmeseclassic.com

လေ့လိုက်ချောင်းနဲ့ ဆင်သေချောင်း ပေါင်းသွားတဲ့နေရာ ဒေသအခေါ် (ပေါင်းလောင်းမြစ်)ကို ရေလွှဲဆည် ဆောက်လိုက်တော့ ဆင်ဖြူတောင်နားမှာရှိတဲ့ ကိုးခန်းကြီးဘုရားကိုလဲ တဘောင်ထဲကလို ရေဦးဆိုက်ခဲ့ပါပြီ။

လှေကြီး(၄)စင်းလဲ ပေါ်သွားပြီလို့ ကြားပါတယ်။ စာရေးသူကတော့ လှေ(၂)စီးပေါ်တာကို တွေ့ခဲ့ ကြားခဲ့ပါတယ်။

ပထမတစ်စီးက စာရေးသူတို့ စိုက်သိပ္ပံ ပထမနှစ်တုန်းက တွေ့ဖူးတာပါ။ ကျောင်းပိတ်ရက် လျှောက်လည်ကြရင်းနဲ့ တွေ့ဖူးတာပါ။ ပျဉ်းမနားမြို့ပေါ်က သစ်တောရုံးဝန်းထဲမှာ ပြသထားတဲ့ လူ(၅၀)လောက် စီးနိုင်တဲ့ လှေကြီးပါ။ မှတ်တမ်း မှတ်ရာတွေနဲ့ သေချာ ပြသထားတာပါ။

လူ့တစ်ဖက်စာမကတဲ့ ကျွန်းသစ်လုံးကြီးကို ထွင်းထားတဲ့ လှေကြီးပါ။ ရှေးဘုရင်တွေ လက်ထက်တုန်းက စစ်သား အယောက်(၅၀)လောက် စီးလို့ရတဲ့ တိုက်လှေကြီးလို့ ဆိုပါတယ်။

အဲဒီလှေကြီးကို ကမ်းပါးပြိုကျရာက ရခဲ့တဲ့အကြောင်း၊ လုံးပတ်နဲ့ အရှည်ပေတွေနဲ့ သေချာဖော်ပြထားတာကို တွေ့ခဲ့ရပါတယ်။

လွန်ခဲ့တဲ့ အနှစ်(၃၀)လောက်က ဆိုတော့ ဘယ်အရပ်က ကမ်းပါးပြိုတယ်ဆိုတာကို သေသေချာချာတော့ အသေးစိတ် အတိအကျ မမှတ်မိတော့ပါဘူး။

စာရေးသူ မှတ်မိတာကတော့ အင်မတန်မှကြီးတဲ့ ကျွန်းပင်စည်ကြီးကို ထွင်းထားတဲ့ လှေအရှည်ကြီးပါ။

အခု နေပြည်တော် ရေပန်းဥယျာဉ်မှာ တွေ့ရတဲ့ လှေကြီးက အရင်တုန်းက တွေ့ဖူးတဲ့ လှေကို ရွှေ့ထားသလား ဘာလားတော့ မသိပါဘူး။ အဲဒီနောက်ကို လယ်ဝေးနားက ရွာတစ်ရွာမှာ ကမ်းပါးပြိုရာကနေပြီး အဲလို တိုက်လှေကြီး တစ်စီး ထပ်တွေ့တယ်လို့လဲ လူတွေ ပြောနေကြတာကို ကြားရပါတယ်။

လှေက (၄)စီး ပြည့်သွားပြီလို့ ပြောသံကြားရပါတယ်။ **နောက်ပြီး လှေကြီး(၄)စီး ပေါ်မယ်လို့ ဆိုတဲ့ တဘောင်လဲ မှန်သွားပြီ**လို့ ပြောနေသံတွေကို ကြားရပါတယ်။

တဘောင်က အားလုံးနီးပါး မှန်ခဲ့ပေမယ့် လူမျိုးတွေရဲ့ ပြက္ခဒိန်လိုပါပဲ။ လူတွေ အမှတ်မှားနေတဲ့ အကြောင်းအရာတွေ ရှိနေပါသေးတယ်။

အဲဒါတွေက ဘာလဲဆိုတော့ (၉)ခန်းကြီးဘုရားမှာ ရေဦးဆိုက်မယ်၊ လှေကြီး(၄)စင်းပေါ်မယ် ဆိုတာတွေပါ။ အဲဒါတွေကို နေရောင်ပြအင်းဘုရား ထီးတင်ပြီးရင်ပဲ ပျဉ်းမနားမြို့လယ်ခေါင်က (၉)ခန်းကြီးဘုရားကို ရေဦးဆိုက်မယ်ဆိုတော့ မြို့ကို ရေလွှမ်းသွားပြီပေါ့။

လူတော်တော်များများရဲ့ အယူအဆတွေက တဘောင်မှာ လှေကြီး (၄)စီး ပေါ်မယ်ဆိုတော့ လှေပေါ်မယ်ဆိုတာ ရေကြီးလို့သာလျှင် လှေပေါ်တာပဲဆိုပြီး မြို့ရေလွှမ်းတော့မယ်ပေါ့။

ဒါကြောင့် နေရောင်ပြအင်းဘုရားကို ပြီးအောင် ၁၀က်တည်မှာကို ကြောက်နေကြတဲ့ သဘောပါ။

တကယ် လက်တွေ့မှာတော့ လူတော်တော်များများ လန့်နေသလို မဖြစ်ခဲ့ပါဘူး။ ရေဦးဆိုက်တာက မြို့ပေါ်က (၉)ခန်းကြီးဘုရား မဟုတ်ပါဘူး။ (၉)ခန်းကြီးဘုရား ရေဦးဆိုက်တာ မှန်ပေမယ့် ဆင်ဖြူတောင်နားက (၉)ခန်းကြီး ဘုရားပါ။

လှေကြီး(၄)စင်း ပေါ်တာကလဲ ရေကြီးလို့ ပေါ်လာတာ မဟုတ်ပါဘူး၊ မြေကြီးထဲက ပေါ်လာတာပါ။ တဘောင်တွေက မှန်လွန်းလှပါတယ်။ မင်းပြောင်းမင်းလွှဲ ရှိမယ်ဆိုတာကလဲ အမှန်ပါ။ နေပြည်တော်တည်ကတည်းက စ,ရေကြည့်ပါ။ မင်း(၃)ဆက်တောင် ပြောင်းခဲ့ပါပြီ။

မာယာလူမျိုးတွေ ရေးဆွဲခဲ့တဲ့ ပြက္ခဒိန်မှာ ၂၀၁၂ ခုနှစ် နောက်ပိုင်း ပြက္ခဒိန်ရေးဆွဲထားတာ မတွေ့ရတော့လို့ ကမ္ဘာကြီးက ပျက်တော့မှာ ၂၀၁၂ ခုနှစ်မှာ လူတွေရဲ့သက်တမ်းကုန်ဆုံးပြီဆိုတဲ့ ကောလဟာလလိုပါပဲ၊ လူတွေက အရှိန်နဲ့ ကြောက်နေကြတာပါ။

အဲဒီတုန်းကလဲပဲ စာရေးသူက ဒီလိုတွေးမိပါတယ်။ တရားတော်တွေထဲမှာ တွေ့ဖူးတာက ဒီကမ္ဘာကြီးက ဘုရား(၅)ဆူပွင့်မယ့် ဘဒ္ဒကမ္ဘာဆိုတော့ အခုမှ ဘုရား(၄)ဆူပဲ ပွင့်ရသေးတာ၊ အရိမေတ္တေယျ မြတ်စွာဘုရားမှ မပွင့်ရသေးရင် ကမ္ဘာပျက်မယ်ဆိုတာ မဟုတ်နိုင်သေးဘူး အဲဒီတော့ ကြောက်စရာ မလိုဘူးပေါ့။

အခုလဲပဲ နေရောင်ပြအင်းဘုရားရဲ့ တဘောင်တွေ အကြောင်းကို ကြားဖူးနားဝတွေနဲ့ စာရေးသူနားလည်သလို အပြင်မှာ ဖြစ်ပျက်နေတဲ့ တကယ့်အဖြစ်အပျက်တွေနဲ့ ယှဉ်ကြည့်ပြီး တင်ပြထားတာပါ။ အခု နေရောင်ပြအင်း ထီးတင်တယ် ကြားတော့ ဝမ်းသာအားရနဲ့ သွားခဲ့ပါတယ်။

နောက်ဆက်တွဲ အနေနဲ့ နေရောင်ပြအင်းဘုရား အလှူခံဌာနက ဓမ္မဒါနအဖြစ် ပေးလိုက်တဲ့ ဘုရားသမိုင်း အကျဉ်းချုပ်ကလေးကို စာဖတ်သူတို့အတွက် ဗဟုသုတဖြစ်စေရန် ရည်ရွယ်ပြီး ထပ်ဆင့်ဖော်ပြပေးလိုက်ပါတယ်။

*　　*　　*

ဘုန်းတော်(၆)စုံနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည်၌ သံဃာမဂ္ဂီ အစည်းအလုံးကြီး ကွဲပြား၍ ပုထုဇဉ်ဖြစ်သော ရဟန်းသံဃာတော်များတို့ ဝါဒကြောင့် ရန်ကဲ့ ဘေးကြီးဖြင့် နှိပ်စက်ရာ ပလလဲတောမှာ ဝါဆိုတော်မူ၍ သံဃာ အလုပ်အကျွေးမထား ဘဲ ပလလဲဆင်မင်း၏ လုပ်ကျွေး မှုကိုသာ ခံယူနေပါသည်။

တစ်နေ့သောအခါ ပလလဲဆင်မင်းကို နောက်ပါအဖြစ် ခံယူတော်မူ၍ ပါလိလေယျတောမှ စတင်ပြီး ယခုတောင်အရပ်များကို ဝနစာရီ ကြွချီတော်မူရာ တမ္ဗဒီပ မည်သော ဤမြန်မာပြည်ကြီးသို့ ဆိုက်ရောက်တော်မူလာပါသည်။

ပထမရှေးဦးစွာ တောင်ငူမြို့၏ အရှေ့ မြတ်စောညီနောင်တောင်တွင် ခေတ္တ ရပ်တန့်တော်မူပြီးနောက် ပလလဲဆင်မင်းနှင့်အတူ နေရောင်ပြအရပ်တွင် ဆိုက်ရောက်တော်မူလာပြီး မွေ့လျော်ဖွယ်ကောင်းသော ကုန်းအပြန့်နှင့်အတူ ကြာအင်းကြီးကို တွေ့တော်မူပါသည်။

ထိုစဉ်အခါက နေရောင်ပြအင်း အရပ်သည် လူသူမနီးသော တောကြီးအတွင်း၌ တည်ရှိပါသည်။

ပလလဲဆင်မင်းသည် ကြာမျိုး (၅)ဖြာနှင့် ပြည့်စုံသော နေရောင်ပြအင်းကိုမြင်ရာ လှနစွာ ဝမ်းမြောက်



ဘုရားထီးတင်ရာတွင် ဝင်ဆင်ကူညီလှည့်ခြင်း

www.burmeseclassic.com

သည်နှင့် ဤနေရာတွင် နေသန့်တော်မူပါရန် သင့်လျော်ပါသည် ဘုရားသှာ လျှောက်ထားရာ ရှင်တော်မြတ်ဘုရားလည်း ပလလဲဆင်မင်း၏ လျှောက်ထားချက်ကို လက်ခံတော်မူပြီးလျှင် နေရောင်ပြကုန်းတွင် တစ်နေ့မျှ သီတင်းသုံးတော်မူပါသည်။

မြတ်စွာဘုရားသည် နေရောင်ပြကုန်း၌ စမခဏ်းကို ခင်းတော်မူပြီးလျှင် လက်ယာနံပါးဖြင့် စက်လျောင်း၍ ဖလသမာပတ်ချမ်းသာကို ဝင်စားတော်မူပါသည်။

ပလလဲဆင်မင်းသည် ကြာအိုင်ကြီးအတွင်းသို့ ဆင်းပြီးလျှင် ကြာရိုးကြာစွယ်တို့ကို နုတ်၍ ရှင်တော်မြတ်ဘုရားအား ဆက်ကပ်ရာ မြိန်ရှက်စွာ ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ဘုန်းတော်ကြီးလှစွာသော မြတ်စွာဘုရားသည် နေမွန်းတည့်ချိန်၌ ရေသနုပ်တော်ကို ဝတ်ဆင်၍ နေရောင်ပြအင်းကြီးအတွင်း ရေသုံးသပ်တော်မူပါသည်။

**နေရောင်ပြကုန်း၌** သီတင်းသုံးတော်မူရာ နတ်ပေါင်းများစွာတို့သည် မြတ်စွာဘုရားထံသို့ တရားနာကြွရာ ရှင်တော်မြတ်ဘုရားလည်း မဟာသမယသုတ်နှင့်တကွ ဒါနကထာ, သီလကထာ စသော တရားတော်တို့ကို ဟောကြားတော်မူရာ နတ်ပေါင်းများစွာတို့ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြပါသည်။

ထိုသို့ တရားဟောတော်မူပြီးနောက် ထိုတောတောင်တွင် ကျက်စားနေသော သားအဖဖြစ်သည့် တောဆင်နှစ်စီးသည် တော၌ အလေ့ကျပေါက်သော ကြံများကို နှာမောင်းဖြင့် ဆောင်၍ ရှင်တော်ဘုရားအား ကပ်လှူသည်။

ပလလဲဆင်မင်းသည် ထိုကြံတို့ကို အရည်ညှစ်၍ ကြံဖျော်ရည်အဖြစ်ဖြင့် မြတ်စွာဘုရားကို ဆက်ကပ်ရာ သုံးဆောင်တော်မူပြီးလျှင် တောဆင်နှစ်စီးကို ကြည့်၍ ပြုံးတော်မူပါသည်။ ပြုံးတော်မူသောအကြောင်းကို ပလလဲဆင်မင်းက လျှောက်ထားရာ ရှင်တော်မြတ်ဘုရားက ဤသို့ မိန့်တော်မူ၏။

'အို...ပလလဲဆင်မင်း ဤဆင်သားအဖသည် ငါဘုရားအား ကြံတို့ဖြင့် ရိုသေစွာ ပူဇော်လှူဒါန်း၏။ ထိုကုသိုလ်ကြောင့် သင်သားအဖသည် ဤနေရောင်ပြအရပ်ကို အုပ်စိုး၍ ဘုန်းတန်ခိုးကြီးမားသော မင်းတရားများ ဖြစ်လတ္တံ့၊

ဤနေရောင်ပြအရပ်တွင် နန်းတည်၍ စံလတ္တံ့။ ငါ သီတင်းသုံးတော်မူရာဖြစ်သော ဤနေရောင်ပြကုန်းသည် ကမ္ဘာဆုံးတိုင်အောင် အယုတ်အလျော့မဖြစ်၍ ထိုအရပ်ကို အမြဲပြုသော မင်းတိုင်းသည်လျှင် ရန်အပေါင်းကို အောင်မြင်ကုန်လတ္တံ့၊

ဤနေရောင်ပြကြာအင်းကြီးသည် အမြဲတည်သော ကုန်းမဟုတ်သဲ ရေ၌ အင်းဖြစ်၍ ရေ၌ ညီညွတ်သောမြေ ဖြစ်လတ္တံ့၊

ကြာအင်းပျောက်၍ ညီညွတ်သော မြေအဖြစ်သို့ ရောက်သော် ဤဌာနတွင် ဘုရင်တကာတို့ ထီးနန်းစိုက်ရာမြေ ဖြစ်လတ္တံ့။ မြို့ပြည်ရွာတည် နည်းလတ္တံ့။ သာသနာတော် နှစ်ထောင့်သရာ ကျော်သောအခါ ဤနေရောင်ပြအင်းတွင် သိမ်ကြီး(၉)သိမ် ပေါ်လတ္တံ့၊ ပြာသာဒ် (၉)ဆောင် ပေါ်လတ္တံ့။

ဤနေရောင်ပြအနီးတွင် လယ်ကြီးတောင်မြောက် တွင်လတ္တံ့၊ ငါ၏ ဘုရားသာသနာတော်ကို ကောင်းစွာဆောင်၍ ထွန်းကားအောင် ပြုသော မယောက် တစ်ပါး ပေါ်လတ္တံ့'

ဟူ၍ **လယ်တီပဏ္ဍိတ ဦးမောင်ကြီး M.A၏ တပင်ရွှေထီး သမိုင်းမှ စာမျက်နှာ(၂၅)တွင်ရှိသော နေရောင်ပြအင်းသမိုင်းကို** နေရောင်ပြအင်း ဘုရားတည်ဆောက်ရေး အဖွဲ့မှ လက်ကမ်းစာစောင် သဘောမျိုးအနေနှင့် ဘုရားထီးတင်ပွဲတွင် အလှူငွေ လာရောက်၍ လှူဒါန်းသူများအား ဓမ္မဒါနအဖြစ် လှူသော စာအုပ်ငယ်မှ ပြန်လည်ကူးယူတင်ပြအပ်ပါသည်။

ဆက်လက်၍ နေရောင်ပြအင်း ဘုရားတည်ရခြင်း အကြောင်းကို ယင်းစာအုပ်ငယ်မှပင် ကူးယူတင်ပြပါဦးမည်။

**၁၃၁၆ ခုနှစ်၊ ကဆုန်လဆန်း၊ (၉)ရက်** လယ်ဝေးမြို့နယ်၊ ဝက္ကမကျေးရွာ ပထမံပိုင်းရှင်ဆရာကြီး ဦးစံလှအား ညသန်းခေါင်ယံအချိန်တွင် ဘိုးသိကြား စေခိုင်းချက်အရ ဝေသဂဏ်နတ်မင်းကြီးမှ လာရောက်အိပ်မက်ပေးသလို၊ ကိုယ်တိုင်လာ၍ စေခိုင်းသလို ထင်မိကြောင်း ပြောနေသည့်မှာ **နေရောင်ပြအင်းအလယ်တွင် မြေစာခုံပေါ်တွင် ကိုးထွာဘုရား နေ့ချင်းပြီး** တည်ထောင်ခဲ့ရန် အမိန့်ပေးသွားသည်။

ဦးကျေးရွာမှ ကုလားမ မစောရင်အားလည်း ထိုညမှာပင် အိပ်မက်လိုလို၊ တကယ်ပြောသလိုလိုနှင့် သိရှိရပုံမှာ...

'နံနက်(၈)နာရီအချိန် ကျော်ကျော်တွင် အထက်ဆရာများ ညည်းအိမ်သို့ မုက်စိလည်၍ လာလိမ့်မည်။ (နေရောင်ပြအင်း ဘုရား)တည်ရန် ညည်းကိုယ်တိုင် အင်းလယ်မှာရှိတဲ့ မြေစာခုံ အလယ်ပန္နက်ရိုက်ရန် လက်တောက်ပြရမည်'

ဟု ဘိုးတော်လို့ ထင်ရသော ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်က အမိန့်ပေးသွားသဖြင့် အိမ်မှာနေ၍ နံနက် (၈)နာရီကျော်တွင် အိမ်ပေါက်မှ ထိုင်ပြီး စောင့်နေရာ မကြာမီမှာပင် အမောအပန်းနှင့် ရေငတ်ပြီး လူသုံးယောက် ရောက်ရှိလာပြီး မျက်စိလည်နေကြောင်းလည်း ပြောပြကြသည်။

ထိုအချိန်မှာပင် ညက အိပ်မက်ထဲတွင် တွေ့လိုက်ရသော သူများဖြစ်နေ၍ အံ့အားသင့်ပြီး...

'ဆရာကြီးတို့သုံးဦးဟာ (နေရောင်ပြအင်းဘုရား) တည်ဖို့ လာတာ မဟုတ်လား'

ဟု မေးတော့...

'နင်ဟာ ကုလားမ မစောရင် မဟုတ်လား'

ဟု ဆရာကြီးဦးစံလှက မေးရာ မှာ ဟုတ်မှန်ကြောင်းနှင့် ညက မှာလည်း အိပ်မက်ထူး မက်၍ အထက်ဆရာကြီးများ လာလျှင် နေရောင်ပြအင်းကို လိုက်ပြပေးရန် မှာထားကြောင်း...



ထီးတော်လှည့်လည်နေပုံ

အလုံးစုံ ပြောပြပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆရာကြီးဦးစံလှ **ဆရာတင်ဖေ ရသေ့ကြီး ဦးသုမင်္ဂလ၊ ဆရာညို၊ ဒေါ်စောရင်တို့ (၄)ဦး။ အင်းလယ်မြေစာခုံ ဘုရားတည်ရန် သွားရောက်ကြသည်။**

လမ်းတွင် အင်းထဲမှ ညံပင်ထူထပ်ပြီး တောကြီးဖြစ်နေ၍ တောကြားမှ တိုးပြီး မြေစာခုံအလယ်တွင် ဒေါ်စောရင်မှ ''ဘုရားတည်ရန် ပန္နက် ဒီမှာရိုက်လို့'' လက်ညှိုးထိုးပြသည်။

ကဆုန်လဆန်း (၁၀)ရက်နေ့တွင် ပန္နက်ရိုက်ပြီး နေ့ချင်းပြီး ကိုးထွာ **ဘုရားတည်၍ ညနေ(၄)နာရီတွင် ပြီးသည်။** ယင်း ဆရာတင်အား ရသေ့ဝတ်ပြီး ဘုရား ဆက်လက်၍





စာမျက်နှာ (၃၁) သို့

www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

•••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမလိုတဲ့ ••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(မြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးမှုများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထို၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာမြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းဟိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း၊ တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနုချောမွတ်ပြီး မကြာဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလှေအကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

သမားအို

လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၁ဝ၅ YR ၁ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည့်ဖြင့်လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

လေးဖက်နာရောဂါကြောင့် ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊ နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တုဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၈၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၀၆၃၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။






• ဘုန္တ ကုန္တာစာရမဟာစေတီ

# မြောက်ဦးမတောင်တန်းဆီက

မပုပ်မသိုး ရဟန်းတစ်ပါး

မြောက်ဦးမြို့ဟာ ခုတော့ စည်ကားမှု မရှိတော့ပေ။ အရင်က ဘုတာလမ်းဆုံးမြို့ဖြစ်သောကြောင့် စည်ကား၏။ မော်လမြိုင်ကိုသွားလိုပါက မုတ္တမမှ ဖက်ကူးသွားသွားရ၏။

ယခုတော့ သံလွင်မြစ်ကူးတံတားကြီး ဆောက်လုပ်လိုက်သောအခါ မုတ္တမမြို့လေးသည် တိတ်တိတ်ဆိတ်ဆိတ် အထီးကျန်နေသလို ထင်ရ၏။

တကယ်တော့ မုတ္တမမြို့သည် သမိုင်းစာမျက်နှာကို လှန်ပါကလည်း မပါမပြီး အရေးပါခဲ့ပြန်၏။ ရှေးကတည်းက ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ခဲ့သောကြောင့် သမိုင်းစာမျက်နှာမှာ ဘာသာရေး၊ စစ်ရေး အချက်အချာမြို့လို ဖြစ်နေပြန်သည်။

ရှေးမြို့တော်ဟောင်းဖြစ်ခဲ့သောကြောင့် စစ်ပွဲများ မြောက်မြားစွာ ဖြစ်ပွားခဲ့ရသည်။ ယိုးဒယား-မြန်မာ စစ်ပွဲ၊ မွန်-မြန်မာစစ်ပွဲ၊ အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ဂျပန်ခေတ်ထိ စစ်တလင်းဖြစ်ခဲ့ရာနေရာတစ်ခု ဖြစ်နေတော့သည်။

မုတ္တမတောင်ကုန်းပေါ်တက်ကြည့်ပါက ပင်လယ်ကို စီး၍မြင်ရ၏။ တောင်ပေါ်ရှုခင်းကလည်း တကယ့်ကို သာယာလှပလို့ နေပါသည်။

**သမိုင်းဝင်ကျိုက်ဖျင်ကူဘုရား၊ ဘုရားမီး ဘုရားပျက်စေတီ၊ ပုထိုးများစွာကို တွေ့ရှိလေ့လာနိုင်ပါသည်။**





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် တောင်ပေါ်ရှုခင်းကြည့်ရှုရင်း ဘုရားဖူးရင်း မပုပ်မသိုးဘဲ ရုပ်ကလာပ်တော် မပျက်စီးဘဲ ရှိနေသေးသော ဆရာတော်တစ်ပါးကို ဖူးတွေ့ခွင့်ကြုံလိုက်ရပါတော့သည်။

ဆရာတော်၏ဘွဲ့အမည်သည် **ဘဒ္ဒန္တ ဣန္ဒာစာရ မဟာထေရ် သက်တော် (၇၀)နှစ်၊ ဝါတော် (၅၁)ဝါတွင်** ပျံတော်မူခဲ့ပါသည်။

ဆရာတော်လောင်းလျာကို မွန်ပြည်နယ်၊ ဒုံးဝန်းကျေးရွာတွင် ခမည်းတော်ဦးလုံး၊ မယ်တော် ဒေါ်လှမယ်တို့မှ ၁၂၉၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက်၊ တနင်္ဂနွေနေ့ည (၉း၃၀)မှာ ဖွားမြင်ခဲ့ပါသည်။ တတိယမြောက် သားတော်ဖြစ်သည်။

အသက်(၁၁)နှစ်အရွယ်တွင် ဒုံးဝန်းကျောင်း ဆရာတော် ဦးကိတ္တိထံ ရှင်သာမဏေဖြစ်ခဲ့သည်။

၁၃၁၆ခုနှစ်၊ တန်ခူးလဆန်း(၆)ရက်နေ့တွင် နံနက်(၈း၃)တွင် ဆရာတော် ဦးကိတ္တိကို ဥပဇ္ဈာယ်ပြု၍ ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဒုံးဝန်းမစိုးရိမ်ကျောင်း ခဏ္ဍသိမ်တွင် ရဟန်းဖြစ်ပြီးနောက် သထုံရေကျော် ပရိယတ္တိစာသင်တိုက်မှ မူလပဏ္ဏာစရိယတန်းကို အောင်မြင်တော်မူခဲ့ပါသည်။

**သက်တော်(၃၀)နှစ်၊ ဝါတော်(၁၁)ဝါ**တွင် မုတ္တမမြို့ ကော့စိုင်ကျေးရွာ အောင်သိဒ္ဓိမင်္ဂလာကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သည်။

မုတ္တမမြို့ သုခမ္မာဂိုဏ်းလုံးဆိုင်ရာ သံဃာအဖွဲ့အစည်း၏ ဒုတိယဂိုဏ်းချုပ်ဆရာတော်၊ မုတ္တမမြို့၏ ထင်ရှားသောစေတီတော် (၁၅)ဆူတို့၏ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် မုတ္တမမြို့တောင်ရိုး တောင်တန်းပေါ်ရှိသော စေတီအဆူ(၂၀)ကျော်၊ ရုပ်ပွားတော်ဆင်းတုတော်နှင့် ဂန္ဓကုဋိတိုက်များ၊ စေတီဝင်းတံတိုင်းများ၊ အုတ်လှေကား၊ စောင်းတန်းရှည်များ၊ ရေတွင်း ရေကန်နှင့် သိမ်များ ဆောက်လုပ်ပြုပြင်ခြင်း၊ တောင်ရိုးတစ်လျှောက် ကားလမ်းများကို ဖောက်လုပ်ခြင်းများကို ဆောင်ရွက်တော်မူခဲ့သည်။



ဘဒ္ဒန္တ ဣန္ဒာစာရမဟာထေရ်

ဆရာတော်ကြီးသည် အလုပ်ကို ကြိုးစားသော်လည်း အလိုနည်းပါး၏။ ကိုယ်ကျိုးအတွက်စီးပွားကို မရှာဘဲ သာသနိက အဆောက်အဦးများကို စွမ်းစွမ်းတမံ ပြုလုပ်ဆောင်ရွက်ရင်း **ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတော်ကို မပြတ် စီးဖြန်းတော်မူခဲ့ပါသည်။**

ဆရာတော်သည် ၁၃၆၆ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂)ရက်၊ (၂၅-၁၀-၂၀၀၄) တနင်္လာနေ့ ည(၁၀)နာရီ (၁၅)မိနစ်တွင် ပျံတော်မူခဲ့ပါသည်။

တီဘီရောဂါဆေးရုံမှာ ပျံတော်မူပြီးနောက် မုတ္တမကို ပင့်ဆောင်ခဲ့ကြပါသည်။ ဈာပနအခမ်းအနားလုပ်ဖို့ရာ စည်းဝေးတိုင်ပင်ကြ၏။

ဆရာတော်သည် ပျံတော်မူသော်လည်းအသားအရေ




မပျက်ယွင်း၊ အနံ့အသက်မထွက်သောကြောင့်မီးသဂြိုဟ်ရန် တိုင်ပင်ဆွေးနွေးကြပါသည်။

(၃)လပြည့်သော်လည်း ခန္ဓာကိုယ်မှ ချွေးထွက်ခြင်း၊ ဆံပင်ရှည်ခြင်း၊ ခြေသည်းလက်သည်းများရှည်ခြင်း၊ သင်္ကန်းလဲလှယ်ပေးကြရပါသည်။

ဆရာတော်သည် သာသနာ အဆောက်အဦးများကို မနားတမ်း ပြုလုပ် ဆောက်လုပ်နေသောကြောင့် ကမ္မဋ္ဌာန်းအားမထုတ်ဟု ထင်ရသော်လည်း ဆရာတော်သည် ခေါင်းအုံးမထား၊ ခြင်ထောင်မသုံး၊ တုံးလေးကို ခေါင်းအုံးလုပ်ကာ ကျိန်းစက်ပါသည်။

ဆရာတော်သည် အပိုစကားမပြောပါ။ ဆရာတော်သည် ကျင့်ကြံအားထုတ်ဖို့ရာ အချိန်မရလောက်အောင် တရားဟော၊ ဝေယျာဝစ္စများနှင့် မအားအောင်ရှိနေပါသော်လည်း ကမ္မဋ္ဌာန်းကို ဆောင်တော်မူခဲ့ပါသည်။

ဆရာတော်သည် တရားဟောရင် လက်ဟန်၊ ခြေဟန်ကိုကြည့်၍ ဒကာ,ဒကာမများက ချဲဂဏန်းများ ကောက်၍ထိုးကြရာ ပေါက်ကြသောကြောင့် ပရိသတ်အလွန်စည်ကားခဲ့ပါသည်။

ဆရာတော်၏ ထူးခြားချက်သည် ခုတင်ပေါ်တွင် ခေါင်းအုံးနှစ်လုံးကို ဆင့်ထားပေးသော်လည်း ခုတင်ပေါ်မှာ မကျိန်းစက်ဘဲ ခုတင်အောက်မှာ ဆင်း၍ ကျိန်းစက်ပါသည်။

အနီးနေဝေယျာဝစ္စပြုနေသော ယခုလက်ရှိ ဦးပဥ္စင်းကြီးက အကြောင်းကို မေးလျှောက်သောအခါ **သာမညဆရာတော်ဘုရားကြီး ညတွေမှာကြွရောက်လာရင် ကျိန်းရအောင်**ဟု အမိန့်ရှိပါသည်။

မုတ္တမမြို့မှ ဒကာ,ဒကာမများ သာမညဆရာတော်ကြီးထံ ဘုရားဖူးကြွရောက်သောအခါ သာမညဆရာတော်ကြီးမှ...

'ပင်းတို့ဆီမှာလဲ ပုဂ္ဂိုလ်ထူးရှိနေတယ်'

ဟု မိန့်တော်မူသည်ဟု သိရပါသည်။

ဆရာတော်သည် သင်္ကန်းအဟောင်းကို မဝတ်ရုံပါ။ ဖိနပ်မစီးပါ။ မိုးရွာထားသော်လည်း မြို့ထဲ၊ ရွာထဲ လှည့်လည်ကြွပါက ခြေထောက်ကို ရွှံ့ဗွက်မပေတာကို တွေ့ကြရပါသည်။



ဆရာတော်ကြီး၏ အနီးနေတပည့်
(ဆရာတော်ကြီး၏ မြင်လုပ်မှုကို ပြောပြသူ)

ဆရာတော် အမိန့်ရှိသော စကားမှာ...

'သက်သတ်လွတ်ဆိုတာ မဖြစ်နိုင်ဘူး၊ မလွတ်နိုင်ဘူးတဲ့၊ ပိုးမွှားတွေဆိုတာ ပါးစပ်ထဲ အမြဲလိုဝင်နေတာပဲ'

ဟု မိန့်ပါသည်။ ဆရာတော်သည် ကြုံရာ အစားကို ဘုဉ်းပေးလေ့ရှိပါသည်။

ယခုတိုင် ဆရာတော်၏ ရုပ်ကလာပ်တော်ကို မုတ္တမတောင်ရိုးပေါ်မှာ ဖူးတွေ့နိုင်ပါသေးသည်။

**လွယ်ကောင်းကောင်း**


www.burmeseclassic.com

www.burmeseclassic.com

# ဝံအူအားကိုး အရိုးကျိုး

ဝံအူသွေးထွက်

# အရိုးဆက်

ရဲမျိုးသူ
(မောဓိမြိုင်)

ဂျေးလက်နေပြည်သူများ၏ အရိုးကျိုး၊ အရိုးအက်ခြင်းတို့အတွက် ဝံအူသည် ဆေးစွမ်းထက်မြက်လှသောကြောင့် **ဝံအူအားကိုး အရိုးကျိုး**ဟုပင် ဆိုစမှတ်ပြုနေကြတော့သည်။

ဝံအူ(၂)မျိုးရှိပါသည်။ **ဝံအူ(နီ)သွေးထွက်နှင့် ဝံအူ(အဖြူ)**ဖြစ်ပါသည်။ လက်တွေ့မကြာခဏ မြင်တွေ့နေဖူးပါသည်။ မည်သည့်အကြောင်းကြောင့် အရိုးကျိုးခြင်း၊ အရိုးအက်ခြင်းဖြစ်ပါက ဝံအူက ဇာတ်လိုက်သာ ဖြစ်လေသည်။

ထို့ကြောင့်လည်း ဝံအူနီမြစ်ဥနှင့် ပတ်သက်ပြီး ကြားသိရသော သတင်းစကားတို့ကား...

'ပျောက်သွားပြီ အရိုးဆက်လို့ လမ်းတောင်လျှောက်နေပြီ'


ထိုသို့သာကြားရချည်းသာ။ မကြာသေးမီကပင် ခြေဖမိုးခုံ အရိုးအက်သူတစ်ဦး ဝံအူ(နီ)ဥမြစ်နှင့် သနပ်ခါးမြစ်ကို ချင်းစိမ်ရည်ဖြင့်သွေးပြီး ကြပ်စီးပေးခဲ့ရာ ခြေထောက်မထောက်နိုင်ရာက (၃)ရက်မြောက်တွင် လမ်းပင်လျှောက်သည်ကို မြင်ရဖူးပါသည်။

ထို့ကြောင့်လည်း **"ဝံအူသွေးထွက် အရိုးဆက်"**ဟု တင်စားခေါ်ဝေါ်ကြဟန် ရှိပြန်သည်။



## ဝံအူပင်

လက်တင်ဘာသာဖြင့် (Millettia Auriculata)ဖြစ်သည်။ ပေါက်နွယ်ကဲ့သို့ နွယ်မျိုးဖြစ်သည်။ ပြေလတွင်



ဝံအူပန်း အဝါဖြူလေးများ ပွင့်တတ်ပါသည်။

အခက်(၃)ခက်မှ အရွက်(၃)ရွက်ထွက်ပါသည်။ အပင်ကြီးများကို နွယ်တက်ပြီး ပွင့်တတ်ပါသည်။ ဝံအူပင်၏ ရင့်မာသော အကိုင်းအားခုတ်လျှင် သွေးကဲ့သို့ စီးကာထွက်တတ်သောကြောင့် တောနေလူတို့က **'ဝံအူသွေးထွက် ဆေးစွမ်းထက်၏'** ဟု တင်စားကာ အသက်သွေးရှိသော နွယ်ပင်ဟု ဆိုကြလေသည်။

အသီးမှာ **ဘိုစားပဲသီးတောင့်**မျှ ရှိပါသည်။ အသီးပြားသည်။ အရှည်မှာ (၂)လက်မခွဲမှ (၅)လက်မထိရှိသည်။ အပင်၏မြစ်ဥမှာ **ဆိတ်အူကြမ်း၊ နွားအူကြမ်းကဲ့သို့** အဖုအထစ်များရှိ၍ ဝံအူဟုခေါ်သည်ဆိုလေသည်။

## ရှားမလေ့ ကျွဲ/နွား အားဆေး

ကျွဲ/နွားများအား ဝံအူရွက်ကို ကျွေးပေးပါက အင်အားတောင့်တင်းဝဖြိုးခြင်းကို ဖြစ်စေသည်။ ထို့ကြောင့် ကျေးရွာများက နွားစားပင်ပေါက်ဟုလည်း ခေါ်ကြခြင်းရှိသည်။

## အရိုးကျိုး၊ အရိုးအက်၊ အရိုးဆက်ကျ

ဝံအူမြစ်ဥအစိုကို ကြိတ်၍ အုံပြီးလျှင် ကြပ်စီးပေးပါက အရိုးကျိုး၊ အရိုးအက်ခြင်း လျင်မြန်စွာ ပျောက်ကင်းသည်။

## အခြားသောဥမြစ်အသုံး

အဆစ်ရောင်ကိုက်ခဲခြင်း၊ ဖောရောင်ခြင်း၊ မကျက်နိုင်သော အနာအို၊ အနာဟောင်းများအား ဥမြစ်ကို ထု ထောင်းပြီး အရက်နှင့်စိမ်ကာ လိမ်းကျံပေးပါက ပျောက်ကင်းစေသည်။

## အနာများ ငန်းလိုက်ပါမှု

ဥမြစ်ကို ဆန်ဆေးရည်ဖြင့် သွေး၍ လူးရသည်။

## အကြောရောဂါများ

အကြောတင်၊ အကြောထုံး၊ အကြောကပ်၊ အကြောရောင်၊ သွေးလေမလျှောက်သော ရောဂါများအတွက် ဆန်ဆေးရည်ဖြင့် သွေးကာ လူးပေးက သက်သာပျောက်ကင်းစေသည်။

## ကျွဲ/နွားများ အနာပိုးကျ

ဥမြစ်ကိုသွေးပြီး ရေနံကြီးနှင့် ဖျော်ပြီးလူးပေးကပျောက်ကင်းစေသည်။ ဝံအူကို ပုပ္ပားတောင်ဘုရားဈေးတန်းများတွင် ပေါပေါသီသီ ရောင်းချပေးကြောင်း တွေ့ရသည်။

အခြားသော နေရာများမှာလည်း ဆေးဖက်ဝင် ဝံအူနီမြစ်များ ရှိနေပါလိမ့်မည်။

အခြားသော ဝံအူမြစ်ဥဆေးအသုံးများလည်း ရှိနေပါလိမ့်မည်။ သိမီသမျှဝံအူသုတသာ ဖြစ်ပါတော့သည်။

**ကျေးဇူးတော်ရှင် မဟာမောဓိမြိုင်ဆရာတော်ကြီးအား အာရုံဖြင့် ဦးခိုက်လျက်...**

ရဲမျိုးသူ (မောဓိမြိုင်)





www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၅)မှ အဆက်



▲ ရွှေမျက်မှန်ဘုရားဝန်းရှိ ''မဟာဗောဓိညောင်ပင်ကြီး''

ဂါထာတော်

အက္ခိထက္ခိစ သူရိယော၊
ဝါမအက္ခိစ စန္ဒိမာ။
ဗုဒ္ဓစက္ခုနိ တာတုယော၊
အဟံဝန္ဒာမိ သဗ္ဗဒါ။
ဓေတေန ပုညကမ္မေန
စက္ခုရောဂါ ဝိနဿတု။

ခက်ခဲသော ပါဠိအသံထွက်

**ဒက္ခိဏက္ခိစ** = ဒက်ခိနက်ခိစ
**ဝါမအက္ခိစ** = ဝါမအက်ခိစ
**စန္ဒိမာ** = စန်ဒိမာ
**ဗုဒ္ဓစက္ခုနိ** = ဗုတ်ဓစက်ခုနိ
**အဟံဝန္ဒာမိ** = အဟံဝန်ဒါမိ
**သဗ္ဗဒါ** = သပ်ဗဒါ
**ဧတေန** = အေတေန
**ပုညကမ္မေန** = ပုန်ညကမ်မေန
**စက္ခုရောဂါ** = စက်ခုရောဂါ
**ဝိနဿတု** = ဝိနတ်သတု

အနက်

**ဒက္ခိဏက္ခိစ**– မြတ်စွာဘုရား၏ လက်ယာ မျက်လုံးတော်သည် ကား၊ **သူရိယော**– နေမင်းသဖွယ် ဖြစ်ပါပေ၏။ **ဝါမအက္ခိစ**– လက်ဝဲ တော် မျက်လုံးတော်သည်ကား၊ **စန္ဒိမာ**– လမင်းသဖွယ် ဖြစ်ပါပေ၏။ **ဗုဒ္ဓစက္ခု နိတာတုယော** – မြတ်စွာ ဘုရား၏ ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် ယှဉ်သော စက္ခုဝိညာဏဓာတ်တော် တို့ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **ဝန္ဒာမိ**– ရှိခိုး ပါ၏၊ **ဧတေန ပုညကမ္မေန**–ဤသို့ မြတ်စွာဘုရား၏ စက္ခုတော်တို့ကို မှန်းမျှော်ရှိကျိုး ရှိခိုးရသော ကောင်းမှုကံကြောင့်၊ **စက္ခုရောဂါ** – မျက်စိ၌ ဖြစ်ပွားသော ရောဂါ အနာဟူသမျှသည်၊ **ဝိနဿတု**– ပျောက်ကင်းပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နဂါးမြွေရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးသန်းအောင်ရွှေ(ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက – ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆို ပေးပါသည်။]*

ရန်ကုန်–ပြည် (၁၇၅)မိုင်ခရီး၊ ပြည်မရောက်မီ ရွှေတောင်မြေမှာ ဆင်း၊ ရတနာဆီဆိုင်ရှေ့မှ ဝင်ချင် ဝင်၊ ဆေးရိုးတန်းလမ်းက လာလို လာပါ။ ကမ္ဘာမှာ တစ်ဆူတည်း သော ရွှေမျက်မှန်ဘုရားရှိရာ ဘယ်သူမေးမေး အဖြေပေးပါလိမ့် မယ်။ ကူညီပါလိမ့်မယ်။

***စာဖတ်သူအပေါင်း ကျန်းမာ ချမ်းသာကြပါစေ။***

**ရွှေမှော်မြေ မောင်ကြည်သိန်း**



စာမျက်နှာ (၂၃)မှ အဆက်

တည်ပြီး သာသနာပြုရန် တာဝန် ပေးခဲ့သည်။

ရသေ့ကြီးမှာ ယခုတည်သော ကိုးတောင်ပြည့် (ဆုတောင်းပြည့် စေတီ) အဖြစ် ပြန်လည် တည်ထား ပြီး သာသနာပြုခဲ့သည်မှာ ၁၃၄၁ ခုနှစ်ထိ နှစ်ပေါင်း(၂၅)နှစ်တိုင် အောင် သာသနာပြုပြီး သက်တော် အားဖြင့် (၈၂)နှစ်ခန့်ရှိလာ၍ ပျော်ဘွယ်မြို့၊ ကျီရွာအနီး နသိုးမြို့ တောင်သို့ ခေတ္တ ပြန်သွားသည်။

ရသေ့ကြီးသည် ဒုလ္လဘရဟန်း အဖြစ်သို့ ကူးပြောင်းသွားသဖြင့် အင်းဘုရားကြီး သာသနာပြုရန် မဖြစ်နိုင်တော့သည်က တစ်ကြောင်း ရဟန်းအနေနှင့် ဆောင်ရွက်ရန် မသင့်သည်ကတစ်ကြောင်း...

၁၃၄၁ ခုနှစ်တွင် ပျဉ်းမနားမြို့ မြောက်ဘက်၊ ဘဲကုန်းတောင်ရွာနေ ဆရာကြီး(ဦးအောင်မောင်း) အား အဆက် ဘိုးတော်များအမိန့်အရ သာသနာပြု ရန်ဆက်လက်တာဝန် ပေးအပ်ထားခဲ့ပါသည်။

**၁၃၄၇ ခုနှစ်တွင်** ဆရာ ဦးကျော် ထွန်း(ပင်မစက်ရုံ)နှင့် တွဲဖက်ပြီး ဆောင်ရွက်ကြပါသည်။ ၁၃၄၇ ခုနှစ်၊ ဝါခေါင်လဆန်း(၄)ရက်နေ့ တွင် (ဦးအောင်မောင်း) ဘဝပြောင်း သွားခဲ့ပါသည်။

ဆရာကြီးဦးစံလှ၊ ဦးရသေ့၊ ဆရာ ညို၊ ဒေါ်စောရင်၊ ဦးအောင်မောင်း တို့သည် ဘဝတစ်ပါးသို့ အားလုံး ပြောင်းသွားကြကုန်ပြီ။ ပင်မဆရာ ဦးကျော်ထွန်းအား သာသနာပြု လုပ်ငန်း ဆောင်ရွက်ရေးအတွက် ပထမံ ဘိုးဘိုးအောင်မှ စေတီတော် များ ဉာဏ်တော် မြှင့်တင်ရန်နှင့် မဟာစေတီတည်ရန် အချိန်ကျ ရောက်ပြီဖြစ်ကြောင်း လမ်းညွှန်ခဲ့ သည်။

သို့နှင့် တပ်ကုန်းတောင်ဘက်ရှိ ရွှေကြက်တောင်မှ နာယကကြီး ဘိုးသုံ့နှင့် သူ၏ **ဆရာဦးပညာဗလ [ဟိမဝန္တာတောင်၌ သီတင်းသုံး နေထိုင်သည့် နှစ်(၉၀၀)ကျော် ထွက်ရပ်ပေါက်ရသေ့ကြီး]** အား တင်ပြညှိနှိုင်းခြင်း၊ မဟိဒ္ဓိရှင်များနှင့် ညှိနှိုင်းခြင်း၊ ဝိဇ္ဇာများ ဆုံးဖြတ်ချက် အရ မဟာစေတီအား (၁၀၈)တောင် တစ်မိုက်တည်ရန်နှင့် ဘွဲ့နာမည် အနေဖြင့် ''ပြည်လုံးချမ်းသာ မဟာ **စေတီတော်ကြီး**''ဟု တွင်စေရန် သတ်မှတ်ခဲ့ပါသည်။ အရံစေတီ (၈)ဆူအား (၂၇)တောင်စီ ဉာဏ် တော်မြှင့်ရန်ကိုလည်း ဆုံးဖြတ်ခဲ့ ကြပါသည်။

ဆရာဦးကျော်ထွန်းမှ ဦးဆောင် ပြီး ဂေါပကအဖွဲ့ ဖွဲ့၍ ၁၃၄၇ ခုနှစ်၊ ဝါခေါင်လဆန်း(၄) ရက်နေ့ တပို့တွဲ ထမနဲပွဲမှ အစပြု၍ အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊ တပေါင်းလဆန်း(၂)ရက် ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီအချိန်တွင် ပန္နက် ရိုက်ရန် အခါပေးသည့်အတိုင်း ဆောင်ရွက်သည်။

ထို့နောက် တပေါင်းလပြည့်ကျော် (၁၃)ရက် တနင်္ဂနွေနေ့ နေ့(၁)နာရီ အချိန်တွင် ဘုရားကြီး အုတ်မြစ်ချပြီး ပြည်သူ့လုပ်အား စွမ်းပကားဖြင့် စိတ်ရောကိုယ်ပါ သယ်ပိုး ဆောင် ရွက်ပြီး သာသနာပြုခဲ့ကြပါသည်။

၁၃၄၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ ဗုဒ္ဓဟူးနေ့နှင့် တိုက် ဆိုင်၍ သံဃာတော်(၁၀၈)ပါးနှင့် သာမဏေ(၁)ပါးတို့ပင့်၍ ဆွမ်းကပ် ခြင်း၊ တရားနာပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူခြင်း၊ ဗောဓိပင်အား ညောင်ရေလောင်းခြင်းများ နောင် အစဉ်အလာ ဖြစ်သွားအောင် လုပ်သားပြည်သူများနှင့် သာသနာ ပြုကြပါသည်ဟူ၍ ဖြစ်ပါသည်။ **(နေရောင်ပြအင်းဘုရား ဂေါပက အဖွဲ့မှ ထုတ်ဝေ ဓမ္မဒါနပြုထား သော စာအုပ်ငယ်၏ မူရင်းအတိုင်း၊ စာဖတ်သူများအတွက် လေ့လာ ဖတ်ရှုနိုင်အောင် ဖော်ပြထားပါ သည်။)**

စာရေးသူ သိသော လက်လှမ်းမီ သော နေရောင်ပြအင်းဘုရား၏ အတိတ်တဘောင်များနှင့် တကွ ဘုရားသမိုင်း အကြောင်းများကို မျှဝေသော အနေနှင့် သိလိုသူ မိတ်ဆွေများနှင့်တကွ စာဖတ် ပရိသတ်တို့အတွက် ပြန်လည် ဖောက်သည်ချလိုက်ရပါသည်။

**မနှင်းသီ**
**(ရေဆင်း–နေပြည်တော်)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တာဆထလ (ဗိုး) - ၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက (တနယ်ခင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေ့ါပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေ့ါပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေ့ါ"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊, လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"


ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးဖိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ၊

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၅၂/၁၅၆၊ မဟာဝိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



◆ ကျိုက်ဖွက် (ခေါ်) နိဗ္ဗူတ်စေတီတော်ကြီးကို အနီးမှ မှုမြင်ရပုံ

ဇော်ဝေ (I.L.B)

ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား၏

# သွားတော်ဓာတ် စေတီတော် (၃၃) ဆူ

အဓိဋ္ဌာန်ခရီးစဉ် (၂၂)

ကျွန်ုပ်သည် **"သုဝဏ္ဏဘူမိ၏ ရွှေစာရံစေတီတော်"** ဟူသော ဘုရားသမိုင်းစာအုပ်ကို စိတ်ဝင် စားစွာ ဖတ်ရှုရာမှစတင်၍ **ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားရှင်၏သွားတော် ဓာတ်စေတီတော် (၃၃)ဆူ**တို့ကို ရှာဖွေဖော်ထုတ် ဖူးမြင်အဓိဋ္ဌာန်ဝင်ရန် ဆန္ဒပြင်းပြခဲ့ရခြင်း ဖြစ်ပါသည်။

**ထိုစေတီတော် သမိုင်းစာအုပ်၏ စာမျက်နှာ(၉၆)နှင့်(၉၇)တို့တွင်** သထုံစေတီဝင်အရ (၃၃)ဆူသော သွားတော်ဓာတ်မြတ်တည်ရာ နေရာများကို ဖော်ပြထားပါသည်။

ကျွန်ုပ်ကိုယ်တိုင် သွားရောက် စုံစမ်းရှာဖွေဖော်ထုတ် ရှိမှုနှင့် နှိုင်းယှဉ်ဖော်ပြပါမည်။

၁။ ရွှေစာရံစေတီ

[သထုံမြို့-မွန်ပြည်နယ်]





www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ခွက် (ခေါ်) မိုးခွတ်စေတီတော်ကြီးကို အဝေးမှ မြင်ရပုံ

၂။ ကေလာသစေတီ
**[တောင်စွန်း၊မြို့နယ်-မွန်ပြည်နယ်]**

၃။ ဇုတ်သုတ်စေတီ (တောင်စွန်း)
**[မြဘုန်းလျံစေတီ-ဇုတ်သုတ်ရွာမြောက်ဘက်]**

၄။ ကျိုက်ယပ်မားစေတီ (ယပ်မားမြို့)
**[စုံစမ်းရှာဖွေနေဆဲ]**

၅။ ကျိုက်ကလံပန်စေတီ (စစ်တောင်း)
**[ကျိုက္ကလွန်ပွန်း၊-စစ်တောင်းရွာ-သိမ်ဇရပ်မြို့နယ်]**

၆။ ကျိုက်ဇရစ်စေတီ (ဘီးလင်းနယ်-ဇရစ်)
**[ကျိုက်မုသလင်း-ဒုံဇရစ်ရွာ၊ ရွှေကျင်မြို့နယ်]**

၇။ ကျိုက်သလွန်စေတီ (သလွန်မြို့)
**[ကျိုက်ကလွန်ဖွန်း-ခနဖြူမြို့နယ်]**

၈။ ကျိုက်သုရဲစေတီ (သုရဲမြို့)
**[စုံစမ်းရှာဖွေနေဆဲ]**

၉။ ကျိုက်တလင်စေတီ (ကျောက်မော်မြို့)
**[ကျောက်မော်ဘုရားကြီး-ရွှေကျင်မြို့နယ်]**

၁၀။ ကျိုက်လောထွတ်စေတီ (ကျောင်ပြာမြို့)
**[ဆွေနုံ့သာမြိုင်ရွာ (ကျောင်ပြာရွာဟောင်း)၊ ကျောက်ကြီးမြို့နယ်]**

၁၁။ ကျိုက်မှုလစေတီ (ကောလိယ)
**[လောကရန်အောင်စေတီ၊ ဒိုက်ဦးမြို့နယ်]**

၁၂။ ကျိုက်မှုပွန်စေတီ (မောရွှယ)
**[မုမွန်ရပ်-မော်လမြိုင်မြို့]**

၁၃။ ကျိုက်ခွက်စေတီ (ခွပ်ပဲ-ဒိန်မယ်)
**[မိုးခွတ်စေတီ၊ နဘဲပင်ရွာ၊ ကဝမြို့နယ်]**

၁၄။ ကျိုက်ဇုတ်စေတီ (အခရိန်)
**[ဝါးနံ့စွန်းရွာ၊ ခရိန်အုပ်စု၊ ဒါးပိန်မြို့နယ်**

၁၅။ ကျိုက်မှုခိုင်စေတီ (ကဟော့ဒွတ်)
**[မိုးခိုင်ကြီးရွာ-သနပ္ပင်မြို့နယ်-ပဲခူးတိုင်း၊]**

၁၆။ ကျိုက်ဇုတ်ကနုတ် (ဇုတ်ကနုတ်)
**[မြသိန်းတန်စေတီ၊ ဇုတ်ကလိရွာ-တောင်စွန်း၊]**

၁၇။ ကျိုက်သလွဲစေတီ (မော်လမြိုင်)
**[မော်လမြိုင်မြို့-မွန်ပြည်နယ်]**

၁၈။ ကျိုက်မှုနန်းစေတီ (ဘီလူးကျွန်း)
**[မှုနန်းရွာ၊ ဘီလူးကျွန်း၊]**

၁၉။ ကျိုက်ပိုင်ကြုံစေတီ (ဇာသပြင်)
**[ကျိုက်ပိုင်ကရုံ၊ ဇာသပြင်ရွာ၊ ဘားအံမြို့နယ်]**

၂၀။ ကျိုက်တမော့စေတီ (မုတ္တမ)
**[မြသိန်းတန်စေတီ၊ မုတ္တမမြို့နယ်]**

၂၁။ ကျိုက်ဝေါ်စေတီ (ကျိုက်ဝေါ်မြို့)
**[ကျိုက်မတ်ကော်-ဖလေးရွာ၊ ကဝမြို့နယ်]**

၂၂။ ကျိုက်ကာစေတီ (ကျိုက်ကာမြို့)
**[ကျိုက်ခနဲ-ကျိုက်ကသာရွာ၊ ကျိုက်ထိုမြို့]**

၂၃။ ကျိုက်ရိုစေတီ (ကျိုက်ရိုမြို့)
**[ရှာဖွေစုံစမ်းနေဆဲ]**

၂၄။ ကျိုက်တင်စီစေတီ (တင်စီမြို့)
**[ရှာဖွေစုံစမ်းနေဆဲ]**





၂၅။ ကျိုက်သလုံစေတီ (မုပ္ပလင်မြို့)
**[မုပ္ပလင်ရွာ၊ ကျိုက်ထိုမြို့နယ်]**

၂၆။ သေကုတ္တရစေတီ (ဘီးလင်းမြို့)
**[သောတုတ္တရစေတီ၊ ကျိုက်ထိုမြို့၊ ဘုရားသုံးဆူတောင်]**

၂၇။ ကျိုက်မိုးညက်စေတီ (မိုးညက်မြို့)
**[မိုးနက်ရွာ-ဝေါမြို့နယ်]**

၂၈။ ကျိုက်မိုးနှိုင်းစေတီ (မိုးနှိုင်းမြို့)
**[မိုးနှိုင်းရွာ၊ ဖိုင်ကြီးမြို့နယ်၊ လှိုင်းဘွဲ့]**

၂၉။ ကျိုက်ထိုစေတီ (ကျိုက်ထိုမြို့)
**[ဆုတောင်းပြည့်စေတီ၊ ကျိုက်ထိုမြို့နယ်]**

၃၀။ ကျိုက်ကဒုစေတီ (မုတ္တဒုမြို့)
**[ကျိုက်သာယာ၊ မုကွမုရွာ၊ ကျိုက်ထိုမြို့နယ်]**

၃၁။ ကျိုက်ကော်စေတီ (ကျိုက်ကော်မြို့)
**[ရွှေဘုံသာစေတီ၊ ကျိုက်ကော်ရွာ၊ သထုံမြို့နယ်]**

၃၂။ လက်ခလစ်စေတီ (ရွှေနှမ်းမြို့)
**[စုံနံ့သာမြိုင်ရွှေမြို့တော်-ကရင်ပြည်နယ်]**


၃၃။ မထေါစေတီ (ရွှေမော်ဓော)
**[ပဲခူးမြို့]**

ကျွန်ုပ်သည် သွားတော်ဓာတ်စေတီတော်(၃၃)ဆူအား စုံစမ်းရှာဖွေမှု လွယ်ကူစေရန်၊ စာအုပ်စာတမ်းများမှာ ဝယ်ယူဖတ်ရှုလေ့လာခဲ့ရပါသည်။

**"ကောင်းကင် ဓာတ်ပုံများမှ မြန်မာ့ ရှေးဟောင်းမြို့တော်များ"** ဟူသောစာအုပ်ကို ဖတ်ရှုရင်း စာမျက်နှာ(၁၃၁)တွင် ဟံသာဝတီ(၃၂)မြို့အပါအဝင် မြို့ဟောင်းအချို့ကို မြေပုံဆွဲ၍ တည်နေရာ ဖော်ပြထားပါသည်။

ထိုမြေပုံတွင် **ကျောက်မှော်၊ ဒုံဇရစ်၊ ကောလိယ၊ စစ်တောင်း။ ဟံသာဝတီ၊ ဒိန်မဲ၊ ဖွဲ့ဘုံ၊ အခရိန်** စသော မြို့ဟောင်းများမှာသွားတော်ဓာတ်စေတီတော် တည်ရှိကြသော မြို့ဟောင်းများဖြစ်ပါသည်။

* * *




ယခုလက်ရှိ မြို့ပြမြေပုံများနှင့် တိုက်ဆိုင်ကြည့်သောအခါ **ဖွဲ့ဘုံမြို့ဟောင်းသည် ကဝမြို့နယ်၊ ဖလေးရွာအနီးတွင်** တည်ရှိသည်။

**အခရိန်မြို့ဟောင်းသည်** ဒါးပိန်မြို့နယ် ခရိန်ရွာအနီးတွင်ရှိသည်။

ထို့ကြောင့် ဒိန်မဲ မြို့ဟောင်း၏ တည်နေရာမှာ **ကဝမြို့နယ်၊ နဘဲပင်ရွာအနီး** ဖြစ်နေပေသည်။

နဘဲပင်ရွာသည် ယခုလက်ရှိ ပဲခူးမြို့၏ တောင်ဘက်(၁၀)မိုင်ခန့် အကွာအဝေးတွင်တည်ရှိပြီး ပဲခူးမြစ်၏ အရှေ့ဘက်ကမ်းဖြစ်သည်။

ယခင်က နဘဲပင်ဆိပ်ရွာဟု ခေါ်သည်ကို ထောက်ရှုလျှင် ဆိပ်ကမ်းတစ်ခု ဖြစ်ခဲ့ပေမည်။

ဒိန်မဲမြို့ဟောင်းတွင် **"ကျိုက်ခွက်"**စေတီရှိသည်ဟု သွားတော်ဓာတ်စေတီတော်သမိုင်းတွင် ဖော်ပြထားသည်။

ယခု နဘဲပင်ရွာအနီး ရွာ၏ အရှေ့ဘက်မှာ ရှေးဟောင်းစေတီတော်ကြီးတစ်ဆူ ပြိုပျက်နေသည်။ ဒေသခံတို့က **မိုးခွတ်ဘုရား**ဟုသာ ခေါ်ကြသည်။

ရှေးက ဤဒေသတွင် မွန်လူမျိုးများ နေထိုင်ခဲ့ကြသည်။ ဤစေတီတော်ကြီးကိုလည်း မွန်လူမျိုးများ တည်ထားခဲ့ခြင်းဖြစ်ရာ မွန်ဘာသာဖြင့် စေတီတော်၏ဘွဲ့အမည်ကို မှည့်ခေါ်ထားခြင်း ဖြစ်သည်။

ဤစေတီတော်ကြီး၏ အရှေ့



www.burmeseclassic.com

www.burmeseclassic.com



▲ ကျိုက်ခွက် (ခေါ်) မိုးခွတ်စေတီတော်ကြီး၏ ရင်ပြင်မှ တူးဖော်တွေ့ရှိရသော ရှေးဟောင်းကျောက်စာချပ်

ဘက်(၂)မိုင်ခန့်အကွာတွင် ယခင် မိုးနိုင်မြို့ဟောင်း၊ ယခု မိုးနိုင်ကြီး ရွာရှိပါသည်။ ထိုဘုရားကို ကျိုက်မုနိုင် (သို့မဟုတ်) ကျိုက်မွတ်နိုင်ဟု ခေါ်ကြသည်။

**မု=မွတ်**=အစွန်းဟု အဓိပ္ပာယ်ရပါသည်။ မြန်မာအသံထွက်ဖြင့် ''**မု**''၊ ''**မွတ်**''တို့ကို ''**မိုး**'' ဟုလည်း အသံထွက်လေ့ရှိသည်။

**ဥပမာ**–ကဝမြို့နယ်ရှိ''**မုခနိမ်**'' စေတီတော်တည်ရှိရာရွာကို ''**မိုးဂနိမ်း**''ရွာဟု ခေါ်ကြသည်။

ယခုလည်း ''**ကျိုက်ခွက်**'' စေတီတော်ကို ကျိုက်မုခွက်ဟု ခေါ်ကြရာမှ ''**မိုးခွတ်**''ဟု အသံပြောင်းလဲခေါ်လာခြင်း ဖြစ်ပါသည်။

သက္ကရာဇ် ၅၂၉ ခုနှစ်တွင် ညီတော် ဝိမလမင်းလက်ထက် တည်ထောင်သောမြို့(၄)မြို့မှ...

၁။ စစ်တောင်းမြို့
၂။ ဒင်းပဲမြို့
၃။ ဖွဲ့ဘုံမြို့
၄။ အသားမြို့

ဟူ၍ ဖြစ်သည်။

အမှန်မှာ သမလ/ဝိမလမင်း ညီနောင်တို့သည် ဟံသာဝတီမြို့ကို လာရောက်တည်ထောင်ကြသည်မှာ သက္ကရာဇ် ၅၁၇ ခုနှစ် ဖြစ်သည်။ ယင်းတို့ ညီနောင် ဟံသာဝတီမြို့ကို မတည်ထောင်မီကပင် ဥဿပဲခူးမြို့သည် နှစ်ပေါင်း တစ်ထောင်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

မင်းဆက်ပြတ်ပြီး မြို့ပြအဖြစ်မှ ကျေးရွာဇနပုဒ်ဖြစ်နေ၍ အသစ်တစ်ဖန် ပြန်တည်ထောင်ကြခြင်း ဖြစ်သည်။ ထို့အတူ ယခု ဒိန်မဲမြို့ဟောင်းအပါအဝင်အခြားမြို့ဟောင်းများသည်လည်း ယခင်ကတည်းကပင် တည်ရှိပြီး ဖြစ်ပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် သထုံစေတီဝင်အရ မြတ်စွာဘုရား၏ သွားတော်ဓာတ်စေတီ(၃၃)ဆူတို့ကို သာသနာသက္ကရာဇ် ၂၃၇ ခုနှစ်ဝန်းကျင်မှစတင်တည်ထား ကိုးကွယ်ခဲ့ကြသောကြောင့် သွားတော်ဓာတ်စေတီတော်များ တည်ရှိရာဒေသမှာ ထိုစဉ်ကတည်းက လူနေစည်ကားသောမြို့ပြများ ဖြစ်ကြမည်သာ ဖြစ်ပေသည်။

ထိုမြို့များ အကြိမ်ကြိမ်ပျက်လိုက်၊ ပြန်တည်လိုက် ဖြစ်နေနိုင်သလို၊ စေတီတော်ကြီးများလည်း အကြိမ်ကြိမ် ပြိုပျက်လိုက် ပြန်ပြင်လိုက် ဖြစ်ခဲ့နိုင်သည်။ ကျွန်ုပ် ရိုက်ကူးဖော်ပြထားသော ဓာတ်ပုံတွင် ကြည့်ပါ။

ဤစေတီတော်ကြီးသည် ရှေးယခင်က မည်မျှကြီးမားမည်ကို မှန်းဆနိုင်ပါသည်။ တံတိုင်းသုံးထပ်နှင့် လွန်စွာ ခမ်းနားပေလိမ့်မည်။

ဤကျိုက်ခွက် (ခေါ်) မိုးခွတ်စေတီတော်ကြီး၏ အနီးဆုံးရွာမှာ အိမ်ခြေ (၁၀၀)ခန့်သာရှိသော နဘဲပင်ရွာဖြစ်သည်။

ယခုအခါ နဘဲပင်ရွာဇာတိဖြစ်ပြီး ရန်ကုန်မြို့တွင် သွားရောက်လုပ်ကိုင်နေထိုင်ကြသည့် ဦးကြည်နှင့် ဒေါ်ဝင်း မိသားစုတို့က စေတီတော်အနီးမှာ ဓမ္မာရုံကြီးဆောက်ခြင်း၊ စေတီတော်ကို တတ်စွမ်းသမျှ ပြန်ပြုပြင်ခြင်းများ ဆောင်ရွက်နေကြသည်။

စေတီတော်အနီးရှိ နဘဲပင်ဆိပ်ကျောင်းမှာ သက်တော်(၄၅)နှစ်၊ သိက္ခာတော်(၂၅)ဝါရှိ၊ နိဗ္ဗာန်ရွာဇာတိ ဆရာတော်ဦးသာဂရ သီတင်းသုံးလျက်ရှိသည်။

အလွန်တက်ကြွစွာဖြင့် စေတီတော်ကြီး၏ ပြုပြင်မှုများကို ဦးဆောင်ကြိုးစားနေပေသည်။

ထိုကျောင်းတွင် **ဂဝံဓာတ်တော်ကြွတ်ကြီး(၂)လုံး**ကို ထိန်းသိမ်းထားသည်။

မိုးခွတ်စေတီတော်ကြီး ရင်ပြင်မှ တူးဖော်ရရှိထားကြောင်း သိရသည်။ ဘုရားရှင်၏ ဆံတော်၊ သွားတော်ဓာတ်၊ သီရိရဓာတ်တော်များ ရှိမည်ဟု ယူဆ၍ ဤကျောင်းသို့ပင့်ဆောင်သိမ်းဆည်းခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

ဤဓာတ်တော် ကြွတ်ကြီးမျိုးကို ... ထောင်စေတီတော်နှင့် ကဝ ... ဖလေးရွာ ကျိုက်မတ်ကော် စေတီတော်များတွင် မြင်ခဲ့ရဖူးပါသည်။



▲ ကျိုက်ခွက် (ခေါ်)
မိုးခွတ်စေတီတော်ကြီးအနီးမှ
တူးဖော်တွေ့ရှိရသော
ရှေးဟောင်းဂဝံကြွတ်ကြီး

ဆရာတော်၏ဇာတိ **နိဗ္ဗာန်ရွာဆိုသည်မှာ ဤစေတီတော်၏ အရှေ့ဘက် (၃)မိုင်ခန့်တွင်ရှိပြီး ရှေးကဆင်ဖြူတော် ထွက်ခဲ့ဖူးကြောင်း** သိရသည်။

ဤ ကျိုက်ခွက် (ခေါ်) မိုးခွတ်စေတီတော်ကြီး၏ အရှေ့ဘက်(၂)မိုင်ခန့်တွင် မိုးနိုင်မြို့ဟောင်း၊ ယခု မိုးနိုင်ကြီးရွာရှိပြီး သွားတော်ဓာတ် (၁)ဆူ ဌာပနာတည်ထားသော ရှေးဟောင်း **ကျိုက်မုကမော့နွယ် (ခေါ်) ကျောက်စွန်းကြီးဘုရား (ခေါ်) ကျိုက်မုနိုင်စေတီတော်ကြီး** ရှိသည်။

ကျိုက်ခွက် စေတီတော်ကြီးနှင့် ကျိုက်မုနိုင်စေတီကြီး၏ ကြားတွင် ''**ရွှေကျောင်းကုန်း**''ဟု ခေါ်ကြသောနေရာရှိသည်။ ရှေးက မြို့စားနယ်စားကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းများ ရှိခဲ့မည်ဟု ယူဆရပါသည်။

ထိုနေရာ၌ ရှေးအုတ်ကျိုးအုတ်ပဲ့ စကြာလမ်းများ၊ အဆောက်အဦးအုတ်မြစ်နေရာများ တွေ့ရှိရသည်။

ကျိုက်ခွက် စေတီတော်ကြီး၏ အရှေ့တောင်ဘက် (၄)မိုင်ခန့်တွင် **ဖွဲ့ဘုံမြို့ဟောင်း၊ ယခု ဖလေးရွာ ကျိုက်မတ်ကော် စေတီတော်ကြီး** ရှိသည်။

ပတ္တမြားဆရာတော် ပြုပြင်နေဆဲဖြစ်သည်။ ဆံတော်နှင့် သွားတော်ဓာတ် ဌာပနာတည်ထားသော ရှေးဟောင်း စေတီတော်ကြီးပင် ဖြစ်ပါသည်။

ကျိုက်ခွက်စေတီတော်နှင့် ကျိုက်မတ်ကော်စေတီတို့ကို ရှေးက အုတ်ပြားကြီးများဖြင့် စကြာလမ်းပြုလုပ်ထားကြောင်း အထောက်အထားများ တွေ့ရှိရသည်။

ကျိုက်ခွက်စေတီ(ခေါ်) မိုးခွတ်စေတီတော်ကြီး၏ရင်ပြင်မှ ရှေးဟောင်းကျောက်စာချပ် အပိုင်းအကျိုးများ တူးဖော်ရရှိ၍ သစ်သားခြံခတ်ပြီး ထိန်းသိမ်းထားပါသည်။ နှစ်ကာလ ကြာပြီဖြစ်၍ စာလုံးများ သိပ်မထင်ရှားတော့ပါ။

ကျွန်ုပ်နှင့် မိသားစုတို့သည် ကျိုက်ခွက် စေတီတော်ကြီး၏ အနောက်ဘက်ရင်ပြင်တွင် ထိုင်၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ မေတ္တာသုတ်ရွတ်ပွားမှုဖော်ခြင်းများ ပြုပြီးနောက်





www.burmeseclassic.com

www.burmeseclassic.com

ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သွားတော်ဓာတ်စေတီတော် (၃၃)ဆူကို လွယ်ကူလျင်မြန်စွာ ရှာဖွေတွေ့ရှိ ဖူးမြင်အဓိဋ္ဌာန်ဝင်နိုင်ပါစေဟု လည်းကောင်း။


ကျိုက်ခွက်(ခေါ်) မိုးခွတ်စေတီတော်ကြီးအား မူလအတိုင်း ခမ်းနားကြီးကျယ်စွာ ပြန်လည်ပြုပြင်ပေးနိုင်သော ပါရမီရှင်ပုဂ္ဂိုလ်ထူးများ အမြန်ရောက်ရှိလာပါစေဟု လည်းကောင်း ဆုတောင်းပေးခဲ့ပါသည်။

**ရန်ကုန်–သံလျင်–ခရမ်း–ဥဒဲ့လမ်းမှတစ်ဆင့် ကျိုက်မုခနိမ်၊ ကျိုက်မတ်ကော်၊ ကျိုက်ခွက် (ခေါ်) မိုးခွတ်ဘုရား၊ ကျိုက်မုနိုင်၊ ကျိုက်ဒေးကစီ၊ ကျိုက်မဲ၊ ကျိုက်ပဒိုင် (ရွှေတိဂုံလေး) ပဲခူးသို့** ဘုရားဖူးခရီးစဉ် ဆွဲပေးလျှင် ဘုရားဖူးကားများ ပြေးဆွဲပေးလျှင် ထိုဒေသရှိ သမိုင်းဝင် တန်ခိုးကြီးစေတီတော်များ သာသနာပြန်လည် ပွင့်လင်းလာပေလိမ့်မည်။

ထိုခရီးစဉ်တွင် ပဲခူး–ကဝ မြေနီလမ်းမှာ (၃)ရာသီလုံးသွားနိုင်ပြီးဖြစ်သည်။ မြေနီလမ်းမှ အရှေ့ဘက် ကျိုက်မုနိုင် (မိုးနိုင်ကြီးရွာ)သို့ မြေနီကျောက်ဂဝံလမ်း အရှည်(၁)မိုင်ခန့်နှင့် မြေနီလမ်းမှ အနောက်ဘက် ကျိုက်ခွက် (ခေါ်) မိုးခွတ်စေတီတော်သို့ မြေနီကျောက်ဂဝံလမ်းအရှည် (၄)ဖာလုံခန့် ဖောက်လုပ် ပြုပြင်ပေးလိုက်လျှင် ဘုရားဖူးကားများအတွက် လွန်စွာ အဆင်ပြေပါလိမ့်မည်။

ကဝမြို့အနီးရှိ ပဲခူးမြစ်ကူးတံတားပြီးစီးလျှင် ထိုစေတီတော်များသို့ သွားရန် ခရီးလမ်းပို၍ အဆင်ပြေပေတော့မည်။ *(ကျိုက်ခွက် (ခေါ်) မိုးခွတ်ဘုရား၏ပွဲတော်မှာ တန်ခူးလဆန်း(၇)ရက်၊ (၈)ရက်ဖြစ်ကြောင်း သိရသည်။)*

ဒိန်မယ်မြို့ဟောင်းရှိ ကျိုက်ခွက်စေတီတော်သို့ လမ်းညွှန်မြေပုံကြမ်း




ရှေးဟောင်းဘုရားများသို့ လိုက်လံဖူးမြင် အဓိဋ္ဌာန်ဝင်၊ ရှာဖွေဖော်ထုတ် လမ်းညွှန်ပေးသော ကျွန်ုပ်၏ မိသားစုသည် လတ်တလော ကုသိုလ်အဖြစ် စားဝတ်နေရေး မပူမပင်၊ မတောင့်မတ၊ မကြောင့်မကြ၊ စီးပွားတိုးတက် ငွေဝင်လာဘ်ရွှင်ဖြစ်လာပါသည်။

ထိုစေတီတော်ကြီးများကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ကုသိုလ်ပါဝင်ကြမည်ဆိုပါလျှင် ကျွန်ုပ်တို့မိသားစုထက်ပင် ပို၍ အကျိုးထူးရရှိနိုင်ကြပါမည်။

တစ်ခါတစ်ခေါက် သွားရောက်ဖူးမြင်ရင်း သဒ္ဓါပေါက်နိုင်ကြပါစေသတည်း။

***စေတနာမှန်လျှင် ကံကောင်းမည်။***

အောင်ဇေ (LL.B)



ချိုင်းကြား–ပေါင်ခြံကြား အကျိတ်နှင့်

# ပါးကျိုတ်အတွက် ရခိုင်ဆေးနည်း

အိမ်နီးနားချင်း စာအုပ်ဆိုင်က တူမကြီး ရောက်လာပြီး…

'ဦးလေး ချိုင်းမှာ အကျိတ်ပေါ်ရင် ဘာလုပ်ရင်ကောင်းမလဲ'

ဆိုပြီး မေးလာတယ်။

ကျွန်တော်လဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက ရထားတဲ့ဟောမီယိုမှန်းရွက် အသုံးပြုပုံနဲ့ ဆရာနိုလိမ်းဆေး အညွှန်းစာရွက်ကို ဖတ်ပေးလိုက်တယ်။

ပြီးနောက် **ပျားရည်နဲ့ကွမ်းစားထုံး ရောပြီး** အကျိတ်အပေါ် လိမ်းပေးပုံကို ပြောပြလိုက်တယ်။



တူမကြီးက ပျားရည်နဲ့ထုံး ရောပြီး လိမ်းတာတစ်ပတ်ကျော်ပြီဖြစ်သော်လဲ အကျိတ်မှာ လျော့ခြင်း၊ ပျောက်ခြင်း မရှိဘဲ ပိုမို ကြီးလာကြောင်း ပြန်ပြောလာတယ်။

ကျွန်တော်က တူမကြီး ပျားရည် မစစ်ဘူးထင်တယ်။ တူမကြီး ပျားရည် ဘယ်ကရသလဲ မေးတော့ သူ့ဆိုင်ရှေ့တွင် ကွမ်းယာဆိုင်က တစ်ပုလင်း (၃၀၀၀)ကျပ်နဲ့ ဝယ်ထားကြောင်း ရှင်းပြတယ်။

ကျွန်တော်လဲ တူမကြီးဆီက ပျားရည်ပုလင်းကို တောင်းယူ နမ်းကြည့်တော့ ပျားရည်နံ့ မရဘဲ အုန်းသကာရည်အနံ့ ထွက်နေတာ တွေ့ရတော့ မိမိ အသုံးပြုပြီး ကျန်နေတဲ့ ပျားရည်ပုလင်းက အရည်ကို စစ်ယူပြီး ဒါနဲ့ပဲ စမ်းကြည့်ပါဦးဆိုကာ တူမကြီးကို ပေးလိုက်တယ်။

နောက်တစ်နေ့ တူမကြီးနဲ့ တွေ့လို့ မေးကြည့်တော့ ဖြည်းဖြည်းရောကောင်းပါတယ်တဲ့။ တစ်ညတည်းနဲ့ အကျိတ်က သိသိသာသာ လျော့သွားပြီတဲ့။

နောက်တစ်နေ့ တွေ့တော့ အကျိတ် လုံးဝ မရှိတော့ဘူးတဲ့။

ဒါနဲ့ ချိုင်းကြားကအကျိတ်၊ ပေါင်ခြံကြားကအကျိတ်၊ ပါးကျိုတ်အတွက် ပျားရည်အနည်းငယ်နဲ့ ကွမ်းစားထုံး အနည်းငယ်ရောပြီး အကျိတ်အပေါ် လိမ်းပေးတဲ့ ကုသနည်းမှာ မိရိုးဖလာ ရခိုင်ဆေးနည်းပဲတူမကြီး။

သေသေချာချာ မှတ်ထားပြီး သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးဦးလို့ ပြောလိုက်တယ်။

ပျားရည် စစ်၊မစစ် သိချင်ရင်တော့ လက်ဖဝါးပေါ်မှာ ပျားရည် တစ်စက်၊နှစ်စက်လောက် ထည့်ပြီး ကျန် လက်ညှိုးတစ်ချောင်းနဲ့ ကွမ်းစားထုံး တစ်ကော် ကော်ယူပြီး လက်ဖဝါးရှိ ပျားရည်နဲ့ ရောမွှေလိုက်ပါ။

လက်ဖဝါးနဲ့လက်ညှိုး ပူနွေးခြင်းကို ခံစားရပါလိမ့်မယ်။ အဲဒီဆိုရင် ပျားရည်စစ်တဲ့အတွက် စိတ်ချလက်ချ အသုံးပြုနိုင်ပါတယ်။

***မိရိုးဖလာ ဆေးနည်းကောင်းများ ရှာဖွေ စုဆောင်းနိုင်ကြပါစေ။***

ပင်စင်စား မောင်စံလှ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင် ဗဥဗဖ Y ဝဖဖ၅၃ လိုင်စင်-၃/၂၀၀၄၊ တဆထလ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"** ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကပတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် ပထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်း လေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရမန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဍာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေဝန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိနိုင်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးရူးခြင်း၊ မောခြင်း၊ ကျုပ်ခြင်းတို့ဟာ သိတာနဲ့ဥကာ ဝိရောဓိပစ္စယကြောင့် ဖြစ်လာချေခြင်းပါ။ အချိ အဆိမ့် အဆီအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ စိတ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေမှု မီးမှုခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း၊ စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျှင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောသန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးရှူးအောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေး ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မဂ်လာသတင်းကောင်း ပါးလိုက်ပါတယ်။


ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ဈေး(ဂ)လမ်း (၁၁)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း ၀၉ ၈၆၃၅၂၂၅၊ ၀၉ ၂၅၀၀၀၅၀၀၄

မြောင်းမြ မောင်ယဉ်တင့်



အဖေကြီးဦးစောလှနှင့် ရတ္တနံ့စင်တောင် ဆရာတော်ကြီး ဦးသြဘာသတို့၏ တပည့် ဆရာတော်ကြီး

# ဦးဂန္ဓမာနှင့် [illegible]ရပြ တပ်ပန္နက်များ (၃) [နိဂုံးပိုင်း]




• ဆရာတော်ကြီးဦးဂန္ဓမာက သာသနာ့အကျိုးဆောင် ဦးပဉ္ဇင်းဦးကုသလအား ဖောင်တော်ဆိုက်ဘုရားကျောင်း သာသနာတာဝန်ပေးစဉ်

ယခင်လမှ အဆက်

သက်တော်ရှည် သာသနာပြု
ဆရာတော်ကြီး ဦးဂန္ဓမာ

အင်းလေးဒေသ အင်းတိုင်းရင်းသားလေးသည် ဝိဇ္ဇာကျင့်စဉ်ကို ပါသနာကြီးလှသဖြင့် လိုက်လံရှာဖွေရာမှ အဖေကြီးဦးစောလှနှင့် တွေ့ဆုံခဲ့ရလေသည်။ နှစ်သက်မြင့် တပည့်အဖြစ် ခံယူလိုက်ပါသည်။

**သက္ကရာဇ် ၁၃၂၅ ခုနှစ်၊ တပေါင်းလပြည့်နေ့ည** လောကချမ်းသာ ပိဋကတ်တိုက်တော်အတွင်းမှာ အဖေကြီးဦးစောလှက ညွှန်ကြားပေးသမျှ အင်းသားလေးက လိုက်နာနေပါသည်။

နာခံနေသော အင်းသားလေးကို...

'ပုံကိုမြို့ ပန္နက်ကို ငါ ရိုက်ခဲ့ပြီးပြီ၊ အဲဒီပန္နက်ကို မင်းဖော်ရမယ်။ မင်းတာဝန်ယူပြီး ဖော်လိုက်ပေတော့'

အဖေကြီးဦးစောလှ မိန့်မှာချက်ပြဋ္ဌာန်းသည့်အတိုင်း အင်းသားလေးသည် အဓိဋ္ဌာန်များ တစ်ခုပြီးတစ်ခု ဝင်နေသည်။

အဓိဋ္ဌာန်တစ်ခုပြီးတိုင်းတွင် အာရုံ



www.burmeseclassic.com

www.burmeseclassic.com

အမြင်များ ထူးခြားစွာ သိမြင်လာသည်။ လောကုတ္တရာ အာရုံများ စူးစိုက်စွာ ကျင့်ပွားမှတ်ရှုရသဖြင့် သမာဓိ အားကောင်းလာသည်။

(၂)နှစ်ခန့် ကျင့်ပွားပြီးနောက် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်ပါသည်။ ရန်ကုန်မြို့ဆီက လင်းလက်တောက်ပသော ကြယ်ကြီးတစ်လုံးကို မြင်တွေ့ရသည်။

ထိုအိပ်မက်ကြောင့် သားလေးသည် ရန်ကုန်မြို့သို့ လာရောက်၍ ရွှေတိဂုံဘုရား၏ ရာဟုထောင့် ခေါင်းလောင်းကြီး နံဘေးတွင် (၉)ရက် အဓိဋ္ဌာန်ပုတီး စိပ်ပါသည်။

အဖေကြီး ဦးစောလှ ပေးခဲ့သော လုပ်ငန်းစဉ်များ အမြန်ပြီးစီး အကောင်အထည်ဖော် အောင်မြင်ရေး၊ (၃၁)ဘုံသားတို့၏ အကျိုးနှင့် အဖေကြီးဦးစောလှ ပျော်ပါစေဆိုသော ဆန္ဒဖြင့် သမာဓိပီတိများဖြင့် အထူးကျေနပ်နေပါသည်။

အဓိဋ္ဌာန် (၄)ရက်မြောက်နေ့တွင် ရွှေတိဂုံစေတီ အရှေ့တိုင်တရာ ရွှေကျင်ကျောင်းအနီး ဦးထွန်းအောင်နေအိမ်က အဖေကြီး ဦးစောလှ ဓာတ်ပုံအောက်နားအိပ်စက်နေစဉ် နားထဲသို့ အသံတစ်ခု တိုးဝင်လာပါသည်။

'ရွှေတိဂုံကုန်းတော်ပေါ် တက်ခဲ့ ကုန်းတော်ပေါ်တက်ခဲ့'

ချက်ချင်းနိုးထ၍ ရွှေတိဂုံဘုရား ကုန်းတော်ပေါ်သို့ အပြေးတက်သွားသည်။

မိမိ ပုတီးစိပ်နေကျ ခေါင်းလောင်းကြီးနား ရောက်သောအခါ ရဟန်းအိုတစ်ပါးထိုင်လျက် သီတင်းသုံးနေသည်ကို ဖူးတွေ့ရလေသည်။



▲ အဖေကြီးဦးစောလှ၏ ကျောင်းရုပ်တု

အနီးသို့ ရောက်သောအခါ ရဟန်းအိုထံမှ အမေးစကား ထွက်ပေါ်လာပါသည်။

'မင်းက ရဟန်းလား၊ ကိုရင်လား'

'တပည့်တော်က ကိုရင်ပါဘုရား'

'ဒီလိုရင်တော့ မင်း ရဟန်းတက်လိုက်ပါဦး'

'တင်ပါ့ဘုရား တပည့်တော် ရဟန်းတက်လိုက်ပါ့မယ် ဘုရား'

ဘာမှန်း မသိပါဘဲ ကတိပေးမိရက်သား ဖြစ်သွားသည်။

'မင်း ရက္ခန်းစင်တောင်ဆရာတော် ဦးဩဘာသကို ကြားဖူးသလား'

'ကြားဖူးပါတယ် ဘုရား၊ ဒါပေမယ့် ကိုယ်တိုင်တော့ တစ်ခါမှ မမြင်ဖူးဘူးပါဘူး ဘုရား'

'အေး... ဒီဆို ရက္ခန်းစင်တောင် ဆရာတော် ဦးဩဘာသဟာ ငါပဲ'

ကြက်သီးမွေးညင်း ထသွားသည်။ ပီတိစိတ်တွေနှင့် ဝမ်းသာသွားသည်။ ဒါဆို ကုန်းပေါ်တက်ခဲ့ဖို့ အသံနှင့်ပုဂ္ဂိုလ်များလား မဝေခွဲနိုင် ဖြစ်နေသည်။

စိတ်ဖြင့် အဓိဋ္ဌာန်ပြု၍ ဆိုက်သည်။

'ဤပုဂ္ဂိုလ်သည် ရက္ခန်းစင်တောင် ဆရာတော် အစစ်အမှန်ဖြစ်ပါက ငါ့အား ပဋ္ဌာန်း တစ်ခုတစ်ရာ ပေးပါစေသတည်း'

ရက္ခန်းစင်တောင် ဆရာတော်က ဆေးတောင့်(၇)တောင့် ပေး၍ မိန့်တော်မူသည်။

'ရော့... ဒါဒါ မင်း လိုအပ်သလိုသုံး မင်းသွားတော့'

အဓိဋ္ဌာန် (၅)ရက်မြောက်နေ့မှာလည်း ထိုနေရာတွင် ပြန်ဆုံရပြန်သည်။ ရက္ခန်းစင်တောင်ဆရာတော်ကြီးက စိတ်ချယုံကြည်စေရန်...

'မင်းတို့ ဦးစောလှ ဘဝပြောင်းတုန်းက လေထီးလေပြည် ဟုတ်လား၊ မိဂ္ဂီလာမှာရဲ့ အင်္ဂါထောင့်က ခုတင်ညောင်စောင်းမှာ ငါ ရှိနေတာလေ၊ ဦးစောလှရဲ့ အလောင်းကို မင်း ပိုက်သွားတာ ငါ တွေ့ပါတယ်'

ဤမိန့်ဆိုချက်ကပင် ရက္ခန်းစင်တောင်ဆရာတော် အစစ်မှန်းအဝင်ကျ ကြည်ညိုနေမိပါတော့သည်။

ရန်ကုန်ဘက်က ကြယ်ကြီးတစ်လုံး အိပ်မက်က ရက္ခန်းစင်တောင်ဆရာတော်နှင့် တွေ့ဆုံဖို့ပါသည်။

ရန်ကုန်တွင် ရက္ခန်းစင်တောင်ဆရာတော်နှင့် (၄)ကြိမ် ဆုံတွေ့ပြီးနောက် **မိမိ၏ ယောဂီဘဝ၊ ကိုရင်ဘဝမှ ရဟန်းဘဝသို့ ကူးပြောင်းကာ ဆရာတော် ဦးဇနမာဘဝဖြင့်** (၃၁)ဘုံသားတို့၏ အကျိုး၊ ဆရာသမားတို့၏ အကျိုး၊ ဆရာသမားတို့၏ ကိစ္စဆန္ဒများ အောင်မြင်စေရန် သာသနာ့ပန္နက်များကို မဆုတ်မနစ်သော လုံ့လ၊



▲ အဖေကြီးမွေးရုံမှ အလယ်ကာလဘုရားကြီး

ဝီရိယများဖြင့် တစ်စိုက်မတ်မတ် ဖော်ထုတ်ဆောင်ရွက်ခဲ့ပါသည်။

၁၃၂၉ ခုနှစ်တွင် ရက္ခန်းစင်တောင် ဆရာတော်ကြီး ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့သို့ ကြွရောက်လာပါသည်။

'တောင်ကြီးမြို့မှာ ကပ်ဆိုးဘေးဆိုးက ကျော်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ဥက္ကာတော်(၃၁)ဆောင် ဆူးလေစေတီ




www.burmeseclassic.com

www.burmeseclassic.com

ထော်ပုံသဂ္ဂြာန် စေတီတစ်ဆူ ၁၃၃၁ ခုနှစ် မတိုင်ခင် အပြီးတည်ရမယ်'

ဟု အမိန့် မြွက်ဟတော်မူသည်။

တောင်ကြီး တောင်ထိပ်တွင် ‌ေ ကီ.လောကုတ္တရာ အကျိုး ) ရက္ကန်းစင်တောင် ဆရာ ကြီးနှင့် အဖေကြီးဦးစောလှ တို့၏ အလိုအရ ရက္ကန်းစင်တောင် ဆရာတော်ကြီး တာဝန်ပေးချက်ကို ဆရာတော်ကြီး ဦးဂန္ဓမာသည် အခက်အခဲအမျိုးမျိုး ကြိုးစားခဲ့ သည်။

ရက္ကန်းစင်တောင် ဆရာတော်၏ တပည့် ဦးပဏ္ဍိတ္တ၊ ဦးထွန်းအောင် (ရန်ကုန်ဒါယကာ)၊ ဦးပေါ်စံ၊ ဒေါ်ချစ်ဖြူ၊ ဦးကြင်တို့နှင့် တိုင်ပင် သည်။

ပန္နက်တင်(၅)ခု တစ်ပြိုင်တည်း ပြုလုပ်ရန် ရက္ကန်းစင်တောင်ဆရာ တော်ကြီးက ချမှတ်ပေးပါသည်။

ထို့နောက် ရက္ကန်းစင်တောင် ဆရာတော်ကြီးကိုယ်တိုင် စိန်ဖူး တော်ကို ပင့်ဆောင်၍ တောင်ကြီး မြို့သို့ ကြွရောက်လာပါသည်။

၁၃၃၁ ခုနှစ် အပြီးတည်ရမည်ဟု အမိန့်ချချက်နှင့်အညီ ၁၃၃၁ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇)ရက်နေ့ တွင် စေတီတော်ကြီးနှင့် အရံစေတီ များအားလုံး ထီးတင်လှူခြင်း၊ ဘုရား အနေကဖာတင်ခြင်းတို့ ရက္ကန်းစင် တောင်ဆရာတော်ကြီး ဦးဆောင် ကျင်းပနိုင်ခဲ့ပါသည်။

ဦးစောလှ ဓမ္မာရုံကိုလည်း ပိုင်းဝန်းလုပ်ဆောင်ကြသည်။

ယခုအခါ တောင်ကြီးမြို့၏




အဘပေကြီးဦးစောလှ၏ အခန်းတွင်းမှပုံတော်

ကျက်သရေဆောင် ငါးမည်ရ **"မာန်အောင်ဘုရား"၊ "ဓာတ်ပေါင်းစုဘုရား"၊ "လောကထိပ်တင် သက်တော်ရှင်ဘုရား" "အောင်ဝိဇ္ဇာဘုရား"၊ "ရွှေဘုန်းပွင့်ဘုရား"**ဟု ဖူးမြော်ကြရပါသည်။

ဆရာတော်ကြီး ဦးဂန္ဓမာအား အိပ်မက်ဖြင့် တာဝန်ပေးရာ တောင်ကြီးတောင်ထိပ် ရွှေမုဋ္ဌော ဘုရားအနီး အလောင်းစည်သူမင်း ကြီး တည်ထားခဲ့သော ဓာတ်တေ ကြိုဘုရားကို သစ်ပင်ချုံနွယ်မျ ထူထပ်သည့်ကြားက ရှာဖွေ ထုတ်ရန် ပါရမီရှင်များ ပိုင်းဝန်း သည်။

ဓာတ်တော်ကြို စေတီတော် ဓာတ်တော်ကြို ကျောင်းတိုက် တည်ထောင် ပေါ်ထွက်လာ ပရိယတ်,ပဋိပတ် အကျိုးဖြစ် ခဲ့၏။





အဘပေကြီးဦးစောလှ၏အခန်း



အဘပေကြီးဦးစောလှ၏အခန်း

## အင်းလေးဒေသ ပန္နက်ရိုက်ရန် ရက္ကန်းစင်တောင်ဆရာတော်ကြီးအား ပန်ကြားခြင်း

ထိုမှ အင်းလေးဒေသ ရေသာရွာ အဖေကြီးဓမ္မာရုံသို့ ရောက်ရှိပြီး **ရေသာဘုရားကျိန် ကျောင်းဝင်း အတွင်းရှိ** ရှေးနှစ်ပေါင်းများစွာက **ရှေးဟောင်းစေတီ(မဟာဒုတ်ဘုရား)** သည် ပျက်စီးယိုယွင်းနေပါသဖြင့် ဆရာတော်ကြီး ဦးဂန္ဓမာက ရက္ကန်း စင်တောင် ဆရာတော်ကြီးကို တောင်းပန် လျှောက်ထားသဖြင့် ရက္ကန်းစင်တောင် ဆရာတော်ကြီး ကိုယ်တိုင် ပြုပြင်ရန် ပန္နက်ရိုက် အခါတော်များ ချပေးသည်။

ယခုအခါ ဆရာတော်ကြီး ဦးဂန္ဓမာနှင့် ပါရမီရှင်များ ကြိုးပမ်း မှုဖြင့် **ရွှေရင်မျှော်ဆုတောင်းပြည့် ဘုရားအဖြစ်** ပေါ်ထွန်းလာခဲ့ပါ သည်။

ထို့နောက် ကျွန်မ၏ ဆောင်းပါး အစတွင် ရေးသားခဲ့သော လေးကျွန်း စကြာ ဆုတောင်းပြည့် ဖောင်တော် ဆိုက်စေတီနှင့် လေးကျွန်းစကြာ ဆုတောင်းပြည့် ဖော်တော်ချည် စေတီတော်နှစ်ဆူကို တောချုံထဲ ပျက်စီးယိုယွင်းနေ၍ ပြန်လည် ရှင်းလင်း ပြုပြင်တည်ထားပါသည်။

ဖောင်တော်ဆိုက် ကျောင်း,သိမ်, ဓမ္မာရုံ အသီးသီး တည်ဆောက် ပြီးစီးခဲ့ပါသည်။

ထို့နောက် အင်းတိန်မြို့သို့ ဖောင်တော်ဦးစေတီများ ဒေသစာရီ ကြွရာတွင် အဆင်ပြေစေရန် အုတ် လှေကားဆောက်ခြင်း၊ ရွှေအင်း တိန်ဘုရားကြီး ညလုံးပေါက် လျှပ်စစ် မီးလင်းနိုင်ရေးကို ကုန်ကျခံ လှူဒါန်း ပါသည်။

အင်းလေးဒေသတွင် ဖောင် တော်ဦးဗုဒ္ဓရုပ်ပွားတော်များ သီတင်း သုံး ကိန်းဝပ်စံပယ်တော်မူခဲ့ရာ ဒုတိယ စံကျောင်းတော်ကြီးကို ပြန် လည်ဖော်ထုတ်၍ သမိုင်းသုတေသီ များနှင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယခုအခါ ထည်ဝါဝင့်ကြွား မြင်ရ သူများအားလုံး ရွှင်ပြုံးကြည်ညိုစရာ အင်းလေးဘုရားများ စံပယ်ပူးမြော် နေရပါပြီ။

ဖောင်တော်ဦး ဗုဒ္ဓရှင်တော်မြတ် ဘုရားများ နှစ်စဉ် ဒေသစာရီ ကြွတော်မူရာ **ဆရာတော်ကြီး ဦးဂန္ဓမာ၏ ရေသာရွာ ဓမ္မာရုံ ကျောင်းရှေ့တွင်** အစဉ်အလာ မပျက် ဖောင်တော်ကရဝိက်သည် ခေတ္တရပ်နား ပူဇော်ခံပါသည်။

သီတင်းကျွတ်လဆန်း (၁)ရက် နေ့မှ စတင်၍ ဖောင်တော်ဦးဘုရား များ ကရဝိက်ဖောင်တော်ဖြင့် ဒေသ စာရီ ကြွချီတော်မူပါသည်။

ဆရာတော်ကြီး ဦးဂန္ဓမာသည် ဖောင်တော်ဦးဘုရားများ မကြွမီ တစ်ရက် ကြိုတင်၍ ကရဝိက် ဖောင်တော်တွင် လိုအပ်သော ကနက္ကဒါန်ထီးများ၊ ရွှေထီး၊ ထီးဖြူ၊ ဘုရားပလ္လင်အခင်းများ၊ ပိတာန်များ ပို့ဆောင်ပူဇော် ပြင်ဆင်မှုများ ဆောင်ရွက်ပေးခြင်း...

ကျောင်းတော်သို့ ဝင်၍ ဓမ္မာရုံ ကျောင်းတွင် အဆိုပါ ပစ္စည်းများ သိမ်းဆည်းခြင်းများ တာဝန်ကို နှစ်စဉ် တာဝန်ယူ ဆောင်ရွက်ခဲ့ သည်မှာ **၁၃၂၇ ခုနှစ်မှ** စတင်ခဲ့ ပါသည်။

နှစ်စဉ်မပျက် အင်းလေး ဖောင်တော်ဦးဘုရားများ သာသနာ



www.burmeseclassic.com

www.burmeseclassic.com

ကို ဆောင်ရွက်ခဲ့သော ဆရာတော်ကြီး ဦးဂန္ဓမာသည် ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လမှာ အင်းလေးဘုရားအါတောင်ဘက် ရေသာရွာတွင် သက်တော်(၁၀၁)နှစ် အရောက် နောက်ဆုံး အင်းလေးဘုရားများအား ကုသိုလ်ပြုကာ တစ်ဘဝ ခန္ဓာဝန် စွန့်သွားတော်မူလေသည်။

ဆရာတော်ကြီးသည် အဖေကြီး ဦးစောလှနှင့် အဘ ရက္ခန်စင်တောင် ဆရာတော်ကြီးတို့ တာဝန်ပေးခဲ့သော ရှမ်းကိုးမြို့ ဓာတ်ပန္နက်ရိုက်ပေးခဲ့သည်ကို ဆရာသမားတို့၏ လိုလားချက် ကိစ္စများ အောင်မြင်ရန် ဦးထိပ်ပန်ဆင်လျက် အဖိုးအနှုတ်မနိုင်သာသော ဓာတ်ပန္နက်တော်များ မဆုတ်မနစ် ဖော်ထုတ်တာဝန်ကျေခဲ့ပါသည်။

အတူလက်တွဲ သာသနာပြုပေးကြသော တပည့်သာဝကများအားလည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်အောင် ကုသိုလ်တရားတွေ ပွားများစေခဲ့ပါသည်။ လက်တွဲခေါ်ယူခဲ့သည်။

ဆရာတော်ကြီးအား ကိုးကွယ်ခဲ့ကြသော သာဝကတပည့်များ ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လ အင်းလေးဘုရားများ ဒေသစာရီ ကြွချီချိန် ရောက်ခဲ့သော် ဆရာတော်ကြီး ဦးဂန္ဓမာ၏ ပါရမီဆန္ဒများအား အစဉ်ဖြည့်ခဲ့ကြသည့် အားလော်စွာ ဆရာတော်ကြီး ဦးဂန္ဓမာ မရှိတော့သော်လည်း အစဉ်အလာမပျက် အင်းလေးဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်များ၏ ကိစ္စအဝဝကို စွမ်းဆောင်ကြမည်မှာ မလွဲဟု စာရေးသူ ယုံကြည်မိပါသည်။


အဖေကြီးဦးစောလှ၊ အဘ ရက္ခန်စင်တောင် ဆရာတော်ကြီးတို့၏တပည့် သက်တော်ရှည် သာသနာပြုဆရာတော်ကြီး ဦးဂန္ဓမာတို့၏ ရှမ်းကိုးမြို့ ဓာတ်ပန္နက် တည်ရာ အင်းလေးဒေသ ရေသာရွာ ရွှေရင်မှော် ဆုတောင်းပြည့်စေတီတော်အား ဖူးမြော်ဆုတောင်းရင်း အဘ ရက္ခန်စင်တောင် ဆရာတော်ကြီးကိုယ်တိုင် ပန္နက်ရိုက် အုခါပေးခဲ့ပါသဖြင့် လောကီ, လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးရယူဖူးမြော်လှည့်ပါဟု တိုက်တွန်းလိုက်ရပါသတည်း။

**ခင်ခင်ဝင်း(မောရဝတီ)**



▲ ဆရာတော်ကြီးဦးဂန္ဓမာ၏တပည့် ဦးပဥ္စင်းကုသလက ကျန်ရှိသေးသော သာသနာတာဝန်များကို ဆေးသံ ဓာတ်ရိုက်သူများနှင့် ဆက်လက်ဆောင်ရွက်စဉ်

▼ ဆရာတော်ကြီး ဦးဂန္ဓမာ၏ တပည့် ဦးကုသလက ကျန်ရှိသေးသော သာသနာတာဝန်များ ဆက်လက်ဆောင်ရွက်စဉ်





# မြင်းများ အပူယိုင်သော်



စလင်းမြို့နယ်ရှိ တောင်သူများသည် နှစ်ဆန်းတစ်ရက်နေ့မှစ၍ မွေးမြူထားသည့် ကျွဲ, နွား, မြင်းများကို ရွာပတ်လည် ရွာအနီး မြစ်ရေဝိုင်းသည်အထိ လွှတ်ကျောင်းကြပါသည်။

ကျွဲ, နွား, မြင်းများ၏ ကျန်းမာရေးကို မကြာမကြာ သွားရောက်ကြည့်ရှုကြပါသည်။

အတွေ့အကြုံများပြီး ကျွမ်းကျင်သူ မြင်းသမားကြီးများသည် မိမိတို့၏ မြင်းများကို **အပူမမိရန် အပူမယိုင်စေရန်** ကာကွယ်သည့်အနေဖြင့် **နေ့စဉ် ညနေ(၄)နာရီအချိန်တွင် လွှတ်ကျောင်းပြီး နံနက်(၉)နာရီတွင် ပြန်သိမ်းကြပါသည်။**

မိုးဦးကျလာပါက မြင်းများကို အပူမယိုင်စေရန် ကာကွယ်ဆေးအဖြစ် **လျှာကို ရေနံပွတ်ပေးကြပါသည်။**

ထို့သော် ဓါးရှိသော မြင်းများကို ရေနံ မပွတ်ပါ။ မကျွေးရသည် ဓိုးရိမ်သောကြောင့် ရှောင်ကြဉ်ကြပါသည်။

ထို့အတူ မြင်းသမားအခေါ် **ဆေးကြီးဖြင့်လည်း မြင်းများကို လျှာကို ပွတ်ပေးရပါသည်။**

**ဆေးကြီးဖော်စပ်နည်းမှာ...**

နွားလည်ခြေအိတ်ကို အခြောက်လှန်း၍ မီးဖုတ်ပြီး အခြောက်အနေတွင် မီးဖြင့်ပါးပါးလှီး၍ ဘူးရာဇာ(၅)ကျပ်သား၊ နံ့ဆီ(၅)ကျပ်သား၊ ပုံးရည်(၅)ကျပ်သားတို့ ရောစပ် နယ်ဖွေထားသည့် ဆေး ဖြစ်ပါသည်။ ဓါးရှိသော မြင်းများကို မသုံးရပါ။ ဓါးလျှော ကျမည် စိုးရိမ်ရပါသည်။

မြင်းများကို လွှတ်ကျောင်းရန် အကောင်းဆုံးအချိန်သည် ညနေ(၄)နာရီအချိန်တွင် လွှတ်ကျောင်းပြီး နံနက်(၉)နာရီတွင် ပြန်လည်သိမ်းရပါမည်။

မြင်းများကို နည်းစနစ် မှန်ကန်စွာ လွှတ်ကျောင်းခြင်း မပြုပါက မြင်းများ အပူယိုင်တတ်ပါသည်။

ကုသမှု မကောင်းပါက **အပူယိုင်ကျိုး** တတ်ပါသည်။ သားများသာရက် ခေါ် ဘီလပ်သွေးများသည့် မြင်းများကို ဂရုစိုက်ရပါမည်။ ထိန်းသိမ်းခြင်းမရှိဘဲ နှစ်ရက်ခန့် လွှတ်ကျောင်းထားလျှင် အပူယိုင်သွားတတ်ပါသည်။

မြင်းများ အပူယိုင်သော် **အကြောဆေးအဖြစ်** အောက်ပါအတိုင်း ဖော်စပ်ကျွေးမွေးရပါမည်။ **မြင်း**

**အကြောဆေးနည်းမှာ...**

၁။ ရေနံ့သီး ၅ ကျပ်သား၊
၂။ ကလောသီး ၅ ကျပ်သား၊
၃။ စမုန်နက် ၅ ကျပ်သား၊
၄။ ထန်းလျက် ၂၅ ကျပ်သား၊
၅။ မန်ကျည်းမှည့် ၂၅ ကျပ်သား၊
၆။ ပြဒါး ၁ ကျပ် ၈ ပဲသား၊

ယင်းတို့အားလုံးကို သံဆုံဖြင့် ညက်အောင် ထောင်း၍ သမအောင်နယ်ပြီး မြင်းကြီးလျှင် ဘဲဥခန့် (၁)လုံး၊ မြင်းငယ်လျှင် **ကြက်တီနံ့ညင်ဥခန့် (၁)လုံး** ခွံ့ပေးပါ။ မကြာမီ သက်သာပျောက်ကင်းသွားပါမည်။

**မောင်သစ်ဝေ(စလေ)**



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်

ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ)ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြော

တက်၊အသည်းရောင်အသားဝါ

ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar, Ph: 095140389/09420007085

ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်-၇၄၁၊ဒနသိဒ္ဓိလမ်း (၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။


ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ (၆၄)

အောင်ရွှေမြင့်
(စစ်ကိုင်းတောင်)



▲ အေးစေတီတော်အား တောင်ဘက်မှ မြင်ရပုံ

### အေးစေတီတော်

နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
[၃-ကြိမ် ရွတ်ပါ။]

ပုဂ်ရာဇဿ ဒေဝိယာ၊
စေတီ ဣတိစေတီယံ၊
သုကာရိတံ သုပါကတံ၊
ဝန္ဒာမိ အဟံ ဟဒံ။

**(ဆရာကြီးဦးညွန့်ရင်)**

### မြန်မာပြန်

**ပုဂံရာဇဿ**– ပြည်မသနင်း ပုဂံမင်း၏၊

**ဒေဝိယာ**–မိဖုရားကြီးသည်၊

**သုပါကတံ**– ကောင်းစွာလျှင် ထင်ရှားသော၊

**ယံ စေတီ ဣတိစေတီယံ**– အကြောင်းအေးစေတီဟု ဘွဲ့မည်ရှိသည့် စေတီကို၊

**သုကာရိတံ**– ကောင်းမွန်စွာ တည်ထားခဲ့လေပြီ၊

**တံ**–ထိုစေတီတော်မြတ်ကြီးကို၊

**အဟံ**–"..."ဟု နာမသမုတ်အပ်သည်၊

**သာဒရံ**–ရိုသေဂါရဝ ပဏာမ ပြု၍၊

**ဝန္ဒာမိ**– ရှိခိုးကော်ရော မြတ်နိုးကန်တော့ပါ၏။

### ဘုရားတည်နှစ်

သက္ကရာဇ် ၆၁၇ ခုနှစ်၊

### ဘုရားဒါယကာ

မိဖုရားစော။

### တည်နေရာ

ဆွမ်းဦးပုညရှင် စောင်းတန်း အလယ်၊ မဏ္ဍပ်ရာဝန်ကတော် ကျောင်းအနီး။

### ပွဲတော်ရက်

သတ်မှတ်ထားခြင်း မရှိပါ။

### အောင်မြေ

လိုဏ်ဂူတော်အတွင်း ရုပ်ပွား





www.burmeseclassic.com

www.burmeseclassic.com

တော်ရှေ့။

အစောင့်အရှောက်

သောတာပန် နတ်ကြီး။

နရသီဟပတေ့တွင် မိဖုရား(၆)ဦး ရှိကြောင်း ရွေတော်သဉ် မှတ်တမ်းက ဆိုပါ၏။

၁။ မိဖုရားကြီး ဖွားစော
၂။ စောလုံ(ဟူးရားဖြူ၏ သမီး)
၃။ စောနန်း(ဖွားစော၏ အစ်မတော်မှ မွေး)
၄။ ရှင်ပါး(သီဟသူ၏ မိခင်)
၅။ ရှင်မောက်
၆။ ရှင်ရွှေ ဟူ၍ရှိပါသည်။

နရသီဟပတေ့မင်းကြီးကား ငယ်မည် မင်းခွေးချေးဟု တွင်ခဲ့ပေ၏။

မင်းဖြစ်လာသောအခါ နရသီဟပတေ့ ဖြစ်လာ၏။ နောင်အခါ၌ မွန်ဂိုတရုတ်တို့ကြောင့် ပြည်မြို့အနောက်သို့ ထွက်ပြေးခဲ့ရသောကြောင့် "တရုတ်ပြေးမင်း"ဟု ကျောက်စာတွင် ရေးထိုးခဲ့ကြလေ၏။

ဤမင်းကြီးကား နန်းစံနှစ်များအတွင်း ဘုန်းမီးနေလ တောက်ပခဲ့သော ပုဂံမင်းဆက်လည်း ဖြစ်ပါသည်။


အမျက်ဒေါသလည်းကြီး၏။

အစားအသောက်ကြူး၏။


အရသာအစုံကို တပ်မက်၏။

တစ်ကြိမ် ပွဲတော်တည် စားသောက်ပါက ဟင်းခွက်(၃၀၀)ပါမှ စား၏။

ဟင်းခွက်အားလုံးကို စားသောက်သည်ကား မဟုတ်။ အရသာမျိုးစုံကို ခံစားလိုခြင်းသာ



▲ အနောက်ဘက်မှ မြင်ရသော ရှင်ပင်နန်းကိုင်စေတီတော်



▼ စေတီတော် အဝင်မုခ်ဦးနှင့် အာရုံခံ ဘုံပြာသာဒ်တော်

ဖြစ်၏။ တစ်နည်းအားဖြင့် ဝင့်ကြွားလို၍သာ ယူဆကြလေ၏။

နောင်တော်ကြီး ဖြစ်သူမှာ "**သီဟသူ**"ဖြစ်၏။ နန်းရထိုက်သူဖြစ်၏။ သို့ရာတွင် သီဟသူမှာ အမတ်ကြီးရာဇသင်္ကြန်အား စော်ကားခဲ့ဖူးသောကြောင့် အမှတ်ထားခဲ့၏။

အမတ်ကြီး နန်းသဘင်သို့ အရှေ့မှ လျှောက်သွားနေခိုက် သီဟသူမင်းသားလေး နောက်ကပါလာခြင်းကို မသိလိုက်ဘဲ မိမိ၏ အင်္ကျီလက်ကို မသိမ်းမိလိုက်ပါ။

သီဟသူက အမတ်ကြီး၏ အင်္ကျီလက်အား ကွမ်းတံတွေးနှင့် ထွေးလိုက်လေ၏။

ရာဇသင်္ကြန်က "**မင်းသား ပါလာသည်ကို မမြင်မိပါ**"ဟု ဆိုသော်လည်း စိတ်မပြေနိုင်အောင် ရှိနေလေ၏။

အမတ်ကြီးကလည်း အမှတ်အတေးထားပြီး ကွမ်းတံတွေး စွန်းသော ပွဲတက်ဝတ်ရုံကို သေတ္တာနှင့် သိမ်းဆည်းထားလိုက်ပါသည်။

ဤအချက်ဖြင့် ရာဇသင်္ကြန်က ညီတော် နရသီဟပတေ့အား နန်း







တောင် ဖန်တီးလိုက်ခြင်းသာဖြစ်၏။ နရသီဟပတေ့ကလည်း "ကျေးဇူးမမေ့ပါမည်"ဟု ကတိပေးခဲ့လေ၏။

နရသီဟပတေ့ မင်းဖြစ်လာသောအခါ ရည်းစိမ်ယစ်မူး၍ မေ့လျော့နေမိလေရာ အမတ်ကြီးအား မချီးမမြှောက်ဘဲ နေလေ၏။

ရာဇသင်္ကြန်မှာ စိတ်နာလှသည်ဖြစ်၍ အကြံအစည်တစ်ခု ကြံလေတော့သည်။ တစ်နေ့သောအခါ နန်းတွင်းညီလာခံသို့ "**ပန်းကပ်ပွဲ**"ကို ကိုင်ဆောင်ပြီး ဝင်ရောက်လာပါ၏။

ပန်းကပ်ပွဲဆိုသည်မှာ ကွမ်း၊ လက်ဖက်၊ ပန်း စသည် ထည့်သော ပန်းကန်ကွဲသာ ဖြစ်ပါသည်။

မင်းကြီးမြင်သောအခါ...

'**အဘိုးရာဇသင်္ကြန်. အဘယ်ကြောင့် ပန်းကပ်ပွဲကို စားသနည်း**'

'အရှင့်သား ပန်းပွတ်သည် သားမြေးများ သူကောင်းဖြစ်ဖြစ် ပန်းပွတ်မည့်သူ မရှိသောကြောင့် ပန်းကပ်ပွဲကို စားရပါသည်' ဟု လျှောက်တင်လေ၏။



▲ စေတီတော်၏ ဆိုက်ရှိန်ရှုမျှား ရောက်ရှိခဲ့သည့် အရှေ့မြောက်ထောင့်မှ ရှုခင်းတစ်ခု

◀ စေတီတော် လိုက်ဘွင်း အမှတ်ခံနေသော မင်းဝတ်တန်ဆာဖြင့် ရုပ်ပွားတော်

(**စားရပါသည်** = ဆောင်ယူခြင်း)

နရသီဟပတေ့၏ မယ်တော်သည် "**မြစ်သာရွာသူ ပန်းပွတ်သည်၏ သမီးဖြစ်လေ၏**" ဤအချက်ကို ရည်ရွယ်ပြီး မင်းကြီး၏ မိဘမျိုးရိုးကို ထိပါးပြောဆိုခြင်း ဖြစ်၏။

မင်းကြီးက နန်းအလယ်မတင့်တယ်သော စကားဖြစ်၍...

'အဘိုးရာဇသင်္ကြန်... ဘုရားစေတီများကို ထီးတော်တင်လျှင် မည်သို့ ပြုရပါသနည်း'

'အရှင့်သား ငြမ်းဖြင့် တင်ရပါသည်'

'ထီးအထက်သို့ ရောက်ပြီးသော် ငြမ်းကို အသို့ပြုသနည်း'



www.burmeseclassic.com

www.burmeseclassic.com

'ငြမ်းကို ဖျက်သိမ်းမှသာ တင့်တယ်ပါသည် အရှင့်သား'

'ဟုတ်ပြီ ငါကား ထီးနှင့် တူ၏၊ အမတ်ကြီးကား ငြမ်းနှင့်တူ၏'

'ငါသည် မင်းဖြစ်၍ အထက်သို့ရောက်ပြီ ငြမ်းနှင့်တူသော အမတ်ကြီးအား ဖျက်မှသာ တင့်တယ်တော့မည်'

ဟု မိန့်ဆိုကာ ရာဇသင်္ကြန်အား ရာထူးမှ နုတ်၍ ဒလသို့ ပို့လေတော့သည်။

လမ်းခရီးတွင် လေပြင်းတိုက်လာသောအခါ ခိုင်မာသော သစ်ပင်ကြီးများ ကျိုးပဲ့ လဲပြိုကြလေ၏။ ပျော့ပျောင်းသွယ်နွဲ့သော ပန်းပြားပင်တို့မှာ မကျိုးမပဲ့ ယိမ်းနွဲ့ရုံသာ ရှိကြသည်ကို ရာဇသင်္ကြန် တွေ့မြင်ရလေ၏။

'ငါသည် သစ်ပင်ကြီးကဲ့သို့ ကျုံ့ကြံ့ပိသောကြောင့် ဤနယ်ဖြစ်ရလေပြီ'

ဟု သတိသံဝေဂ ရလေ၏။

နန်းတွင်း၌ အမတ်ကြီးမရှိသောအခါ မင်းအာဏာလည်း မလွှမ်းမိုးနိုင် ရှိလေရာ တိုင်းပြည် မငြိမ်မဝပ် ရှိလာလေတော့သည်။

မိဖုရားစောက မင်းကြီးအား ဖျောင်းဖျ တိုက်တွန်းသောကြောင့် အမတ်ကြီးအား ပြန်လည် ခေါ်တော်မူပါသည်။

ဆူပူသောင်းကျန်းသော ပုန်ကန်သူများကို အမတ်ကြီးရာဇသင်္ကြန်က သားများဖြစ်သော အတုလကြီးနှင့် အုတ်လုငယ်တို့ဖြင့် နှိမ်နင်းတော့မှ နိုင်ငံတော်တစ်ဝှမ်း ငြိမ်ဝပ်ပိပြားအေးချမ်းသွားလေ၏။

နရသီဟပတေ့ မင်းကြီးကား ဉာဏ်အမြော်အမြင် နည်းပါး၍ စိတ်



ဆေးဆေးစေတီတော်၏ ဆောင်မြေအား ရုပ်ပွားတော်ကြီးအနီးတွေ့ရပုံ

ကြမ်းရှိသော မင်းတစ်ပါးဖြစ်လေရာ မိဖုရားကြီးဖွားစောကသာ အမြဲတစေ ထိန်းကြောင်းရလေ့ ရှိပါသည်။

(က) မင်းကြီး၏ လက်ထက်တွင် မိဖုရားများနှင့် ဆက်စပ်ပြီး ကိစ္စကြီးငယ်များ ဖြစ်ပေါ်လေ့ရှိပါ၏၊ မိဖုရားကြီးဖွားစောကသာ ဉာဏ်အမြော်အမြင်ဖြင့် ဖျောင်းဖျနိုင်ခဲ့လေ၏။

မင်းကြီးစက်တော်ရာမှ နိုးလျှင်နိုးချင်း မိဖုရားမောင်းမမိဿံများအား ကိုင်တွယ်မိသမျှ အရာဝတ္ထုများဖြင့် ပစ်ခတ်ပြီးမှ စိတ်တော်ပြေလေ့ ရှိပါသည်။

မိဖုရားကြီးဖွားစောက စက်ရာသလွန်အနီးတွင် အခေါင်အယောင်ပစ္စည်းများအစား "လုံပဏီသီး" များကိုသာ တင်ထားလိုက်လေ၏။

တစ်မနက်တွင် စက်ရာမှ နိုးသည်နှင့် အနီးရှိ "လုံပဏီသီး" များဖြင့် ပစ်ပေါက်လေသည်။ မိဖုရားငယ်တစ်ပါး၏ ခါးကို ထိမှန်သွားသောကြောင့် ခါးရမ်းသွားလေ၏။

ယင်းအခါမှ စတင်၍ "**လုံပဏီသီး**"အား "**ခရမ်းသီး**"ဟူ၍ အမည်တွင် သွားလေ၏။

(ခ) မင်းကြီး နရသီဟပတေ့မှာ အလောင်းစည်သူဝင်စားသောကြောင့် ကျန်းမာကြံ့ခိုင်ခြင်း၊ ရောဂါဘယ ကင်းဝေးခြင်း ရှိသည်ဟု ဆိုကြလေ၏၊ သို့ရာတွင် အမျက်မာန်စောင် ကြီးလှပေ၏။

မင်းကြီးမှာ အနာရောဂါကင်းရှင်းလှ၍ ချေးဆတ်ခြင်း၊ သမ်းဝေခြင်းပင် မရှိဘူးခဲ့ မင်းကြီးရှေ့တွင် ချေတတ်ခြင်း၊ သမ်းဝေခြင်းကို ပြုမိလျှင် မျက်တော်မူလေ့ရှိလေ၏။

တစ်နေ့သောအခါ မောင်းမငယ်တစ်ဦးသည် ချေဆတ်လိုသောကြောင့် အသံမထွက်ရလေအောင် အိုးတစ်လုံးတွင် မျက်နှာအပ်၍ ချေမိလေ၏။ ပြင်ပတွင် ချေဆတ်သည် ထက် ပို၍ အသံကျယ်သွားလေ၏။

မင်းကြီးမျက်တော်မူလျှင် မိဖုရားဖွားစောက...

'မင်းကြီးမှာသာ အနာရောဂါ ကင်းပ



အေးစေတီသိမ်တော်ကြီးအား ရှုမြင်ရပုံ

သောကြောင့် နာမချေပါ၊ လူအပေါင်းတို့ကား အနာရောဂါ မကင်းကြပါ'

ဟု ပြောလေမှ မင်းကြီးက...

'ငါ ရှေးက မသိ၍သာ အမျက်ထွက်ခဲ့သည်ဖြစ်ရပေတယ်' ...

ဟု နောင်တရလေ၏။

(ဂ) သင်္ကြန်တော် ကာလတစ်ခုတွင် နန်းတော်မှ ရေဝတီမြစ်အရောက် တဲတန်းများ ဆောက်လုပ်စေခြင်း၊ အလုံကာရံ၍ မိဖုရားမောင်းမများဖြင့် ရေပက် ကစားလေ့ရှိလေ၏။

မိဖုရားစောလုံအား ကျီစယ်လိုသောကြောင့် မောင်းမငယ်တစ်ဦးအား တိုးတိတ်စွာ မှာကြားထားလေ၏။ မိဖုရားငယ်စောလုံအား ဆံပင်မှစ၍ တစ်ကိုယ်လုံး ရွှဲအောင် ရေပက်လေ၏။

စိတ်ဆတ်သော စောလုံသည် ရှက်ခြင်း၊ နာကြည်းခြင်းဖြစ်ရသောကြောင့် မင်းကြီး၏ စားတော်ပွဲတွင် အဆိပ်ခတ်ထားလေ၏။

မင်းကြီး စားသောက်မည်အပြုတွင် အနားတွင် ရှိသော ခွေးတစ်ကောင်သည် ထ၍ ချေဆတ်လေ၏။ မင်းကြီးက "**နိမိတ်မကောင်း**" ဟု ထင်မြင်၍ ရုတ်တရက် စားတော်မခေါ်ဘဲ ထိုခွေးအား ချကျွေးလေ၏။

ခွေးလည်း စားသောအခိုက်မှာပင် သေလေ၏။

စောလုံအား စစ်မေးလျှင် မကွယ်မထောက်...

'ဟယ်...ယန်းမွတ်သည်မြေး ငါ့အား လူအများရှေ့မှာ အရှက်ခွဲသည်ကို စိတ်နာ၍ ငါ ကြံသည်'

ဟု ဆိုလေ၏။

အမတ်ကြီး ရာဇသင်္ကြန်ကဲ့သို့ မင်းကြီး၏ အမျိုးအား ထိခိုက်ပြောကြားခြင်းဖြစ်သည်။ မင်းကြီး လွန်စွာ အမျက်ထွက်လှ၍ မိဖုရားငယ်စောလုံအား သံကျပ်စင်တွင် ဖိုထိုးပြီး သတ်လေဟု အမိန့်ပေးလေ၏။

**သံကျပ်စင်ဆောက်လုပ်နေစဉ်ရက်တစ်ပတ်အတွင်း မိဖုရားငယ်စောလုံသည် သီလဆောက်တည်ပြီး အဘိဓမ္မာတရားတော်ကို နာယူ၍ ဂုဏ်တော်ကို ဖွဲ့ညွှန်ပူဇော် စိပ်နေလေ၏။**

သံကျပ်စင်ပြီးစီး၍ မီးရဲရဲတောက်သို့ တက်ရောက်သောအခါ တက်ရောက်တိုင်း (၃)ကြိမ်တိုင်တိုင် မီး၊ (၃)ကြိမ် သေလေ၏။

မိဖုရားစောလုံက "**ငါသည် သေရမည်သာဖြစ်၍ သေရမည့်အတူတူ**"သဘောပိုက်၍...

'ငါကား သီလမြဲ၏၊ ခဏချင်းပင် ကျွမ်းလောင်ပါစေသော'

ဟု ပတ္တနာပြုခိုက်မှာပင် သေလေ၏။

နရသီဟပတေ့လည်း လွန်စွာ ချစ်မြတ်နိုးလှဖြစ်သောကြောင့် စက်တော်ခေါ်၍ပင် မရဘဲ "**စောလုံ စောင့်ပါခလျှဲ၊ စောင့်ပါခလျှဲ**"ဟု မြည်တမ်းနေလေ၏။

မိဖုရားကြီးဖွားစောက ပုံသကူ မထေရ်ကြီးကို ပင့်ဖိတ် ဟောပြောနှစ်သိမ့်ရပြန်လေ၏။

'နောင်သောအခါ ငါက သေစေဆိုသော်လည်း ရက်ဆွဲထားပြီးမှ သေတန်မှ သေပါစေ'

ဟု သိမ္မစည်းအား မှာတော်မူပါသည်။

(ဃ) တံတားဦး မင်္ဂလာစေတီတော် တည်ထားနေခိုက် "**ဘုရားလည်းပြီး၊ ပြည်ကြီးပျက်**"ဟူသော တဘောင်ပေါ်ထွက်လာလေ၏။ အစိုးရိမ်လွန်၍ ရပ်ထားလေ၏။

မိဖုရားစောက ပုံသကူမထေရ်အား လျှောက်ထားသောကြောင့်...

'ကုသိုလ်ကောင်းမှုအရေးကို သည်မျှစိုးရိမ်ရသလော၊ ဤပြည်နှင့် ဤမင်း မသေဘဲ ရှိအံ့လော'

ဟု ဆုံးမလေမှ မင်္ဂလာစေတီကို





www.burmeseclassic.com

www.burmeseclassic.com

ပြီးအောင် ဆက်တည်လေ၏။

မိဖုရားကြီးဖွားစော၏

သမိုင်းဝင်စကား

၁။ ပြည့်ဝမ်းကို မယောက်အပ်၊
၂။ ပြည့်ဦးကင်းကို မနိမ်အပ်၊
၃။ ပြည့်တံခွန်ကို မလှဲအပ်၊
၄။ ပြည့်မျက်စိကို မထုတ်အပ်၊
၅။ ပြည့်စွယ်ကို မချိုးအပ်၊
၆။ ပြည့်မျက်နှာကို မဖျက်အပ်၊
၇။ ပြည့်ခြေလက်ကို မဖြတ်အပ်

ဟူသော စကားကြီး (၇)ခွန်းမှာ သမိုင်းဝင်ခဲ့လေသည်။ အဓိပ္ပါယ် အကျဉ်းမှာ...

၁။ တိုင်းပြည်၏ ဝမ်းနှင့် တူသော သူဌေး၊ သူကြွယ်တို့ထံမှ အပြစ်ရှာ၍ အစမွေမြေယာ၊ ဘဏ္ဍာတို့အား သိမ်းယူခြင်း။
၂။ တိုင်းပြည်၏ ဦးကင်းဖြစ်သော အမတ်၊ ပညာရှိများကို ကွပ်ညှပ်ခြင်း၊
၃။ ပြည့်တံခွန်နှင့်တူသော ရဟန်း၊ ရဟန်း၊ ပညာရှင်များကို မစူးမစမ်း မျက်ခြင်း။
၄။ ပြည့်မျက်စိနှင့်တူသော ပိဋကတ် ပေဒင်တတ် ပုရောဟိတ်များကို ပိတ်ဆို့ခြင်း။
၅။ ပြည့်စွယ်နှင့်တူသော မင်းညီ၊ မင်းသားတို့အား မကြည့်မရှု မျက်တော်မူခြင်း၊
၆။ ပြည့်မျက်နှာနှင့်တူ မိဘ လင်သားတို့၏ သားသမီးများကို အနိုင်အထက်ပြုခြင်း။
၇။ ပြည့်ခြေလက်နှင့်တူသော သူရဲကောင်းတို့အား အမျက်တော်ရှိလာပါလျှင် ထောက်ရှုခြင်းမရှိ သတ်ဖြတ်ခြင်းတို့ကို ရည်ရင်းဖြစ်လေသည်။



ထွန်းဦးပုညရှင်သို့ အသက်ဆောင်တန်း
ပေါ်ရပ်မှ အေးစေတီမုခ်ဦးနှင့် လမ်းညွှန်ဆိုင်းဘုတ်များ

ဤမျှအထိ ကိုစွရက် ပေါ်ပေါက်တိုင်း မိဖုရားဖွားစောကသာ ဒိုင်ခံဆောင်ရွက် ဖြေရှင်းနေရခြင်းကြောင့် အမတ်ကြီးရာဇသင်္ကြန်နှင့် တိုင်ပင်ရလေတော့၏။

စိတ်အေးချမ်းသာ၍ စိတ်ကျဉ်းကျပ်မှု ပပျောက်စေရန် ပုံသဏ္ဍာန်မထေရ်ကြီး၏ သြဝါဒကို ခံယူကာ "**အေးစေတီတော်**"ကို တည်ထားကိုးကွယ်ပါသည်။

နရသီဟပတေ့ မင်းကြီးကလည်း အထောင်မက အဆင်းအရောင် လှပသော မိန်းမတို့ထက် အစိုးရသော မိဖုရားဖွားစောအား ဘုရား၊ ကျောင်း၊ ပိဋကတ်ပြုသည်ကို သဒ္ဓါကြည်ရွှင်သဖြင့် ဖွားစောကျောင်း ကျောက်စာ၌ ရေးသွင်းခဲ့လေ၏။

မိဖုရားဖွားစော၏ အေးစေတီတော်မှာ ဘွဲ့တော်မြတ်နှင့် လျော်ညီလိုက်ဖက်လှပါပေ၏။

စေတီတော်၏ အာရုံခံလိုဏ်အတွင်းသို့ မဝင်ရောက်မီမှာပင် ရင်ပြင်တော်မှ ရှုလေရာတိုင်းမှာ အေးချမ်းသာယာသော မြင်ကွင်းများက ဘဝအခက်အခဲ အဆိုးများကို မေ့ပျောက်သွားစေလိမ့်မည်။

အေးစေတီလိုဏ်အတွင်း အောင်မြင်ဌာနသို့ ရောက်လျှင်ပင် မိသားစုအပူ၊ သားသမီးမြေးမြစ်တို့၏ ပလောင်ဆူနေသော ပြဿနာအပူမီးများကို အေးမြသော ကျောက်စက်ရေစင်အောက် နားခိုရသကဲ့သို့ လက်ငင်း ခံစားနိုင်ကြလေ၏။

ထူးခြားချက်တစ်ရပ်မှာ အေးစေတီတည်ရှိရာ နေရာဌာနမှာ **အဘ အောင်မင်းခေါင်ကြီး၏ "ဓာတ်ပန္နက် ကျောက်စေတီ"**၏ အောက်တွင် အနီးကပ် တည်ရှိနေခြင်းဖြစ်ပါသည်။

သို့အတွက် မြောက်ဘက်တွင် **ဓာတ်ပန္နက် ကျောက်စေတီ အောင်မြေ၊**

တောင်ဘက် စောင်းတန်းအဆင်းတွင် **လေးကျွန်းထိပ်ဦး စေတီအောင်မြေ၊**

အရှေ့ဘက် တောင်ထိပ်တွင် **လေးကျွန်းထိပ်တင် စေတီ အောင်မြေ၊**



မြေကိုင်းတောင် အောက်ခြေမှ ရွှေဘုရားကျောက်ကြီးများသို့
သွားနိုင်တဲ့ တောင်လမ်းကလေး

အနောက်ဘက် မျက်နှာတွင် **တိလောကဂုရုလိုဏ်ဂူနှင့် ရတနာစေတီအောင်မြေ** အစရှိသော စေတီတော်များ၏ ဗဟိုချက်မတွင် တည်ရှိနေခြင်းမှာ ထူးခြားလှပေ၏။

ထို့ပြင် **ပဒ္ဒကြီးသံဃရာဇာ၏ မြတ်သိန်းဦးစေတီ၊ မယ်ဒက်ကယ်ဆရာတော်ကြီး၊ ဣန္ဒြိတ်ပေါက်စေတီနှင့် အဘဘိုးဘိုးအောင်စေတီတော် အောင်မြေများက** ဝန်းရံ တည်ရှိနေသော အောင်မြေနေရာ တစ်ပါးဟု ဆိုရပေတော့မည်။

ဖွမ်းဦးပုညရှင်သို့ စောင်းတန်းကြီး၏ အလယ်ဗဟိုတွင် တည်ရှိနေခြင်းမှာကား မည်မျှပင် မောပန်းလာစေဦးတော့ ပင်ပန်းသမျှ ပြေပျောက်သွားစေခြင်းက သက်သေဖြစ်ပေသည်။

ဤသည်ကား မိဖုရားကြီးဖွားစော၏ မေတ္တာဒါန အမှန်ဖြစ်ပါ၏။

စေတီတော်၏ ဉာဏ်တော်မှာ ပေ(၃၃)ထက်မလယ်ပါ။ လေးမျက်နှာ အုတ်တိုက် အဆောင်တော်မှာ ရှေးဟောင်း ဘုံသုံးထပ်ပါ အဆောင် ရွှေပြာသာဒ်ကြီး ဖြစ်ပါသည်။

တတိယပဒုမ္မသံ၏ ခိုနန်းချိုးများကို (၃)ဆင့်ထပ်၍ ထောင့်စွန်းများတွင်ကား အုတ်နန်းဆောင် တစ်ဆောင်စီပေါ်၌ ရွှေစေတီများဖြင့် ပူဇော်ထားလေ၏။

အရပ်ရှစ်မျက်နှာ အဝိုင်းပတ်တွင် လေဝင်ပေါက်များ တပ်ဆင်ထားပြီး စေတီ၏ ရွှေခေါင်းလောင်းမှောက်ကို လှပတင့်တယ်စွာ ဖန်တီးထားပါသည်။

ရွှေဖောင်းရစ် ငါးရစ်ဖြင့် ဂုဏ်တော် ငါးရပ်အား ပူဇော်ထားလေရာ စေတီမြတ်မှာ ပျက်စီးချို့ယွင်းခြင်းမရှိ ခိုင်မြဲ တည်တံ့နေပါ၏။

အောင်မြေလိုဏ်အတွင်း အေးစေတီ ရုပ်ပွားတော်မြတ်သည် မင်းဝတ်တန်ဆာဖြင့် ဆင်ယင် လှူဒါန်းထားခြင်းကြောင့် အံ့မခန်းရှိလှပေတော့၏။

**စာကြွင်း။** ။ အမတ်ကြီး ရာဇသင်္ကြန်၏ အစီအမံဖြစ်သောကြောင့် လည်းကောင်း ပုံသဏ္ဍာန် မထေရ်မြတ်တို့၏ လမ်းညွှန်ခြင်းဖြင့် ထူးခြားသော စေတီတော် ဖြစ်ပါသည်။

အမတ်ရာဇသင်္ကြန်၏ သားများမှာ ဓားစွမ်းထက်သော သူရဲကောင်းများဖြစ်ကြ၍ အုတ်လှကြီး၊ အုတ်လှငယ်ဟု အမည်တွင်ခဲ့ကြလေ၏။

ရာဇသင်္ကြန် ကွယ်လွန်သောအခါ အဖ၏ အမည်ကို လုကြလေ၏။ နရသီဟပတေ့က မည်သူ့ကိုမျှ မပေးဘဲ အကြီးကို အနန္တပစ္စည်း၊ အငယ်ကို ရန္တပစ္စည်းဟု ဘွဲ့ပေးခဲ့၏။

မွန်ဂိုတရုတ်တို့ စစ်ချီလာသောအခါ အနန္တပစ္စည်းနှင့် ရန္တပစ္စည်းတို့အား ဆင်လုံးမြင်းရင်းဖြင့် ချီစေပါသည်။ ငဆောင်ချမ်းအရပ်တွင် အင်အား(၂)သိန်းမျှသော မွန်ဂိုတရုတ်တပ်များ၏ မြားချက်ထိ၍ ကျဆုံးကြရလေ၏။

သေသောအခါ နတ်ဖြစ်လာကြ၍ မင်းကြီးထံ အသိပေးကြသောကြောင့် အပြင်(၃၇)မင်းနတ် စာရင်းတွင် **အနန္တပစ္စည်းနတ်နှင့် ရန္တပစ္စည်းနတ်**"ဟူ၍ တိုးလာလေတော့၏။

စစ်ကိုင်းတောင်ရိုး၏ အောင်မြေ "အေးစေတီ"သို့ အမောပြေ ဖူးမြော်ကြပါဟု...။

***အဝေရာဘေးမဲ့ အေးမြချမ်းသာကြပါစေ။***

**အောင်မြှုမြတ်**
**(စစ်ကိုင်းတောင်)**





www.burmeseclassic.com

www.burmeseclassic.com


လေအတွက် အနေမခက်အောင်

လူတိုင်းအတွက် ဆရာဦးခင်ဆွေ၏

# တန်ခိုးရှင်

အမှတ်တံဆိပ်

# ကျောက်ပေါင်းလေနိုင်ဆေး




TMR-013669 (0820)
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁၀/၂၀၁၆၊
တဆထလတိုး (1251)


လူ၏ခန္ဓာကိုယ်သည် ဓာတ်လေးပါးဖြင့် ဖွဲ့စည်းထားသည်ကို လူတိုင်းသိနားလည်သော်လည်း (ဝါယော)လေသည် အဓိကကျသည်ကိုမူ သတိမမူမိပေ။ ထို့ကြောင့် လေထိုးခြင်း၊ လေအောင့်ခြင်း၊ လေချုပ်ခြင်း၊ ကျောရင်ညှပ်၍ အောင့်ခြင်း အထက်သို့ လေဆန်၍တအေ့အေ့နှင့် လေအန်ခြင်း။ လေပူထခြင်း။ ကြေညက်ခဲသောအစာနှင့် အအေးစာများစားမိ၍ အစာမကြေဖြစ်ခါ အစာမစားလိုခြင်း၊ လေပွခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေချုပ်၍ ဝမ်း နေ့စဉ် ပုံမှန်မသွားသောကြောင့် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်း ဝမ်းသွားအားမရ၍ ညှစ်၍သွားရခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးကျန်ခြင်းများ၊ ဓမ္မတာသွေးချုပ်ခြင်း။ သွေးကျန်ခြင်းများ။ လေသည်အထက်သို့သာတက်၍အောက်သို့ မသက်ခြင်းကြောင့် အကြောတက်၊ အကြောတင်းခြင်း၊ ကိုယ်လက်လေးလံ ထိုင်းမှိုင်းခြင်း။

ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ ဖန်စာ၊ ချဉ်စာစားမိ၍ ကလေးလေနာခြင်း။ လေထိုးခြင်း၊ လေဆန်နာဖြစ်ခြင်း၊ နို့အန်ခြင်းတို့သည် လေနှင့်ပတ်သက်သောကြောင့် လေသည် ပွားများနေလျှင် လည်းကောင်း၊ လေအားနည်း၍ လေချုပ်နေလျှင်လည်းကောင်း၊ အထက်ပါရောဂါများ ဖြစ်တတ်ပါသဖြင့် လေကို (အထူး)ဂရုစိုက်ရန် လိုအပ်ပေသည်။ သွေးအတွင်းရှိလေ၊ အသားအတွင်းရှိလေ၊ အကြောအတွင်းရှိလေ၊ အစာအိမ်အတွင်းရှိလေ အပူအပုပ်များအောက်သို့ တဖြုးဖြုးနှင့်သက်၍ သွေးလေ ညီညွတ်မျှတကာ နေ့စဉ် ဝမ်းမှန်ပြီး အဆီကျ၍ ကိုယ်လက်ပေါ့ပါးစေရန်အတွက် ထုတ်လုပ်ထားသောဆေး ဖြစ်ပါသည်။

တန်ခိုးရှင် ဆေးတိုက် အမှတ်-(၁၉၂)၊ ဇရာ(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၈ ၆၃၅ ၂၂၅၊ ၀၉ ၈၆၃ ၅၂၂၅၊ ၀၉ ၂၅၀ ၀၁၅ ၀၈၇၊

အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။



✦ ဓာတ်တော်(၄)ဆူ ကိန်းဝပ်ရာ ဂူပ်ဘုတော်များ

အရိယ (မိုးကုတ်)
(M.W.J.A)

လွန်ခဲ့သော(၁၀)နှစ်ခန့်က ဖူးမြော်ရောက်ရှိခဲ့သော ရွှေကူမြို့မှ

# ဇေယျာဘုမ္မိကျွန်းတော် အောင်မြေ

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ...တောင်ပေါ်မြေပြန့် ပြည်နယ်ပြည်မ ...များမှာတွင် သာသနာ့အောင်မြေ၊ ...ဒိဋ္ဌာန်အောင်မြေများ ဖြစ်သည့် ...က်တလူအောင်မြေ၊ **အင်းဝ ...အောင်မြေ၊ သာမညအောင်မြေ၊ ...မွှေတိုက်အောင်မြေ** စသည့် များစွာ ...သော အောင်မြေများစွာ ရှိသည်။

...ထိုသည့်အနက် ကချင်ပြည်နယ်၊ ...မြို့ အရှေ့မြောက်ဘက်၊ ရောဝတီမြစ်အလယ်ရှိ ဇေယျာဘုမ္မိခေါ် **ရွှေပေါ်ကျွန်းအောင်မြေသည်** အထင်ကရ အဓိက အောင်မြေကြီး ဖြစ်ပါသည်။

''ရွှေပေါ်ကျွန်း''ဆိုသော နာမည်နှင့် ညီသည့်အလျောက် ရောဝတီမြစ်အလယ်ရှိ ကျွန်းတော်ဘုရားကုန်းတော်၏ ဘေးပတ်လည်တွင် ရွှေထွက်ရှိသောကြောင့် ထင်ရှားကျော်စောပါသည်။

ဤဇေယျာဘုမ္မိ ရွှေပေါ်ကျွန်းတော်သို့ စာရေးသူအား ထီးတော်တင်ပွဲတွင် ပင့်လျှောက်သဖြင့် ရောက်ရှိခဲ့ပါသည်။

ကျွန်းမြေပေါ် ရောက်သည်နှင့် အရပ်လေးမျက်နှာတွင် စေတီတော်များ၊ ရုပ်တုရုပ်ပွားများ ကျွန်းနှင့်အမျှ တည်ထား ကိုးကွယ်ကြသည်ကို ဖူးမြော်ကြ ... ယခုတိုင်အောင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံနယ်မြေ ဘုရားများ ပေါများတည်ရှိသည်မှာ ဤဖေယျာဘုမ္မိ ရွှေပေါ်ကျွန်းတော်မှ ဘုရားများလောက် ပေါများမည် မထင်ပါ။ ပုဂံမြေမှ ဘုရားစေတီများလောက် မကြီးမားသော စေတီများ များစွာရှိသော ကြောင့် ဖြစ်ပါသည်။

ဤကျွန်းတော်မှာ အရှည်(၁)မိုင်ကျော် ရှည်လျားပြီး ကျွန်း၏ သုံးပုံတစ်ပုံမှာ ဘုရားစေတီ ကျောင်းကန်များနှင့် တည်ရှိနေပြီး ဧရာဝတီမြစ်ထဲသို့ ကမ်းပါးပြို၍ မျောပါ ပျက်စီးနစ်မြုပ်သွားသော ဘုရားများလည်း မရေတွက်နိုင်အောင် ရှိပါသည်။

သမိုင်းအဆိုအရ (၇၇၇၇၇၇) စေတီဘုရားများ ရှိသည်ဟု ဆိုပါသည်။ စာရေးသူ လေ့လာသိရှိရသမျှ (၆၉၉၉၉)ဆူ ဘုတ်တိုင်စိုက်မှတ်တမ်းပြုထားသည်ကို တွေ့ရှိရပါသည်။

ဖေယျာဘုမ္မိစကားအရ မြတ်စွာဘုရားရှင်သည် နစဉ်အခါဘဝများဖြစ်သော ကျေးမင်းဘဝ၌ ဧရာဝတီမြစ်ကျဉ်း ဒုတိယပိုင်းရှိ ကျေးမင်းစံပျော်သောဂူ ရှိ၏။ ကျေးမင်းအထိမ်းအမှတ်အဖြစ် **ကြက်တူရွေးနှုတ်သီး ကျောက်စွန်းကြီးမှာ** အထင်ကရ ထင်ရှားစွာ ရှိသည်ဟု သိရပါသည်။

**ဘုရားလောင်း သိန်းမင်းဘဝ** ဖြစ်စဉ်က ပျော်စံခဲ့သော ဂူကြီးလည်း ရှိပါသည်။ **''သိန်းတောင်ဂူ''** ဟု အထင်အရှား ရှိပါသည်။

**ဘုရားလောင်း ပွေးမင်းဘဝက** ပျော်စံခဲ့သော နေရာကို **''ပွေးမင်းတောင်''**ဟူ၍ လည်းကောင်း၊ **ဘုရားလောင်း ဥဒေါင်းမင်းဘဝ** ပျော်စံခဲ့သော နေရာကို **''ဥဒေါင်းတောင်''**ဟူ၍ လည်းကောင်း၊ **ဘုရားလောင်း စွန်မင်း** ဖြစ်စဉ်က ပျော်စံခဲ့သော နေရာကို **''စွန်တောင်''**ဟူ၍ လည်းကောင်း၊ **ပုတ်သင်မင်း** ဖြစ်သောအခါ **''စင်းခန်းချောင်းဝ''**တွင် နေထိုင်လျက်လည်းကောင်း၊

**ရွှေသမင်မင်း** ဖြစ်စဉ်က လည်းကောင်း၊ **မျောက်မင်းဘဝ** ဖြစ်စဉ်ကလည်းကောင်း၊ **ပျားမင်းဘဝ** ဖြစ်စဉ်ကလည်းကောင်း၊ **ငုံးမင်းဘဝ** ဖြစ်စဉ်ကလည်းကောင်း၊ **ကြက်မင်းဘဝ**၌လည်းကောင်း၊ **လိပ်မင်းဘဝ** ဖြစ်စဉ်ကလည်း ကောင်း၊ **ငါးကြင်းဘဝ, ငါးရံ့မင်းဘဝ** ဖြစ်စဉ်က လည်းကောင်း ဤဖေယျာဘုမ္မိဒေါ် ရွှေပေါ်ကျွန်းတော်၌သာလျှင် ခန္ဓာဝန်ချ စုတေခဲ့သည်ဟု ဆိုပါသည်။

ထို့ပြင် **ရသေ့ဘဝဖြစ်စဉ်ကလည်း** ဤကျွန်းတော်၌ပင် ခန္ဓာဝန်ချခဲ့ပါသည်။



- စာရေးသူနှင့် ရွှေပေါ်ကျွန်းစေတီတော် ဖူးတွေ့ရစဉ်

မြတ်စွာဘုရားရှင်သည် ညီတော်အာနန္ဒာအား ခေါ်၍ နတ်မောင်နှမတောင်ထက်သို့တက်ကာ ဤဖေယျာဘုမ္မိဒေါ် ရွှေပေါ်ကျွန်းအရပ်သို့ လက်ညှိုးညွှန်ကာ...

'ငါဘုရား ပရိနိဗ္ဗာန်စံပြီးသည့် နောင်သာသနာနှစ်ရာကျော်တွင် အသောကမင်း ပင့်ပြီး ငါ၏ ဓမ္မတော်ဓာတ်တော်အများ သွင်းနှံ၍ ရွှေပေါ်ကျွန်းမည်သော စေတီတော် တည်ထားကိုးကွယ်လိမ့်မည်။ သာသနာတော် စည်ပင်ပြန့်ပွားလိမ့်မည်'

ဟု ဗျာဒိတ်ပေးတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ဧရာဝတီမြစ်ရေကို သပွါယ်သုံးသပ်ပြီး သက်နှင်းလှုန်းရာ **''သင်္ကန်းလှန်းတောင်''**ဟုတွင်သည့် **ကျောက်ကမ်းပါးကြီးဖြင့်** ထင်ရှားသော **သင်္ကန်းလှန်းတောင်**လည်း ရှိပါသည်။

သီရိဓမ္မာသောက မင်းကြီးသည် စေတီပေါင်း(၈၄၀၀၀)၊ ရေကန်ပေါင်း (၈၄၀၀၀)များကို တည်ထားကိုးကွယ်တော်မူရာ၌ ကြွင်းသောဓာတ်တော်(၇၇၇၇)ဆူကို **နတ်မိကျောင်း၏ ဦးခေါင်းထက်၌** တင်ပြီးလျှင် **ဖေယျာဘုမ္မိကျွန်းတော်မြတ်၌** ပို့ဆောင်ရမည်ဟု မိန့်တော်မူ၍ အခြံအရံများနှင့်တကွ







- ရေဝတီမြစ်ထဲသို့ ပြိုကျပျက်စီးရသော စေတီတော်များ၏ အုတ်တံတိုင်းအစများ

ထိုက်ပါစေဟု ရှောက် ကြည့်ရှုတော်မူပါသည်။

ထိုသို့ ထွက်ခွာလာ၍ ဓာတ်တော်များ ပင့်ဆောင်စဉ် ရွှေရောင်အဆင်းရှိသော သမင်လည်း ဓာတ်တော်များကို ခေါင်းထက်၌ ရွက်၍ ပို့ဆောင်ပါရစေဟု ခွင့်တောင်းကာ ပို့ဆောင်လေ၏။

တစ်ဖန် ကျားမင်းနှင့် ဆင်မင်းတို့ကလည်း ဓာတ်တော်ကြုတ်ကို တစ်လှည့်စီ ဦးခေါင်းထက်၌ ရွက်ကာ ပင့်ဆောင်တော်မူလေသည်။ ထို့ကြောင့် သာသနာသက္ကရာဇ် ၂၂၈ ခုနှစ်၊ တပေါင်းလဆန်းတွင် ဖေယျာဘုမ္မိကျွန်းသို့ ဆိုက်ရောက်ကြလေသည်။

သီရိဓမ္မာသောက မင်းကြီးလည်း လုံးပတ်(၂၈)တောင်၊ အမြင့်ဉာဏ်တော်(၁၄)တောင်၊ မုခ်ဦး(၁)ဆူပါသော ရွှေပေါ်ကျွန်းစေတီတော်ကို တည်၍ ဓာတ်တော်(၇၇၇၃)ဆူကို ဌာပနာကာ တည်ထားကိုးကွယ်ခဲ့ပါသည်။

ကျန် ဓာတ်တော်(၄)ဆူကို ဓာတ်တော် ပင့်ဆောင်လာကြသော နတ်မိကျောင်း၊ နတ်ဆင်မင်း၊ သမင်မင်း၊ ကျားမင်းတို့၏ ရုပ်တုများ ထုလုပ်၍ ထိုဓာတ်တော်ကြုတ်ကို ဓာတ်တော်မြတ်တစ်ဆူစီ ဌာပနာပြီး နောင်လာနောက်သားတို့ ဖူးမြော်ကြည်ညိုရန် အပြင်ကျောင်း၌သာ ထား၍ ပူဇော်စေခဲ့ပါသည်။

ထို ဓာတ်တော်ဌာပနာထားသော ရုပ်တုများကို အစဉ်အဆက် စောင့်ရှောက်ကိုးကွယ်ခဲ့ရာ ယခုအခါ ဓာတ်တော်တိုက်ကြီးနှင့် တင့်တယ်စွာ စံပယ်တော်မူသည်ကို ဖူးတွေ့ရပါသည်။

အနော်ရထာမင်းစော တိုင်းခန်းလှည့်လည်စဉ် ဖေယျာဘုမ္မိကျွန်းတော်ဦးသို့ ရောက်လျှင် လှေတော်ဖောင်တော်မှာ ကူးခတ်၍ မရသဖြင့် ကျွန်းပေါ်တက်၍ အကြောင်းထူးရှာရာ သီရိဓမ္မာသောကမင်းကြီး တည်ထားတော်မူသော စေတီတော်ကို တွေ့ရ၍...

'ဒီယကာ ဖြစ်ထိုက်ပါလျှင် သက်တော်ထင်ရှား မြတ်ဘုရားကဲ့သို့ ခြောက်ပါးသော ရောင်ခြည်တော်ကို ကွန့်မြူးပါစေသတည်း'

ဟု အဓိဋ္ဌာန်ပြုသော ခဏ၌ပင် ခြောက်သွယ်သော ရောင်ခြည်တော်ကွန့်မြူး၍ မင်းကြီးလည်း ပီတိသောမနဿ ဖြစ်ကာ မကိုဋ်ရွှေသရဖူကို လှူတော်မူပြီး စေတီတော်မြတ်အား တံတိုင်း၊ နတ်ရုပ်၊ မနုဿီဟ ခြင်္သေ့တို့ဖြင့် တင့်တယ်စွာ ပြုပြင်တော်မူသည်ဟု ဆိုပါသည်။

**ကောဇာသက္ကရာဇ် ၄၀၆ ခုနှစ်**တွင် **မိုးညှင်းစော်ဘွားနှင့် မိုးကောင်းစော်ဘွား**တို့ စစ်မက်ဖြစ်ပွားရာ မိုးညှင်းစော်ဘွား အရေးရှုံးနိမ့်ပေသည်။ မိုးညှင်းစော်ဘွားလည်း အနော်ရထာမင်းထံ၌ ခိုလှုံရလေသည်။

မိုးကောင်း သိုစော်ဘွားနှင့် မိုးမိတ် သိုရင်ဘွားတို့သည် ဆွေရင်းသားများ ဖြစ်ကြသည်။ သို့သော် အမိန့်မှာ အမိန့်ဖြစ်သောကြောင့် သိုစော်ဘွားက ခုခံလျှင် ရက်ရက်စက်စက် ချေမှုန်းရမည်သာ ဖြစ်သည်။

သိုရင်ဘွားလည်း ထိုမှထွက်၍ နမ့်မောခေါ် ရွှေလီမြစ်ဝှမ်းမှ စစ်ခန်းချီတော်မူရာ ရွှေကူမြို့သို့ ရောက်လျှင် ရွှေပေါ်ကျွန်းစေတီတော်မြတ်ကြီး တန်ခိုးကြီးမားကြောင်း တောင်းတိုင်းဆုနှင့် ပြည့်ကြောင်း သတင်းကောင်း ကြားသိတော်မူသဖြင့် ဖေယျာဘုမ္မိ ရွှေပေါ်ကျွန်းသို့ ကူးပြီးလျှင် ရွှေချည်ရက်ပုဆိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖောင်းတော်ကို ပူဇော်၍...

'ဤကောင်းမှုကုသိုလ်ကြောင့် မိုးကောင်းမြို့ကို တားမကျိုး လုံမဆောင်ဘဲ အလွယ်တကူ အောင်နိုင်ရပါလို၏'

ဟု တောင်းသည့်ဆုနှင့် ပြည့်ပါမူ စေတီတော်ကို ထပ်မံ၍ ပြုပြင်ပါမည်ဟု ဓိဋ္ဌာန်သစ္စာပြုလေ၏။

သစ္စာပြုသောနေ့ပြင် မြောက်မြားစွာသော စစ်သည်ဗိုလ်ပါဖြင့် မိုးမိတ်စား ချီလာကြောင်း မိုးကောင်းစားကြားသိရ၍ လွန်စွာ ကြောက်ရွံ့ထိတ်လန့်ကာ များစွာသော လက်ဆောင်ပဏ္ဏာနှင့်တကွ မိုးမိတ်စားရှိရာသို့ ချီတက်လာပြီး...

'ကျွန်တော်သည် မြန်မာမင်းကိုလည်း ပုန်ကန်ရန် မရည်ရွယ်ပါ။ လက်နက်ဗိုလ်ပါလည်း မစုဆောင်းပါ။ မိုးညှင်းစော်ဘွားကုန်းချောသောကြောင့် မြန်မာမင်း၏ အထင်ဆော် မှားခြင်းကို ခံရပါသည်'

ဟု စကားပြေ ပြောလာသောကြောင့် တားမကျိုး လုံမဆောင်ဘဲ မိုးကောင်းမြို့ကို အလွယ်တကူ အောင်မြင်တော်မူလေသည်။

မိုးမိတ်စော်ဘွားလည်း မိမိ၏ အဓိဋ္ဌာန်အတိုင်း ရွှေပေါ်ကျွန်းစေတီတော်ကို ထပ်မံ၍ရုံကာ ဉာဏ်တော်အမြင့်(၂၃)တောင်၊ လုံးပတ်(၁၀၄)တောင်ရှိသော စေတီတော်ကို တည်တော်မူပါသည်။

ပိုလျှံသော အုတ်များကို ဆုတောင်းပြည့်စေတီ၊ ဖောင်တော်ဦးစေတီ၊ မွေအံ့တော်စေတီများ တည်ထားတော်မူပါသည်။

နယ်နိမိတ် သတ်မှတ်၍ လှူသော်



ကျွန်းတော်ရှိ ဘုရားများအလယ်မှ ရောက်နေတော်ကြီး

မြောက်ဘက်သို့လားသော် ရောဝတီမြစ်ဖျားအထိ၊ အရှေ့နှင့်အနောက်တောင်သို့လားသော် တော်လန်ခင်ပုတ် ခဲတောင်ရိုးနှင့် စက္ကလာချောင်းအထိ၊ အနောက်သို့လားသော် ကွမ်းချောင်းအထိ၊ တောင်သို့လားသော် ခေါ်လဲတောင်ရိုး စက္ကလာချောင်းများအထိ နယ်နိမိတ် သတ်မှတ်၍ ရွှေပေါ်ကျွန်းစေတီတော်အား ရေစက်သွန်းလောင်း၍ လှူဒါန်းတော်မူလေသည်။

ထိုအခါမှစ၍ မိုးမိတ်စော်ဘွားမျိုးတို့သည် **ရွှေကူနယ်မှ ပစ္စည်းဆိုလျှင် ဘုရားရှင်အား လှူပြီးဖြစ်၍ ရွှေကူဖြစ် ရေအိုးနှင့် ရေမသောက်၊ ရွှေကူမြေကိုလည်း မနင်း**ဟု ဆိုကြလေသည်။

ကသည်းလူမျိုးများ ထကြွသောင်းကျန်းစဉ်ကာလက မိစ္ဆာအယူရှိသော ကသည်းလူမျိုးများ ဖျက်ဆီးကြသဖြင့် ရွှေပေါ်ကျွန်းစေတီတော်မြတ်ကြီး ပျက်စီးကာ ကသည်းလူမျိုးများလည်း သွေးအန်သေကြလေသည်။

ကသည်းအရေး ပြီးသောအခါ၌ မင်းတရားကြီး အမိန့်တော်[illegible] ဗန်းမော်မြို့စား (သိုဆိုင်ဘွား)က ၁၀၉၁ ခုနှစ်တွင် အသစ်တစ်[illegible] ပြုပြင်တော်မူပါသည်။

သမိုင်းဟောင်းစာ၌ ''တစ်ထော[illegible] ကဝယ်၊ ကိုးဆယ်ကသာ၊ သချ[illegible] ဂဏန်း၊ တစ်ခုစွန်းသည်၊ သက်တ[illegible] ကောဇာ၊ ရောက်သောခါလျှင်''ဟု ဆိုထားပါသည်။

အလောင်းဘုရား ဦးအောင်ဇေ[illegible] သည် ရွှေဘိုမြို့ကို ဗဟိုပြု၍ ဘု[illegible] တန်ခိုးကြီးမားသော အင်ပါယာ[illegible] ထူထောင်ပြန်သည်။ **သက္ကရာ[illegible] ၁၁၁၅ ခုနှစ်**တွင် ရတနာရွှေဖော[illegible] တော်ဖြင့် အင်းဝမှ အညာ ဆင်[illegible] မုန်ကင်းအထိ ချီတက်တော်[illegible] သည်။

ကျောက်မြောင်းတွင် (၃)ရက်[illegible] ဆန်တက်တော်မူရင်း သိပ်တော[illegible] ရောက်လျှင် သီဟတော ဘုရား[illegible] ကို ပူဇော်၍၊ ထိုမှဆန်၍ ကသာ[illegible]





ကျွန်းတော်ရှိ များစုံများ၊ စွဲနေသော ညောင်ပင်ကြီးနှင့် ဘုရားများ

သို့ ရောက်လျှင် ရွှေအင်ပင်ရွာကို **''ငွေပြားပျော်ဖွယ်''**ဟု သမုတ်တော်မူသော ကျွန်းတွင် စံတော်မူသည်။

ထိုမှဆန်၍ ငါးပတ်ဝသို့ ရောက်လျှင် အောင်ခန်းမလ္လာ မင်္ဂလာဂုံသာ သမုတ်၍ စံတော်မူသည်။ ရွှေပေါ်ကျွန်းသို့ရောက်လျှင် ရွှေပေါ်ကျွန်းဘုရားရှင်ကို ရွှေတန်ဆောင်း၊ ငွေတန်ဆောင်းများ၊ အထူးထူးသော ပူဇော်ပွဲများ ပြုလုပ်ကျင်းပကာ ပူမ်းမံတော်မူပါသည်။

ရွှေပေါ်ကျွန်း ရင်ပြင်တော်ပေါ်၌ မိုးမိတ်စော်ဘွား၊ ဗန်းမော်စော်ဘွား၊ မိုးညှင်းစော်ဘွား၊ မိုးကောင်းစော်ဘွားတို့ သစ္စာတော် ခံလာကြသည်။

ထို့ပြင် အာရုံခံ ရွှေဇရပ်တော်ကြီး ဆောက်လုပ်စေ၍ ရွှေမှန်ကင်း (၈)ဆူ တင်လှူတော်မူလေသည်။

အလောင်းမင်းတရား သတ်မှတ်လှူဒါန်းသော နယ်နိမိတ်ကား အရှေ့ကိုလားသော် ကျောက်ဆင်၊ တောင်ညို ရိုးတန်တစ်ဖက်၊ မိုးဝန်းသိန္နီ တောင်ပိုင်း၊ သုံးမြို့မြေ။

တောင်ကိုလားသော် ရေရှင်ချောင်းတစ်ဖက် မိုင်းလမြေ၊ အနောက်ကို လားသော် ရောဝတီမြစ်အထိ။

မြောက်သို့လားသော် စင်းခန်းချောင်းတစ်ဖက် ကောင်းတုံမြေ၊ ဤသို့ အလားလေးရပ် သတ်မှတ်၍ နယ်ပယ်များကို ရှေးအစဉ်အလာအတိုင်း လှူဒါန်းတော်မူပါသည်။

သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် နောင်တော်ကြီးမင်း နတ်ရွာလားသော် ညီတော် **ဆင်ဖြူရှင်**''ဟူသော အမည်ဖြင့် ရွှေနန်းကို သိမ်းပိုက်စံတော်မူသည်။

မင်းတရား နန်းစံ(၅)နှစ်မြောက် ၁၁၃၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော်(၁၃)ရက် စနေနေ့တွင် မြေငလျင်ပြင်းစွာ တုန်လှုပ်သဖြင့် မြန်မာနိုင်ငံအရပ်ရပ်ရှိ စေတီများစွာ ပြိုကွဲပျက်စီးရလေသည်။

ရွှေတိဂုံ ထီးတော်နှင့်[illegible] ထက်သွားမှုမှ ယောင်းရန်[illegible] အထိ ပြိုပျက် ထီးတော် [illegible] သည်ဟု သိရပါသည်။

ရွှေပေါ်ကျွန်း စေတီတော်မြတ်လည်း အက်ကွဲပြိုကျတော်မူသဖြင့် ဖိနပ်တော်အသစ် (၁၂)တောင် (၄) သစ် တိုးချဲ့၍ ဉာဏ်တော်အမြင့် (၂၅)တောင် မုခ်လိုဏ်(၄)မျက်နှာ အာရုံခံ မဟာရံတံတိုင်းနှင့်တကွ ထပ်မံပြုပြင်တော်မူပါသည်။

**မင်းတုန်းမင်းတရားကြီး လက်ထက်** ကောဇာသက္ကရာဇ် ၁၂၃၇ ခုနှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရွှေပေါ်ကျွန်းစေတီတော်မြတ်ကြီး များစွာ ချုတ်ယွင်းပျက်စီးပြန်ရာ ရွှေကူမြို့ အောက်ကျင်းဂိုဏ်းအုပ်ဆရာတော် ဦးဓမ္မသာမိ အရှင်သူမြတ်အား အမှူးထား၍ ဘုရားကြီးပြုပြင်ရန် ငွေဒင်္ဂါး(၁၅၀၀)ကို မင်းတုန်းမင်းကြီးက မ,တည်လှူဒါန်းရာ ရွှေကူမြို့စား သား၊ မယ်တော်တို့ကလည်း ငွေဒင်္ဂါး (၅၀၀) အလှူပါဝင်လေသည်။

ထိုငွေဒင်္ဂါး(၂၀၀၀)ဖြင့် ရွှေကူ–မိုးညှင်း–ကောင်းတုံ သုံးမြို့ဝန်မင်း ''မင်းလှသီရိသင်္ခယာ'' စစ်ကဲနှာခံ မြို့သူကြီး၊ မြို့ထိန်း၊ မြို့စာရေးတို့မှ စ၍ ဗိုလ်ပါပရိသတ်တို့သည် စေတီတော်မြတ်အား ဖိနပ်တော်(၃၅)တောင် ထား၍ ရွှေပန္နက်၊ ငွေပန္နက် ရိုက်တော်မူပြီး တော်သလင်းလဆန်း(၅)ရက်နေ့တွင် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်၊ နီလာအုတ်၊ မြအုတ်တို့ကို စေတီတော်မြတ်၏ အရှေ့အရပ်တွင် ခင်းကျင်းကာ



www.burmeseclassic.com

(၂)ချက်တီးကျော် အချိန်တွင် မြေကို စ၍ တူးကြသည်။

စေတီတော်မြတ်ကြီး၏ လေးထောင့်သော အရပ်နှင့် အနောက်တောင်ထောင့် ထောင့်ငါးရပ်တွင် တိုက်တစ်လုံးစီ ဆောက်လုပ်၍ နံရံပတ်လည်၌ ကျောက်အတိ ဖုံးအုပ်၍ ဤကျွန်းတော်မြတ်၌ ဓာတ်တော်နှင့်တကွ ဘဏ္ဍာတော် ရတနာတော်တို့ကို အဓိဋ္ဌာန်ဖြင့် ပဲ့တင်ထပ်မျှ ကြွေးကြော်၍ လှူဒါန်းရာ ထိုဓာတ်၌ မိုးနတ်မင်းသည် ပူဇော်သောအားဖြင့် မိုးဖွဲဖွဲကျကာ ရွာသွန်းလေသည်။

ဖိနပ်တော်ခင်း ပြုလုပ်စဉ် တော်သလင်းလဆန်း (၆)ရက်နေ့၌ မဟာပထဝီမြေကြီး တုန်လှုပ်ခဲ့လေသည်။

ကောဇာသက္ကရာဇ် ၁၂၃၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက် ဗုဒ္ဓဟူးနေ့ နေ့တစ်ချက်တီးအချိန်တွင် အလုံးစုံ ပြီးမြောက်သဖြင့် ထီးတော်အထွတ်တင် မင်္ဂလာပွဲ ကျင်းပခဲ့လေသည်။

မြန်မာနိုင်ငံတော်သည် နယ်ချဲ့ဗြိတိသျှတို့လက်အောက် ကျရောက်စဉ် ကောဇာသက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် ရွှေပေါ်ကျွန်းစေတီမြတ်ကြီးလည်း ဟောင်းနွမ်းပျက်စီးပြန်သည်။

ရောဝတီမြစ်စဉ်ဝဲယာ ကိုးမြို့ ဂိုဏ်းချုပ် ရွှေကူမြို့ ဝါဆိုကျောင်းဆရာတော် ဦးနာဝိန္ဒ၊ ရွှေပေါ်ကျွန်းကျောင်းဆရာတော် ဦးဇဝန၊ ထီးချိုင့်မြို့ ရွှေစည်းခုံကျောင်းဆရာတော် ဦးဝါယမ၊ ရွှေကူမြို့ နတ်ငါးဘတ်ကြီးကျောင်း ဆရာတော် ဦးသောမန၊ မိုးညှင်းမြို့နယ် မြို့ကုန်းကျောင်းဆရာတော် ဦးသီရိ စသော ဆရာတော်ကြီးများ အမှူးထား၍ ဝေးရပ်နီးမှ ဒကာ၊ဒကာမများ အလှူဝတ္တုဖြင့် မူလစေတီတော်ကို ငုံ၍ ဖိနပ်တော် အတောင်(၄၀)၊ ဉာဏ်တော် (၅၀)တောင် (၂)မိုက်၊ စိန်ဖူးတော်မြတ်အထိ (၇၄)တောင် အမြင့်ဆောင်သော ယခု ဖူးတွေ့ရသည့် စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်တော်မူကြပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၃၀၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့တွင် တနင်္ဂနွေနေ့ ညနေ (၃)နာရီခန့်တွင် မဟာမိတ်လေယာဉ်ပျံတစ်စင်းသည် ခပ်နိမ့်နိမ့် ပျံသန်းကာ ဇေယျာဘုမ္မိကျွန်းတော်မြတ်ကို ဗုံး(၈)လုံး ကြဲချလေသည်။

ဗုံးဒဏ်ကြောင့် ပျက်စီးမိမည်စိုးသဖြင့် မဟာမိတ်လေယာဉ်များ မလာမီ (၂)ရက်အလိုတွင် ရွှေပေါ်ကျွန်းဆရာတော်ကြီး ဦးဇဝနသည် ဓာတ်တော်များကို မြေအတွင်း အုတ်လိုဏ် ဖုံးအုပ်ထား၏။

ဤသို့ ဓာတ်တော်များ ဖုံးအုပ်ထားသည်နှင့် ကောင်းကင်တစ်ပြင်လုံး လျှပ်ပန်းလျှပ်နွယ်များ သွယ်ယှက်ကာ တစ်ညလုံး မိုးထစ်ချုန်းသဖြင့် ဆရာတော်ကြီးဦးဇဝန အိပ်မရ ဖြစ်ခဲ့၏။

ဆရာတော်ကြီးလည်း ဓာတ်တော်များကို (၆)ရက်နေ့တွင် ပြန်လည် ဖော်ထုတ် ပင့်ဆောင်ကာ မူလအတိုင်း ထားရှိမှသာ မိုးသားတိမ်လိပ်တို့ ကင်းစင်ပြီး သာယာလာပါသည်။

ကြဲချသော ဗုံးရှစ်လုံးတို့တွင် တစ်လုံးတွင် တောတွင်းသို့ ကျလာသည်။ ဗုံးတစ်လုံးမှာ ကျောင်းဝင်း အတွင်းသို့ကျ၍ ဇရပ်တစ်ဆောင်နှင့် အိမ်သုံးလုံး မီးလောင်ခံရသည်။

ငုံး(၄)လုံး ရွာတွင်းသို့ကျ၍ ရွာကို မီးလောင်ကာ လူများ သေကြေကြရသည်။ ဘုရားရင်ပြင်ပေါ်သို့ ကျသော ဗုံးတစ်လုံးကား ကျကွဲပြီး ပန်းပွင့်အလား စိုက်ထားသည့် ပုံနှယ် ပြန့်ကား၍ ယမ်းများမှာ ပန်းကြဲထားသကဲ့သို့ ဖြစ်၍ ရင်ပြင်တော်ပေါ်နှင့် ဘုရားပေါ်သို့ လုံးဝ မကျရောက်ပေ။

ဓာတ်တော်များ ကိန်းဝပ်ရာ ကျောင်းဆောင်ကို ကျသော ဗုံးတစ်လုံးမှာ ထုပ်တန်းသာကျိုးပြီး ယမ်းများမှာ စုပုံထားသကဲ့သို့ အပုံလိုက် အပုံလိုက် ဖြစ်ပြီး မီးလောင်မှု လုံးဝ မဖြစ်ဘဲ ထူးခြားစွာ ဖြစ်ရပ်ကို ယခုလက်ရှိဆရာတော်ကြီး **ဦးသောဘိတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)** သာမဏေ(၂)ဝါအရွယ်၌ တွေ့မြင်ရကြောင်း၊ ထူးဆန်းကြောင်းကို စာရေးသူအား ရှင်းပြပါသည်။

ဆရာတော်ကြီးမှာ သက်တော် (၈၀)ကျော် ရှိပေပြီ။ ရွှေကျွန်းတော် ဘုရားကြီးနှင့်စေတီများ၊ ဓာတ်တော်တိုက်၊ ကျောင်းဆောင်များစွာတို့ကို ထိန်းသိမ်း စောင့်ရှောက်သော ရွှေကျွန်းတော်ဘုန်းကြီး (၃)ဆက်မြောက် ဖြစ်ပါသည်။

ဆရာတော်ကြီး ပြောပြချက်အရ စေတီတော်နှင့် ဓာတ်တော်ကျောင်းအား ရှင်းလင်းရာ ဗုံးကျည်ဆန်များ၊ ယမ်းများ ရေးက ရေနံဆီပုံးကြီးများ ဖြင့် (၂)ပုံးအပြည့် ရရှိသည်ဟု ပြောကြသည်။ ဗုံးခွံများကို လေယာဉ်ဖြင့် သယ်ယူသွားကြပါသည်။

ဇေယျာဘုမ္မိ ရွှေပေါ်ကျွန်းတော် စေတီတော်မြတ်ကြီး၏ ပွဲတော်ရာသီဖြစ်သော တပေါင်းလဆန်း (၈)ရက်မှ တပေါင်းလပြည့်နေ့အထိ နှစ်စဉ်နှစ်တိုင်း ကျင်းပပူဇော်မြဲ ဖြစ်လေသည်။


ပွဲတော်ကျင်းပရန်ကား သဲသောင်ပေါ်တွင်သာ ကျင်းပရပါသည်။ သဲသောင်ပြင်သည် **ဘုရားပွဲတော်ရက်အလိုတွင် ပေါ်ထွန်းလေ့ရှိပြီး သဲသောင် ညီညာပြန့်ပြူးပါက ဘုရားပွဲတော်ကြီး စည်ကားဖိုက်မြိုက်လေသည်။**

သဲသောင် မညီညာဘဲ ချိုင့်များ ဖြစ်ပါက ဘုရားပွဲတော် မစည်ကားသောနှစ်ဟု မှတ်တမ်းပြုထားပါသည်။

ဘုရားပွဲတော်ပြီးတိုင်း သောင်ဆေးရေ တစ်ကြိမ်တက်ကာ သောင်ပြင်ရှိ အမှိုက်သရိုက် အညစ်အကြေးများ ဆေးကြောလေ့ရှိသည်လည်း သိရှိရပါသည်။

ပွဲတော်ရက်အတွင်း ခိုက်ရန်ဖြစ်ပွားသူ လုံးဝမဖြစ်သည်လည်း သိရှိရပါသည်။ **ဓာတ်တော်များ အခြားသို့ ပင့်ဆောင်တိုင်း မိုးကြိုးလေကြီးကျကာ ပင့်ဆောင်မရ ဖြစ်သည်ဟု** သိရှိရပါသည်။

(န.ဝ.တ)ခေတ်က ရွှေကူ



မဟာမြိုင်စေတီ ထီးတော်တင်ရန် ပြင်ဆင်နေကြစဉ်

(မ.ဝ.တ)ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ဝင်းမှ ပင့်ဆောင်ရာ သဲသောင်ပြင်မှာ ရေဆူပွက်သကဲ့သို့ တွေ့မြင်ကြရသည်ဟု ပြောဆိုကြသည်လည်း သိရှိခဲ့ရပါသည်။

ပွဲတော် တဲတန်းများပါ မျောပါသွားကာ ရေကြီး၍ ပြန်လည်ထားရှိခဲ့ရသည်ဟု ဆရာတော်ကြီးမှ မိန့်ခဲ့ပါသည်။

ဤ ဘုရားကုန်းကျွန်းမြေပေါ်တွင် ညောင်ပင်ကြီး၌စွဲသော များအုံ အကြီး၊အသေး (၅၀)နီးပါး စွဲအုံနေသည်လည်း တွေ့ရှိရပါသည်။

ညောင်ပင်ကြီး၏ အရပ်လေးမျက်နှာရှိ အကိုင်းအလက်များပေါ်တွင် ကလေးပုခက် ချိတ်ဆွဲထားသည့်အလား များစွာ ဖွဲ့အုံနေသည်ကို စာရေးသူ တွေ့မြင်ခဲ့ရပါသည်။

ဤကျွန်းတော်ကြီးကို ဆွဲချည်ထားသော **ကျောက်ကြိုး(နတ်သကြားများမှ ဖန်ဆင်းထားသော ကြိုး)** စေတီကို (၂)မိုင်ကျော်တွင် တည်ထားသည်လည်း တွေ့ရှိရပါသည်။

**ဤကျောက်ကြိုးစေတီ [illegible] ကြိုးအား ဆွဲထားသည် [illegible] လည်း ပြောဆိုကြပါသည်။**

ပျားများစွဲ[illegible]သော နိမိတ်မှာ ပျားပန်း

စာမျက်နှာ (၇၁) သို့

► ကြော်ငြာဝေဆောင်းပါး ◄

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

## အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်၊ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ယန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကာ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်၊ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓေပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ မုံရွာဆရာမိုး **အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ခြေထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်၊ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆိက္ခ၊ အကြော်ပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားပဲ့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်၊ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅/၁၅၆)ပေတာဝီလမ်းကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း ၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၁၂

**ကြော်ငြာ တောင်ယဉ်တင့်**






▲ တောင်ပိုင်အမေညို(လေ့ခွင်းတောင်) နတ်နန်း

မြင်တွေ့ရ

ဂမ္ဘီရထူးဆန်း

# မယ်ဖြူ၊ မယ်ညို နတ်နန်း

ဆင်ဖြူတောင် တောင်ပိုင် အမေဖြူ(မယ်ဖြူ)နတ်နန်းရဲ့ လေ့ခွင်းတောင် တောင်ပိုင် အမေညို(မယ်ညို) နတ်နန်းတွေကို ရောက်ရှိလေ့လာခဲ့ရပါတယ်။

ဆင်ဖြူတောင်က ပျဉ်းမနားမြို့ အရှေ့ဘက်(၇)မိုင်ခန့်မှာ ရှိပါတယ်။ (သကြားစက်အလွန်) ဆင်သေကျုန်းအလွန် ပေါင်းလောင်းမြစ် အရှေ့ဘက်မှာ တည်ရှိတယ်။

လေ့ခွင်းတောင်က ပျဉ်းမနားမြို့ အရှေ့မြောက်ဘက် (၁၀)မိုင်ခန့်ကွာမှာ တည်ရှိတယ်။ ပေါင်းလောင်းမြစ်ရဲ့ အနောက်ဘက်မှာ ရှိတယ်။

ဆင်ဖြူတောင်နဲ့ လေ့ခွင်းတောင်ဟာ သွားရတဲ့လမ်းက တခြားစီပါ။ တောင်ကြော အနေအထားအရ အရှေ့ရိုးမ တောင်စွယ်တွေပါပဲ။ ဒီတောင်(၂)တောင်ဟာ သမိုင်းဝင် စိတ်ဝင်စားဖွယ် ဂမ္ဘီရ ဖြစ်ရပ် ဆန်းကြယ်တွေရှိတဲ့ တောင်တော်တွေပါပဲ။

တောင်ပေါ်တွေမှာ တန်ခိုးကြီး ဘုရားတွေ တည်ရှိနေပါတယ်။ ဆုတောင်း အဓိဋ္ဌာန် ပြည့်ဝစေတဲ့ "**ဆုတောင်းပြည့် စေတီတော် ဘုရား**"တွေပါ။

ထို့ပြင် ဒီတောင်(၂)တောင်မှာ ရှိတဲ့ "**တောင်ပိုင် အမေဖြူ(မယ်ဖြူ) နဲ့ အမေညို(မယ်ညို)**"တို့ရဲ့ 'ဂမ္ဘီရ ဖြစ်ရပ်တွေကို စိတ်ဝင်စားဖွယ် လေ့လာသိရှိခဲ့ရပါတယ်။

သိုက်စောင့်ညီအစ်မ လူဝင်စား

မယ်ဖြူ၊ မယ်ညို

နတ်သမိုင်းကွင်းဆက်

သိုက်စောင့်ညီအစ်မ လူဝင်စား မယ်ဖြူ၊ မယ်ညို နတ်သမိုင်းကွင်းဆက်က ပျဉ်းမနားမြို့ အနောက်ဘက် ကြက်ဆူအိုင်သိုက်က သိုက်စောင့် ညီအစ်မနှစ်ယောက်ဟာ လမ်းပျဉ်းမနားရွာက ဦးဖြိုး+ဒေါ်မယ်သာတို့ရဲ့ဆီမှာ လူဝင်စား အမြွာညီအစ်မအဖြစ် မွေးဖွားမှု ပြုခဲ့တယ်။

အကြီးမက အသားဖြူလို့ "**မယ်ဖြူ**"၊ အငယ်မက အသားညိုလို့ "**မယ်ညို**"လို့ ခေါ်ဝေါ်ခဲ့ကြတယ်။ မိဘတွေက ချေ့အရောင်း အဝယ်နဲ့ လယ်ယာလုပ်ကြတယ်။

မယ်ဖြူ၊ မယ်ညို အရွယ်ရောက်





www.burmeseclassic.com

www.burmeseclassic.com

တော့ လမ်းပျဉ်းမနားရွာကနေ ကျည်တောင်ရွာကို ပြောင်းရွှေ့နေထိုင်ကြတယ်။ အဲဒီအချိန်မှာ ပေါင်းလောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်း တောင်ခြေတစ်ဝိုက်မှာ တောင်သူလယ်သမားတွေရဲ့ စိုက်ခင်းတွေကို ဆင်ဖြူတော်(၃)စီး ဝင်ရောက်ဖျက်ဆီးမှု ပြုနေတယ်လို့ သိရတယ်။

အနော်ရထာမင်း သိတဲ့အခါ ရမည်းသင်းမြို့စား ရဲသီဟနဲ့ ညီရဲဒိဗ္ဗတို့ကို ဖမ်းဆီးပေးဖို့ တာဝန်ပေးခဲ့တယ်။ ဒါနဲ့ မြို့စားညီအစ်ကို ကျည်တောင်ရွာ ရောက်ခဲ့ကြတယ်။

ဆင်ဖြူတော်တွေ သတင်းစုံစမ်းလို့ ပေါင်းလောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းကူးကာ ဆင်ဖြူတော်တွေ လိုက်ဖမ်းတဲ့အခါ တောင်ခြေကို ခွင်းပြီး ဝင်ရောက် ကွယ်ပျောက်သွားတာတွင်းကြီးတွေပဲ ကျန်ခဲ့တယ်။

ဒါနဲ့ ဆင်ဖြူတော်တွေ ပြန်ထွက်လာမယ့်အချိန်ကို စောင့်ဆိုင်းစုံစမ်းရင်း ကျည်တောင်ရွာလေးမှာ ပြန်လည်ရောက်ရှိ စခန်းချခဲ့တယ်။

ဘဝရဲ့ ရေစက်ကြောင့် မြို့စားညီအစ်ကိုနဲ့ မယ်ဖြူ,မယ်ညိုတို့ ရင်းနှီးကျွမ်းဝင် မေတ္တာမျှခဲ့တယ်။

တိုင်းရေးပြည်ရာ အခြေအနေကြောင့် အနော်ရထာမင်းကြီးရဲ့ အမိန့်နဲ့ ချက်ချင်း မြို့စားညီအစ်ကို ပုဂံနေပြည်တော်ကို ပြန်သွားခဲ့ရတယ်။ (၃)လကြာလောက်မှာ ပြန်လာပြီးလက်ထပ်ဖို့မှာကြားခဲ့ပါတယ်။

ဒီနေရာမှာ မယ်ဖြူ,မယ်ညိုတို့ရဲ့ ကွင်းဆက် ကြက်ဆူအိုင်သိုက်က သိုက်နန်းရှင်တွေဟာ သိုက်ဆရာ



▲ ဆင်ဖြူတောင် အာလမ်ဖြူဘုရားက နဂါးမင်း

တွေရဲ့ အန္တရာယ်ကို စိုးရိမ်လို့ ရွှေလှေ,ငွေလှေတွေကို လှော်ခတ်လို့ အရှေ့စူးစူးတိုင်း နေရောင်ပြအင်းကို ဖြတ်ပြီး ထွက်ခွာ ပြောင်းရွှေ့ခဲ့ကြတယ်။

ကျည်တောင် ကျေးရွာရဲ့ အနောက်ဘက် အခု ကြာကန်ကြီး နေရာမှာ ခေတ္တ နားနေ ငုပ်လျှိုး ပျောက်ကွယ်ခဲ့ပါတယ်။

အဲဒီအချိန်မှာ ကြက်ဆူအိုင် ကျေးရွာက သိုက်ဆရာ ဦးကံဝက ဦးပွင့်းဝတ်ပြီး တပည့် မောင်ကျောက်ဖားကို ခေါ်လို့ ကျည်တောင်ရွာကို ရောက်ရှိလာတယ်။ သိုက်စာအရ သိုက်တူးဖို့ ဆိုပြီး လာကြတာပါပဲ။

## ဂမ္ဘီရကွင်းဆက်သိုက်စာ

'ကျည်တောင်ရွာ အနောက်ဘက် ညောင်လန်းပင်ကြီးအနီးမှာ ဘီလူးမကျောက်ရုပ်ကြီး တွေ့မယ်။ ချည်မန်းကွင်းစွပ် ဖမ်းထားလေ။

ဘီလူးမကြီးရဲ့အနီး ရေကန်တစ်ခု ရှိမယ်။ ဂါထာမန္တန်စုတ်ရင် ကျွဲရုပ်ကြီး ပေါ်မယ်။

ကျွဲရုပ်ကြီးကို ချည်မန်းကွင်းနဲ့ ဖမ်းချုပ် ဆေးကြိမ်တုတ်နဲ့ ရှယ်ရုံသာရှယ် မရိုက်နဲ့ ရိုက်ရင် ဂါထာမန္တန်တန်ခိုး ပျက်ပြယ်လို့ ဒုက္ခတွေ့လိမ့်မယ်။

ဖမ်းချုပ်ထားတဲ့ ကျွဲရုပ်ကို (၇)ကြိမ် ဂါထာမန္တန်ရွတ်ရင် ရေကန်အတွင်းက ရွှေသားအတိပြီးတဲ့ ရွှေလောင်းလှေ တစ်စင်းပေါ်မယ်။

အဲဒီ ရွှေလောင်းလှေပေါ်မှာ ရွှေကြက် ယပ်နဲ့ထည့်ထားတဲ့ ပြဒါးရှင်နဲ့ ပြဒါးပြာသေ ရှိတယ်။ အဲဒီ ပြဒါးရှင်နဲ့ ပြဒါးပြာသေဟာ လိုတရတန်ခိုး ရှိမှန်နဲ့ အသက်ကျွ တည်မှု ဖြစ်စေတယ်'

လို့ ပါရှိပါတယ်။

ဒီသိုက်စာအရ သိုက်ဆရာဦးကံဝ (ဦးပွင့်း)က တပည့် မောင်ကျောက်ဖားကို ခေါ်ပြီး ဘီလူးမကျောက်ရုပ်ဆီ သွားခဲ့တယ်။ ရောက်တဲ့အခါ ချည်မန်းကွင်းနဲ့ လည်ပင်းကို စွပ်လို့ ဖမ်းထားခဲ့တယ်။

အဲဒီလို ဖမ်းထားပြီး ရေကန်ပေါ် ကနေ ဂါထာမန္တန် စုတ်တဲ့အခါ ကျွဲရုပ်ကြီး ပေါ်လာခဲ့တယ်။

အဲဒီကျွဲရုပ်ကို လည်ပင်းကို ချည်မန်းကွင်းနဲ့ စွပ်လိုက်ပြီး တပည့် ဖြစ်သူကို ဘယ်လိုလုပ်လုပ်၊ ဘယ် လိုဖြစ်ဖြစ် ဆေးကြိမ်တုတ်နဲ့ ရှယ်







▲ ဆင်ဖြူတောင် အာလမ်ဖြူ(မယ်ဖြူ) နတ်ရုပ် [ဆင်ဖြူတောင်]

သာရှယ် မရိုက်နဲ့လို့ မှာထားတယ်။

သိုက်ဆရာက ဂါထာမန္တန်စုတ်လို့ နေပါတယ်။ အဲဒီအချိန်မှာ ဦးဖြိုး+ဒေါ်မယ်သာတို့ဟာ သမီးနှစ်ယောက်နဲ့ လယ်ယာလုပ်ငန်းခွင်ကို သွားရောက်တဲ့အခါတိုင်း ကျောက်ဘီလူးမရုပ်ကြီးကို စားဦးသောက်ဦး အမြဲတင်မြှောက်လေ့ ရှိပါတယ်။

အဲဒီနေ့မှာ ချည်မန်းကွင်းစွပ်ထားရတဲ့ ကျောက်ဘီလူးမရုပ်ကြီးဟာ ဖြုတ်ပေးပါရန် အော်ဟစ်အကူအညီ တောင်းနေခဲ့တယ်။

ဒါနဲ့ ဦးဖြိုး+ဒေါ်မယ်သာတို့ဟာ ကြောက်ရွံ့တဲ့စိတ် သနားကရုဏာ ဖက်တဲ့စိတ်တွေနဲ့ အရဲစွန့်လို့ ချည်မန်းကွင်းကိုဖြုတ်ပေးလိုက်တယ်။

ကျောက်ဘီလူးမရုပ်ကြီး အသက်ဝင်လှုပ်ရှားလာတယ်။ နေရာက ထလိုက်ပြီး…

'ငါ့ကိုကို ကျေးဇူးတင်တယ်။ ငါ ထိုင်နေတဲ့ အောက်မှာရှိတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေ အားလုံး အကုန်ယူကြ။ သားသမီးမြေးမြစ်ကြ၊ ချမ်းသာစွာနေကြ'

လို့ ပြောပြီး သိုက်ဆရာတွေ ထိုင်ကျူးနေတဲ့ ရေကန်ဆီကို ခြေလှမ်းသွက်သွက်နဲ့ ထွက်ခွာသွားတော့တယ်။

သိုက်ဆရာ ဦးကံဝ(ဦးပွင့်း)ရဲ့ ဂါထာမန္တန် ရွတ်ဖတ်မှုကြောင့် ငုပ်လျှိုးနေတဲ့ လှေကြီး ရေပေါ်ကို တစ်စတစ်စ ပေါ်ထွက်လာပါတယ်။

ဒီအချိန်မှာ ကျောက်ဘီလူးမရုပ်ကြီးလဲ ရေကန်အနီး ရောက်လာတယ်။ ကျွဲရုပ်ကြီးလဲ အသက်ဝင် လှုပ်ရှားမှု ဖြစ်လာတယ်။

ဒီတော့ မောင်ကျောက်ဖား ကြောက်စိတ်၊ ဒေါသစိတ်၊ စိုးရိမ်စိတ်တွေ ဖြစ်လာပြီး ကျွဲရုပ်ကြီးကို ဆေးကြိမ်တုတ်နဲ့ တအားကျုံးရိုက်မိတယ်။

ကြောက်မက်ဖွယ် အသံတွေ မြည်ဟည်း ဖြစ်ပေါ်ခဲ့တယ်။ ကျွဲရုပ်ကြီး ရေထဲ ငုပ်လျှိုးပျောက်ကွယ်သွားတယ်။

ရေပေါ် ပေါ်လာတဲ့ ရွှေလှေလဲ ရေကန်အလယ်က အရှေ့ဘက် စူးစူးမှာရှိတဲ့ တောင်တော်ဆီကို ထွက်ခွာရွေ့လျားသွားတယ်။

ကြီးမားခိုင်ခံ့လှတဲ့ ကျောက်တောင်ကြီးကို ခွင်းဝင်ကာ ငုပ်လျှိုးပျောက်ကွယ်သွားခဲ့တယ်။

သိုက်ဆရာ ဦးကံဝ(ဦးပွင့်း)နဲ့ တပည့်ကျော် ကျောက်ဖားတို့ မြေပေါ်လဲကျ အသက်ပျောက်သွားခဲ့ကြတယ်။

ရွှေလှေ,ငွေလှေတွေ ...ဝင် ပျောက်ကွယ်သွားတဲ့ ကျေ...ာက်ကြီးဟာ ဖြောင့်တန်းစွာ ပိုင်းဖြတ်ထားသလို အကျယ်(၃)ပေခန့်၊ အမြင့်(၂၅)ပေခန့်၊ အလျားပေ(၄၀)ခန့် အခုထိ အထင်အရှား တွေ့မြင်နိုင်ပါတယ်။

ဦးဖြိုး+ဒေါ်မယ်သာ တို့ဟာ ကျောက်ဘီလူးမကြီးပေးတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေ ရလို့ ကြီးပွားချမ်းသာလာကြပြီး သူဌေးဘွဲ့ ခံယူကြတယ်။

မယ်ဖြူ,မယ်ညိုတို့လည်း သူဌေးဘွဲ့ ခံယူကြတယ်။ မယ်ဖြူ,မယ်ညိုတို့လဲ သူဌေးသမီးတွေလို့ ရပ်နီးရပ်ဝေးမှာသတင်းကြီးသွားခဲ့ကြတယ်။

မိသားစု(၄)ဦးဟာ မိမိတို့ရဲ့ သဘောဆန္ဒအရ စိတ်တိုင်းကျ သာသနာပြုနိုင်ကြရန် အတွက် ပစ္စည်းတွေကို ခွဲဝေခြမ်းယူကြတယ်။

ဦးဖြိုးနဲ့ဒေါ်မယ်သာက ကျည်တောင်ရွာအနောက်ဝမှာ **"ရှင်ပင်တုတ်ဖြိုး"ဘွဲ့တော်နဲ့ စေတီဘုရားတစ်ဆူ** တည်ထားပူဇော်ကိုးကွယ်ခဲ့ပါတယ်။

မယ်ဖြူက ဆင်ဖြူတောင်ပေါ်မှာ ဘုရားတစ်ဆူတည်ဖို့ ရည်ရွယ်စိတ်ကူး အမိဋ္ဌာန်ခဲ့တယ်။ မယ်ညိုလဲ လှေခွင်းတောင်ပေါ်မှာ ဘုရားတစ်ဆူတည်ဖို့ ရည်ရွယ် စိတ်ကူး အမိဋ္ဌာန် ...ပြုခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူတွေဖြစ်တဲ့ မြို့စားရဲသီဟနဲ့ညီ(ရဲဒိဗ္ဗ)တို့ ပြန်အလာကို စောင့်မျှော်နေခဲ့ကြတယ်။ သုံးလကြာ ပြန်လာမယ်ဆိုပေမယ့် နှစ်လတွေ ကျော်လွန်သွားခဲ့တယ်။ ဒါပေမယ့် ရောက်မလာခဲ့ပါဘူး။

အဲဒီအချိန်မှာ ရှမ်းစော်ဘွား တစ်ဦးဟာ ကျည်တောင်ရွာနယ်မြေ အတွင်းကို ရောက်ရှိလာပြီး မယ်ဖြူ၊ မယ်ညို ညီအစ်မကို တွေ့မြင်တဲ့အခါ နှစ်ဦးလုံးအပေါ် မေတ္တာညွတ်လို့ ဖွတ်အတင်း ကြံစည်ခဲ့တယ်။

မယ်ဖြူ၊မယ်ညိုတို့ ညီအစ်မ နှစ်ယောက်ဟာ ရှမ်းစော်ဘွားရန်က ဝေးအောင် ဆင်းရဲသားအသွင်နဲ့ ကျည်တောင်ရွာမှာ မနေဘဲ အနီးအနားမှာရှိတဲ့ ရွာငယ်တွေကို ပြေးလွှား ပုန်းအောင်းနေကြရပါတယ်။

မြို့စားရဲသီဟနဲ့ ရဲဒိဗ္ဗတို့ ကျည်တောင်ရွာကို ပြန်ရောက်လာတဲ့ အချိန် အကြောင်းစုံကို သိတဲ့အခါ စော်ဘွား ဘက်တော်သားတွေနဲ့ တိုက်ပွဲဖြစ်ပွားကြတယ်။

ဒီလှေခွင်းတောင်အနီးမှာ တိုက်ပွဲဖြစ်နေစဉ် မယ်ဖြူ၊မယ်ညိုတို့ဟာ ပုန်းအောင်းနေရာက တိတ်တဆိတ် ရောက်ရှိလာပြီး ရဲသီဟနဲ့ ရဲဒိဗ္ဗတို့ကို သွားရောက်တွေ့ဆုံခဲ့တယ်။

အဲဒီအချိန်မှာ တိုက်ပွဲတွေ ပြင်းထန်လာပြီး ရန်သူဘက်က ပစ်ခတ်လိုက်တဲ့ အဆိပ်လူးမြား ထိမှန်လို့ ညီအစ်မနှစ်ယောက်လုံး ထိမှန်ပြီး သေဆုံးသွားခဲ့ကြတယ်။

မယ်ဖြူဟာ ဆင်ဖြူတောင်မှာ ဘုရားတည်ဖို့ စိတ်စွဲလမ်းပြီး သေဆုံးခဲ့လို့ ဆင်ဖြူတောင်တော်မှာ တောင်စောင့်နတ်မယ်တော် ဖြစ်ခဲ့တယ်။ တောင်ပိုင်မယ်တော်လဲ ဖြစ်တယ်။

မယ်ညိုက လှေခွင်းတောင် တောင်တော်မှာ တောင်စောင့်နတ်မယ်တော် (တောင်ပိုင်မယ်တော်) ဖြစ်ခဲ့တယ်။

ဒါကြောင့် ဆင်ဖြူတောင်မှာ အမေဖြူ(မယ်ဖြူ)ကို တောင်ပိုင်မယ်တော်အဖြစ် နတ်ကွန်း နတ်နန်းတွေ ဆောက်လုပ်ခဲ့တယ်။

မယ်ညို(အမေညို)က လှေခွင်းတောင်မှာ တောင်ပိုင်မယ်တော်အဖြစ် နတ်ကွန်းနတ်နန်းတွေ ဆောက်လုပ်ခဲ့ကြတယ်။

ဒီနေ့အထိ ယုံကြည်သူတွေ၊ ပူဇော်သူတွေ၊ အဓိဋ္ဌာန်ပြုသူတွေ အားလုံး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကအစ လောကီရေးရာတွေ၊ အန္တရာယ်ကင်းမှုတွေကအစ လက်တွေ့ မစကူညီ စောင့်ရှောက်ကြကြောင်း လေ့လာသိရှိခဲ့ပါတယ်။

နှစ်စဉ် ပူဇော်ပွဲ အကြီးအကျယ်နဲ့ ယုံကြည်အားကိုးသူတွေရဲ့ အမြဲလာရောက် ပူဇော်ပသမှု တွေ့မြင်ရပါတယ်။

ကန်တော့ပွဲ၊ ဆီမီး၊ ပန်း၊ နံ့သာ၊ အမွှေးတိုင်၊ သစ်သီး၊ စားဖွယ်ရာတွေနဲ့ တခမ်းတနား ပူဇော်ကြတာ တွေ့ရပါတယ်။

- အမေဖြူ၊ အမေညို နတ်နန်းဟာ ဆင်ဖြူတောင်နဲ့ လှေခွင်းတောင် သာသနာပြု နေရာတွေမှာ တောင်ပိုင်တွေအနေနဲ့ သာသနာပြုနေတဲ့ အစောင့်ပုဂ္ဂိုလ်ပိုင်းတွေပါပဲ။

ပါရမီ ပဋ္ဌာန်းဆက် ရှိတဲ့သူတွေ (၇)ရက်သားသမီးနဲ့ ယုံကြည်လေးစားတဲ့သူတွေကို အယုတ်အလတ် အမြတ်မရွေး မစကူညီ စောင့်ရှောက်မှု ပြုပါတယ်။

. အမေတို့ကို မေတ္တာပို့ အမျှဝေ၊ မေတ္တာခံယူ အမျှယူ သာဓုခေါ်ရင် အမေတို့က ဝမ်းသာကြည်နူးမှု ရှိကြပြီး အစဉ် စောင့်ရှောက်ပါတယ်။

လောကီရေးတွေနဲ့ ပတ်သက်လို လိုအင်ဆန္ဒ ရှိတဲ့သူတွေ ကိုယ်တိုင် သွားရောက်အဓိဋ္ဌာန်ပြု လှူဒါန်း ဆုတောင်းနိုင်ပါတယ်။

သွားလာရန် ခက်ခဲနေတဲ့ သူတွေက အမေတို့ရဲ့ ပုံတော်နဲ့ နာမည်ကို တမ်းတလို့ ဆန္ဒပြု ဆုတောင်းလို့ ရပါတယ်။

သို့ပါ၍ ယုံကြည်သူတွေအတွက် ထပ်ဆင့်ဖော်ပြ ရေးသားလိုက်ရပါတယ်။

လမ်းညွှန်နေရာ...

**အမေဖြူ(မယ်ဖြူ)နတ်နန်း**

▲ ဆင်ဖြူတောင် သာသနာပြုစခန်း ပျဉ်းမနားမြို့နယ်၊

**အမေညို(မယ်ညို)နတ်နန်း**

▲ လှေခွင်းတောင် သာသနာပြုစခန်း ပျဉ်းမနားမြို့သို့ သွားရောက်နိုင်ပါကြောင်း၊

**မှတ်ချက်။ ။ လှေခွင်းတောင်နဲ့ ဆင်ဖြူတောင်မှာ (၇)မိုင်ခန့် ဝေးပါတယ်။ ကားလမ်းသွားလာမှု အရ တစ်လမ်းစီ ဖြစ်ပါတယ်။**

မြင့်တက္ကရွှေ



# အမောပျောက်ဆေး

မိုးသန်းမိုး (တောင်တွင်းကြီး)



ဆေးသမိုင်းကြောင်း

လွန်ခဲ့သော (၁၀)နှစ်ခန့်က တောင်တွင်းကြီးမြို့နယ်၊ ပင်တိုင်အုပ်စု၊ သဲကျွန်းရွာမှ ဦးသာလှ အသက်(၆၀)ခန့်သည် ဆီမီးထွန်းကျေးရွာ အလှူပွဲသို့သွားရန် ရွာမှ ထွက်ခဲ့ပါသည်။

သဲကျွန်းရွာမှာ နေပြည်တော် ပျဉ်းမနား–တောင်တွင်းကြီး မော်တော်ကားလမ်း၏ တောင်ဘက်တွင် ကပ်လျက်ရှိပါသည်။ ယခုတော့ လမ်းမြောက်ဘက်မှာလည်း အိမ်များ ရှိလာပါပြီ။

ပြည်လမ်းဆုံမှ အရှေ့ဘက် (၂)မိုင်အကွာတွင် ရှိပါသည်။ သဲကျွန်းနှင့် ပင်တိုင်မှာ (၁)မိုင်ကျော် ကွာလှမ်း၍ လမ်းမြောက်ဘက် ခပ်လှမ်းလှမ်းတွင် ရှိပါသည်။ ပင်တိုင်နှင့် ဆီမီးထွန်းမှာ (၁)မိုင်နီးနီးခန့် ကွာဝေးပါသည်။

ဦးသာလှမှာ ရွာကထွက်လာပြီး ပင်တိုင်ရွာ အနောက်ဘက် သရက်ချဉ်ပင်ကြီးအောက်တွင် မောလွန်း၍ ထိုင်နားနေပါသည်။

ထိုအချိန် နောက်မှ လူကြီးတစ်ယောက် ဘေးလွယ်အိတ်ကြီးလွယ်လျက် ရောက်လာပါသည်။ ထိုလူကြီးက ပင် စ၍...

'လူကြီးမင်း ဘယ်သွားမလို့တုံး'

ဟု မေးရာ ဦးသာလှက...

'ဆီမီးထွန်း အလှူသွားမလို့ပါ မောလို့ ခေတ္တ နားနေတာပါ'

ဟု ပြန်ဖြေပါသည်။ ထိုလူကြီးမှ...

'ကျွန်တော်လဲ အလှူသွားမလို့ပါ။ ခင်ဗျား မောနေရင် ဒီဆေးလေး သောက်လိုက်ပါ'

ဟု ပြောကာ လွယ်အိတ်အတွင်းမှ ဘူးကလေး ထုတ်ယူကာ လက်ဖက်စားဇွန်း တစ်ဇွန်းစာမျှ ဆေးကို ထည့်ပေးလာသော ရေသန့်ဘူးထဲမှ ရေဖြင့် အသောက် ခိုင်းလိုက်ပါသည်။

ဦးသာလှလည်း သောက်ချလိုက်ပါသည်။ သောက်ပြီး ခဏအကြာမှာပင် အမောပျောက်သွားပါသည်။

နှစ်ယောက်သား ပင်တိုင်ရွာအနီးမှ ဖြတ်သန်းကာ ဆီမီးထွန်းရွာဘက်သို့ ဆက်လက် လျှောက်လှမ်းကြပါသည်။ ဦးသာလှ လမ်းလျှောက်၍ မမောတော့ပါ။ ဆေးအကြောင်း သိလို၏။ နောက်ထပ်လည်း စားချင်နေပါသည်။ ထို့ကြောင့် ဦးသာလှမှ...

'လူကြီးမင်းဆေးက ကောင်းလှပါတယ်။ အကြောင်းပြောပြပါ'

ဟု ဆိုသောအခါ...

'ကျွန်တော်က ဆေးဆရာ မောင်အုံးပါ။ ကြို့ချောင်းရွာကပါ။ အဲဒီအလှူက ဖိတ်ထားလို့ သွားရမှာပါ။ ဆေးကောင်းလို့ ဖော်စားချင်ရင်တော့ ရပါတယ်။ အခု ကျွန်တော့်မှာ ပါတဲ့ဆေးက နည်းသွားပြီ။ (၂)ခါစားလောက် ယူထားပါ'

ဟု ပြောလျက် ဆေး(၂)ခါစား စက္ကူနှင့် ထုပ်ပေးပါသည်။

ဆေးဆရာကြီးဦးအုံးမှ ဆက်လက်၍...

'ဦးသာလှ ဒီဆေးလုံး ဖော်စားချင်ရင်တော့ ဆေးဖက်တွေ ရှာရမယ်။ ဒီတော့ လာမယ့် တပေါင်းလဆန်း (၁)ရက်နေ့ ထန်းပင် ကုန်းရွာရဲ့ အရှေ့တောင်ဘက်ရှိ တောင်ကုန်းကို လာခဲ့ပါ'

ဟု မှာကြားထားပါသည်။ ယခုမှ နတ်တော်



www.burmeseclassic.com

www.burmeseclassic.com

လဆန်း(၁၂)ရက် ရှိသေး၏။ အလှူတွင် လှူချင်းကွဲသွားပါတော့သည်။

ဦးသာလှလည်း မောရင်း သေးသောက်ရင်းဖြင့် ဆေးလည်း ကုန်ပါပြီ။ မောလည်း မောနေပါပြီ။ တပေါင်းလဆန်း(၁)ရက်သို့လည်း ရောက်ပါပြီ။ သို့သော် ဦးသာလှ မောနေ၍ မသွားနိုင်ပါ။

အကျိုးအကြောင်း ပြောပြ၍ သားသမီးများအား နွားလှည်းဖြင့် ထန်းပင်ကုန်းရွာဆီသို့ မောင်းပို့ခိုင်းပါသည်။ ထန်းပင်ကုန်းရွာ အရှေ့တောင်ဆီရှိ တောင်ကုန်း အတက် ညောင်ပင်ကြီးတစ်ပင်အောက်တွင် လူတစ်ယောက်ကို လှမ်းမြင်နေရပါသည်။

အနီးရောက်သောအခါ ဆေးဆရာ ဆရာအုံး ဖြစ်နေပါသည်။ ထန်းပင်ကုန်းနှင့် ဆရာအုံးရွာ ကြို့ချောင်းကား (၅)မိုင်မျှ ဝေးပါသည်။

ဒါကို ဆရာအုံး အရောက်လာစောင့်နေခြင်းပါ။ ဆရာအုံးမှ...

'အင်း...ဦးသာလှ လာမှလာပါ့မလားလို့ မျှော်နေကာ'

ဟု ပြောရာ ဦးသာလှ...

'လာရတာပေါ့ဗျား... ဆရာကြီး ကတိတည်ပုံကို လေးစားပါတယ်'

ဟု ပြောပါသည်။

နွားလှည်းကို ညောင်ပင်ရိပ်တွင် ဖြုတ်ထားကာ အနီးပတ်ဝန်းကျင်ရှိ ဆေးမြစ်များကို တူးကြ ရှာကြပါသည်။ ထိုနေရာ အနီးတစ်ဝိုက်မှာပင် **"ဘုမ္မရာဇာ၊ ဆေးပုလဲ၊ နဖုန်းဆေး၊ လောက်သေရွက်၊ ပလောင်သေရွက်"**များ ရရှိပါသည်။

ထို့နောက် ဆရာအုံးမှာ...

'ဒီနေရာမှာ ရနိုင်တဲ့ ဆေးကတော့ စုံပြီ။ တောင်တွင်းကြီးမြို့ ပရဆေးဆိုင်မှ **"လေညှင်း"**တစ်မျိုး ဝယ်ပါ။ **ဆေးအားလုံး အလေးချိန်"ဆတူ" တစ်မျိုးစီ အမှုန့်**ပြုထားပါ။ လပြည့်နေ့ညတွင် ဆေးများ စပ်ရပါမယ်။

**ဆေးစပ်ပုံကတော့...**

လပြည့်ညတွင် ကွက်ပြင်လရောင်အောက်မှာ ဆေးတွေ တစ်မျိုးစီ ချထားပါ။ လမွန်းတည့်တွင် အားလုံး ဆုံထဲထည့်၍ ကျည်ပွေ့နဲ့ (၇)ချက်ထောင်းပါ။

နံနက်လင်းမှ အားလုံး သိမ်းဆည်းပါ။ ဒီ ဆေးစွမ်းအောင် သိဒ္ဓိ တံပိုခြင်းဖြစ်ပါတယ်။ လပြည့်များထဲတွင် တန်ဆောင်မုန်းလပြည့်ကတော့ အကောင်းဆုံးပါ။ သို့သော် ဗိုလ်ရာလပြည့်တွင် ဆေးဖော်စားပါ။ အမော လုံးဝပျောက်ကင်းပါတယ်'

ဟု ပြောပြပါသည်။

## ဆေးနည်း ရရှိပုံ

စာရေးသူမှာ ငယ်စဉ်မှစ၍ အသက်(၄၀)အထိ ပန်းနာအမောရောဂါ စွဲကပ်ခဲ့ပါသည်။ ကျောင်းဆရာဘဝနှင့်ပင် အသက်(၄၀)ကျော်၌ ပန်းနာရောဂါ လုံးဝ ပျောက်ကင်းခဲ့ပါသည်။

ကျောင်းဆရာဘဝမှ အငြိမ်းစားယူပြီး ယခုအသက်(၆၀)ကျော်တွင်မှ အခြားရောဂါများနှင့် ယှဉ်ကာ အမောပြန်ပေါ်ခဲ့ပါသည်။ ယင်းသို့ မောသဖြင့် ရန်ကုန်သို့ သွားရောက်ကုသတာ (၁၀)ရက်ခန့် ကြာနေပါသည်။

ထိုသတင်းကို သဲကျွန်းရွာမှ **ဆရာကြီး ဦးမြသောင်း (အငြိမ်းစား)** ရောက်ရှိလာပြီး လူမမာ လာမေးပါသည်။

စာရေးသူနှင့် ဆရာကြီးဦးမြသောင်းတို့မှာ မူလတန်းဆရာဖြစ် သင်တန်းကတည်းက အတူတူလေ။ အလုပ်တာဝန် ထမ်းဆောင်ပြန်တော့လည်း ရွာကျောင်းအနီးကပ်မို့ တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုအရင်းတမျှ ချစ်ခင်ကြပါသည်။

ထို့ကြောင့် ဆရာဦးမြသောင်းမှ အမောပျောက်ဆေးကို ဦးသာလှထံ သွားရောက်တောင်းရမ်းရာမှ အစပြု၍ ဆေးသမိုင်းကြောင်းနှင့်တကွ ဆေးဖော်စပ် သိဒ္ဓိတင်ပုံအထိ ရရှိခဲ့ပါသည်။

စာရေးသူ ဖော်စပ်သုံးစွဲသဖြင့်လည်း အမောလည်း ပျောက်ပါပြီ။

**[ဆေးနည်းပေးသော တောင်တွင်းကြီးမြို့နယ်၊ ကြို့ချောင်းရွာမှ ဆေးဆရာကြီး ဦးအုံး၊ သဲကျွန်းရွာမှ ဦးသာလှ၊ ဆရာကြီးဦးမြသောင်း(ငြိမ်း)တို့အား အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။]**

***အားလုံး ကျန်းမာချမ်းသာကြပါစေ။***

***ဦးသန်းစိုး(တောင်တွင်းကြီး)***

စာမျက်နှာ (၆၃)မှ အဆက်

ခပ်မျှ စည်ကားမည်ဟု နိမိတ်ဆောင်ပါသည်။ အကယ်ပင် ဘုရားပွဲတော်ရောက်လျှင် ကျောင်းများနှင့် ဗိမာန်အဆောက်အအုံများ ဘုရားရင်ပြင်တန်ဆောင်းများ၊ ဘုရားကြိုဘုရားကြားထဲ လူချင်းထပ်မျှ စည်ကားသည်ဟု သိရပါသည်။

နယ်ပေါင်းစုံ၊ မြို့ရွာပေါင်းစုံမှ အထူးကလည်း လာလည်ကြခြင်းဖြစ်ပါသည်။ သံဃာပေါင်း(၂၀၀၀)ကျော် နှစ်စဉ် ပွဲတော်ရက်အတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း ကပ်ရသည်ဟု သိရှိရပါသည်။

မြစ်ရေသည် ပကတိ အောင်မြေကျွန်းမြေကို လုံးဝ မတိုက်စား၊ အသစ်အသစ်ပေါ်သော ကျွန်းသောင်ကိုသာ ရေစားပြီး ကျွန်းမြေများရောက်လျှင် ရပ်တန့်သွားသည်ဟု သိရှိရပါသည်။

ဤရွှေပေါ်ကျွန်းမြေသည် မိုးစစ် တစ်ဖက်ကမ်းတွင် မြင့်မားသော မတ်စောက်သော တောင်စဉ်တောင်တန်းများရှိ၍ ရေဝဲလုံးကြီးကြီးလာသော်လည်း ယင်းကျွန်းမြေကို လုံးဝ တိုက်စားမှု မရှိသည်မှာ အံ့ဩဖွယ်ရာ ဖြစ်ပါသည်။

## ကျွန်းမြေ ရေမစားသောနည်း

ယေဘုယျအားဖြင့် ရွှေပေါ်ကျွန်းမြေသည် မြစ်ရေမတိုက်စားသောကြောင့် အောင်မြေအဖြစ် တည်ရှိပါသည်။ မိမိဒေသ ရေတိုက်စား ကမ်းပါးပြိုမှ ကာကွယ်ရန် လူပုဂ္ဂိုလ်တို့သည် ရွှေပေါ်ကျွန်းစေတီတော်မြတ်ထံ...

'ဘုရားလည်းတော်တို့ဒေသမှာ ကမ်းပါးပြိုမြစ်ရေလျှံပါသဖြင့် ကမ်းပါးပြိုမှုဒဏ်မှ ကာကွယ်ရန် တပည့်တော်တို့အား သနားသောအားဖြင့် ကျွန်းမြေ တစ်ပြည်လား ပေးတော်မူပါ။ သုံးနှစ်စေ့သောအခါ အတိုးမြေနှင့်တကွ ပြန်လည်ပေးဆပ်ပါ့မယ် ဘုရား'

ဟု တာဝန်ခံပုဂ္ဂိုလ်က ရွှေပေါ်ကျွန်း စေတီတော်မြတ်ကြီးထံ လျှောက်ထား တောင်းခံရပေမည်။

ဤသို့ လျှောက်ထားပြီးမှ ကျွန်းမကြီး၏မြေကို တူးယူရပါသည်။ ရေစား၍ ပြိုကျနေသော မိမိတို့ကျွန်းမြေ သောင်မြေ ကမ်းပါးပြိုရာနေရာသို့ ဦးစွာ အပျိုအဖွဲ့မှ စီတန်း၍လည်းကောင်း၊ ယင်းနောက်မှ အမျိုးသမီးကြီး အဒိုအဖွဲ့မှလည်းကောင်း ကျွန်းတော်မြေမှုန့်ကို ကြဲပက် ကာရံတားဆီး၍...

'သာသနာတော်အကျိုး အများလူထုကောင်းကျိုးအတွက် ရွှေပေါ်ကျွန်းမြေကဲ့သို့ ခိုင်မြဲသောမြေ ဖြစ်ပါစေသတည်း'

ဟု ဆိုကာ လက်ဆင့်ကမ်း ဆုပ်ယူ ကြဲပက်ကြရသည်။

မြေယူဆောင်သောနေ့မှ သုံးနှစ်အတွင်း ပြန်လည် မပေးဆပ် မလှူပါက ရေပြန်လည်စားကာ သောင်ပြိုကမ်းပါးပြိုမှုများ ဖြစ်ရပြန်သည်ဟု ဆိုသည်။

အမျိုးသမီး အားလုံးတို့သည် ပရိတ်တရားတော်ကို ရွတ်ဖတ်ရင်း ကြဲပက်ရလေသည်။

ဤသည်မှာ ရွှေပေါ်ကျွန်းစေတီတော်၏ ထူးခြားသော အောင်မြေဖြစ်ကြောင်း သက်သေထူပြရာ၊ ဤကျွန်းမြေကို လာရောက်ကာ ကမ်းပါးပြိုကျသော ဒေသများစွာမှ ရေစားမှုဒဏ်ကို ကာကွယ်ရန် လာရောက်ယူသည်ဟု ဆရာတော်ကြီးမှ အမိန့်ရှိပါသည်။

သမိုင်းအဆိုအရ **"တီတီတူး တွန်တူးတော် ကျွန်းတော်ဘုရားပေါင်း"**ဟု လက်ာအဆိုအရ **စေတီပေါင်း(ရရရရရ)ဆူ** ရှိသည်ဟု ဆိုသည်။ ရေစား မျောပါပျက်စီးသော စေတီများစွာလည်း တွေ့ရှိရပေသည်။

စာရေးသူ လေ့လာသိရှိရာ ရွှေပေါ်ကျွန်းမြေပေါ်ရှိ ကျွန်းတော်ရွာမှာ အိမ်ခြေ(၁၀၀)ကျော် ရှိသော ရွာလေးဖြစ်ပြီး တံငါလုပ်ငန်းဖြင့် အသက်မွေးမြူမှု မတွေ့ရသောကြောင့် ဖြစ်ပါသည်။

အရောင်းအဝယ်လုပ်ငန်း၊ ရွှေကျင်ခြင်းလုပ်ငန်း၊ လှေထိုးလုပ်ငန်းများသာ လုပ်ကိုင်ကြသည်ဟု သိရှိရာ...ဒုစရိုက်ကင်းသော ရွာတစ်ရွာဟု ဆိုနိုင်ပါသည်။

ဤကျွန်းတော်ရှိ ဘုရားကုန်းမြေတွင် စေတီရုပ်ပွားများ အသစ်တည်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ငုံ၍တည်ခြင်းစသည့် ကုသိုလ်ရ ဝမ်းလည်းဝ လုပ်ငန်းဖြစ်သော ပန်းရန်အလုပ်ကို အသက်မွေးမှုပြုသူ များသည်ဟု သိရှိရပါသည်။

ဤသို့ ဘုရားစေတီ တည်ရင်းဖြင့် ပန်းရန်ပညာများ တတ်မြောက်ရသည်ဟု ဝါရင့်ပန်းရန်ဆရာ ကျွန်းတော်ရွာသား ဦးကံကျော်မှ စာရေးသူအား ပြောပြပါသည်။

ပန်းရန်အဖွဲ့ပေါင်း (၄/၅)ဖွဲ့ ရှိ





www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ပြောပြသည်။ အခြားဒေသမှ ပန်းရန်ဆရာများ ငှားရမ်းခြင်းမရှိဟု သိရပါသည်။

ဤ ရွှေပေါ်ကျွန်း အောင်မြေပေါ်တွင် သီရိမွေ့သောကမင်းကြီး ဆယ်ခဲ့သော ကန်ကြီးလည်း တွေ့ရှိရပါသည်။ ဤကန်မှ ရေဖြင့် ဘုရားတည်ခြင်းအမှု ပြုသည်ဟု သိရပါသည်။

ယခုအခါ ဤအောင်မြေပေါ်တွင် အဓိဋ္ဌာန်ဖြင့် အောင်မြင်၍ ဘုရားတည်သူပေါင်း များစွာ ရှိပါသည်။ နိုင်ငံတော် အကြီးအကဲများပင် ဘုရား တည်ထားကိုးကွယ်ခြင်းနှင့် အခြားရဟန်းရှင်လူနှင့် လူတန်းစား အလွှာအသီးသီးတို့သည် မိမိတို့ အဓိဋ္ဌာန်အောင်မြင်၍ စေတီဘုရားများ တည်ထားပေးရာ အဟောင်းအဟောင်းသော ဘုရားများနေရာတွင် အသစ်အသစ်သော ဘုရားစေတီများဖြင့် အစားထိုးလျက် ရှိပေရာ ဘုရားမြေနှင့် လုံးဝ မလွတ်ကင်းသည်ကို သိရှိရပါသည်။

အသစ်တည်ခြင်း၊ မွမ်းမံခြင်း၊ ငုံတည်ခြင်းများ ပြုလုပ်ဆောင်ရွက်ဆဲဖြစ်သော အစစ်အမှန် ရွှေပေါ်ကျွန်းအောင်မြေသာ ဖြစ်ပါသည်။

ဤကျွန်းပေါ်တွင် ဓာတ်တော်တိုက်နှင့် ကျွန်းတော်ကျောင်းမွှာရုံ၊ ခန်းမဆောင်များနှင့် သာယာသော ကျွန်းအောင်မြေ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနှံ့ရှိ အောင်မြေများစွာ ရှိသည့်အနက် **ဤရွှေပေါ်ကျွန်း ဇေယျာဘုမ္မိကျွန်းတော် အောင်မြေ**သည် အဓိက အထင်အရှားရှိသော



ကျွန်းတော်ဘုရားနှင့် ဓာတ်တော်တိုက်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ဆရာတော်ဦးသောဘိတ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

အောင်မြေကြီးသာ ဖြစ်ပါသည်။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၏ အရှေ့မြောက်ဘက်ရှိ ဧရာဝတီမြစ်၏အလယ်ရှိ ကျွန်းတော်အောင်မြေဖြစ်ရာ ဘုရားဖူးရန်၊ အဓိဋ္ဌာန်ပြုရန် အထူးရောက်သင့်သော အောင်မြေဖြစ်ကြောင်း စာရေးသူမှ ဖိတ်ခေါ်တိုက်တွန်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်မြတ်ကြီးကဲ့သို့ ဤ ကျွန်းတော်စေတီမြတ်ကြီးလည်း အရိပ်မြေမြဲ အရိပ်မထွက်သည်ကို ဖူးတွေ့ခဲ့ရပါသည်။**

စာရေးသူအနေနှင့် ကျွန်းတော်၏ အဲ့ဖွယ်ပုံကို တင်ပြရသော်...

<u>အံ့ဖွယ်တော်ရှစ်ပါးဘွဲ့</u>

ပွဲဂုဏ်ကို သဲခုံပြ ပွဲကုန်က ရေတိုးတယ်
ပွဲတော်မှာ နိုက်ရန်ရှား ဘုရားပြည့်ကြွယ်
အရိပ်တော် မြေမနင်း ရွှေကွင်းတဲ့ ကုန်းတော်လယ် ဝုံးရယ်မှ ပန်းဟန်ခွဲ
မွေ့ဓာတ်စုံ ဆောင်ပင့်သော် အာကာဘုံက
ရွှေပဉ္စုန် ရစ်ဘုံသွန်းရတယ်
အံ့ဖွယ်တော်ရှစ်ဂုဏ် ထွန်းပါတဲ့ ကျွန်းတော်မြတ်ပဲ။

ဤ ဇေယျာဘုမ္မိရွှေပေါ်ကျွန်း စေတီရင်ပြင်တွင် မြန်မာများသာမက တရုတ်ပြည် ယူနန်မင်းသားမှ ပင် လျောင်းတော်မူ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကို အသွင်တစ်မျိုးဖြင့် ထုလုပ် ကိုးကွယ်ထားသည်လည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနှံ့ ဘုရားဖူးများ ဤကျွန်းတော်မြတ်သို့ လာရောက်ဖူးမြော်အဓိဋ္ဌာန်ဝင်နိုင်ရန် စာရေးသူအနေဖြင့် ထပ်ဆင့် တင်ပြနှိုးဆော်အပ်ပါသည်။

***ဗုဒ္ဓသာသနာတော် ကမ္ဘာမှာ နေရာအနှံ့ ပျံ့စေသော်...***

**အရိယ(မိုးကုတ်)**
**(M.W.J.A)**



မဏိဇောတ

# ပတ္တမြားရတနာ ဂါထာတော်

အောင်ဝင်းတင့် (ဘူ ဒါ၊ ကီမ)
ကျိုးမြို့သာသနာ့မြို့

ကမ္ဘာလောကကြီးတွင် မိုတင်းနေထိုင်ကြကုန်သော လူသတ္တဝါအားလုံးနှင့် ဗုဒ္ဓဘုရား၏ သားတော်၊ သမီးတော်များဖြစ်ကြသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကြီးပွားမှု၊ တိုးတက်မှု၊ ချမ်းသာမှု၊ သာယာမှုကို မလိုချင်သောသူ ဟူ၍ မရှိနိုင်ပါ။

မလိုချင်သောများမှာ ဘုရားရှင်၊ ပစ္စေက ဗုဒ္ဓါများ၊ အဂ္ဂသာဝကများ၊ မဟာသာဝကများ၊ ရဟန္တာများသာ ဖြစ်ကြပါသည်။

ကျန်သော ပုထုဇဉ် လူသတ္တဝါမှန်သမျှ လိုချင်ကြတာ အမှန်ပင် ဖြစ်ပါလိမ့်မည်။

စည်းစိမ်၊ ဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ၊ ဆင်၊ မြင်း၊ နွား၊ ကျွန်၊ မြို့၊ ကား ဤ(၉)ပါးသော အရာများ၊ လူတိုင်း လူတိုင်း လိုချင်ကြတာ အမှန်ပင် ဖြစ်ပါသည်။

ဤပစ္စည်း(၉)ပါးတို့ ဝင်လာမစဲ စည်းစိမ်များစွာ တိုးတက် ဝင်ရောက်စေရန် **"မဏိဇောတ ပတ္တမြားရတနာ ဂါထာတော်"**ကို နေ့စဉ် ရွတ်ဖတ်ပူဇော်ရပါမည်။

နေ့စဉ် ရွတ်ဖတ်သူတို့သည် ပြည့်စုံသော၊ လိုတ,ရသော မဏိ



မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ ဆရာတော်

ဇောတ ပတ္တမြားမျက်ရှင်ကို ရရှိထားသည်နှင့် တူလှသောကြောင့် "မဏိဇောတ ပတ္တမြားရတနာဂါထာ"ဟု ခေါ်တွင်ပါသည်။

ဤဂါထာကို စာရေးသူအနေဖြင့် ၂၀၀၅ ခုနှစ်က **ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက် ပဓာနနာယက လောကဝိဇ္ဇာမရေ နာယကမှ ပါရဂူ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဝေပုလ္လာရာမ ဆရာတော်အား** ပထမ

10A, June, 2018.



www.burmeseclassic.com

အကြိမ် စတင် ဖူးမြော်ခွင့်ရခဲ့စဉ်က ဝါခေါင်လပြည့် ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့တွင် စာရေးသူအား ဝေပုလ္လာရာမ ဆရာတော်မှ မွေ့ဒါန အဖြစ် မင်္ဂလာဇောတ ပတ္တမြားရတနာ ဂါထာတော်အား ချီးမြှင့်ခဲ့ပါသည်။

ဝိဇာတမွေးနေ့သို့ လာရောက်သူများအားလုံးကိုလည်း မွေ့ဒါနအဖြစ် ဝေငှခဲ့ပါသည်။

ပြည်မြို့ ဝေပုလ္လာရာမ ဆရာတော်ကြီး ချီးမြှင့်သော စာရွက်ပါ ဂါထာအား ဖော်ပြအပ်ပါသည်။

---

မင်္ဂလာဇောတ

ပတ္တမြားရတနာဂါထာတော်

---

၁။ ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ၊
တေသန့် သစ္စဝစ္စေန သောတ္ထိမေ
ဟောတု ယေမင်္ဂလံ။

၂။ ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ၊
အ,သောကံ ဝိ,ရဇံ ခေမံ။

၃။ တုဋ္ဌေဟိ တုဋ္ဌေဟိ မမတုဋ္ဌေဟိ ပိယေဟိ ပိယေဟိ မမ ပိယေဟိ၊ သိဒ္ဓေဟံ သိဒ္ဓေဟံ မမသိဒ္ဓေဟံ၊ ရာဇစိတ္တံ ပိယံ ပိုင်းပိုင်း၊ အမစ္စရာဇ စိတ္တံ ပိယံပိုင်းပိုင်း၊ အမစ္စစိတ္တံ ပိယံ ပိုင်းပိုင်း၊ ဒေဝစိတ္တံ ပိယံပိုင်းပိုင်း၊ ဒေဝီစိတ္တံ ပိယံ ပိုင်းပိုင်း၊ ပုရိသစိတ္တံ ပိယံ ပိုင်းပိုင်း၊ ကညာ စိတ္တံ ပိယံပိုင်းပိုင်း၊ သဗ္ဗစိတ္တံ ပိယံ ပိုင်းပိုင်း၊ ပြောင်း ဖေဟိ ဖေဟိ ဖလံ ချဉ်း၊ ပြောင်း ဖေဟိ ဖေဟိ ဖလံကပ်၊ ပြောင်း ဖေဟိ ဖေဟိ ဖလံ ချဉ်းကပ်ဆေ၊

၄။ သဗ္ဗဟိတ မင်္ဂလာနိ ပုညာတိ သိရီသော ဘဏီ သူ့ရသဏီစ မေ ဟတာ၊ နိစ္စံ ရက္ခန္တု ပံ သဒါ။

ထိုဂါထာတော်(၄)ပုဒ်ကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်များသည် ကုဋ္ဌာသဿ၊ လိုတ,ရ သော မင်္ဂလာဇောတ ပတ္တမြားမျက်ရှင်ကို ရရှိထားသည်နှင့် အသွင်အလား သဏ္ဌာန်တူလှသောကြောင့် ထိုဂါထာတော်(၄)ပုဒ်ကို မင်္ဂလာဇောတ ပတ္တမြားရတနာ' ဂါထာတော်ဟု ခေါ်တွင်ပါသည်။

နေ့စဉ် နံနက် အရုဏ်တက်ချိန်တွင် သော်လည်းကောင်း၊ ညဘက် အိပ်ခါနီးတွင် သော်လည်းကောင်း ဂါထာတော် တစ်ပုဒ်လျှင် (၂၇)ခေါက်စီဖြင့် ရွတ်ဖတ်သရဇ္ဈာယ် ရပါမည်။

စုစုပေါင်းဂါထာတော် (၄)ပုဒ်ဖြစ်၍ အခေါက်ရေပေါင်း (၁၀၈)ခေါက် စေ့အောင် ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။

ထို့ပြင် ဂါထာတော်(၄)ပုဒ်ကို (၁၀၈)ခေါက် စေ့အောင် ရွတ်ဖတ်ပူဇော်ရာ၌ တစ်ထိုင်တည်းနှင့် (ဝါ) ဣရိယာပုတ် တစ်ပါးတည်းနှင့် ပြီးအောင် ရွတ်ဖတ် သရဇ္ဈာယ်ရမည်ကို အထူးသတိပြုပါလေ။

ဂါထာ(၄)ပုဒ်၏ သတ္တိ,သိဒ္ဓိ အစွမ်းမှာ ဂါထာတော်ကို ညွှန်ကြားထားသည့်အတိုင်း ရွတ်ဖတ်သရဇ္ဈာယ်၍ (၉)ရက်မြောက်သော နေ့မှ စတင်၍ စီးပွားရေးမှာ အထူး တိုးတက်ကောင်းမွန် အောင်မြင်လာတော့၏။

စီးပွားရေး အထစ်အငေါ့များ အ... အထစ်များ၊ အခက်အခဲများ ပြေလည်လာရ၏၊ အဆင်ပြေလာရ၏၊ လုပ်ချင်သည့် စီးပွားရေး၊ အရောင်းအဝယ်လုပ်ငန်းမှန်သမျှ မအောင်မြင်တာမရှိ၊ အဆင်မပြေကာမရှိ၊ မတိုးတက်တာ မရှိ၊ အားလုံးသော စီးပွားရေးအလုပ်များ၊ အရောင်းအဝယ်လုပ်ငန်းများ အခက်အခဲ မရှိတော့ဘဲ ပျော်ပျော်ရွှင်ရွှင် ဝမ်းသာအားရ အံ့ဩစွာ တိုးတက် အဆင်ပြေလာပါလိမ့်မည်။

**(ကြိုက်တာရောင်း၊ ကြိုက်သည့်ဆိုင်ဖွင့်၊ ဘာလုပ်ငန်းကိုပဲ လုပ်လုပ် အကျိုးမပေးဘူးဆိုသည်မှာ မရှိနိုင်တော့ပေ။ ဂါထာတော်၏ တန်ခိုးစွမ်းအားကြောင့် အဆင်မပြေတာမရှိ၊ အကျိုးမပေးဘူးဆိုတာမရှိ၊ ငွေရေးကြေးရေး အခက်အခဲမရှိ၊ ငွေရေးကြေးရေးဘေးကျပ်နံကျပ်မရှိ၊ ရွှေငွေ ရတနာ ဆုံးရှုံးမှုမရှိ အားလုံးပင် အောင်မြင် တိုးတက်ရတော့၏။)**

နှုတ်ပါးစပ်မှ ဈေးခေါ်တိုင်း ရ၏။ ဈေးဆစ်တိုင်း ရလာတော့၏။ နှုတ်ဝစီမှ စီးပွားရေးနှင့်ပတ်သက်၍ ပြောချင်ရာပြော၊ စိတ်ထဲရှိရာတို့ကို ကြိုက်နှစ်သက်သလိုသာပြော၊ ပြော ဆိုတိုင်း ပြီးစီး၏။ ပြောတိုင်းဆိုတိုင်း အောင်မြင်လာ၏။ တောင်းတိုင်းလည်း ရလာစေ၏။

စည်းစိမ်,ဥစ္စာ,ရတနာ,ရွှေ,ငွေ, အိမ်,တိုက်,မြေ,ကားဉ(၉)ပါးသော ပစ္စည်းများသည် ဝင်လာမစဲ ရ... ...အားစွာ တိုးတက် ဝင်ရောက်လာရကုန်၏။ ဂါထာတော် တန်ခိုးအားကြောင့် မိမိတို့ စီးပွားရေး အရောင်းအဝယ်လုပ်ငန်းများ၊ မိမိ၏ စီးပွားရေး အလုပ်အကိုင်များကို နတ်ကောင်း နတ်မြတ်များက လာရောက် ကူညီ မ,စ ပေးတော်ရောက်လာရကုန်၏။

အိမ်တွင်းရေး မိသားစု အေးအေးချမ်းချမ်း ဖြစ်လာရတော့၏။ အိမ်တွင်းရေး၊ မိသားစုရေး ဆူဆူပူပူ မရှိနိုင်တော့ချေ။ လက်အောက်ငယ်သား အပိုင်းအစေ၊ ကျေးကျွန်းသားသမီး၊ မြေးမြစ်ကစ၍ ဆူဆူပူပူ မရှိတော့ဘဲ တည်ငြိမ်အေးချမ်းလာရတော့၏။

မိမိ၏ အိမ်တွင်းရေးအပေါ်၌ လည်းကောင်း၊ မိမိ၏ မိသားစု သားသမီးများအပေါ်၌ လည်းကောင်း၊ မိမိ၏ စီးပွားရေး အလုပ်အကိုင် အရောင်းအဝယ်များ အပေါ်၌ လည်းကောင်း စိတ်ချလာရတော့၏။ စိတ်ဘိုင်းကျလာရတော့၏။ ...အားရ ကျေနပ်လာရတော့၏။

...အမှုသောက ဗျာပါဒ၊ စိတ်ရှုပ်မှု၊ ...စိတ်ထင်းခဲ့မှုမှန်သမျှ မရှိနိုင်တော့ ... မဖြစ်ပေါ်လာနိုင်တော့ပေ။ ...ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အားရ ...ကျေနပ်စွာဖြင့် စိတ်ဆန္ဒ အလိုလို ...အောင်မြင်စေရတော့၏။



- သဒ္ဓမ္မဇောတိ ဂျိုးဖြူသာသနာပြု ဘဒ္ဒန္တအဂ္ဂသာရ

(လ)

**ဘဒ္ဒန္တ ဝေပုလ္လ**
**ဝေပုလ္လာရာမကျောင်းတိုက်**
**...ကြီးတောင်ခြေ၊ ပြည်မြို့။**

...၍ ဝေပုလ္လာရာမဆရာတော်မှ ...ထားပါသည်။ စာဖတ်သူ ဓမ္မမိတ်ဆွေအပေါင်းတို့အနေဖြင့် ဆရာတော် ညွှန်ပြကြားပြသထားသော နည်းနာနိဿယကို မသွေမတိမ်း ဆောင်ရွက်လုပ်ကိုင် လိုက်နာကြပါက အကျိုးအာနိသင် ထူးခြားစွာ ခံစားရမည်မှာ မလွဲကေန် အမှန်ဖြစ်ပါလိမ့်မည်။

စာရေးသူအနေဖြင့် ကိုယ်တွေ့ အကျိုးထူးများ ခံစားရပြီး ယနေ့တိုင် နေ့စဉ်နံနက်တိုင်း ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိပါသည်။ ဂါထာတော်ကြီးအား ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမပြုမီ (၅)ပါးသီလ ခံယူရပါမည်။

စာရေးသူအနေဖြင့် မင်္ဂလာဇောတ ပတ္တမြားရတနာ ဂါထာတော်အား ဝေပုလ္လာရာမ ဆရာတော်၊ ပြည်မြို့မှ ချီးမြှင့်ခဲ့ကြောင်းနှင့် ဤဂါထာတော်အား အဓိဋ္ဌာန်ဝင် ရွတ်ပွားမည်ကို **ဂျိုးဖြူသာသနာပြု ဦးအဂ္ဂသာရ** (အဖေကြီး ဦးအေးဖေ M.ABL) အား လျှောက်ထားခဲ့ရာ အဖေကြီး ဘုန်းဘုန်း ဦးအဂ္ဂသာရမှ...

"အလွန်ကောင်းတယ် ...ရယ်၊ သား ဒီဂါထာတော်ကြီးကို ...ပြန် သိရဲ့လား"

ဟု စာရေးသူအား မေးရာ...



F.10B. June, 2018



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြန်ကို မသိပါကြောင်း ပြန်လည် ပြောပြသဖြင့် အဖေကြီး ဘုန်းဘုန်းမှ မြန်မာပြန်သိရင် ပိုကောင်းတာပေါ့ဟု ပြော၍ မဏိဇောတ ပတ္တမြားရတနာဂါထာတော် မြန်မာပြန်အား အောက်ပါအတိုင်း ပြောပြပေးပါတော့သည်။

၁။ **ဒိဝါတပတိ အာဒိစ္စော၊** နေမင်းသည် နေ့အချိန်အခါ၌သာလျှင် ထွန်းလင်း တင့်တယ်ပါပေ၏။

**ရတ္တိမာဘာတိ စန္ဒိမာ၊** လမင်းသည် ညဉ့်အခါ၌သာလျှင် ထွန်းလင်းတင့်တယ်ပါပေ၏။ **သန္နဒ္ဓေါ ခတ္တိယောတပတိ၊** မင်း (ရှင်ဘုရင်) တို့မည်သည် မင်းမြောက်တန်ဆာငါးပါး ဆင်မြန်းမှသာလျှင် တင့်တယ်လှပပါပေ၏။ **ဈာယီတပတိ ဗြာဟ္မဏော၊** ရဟန္တာအရှင်မြတ်တို့သည် ဈာန်ဝင်စားမှသာလျှင် တင့်တယ်ပါပေ၏။ **အထသဗ္ဗ မဟောရတ္တိံ ဗုဒ္ဓေါတပတိတေဇသာ၊** မြတ်စွာဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်အားဖြင့် တင့်တယ်ပါပေ၏။ **ဧတေနသစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု ဇယမင်္ဂလံ၊** ဤမှန်သော သစ္စာစကားကြောင့် အခါခပ်သိမ်း အောင်ခြင်းမင်္ဂလာ အပေါင်းတို့သည် အကျွန်ုပ်ထံသို့ ရောက်ရှိလာပါစေသတည်း။

၂။ **လောကာစမ္မေဟိ၊** လောကဓံတရား ရှစ်ပါးတို့နှင့်။

**ဖုဋ္ဌဿ၊** တွေ့ကြုံရသော။ **ယဿ၊** အကြင် ရဟန္တာပုဂ္ဂိုလ်၏။ **စိတ္တံ၊** စိတ်သည်။ **နကမ္ပတိ၊** မတုန်လှုပ်။ **အသောကံ၊** စိုးရိမ်ခြင်းလဲ မရှိ။ **ဝိရဇံ၊** ကိလေသာ ရမ္မက်ဟူသော မြူလဲမရှိ။ **ခေမံ၊** ဘေးရန်လဲမရှိ။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ) မှ ပြန်ဆိုပေးပါသည်။]***

၃။ **တုဋ္ဌေဟိ တုဋ္ဌေဟိ၊** ပွင့်တော်မူပြီးသော မြတ်စွာဘုရားရှင်တို့၏ တန်ခိုးရှိန်ဖော် အာနုဘော်ကြောင့်။

**မမတုဋ္ဌေဟိ၊** ဘုရား,တရား, သံဃာကို ကြည်ညိုသော အကျွန်ုပ်တို့အပေါ်သို့။ **ပိယေဟိ ပိယေဟိ၊** လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့၏ ချစ်ခင်ခြင်းကို အမြဲ ရရှိရပါစေသတည်း။ **မမ ပိယေဟိ၊** ကျွန်ုပ်တို့အပေါ်သို့ ချစ်ခင်လေးစားခြင်း ဖြစ်ပါစေသတည်း။ **သိနေ့ဟံ သိနေ့ဟံ၊** ကျွန်ုပ်တို့အပေါ်သို့ အစဉ်အမြဲ ခင်မင်လေးစားခြင်း ရှိပါစေသတည်း။ **မမသိနေ့ဟံ၊** ကျွန်ုပ်တို့ အပေါ် အစဉ်သနားခြင်း ရှိပါစေသတည်း။ **ရာဇစိတ္တံ ပိယံမှိုင်းမှိုင်း၊** တိုင်းပြည်အုပ်ချုပ်သော မင်းအပေါင်းတို့၏ မေတ္တာသက်ဝင်ခြင်းကို ခံရပါစေသတည်း။ **အမစ္စရာဇစိတ္တံ ပိယံမှိုင်းမှိုင်း၊** မင်းခစားအမတ်များသည်လည်း (သို့မဟုတ်) မင်းမှုထမ်းတို့သည်လည်း ကျွန်ုပ်တို့အပေါ်သို့ မေတ္တာသက်ဝင် ချစ်ခင်ပါစေသတည်း။ **အမစ္စ စိတ္တံ ပိယံမှိုင်းမှိုင်း၊** မင်းမှုထမ်းအရာရှိတို့၏ စိတ်ဓာတ်သည်လည်း အကျွန်ုပ်တို့အပေါ်၌ ရင်ဝယ်သားကဲ့သို့ ချစ်ခင်ပါစေသတည်း။ **ဒေဝစိတ္တံ ပိယံမှိုင်းမှိုင်း၊** သာသနာစောင့် နတ်မင်းများ၏ စိတ်အစဉ်မှ ချစ်ခင်ခြင်းရရှိပါစေသတည်း။ **ဒေဝီစိတ္တံ ပိယံမှိုင်းမှိုင်း၊** နတ်သမီး ဒေဝီအပေါင်းတို့၏ ချစ်ခင် လေးစားခြင်းကိုလည်း ရရှိပါစေသတည်း။ **ပုရိသ စိတ္တံ ပိယံမှိုင်းမှိုင်း၊** လူယောကျ်ားအပေါင်းတို့၏ မေတ္တာသက်ဝင် ချစ်ခင်ခြင်းကိုလည်း ရရှိပါစေသတည်း။ **ဣတ္ထိစိတ္တံ ပိယံမှိုင်းမှိုင်း၊** အမျိုးသမီးအပေါင်း၏ စိတ်အစဉ်မှ ချစ်ခင်ခြင်းကို ရပါစေသတည်း။ **သဗ္ဗစိတ္တံ ပိယံမှိုင်းမှိုင်း၊** အလုံးစုံသော လူသတ္တဝါအပေါင်းတို့၏ မေတ္တာစိတ်ဓာတ်ကိုလည်း အမြဲရရှိပါစေသတည်း။ **ဩြောင်း ဗဟိ ဗဟိ ဗလံချုဉ်း။** အထက်ဖော်ပြပါ နတ်,လူအပေါင်း ဒေဝီ,ဒေဝါအပေါင်းတို့နှင့် မင်း မှူးမတ် သေနာပတိ အားလုံးတို့၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်ထံပါးသို့ အရှိန်အဟုန်ဖြင့် ချဉ်းကပ်လာပါစေသတည်း။ **ဩြောင်း ဗဟိ ဗဟိ ဗလံ ကဝိ၊** အထက်ပါ လူအများ နတ်အများ ဒေဝီ,ဒေဝါအပေါင်းတို့၏မေတ္တာဓာတ်သည် ဘုရား,တရား, သံဃာကို ကြည်ညိုနေသော ကျွန်ုပ်ထံသို့ ကပ်ရောက်လာပါစေသတည်း။ **ဩြောင်း ဗဟိ ဗဟိ ဗလံ ချဉ်းကစ်ဓေ၊** ဗုဒ္ဓ,ဓမ္မ, သံဃာကို ကြည်ညိုနေသော ကျွန်ုပ်၏ သစ္စာစကားကြောင့် အထက်ဖော်ပြပါ ပုဂ္ဂိုလ်အပေါင်းတို့၏ မေ[illegible] ရေယာဉ်သည် ကျွန်ုပ်ထံပါးသို့ [illegible] ကပ် ဝင်ရောက် စီးဆင်းလာပါစေသတည်း။

၄။ **သဗ္ဗဟိတ မင်္ဂလာနိ၊** (၃၈)ဖြာ မင်္ဂလာတရား အပေါင်းတို့၏ အကျိုးကျေးဇူးကြောင့် အလုံးစုံသော ကောင်းကျိုးတို့သည် ကျွန်ုပ်တို့မိသားစုအတွက် အကျိုးဖြစ် ထွန်းလာပါစေသတည်း။

**ပုညာဘိ သိရိ သောဘဏီ၊** ကောင်းမှုကုသိုလ် အမျိုးမျိုးတို့ အကျိုးကျေးဇူးကြောင့် ကျက်သရေ မင်္ဂလာအပေါင်းသည် ပေါ်ထွန်းလာပါစေသတည်း။ **သူရဿတီစ မေမာတာ၊** ကျွန်ုပ်၏ ကျေးဇူးကြီးမားသော မွေးသမိခင် သူရဿတီ မယ်တော်မှ အစပြု၍ ဒေဝီအပေါင်း အားလုံးတို့ကလည်း ကျွန်ုပ်တို့အား ပီယသိဒ္ဓိ ချီးမြှင့် ပေးသနားပါကုန်လော့။ **နိစ္စံ ရက္ခန္တု မံသဒါ၊** ကျွန်ုပ်တို့ကို အမြဲ အခါခပ်သိမ်း အစဉ် စောင့်ရှောက်ပေးကြပါကုန်လော့။

ဟူ၍ မဏိဇောတ ပတ္တမြား ရတနာဂါထာအား ဂျိုးဖြူသာသနာ ပြုအဖေကျော် အဖေကြီး ဘုန်းဘုန်း ဂုဏသာရမှ မြန်မာပြန်ကို ပြောပြပြီး အဓိဋ္ဌာန်ဝင် ရွတ်ဖတ်ရန် တိုက်တွန်းခဲ့ပါသည်။

အဓိဋ္ဌာန်ဝင်ရာမှာလည်း (၅)ပါး သီလ၊ (၈)ပါးသီလ၊ (၉)ပါးသီလ ဖြင့် မိမိ ကြိုက်နှစ်သက်ရာကို ယူပြီး သက်သတ်လွတ် စားနိုင်က သက်သတ်လွတ်စား၊ အနည်းဆုံး မွေးနေ့ကို သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ကို (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက် စသဖြင့် မိမိ ကြိုက်နှစ်သက်သလို အဓိဋ္ဌာန်ထားပါ။ အဓိဋ္ဌာန်ကို သစ္စာပြုပါ၊ မေတ္တာပွားပါဟု လမ်းညွှန်ခဲ့ပါသည်။

အဖေကြီးဘုန်းဘုန်း၏ ဂျိုးဖြူသာသနာပြု သားသမီးများနှင့် (၇)ရက်သားသမီးများ၊ ဘဝဆက်၊ ပဋ္ဌာန်းဆက်များလည်း "မဏိဇောတ ပတ္တမြားရတနာ" ဂါထာတော်ကြီးအား ရွတ်ပွား သရဇ္ဈာယ်နိုင်ရန်အတွက် မြန်မာပြန်ကို ထပ်ဖြည့်၍ ဓမ္မဒါနအဖြစ် စာအုပ် ရိုက်နှိပ်၍ သက္ကဝတီ ဂျိုးဖြူသာသနာ အောင်မြေနှင့် အမှတ်(၄၇-ခ)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ဂျိုးဖြူဓာတ်နန်းတို့တွင် ဝေငှကာ လှူဒါန်းခဲ့ပါသည်။

ဘဒ္ဒန္တအဂ္ဂသာရအား အမှူးထားပြီး ဂျိုးဖြူသာသနာပြု အမေကြီး ဒေါ်ခင်မြသိန်းနှင့် ဘဝပဋ္ဌာန်းဆက် သား/သမီးများမှ ဓမ္မဒါနပြုကာ လှူဒါန်းခဲ့ပါသည်။ စာရေးသူအနေဖြင့်လည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှနေ၍ ထပ်ဆင့်၍ ဓမ္မဒါနပြုလိုက်ရပါသည်။

"မဏိဇောတ ပတ္တမြားရတနာ ဂါထာတော်"ကို အဓိဋ္ဌာန်ဝင် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် (၇)ရက် သားသမီးအပေါင်းတို့ ရွှေလှုံ့၊ ငွေလှုံ့ အသရေလှုံ့၍ သာသနာ့အောင်လံ စိုက်ထူနိုင်ပါစေသော်ဝ်။

အောင်ဝင်းတင့်(*ဘူမိ၊ ကံမ*)
ဂျိုးဖြူသာသနာပြု

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
ဖတ်ရှုလိုသူများသို့...
စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လစဉ်ပုံမှန်ဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်သို့
EXPRESSဝန်ဆောင်မှု
စနစ်ဖြင့် အမြန်ဆုံး
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ငွေချေစနစ်ဖြင့်
တစ်လလျှင် ၂၈၀၀ိ/ကျပ်
(နှစ်ထောင့်ရှစ်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လစဉ်ဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။
[မှတ်ချက် ။ ။ လေယာဉ်ပျံနှင့် ပို့ရသောဒေသများအတွက် လေယာဉ်ခကိုပိုပေးဆောင်ရပါမည်။]
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၁၈-ပထမထပ်၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း
၀၉-၇၇၆၁၃၄၃၂၈၅
၀၉-၄၄၃၂၅၇၂၂၀

www.burmeseclassic.com

# ဈေးခေါ်လာဘ်ရှင် ငွေဝင်မယွင်း

နက္ခတ်ဗေဒင် ကြာသပတေး

## ဆောင်လှေအင်း

မောင်ပြေအေးဟူသည် ကျွန်ုပ်၏ သား တေဇာဖြိုးဝေ၏ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်ပါသည်။

ကျွန်ုပ်၏သား တေဇာဖြိုးဝေမှာ စီးပွားရေးဘွဲ့ ရရှိထားသော်လည်း အစိုးရဝန်ထမ်း အလုပ်မလုပ်ဘဲ ဖားကန့်ကျောက် ကုမ္ပဏီတစ်ခုမှာ ကြီးကြပ်ရေးမှူးနှင့် လုပ်ကိုင်နေလေ၏။

မောင်ပြေအေးမှာမူ တက္ကသိုလ်မှ မြန်မာစာအဓိကနှင့်ဘွဲ့ရပြီး မကြာခင်မှာပင် အိမ်ထောင်ကျသွားလေ၏။

ယခုမူ ဈေးထဲတွင်မောင်ပြေအေး တစ်ယောက် သမုဒ္ဒရာ ဝမ်းတစ်ထွာ ရေးအတွက် ပန်းမျိုးစုံကို ရောင်းချနေလေ၏။

တစ်ညနေတွင် သူ့သားဦးပုဇ္ဇာဟူ သားလေး ရဲရင့်ကျော်တစ်ယောက် ညဘက်ငိုငိုနေ၍ လိပ်ပြာချုပ် လုပ်ပေးရန် ကျွန်ုပ်ထံမောင်ပြေအေး ရောက်ရှိလာလေသည်။

'ဆရာ ကျွန်တော့်သားလေး အတွက် လိပ်ပြာချုပ် ဆရာလုပ် တတ်တယ်ဆိုလို့ ကျွန်တော့် ယောက္ခမက လွှတ်လိုက်လို့ ဆရာ့



ဆီ အကူအညီ လာတောင်းတာပါ'

'မင်း အခု ဖစောင့်ယူသွားမှာလား'

'ကျွန်တော် မနက်ဖန်ညနေ ဈေးသိမ်းပြီးမှ ဆရာ့ဆီ လာယူမယ် ဆရာ။ ဒါထက် ကျွန်တော်မသိလို့ မေးပါရစေဆရာ။ လိပ်ပြာချုပ် ဆိုတာ ဘာကိုပြောတာလဲဆရာ'

'လိပ်ပြာချုပ်ဆိုတာ ကလေးငယ်လေးတွေ မလန့်ဖျပ်စေရန်နဲ့ အန္တရာယ်ကင်းစေရန် သီလသမာဓိပြည့်စုံတဲ့ ဆရာသမားတွေက စီရင်ပြုလုပ်ပေးထားတဲ့ အဆောင်လက်ဖွဲ့တစ်မျိုးကို ခေါ်တာကွ မောင်ပြေအေးရ'

'ကျွန်တော်လဲ ယောက္ခမက လိပ်ပြာချုပ်လို့ပြောလို့ သိရတာ။ ဘာအဓိပ္ပာယ်မှန်းကို အစက မသိခဲ့ဘူး။ အခု ဆရာရှင်းပြမှပဲ သိရပေတော့တယ်။ ကျေးဇူးပဲနော် ဆရာ'

မောင်ပြေအေး ပြန်သွားချေပြီ။ ကျွန်ုပ်လဲ မောင်ပြေအေး အလိုရှိသော လိပ်ပြာချုပ်အပြင် ပန်းရောင်းနေသည့် မောင်ပြေအေး လုပ်ငန်းလေးပါ လာဘ်ရွှင်စေရန် အဆောင်အင်းတစ်ခုကို နောက်တစ်နေ့ နံနက်ပိုင်းရောက်မှ ဘုရားတော်တက်၊ ငါးပါးသီလခံယူ ဆောက်တည်ပြီး စီမံ ပြုလုပ်ပေးလိုက်ပါသည်။

သီတင်း(၂)ပတ်ခန့် အကြာတွင် ကျွန်ုပ်သည် ဈေးဝယ်ရန်ကိစ္စ ပေါ်ပေါက်လာ၍ ဈေးဘက်ရောက် ဖြစ်၏။

ဈေးရောက်တုန်း မောင်ပြေအေး၏ လုပ်ငန်းအခြေအနေကို သိလိုသေး၍ သူ့ဆိုင်ဘက် ခြေဦးလှည့်ခဲ့ပါသည်။

မောင်ပြေအေးဆိုင် ယခင်ကျွန်ုပ်ရောက်စဉ်က အခြားပန်းသည်များနည်းတူ မောင်ပြေအေးက မြေကြီးပေါ်ထိုင်ပြီး ပန်းမျိုးစုံကို ရောင်းချရလေသည်။

ယခုတစ်ခေါက် ကျွန်ုပ်ရောက်သွားတော့ အခြားပန်းသည်များ အားလုံးက မြေကြီးပေါ်မှာပဲထိုင်ပြီး ပန်း ရောင်းနေကြသော်လည်း မောင်ပြေအေးက သစ်သားဈေးခုံ အမြင့်ပေါ်မှာထိုင်လျက် တင့်တင့်တယ်တယ် ပန်းရောင်းနေလေ၏။

သူ့ဆိုင်ရှေ့မှာလည်း အဝယ်တော်တွေက အလုအယက် မောင်ပြေအေးတစ်ယောက် တယ်ဟုတ်နေပါလား။ ကျွန်ုပ်သည်ပင် အဝယ်တော်များ ရှင်းသွားမှ မောင်ပြေအေးနှင့် စကားပြောရလေ၏။

'ဘယ့်နှယ့်လဲ မောင်ပြေအေး၊ ဆရာ့အဆောင်က စွမ်းတယ် မဟုတ်လား'



'မှန်းတာမှ ဆရာရေ ကျွန်တော့်မှာ ပန်းရောင်းရတာ လက်ကို မလည်ဘူး။ ဝင်ငွေလဲ တစ်နေ့ထက်တစ်နေ့ တိုးပွားလာလို့ ဘေးကဆိုင်တွေကတောင် အံ့ဩနေကြတယ်။ ဆရာ့ကို အရမ်းကျေးဇူးတင်ပါတယ် ဆရာ'

'ကျေးဇူးတင်စရာ မလိုပါဘူး မောင်ပြေအေးရယ်။ မင်းက ဆရာ့သား တေဇာဖြိုးဝေရဲ့သူငယ်ချင်းပဲ။ ဆရာတတ်ကျွမ်းတဲ့ပညာနဲ့ ကူညီခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ'

ကျွန်ုပ်သည် မောင်ပြေအေးအား နှုတ်ဆက်၍ အိမ်သို့ ပြန်လာခဲ့ပါသည်။ ဤသို့ အိမ်ပြန်လာစဉ် စိတ်ကူးတစ်ခု ရလာပါသည်။

ကျွန်ုပ်က မောင်ပြေအေးကို စီရင်ပြုလုပ်ပေးခဲ့သော ဈေးခေါ်လာဘ်ရွှင် ငွေဝင်မယွင်း ဆောင်စရာအင်း အကြောင်းကို နက္ခတ္တရောင်ခြည် စာဖတ်ပရိတ်သတ်ထံ လက်ဆင့်ကမ်းလိုသော စိတ်ကူးတည်း။

သို့ပါ၍ ဈေးခေါ်လာဘ်ရွှင် ငွေဝင်မယွင်း ဆောင်စရာအင်း စီရင်ပြုလုပ်လိုသူများအတွက် အင်းအစီအရင် ပြုလုပ်နည်းကို စေတနာနှင့် ရေးပြပေးလိုက်ပါသည်။

ကျွန်ုပ်တင်ပြသည့် အင်းသည် ဦးစွာ ဂါထာကိုရွတ်၍ စီရင်ရမည်ဖြစ်၍ အောက်ပါ ဣဿာသယဂါထာတော်ကို (၃၇)ခေါက် ရွတ်ဆိုပေးဖို့ လိုပါသည်။

### ဣဿာသယဂါထာတော်

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော၊ အနုတ္တရော၊
အဂ္ဂေါ ဝိပါကော မေ ဟောတု၊
ယံယံ ဣစ္ဆံ သမိဇ္ဈတု။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အဂ္ဂေါ** | = | အက်ဂေါ |
| **ဗုဒ္ဓေါ** | = | ဗုတ်ဒေါ |
| **ဓမ္မော** | = | ဓမ်မော |
| **ယံယံ ဣစ္ဆံ** | = | ယံယံအိတ်ဆံ |
| **သမိဇ္ဈတု** | = | သမိတ်ဇတု |

အနက်

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်၊ **အဂ္ဂေါ၊** အမြတ်ဆုံးဖြစ်ပါပေ၏။ **ဓမ္မော၊** တရားတော်မြတ်သည်၊ **အဂ္ဂေါ၊** အမြတ်ဆုံးဖြစ်ပါပေ၏။ **အနုတ္တရော၊** သာဝက အမျိုးမျိုးတို့တွင် အသာလွန်ဆုံးဖြစ်သော၊ **သံဃော၊** အရိယာရှစ်ဖော် သံဃာတော်သည်၊ **အဂ္ဂေါ၊** အမြတ်ဆုံးဖြစ်ပါပေ၏။(**ဧတေနသစ္စေန၊** ထိုမှန်သော စကားကြောင့်) **မေ၊** အကျွန်ုပ်အား။ **အဂ္ဂေါဝိပါကော၊** အမြတ်ဆုံးဖြစ်သော အကျိုးသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **ယံယံ ဣစ္ဆာ သမိဇ္ဈတု၊** လိုအင်ဆန္ဒ အဝဝနှင့်ပြည့်စုံပါစေသတည်း။

**[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလထုတ်၊ စာမျက်နှာ(၁)မှ ကူးယူဖော်ပြခဲ့ပါကြောင်း ဝန်ခံအပ်ပါသည်။ စာရေးသူ။]**





www.burmeseclassic.com

www.burmeseclassic.com

## ဈေးခေါ်လာဘ်ရှင် ငွေဝင်မယွင်း အဆောင်အင်း

| | | | | |
|---|---|---|---|---|
| ဗု ၁ | ဟိ ၁၄ | ဝ ၉ | ဘ် ၂၀ | သ ၃ |
| ခံ ၂၄ | လာ ၁၉ | ဒွံ ၂ | ဓ ၁၅ | ဟိ ၁၀ |
| ဝ ၁၃ | ဝိ ၈ | နံ | ရ ၄ | ဝ ၂၀ |
| ဟိ ၁၈ | သု ၂၃ | ဂ ၆ | ဝိ ၁၁ | နံ ၁၆ |
| ဆွာ ၇ | ဏွံ ၁၂ | ဝ ၁၇ | ဟိ ၂၂ | ထံ ၅ |

အင်းဆန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဟေ မိတ္တံ ဟေဝန်၊
ဟေ လာဘံ ဟေသုခံ၊

(၂၄–လုံး)

ကတ်ထူစက္ကူ (၁)ချပ်ပေါ်တွင် အင်းကွက်ချ၍ အဆိုပါ အင်းဆန်ကို နတ်က ရွတ်ဆိုကာ အင်းဆန်သွင်းကြပါလေ။ ယင်းအင်းပါသော ကတ်ထူစက္ကူကို ပလတ်စတစ်လောင်းပြီး ဆောင်ထားသင့်ပါသည်။

ကျွန်ုပ်နှင့် ရင်းနှီးသော ဈေးသည်အချို့ ကျွန်ုပ်ကို ယုံကြည်စွာ အဆိုပါ အင်းအား စီရင်ပေးပါရန် မေတ္တာရပ်ခံသဖြင့် ကျွန်ုပ်ကိုယ်တိုင် ဈေးခေါ်လာဘ်ရှင် ငွေဝင်မယွင်း အဆောင်အင်းကို မကြာခဏ စီရင်ပေးခဲ့သည်များ ရှိပါသည်။

ဤအင်းနှင့် စီးပွားလာဘ်ပွင့်သူများ ကျွန်ုပ်ကိုယ်တွေ့ဖြစ်၍ ဤစာစုကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ရေးသားလိုက်ရပါသည်။

အင်းမစီရင်မီ၊
ပဉ္စသီ၊ သီလဆောက်တည်ထိန်း။
ဈေးခေါ်လာဘ်ရှင်
အင်းယည်တွင်၊
ငွေဝင်အိတ်နှင့်သိမ်း။
ယုံကြည်မှုမြဲ
အင်းစီး၊
ဆောင်ပြန့်ကောင်းကျိုးကိန်း။

**နတ်မောက် ကြည်မြိုင်**

ဈ ဖူ ပို လို က...

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၁၀ (ပထမထပ်)**
**၂၉–လမ်း (အထက်)**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့။**
**ဖုန်း–**
**၀၉–၇၇၆၃၄၉၇၅**
**၀၉–၄၄၃၂၅၇၂၂၀**



ရင်နှစ်သည်းချာ

# ရင်သွေးရတနာတို့ အတွက်

## ၁၃၈၀ ပြည့်နှစ် တစ်နှစ်တာ

ဘောက်နန့်စံ (ကျိုက်လတ်)



၁၃၈၀ ပြည့်နှစ်သို့ ရောက်ရှိ၍ လာခဲ့ပါပြီ။ ၁၃၈၀ ပြည့်နှစ်၏ ဂူလမဟာဘုတ်မှာ (၁)ကြွင်း မဟာဘုတ် ဖြစ်ပါသည်။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

| | |
|---|---|
| ၀ | |
| ၆ | ၅ |
| ၄ | ၃ |
| ၂ | ၁ |

| |
|---|
| ၀ |
| ၃ |
| ၆ |
| ၂ |
| ၅ |
| ၁ |
| ၄ |

ထို့ကြောင့် ဤနှစ်တွင် မွေးဖွားလာသော...

▲ တနင်္ဂနွေသားသမီးလေးများသည် "**ဘင်္ဂ**"ဖွားလေးများဖြစ်ပြီး၊ ဆန်းအလို "**မရဏဖွား**"လက်ယာဖွားများ ဖြစ်ပါသည်။

▲ တနင်္လာသားသမီးလေးများသည် "**ပုတိ**"ဖွားလေးများဖြစ်ပြီး၊ ဆန်းအလို "**ဒွယဖွား**"လက်ဝဲဖွားများ ဖြစ်ပါသည်။

▲ အင်္ဂါသားသမီးလေးများသည် "**သိုက်**"ဖွားလေးများဖြစ်ပြီး၊ ဆန်းအလို "**ဝရဖွား**"လက်ယာဖွားများ ဖြစ်ပါသည်။

▲ ဗုဒ္ဓဟူးသားသမီးလေးများသည် "**မရဏ**"ဖွားလေးများဖြစ်ပြီး၊ ဆန်းအလို "**ကိဋ္ဌဖွား**"လက်ဝဲဖွားများ ဖြစ်ပါသည်။

▲ ကြာသပတေးသားသမီးလေးများသည် "**အဓိပတိ**"ဖွားလေးများဖြစ်ပြီး၊ ဆန်းအလို "**ဗျာယဖွား**"လက်ယာဖွားများ ဖြစ်ပါသည်။

▲ သောကြာသားသမီးလေးများသည် "**ရာဇ**"ဖွားလေးများဖြစ်ပြီး၊ ဆန်းအလို "**လာဘဖွား**"လက်ဝဲဖွားများ ဖြစ်ပါသည်။

▲ စနေသားသမီးလေးများသည် "**အထွန်း**"ဖွားလေးများဖြစ်ပြီး၊ ဆန်းအလို "**ဓေယျဖွား**"တိုင်ထိပ်ဖွားများ ဖြစ်ပါသည်။

"**နတ်,လူ,ဘီလူး**"ဟူ၍ နက္ခတ်(၃)မျိုး ရှိရာတွင် ယခု ၁၃၈၀ ပြည့်နှစ်တွင် မွေးဖွားလာသော ခုနစ်ရက်သားသမီး ရင်သွေးငယ်များ အားလုံးတို့သည် "**ဘီလူးနက္ခတ်**"များ ဖြစ်ကြပါသည်။

ကျွန်ုပ်သည် ၁၃၈၀ ပြည့်နှစ်တွင် မွေးဖွားလာကြမည့် ခုနစ်ရက်သားသမီး ရင်သွေးငယ်လေးများအား ၁၃၈၀ပြည့်နှစ် တစ်နှစ်စာအတွက် ဆောင်ရန်/ရှောင်ရန် ယတြာနှင့် သိသင့်သိထိုက်သော အချက်အလက်အချို့ကို ရင်သွေးငယ် မိဘနှစ်ပါးနှင့် စာဖတ်ပရိသတ်တို့ အကျိုးများစေရန် စေတနာရှေ့ထား၍ ရေးသားပေးလိုက်ပါသည်။

ဆောင်းပါးပါ အကြောင်းအရာတွင် ဆောင်ရန်/



www.burmeseclassic.com

www.burmeseclassic.com

ရှောင်ရန်နှင့် ပတ်သက်၍ သိရှိထားရန်မှာ ဥပမာ... **ဆောင်ရန်အတွက် "တနင်္ဂနွေ" ပါဝင်သည်ဆိုပါစို့။**

ရင်သွေးငယ်လေးအား တနင်္ဂနွေသားသမီး/တနင်္ဂနွေနာမည်ရှင်များနှင့် မျက်နှာလွှဲထားနိုင်ခြင်း၊ ထိန်းခိုင်းခြင်း၊ တနင်္ဂနွေနှင့် စသော ဆရာဝန်/သမားတော်ကြီးများနှင့် ဆေးဝါးကုသမှုခံယူခြင်း၊ တနင်္ဂနွေနံနှင့်စသော မြို့ရွာဒေသများသို့ ခေါ်သွားနိုင်ခြင်း။ ကံပွင့်အရောင်နှင့် ပတ်သက်၍ ကလေး၏ အဝတ်အစား အသုံးအဆောင်တို့အား ယင်းအရောင်တို့ကို အသုံးပြုစေခြင်း အစရှိသည်ဖြင့် ဉာဏ်ယှဉ်၍ သုံးရမည် ဖြစ်ပါသည်။

---

တနင်္ဂနွေသားသမီး ရင်သွေးငယ်များ

---

**ဆောင်ရန်** ။ (ပထမကောင်း)ဗုဒ္ဓဟူး။ (ဒုတိယကောင်း) တနင်္ဂနွေ၊ သောကြာ၊ စနေ။

**ရှောင်ရန်** ။ တနင်္လာ၊ ကြာသပတေး။

တနင်္ဂနွေ-ကြာသပတေး အပြန်အလှန်တွဲများ (ဥပမာ-ဖြူဖြူအေး၊ ဥမ္မာဖြိုး၊ အဖျောက်၊ အိမ်မဲ...)

**ကံပွင့်အရောင်** ။ ရွှေအို၊ အစိမ်း၊ ရောနှောဖြူရောင်စုံရောယှက်။

**ညှိုးတတ်သောလများ** ။ မွေးလမှစ၍ (၂)လမြောက်၊ (၅)လမြောက်၊ (၉)လမြောက်။

**ကျန်းမာရေး** ။ ကျောပူခေါင်းပူ၊ ချောင်းဆိုး၊ မက်ခရု မက်ကလောင်၊ အစာမကြေ၊ လေပွ၊ ချွဲကျပ် ဗိုက်အောင့်တတ်ပါသည်။ ဂျိုက်သိုးကာကွယ်ဆေး ထိုးဖြစ်အောင် ထိုးပါ။ ခြင်အန္တရာယ် အထူးဂရုစိုက်ပါ။ မိခင် အစားမမှားစေရန် ဂရုပြုပါ။

**ယတြာ** ။ ကလေးကို ချီထား၍လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍လည်းကောင်း "သုဂတော လောကဝိဒူ"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ လူ(၂)ဦး(မိဘနှစ်ပါး မပါ)၊ လူ(၅)ဦး၊ (၉)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ်ကို ခေါ်မသွားရ/မပါဝင်စေရပါ။ အရှေ့,အနောက် အရပ်များ ထောင့်မတည့်ပါ။

အသက်ဝင်ပီပြင်သော ခွေး,ကြောင်,ကျား,ကျားသစ်,ခြင်္သေ့,ငါး,ကြက်,မျောက်,ဖွဲ့,မြင်း,ဘဲ အရုပ်များ... ဂျောက်ဂျက်,ကား,ဘိုမ,ဖိုးဝ,ပစ်တိုင်းထောင် အရုပ်များ ဝယ်မပေးရ/မကစားစေသင့်ပါ။

ကိုက်တတ်/ကုတ်တတ်သော ခွေး,ကြောင်,ကြက်,မျောက်တို့၏ အနီးအနား... ဖန်,မှန်,ပုလင်း ... မီးလုံး အကွဲအပျက်တို့၏ အနီးအနား ... နေရာ၊ ခါး,ခြေထောက် မကော... သူတို့၏ အနီးအနား... မြို့,မြေ,ငွေကြေး,အချစ်ရေး... ပြဿနာ ဖြစ်ပွားနေသောနေရာ အနီးအနား ကလေးကို မရှိစေရ/ခေါ်မသွားရပါ။

ကားစီးလျှင် လူကြီးမိဘ တစ်ဦးဦးမှ ဘုရားဂုဏ်တော် တစ်ပါးပါးကို ရွတ်ဖတ်ပေးပါ။ ကလေးကို အလှူ,မင်္ဂလာပွဲများသို့ ခေါ်မသွားသင့်ပါ။ ရွှေထည် ဆင်နိုင်သည်။ ငွေထည်,ပလက်တီနမ်ထည် လုံးဝ မဆင်ရပါ။

---

တနင်္လာသားသမီး ရင်သွေးငယ်များ

---

**ဆောင်ရန်** ။ တနင်္ဂနွေ၊ ကြာသပတေး၊ စနေ။

**ရှောင်ရန်** ။ တနင်္လာ၊ အင်္ဂါ၊ သောကြာ။

တနင်္ဂနွေ-ဗုဒ္ဓဟူး အပြန်အလှန်တွဲများ (ဥပမာ-အေးမိဝင်း၊ ဝေမင်းအိမ်၊ အင်းဝ၊ အောင်လံ...)

**ကံပွင့်အရောင်** ။ အနီ၊ အနက်၊ နက်ပြာ၊ အဝါရင့်။

**ညှိုးတတ်သောလများ** ။ မွေးလမှစ၍ (၁)လမြောက်၊ (၂)လမြောက်၊ (၅)လမြောက်၊ (၈)လမြောက်။

**ကျန်းမာရေး** ။ ချောင်းဆိုး၊ ချွဲကျပ်၊ ကျောပူခေါင်းပူ၊ သွေးထွက်သံယို၊ သွေးနှင့်ဆိုင်သော ရောဂါ၊ မျက်စိနာ၊ ဆီးမကောင်း ဖြစ်တတ်ပါသည်။ ခြင်အန္တရာယ် ဂရုစိုက်ပါ။ မိခင် အစားမမှားပါစေနှင့်။

**ယတြာ** ။ ကလေးကို ချီထား၍လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍လည်းကောင်း "နမော ဗုဒ္ဓဿ"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ လူ(၃)ဦး၊ (၆)ဦး၊ (၉)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ်ကို မပါဝင်စေရ/ခေါ်မသွားရပါ။ အရှေ့,အရှေ့တောင်,မြောက် အရပ်/ထောင့်များ **ထောင့်မတည့်ပါ။**

အသက်ဝင်ပီပြင်သော ခွေး,ကြောင်,ကျား,ကျားသစ်,ခြင်္သေ့, ငါး, ဆိတ်, ဆင်, ဖီးကွက်, ပင်ရော်, သမင်, သစ်ကုလားအုတ်,သိမ်းငှက် အရုပ်များ... ဂျောက်ဂျက်,ကား,အနုပညာအသံထွက်ပစ္စည်းများ... စက်ရုပ်ကစားစရာများ **ဝယ်မပေးရ/မကစားစေသင့်ပါ။**

ခွပ်ပြား,သံထည်,ဓားကြောင်(?)တ်ဘီး,ဆိုင်ကယ် စက်ပစ္စည်းကိရိယာ၊ ကိုက်တတ်/ကုတ်တတ်သော ခွေး,ကြောင်,ကြက်တို့၏ အနီးအနား... မျက်စိမကောင်းသူ၊ အဆုတ်ရောဂါသည်၊ ခရုသင်းစွဲနေသူ၊ ခါးနာနေသူ၊ ချောင်းဆိုးနေသူ၊ အရက်သမား၊ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူမတို့၏အနီးအနား...

ဆေးရုံ,ဆေးခန်း၊ သိုက်ရှိသည်ဟု ထင်ရသောနေရာ၊ ... ငွေကြေးကိစ္စ,ခြံကိစ္စ,စက်ကိစ္စ ပြဿနာ ဖြစ်ပွားနေသော နေရာအနီးအနား ကလေးကို **မရှိစေရ/ခေါ်မသွားရပါ။**

ရေလမ်းခရီး ဂရုစိုက်ပါ။ ကားစီးလျှင် လူကြီးတစ်ဦးဦး ဘုရားဂုဏ်တော် တစ်ပါးပါးကို ရွတ်ဖတ်ပေးနေပါ။ ကလေးကို အလှူ,မင်္ဂလာပွဲများသို့ ခေါ်မသွားသင့်ပါ။ ပလက်တီနမ်ထည် ဆင်နိုင်သည်။ **ငွေထည်,ရွှေထည်များ လုံးဝ မဆင်ရပါ။**

---

အင်္ဂါသားသမီး ရင်သွေးငယ်များ

---

**ဆောင်ရန်** ။ ကြာသပတေး၊ သောကြာ။

**ရှောင်ရန်** ။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ။

တနင်္လာ-သောကြာ အပြန်အလှန် အတွဲများ (ဥပမာ-နိုင်ကေသီ၊ သစ္စာခိုင်၊ သုံးခွ၊ ကော့သောင်း...)

**ကံပွင့်အရောင်** ။ ရောင်စုံရောယှက်၊ ရောနှောဖြူ၊ အဝါရင့်။

**ညှိုးတတ်သောလများ** ။ မွေးလမှစ၍ (၁)လမြောက်၊ (၂)လမြောက်၊ (၅)လမြောက်၊ (၈)လမြောက်။

**ကျန်းမာရေး** ။ လေထိုး၊ လေနာ၊ ဆီးမကောင်း၊ မျက်စိနာ၊ အပူနာ၊ ဖျားနာ၊ ထိခိုက်ဒဏ်ရာလေးများ ရတတ်သည်။



ဆေးမှား၊ အစားမှားတတ်သည်။

**ယတြာ** ။ ကလေးကို ချီထား၍လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍လည်းကောင်း "**ဗုဒ္ဓေါ**"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ လူ(၃)ဦး၊ (၇)ဦးသွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ/ခေါ်မသွားရပါ။ အရှေ့တောင်,အနောက်တောင် ထောင့်များ ထောင့်မတည့်ပါ။

'အသက်ဝင်ပီပြင်သော ဆိတ်,ဆင်,ဖီးကွက်,စင်ရော်,ဝက်,ဝက်ဝံ,လူဝံ,ယုန်,ရှဉ့်,လင်းပိုင်,နွား,ဒိုင်နိုဆော,မြွေ အရုပ်များ... စက်ရုပ်,ရထား,တင့်ကား,လေယာဉ်ပျံ ကစားစရာများ ဝယ်မပေးရ/မကစားစေသင့်ပါ။

နတ်စင်,နတ်ကွန်း၊ တုတ်,ဓား၊ ထင်းပုံ,မီး,အပူ,လျှပ်စစ်ပစ္စည်း၊ စက်ဘီး,ဆိုင်ကယ်၊ စက်ပစ္စည်းကိရိယာတို့၏အနီးအနား...

စိတ်ဝေဒနာရှင်၊ အဆုတ်မကောင်း သူ၊ နတ်ဝင်သည်နားလေးနေသူ၊ မျက်စိမကောင်းသူ၊ တိုက်ခိုက်ရန်ဖြစ်နေသူ၊ စက်ကိစ္စ ပြဿနာဖြစ်ပွားနေသော နေရာ အနီးအနားတို့တွင် ကလေးကို မရှိစေရ/ခေါ်မသွားရပါ။

ကလေးကို လူမျိုးကွဲများနှင့် ပျော်ပွဲ သွားလာခြင်းများ







www.burmeseclassic.com

www.burmeseclassic.com

ရှောင်ပါ။ အဆိပ်ရှိသတ္တဝါရန် ဂရုစိုက်ပါ။ အပူကြီးလျှင် တက်,တတ်ပါသည်။ ပလက်တီနမ်ထည် ဆင်နိုင်သည်။ ငွေထည်နှင့် ရွှေထည်များ မဆင်သင့်ပါ။

ဗုဒ္ဓဟူးသားသမီး ရင်သွေးငယ်များ

**ဆောင်ရန်** ။ ။အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ။

**ရှောင်ရန်** ။ ။တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊ သောကြာ။

တနင်္လာ-သောကြာ အပြန်အလှန်အတွဲများ(**ဥပမာ**- ချောကေသွယ်၊ သဉ္ဇာနိုင်၊ သယ်နီးကျွန်း၊ ချောင်းသာ...)

**ကံပွင့်အရောင်** ။ ။နီညို၊ အဝါနု၊ ရွှေအို၊ အစိမ်း၊ အနက်၊ နက်ပြာရောင်။

**ညှို့တတ်သောလများ** ။ ။မွေးလမှစ၍ (၂)လမြောက်၊ (၃)လမြောက်၊ (၅)လမြောက်၊ (၆)လမြောက်။

**ကျန်းမာရေး** ။ ။ကျောပူခေါင်းပူ၊ ချောင်းဆိုးချွဲကျပ်၊ အစာမကြေ၊ လေပွ၊ ဗိုက်အောင့်၊ ဦးခေါင်းမူး, မူးနေ၍ အိ, အိနေတတ်သည်။ ဂျိုက်သိုးကာကွယ်ဆေး ထိုးဖြစ်အောင်ထိုးပါ။

မိခင် အစားမမှားမိပါစေနှင့်။ ခြင်အန္တရာယ် အထူး ဂရုစိုက်ပါ။ မက်ခရု၊ မက်ကလောင်တို့လည်း ဖြစ်တတ်သည်။

**မေတ္တာ** ။ ။ကလေးကို ချီထား၍လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍လည်းကောင်း"**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။လူ(၂)ဦး(မိဘနှစ်ပါး မပါ)၊ (၅)ဦး၊ (၆)ဦး၊ (၉)ဦး၊ (၁၀)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ/ခေါ်မသွားရပါ။ အရှေ့,အရှေ့မြောက်,မြောက်,အနောက် **အရပ်/ထောင့်များ ထောင့်မတည့်ပါ။**

အသက်ဝင် ပိုပြင်သော ခွေး,ကြောင်,ကျား,ကျားသစ်, ခြသေ့,ငါး,မျောက်,ဖျံ,မြင်း,ဘဲ, ဖား, သမင်, သစ်ကုလား အုတ်အရုပ်များ... အိမ်,အိုးပုတ်,အိုးစည်,ဂျောက်ဂျက်, ကား,ဗိုး၀,ဘိုမ,ပစ်တိုင်းထောင်, အနုပညာအသုံးအဆောင် ပစ္စည်းများ ဝယ်မပေးရ/မကစားစေသင့်ပါ။

အိုးကွဲ,အင်တုံကွဲ၊ ကိုက်တတ်/ကုတ်တတ်သော ခွေး, ကြောင်,ကြွက်,မျောက်တို့၏ အနီးအနား... ပုလင်း, ဖန်ခွက်,မှန်,ပန်းကန် အကွဲအပျက်တို့၏ အနီးအနား...

သွပ်ပြား,သံထည်၊ မြေမသန့်သောနေရာ၊ သိုက်ရှိသောနေရာ၊ ဘုရား၊

မျက်လုံးမကောင်းသူ၊ ဦးခေါင်းဝေဒနာရှင်၊ အ,နေသောသူ၊ ခါးနာ,ခြေထောက်မကောင်းသူ၊ ခရုသင်းစွဲနေသူတို့၏ အနီးအနား...

အိမ်အိုအိမ်ဟောင်း အိမ်ပျက်နေသောနေရာ၊ အိမ်ကိစ္စ,ငွေကြေးကိစ္စ,ခြံမြေကိစ္စ ပြဿနာဖြစ်ပွားနေသောနေရာ အနီးအနားတို့တွင် ကလေးကို မရှိစေရ/ခေါ်မသွားရပါ။

ကလေးကို ကြီးကျယ်ခမ်းနားသော အလှူ,မင်္ဂလာပွဲများသို့ ခေါ်မသွားသင့်ပါ။ ကားစီးလျှင် လူကြီးမိဘ တစ်ဦးဦးမှ ဘုရားဂုဏ်တော် တစ်ပါးပါးကို ရွတ်ဖတ်ပေးနေပါ။

ရွှေထည် ဆင်မြန်းနိုင်သည်။ ငွေထည်,ပလက်တီနမ်ထည် မဆင်ရပါ။ အင်း,အဆောင်,လက်ဖွဲ့များ မဆောင်စေရပါ။

ကြာသပတေးသားသမီး ရင်သွေးငယ်များ

**ဆောင်ရန်** ။ ။တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ။

**ရှောင်ရန်** ။ ။တနင်္လာ၊ ကြာသပတေး၊ သောကြာ။

တနင်္လာ-ကြာသပတေး အပြန်အလှန် အတွဲများ (**ဥပမာ**-ချမ်းမြေ့မောင်၊ ဖြူဖြူနိုင်၊ ကျောက်မဲ၊ မြင်းခြံ...)

**ကံပွင့်အရောင်** ။ ။အနီ၊ နီညို၊ အဝါနု၊ ရွှေအို၊ အစိမ်း၊ အနက်၊ နက်ပြာ။

**ညှို့တတ်သောလများ** ။ ။မွေးလမှစ၍ (၁)လမြောက်၊ (၂)လမြောက်၊ (၅)လမြောက်၊ (၈)လမြောက်။

**ကျန်းမာရေး** ။ ။ကျောပူခေါင်းပူ၊ အစာမကြေ၊ လေပွ၊ ဗိုက်နာ၊ သွေးနှင့်ဆိုင်သော ရောဂါတို့ ဖြစ်တတ်သည်။

ခြင်အန္တရာယ် ဂရုစိုက်ပါ။ မက်ခရု၊ မက်ကလောင်တို့လည်း ဖြစ်တတ်သည်။ မိခင် အစားမမှားမိပါစေနှင့်။ ပန်ကာလေ ရှောင်ပါ။

**မေတ္တာ** ။ ။ကလေးကို ချီထား၍လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍လည်းကောင်း"**အရဟံ သိဒ္ဓိ**"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။လူ(၂)ဦး(မိဘနှစ်ပါး မပါ)၊ (၅)ဦး၊ (၆)ဦး၊ (၉)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ/ခေါ်မသွားရပါ။ အရှေ့, အနောက်,မြောက် အရပ်/ထောင့်များ ထောင့်မတည့်ပါ။

အသက်ဝင် ပိုပြင်သော ခွေး,ကြောင်,ကျား,ကြွက်, ကျားသစ်, ခြသေ့, မျောက်, ဖျံ, မြင်း, ဘဲ, ဖား, သမင်, သစ်ကုလားအုတ် အရုပ်များ...

အနုပညာအသုံးအဆောင်ပစ္စည်း၊ ဗိုး၀၊ ဘိုမ၊ ပစ်တိုင်းထောင်၊ ဂျောက်ဂျက်၊ ကား စသော ကစားစရာများ ဝယ်မပေးရ/မကစားစေသင့်ပါ။

သွပ်ပြား, သံထည်, ပုလင်း, ပန်းကန်, ဖန်, မှန်, မီးလုံး,မီးချောင်း အကွဲအပျက်တို့၏ အနီးအနား... ကိုက်တတ်/ကုတ်တတ်သော ခွေး,ကြောင်,ကြွက်, မျောက်၊ မြေမသန့်သောနေရာ၊ ခါး,ခြေထောက်မကောင်းသူ၊

မူးဝေနေသူ၊ မျက်လုံးမကောင်းသူ၊ ချောင်းဆိုးချွဲကျပ်နေသူတို့၏အနီးအနား... ငွေကြေးကိစ္စ,ခြံကိစ္စ ပြဿနာဖြစ်ပွားနေသောနေရာ အနီးအနားတို့တွင် ကလေးကို မရှိစေရ/ခေါ်မသွားရပါ။

ကလေးအား အလှူပွဲ၊ မင်္ဂလာပွဲများသို့ ခေါ်မသွားသင့်ပါ။ ပုခက်ကြိုးကို မကြာခဏ စစ်ဆေးပေးပါ။ ကားစီးလျှင် လူကြီးမိဘ တစ်ဦးဦးမှ ဘုရားဂုဏ်တော် တစ်ပါးပါးကို ရွတ်ဖတ်ပေးနေပါ။ ကလေးကို ရွှေထည် ဆင်မြန်းနိုင်သည်။ ငွေထည်,ပလက်တီနမ်ထည်များ မဆင်ရပါ။

သောကြာသားသမီး ရင်သွေးငယ်များ

**ဆောင်ရန်** ။ ။တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ။



**ရှောင်ရန်** ။ ။တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ။

စနေ-ဗုဒ္ဓဟူး အပြန်အလှန် အတွဲများ (ဥပမာ- နှင်းနုဝေ၊ ဝင့်ဝါထွန်း၊ ရွှေတောင်၊ ဒလ...)

**ကံပွင့်အရောင်** ။ ။အဖြူ၊ ရောင်စုံရောယှက်၊ နီညို၊ အဝါရောင်။

**ညှို့တတ်သောလများ** ။ ။မွေးလမှစ၍ (၂)လမြောက်၊ (၃)လမြောက်၊ (၆)လမြောက်၊ (၉)လမြောက်။

**ကျန်းမာရေး** ။ ။လေဆန်နာ၊ အပူနာ၊ ဖျားနာ၊ နှာခေါင်းပိတ်၊ ဝမ်းမကောင်း ဖြစ်တတ်သည်။ ထိခိုက်ဒဏ်ရာလေးများ ရတတ်သည်။ ဝက်သက် ကာကွယ်ဆေး ထိုးဖြစ်အောင် ထိုးပါ။ အပူကြီးလျှင် တက်,တတ်သည်။

**မေတ္တာ** ။ ။ကလေးကို ချီထား၍လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍လည်းကောင်း"**ဗိဇ္ဇာ ဗုဒ္ဓေါ**"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ ။လူ(၄)ဦး၊ (၇)ဦး၊ (၈)ဦး၊ (၁၀)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ/ခေါ်မသွားရပါ။ အရှေ့မြောက်, အနောက်မြောက်, တောင်, အနောက်တောင်ထောင့်များ ထောင့်မတည့်ပါ။ နာရေးခရီးတွင် ကလေးကို ခေါ်မသွားရပါ။

အသက်ဝင်ပိုပြင်သော ဝက်,ဝက်ဝံ,လှုံ,ယုန်,လင်းပိုင်, ရှဉ့်,နွား,ဒိုင်နိုဆော,မြွေ အရုပ်များ... တော့ကား,အိမ်, အိုးစည်,အိုးပုတ်,လေယာဉ်ပျံ,ရထား စသော ကစားစရာများ ဝယ်မပေးရ/မကစားစေသင့်ပါ။





www.burmeseclassic.com

www.burmeseclassic.com

ရေတွင်း,ရေမြောင်း, နတ်စင်,နတ်ကွန်း, အိမ်ပြင်, အိမ်ဖျက်နေသောနေရာ၊ တုတ်,ဓား,ထင်းပုံ,မီးအပူ, လျှပ်စစ်ပစ္စည်းတို့၏ အနီးအနား...

ယားနာပေါက်နေသူ၊ နားလေးနေသူ၊ ယောင်ယမ်းတတ်သူ၊ ဝမ်းပျက်နေသူ၊ ဖျားနာနေသူ၊ နတ်ဝင်သည်တို့၏ အနီးအနား...

ရွှေကိစ္စ,လယ်ကိစ္စ,အိုးအိမ်ကိစ္စ ပြဿနာ ဖြစ်ပွားနေသော နေရာအနီးအနားတို့တွင် ကလေးကို မရှိစေရ/ခေါ်မသွားရပါ။

ကလေးအား လူမျိုးကွဲများနှင့် ပူးတွဲသွားလာခြင်းများ ရှောင်ပါ။ အဆိပ်ရှိသတ္တဝါရန် ဂရုစိုက်ပါ။ ငွေထည်, ပလက်တီနမ်ထည် ဝတ်ဆင်နိုင်သည်။ ရွှေထည်များ မဆင်ရပါ။

**စနေသားသမီး ရင်သွေးငယ်များ**

**ဆောင်ရန်** ။ သောကြာ၊ စနေ။

**ရှောင်ရန်** ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး။

စနေ-အင်္ဂါ အပြန်အလှန် အတွဲများ (**ဥပမာ**-နှင်းနုဆွေ၊ ဇာခြည်နှင်း၊ စစ်တောင်း၊ စစ်ကွေ...)

**ကံပွင့်အရောင်** ။ ရောင်စုံရောယှက်၊ ရောနှောပြူ၊ အနက်၊ နက်ပြာရောင်။

**ညှိုးတတ်သောလများ** ။ မွေးလမှစ၍ (၂)လမြောက်၊ (၅)လမြောက်၊ (၆)လမြောက်၊ (၉)လမြောက်။

**ကျန်းမာရေး** ။ ဝမ်းပျက်၊ လေဆန်နာ၊ ဗိုက်နာ၊ နာစေး၊ အပူနာ၊ ဖျားနာ၊ အနာလေးများ ပေါက်တတ်သည်။ ဦးခေါင်းမူး,မူးနေ၍ အိ,အိနေတတ်သည်။ ဝက်သက် ကာကွယ်ဆေး ထိုးဖြစ်အောင် ထိုးပါ။

**ယတြာ** ။ ကလေးကို ချီထား၍လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍လည်းကောင်း "**အရဟံ သိဒ္ဓိ**"ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်** ။ လူ(၄)ဦး၊ (၈)ဦး၊ (၁၀)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရ/ခေါ်မသွားရပါ။ အရှေ့မြောက်, အနောက်



မြောက်,အနောက်,တောင် အရပ်/ထောင့်များ ထောင့်မတည့်ပါ။

အသက်ဝင် ပိပြင်သော ဝက်,ဝက်ဝံ,လူဝံ,ယုန်,ရှဥ့်, လင်းပိုင်,မျောက်,ဖျံ,မြင်း,ဘဲ,ဖားအရုပ်များ... အိုးပုတ်, အိမ်, ဘိုမ, ဖိုးဝ, ပစ်တိုင်းထောင်, လေယာဉ်ပျံ, ရထားစသော ကစားစရာများ ဝယ်မပေးရ/မကစားစေသင့်ပါ။

ရေတွင်း,ရေကန်၊ အိုးကွဲ,အင်တုံကွဲ၊ အိမ်ပြင်,အိမ်ဆောက်နေသော နေရာတို့၏အနီးအနား... ဦးခေါင်းမကောင်းသူ၊ အ,နေသူ၊ ယောင်ယမ်းတတ်သူ၊ ဝမ်းပျက်နေသူ၊ နာတာရှည်ဝေဒနာရှင်တို့၏ အနီးအနား...

အိမ်ကိစ္စ,အလုပ်ကိစ္စ,ရွှေကိစ္စ,လယ်ကိစ္စ ပြဿနာဖြစ်ပွားနေသော နေရာအနီးအနားတို့တွင် ကလေးကို မရှိစေရ/ခေါ်မသွားရပါ။

ရေလမ်းခရီး ဂရုစိုက်ပါ။ ရွှေ,ငွေ,ပလက်တီနမ်ထည်များ လုံးဝ မဆင်သင့်ပါ။ အင်း,အဆောင်များ မဆောင်စေသင့်ပါ။ ကာကွယ်ဆေး ထိုးပြီးလျှင် နေထိုင်မကောင်း ဖြစ်တတ်သည်။

ရင်သွေးငယ်အပေါင်း အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ အဆင်းလှခြင်း၊ ကျော်စောထင်ရှားခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ဘုန်းကြီးခြင်း... အစရှိသော ကောင်းမြတ်သော ဂုဏ်ရည်၊ ဘဝကောင်း ဘဝမြတ်တို့ကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားကြရပါစေသတည်း။

*ဘဝစစ လှကြပါစေ။*

**အောင်နန္ဒ(ကျိုက်လတ်)**

# အနိုင်ခေါ် တမာ

ဇေယျာနိုင်



နွေနှောင်းကာလနေ့တစ်နေ့...

လူကြီးအတောင် ငါးတောင်ပတ်လည်ခန့် ရှိပြီး ပင်စည်တွင် ကျီးပေါင်းမျက်ကွင်းများ ထနေသော နှစ်ရှည် တမာပင်ကြီး၏ အေးရိပ်ဆာယာအောက်တွင် ကျွန်တော် နေ့စဉ်ထုတ် သတင်းစာတစ်စောင်ကို ဖတ်လို့...နှလုံးစိတ်ဝမ်း အေးချမ်းလိုက်ပါဘိ။

ဤသို့ စိတ်အစဉ်တွင် အတွေးဝင်ရင်း တစ်ဆက်တည်းမှာပင် **တမာ၏ အသိရခက်သော ဂုဏ်သတ္တိထူးကို** သိလိုစိတ် ထက်သန်လာပါတော့သည်။

ကျွန်တော် ငယ်ရွယ်စဉ်က အဘညို ပြောပြခဲ့သော **သုမေဓာဘုရားရှင်၏ ဗုဒ္ဓဝင်အကျဉ်းကို** ပြန်လည်ကြားယောင်မိပါသည်။

သုမေဓာ မြတ်စွာဘုရားသည် မဏ္ဍကမ္ဘာ သက်တမ်းကိုဆောင်းကာလ၌ **ဒုက္ကရစရိယာ တစ်ဆယ့်ငါးရက်ကျင့်ပြီး** တမာပင်အောက်၌ သဗ္ဗညုတရွှေဉာဏ်တော်ကိုရ၍ ဘုရားပွင့်ခဲ့သည်ဟု အဘညိုက ပြောပြခဲ့ဖူးပါသည်။

**ဪ...သုမေဓာဘုရားရှင် ပွင့်ရာ ဗောဓိတမာပင်ပါလား...ဂုဏ်ဟိတ်ရှိပါဘိတောင်း။**

ကျွန်တော်၏ ဘဝခရီးလမ်း၌ အတူနေ မိသားစုဖြစ်သော အမေအိုနှင့် အမသည် ကွယ်လွန်တိမ်းပါးခဲ့သော **လောကဓံဉာဏ်တိဗျာသနဘေးသည်** ကျွန်တော့်ကို ဝိပဿနာဉာဏ် ဖြစ်စေပြီး ဝိပဿနာလမ်းကြောင်းပေါ်သို့ ရောက်လိုက်ပါပြီကောလား။

ကျွန်တော် တမာပင်အောက်၌ ခန္ဓာငါးပါး စိတ်စေတသိက် ရုပ်တရားအစုကို ပေါ်ခိုက် ဖြစ်ခိုက်၌ **ခယဓမ္မ**(ကုန်ခန်းတတ်သောသဘော)၊ **ဝယဓမ္မ** (ပျောက်ပျက်တတ်သောသဘော) ဉာဏ်ဆိုက်အောင် အားထုတ်ပါတော့မည်။

ပင်တမာသည် ကျွန်တော့်ကို ဝိပဿနာကျင့်စဉ်၌ အနုမာနတွေးထင် မှန်းဆအသိမှ သဘာဝ နိယာမဉာဏ်သို့ ရရှိအောင် နှီးသောအကြောင်းဖြစ်၍ ထောက်ပံ့





www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ကဲ… တမာပင်၏ ဂုဏ်ဟိတ်ကို လောကီအပိုင်း အဝန်းအတွင်းမှ ကြည့်ကြပါဦးစို့…

'အိမ်ရှေ့တမာ အိမ်နောက်ခံတက် စီးပွားတက်ပါသတဲ့'

အဘယ်ကြောင့် တမာဓာတ်သည် အိမ်နေ မိသားစု၏ လူမှုစီးပွား ကျန်းမာချမ်းသာကို မြင့်မားအောင် ဓာတ်ပြုပါသနည်း။

တ…………မာ

**(စနေ)………(ကြာသပတေး)**

**[စနေ၏ ခြောက်ခုမြောက် နေ့နာမ်သည် ကြာသပတေး ဆပွတ်ဓာတ် ရပါသည်။**

**ထို့ကြောင့် တမာသည် အေးချမ်းမှု အငြိမ်းဓာတ်ကို ပေးစွမ်းနိုင်သော ဓာတ်သေပင်ပါ။**

**ဓာတ်သေသည် လှုပ်ရှားသောက စိုးရိမ်ပူပန်မှုများကို ငြိမ်းစေတတ်သော သဘာဝ ရှိပါသည်။]**

ထို့နောက် **ဗိုလ်ကြီးကျင်မောင်(မော်ကွန်းဝင်ပထမ ဆင့်)**ပြောပြခဲ့သော တမာ၏ အနိုင်ဓာတ် ဂုဏ်ဟိတ် တစ်မျိုးကိုလည်း ယခုတိုင် နားဌ် ကြားယောင်လျက်။

ဖက်ဆစ်ဂျပန်များ ဆုတ်ခွာပြီးစအချိန် မိမိတို့မြို့ရွာ ငြိမ်သက်ရေးအတွက် ကော်မတီဖွဲ့၍ မြို့လူကြီးများ အုပ်ချုပ်နေရသော အချိန်ကာလ…

ဗိုလ်ကြီးကျင်မောင်(မော်ကွန်းဝင်ပထမဆင့်) အုပ်ချုပ်ရသော မြို့တစ်မြို့တွင် တုတ်ဓားသေနတ်ပြီးသော (ကျည်ပိတ်ကျည်ကာ)ဦးခေါင်း၌ စုတ်ဆေးထိုးထားသော "ဓားပြပြောကြီး"ကို မြို့လူထုက ကြောက်ရွံ့ထိတ်လန့် နေကြရပါသတဲ့။

ထို့ကြောင့် မြို့အုပ်ချုပ်ရေးကော်မတီက သေနတ်ဖြင့် ပစ်၍ သေဒဏ်ပေးရန် ဆုံးဖြတ်ပြီး သေဒဏ်ပေးမည့် နေရာသို့ မြို့လူထုကို လာရောက်ကြည့်ပါရန် မြို့အတွင်း ကြော်ငြာမောင်းခတ်ပြီး အသိပေးပါသတဲ့။

ညနေ နေစွယ်ကျိုးချိန်၌ မြို့လူထုရှေ့မှောက် ကွင်းပြင် အလယ်၌ ဓားပြပြောကြီးကို သေနတ်ဖြင့်ပစ်၍ သေဒဏ်ပေးပါသတဲ့၊ **ဓားပြပြောကြီး မသေပါ။**

ဓားပြပြောကြီးကလည်း ငယ်စဉ်က ဦးခေါင်း၌ ကာယပြီးသော ကိုယ်လုံဆေး ထိုးထား၍ သျှောင်ထုံးကို ဖြန့်ချထားလိုက်လျှင် ကျည်ပိတ် ကျည်ကာပါသတဲ့…

ဓားပြပြောကြီးက မြို့လူထုရှေ့တွင် ယင်းအား သေဒဏ်မှ လွတ်ငြိမ်းခွင့်ပေးပါရန် ငယ်သံပါအောင် အော်အော်နေပါသတဲ့…

ထိုကဲ့သို့ ရုတ်ရက်ခတ်နေချိန်တွင် မြို့အုပ်ချုပ်ရေး အဖွဲ့မှ ဝယဂုဏ်ကြီးသော အဘအရွယ်တစ်ဦးမှ ဓားပြပြောကြီးကို တမာပင်အောက်တွင် ထား၍ မောင်းပြန် သေနတ်ဖြင့် ပစ်စေလျက် သေဒဏ်ပေးနိုင်းတော့မှ ဓားပြပြောကြီး ဇာတ်သိမ်းပါရောတဲ့…။

<u>ပညတ်ဓာတ်တိုင်</u>

၆

၃

၇ ← တ*(ဆပွတ်ဓာတ်)*

*(ကိုယ်လုံဆေးပေါက်ထားသော ဦးခေါင်းမူလရှစ်)* → ②

၅ ← မာ*(စတုရန်း)*

၁

*(ကိစ္စဘာဝ)* → ၄

*(ပညတ်၌ ဓာတ်ရှိပါသည်။)*

တ………မာ
↓ ↓
တား………ပြ

မောင်းပြန်……သေနတ်

*[စာကြွင်း ။ ။ ခံတက်ပင်သည်လည်း ဓာတ်သေပင်ပါ]*

ဇေယျာနိုင်

မွန်ရိုးရာ

ဖြောင်ဖြ (LL.B)

# ငါးပေါင်းထုပ် လုပ်စားနည်း

မွန်ပြည်နယ် ဒေသကြီးတွင် ထမင်းနှင့် စားသုံးရန် ဟင်းတစ်မည် အဖြစ်လည်းကောင်း၊ ရေနွေးကြမ်း နှင့်တွဲ၍ စားသောက်ရန်အတွက် လည်းကောင်း၊ ခေါ်ရည်၊ ထန်းရည်၊ အရက်၊ ဘီယာတို့နှင့် တွဲသည့် အမြည်းအဖြစ် လည်းကောင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ခံတွင်း မြိန်စေသည့် အစားအစာတစ်မျိုး ဖြစ်သည်။

မော်လမြိုင်ဒေသတွင် မြို့ပေါ်များ၊ တောရွာများတွင်ပါ ငါးပေါင်း ထုပ်များကိုထုပ်၍ ရောင်းချကြသူ များရှိသလို၊ ဝယ်ယူစားသုံးသူများ လည်း ရှိကြပါသည်။

ရန်ကုန်မြို့ပေါ်တွင် နံနက်တိုင်း "ငါးထုပ်"ဟု အော်၍ လှည့်လည် ရောင်းချကြသလို၊ မော်လမြိုင်ဒေသ တွင်လည်း **"ငါးပေါင်းထုပ်"**ဟု အော်၍ လှည့်လည် ရောင်းချသူ များမှာ ရှိကြသည်။

ယင်း ငါးပေါင်းထုပ်ရောင်းချ သော လုပ်ငန်းသည် အသက် မွေးဝမ်းကျောင်း အလုပ်တစ်မျိုး ဖြစ်ပါသည်။

ကျွန်တော်တို့ မွန်ပြည်နယ်ဒေသ မှ တိုင်းရင်းသားများ၊ ရန်ကုန်မြို့ သို့ရောက်သောအခါ ငါးပေါင်းထုပ် ကိုတော့ မမေ့ပါ။

သတိရတိုင်း ငါးပေါင်းထုပ်လုပ် စားလေ့ ရှိကြပါသည်။ ငါးပေါင်းထုပ် လုပ်စားနည်းကို ဖော်ပြပေးချင်ပါ သည်။



◆ ငါးပေါင်းထုပ် ပြုလုပ်ရန်ပစ္စည်းများ

◆ ကြိုးထားသောဟင်းလျာများနှင့် ကြက်သွန်နီကို နယ်နေပုံ









www.burmeseclassic.com

www.burmeseclassic.com



ငါးတုံးများကို ငရုတ်သီးထောင်းနှင့်ဆီ ထည့်၍ နယ်နေပုံ

ငှက်ပျောရွက်ကို အနည်းငယ်ပျော့ပျောင်းအောင်
မီးကင်ခြင်းနှင့် ဖယ်ထားသည့် သုတ်ခြင်းနေပုံ



ငှက်ပျောဖက်ပေါ် ရဲယိုရွက်တင်၍ ရောနယ်ထားသော အဆာပလာများ ထည့်နေပုံ



### လိုအပ်သော ပစ္စည်းများမှာ

ငှက်ပျောရွက် အရွက်ကြီး(၆)ရွက်ခန့်၊ ထက်ခြမ်းခွဲမီး အနည်းငယ်ကင်ရသည်။ ပျော့ပျောင်းစေရန်ဖြစ်သည်။ ယင်းကို အဝတ်ဖြင့် သန့်ရှင်းအောင် သု... ပုံများ ဆု... ...သည်။

သွား...ြားထိုးတံတစ်ထုပ် ...မည်။ ထိုငှက်ပျောဖူးတစ်ဖူး အကွင်းသားကို ပါးပါးလှီး ရေဆေးထားမည်။ ကြက်သွန်နီ ငါးဆယ် ကျပ်သားခန့် ပါးပါးလှီးထားရမည်။

ငါးခူဖြစ်စေ၊ ငါးပုတ်သင်ဖြစ်စေ အသားများပြီး အရိုးနည်းသည့် ငါးတစ်မျိုးကို အသားလွှာပြီး (၂၀) ကျပ်သားခန့်ကို အရွယ်ညီ (၂၅)တုံး ခန့်လှီးထားရမည်။ ရဲယိုရွက်ကြီး (၂၅)ရွက်ခန့်ရေဆေးပြီး ထပ်ထားရမည်။

ငရုတ်သီးအစိမ်းမှုန့် (၃)ကျပ်သား၊ အစပ်စားလိုလျှင် (၅)ကျပ်သားတွင် ကြက်သွန်နီ/ ကြက်သွန်ဖြူ၊ ဂျင်း၊ စပါးလင်၊ ငရုတ်ကောင်းစသည် သင့်ရုံထည့်၍ ငရုတ်ဆုံတွင် သမအောင်ထောင်းထားရမည်။

ထိုသို့ ထောင်းထားသော ငရုတ်ထောင်း လေးပုံသုံးပုံကို ဖယ်ထားပါ။

လေးပုံတစ်ပုံကို ငါးတုံးကလေးများတွင်ထည့်**ဆီ(၂)ကျပ်သားခန့်၊ ဆား၊ နနွင်း၊ ငါးပိစိမ်းစား၊ အချိုမှုန့် သင့်တော်ရုံထည့်ပြီး နယ်ထားရမည်။ အချိန်အဆကောင်းမှ စား ကောင်းမည်။**

လှီးထားသော ကြက်သွန်(၅၀) ကျပ်သားခန့်နှင့်၊ လှီးထားသော



ငှက်ပျောရွက်ပေါ်ရှိ ရဲယိုရွက်ပေါ်တွင်
အဆာပလာများ ဖုံးနေပုံ




ငါးပေါင်းထုပ်တစ်ထုပ် ထုပ်ပြီးပုံ



ငါးပေါင်းထုပ်များထုပ်ပြီး စုထားပုံ

ငါးပေါင်းထုပ်များကို ပေါင်းရန်အတွက် ပေါင်းအိုးအတွင်း ထည့်ထားပုံ



ငှက်ပျောဖူးများကို ရောပါ။

ဆန်စိမ်းမှုန့် (၆)ကျပ်သားခန့်ထည့်၊ ဖယ်ထားသောငရုတ်ထောင်း လေးပုံသုံးပုံထည့်၊ ဆီ(၃)ကျပ်သား ဆား၊ နနွင်း၊ ငါးပိစိမ်းစား၊ အချိုမှုန့်တို့ကို သင့်တော်ရုံထည့်ပြီး နယ်ပါ။ အချိန်အဆ အရေးကြီးသည်။

ငှက်ပျောဖက် လေးထောင့်ပုံကို ဘယ်လက်ဖဝါးတွင်တင်၍ ရဲယိုရွက်ကိုခင်းပြီး ငှက်ပျောဖူး၊ ကြက်သွန်၊ ဆန်မှုန့်နယ်ထားသော အဆာပလာများကို ဟင်းခပ်စတီးဇွန်းဖြင့် (၃)ဇွန်းခန့်ခပ်၍ ရဲယိုရွက်ပေါ်မှာ ရှည်မျောမျောလေး ထည့်ရသည်။

ငါးတစ်တုံးကိုထည့်ပြီး၊ ''ငါးပေါင်းထုပ်'' ထုပ်နည်းအတိုင်းထုပ်၍ သွားကြားထိုးတံနှင့်ထိုးကာ နိုင်မြဲအောင် လုပ်ရသည်၊ ထိုနည်းအတိုင်း (၂၅)ထုပ် ရရှိမည်။

အချင်း(၁)ပေရှိသော ပေါင်းအိုးတွင်ထည့်လျှင် (၂၅)ထုပ်အံကျဖြစ်ပါသည်။ လျှပ်စစ်မီးဖြင့် မိနစ်(၃၀) ပေါင်းလျှင် ကျက်ပါပြီ။

ထိုအထုပ်ကို ဖြေလိုက်လျှင်







www.burmeseclassic.com

www.burmeseclassic.com




▲ အလုံးပိတ်ပြီး ပေါင်းအိုးတည်ထားပုံ

▼ နာရီဝက် ပေါင်းပြီးနောက် အလုံးဖွင့်လိုက်သည့် ကျက်ပြီးသား ငါးပေါင်းထုပ်များကို တွေ့ရပုံ



▼ ငါးပေါင်းထုပ်ကိုဖြေပြီး စားရန် အဆင်သင့်ပုံ



အနံ့မွှေးပြီး ပူပူနွေးနွေးစားသုံးလျှ[င်] အလွန်အရသာရှိပါသည်။ လူတစ်ဦ[း] လျှင် ငါးပေါင်းထုပ်တစ်ထုပ်နှ[င့်] ထမင်းတစ်နပ်ပြီးပါသည်။

လူဦးရေ (၁၀)ယောက်ခန့်ရှိသေ[ာ] အိမ်ထောင်စုအတွက် ငါးပေါင်းထု[ပ်] တစ်ပေါင်းသည် တစ်ရက်စာ[စ] လုံလောက်ပါသည်။

မိသားစု ငါးဦး၊ ခြောက်ဦးခ[န့်] ရှိသော အိမ်ထောင်စုကတော[့] (၂)ရက်ထား စား၍ ရပါသည်။

ငါးပေါင်းထုပ် ခပ်မာမာလေ[း] စားချင်လျှင် ဆန်စိမ်းမှုန့်ကို ပို[၍] ထည့်ရမည်။ ငါးများများစားလိုလျှ[င်] ငါးကို ပိုထည့်နိုင်သည်။ ဆ[ီ] နည်းနည်း လျှော့နိုင်သည်။ ငါးမထည့်ဘဲ ပုစွန်သီးသန့်ထည့်[၍] လည်းရသည်။ ဈေးပေါသေ[ာ] ပင်လယ်ငါး ပလာတူးလည်း ထည့်[နိုင်] နိုင်သည်။

**အချို့က ငှက်ပျောဖူး မကြိုက်[၍] သဖြင့် မထည့်ပါ။** ကြက်သွ[န်] သီးသန့်ထည့်၍လည်း ရသည်[။] အချို့က မှျစ်ကို အမျှင်ကလေးမျ[ား] ဖြာ၍ ထည့်ကြသည်။

အချို့က ရဲယိုရွက်နုစ်ရွက် ထည့်[ကြ] ကြသည်။ အဆီအနှစ်များကို ရဲယိ[ု] ရွက်ကစုပ်ယူထားသဖြင့် ရဲယိုရွ[က်] က စားကောင်းလှသည်။

ရောင်းမည် ဆိုလျှင်တော[့] ငါးပေါင်းထုပ် ကောင်းကော[င်း] တစ်ထုပ်ကို (၂၀၀)ကျပ်ခန့်မှ[ာ] ရောင်းချနိုင်ပါမည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

အောင်ဇ *(LL.B)*





ရှစ်ခွင်ကျော်
(ဖောင်တော်သီ)

# ဒါးနာပျောက်နည်း

နိုသရည်း

ကျွန်တော် မောင်ဘိုကြီး ဒါးကိုက် ဒါးနာဝေဒနာကို အချိန်ကာလ ကြာမြင့်စွာ ပြင်းပြင်းထန်ထန် ခံစား ရဖူးပါတယ်။

ဒါးနာဝေဒနာ ခံစားနေရချိန်မှာ ဒါးကို အားပြုပြီး ကုန်းကွ ထိုင်ထ လုပ်ရမယ့် အလုပ်ဆို ကြောက်ရွံ့မိ တာ အမှန်ပါ။

ဘုရားရှိခိုး ထမင်းစား အိမ်သာ တက် လူတစ်ယောက် နေ့စဉ် ပုံမှန် လုပ်ရတဲ့ အလုပ်တောင် မလွှဲမရှောင် သာ လုပ်ရတာ ဖြစ်ပါတယ်။

ဒီလို လုပ်နေရတာလဲ နာကျင် ကိုက်ခဲတဲ့ဒဏ်ကို ကြိတ်မှိတ်ခံစား ပြီး လုပ်ရတာဖြစ်လို့ နောက်ဆက် တွဲ ဇိတ်ဝေဒနာပါ ခံစားရကြောင်း ဒါးကိုက် ဒါးနာ ဝေဒနာ ခံစားဖူးသူ တိုင်း ကိုယ်ချင်းစာမိကြမှာပါ။

တပ်မတော်ပြန်တမ်းဝင် အရာရှိ ငယ်ဖြစ်လို့ တစ်ကြောင်း၊ ရှေ့တန်း စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေ ရတာတစ်ကြောင်းကြောင့် ဆေးရုံ တက် ဆေးဝါးကုသမှု ခံယူနိုင်ခြင်း မရှိဘဲ တပ်ခွဲဆေးမှူးမှာပါတဲ့ ပရုတ်ဆီ တေဇောဘမ်းလိမ်း အနိုပ် ခံပါတယ်။ ပျောက်ကင်းခြင်း မရှိပါ ဘူး။

မောင်ဘိုကြီး ငယ်စဉ်က မွေး သဖခင်ကြီးရဲ့ နည်းနာနိဿယ အတိုင်း **သက်ရင်းကြီးရွက် ခုနစ် ရွက် ခါးစည်းအိတ်တဲ့နည်း၊ ကြိပ် ထုပ်ထိုးတဲ့နည်း၊ အိုးစုပ်တဲ့နည်း စတာတွေထဲမှာ အလွယ်ကူဆုံး ဖြစ်တဲ့ အိုးစုတ်တဲ့နည်းနဲ့ ကုကြည့် ပါတယ်။** လုံးဝ သက်သာပျောက် ကင်းမှု မရှိပါဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

**၁၉၇၈ ခုနှစ်ကုန်ပိုင်း...**

၁၉၇၉ ခုနှစ်အစ လွတ်လပ်ရေးနေ့မှာ မောင်ဘိုကြီးတို့ချင်း သေနတ်ကိုင်တပ်ရင်း(၄) ကျိုင်းတုံမှာ တပ်ခွဲလိုက် အားကစားပြိုင်ပွဲဝင်ဖို့ အသေချာဆုံးဖြစ်တဲ့ ဘောလီဘောမှာ ပထမဆုတံဆိပ် ရရှိရေးအတွက် မောင်ဘိုကြီးကိုယ်တိုင် နည်းပြဆရာအဖြစ်နဲ့ ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြားပေးပါတယ်။

ပဋလယာ ရှစ်ယောက် ရွေးချယ်ပြီး နေရာစုံ ကစားအားကောင်းတဲ့ တပ်သားအုန်းဆိုင်ကို တွန်းအားပေးသင်ယူစဉ်မှာ ခါးကိုက်ခါးနာဝေဒနာ စတင် ခံစားရတော့တာပါပဲ။

တပ်သားအုန်းဆိုင်ဟာ အရပ်ရှည် ခုန်အားကောင်း ရိုက်ချက်ပြင်းလို့ အပိုင်ရိုက်ချလိုက်ပြီဆိုရင် ဆယ်ပေစည်းအတွင်း ဝင်ပါတယ်။

မောင်ဘိုကြီးကတော့ စိတ်တိုင်းကျမဖြစ်လို့ ချီးကျူးစကား မဆိုချင်ပါဘူး။ ဘာကြောင့်ဆို တပ်သားအုန်းဆိုင် ရိုက်ချက်ဟာ မျက်နှာမူရာ တစ်ပေါက်တည်း ရိုက်တတ်လို့ပါ။

'ဘယ်ညာ လွဲရိုက်စမ်း အုန်းဆိုင်၊ မင်းကို ပြောရတာ အကြိမ်တစ်ရာ မကတော့ဘူး။ မင်း အကြောသိတဲ့ ပြိုင်ဘက်ဆို မလွယ်ဘူးနော်'

ဆရာထက် တပည့်လွှမ်းစွမ်းထက်စေချင်တဲ့ မောင်ဘိုကြီးရဲ့ စေတနာပါ။

'မလွယ်ဘူးဆိုရင် ဗိုလ်ကြီး ဘရော်ကင် လုပ်ကြည့်ပါလား'

အဲဒီနေ့ မနက်ပိုင်း တပ်သား



အုန်းဆိုင်ကို မောင်ဘိုကြီးကိုယ်တိုင် ပင့်ထောင်ပြီး ရိုက်ခိုင်းထားတာ အလုံးပေါင်း တစ်ရာကျော်ပါတယ်။ လျှာထွက်ပြီး အမောဖောက်နေပါပြီ။

မောလာတော့လဲ စိတ်မရှည်ချင်တော့တာ နားလည်ပေးရမယ့်အစား ငါမွေးတဲ့မျောက် ငါ့ပြန်ခြောက်ရလား အသိစိတ်ဝင်ပြီး...

'မင်း ငါးလုံးရိုက်ကွာ၊ ငါ သုံးလုံးပိတ်နိုင်ရင် မင်းအရှုံး'

'စိန်လိုက်လေ ဘာကြေးလဲ'

'ဩော်...မင်းက ငါ့ကို ကြေးခေါ်တယ်ပေါ့။ ရတယ် ဘာကြေးလဲ'

'ကျွန်တော်ရှုံးရင် ကျွန်တော့်ဟင်းစကေး ပေးမယ်။ ဗိုလ်ကြီးရှုံးရင် ဗိုလ်ကြီးဟင်းစကေး ကျွန်တော့်ကိုပေး'

'အိုကေ'

မောင်ဘိုကြီးရဲ့ ခါးနာရောဂါ ဖိတ်ခေါ်ခြင်းလုပ်ငန်း စ,ပါတယ်။

'ဘုန်း...'

'ဗိုလ်ကြီး လက်ကျိုးသွားမယ်'

ပထမတစ်လုံး စိုက်ဆင်းသွားလို့ မောင်ဘိုကြီး အရှုံးပေးလိုက်ရပါတယ်။

'အုန်း...'

'ရေထွက်သွားမယ် မှတ်ထား'

ဒုတိယတစ်လုံး ဆယ်ပေစည်းအတွင်းကျပါတယ်။ တပ်သားအုန်းဆိုင် ပြောအားရှိသွားပါတယ်။ မောင်ဘိုကြီး ခွန်းတုံ့မပြန်ပါဘူး။

'အုန်း...'

'ဘုန်း...'

'ဖြည်းဖြည်းရိုက် မင်းမျက်နှာပြန်ဝဉ်ပြီး စုတ်ပြတ်သွားမယ်'

မောင်ဘိုကြီး ပိုင်ပိုင်နိုင်နိုင် ပိတ်ဆို့ပြီး စကားစစ်ထိုးလိုက်ပါတယ်။

'အုန်း...'

'ဖြန်း...'

စတုတ္ထအလုံး ပိတ်ဆို့နိုင်လို့ သရေဖြစ်နေပါပြီ။

'မင်း သိက္ခာရှိရှိ အရှုံးပေးလိုက်တော့ အုန်းဆိုင်၊ မင်း ဟင်းစကေး ငါ မစားချင်ဘူး'

'ဗိုင်နယ်ပဲလေ၊ ဗိုလ်ကြီးဟင်းတုံးလဲ ကျွန်တော် မစားချင်ပါဘူး။ ငါးပေမယ့် အုန်းဆိုင်ရာ ကြောက်ပါပြီ ဖြစ်သွားအောင် ဦးချိုးပြလိုက်ဦးမယ်'

'ကဲ...ကြာတယ် စမယ်'

'ထောင်ပြီ'

'ရိုက်ပြီ'

'အုန်း...'

'ဘန်း...'

'အား...အီး'

ပဥ္စမမြောက် ဗိုင်နယ်ရိုက်ချက် မောင်ဘိုကြီး ပိုင်နိုင်စွာ ပိတ်ဆို့နိုင်ပေမယ့် ပြန်ပြီး ပြုတ်အကျမှာ ဟန်ချက်ပျက်သွားပြီး ဖင်ထိုင်အကျ ခါးမျက်သွားပါတယ်။

ပြန်မထနိုင်အောင် နာကျင်ကိုက်ခဲသွားလို့ တပည့်ကျော် အုန်းဆိုင်ကပဲ ပွေ့ချီပြီး အိပ်ဆောင်ထဲကို ပို့ပေးပါတယ်။ မဖြစ်စလောက် ကျော်နိုပိုင်းလေးပါ။

* * *

မောင်ဘိုကြီးတို့ တပ်ခွဲ(၃)မှာ ဆေးတာရှိနှစ်ယောက်ပဲ ရှိပါတယ်။ အလုပ်သင် ဗိုလ်လေးတစ်ယောက်တော့ ရှိပါရဲ့။ တပ်ရင်းမှူးကြီးက...

'ပုံးပေါ် အပွင့်မတင်ခင် တရွေ့ရာယ်များတဲ့အလုပ်တွေ မခိုင်းကြပါနဲ့'

ဆိုတဲ့ အမှာစကားအရ အောင်မြေရဲ့တိုက်ကင်း လှည့်ကင်း ကင်းပုန်း လှုပ်ရှားမှု မှန်သမျှ မောင်ဘိုကြီးပဲ တစ်ပင်တိုင်မင်းသားကြီး လုပ်ပေးရပါတယ်။

မောင်ဘိုကြီးတို့တပ်ခွဲ စခန်းထိုင်နယ်မြေဟာ ကျိုင်းတုံမြို့ အရှေ့မြောက် မိုင်(၃၀)ကျော်အကွာ ရန်သူနဲ့ မှောက်ခရီးသာရှိတဲ့ ဖမ်ရှန်တောင်ကုန်းလို့ခေါ်တဲ့ ရင်ဆိုင်ကုန်းမှာ ဖြစ်ပါတယ်။

စခန်းက ထွက်ပြီဆို တစ်နာရီတစ်နာရီခွဲလောက်ဆို ရန်သူနဲ့ ထိပ်တိုက်တိုးပြီး တိုက်ပွဲဖြစ်ပါတယ်။

"ဘောင်း...ဒိုင်း...အုန်းခနဲ" ပစ်ပြီဆို လျှင်မြန်မှုနဲ့ ထိုးဖောက် နေရာယူနိုင်ခြင်းမရှိဘဲ ဖြည်းဖြည်းချင်း ချက်ထောက်မှောက်ရပါတယ်။

ခါးဝန်းကျင် တရှိန်းရှိန်းနဲ့ ဖြတ်ခနဲသွားတဲ့ ကျည်ထိမှန်မှုကို လှုပ်ရှားနိုင်ဘဲ မခံမရပ်နိုင်လောက်အောင် နာကျင်တဲ့ ခါးနာဝေဒနာကို ခံစားနေရလို့ပဲ ဖြစ်ပါတယ်။

စစ်ဆင်သွားတိုင်း ကိုယ်မပါလို့ တစ်နာကို ကုစားချင်ပေမယ့် ဆိုခဲ့



ပြီးတဲ့အတိုင်း တစ်ခွဲမှာ ဆေးတာရှိ (၄)ယောက် ရှိရမယ့်အစား (၂) ယောက်ပဲရှိလို့ တပ်ခွဲမှူးကိုတောင် ဖွင့်မပြောဖြစ်ပါဘူး။

စစ်ဆင်ရေးကာလ ခြောက်လ ကျော်လွန်လာပြီဖြစ်လို့ အဆင်ပြေတဲ့တစ်နေ့ တပ်ရင်းပြန် အနားရမှ ဆေးတပ်ဆွယ်မှူး ဆရာဝန်နဲ့ ပြသပြီး ဆေးကုသမှု ခံယူမယ်လေလို့ အားတင်းပြီး ဆေးနည်းတိုနဲ့ပဲ ကုနေရပါတယ်။

* * *

တပ်ထဲ မဝင်ခင် မိဘနဲ့ အတူနေစဉ်က မောင်ဘိုကြီးရဲ့ ဖခင်ကြီးဟာ ဗိန္ဓောဆရာ မဟုတ်သော်ငြား တိုင်းရင်းဆေးဝါးနဲ့ ရောဂါဝေဒနာကို ကျွမ်းကျင်ပိုင်နိုင်စွာ ကုသတတ်ပါတယ်။

ဖခင်ကြီးကိုယ်တိုင်ရော သားသမီးတွေဖြစ်တဲ့ မောင်ဘိုကြီးတို့ ညီအစ်ကိုမောင်နှမတွေပါ ရောဂါဝေဒနာ တစ်ခုခုဖြစ်လာပြီဆို အပင်၊ အမြစ်၊ အခေါက်၊ အသီး၊ အရွက်တွေကို ဆေးဝါးအဖြစ် စီမံပြီး ကုသပေးတတ်ပါတယ်။

ဖခင်ကြီးကိုယ်တိုင် မကြာခဏ ခံစားရလေ့ရှိတဲ့ ခါးနာဝေဒနာကိုတော့ သက်ရင်းကြီးခုနစ်ရွက်ကို ပုဆိုးပိုင်းမှာခင်း ညဘက် ခါးကို ပတ်အိပ်တတ်ခြင်းပါ။ သုံးကြိမ်လောက် ဆောင်ရွက်ပြီးပြီဆို အရှင်းပျောက်ကင်းကြောင်း လေ့လာတွေ့ရှိရပါတယ်။

မောင်ဘိုကြီးတို့ စခန်းပတ်လည်မှာ သက်ရင်းကြီးပင် တစ်ပင်မှ ရှာမတွေ့လို့ ကုသမှု မပြုလုပ်နိုင်ပါဘူး။

ဖခင်ကြီးရဲ့ ဒုတိယနည်းကတော့ **ချင်း မိဿလင် စပါးလင် လင်းနေ အမှုအစပ်အပင်တွေကို** ထုထောင်းထုပ်ပေါင်းတင်ပြီး ကျပ်ထုပ် ထိုးတဲ့နည်းပါ။

စခန်းဝန်းကျင် တောင်ကုန်းတွေမှာ မြင်းခွာရွက်နဲ့ ရှမ်းနံနံပင်တွေပဲ ရှိလို့ ဒုတိယနည်းကိုလဲ လက်လျှော့လိုက်ပါတယ်။

ဖခင်ကြီးရဲ့ တတိယနည်းကတော့ **အိုးစုပ်တဲ့နည်းပါ။**

**အဝတ်စုတ်တစ်ခုမှာ ရေဆိုနေတဲ့ အိမ်သုံးဆား ထည့်ထုပ်ပြီး ထိမ်းတဲ့ ရေနွေးထဲစွတ်ပါတယ်။ ပက်လက်လှန် ချက်ပေါ်တင်ပြီး အဝတ်ထိပ်ကို မီးရှို့ပါတယ်။**

**မီးရှို့နေရလာတဲ့အခါ အတော်အိုး သာသာအရွယ်ကို ခြင်းကိုနဲ့ ဖောက်ချ လိုက်ပါတယ်။ မီးသေသွားတဲ့အခါ**





www.burmeseclassic.com

www.burmeseclassic.com

ဒိုက်ကြော သောကြော ဒါးကြောတွေ စုပ်ယူပြီး ကုသတဲ့နည်းပါ။

**အလွယ်ဆုံးဖြစ်တဲ့ တတိယနည်း**မှာ မြေအိုးအစား ဟန်းကော့ချိုင့် အသုံးပြုပြီး သုံးရက်နဲ့ မပျောက်လို့ တစ်ပတ်အချိန်ယူ ကုသကြည့်ပါတယ်။ ခါးနာဝေဒနာအပြင် အကြောတွေပါ နာကျင်တဲ့ အပို ဆောင်းရောဂါ ရတာပဲ အဖတ်တင်ပါတယ်။

ဆေးရုံတက် ခွဲစိတ်မှ ရောဂါမှန်ရိုက် ရောဂါရှာကုမှ ပျောက်တော့မှာပါ။

* * *

'သူငယ်ချင်း ဘိုကြီး ဆေးရုံတင်တာ လွယ်ပါတယ်၊ တင်ပေးလို့ ရပါတယ်။ တစ်ခုရှိတာက မင်းနဲ့ တစ်ပတ်စဉ်တည်း သူငယ်ချင်းတွေ ပရိုမိုးရှင်းရတဲ့အခါ မင်းနောက်ကျ လိမ့်မယ်'

'ဘယ်တတ်နိုင်မလဲကွာ'

'ဒီလိုလုပ် မင်း ဆေးရုံမတက်နဲ့'

'ဟာကွာ...'

'ငါပြောတာ ဆုံးအောင် နားထောင်ပါဦး။ ငါတစ်ပတ်စာ လိမ်းဆေးနဲ့ သောက်ဆေး ပေးလိုက်မယ်။ ပြီးတော့ မနက်နာရီဝက် ညနာရီဝက် ထိုင်ထလုပ် ပက်လက်လှန်ပြီး ဘယ်ရီအွဲ'

'သေရချည့်ရဲ့ ဒေါက်တာ. ပေါက်တူးရာ'

'မင်းပဲ ပျောက်ချင်တယ်ဆို'

'အေးလေ'

'ပျောက်ချင် ငါပြောတဲ့အတိုင်းလုပ်'

ကျိုင်းတုံဆေးရုံ တပ်ခွဲယ်က တပ်ခွဲယ်မှူးသူငယ်ချင်း ဆရာဝန်



ဗိုလ်ကြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပေမယ့် သက်သာသလောက်သာရှိပြီး အရှင်း မပျောက်ပါဘူး။

ဖြစ်ချင်တော့လဲ စက္ကန့်ပိုင်းလေးပါ။

ခံစားရတဲ့ဝေဒနာ ကာလရှည်စွာ ကုသလို့လဲ မပျောက်လို့ စိတ်ဝေဒနာပါ နောက်ဆက်တွဲ ခံစားရပါတယ်။

* * *

**ပျောက်ပြီဆိုတော့လဲ စက္ကန့်ပိုင်းလေးပါပဲ**။ ပြောမယုံ ကြုံဘူးမှ သိ ဆိုသလိုပါ။ ကိုယ့်ရောဂါ ပျောက်လို့ ပျောက်မှန်းတောင် မသိလိုက်ဘဲ မောင်ဘိုကြီးကတော် ပြောမှ သိရတာက ဒီလိုပါ...

တစ်နေ့...

အဲဒီတစ်နေ့က မောင်ဘိုကြီးနဲ့ တပ်စုနှစ်စု တောင်ကြီးက တက်လာတဲ့ယာဉ်တန်း (ကွန်ဗွိုင်)ကြို တာဝန်နဲ့ မိုင်သုံးဆယ်ခန့်အကွာ "**တုံတာရွာ**"ကို တိုယိုတာယာဉ် နှစ်စီးနဲ့ ခရီးထွက်ရပါတယ်။

ကျိုင်းတုံ-တုံတာလမ်းကြောဟာ တောင်တက် တောင်ဆင်း တောင်လက်မောင်းတောင် ကမ်းပါးယံတွေမှာ ဖောက်လုပ်ထားတဲ့ ကျောက်ခင်းလမ်း ဖြစ်ပါတယ်။

တောင်ပြိုရေတိုက်စား မြေသား လို့ လမ်းတစ်လျှောက်လုံး ကျင်းတွေ ချိုင့်တွေ ရွှံ့နွံတွေနဲ့ချည်းပါ။

ကားစီးရတာနဲ့ မတူဘဲ ဘယ်ညာ ယိမ်းငိုးနေလို့ လှေစီးရသလိုပါ။ တစ်ပေ,တစ်ပေခွဲထိ မြောက်တက် ပြန်ကျလို့ ဒုန်းပြေးတဲ့ မြင်းကို စီးရသလိုပဲ ခံစားရပါတယ်။

ခရီးစဉ်ပြီးဆုံး အိမ်ပြန်ရောက် ခဏနားပြီး ရေချိုးနေစဉ်မှာ...

'လေ့ကျင့်ခန်း မလုပ်တော့ဘူးလား'

လို့ မောင်ဘိုကြီးကတော်က သတိပေးပါတယ်။

ဆရာဝန် ညွှန်ကြားချက်အရ နေ့စဉ် မနက်,ည ထိုင်ထ ဘယ်ရီအွဲ လက်ထောက်မှောက် လေ့ကျင့်ခန်း မလုပ်ဘဲ ရေချိုးနေလို့ သတိပေးခြင်းပါ။

ခါးကိုက် ခါးနာ ရောဂါဝေဒနာ အရှင်းပျောက်သွားလို့ လေ့ကျင့်ခန်း လုပ်ဖို့ဟာ လုံးဝ သတိမရတော့လို့ပါ။ ဘယ်လိုဆေးဝါးတွေနဲ့ ပျောက်ကင်းသွားတာပါလိမ့်လို့ မောင်ဘိုကြီး စဉ်းစားပြီး အဖြေထုတ်လိုက်တာကတော့...

'လိုင်းပေါ်က လှေစီးရသလို ဘယ်ညာ လူးလိမ့်ခြင်း၊ ဒုန်းပြေးတဲ့ မြင်းစီးသလို အထက်အောက် ခုန်ပေါက်ခြင်းကြောင့်သာ အရှင်းပျောက်ကင်းသွားခြင်းပါ ခင်ဗျာ'

**ရှစ်ခွင်ကျော်(ဖောင်တော်သီ)**



# ပြည့်ဝစ်ကိုင်းဒေါ်

သမိုင်းလွှပ

# သိမ်စစ်ဟာရ

အောင်မြေမြတ်
(စစ်ကိုင်းတောင်)

သာသနာတော်ကြီး၏ အသက်သည် **ဝိနည်းတရားတော်ဖြစ်၍ ဝိနည်းတရားတော်ကို လိုက်နာကျင့်ကြံကြသည့် ရဟန်းတော်များသည်လည်း** သာသနာတော်၏ အသက်ပင် ဖြစ်ပါသည်။

ထိုရဟန်းတော်များ ပေါ်ထွက်လာဖို့ မရှိမဖြစ် လိုအပ်သည့် အရာမှာ သိမ်သာလျှင် ဖြစ်ပါသည်။

ရဟန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် သိမ် ရှိမှသာလျှင် ကျောင်းအင်္ဂါရပ်နှင့် ပြီးပြည့်စုံသည်။ ရဟန်းတော်တို့ "**ဥပသမ္ပဒကံ**" ဆောင်ရာတွင် "**သီလသမ္ပတ္တိ**" သည် အရေးကြီးဆုံးဖြစ်သည်။

မြင်းအရပ် မထေရ်မြတ်ကြီးကား သာသနာတော်ကြီး၏ အစိက အသက်ဖြစ်သော ရဟန်းလောင်း၊ ရဟန်းမြတ်တွေ ထွက်ပေါ်လာရန် သိမ်တော်ကြီးများ သိမ်နုတ် သိမ်သမုတ်ခြင်းများ စတင်ပြုလုပ်ခဲ့ကြမှုပါသည်။

ပုဂံခေတ်သာ စတင် ထွန်းကားရာ ပုဂံခေတ် အေဒီ(၁၀)ရာစုခေတ် ကတည်း ဖြစ်ပါ၏။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟံလင်း ဒေသသည်လည်း ပျူမင်းဆက်များ မင်းပြုခဲ့ရာပျူမြို့ဟောင်းဖြစ်ပါသည်။ ပျူခေတ်အနုပညာ အမှတ်တရ ရှေးဟောင်းပစ္စည်းများ၊ သာသနာဝင် စေတီပုထိုးများကို တွေ့မြင်နိုင်



▲ မဟာသိမ်တော်ကြီးအား အထက်မှ မှုန်မြင်ကွင်း

▼ မဟာသိမ်တော်ကြီးအား အရှေ့ဘက်မှ မြင်တွေ့ရပုံ







www.burmeseclassic.com

www.burmeseclassic.com




◆ မဟာသိမ်တော်ကြီး၏ အတွင်းပိုင်းအား မြင်တွေ့ရပုံ

ရွှေမုဋ္ဌောသိမ်တော်ကြီးအား ကုသိုလ်ရှင်များမှ

အသစ် တည်ဆောက်မှုကာရှည်။

◆ ရွှေမုဋ္ဌောသိမ်ခေါ်ကြမ်းသိမ် (မှန်တည့်သိမ်)တော်ကြီး

အသစ် လှူဒါန်းထားပုံ





ကြပါသည်။ ဗုဒ္ဓသာသနာတော် ထွန်းတောက်ခဲ့သည်မှာ မလွဲပါ။

ပဒေသရာဇ်မင်းတို့၏ နန်းလုပ်ပွဲ၊ နေရာလုပ်ပွဲ၊ အာဏာလုပ်ပွဲ၊ စစ်ပွဲကြီးများ၏ ဆိုးကျိုးကြောင့် ရဟန်းကောင်း၊ ရဟန်းမြတ်တို့ ကွယ်ပျောက်ခဲ့ကြ၍ သီလအကျင့်များ ပျက်ပြားခဲ့ကြရလေ၏။

ပုဂံခေတ် အစဦးကာလများ၌ မင်းနှင့် ပြည်သူပြည်သား အားလုံးသည် အရည်းကြီးတို့၏ လွဲမှားသော အတွေးအခေါ်များကို အဟုတ်တကယ် မှတ်၍ ယုံကြည် ကျင့်သုံးနေကြသည်။

သက္ကရာဇ် ၄၀၆ ခုနှစ်ခန့်တွင် အနော်ရထာမင်းမြတ် ထီးနန်းစိုးစံနိုက် သုဝဏ္ဏဘုမ္မိသထုံပြည်မှ အရှင်ဓမ္မဒဿီ ဘွဲ့မည်ရှိသော "ရှင်အရဟံမထေရ်မြတ်" ပုဂံပြည်သို့ ကြွရောက်လာပါသည်။

ထေရဝါဒ သာသနာတော်ကို စတင် ဆောင်ရွက် သာသနာပြု တော်မူ၏။

ရှင်အရဟံ မထေရ်မြတ်ကြီးနှင့် အနော်ရထာမင်းတို့က သထုံပြည်မှ ရဟန်းသံဃာတော်များနှင့် အတူ ပိဋကတ်သုံးပုံအစုံ(၃၀) ခေတ်ကော် မွေတော်များကို ပူဇော်ခွင့်ရကြ သည်။

အရည်းကြီး သာသနာလည်း ပြိုကွဲ မှေးမှိန်သွားကြလေ၏။ လုံး ပျောက်ကွယ်ခြင်းကား မဟုတ်။

ရှင်အရဟံ မထေရ်မြတ်ကြီးနှင့် အတူ ရဟန်းတော်များ ပါဝင်ခဲ့ လေ၏။ ထိုအရှင်များကား...

❖ အရှင်အာနန္ဒာ၊
❖ အရှင်ဉာဏ၊
❖ အရှင်သီလဗုဒ္ဓ

တို့ပင် ဖြစ်သည်။





ရှေးယခင်က လုံးဝ မရှိခဲ့ဘူးသေး သော သိမ်တော်ကြီးများကိုလည်း အနော်ရထာမင်းကြီးက သာသနာ့ ဒါယကာ ခံယူ၍ သိမ်တော်ကြီးများ သိမ်နှတ်ခြင်း၊ သိမ်သမုတ်ပွဲများကို ကျင်းပ၍ ဒေသနာတော်နှင့်အညီ တည်ဆောက် လှူဒါန်းတော်မူပါ သည်။

ရှင်အရဟံ မထေရ်မြတ်ကြီးသည် ဝိနယာလင်္ကာရဋီကာ အလိုတော် အတိုင်း သိမ်တော်ကြီး(၂၇)သိမ် တို့ကို တည်ဆောက် သိမ်သမုတ် ကြောင်း"အရှင်နန္ဒဝံသ(မြို့သာ)" ၏ "သိမ်မှတ်တမ်း"ကို ဖော်ပြ လိုက်ပါသည်။

ပုဂံမြို့ မြင်းကပါရွာ၏အနီး ကုသိနာရုံသိမ်တော်ကြီးက စတင် လေ၏။

ပုဂံမြို့ဝန်းကျင်...

၁။ကုသိနာရုံသိမ်တော်ကြီး *[မြင်းကပါရွာ]*

၂။ရွှေစည်းခုံသိမ်တော်ကြီး

*[ရွှေစည်းခုံ ရင်ပြင်]*

၃။ငါ့သရောက်သိမ်တော်ကြီး

*[ငါ့သရောက်ရွာ]*

၄။ဇီးကျုမ်းသိမ်တော်ကြီး *[ဇီးကျုမ်းရွာ]*

၅။လည်သိမ်တော်ကြီး *[တံစို့မလည်ရွာ]*

၆။ဂူနီသိမ်တော်ကြီး *[ကျောက်ပန်း တောင်းနှင့် ရွာထိုးကြီးအကြား]*

၇။ကျောက်ဆောင်သိမ်တော်ကြီး

*[တောင်သာမြို့]*

၈။ပွင့်လလားသိမ်တော်ကြီး

*[ပုဂံမြို့ တောင်ဘက်]*

၉။ကျွဲပွဲသိမ်တော်ကြီး

*[ကျောက်ပန်းတောင်း]*

၁၀။ယဲ့ပေါက်ကုန်းသိမ်တော်ကြီး



◆ ထွတ်ခေါင်ဆရာတော်ကြီး၏ မြို့ကာသိမ်တော်ကြီးအား တွေ့မြင်ကြည့်ရှုရပုံ

(ကမ်းပါးရှိုးတွင် ဟည်ဒိုး၍ မြင်သာသော နေရာမှရိုက်ထားသည်။)

◆ ဗျာဒိတ်ပေးသိမ်အား ကြည့်ရှုရပုံ



၁၁။လယ်ယားသိမ်တော်ကြီး

၁၂။ညောင်ပင်လှသိမ်တော်ကြီး

၁၃။စကန်းသိမ်တော်ကြီး *[အိုင်ရေဦး]*

၁၄။ရေကြည်သိမ်တော်ကြီး

၁၅။ကူရွာသိမ်တော်ကြီး

မိတ္ထီလာဝန်းကျင်...

၁၆။ပဲသီကာသိမ်တော်ကြီး

*[မိတ္ထီလာကန်တော်အထက်]*

၁၇။ကဗ္ဗူကန်သိမ်တော်ကြီး

၁၈။ဝတ်ကျောက်သိမ်တော်ကြီး

၁၉။ရှင်ပင်ရွှေကူသိမ်တော်ကြီး

၂၀။သားဖန်းသိမ်တော်ကြီး

*[ကန်တော်ကြီးအောက်]*

၂၁။ကလိန့်ခြေသိမ်တော်ကြီး

၂၂။ကူဖြူသိမ်တော်ကြီး

၂၃။ကုန်းတောင်းသိမ်တော်ကြီး *[မိတ္ထီလာမြို့လယ်ရှိ ထီးသုံးဆင့် သိမ်တော်ကြီး ပါဝင်လျှင် မိတ္ထီလာမြို့၌ သိမ်တော်ကြီး (၉)သိမ် ရှိနေပါသည်။]*

မန္တလေးမြို့ဝန်းကျင်...

၂၄။နေထွက်သိမ်တော်ကြီး

*[အောင်ပင်လယ်၊ ဘိုတက်ကုန်း၊]*



www.burmeseclassic.com

www.burmeseclassic.com



▲ မြို့ကျုံးအနီး လက်ယာဘက်သိမ်ပေါ် လဲလျောင်းသိမ်နှင့် ဘုရားအားမှုမြင်ရပုံ

▼ လင်းဝင်းသိမ်ပေါ် မဟာလိုက်ဂူသိမ်အား မှုမြင်ရပုံ



၂၅။မွန်းတည့်သိမ်တော်ကြီး *[ကန်ကောက်ရွာ၊ ချမ်းအေးသာစံမြို့နယ်]*
၂၆။နေဝင်သိမ်တော်ကြီး *[၁၁-လမ်း၊ ညောင်ကွဲရပ်၊ အောင်မြေသာစံမြို့နယ်]*
၂၇။သန်းခေါင်ယံသိမ်တော်ကြီး *[ပြည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်]*

အထက်ပါ သိမ်တော်ကြီး (၂၇) သိမ်မှာ ယနေ့ထိတိုင်အောင် နှစ်ပေါင်း(၉၇၀)ကျော် ဗုဒ္ဓသာသနာကြီး အတွင်း တည်တံ့ခိုင်မြဲစွာ တည်ရှိနေပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး တည်နေသရွေ့ သိမ်တော်ကြီးများသည်လည်း တည်ရှိနေမည်သာ ဖြစ်သည်။

ရှင်အရဟံ မထေရ်မြတ်ကြီး၏ ဂုဏ်ကျေးဇူးဖြင့် စစ်ကိုင်းတောင်နှင့် မင်းဝံတောင် (၂)သွယ်တွင် သမိုင်းဝင်သိမ်တော်ကြီး(၃၀)ပေါ်ထွန်းခဲ့သည်။

၁။ ဇေတဝန်သိမ်

"**အရှုဏ်တက်သိမ်**" ဖြစ်သည်။ ဇေတဝန်စေတီတော်ကြီး တည်ရှိ... ဝတ်ရုံတောင်တော်၌ တည်ရှိသည်... သက္ကရာဇ် ၃၈၃ ခုနှစ်တွင် ... အနုရုဒ္ဓါမင်းကြီး၏ ကုသိုလ်တော်... ဖြစ်၏။

၂။ တန့်ကြည်သိမ်

ဆင်ဖြူတော် တန့်ရပ်သော... နေရာ(ကောင်းမှုတော်အနီး) ... သက္ကရာဇ် ၄၅၁ ခုနှစ်တွင် အလောင်း... စည်သူမင်းကြီး၏ ကုသိုလ်တော်... ဖြစ်သည်။

၃။ ဆဒ္ဒန်သိမ်

ဆင်ဖြူတော် ညွှန်ပြခဲ့သော... အရပ်၌ သက္ကရာဇ် ၄၉၇ ... တွင် အလောင်းစည်သူမင်းကြီး... ကောင်းမှုတော်ဖြစ်သည်။

၄။ ဘုရားတောင်သိမ်

"**နန်းဦးသိမ်**"ဟူ၍ အမည်... သည်။ သက္ကရာဇ် ၆၀၆ ခု... သီရိလင်္ကာပြန် ဆရာတော်... တည်ဆောက်ပါသည်။ ... စေတီအံနီးဟု ဖော်ပြပါသည်။

၅။ ကျစွာသိမ်

"**အုတ်တိုက်သိမ်**"ဟု ... ရွာတွင် ပတ္တမြားတောင်ခြေ၌ ... ရှိသည်။ သက္ကရာဇ် ၇၃၀ ပြည့်... ကျစွာမင်း၏ ကုသိုလ်တော်... သည်။

၆။ တောတောင်ဘီလူးသိမ်

ကျစွာမင်းကြီး၏ အမတ်... တောတောင် ဘီလူး... သက္ကရာဇ် ၇၃၁ ခုနှစ်တွင် တည်... လှူဒါန်းသည်။ တောတောင်...





▲ ရတနာဘုံရိပ်သာသိမ်တော်ကြီးအား
တွေ့မြင်ကြည့်ရှုရပုံ

▼ သမိုင်းဝင် ဇာဒိလာကာရာ သိမ်တော်ကြီး ကြည့်ရှုရပုံ



▲ ပွန်းသိမ်အား
အမည်သစ်ကမ္ဗည်းမြင် ရှုနိုင်ပုံ

▼ မှန်မဟာသိမ်တော်ကြီးပေါ်
ဖွင့်ညွှာသိမ်



▼ ကန္နာတော်ရပ်မှ ပွန်းသိမ်တော်ကြီး







www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမြို့ပြင်သိမ်တော် တောင်ပြီးဟသာရာတော်၏ သိမ်

◆ ကောင်းမှုတော်ဘုရားကြီး၏ အနီး မကျည်းစင်မှ သိမ်တော်ကြီး



◆ ရွှေကုန်းမှုန်းသိမ်တော်ကြီး မင်းကောင်းအား မြင်တွေ့ရပုံ



ဆရာတော်ကြီးက သိမ်သမုတ်
သည်။

## ၇။ ရွှေမုဋ္ဌောသိမ်

ကြေးသိမ်ခေါ် "**မွန်းတည့်သိမ်တော်ကြီး**" ဖြစ်သည်။ သက္ကရာဇ် ၇၄၃ ခုနှစ်၌ မင်းကြီးစွာစော်ကဲ၏ မိဖုရားစော ကုသိုလ်တော်ဖြစ်သည်။

## ၈။ ရှင်ရာမသိမ်

ပတ္တူကြီးသံဃရာဇာက သက္ကရာဇ် ၇၆၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ယခုအခါ နေရာမျှကိုပင် မတွေ့နိုင်တော့ပါ။

## ၉။ ရတနာသိမ်

ရတနာစေတီ (ဆင်များရှင်)၏ အနောက် တောင်ဘက်တွင် သက္ကရာဇ် ၇၉၂ ခုနှစ်၌ မိုးညှင်း မင်းတြားကြီးကောင်းမှု ဖြစ်သည်။ နေရာမျှသာ ရှိတော့သည်။

## ၁၀။ ပတ္တမြားသိမ်

ပတ္တမြားစေတီ တောင်တော်၌ တည်ရှိသည်။ သက္ကရာဇ် ၇၉၃ ခုနှစ်တွင် သံဃရာဇာတစ်ပါးမှ တည်ထားခဲ့သည်။ ယခုအခါ အသစ် တည်ထားပါသည်။

## ၁၁။ ရတနာဂီရိသိမ်

ရတနာဂီရိတောင် လုံးတော်ကြီး စေတီအနီး တည်ရှိသည်။ သက္ကရာဇ် ၈၀၀ ပြည့်နှစ်တွင် အနန္တသူကြီး အမတ်နှင့် ဇနီးမှ ကုသိုလ်တော် ဖြစ်သည်။

## ၁၂။ ငှက်မြွတ်နားသိမ်

သုဝဏ္ဏဂီရိ ခေါ် စာမရိတောင်၌





◆ တမွဲသိမ်တော်ကြီးအား အသစ်ဆောက်လုပ်ထားပြီးပုံ



တမွဲသိမ်တော်အတွင်းမှ ရှေးဟောင်း ရုပ်ပွားတော်အား ဖူးမြော်ပုံ ◆

◆ ကျိုက်ပိုင်းသိမ်တော်ကြီးအား တွေ့မြင်ရပုံ



တည်ရှိသည်။ သီရိဓမ္မာသောကမင်း ကြီး၏ မုဋ္ဌောစေတီဖြစ်သည့် ငှက်မြွတ်နားစေတီတော်နှင့် အနီး တွင်ရှိသောကြောင့် "**ငှက်မြွတ်နားသိမ်**"ဟူ၍ အမည်ကျော်ကြား သည်။

သက္ကရာဇ် ၈၃၀ ပြည့်နှစ်၌ ပြည် နန်း သီဟသူမင်းကြီး မိဖုရားတံတိုင်း နှင့်တကွ ကုသိုလ်တော်ဖြစ်၏။ သက္ကရာဇ် ၈၄၂ ခုနှစ်တွင် ဒုတိယ မင်းခေါင်က ယင်းကို ထပ်မံ ပြုပြင် ခဲ့၏။

## ၁၃။ စကုမော်သိမ်

မော်ကိုးမော်အပါအဝင် စကုမော် ချောင်၌ တည်ရှိခဲ့သည်။ သက္ကရာဇ် ၈၄၁ ခုနှစ်၌ သီဟသူမင်းကြီး၏ ကောင်းမှုတော် ဖြစ်သည်။

## ၁၄။ ခါဝဲတောင်သိမ်

သမိုင်းမင်း ခါဝဲတောင်၌ တည်ရှိ သည်။ ခါဝဲတောင်စေတီတော်၏ အနီး၌ တည်ရှိသည်။ သက္ကရာဇ် ၈၄၄ ခုနှစ်တွင် ဝိမလာဒေဝီမိဖုရား ကြီး၏ ကုသိုလ်တော်ဖြစ်သည်။

## ၁၅။ မင်္ဂလာသိမ်

ဤသိမ်တော်မှာ "**နေဝင်သိမ်**" တော်ဟု ကျော်ကြားပါသည်။ သက္ကရာဇ် ၈၆၃ ခုနှစ်တွင် ရွှေနန်း ကျော့ရှင် မင်းကြီး၏ ကောင်းမှုတော် ဖြစ်သည်။ စကုမော်သိမ်နှင့် တစ်ပြိုင်နက် မျှသာ အကွာအဝေး ဖြစ်သည်။

## ၁၆။ ဖျည်းညားသိမ်

ရောဝတီမြစ်အနီး ဖျည်းညား စေတီတော် တည်ရှိခြင်းကြောင့် မွန်အမတ်ကြီး ဗညားကျန်းတော လှူဒါန်းခြင်းကြောင့် "**ဖျည်းညား သိမ်**"ဟု အမည်တွင်ပါသည်။

"ဝန်သိမ်"ဟုလည်း စာတန်းရှိ၍ သက္ကရာဇ် ၈၉၃ ခုနှစ်တွင် ရွှေမင်းကြီး



www.burmeseclassic.com

www.burmeseclassic.com





▲ ကျိုက်ပိုင်းသိမ်တော်ကြီးမှ ဘုရားဆန်း

◀ ကျိုက်ပိုင်းသိမ်တော်အတွင်း စံပယ်တော်မူသော ရုပ်ပွားတော်

ရပ်တွင် တည်ရှိပါသည်။

### ၁၇။ ရွှေပခြုပ်သိမ်

တောင်ဖီလာ တောင်လက်မောင်း၌ တောင်ဖီလာစေတီ အနီး တည်ရှိသည်။

ရွှေပခြုပ်မင်းသမီးက တောင်ဖီလာ ဆရာတော်ကြီးအား လှူဒါန်းခဲ့သောကြောင့် **''ရွှေပခြုပ်သိမ်''** ဟုသာ ကျော်ကြားပါသည်။ သက္ကရာဇ် ၁၀၀၀ ပြည့်နှစ် ဖြစ်သည်။

### ၁၈။ ယွန်းသိမ်

ကောင်းမှုတော်အနီး မကျည်းစင်ရွာတွင် ရှိသည်။ ဇင်းမယ်သို့ ခေါ်ဆောင်သွားခြင်းကြောင့် ဇင်းမယ်ပါဘုန်းကြီးကို မှီ၍ **''ယွန်းသိမ်''**ဟု အမှတ်အသား ရှိသည်။

သက္ကရာဇ် ၁၀၀၁ ခုနှစ် ဖြစ်၏။ အလှူရှင် အတိအကျ မသိနိုင်ပါ။

### ၁၉။ ခြသေ့်ဦးတိုက်သိမ်

ဤသိမ်တော်ကြီးကား ကောင်းမှုတော်ဘုရားကြီး၏ အရှေ့မြောက်ဘက်တွင် တည်ရှိပါသည်။

အရှင် သီလာစာရမထေရ်မှ သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်တွင် သမုတ်ပါ၏။ မှုကွဲကျမ်းတစ်ခု၌ သက္ကရာဇ် ၁၀၉၀ ပြည့်နှစ်ဟု ဆိုထားပါ၏။

### ၂၀။ လင့်သိမ်တော်

ရွှေမင်းဝံတောင်ထက်၌ တည်ရှိသည်။ အရှင်ပညာမဉ္ဇူအရှင်မြတ်ကြီးမှ သက္ကရာဇ် ၁၀၄၁ ခုနှစ်တွင် သိမ်သမုတ်ပါ၏။

### ၂၁။ မရကန်သိမ်

မင်းဝံတောင် မြောက်စွန်းတွင် တည်ရှိ၏။ အရှင်ပညာမဉ္ဇူ အရှင်မြတ်ကြီးမှ သက္ကရာဇ် ၁၀၈၀ ပြည့်နှစ်တွင် သိမ်သမုတ်ပါသည်။

### ၂၂။ ရှမ်းသိမ်တော်

ငါးထပ်ကြီးဘုရား အနောက်ဘက်တွင် တည်ရှိ၏။ ဝေဠုဝ[illegible] ဘုရားဒါယကာ ပင်းတလဲမင်း[illegible] ကုသိုလ်တော် ဖြစ်၏။ သက္ကရာဇ် ၁၀၈၁ ခုနှစ်တွင် မဟာဘုံသာ ဆရာတော်မှ သိမ်သမုတ်ပါသည်။

### ၂၃။ ဘီလူးကန်သိမ်

''အရပ်ာသိမ်တော်ကြီး'' ဟု[illegible] အမည်သစ်တွင်နေပါ၏။ ရွှေမင်းဝံ[illegible] ရပ်ကွက် ရှေးဟောင်းစေတီတော်[illegible] များ အုပ်စုဝင် ဖြစ်၏။ သက္ကရာဇ် ၁၀၈၂ ခုနှစ်တွင် ကြက်သွန်း[illegible] ဆရာတော် ရှင်ဂုဏာကိတ္တိမထေ[illegible] သိမ်သမုတ်၏။

### ၂၄။ လက်ရောက်သိမ်

''လဲလျောင်းသိမ်'' ဟု[illegible] အဆိုရှိပါ၏။ ရွာထောင်နှင့် [illegible] အနီး တည်ရှိပါ၏။ အရှင်ပည[illegible] မထေရ်မှ သက္ကရာဇ် ၁၀၈၃ [illegible] တွင် သိမ်သမုတ်ပါသည်။

### ၂၅။ ကျိုက်ပဒိုင်းသိမ်

ရှင်ပင်နံ့ကိုင်း တောင်[illegible]

(စာမျက်နှာ (၁၁၁)



ကသာ သင်းမြွှေ

၁၃၈၀ ပြည့်နှစ်အတွက်

# ရေကိန်းနှင့် ကုန်ဈေးအဟော



စာရေးသူသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **''ကုန်ဈေးကောင်းမှာ တွက်ကြည့်ပါ''**ဟူ၍ ၂၀၀၅ [illegible]၊ နိုဝင်ဘာလထုတ်၌ လည်းကောင်း၊ **''ရေကန်း [illegible]ကိန်းနည်း''**ဟူ၍ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ၌ [illegible]လည်းကောင်း၊ **''၁၃၇၅ ခုနှစ်အတွက် ရေကိန်းညို [illegible]''**ဟူ၍ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၌ လည်းကောင်း [illegible]သားခဲ့ပြီး ဖြစ်ပါသည်။

[illegible] မရေးဖြစ်ခဲ့သည်မှာ မြန်မာနိုင်ငံတွင် သစ် [illegible](၅၀)ရာခိုင်နှုန်းတောင် မရှိတော့ကြောင်း [illegible]၊ ဂျာနယ်များတွင် ဖတ်ရသည့်အတွက် လည်း [illegible]။ ကမ္ဘာကြီးသည် တစ်နှစ်ထက်တစ်နှစ် ပူနွေး [illegible]နေသည်ဟု ဖတ်ရသည်ကြောင့်လည်းကောင်း… [illegible] အနုမြူပုံးများ အကြိမ်ကြိမ် စမ်းသပ်နေကြခြင်း [illegible]လည်းကောင်း၊ နက္ခတ်တာရာ ဂြိုဟ်နေဂြိုဟ် [illegible] ပြောင်းလဲနေသည့်အလျောက် ရာသီဥတုတွေ [illegible] ပြောင်းလဲနေမည်ဟု ယူဆမိ၍ လည်းကောင်း [illegible] မရေးဖြစ်ခဲ့ပါ။

[illegible] ရေးသားလိုစိတ် ဖြစ်ပေါ်လာသည်မှာ **မကြာမီ [illegible] ကွယ်လွန်သွားသော ဦးအောင်မြင့်(မြင့်ဟိန်း [illegible]–ကသာမြေ)**အကြောင်းကို ဦးသာဒွေး(သာဂဒူး– [illegible]မြေ)နှင့် စာရေးသူတို့ သတိရပြီး စပ်မိစပ်ရာ [illegible]ခင်းမှ ရေကိန်းတွက်နည်းအကြောင်း ရောက် [illegible]သည်။

[illegible]ဟိန်းကျော်(ကသာမြေ)သည်လည်း နက္ခတ္တ [illegible]မဂ္ဂဇင်းတွင် ရေကိန်းတွက်နည်းကို ရေးခဲ့ပါ [illegible]

[illegible]ဟိန်းကျော်(ကသာမြေ)က (၁၂)ရာသီခွင်ကို နာရီခွင်ကို နာရီလက်တံ သွားရာအတိုင်း လှည့်ထားပါသည်။

သို့ဖြစ်၍ ဤကဲ့သို့ လှည့်သည်ကို မတွေ့ဘူးကြောင်း၊ စာရေးသူကိုယ်တိုင် ဝါသနာအရ ဗေဒင်ပညာကို လေ့လာရာ (၁၂)ရာသီခွင်ကို နာရီလက်တံပြောင်းပြန် လှည့်သည်သာဖြစ်ကြောင်း ပြောခဲ့ပါသည်။

မြင့်ဟိန်းကျော်(ကသာမြေ)ကလည်း သူ့အား **ဦးသာဒွေး(သာကဒူး–ကသာမြေ)**က ပြောပြသည့်အတိုင်း ရေးခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

ထိုစဉ်က ဦးသာဒွေးနှင့် မရင်းနှီးသေးပါ။ ဦးသာဒွေးကိုလည်း မမေးဖြစ်ပါ။ ဦးသာဒွေး၏ နည်းက ''တစ်မျိုးကြီးပါလား''ဟူ၍သာ စိတ်ထဲ ထားလိုက်ပါသည်။

ယခု ထိုအကြောင်း ပြောမိကြရာမှ ဦးသာဒွေးအား **၁၃၈၀ ပြည့်နှစ်အတွက် ရေကိန်းချသည်ကို စာဆိုနှင့်တကွ ချနိုင်းရာ** အောက်ပါအတိုင်း ချပြပါသည်။

**ချနည်း အဆိုမှာ…**

"ကော့ရှာသား မြစ်နားလယ်၈"

ဟု ဖြစ်ပြီး **''မိဿရာသီခွင်''**မှစ၍ **၁၃၈၀ ပြည့်နှစ် နှစ်ဆန်း(၁)ရက်နေ့သည် အင်္ဂါ**ဖြစ်သဖြင့် **''စကော်**





www.burmeseclassic.com


www.burmeseclassic.com

**ရွာသား မြစ်နားလမ်း**''ဟူ၍ နာရီလက်တံ လှည့်သည့် အတိုင်း လှည့်ထားပါသည်။

* * *




ဦးသာဒွေး၏ ၁၂ ရာသီလှည့်ပုံ






ဦးသာဒွေးကိုယ်တိုင် ချပြထားပုံ

စာရေးသူ၏ ရေကိန်းချနည်းအဆိုမှာ ''**ဇက်ရွာသား မြစ်နားရေစဝ်**''ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူက ''**ရေစဝ်**''ဟုဆုံးပြီး... ဦးသာဒွေးက ''**လမ်းစ**''ဟု ဆုံးပါသည်။

ဂဏန်းမှကြည့်လျှင် ''၁၊ ၂၊ ၄၊ ၆၊ ၅၊ ၇၊ ၄၊ ၃'' ဟု အတူတူသာဖြစ်ပြီး **ဘယ်ရစ်,ညာရစ်သာ** ကွာပါသည်။ စာရေးသူ၏နည်းအရ ၁၃၈၀ ပြည့်နှစ်အတွက် ရေကိန်းကို အောက်ပါအတိုင်း ချပြပါသည်။

* * *




'အခု ခင်ဗျားရဲ့ အလှည့်နည်းနဲ့ချချ... ကျွန်တော့်နည်းနဲ့ ချချ... **ဝါဆိုလ,တန်ဆောင်မုန်းလတွေမှာ** ဗုဒ္ဓဟူးနံ သုံးကြိမ် ထပ်နေတာပဲ ဟုတ်လား။

ဒါကြောင့် ဝါဆိုလ,တန်ဆောင်မုန်းလ,တပေါင်းလတွေမှာ ရေကြီးကိန်းရှိတာသေချာတယ်။

ဝါဆိုလဆိုတာက မိုးတွင်းမို့ ရေကြီးကိန်းရှိတာ မဆန်းပေမယ့် တန်ဆောင်မုန်းလနဲ့ တပေါင်းလတွေမှာ ရေကြီးကိန်း ရှိနေတာကိုတော့ သတိထားရလိမ့်မယ်'

ဟု စာရေးသူက ပြောလိုက်ပါသည်။

'ဟုတ်တယ်... တန်ဆောင်မုန်းဆိုတာ (၄)နှစ်တစ်ကြိမ်၊ (၅)နှစ်တစ်ကြိမ် ဆိုသလို ရေကြီးတတ်တယ်။

တပေါင်းလဆိုတာတော့ ကျွန်တော်တို့ဒေသမှာ တပေါင်းလမှာ သောင်ရေဆေးလို့ ခေါ်တဲ့ **ရွှေကူမြို့နားက ကျွန်းတော်ဘုရားပွဲအပြီး သောင်ပြင်မြုပ်အောင် တိုးတဲ့ရေ** ရှိတယ်။

ဒါကြောင့် တပေါင်းလမှာ ရေခဲတောင်က ရေခဲတွေ အရည်ပျော်ကျပြီး ရေတိုးတာပါ။

ပြီးတော့ အတိုးများရင် ကမ်းနား၊ သောင်စပ်တွေမှာ စိုက်ထားတဲ့ မြေပဲခင်းတွေ ရေမြုပ်ပြီး ပျက်စီးတတ်တယ်'

ဟု ဦးသာဒွေးက ပြောပါသည်။

'တန်ဆောင်မုန်းရေလဲ ကြောက်ရတယ်။ သာမန်လောက်တိုးရင် ကိစ္စမရှိပေမယ့် တန်ဆောင်မုန်း တစ်လတည်းမှာ ရေနှစ်ခါတိုးလို့ ပဲခင်း,စပါးခင်း(ကောက်ကြီးစပါးခင်း)တွေ ပျက်တာ ကြုံဖူးတယ်။

ပြီးတော့ တန်ဆောင်မုန်းလမှာ စပါးရိတ်ကြရတယ်။ မိုးများရင် ကောက်လှိုင်းတွေ မိုးမိလို့ စပါးတွေ ပျက်တာလဲ ကြုံဖူး ကြားဖူးတယ်'

ဟု စာရေးသူက ပြောပြန်ပါသည်။

'ဟုတ်တာပေါ့ဗျာ... ''**တန်ဆောင်မုန်းရေချက်မျိုး တစ်လမျက်တောင် မကျန်ဘူး**''လို့ စာဆို ရှိခဲ့တယ်'

ဟု ဦးသာဒွေးက ထောက်ခံပါသည်။

'တစ်လမျက်ဆိုလို့...အဲဒီ မြန်မာ အခြင်အတွယ်တောင် မေ့နေပြီ။ ခင်ဗျား ရသေးလား'

ဟု စာရေးသူက မေးလိုက်ပါသည်။

'ဟုတ်ကဲ့ ရွတ်ကြည့်လိုက်ပါဦးမယ်'

ဟု ပြောကာ ရွတ်ပြပါသည်။

'နှစ်လမြူ - တစ်လမျက်
နှစ်လမျက် - တစ်စလယ်
နှစ်စလယ် - တစ်ခွက်
နှစ်ခွက် - တစ်ပြည်
လေးပြည် - တစ်စိတ်
နှစ်စိတ် - တစ်ခွဲ
နှစ်ခွဲ - တစ်တင်း'

'**နို့ဆီ(၁)ဘူးဟာ တစ်စလယ်** ဖြစ်မှာပေါ့။ နို့ဆီဘူး (၈)လုံးကို (၁)ပြည်လို့ သိထားတာကိုး။ ခုတော့ နို့ဆီဘူးတွေဟာ ဟိုတုန်းကလို မဟုတ်တော့ဘူး။ ငယ်ကုန်ပြီ။ ပြီးတော့ (၄)ပြည် တစ်စိတ်လို့ ဆိုထားတယ်။ (၂)ပြည်ကျတော့ ဘယ်လိုခေါ်မလဲ'

ဟု စာရေးသူက မေးပါသည်။

'ဒါတော့...ကျွန်တော်လဲ မသိဘူး'

ဟု ဦးသာဒွေးက ဖြေပါသည်။

ယနေ့ခေတ် လူငယ်များသည် မြန်မာ အခြင်အတွယ်ကို သိကြတော့မည် မဟုတ်ပါ။ ပေါင်, အောင်စ, ကီလို စသည်တို့သာ အသုံးများသည်ဖြစ်၍ လမြူ,လမျက်, စလယ် စသည်ကို ကြားရုံမျှပင် ကြားဖူးကြမည် မဟုတ်ပါ။

'နောက်ထပ်ကော ရေကိန်းကို ဘယ်လို ပြောဦးမလဲ'

ဟု စာရေးသူက မေးလိုက်ပါသည်။ ဦးသာဒွေးသည် ကောင်ပေဟာ မစားသော်လည်း စာရေးသူထက် တတ်သိသူ ဖြစ်ပါသည်။ ထို့ကြောင့် မေးရခြင်း ဖြစ်ပါသည်။

'ကျွန်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးထားတဲ့ စာအုပ်တွေရှိတယ်။ အိမ်ပေါ် တက်ယူလိုက်ဦးမယ်။ စောင့်ဦး'

ဟု ပြောကာ စာရေးသူသည် အိမ်ပေါ်တက်သွားပြီး စာရေးသူ ရေကိန်းနှင့် ပတ်သက်၍ ရေးသားထားသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာအုပ်များကို ယူပါသည်။

'ဟောဒီ နှစ်အုပ်ထဲမှာ ပါတယ်။ ၂၀၀၇ ခုနှစ်ထုတ်မှာ ရေကိန်းတွက်နည်းပါတဲ့ စာအုပ်က အလွယ်တကူ မတွေ့လို့ မယူခဲ့ဘူး'

ဟု စာရေးသူက ပြောပြီး ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို လှန်ပြပြီး ဖတ်ပြပါသည်။

'ဗုဒ္ဓဟူးနံ သုံးလုံးထပ်သော လများတွင် မိုးများမည်၊ ရေကြီးမည်ဟု အတိအကျ မဟောနိုင်ပါ။ လဆန်း(၁)ရက်သည် ပြဿဒါးကျခြင်း၊ ကမ္ဘာပျက်ရက်ကျခြင်း၊ သမားဖြုရက်ပုပ်ကျခြင်း၊ မဟာဘုတ်ကိန်းတို့၏ ထက်လယ်အောက် ကျခြင်းတို့နှင့် တိုက်ဆိုင်မှသာ ပို၍ မှန်ကန်ပါသည်။

ထိုနှစ် ခုနှစ်သည် ဝါကြီးထပ်သောနှစ် ဖြစ်၍လည်းကောင်း၊ ဝါဆိုလကွယ်ရာသီခွင်တွင် ဗုဒ္ဓဟူးနံ သုံးလုံး မထပ်ပါ။ ပထမဝါဆို လဆန်း(၁)ရက်သည် ကြာသပတေးဖြစ်၍ လဆောက်သင့်ရက်၊ ဘီလူးတာနောရက်၊ မဟာရက်ကြမ်းနှင့် ကြုံပါသည်။

ထိုအတူ ဒုတိယဝါဆိုဆန်း(၁)ရက်သည် စနေဖြစ်၍ သေလုပ်ရက်၊ ဘီလူးတာနောရက်၊ သမားဖြုရက်တို့နှင့် ကြုံပါသည်။ ထို့ကြောင့် လအလိုကြမ်းသောလ ဖြစ်နေပါသည်။ ထို့ကြောင့် ယခင်နှစ်များနှင့်မတူ ရေကြီးခဲ့ပါသည်'

ဟူ၍ ပါရှိပါသည်။

ရောက်ရှိသောနှစ်၏ မဟာဘုတ်ကိန်းကိုလည်း ကြည့်ရပါဦးမည်။

မဟာဘုတ်ကိန်းတွင် **ပုတိ၊ ဘင်္ဂ၊ မရဏ**တွင် ပါရှိသော နံသင့်အရကောင်း၏/မကောင်း၏ကို ဆုံးဖြတ်ရပါမည်။ **၁၃၈၀ ပြည့်နှစ်အတွက် မဟာဘုတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

* * *

| | | |
|---|---|---|
| | ၅ | |
| ၇ | ၃ | ၆ |
| ၄ | ၁ | ၂ |

၁၃၈၀ ပြည့်နှစ် မဟာဘုတ်

**တနင်္ဂနွေ, တနင်္လာ, ဗုဒ္ဓဟူး** နံများသည် အောက်တန်းရောက်နေကြသည်။ ကြာသပတေးနံသည် အဓိပတိတွင် ရှိ၍... အင်္ဂါနံသည် သိုက်တွင် ရှိပါသည်။

ထို့ကြောင့် **၁၃၈၀ ပြည့်နှစ်တွင်** ယခင်နှစ်များထက် ရေကြီးနိုင်မည်ဟု မှန်းဆရပါသည်။ အထူးဖြင့် ဗုဒ္ဓဟူးနံသည် မရဏအိမ်တွင်ရှိ၍ ပျက်ကိန်းရှိသည်။

၁၃၈၀ ပြည့်နှစ်အတွက် မဟာဘုတ်ကိန်းကို ချပြပြီး ဖြစ်၍...

'ယခုနှစ် ၁၃၈၀ ပြည့်နှစ်တွင် ရေကြီးနိုင်တယ်ဗျ'

ဟု စာရေးသူက ဦးသာဒွေးအား ပြောပြီး...

'ဒါပေမယ့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်နယ်က ကမ်းနီကျေးရွာ မြောက်ကျောင်းဆရာတော်ရဲ့နည်းကလဲ ရှိသေးတယ်ဗျ။ 'ယခင်နှစ် ၁၃၇၉ ခုနှစ် တပို့တွဲလဆန်း(၁)ရက်နေ့ရဲ့ နံသင့်ကို နွားကိုယ်ကောင်မှာ ကြည့်ပြီးမှ ဟောရမှာပါ'

ဟု စာရေးသူကပြောပြီး **၁၃၇၉ ခုနှစ်၊ တပို့တွဲ လဆန်း(၁)ရက်နေ့ကို** ရှာကြည့်ပါသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၁၇)ရက်နေ့ ကျရောက်ပါသည်။ ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည်။

နွား၏ ကိုယ်မှာ ကြည့်ရာ မြီးထူးနေရောင် ရှိပါသည်။ ထို့ကြောင့် ရေ အလွန်အမင်း မကြီးနိုင်ဟု ပြောရပါလိမ့်





www.burmeseclassic.com

www.burmeseclassic.com

မည်။ နွားပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* * *




**နွား၏ ကိုယ်ပေါ်ရှိ နံသင့်အကွက်ရာများမှာ...**

၁။ ခွာဆစ်
၂။ ဒူးဆစ်
၃။ သိုပတ်
၄။ မြီးထူး
၅။ ကျောရိုး
၆။ လပို့
၇။ ဦးချို

'နွားပုံအရ ပြောရရင် ၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း (၁)ရက် ဗုဒ္ဓဟူးနေ့ နံသင့်(၄)ဟာ နွားရဲ့ မြီးထူးနေရာမှာ ရှိတာကြောင့် အလယ်အလတ်လောက်သာ ကြီးမယ့်သဘော ရှိတယ်။

ကသာခရိုင်(စစ်ကိုင်းတိုင်းဒေသကြီး)၊ ထီးချိုင့်မြို့နယ် တည်တောဆရာတော် **အရှင်ဒေဝိန္ဒ(ထီးချိုင့်နတ်စိုး)** ရေးတဲ့ **"ဗုဒ္ဓဘာသာမူလသင်ခန်းစာနှင့် လောကီမှတ်ဖွယ်အသွယ်သွယ်များ"**စာအုပ်ထဲမှာ...

"နှစ်ဆန်းရက်တွင်၊ နဂါးဆင်၊ ကြံလျှင် မိုးမကောင်း။
ဥယ်ဒ်အန္တရာယ် အသွယ်သွယ်၊ ပြည်နယ် များတက်ကြောင်း။
ကြွက်နှင့် ဂဠုန်၊ နှစ်ဆန်းကြုံ၊ သုံးပုံ ရွှေမိုးကောင်း၊
ဥပဒ်ကင်းစင်၊ သာစည်ပင်၊ ပြည်ခွင် အေးငြိမ်းကြောင်း။
နှစ်ဆန်းရက်ဦး၊ ကားနှင့်ပူး၊ မိုးဦးမိုးနှောင်းကောင်း။
ခြင်္သေ့ကြုံသော်၊ အလယ်မျှော်၊ မပျော် မိုးဦးရှောင်"

လို့လဲ ရှိထားပြန်တယ်။ ဒါကြောင့် **၁၃၈၀ ပြည့်နှစ်မှာ မိုးမကောင်းဘူးလို့ ယုံရမလို ဖြစ်နေပြန်တယ်'**

ဟု စာရေးသူက ဦးသာဒွေးအား ရှည်လျားစွာ ပြောလိုက်ပါသည်။

'သူ့လနဲ့သူ မိုးရွာများမယ်။ ရေတော့ အလွန်အပ[illegible] မကြီးနိုင်ဘူးပေါ့။ ဗုဒ္ဓဟူးနံသင့်(၄)က ရေကိန်း ဖြစ်[illegible] မယ့် ရေဆိုတာလဲ မိုးရွာမှရတာ။ ဒါကြောင့် [illegible] ကြီး,မကြီးဆိုတာ မိုးများ,မများနဲ့ ဆိုင်တယ်လေ'

ဟု ဦးသာဒွေးက ပြောပါသည်။

'ဟုတ်တာပေါ့... လစဉ်အလိုက် မိုးများမယ်၊ [illegible] မယ် ဆိုတာက လဆန်း(၃)ရက်နေ့ရဲ့ လခြမ်းကွေးကွေး[illegible] လေးကို ကြည့်ရမယ်။ **ပစောက်လို/ရေခွက်လို ဖြစ်[illegible] ရင် အဲဒီလမှာ မိုးမရွာဘူး။ နည်းနည်းစောင်း[illegible] စောင်းသလို ရေကျမယ်။**

အစောင်းများရင် **ရေများများကျမယ်။ မိုးများမျ[illegible] ရွာမယ်ပေါ့။** ဒီနည်းကိုလဲ ၂၀၁၁ ခုနှစ်၊ ဖွန်လ[illegible] နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ပါပြီးဖြစ်ပါတယ်'

ဟု စာရေးသူက တစ်လချင်းအလိုက်လည်း မိုးကိ[illegible] ရေကိန်းကို ခန့်မှန်းနိုင်ကြောင်း ပြောပါသည်။

ဦးသာဒွေးက ဆက်ပြန်သည်မှာ...

'တိရစ္ဆာန်တွေရဲ့ သဘာဝတွေကို ကြည့်ပြီးလဲ ပြောနိုင်[illegible] ဥပမာ မြစ်ထဲက လင်းပိုင်တွေ ဆန်တက်ရင် ရေကြီးတော့[illegible] စုန်ဆင်းရင် ရေကျတော့မယ်။ ဒီလိုပဲ ယာစ်ကောင်တွေ [illegible] ကြောင်းအတိုင်း ဆန်တက်ပုံပြီး အော်ဟစ်ရင် မိုးလာတော့[illegible] ရေကြီးတော့မယ်။

မြစ်ကြောင်းအတိုင်း စုန်ပြီး ပုံရင်း အော်သွားကြရင် ရေကျ[illegible] မယ်လို့ အင်းသမားတွေက သင်္ကေတ ထားကြတယ်။ ဒါ[illegible] ဟာစ်ကောင်ကို "အင်းသူကြီးသမက်"လို့ တင်စားခေါ်ကြ[illegible]

ဟု ပြောပြီး...

'တိရစ္ဆာန်တွေရဲ့ သဘာဝ၊ သစ်ပင်တွေရဲ့ သ[illegible] တွေကို ကြည့်ပြီး မိုးများ,မများ ရေကြီး,မကြီး ပြေ[illegible] သင်္ကေတထားကြတာတွေကို လေ့လာလို့[illegible] မကုန်နိုင်ပါဘူး'

ဟု ဦးသာဒွေးက ဆက်ပြီးပြောပါသည်။

'မိုးများရင် ရေကြီးမယ်။ တပေါင်းအခါလို [illegible] အပူကြောင့် ရေခဲတောင်က အရည်တွေ ပျော်[illegible] ရေကြီးမယ်။ ဒါတွေဟာလဲ ထွက်ကုန်သီးနှံ [illegible] ရှားခြင်းနဲ့ ဆက်နွယ်နေတယ်။ ထွက်ကုန်ပေါရင် [illegible] မယ်။ ထွက်ကုန်ကျရင် ဈေးကြီးလာမယ်။ ဒါ[illegible] ရာသီဥတုပေါ်မှာလဲ မူတည်နေတာပေါ့'

ဟု စာရေးသူက ပြောပါသည်။

'ဟုတ်တာပေါ့ဗျာ...တစ်ခါတုန်းက ကျွန်တော့်တူမကို ဒီနှစ် တန်ဆောင်မုန်းမှာ ရေကြီးနိုင်တယ်။ ရေကြီးမယ်ဆိုရင် မိုးများမယ်လေ...ဒါကြောင့် စပါးဈေးတွေ၊ ဆန်ဈေးတွေ တက်လိမ့်မယ်။ တောင်သူတွေရဲ့ စိုက်ပျိုးစပါးပင်တွေ ပျက်စီးတတ်တယ်။ ဒါကြောင့် နင်တို့ ပွဲစားတွေ ပဲမျိုးစုံ လှောင်ထားကြလို့ ပြောတာကို လေးလေးကလဲ မိုးများတာနဲ့ပဲ ဈေးတွေတက်တာနဲ့ မဆိုင်ပါဘူးလို့ ပြောတာ။

ကျွန်တော် ပြောတဲ့အတိုင်း အဲဒီနှစ်မှာ မြေပဲခင်း၊ မြေထောက်ပဲခင်းတွေ ပျက်လို့ နောက်ထပ် စိုက်စရာမျိုးတောင် ရှာမရ ဖြစ်သွားတယ်'

ဟု ဦးသာဒွေးက သူ၏ အံတွေ့အကြုံကို ပြောပြပါသည်။

'ကုန်ဈေးနှုန်း တက်တာ/ကျတာက ထွက်ကုန်သီးနှံပေါ်တာနဲ့ အထွက်နည်းတာပေါ်မှာလဲ တည်တယ်။ ဆရာသုတရဲ့ဟောနည်း**လေးကိုလဲ ပြောချင်တယ်။ **"ဦးစံပ၊ သာလှထော်၊ တော်ဝင်ဆေး၊ မွေးသင်းကြူ"** ဆိုတဲ့ စာဆိုအတိုင်း ပြိဿရာသီ(ကဆုန်လ)က စပြီး ရေမယ်။ တနင်္ဂနွေဂြိုဟ်မင်းဟာ တစ်ရာသီမှာ တစ်လ နေတယ်။

တနင်္ဂနွေ ရောက်ရှိနေတဲ့ ရာသီခွင်မှာ သက်ဆိုင်ရာ [illegible]င့်အကွက်ရာရှိရင် နံသင့်နဲ့ဆိုင်တဲ့ ကုန်ပစ္စည်းပေါ်မယ် [illegible]ပေါ့ဗျာ'

ဟု ပြောပြီး **၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**တွင် စာရေးသူ ရေးထား[illegible] **"ကုန်ဈေးကောင်းမှာ တွက်ကြည့်ပါ"** ဆောင်းပါးကို လှန်ပြပါသည်။

ဆရာသုတ၏ နည်းအရ ရာသီခွင် ချပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* * * ————————————

တနင်္ဂနွေဂြိုဟ်မင်းသည် နယုန်လနှင့် ပြာသိုလများ [illegible] ရောက်နေပါက စပါးဈေး/ဆန်ဈေး ကောင်းမည် ဖြစ်ပါသည်။ ဒါကလည်း ပုံသေနည်းလို ဖြစ်နေပါသည်။

သို့သော် ဤဆောင်းပါးတွင် ဖော်ပြခဲ့သည်မှာ **၁၃၈၀ ပြည့်နှစ်အတွက် မဟာဘုတ်မှာ သိုက်တွင် အင်္ဂါနံ(၃)ရှိပါသည်။** ထို့ကြောင့် ဆန်စပါး ပေါများမည် ဖြစ်ပါသည်။ ဆန်စပါး/စပါးဈေး မကြီးနိုင်ဟု ယူဆပါသည်။

ကသာမြို့နယ် စာရေးဆရာအသင်းဝင်တစ်ဦး ဖြစ်သော ဦးအောင်မြင့်(မြင့်ဟိန်းကျော်-ကသာမြေ) မကြာမီက ကွယ်လွန်သွားသည်ကို သတိတရပြောကြရင်း ဦးသာဒွေး(သာဂဒူး-ကသာမြေ)နှင့် ရေကိန်းအဟော အကြောင်း ရောက်သွားပါသည်။

စာရေးသူနှင့် ဦးသာဒွေးတို့ အချီအချ ပြောကြသည်ကို ပြန်လည်၍ စာစီပြခြင်း ဖြစ်ပါသည်။


စာရေးသူသည် တတ်သိနားလည်သူ လူတတ်ကြီး တစ်ယောက် မဟုတ်ပါ။ စာရေးသူ၏ အစ်ကိုဝမ်းကွဲတော်သူက ရေကိန်းတွက်နည်း ပြောပြထားခဲ့သည်ကို ပြန်လည်ရေးပြခြင်းနှင့် မှတ်သားစုဆောင်းထားသည်တို့ကို စုစည်းဖော်ပြခြင်း ဖြစ်ပါသည်။


ရာသီဥတုအခြေအနေတို့ကို ကြိုတင် ခန့်မှန်းသိရှိခြင်းဖြင့် ကာကွယ်ထားခြင်း၊ ရှောင်ရှားထားခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

ထို့ကြောင့် စာရေးသူ ရေးသားထားသည်တို့ကို ဖတ်ပြီး သိရခြင်းအား လိုအပ်သလို ဆောင်ရွက်နိုင်ကြပါစေ၊ ရာသီဥတုဘေးရန် ကင်း၍ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်ကြပါစေ။

***ကောင်းမှုတစ်ခု နေ့စဉ် ပြုနိုင်ကြပါစေ။***

**ကသာ သင်းမွေး**



www.burmeseclassic.com

# ထိသလောက်ထွန်း

ကရင်ရိုးရာ ဆေးနွယ်ပင်

မြန်မာနိုင်ငံမှာ "**ကုလားမျက်စိ**" လို့ ခေါ်တဲ့ ဆေးပင် မျိုးစိတ်(၃)မျိုးရှိကြောင်း သိရတယ်။ အဲဒီထဲက မျိုးစိတ် (၁)မျိုး ဖြစ်ပါတယ်။

ကုလားမျက်စိပင်အောက်ကြီး မျိုးရှိသလို နွယ်ပင်မျိုးလဲ ရှိပါတယ်။

နွယ်ပင်အမျိုးအစားမှာ တစ်မျိုးက အရွက်လက်ချား ပုံနဲ့ ညောင်ရွက်ပုံဆိုပြီး နှစ်မျိုးရှိတယ်။ အသီးပုံသဏ္ဍာန် က တူပါတယ်။ ဒီအပင်က ညောင်ရွက်ပုံတူတဲ့ အမျိုးပါ။ အစိမ်းရောင်အရွက်ပျော့ဖြစ်ပါတယ်။

အကိုင်းဟာ နွယ်ပျော့ ဖြစ်ပါတယ်။ အမွေးနုလေးတွေ ဖုံးအုပ်နေပါတယ်။ နာမောင်းနဲ့ နွယ်တက်တတ်တဲ့ နွယ်ပင်မျိုး ဖြစ်ပါတယ်။ အသီးကို လက်နဲ့ ဖျစ်လိုက်ရင် အသံမြည်ပါတယ်။

ဒါကြောင့် ဖောင်ဖောင်သီးလို့လဲ ဒေသအခေါ်ရှိပါ သေးတယ်။

မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှာ ပေါက်နိုင်ပါတယ်။ အထူးသဖြင့် ကရင်ပြည်နယ်မှာ ပေါများပါတယ်။

တောင်ကုန်းတောင်စောင်းတွေမှာ နီးရာ သစ်ပင်တွေ အပေါ် နွယ်တက်နေတတ်တယ်။ ရန်ကုန်မြို့မှာတော့ **ရွှေပြည်သာဘက်မှာ တွေ့ရတယ်။ သာခုကန်ဘုရား ကုန်းမှာ** မိုးတွင်းအခါဆိုရင် ပေါပေါများများတွေ့ရတယ်။

ဆောင်းရာသီနဲ့ နွေရာသီမှာ ဆိုရင် တောချုံနွယ်တွေ ခုတ်ထွင်ရှင်းလင်းထားလို့ သိပ်မတွေ့ရဘူး။ အပင် ပေါက်ကာစလေးတွေပဲ တွေ့မြင်ရပါတယ်။

ကရင်ပြည်နယ်မှာဆိုရင် သူ့ကို ပြုတ်ပြီး တို့စရာ လုပ်စားတယ်။ ဟင်းချိုလဲ ချက်ပါတယ်။ သူ့အာနိသင် က ဆီးရွှင်ပါတယ်။ ဝမ်းလဲ ပျော့ပါတယ်။ ထမင်းမြိန်ပြီး အစာကြေပါတယ်။ ပြီးတော့ အမျိုးသမီးများ ဓမ္မတာ မှန်စေပါတယ်။

ရာသီထိန်နေတဲ့အခါ အရွက်တို့ကို ဆီနဲ့ကြော်ပြီး ဆီးစပ်မှာ အုံပေးရတယ်။ အရွက်တွေကို ပွတ်ခြေပြီး



ထိသလောက်ထွန်း ကရင်ရိုးရာ ဆေးနွယ်ပင်

စူးရှရှရနံ့ကို ရှူပေးရင် ခေါင်းကိုက်ပျောက်ပါတယ်။

အဆစ်အမြစ်တွေ ကိုက်ခဲနာကျင်ခြင်းနဲ့ ခါးနာ၊ ဒူး[illegible] တွေဖြစ်ရင် အရွက်ကို ကြက်ဆူဆီနဲ့ သုတ်လိမ်း[illegible] ကိုက်ခဲနာကျင်တဲ့ နေရာမှာ ကပ်ပေး/အုံပေးရ[illegible]

ပဒွင်းငါးပါး ပြုတ်ရည်ကို အဆုတ်ရောဂါ၊ လိပ်[illegible] ရောဂါ၊ အကြောအခြင်၊ အဆစ်အမြစ် တင်း[illegible] ကိုက်ခဲနာကျင်တဲ့ ရောဂါတွေမှာ တိုက်ကျွေးကြပါ[illegible]

"ရွှေနန်းနန်း" ကတော့ ချွေးပေါင်းအိုးထဲမှ[illegible] ထည့်ပါတယ်။ ပဒွင်းပါးကို ထုထောင်းပြီး သူ့[illegible] သက်သက် ကြပ်ထုပ်အဖြစ်လဲ သုံးပါတယ်။ [illegible] တစ်ရံ နနွင်းခါး၊ မိသလင်၊ ဆားခါးတို့နဲ့ ဖွဲ့[illegible] ကြပ်ထုပ်အဖြစ်လဲ သုံးတယ်။

အကိုက်အခဲ အနာအကျင်၊ အရောင်အရမ်း[illegible] အတွက် အစွမ်းထက်တဲ့ ကရင်ရိုးရာ ဆေးနွယ်[illegible] ဖြစ်ပါတယ်။

အရေးကြုံရင် လက်တွေ့ သုံးစွဲနိုင်ဖို့ ဖော်ထုတ်[illegible] လိုက်ပါတယ်။ ကရင်ပြည်နယ်မှာဆိုရင် ပိုး[illegible] ဘာသာစကားနဲ့ "**ထိသလောက်ထွန်း**" လို့ ခေ[illegible] အတော်များများ သိကြပါတယ်။

**ရွှေနန်းနန်း**



စာမျက်နှာ (၁၀၄)မှ အဆက်



ကျိုက်ပဒိုင်ကျောင်းအတွင်းမှ ရေသိမ်တော်

ကျိုက်ပဒိုင်ရေသိမ်တော်မှ ရေထည့် သော မြေအိုးစယ်များကို မြင်တွေ့ရပုံ



[illegible]ရပ်တွင် တည်ရှိ၏။ ဖားမဲ့ [illegible]တော်ကြီး၏တပည့် မွန်ရဟန်း [illegible] ရှုဥကိတ္တိနှင့် ရှုဥနာဂတို့ကို [illegible]ဂရတနာ သူဌေးကြီးက [illegible]ထားသော ကုသိုလ်တော် ဖြစ်[illegible]

ကျိုက်ပဒိုင် ကျောင်းတော် [illegible]တွင်၊ တောင်ဘက်အဝတွင် "[illegible]သိမ်တော်" နှင့် မြောက်ဘက် [illegible]နီး၌ "**ကုန်းသိမ်တော်**" [illegible] သိမ်သမုတ်လေသည်။

## ၂၆။ ဂုဏသာရသိမ်

[illegible]မြို့သစ် အနောက်ပိုင်း [illegible] ဓေယျာအောင်မြေ [illegible]တော်ကြီးအတွင်း တည်ရှိပါ[illegible] သက္ကရာဇ် ၁၀၉၂ ခုနှစ်တွင် [illegible]သာရ မထေရ်မြတ်က [illegible]မုတ်တော်မူသည်။

## ၂၇။ ခကြည်ဖိုက်သိမ်

[illegible] ရတနာထွတ်ခေါင် [illegible] တည်ရှိသည်။ သက္ကရာဇ် ၁၀၉၄ ခုနှစ်တွင် ရှင်သေဠဝံသ မထေရ် သိမ်သမုတ်သည်။

## ၂၈။ ဆင်ဖြူကန်သိမ်

မင်းဝံတောင် ရွှေမင်းဝံစေတီ တော် အနောက်မြောက်ဘက်တွင် တည်ရှိပါသည်။ သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် ရှင်သေဠဝံသမထေရ် သိမ်သမုတ်သည်။

## ၂၉။ စာရေးသိမ်

မင်းဝံတောင် ညောင်ပင်ကျောင်း အတွင်း တည်ရှိပါသည်။ သက္ကရာဇ် ၁၀၉၆ခုနှစ်တွင် စာရေးအနောက်ရွာ ဆရာတော်ကြီးမှ သိမ်သမုတ်ပါ သည်။

## ၃၀။ မဟာသိမ်

ငါးထပ်ကြီးဘုရား၏ အနောက် တောင်ဘက် ယွန်းယွန်းတွင် တည် ရှိသည်။ လင်းဇင်းအရပ်တွင် ခံ့ညား နိုင်မာသော သိမ်တော်ကြီးဖြစ်၏။ လင်းဇင်းရပ်မှာ ကုန်းတောင်ခေတ် ယိုးဒယားလူမျိုးများက တည်ထား သည်ဟု အဆိုရှိသည်။

လင်းဇင်းရပ်၏ အရှေ့ဖျားတွင် "**လုံပေါ**" အမည်နှင့် ဘိုးဘိုးကြီး နတ်ကွန်းရှိခဲ့လေရာ ယိုးဒယား အမည်ပါ ဘိုးဘိုးကြီးဖြစ်၏။ **ယိုးဒယားသို့ ပန်းများ**အား နေရာ ချထားရာ အရပ်ဖြစ်၏။

သိမ်တော်ကြီးအတွင်း "**နံရံ ဆေးရေးပန်းချီ**" များ ရေးခြယ် ထား၏။ ဗုဒ္ဓပုံတော်များနှင့် ပန်းနွယ် ပန်းခက်များမှာ ယိုးဒယားဟန်များ လွှမ်းနေသည်။

အချို့သော ပညာရှင်များကမူ ဒုတိယမင်းခေါင်က သက္ကရာဇ် ၈၄၆ ခုနှစ်တွင် ခိုနန်းဆရာတော်ကြီး ကို အမှူးပြု၍ သမုတ်ခဲ့ကြောင်း မှတ်ယူကြ၏။

မဟာသိမ်တော်ကြီး၏ ထူးခြား ချက်မှာ သိမ်တော်ကြီးအား မည်



www.burmeseclassic.com

www.burmeseclassic.com





◆ ရွှေသိမ်တော်ကြီးအား
တွေ့မြင်ကြည့်ရှုရ
ခါမင်းဝဲတောင်မှ
ဒါးတောင်းသိမ်တော်ကြီး ◆

သည့်ငှက်မဆို အမိုးဘုံပြာသာဒ် ပေါ်၌ နားနေဖို့ မဆိုထားနှင့် ကျော်ဖြတ် ပျံသန်းခြင်း မပြုကြပါ။

ရောဝတီမြစ်ရေကြီးချိန် ရေဝင်မြေဖြစ်သော်လည်း သိမ်အတွင်း ရေမဝင်ပါ။

စစ်ကိုင်းတောင် သာသနာတော်၌ သမိုင်းဝင် သိမ်(၃၀) ဆိုသော်လည်း သိမ်တော်များ ရာဂဏန်းထက် ပိုမိုနေပါသည်။ ချောင်ကြီးများစွာတွင် တည်ရှိတိုးတက်နေခြင်းမှာ သာသနာတော်ကြီး၏ အသီးအပွင့်များ ဝေဝေဆာဆာ ဖူးပွင့်တင့်တယ်နေခြင်းပင်ဖြစ်သည်။

သိမ်တော်ကြီးများ၏ ခုနစ်သတ္တရာဇ်များ ကွဲလွဲနေခြင်းများမှ တစ်ပါး ယနေ့ထိ ဖူးမြင်ကြည့်ညိုရခြင်းကား ရှင်အရဟံ မထေရ်မြတ်ကြီး၏ ကျေးဇူးတော် ဖြစ်ပါသည်။

စစ်ကိုင်းတစ်ခွင်နှင့် မန္တလေးတစ်ခွင်မှ သိမ်တော်ကြီးများ၏ တူညီသော ထူးခြားမှုမှာ **အရှေ့ထိတက်သိမ်, မွန်းတည့်သိမ်နှင့် နေဝင်သိမ်ဟူ၍** လည်းကောင်း၊ **ရေသိမ်ဟူ၍** လည်းကောင်း ရှိနေခြင်းပင်။

မန္တလေးမြို့၌ "**သန်းခေါင်ယံသိမ်**"ဟု သီးသန့် တည်ရှိပါသည်။

ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာတော် (၃)ရပ်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြမည့် ရဟန်းတော်များ မွေးဖွားရန် သိမ်တော်ကြီးများ မရှိမဖြစ် လိုအပ်နေမည်သာ ဖြစ်သည်။

❖ ပရိယတ္တိသည် ကန်ပေါင်နှင့် တူ၏။
❖ ပဋိပတ္တိသည် ကန်ထဲမှ ရေနှင့်တူ၏။
❖ ပဋိဝေဓသည် မဂ်ဉာဏ်ဖိုလ်ဉာဏ် တည်းဟူသော ကြာပန်းနှင့်တူ၏။


ခိုင်ခံ့သော ကန်ပေါင်အတွင်း ကြည်စင်အေးမြသော ကန်ရေ၌ လန်းဆန်းနေသော ကြာပန်းများသည် သာသနာအောင်လံပေါ်ပန်းများအဖြစ် ကမ္ဘာနှင့်အမျှ တင့်တယ်နေပါစေ။

*အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ။*

| |
|---|
| အောင်ရွှေမြတ်<br>*(စစ်ကိုင်းတောင်)* |

အကိုးအကား
✪ သုဓောဓာရုံ ဆရာတော်ကြီး၏ (သိမ်–၃၀)
✪ အရှင်နန္ဒဝံသ(မြို့သာ)
✪ စစ်ကိုင်း အနှစ်(၇၀၀)
✪ မင်းညိုဗိန်၏ ဗေယျာရွှေ...
✪ မစိုးရိမ်ဆရာတော် ... သောမာဘိသရီ၏ ပေမူ။






www.burmeseclassic.com

www.burmeseclassic.com




# ဓာရကာပရိတ်၏ အသက်

မောင်ပဲဟိန်း
(အင်းတော်)

...မှတ်သုံးမိုး ကုန်သွားပြီဖြစ်သော် ...ည်း တောင်တရုတ်ပင်လယ်မှ ...ကိုက်ခတ်လာသော လေဖိအားတွေ ...ကြောင့် စာရေးသူတို့၏ မြို့ကလေး ...မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက် ...ပိုင်းဟု ပြော၍ ရသလို စစ်ကိုင်းတိုင်း ...ဒေသကြီးမြောက်ပိုင်း၊ ကချင်ပြည် ...နယ်၏ နယ်စပ်မြို့နယ်ပေမို့ မိုးရွာ ...မှ ရှိပါသည်။


ကချင်ပြည်နယ်ဟု မိုးလေဝသ ...ဌာနမှ ကြေညာလျှင်လည်း ...တော်မြို့ကလေးက ရွာလေ့ ...ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသ ...အထက်ပိုင်းဟူ၍ ခန့်မှန်းလင်း ...လျှင်လည်း နောက် နှစ်ရက်, ...ရက်ကြာတွင် ရွာတတ်ပါသည်။

...ခနေ့ ကထိန်ခင်းပြီးကာလ ...တောင်မုန်းလ အကုန် ...တော်လဆန်း ရောက်ခါနီးတွင် ...မိုးပေါက်များနှင့် ကြုံရပါသည်။

...ကျောင်းမှာ ပထဝီတွင် သင်ရစဉ် ...ပြန်ကျမိုးနှင့် တောင်တက်မိုးများ ...ရှိသည်။ ယခုဘဝက ထိုမိုးမျိုး ...ပါ။

...နေ့မှာ ပြောင်းလဲလာသော ...ရာ ရေစီးကြောင်းများ၊ ကမ္ဘာ့ ...တွင် ကမ္ဘာကြီး၏ ပူနွေးမှု ...သိပ္ပံပညာ၏ ထွန်းကားမှု ...ကျိုးများနှင့် ဘေးထွက် ...များကြောင့် ရာသီဥတု ...ပြန်မှုများနှင့် ရင်ဆိုင်နေကြ ...ကာလ ဖြစ်သည်။

...ရေးသူ အိမ်က အထွက်တွင် ...ပုပင် ရှိနေပါသေးသည်။ ...ပင် ကြည်လင်နေဆဲ။



ဖက်ဆွတ်တောင်တန်းမှ သွယ်ဆင်းလာသည့် အင်းတော်မြို့ အရှေ့ဘက်ခြမ်းက ရာဇဂြိုဟ်တောင်ထိပ်ပင် ကောင်းစွာ မြင်နေရဆဲ။

အောင်သာယာအလွန် လွယ်ကျော်ကိုအဖြတ် ပတ်၍ ဂျိုးကြာလွင်ပြင် ရောက်လုနီး အရှိန်ပြင်းစွာ ရွာချလိုက်သည့် တောင်တက်မိုးလေလား၊ ပြန်ကျမိုးလေလား မသိဝုန်းခနဲ ရွာချလိုက်ပါသည်။

သစ်အယ်ပင်အရိပ်၌ ခေတ္တရပ်လိုက်ပြီး ပါလာသည့် မိုးကာကိုခြုံပြီး ဝတ်လိုက်ပါသည်။ မြင်မြင်သမျှ တောင်နံ့ရံများ၌ပင် မိုးသည် အငြိုးဖြင့် ရွာသည်ထင့်။

မစဲလွန်းစွာ သည်းပေမယ့် နားနောင်ချောင်းရေ မတက်မီ ဆိုင်ကယ်ဖြင့် အမြန်ကလေး စီးခဲ့ရပါသည်။

ကျောင်းပေါ်မတက်ဘဲ ရန်မျိုးအောင်ဓမ္မာရုံအထိ စီးခဲ့ပါသည်။ ဆိုင်ကယ်ရပ်ပြီး ဓမ္မာရုံထဲ ပြေးဝင်လိုက်ရပါသည်။ မိုးကာချွတ်ပြီး ဘုရားကို ဦးစွာ ကန်တော့လိုက်ပြီး ဓမ္မာရုံတွင် စာဖတ်နေသော ဆရာတော်ဦးကလျာဏအား ရှိသေစွာ ဦးခိုက်ကန်တော့ပါသည်။

ဆရာတော်သည် အနားတွင် အသင့်ရှိနေသော ကျောင်းသားငယ်အား မီးဖိုထဲမှ ရေနွေးအိုးဖြင့် စားစရာပါမကျန် ယူခိုင်းလိုက်ပါသည်။ သိပ်မကြာလိုက်ပါ။

ကျောင်းသားငယ်သည် ရေနွေးကရား(မြေ)အိုးဖြင့် ယူလာခဲ့ပါသည်။ သံပန်းကန်ပြားတွင် မုန့်ဖက်ထုပ်နှင့် မုန့်ပဲဆုပ်ပါ ယူလာခဲ့သည်။

'ကိုင်း... ရေနွေးပူပူကလေး သောက်လိုက်ဦး၊ ဇာတိဖက်သွေးဆေးလေး မန်ကျည်းစေ့ နှမ်းနှံ့ သောက်လိုက်၊

www.burmeseclassic.com

ဒီမှ မိုးမိလာတဲ့အခါ နွေးသွားမယ်'

ဆရာတော် ဦးကလျာဏ ပြောသည့်အတိုင်း လက်ဖဝါးထဲ ဓာတ်ဝင်သွေးဆေး မန်ကျည်းနှစ်စေ့ခန့် ထည့်လိုက်ပြီး ပါးစပ်ထဲသို့ ပစ်သွင်းလိုက်ပြီး မြေကရားအိုးမှ ရေနွေးပူပူဖြင့် ကျိုက်ချလိုက်ရပါသည်။

မိနစ်ပိုင်းပဲ ကြာမည်။ လျင်စွာ နွေးထွေးသွားပါသည်။ မုန့်ဖက်ထုပ် တစ်ထုပ်စားပြီး မုန့်ပဲဆုပ်ကလေး ရေနွေးနှင့် မျှောချလိုက်မှ အအေး၏ ဒဏ်နှင့် ဆာလောင်မွတ်သိပ်နေသည့် အနေထားမှာ ပြေသွားပါသည်။

'အရှင်ဘုရား... ရေနွေးအိုးက မြေကရားအိုးပါလား ဘုရား'

ဆရာတော်သည် စာဖတ်နေရာမှ စာရေးသူအား ကြည့်ပြီး...

'အိမ်း... မြေဆိုတော့ ပထဝီဓာတ်ပဲ။ "ပထဝီ"ဆိုတာ ခိုင်မြဲတာပဲ။ ဒီဓာတ်ခေတ် သံတို့ ဒန်တို့ လျှပ်စစ်အိုးတို့ထက် ဘုန်းကြီးက ကြိုက်တယ်။ ဘေးမဖြစ်ဘူး။

လျှပ်စစ်နဲ့တည်တဲ့ ရေနွေးနဲ့... သဘာဝ ထင်းမီး,မီးသွေးတို့နဲ့တည်တဲ့ ရေနွေးက အပူအားက ကောင်းတယ်၊ ရောဂါကင်းတာပေါ့။

ဘုန်းကြီးတို့ ဘိုးဘွားဘီဘင် လက်ထက်က ဒီလို မြေအိုးနဲ့ချက်၊ မြေအိုးနဲ့ရေနွေးတည်၊ အဲဒီခေတ်က ဒီဘက်ခေတ်လောက် ရောဂါ မပေါဘူး'

'တင်ပါ ဘုရား'

ဆရာတော် ဦးကလျာဏ၏ ပြောပြချက်မှာလည်း ယုတ္တိရှိသည် လျှပ်စစ်အိုးနှင့်တည်သည့် ရေနွေး ပွက်ပွက်ဆူ ချပြီး ကြက်ဥ ထည့်ကြည့်ပါ။ လျင်စွာ မကျက်ပါ။ (၃)မိနစ်ချင်း မတူပါ။

ထင်းမီးနှင့်တည်ပြီး ရေနွေးအိုးထဲ ကြက်ဥထည့်သော် (၃)မိနစ်ချင်း တူသော်လည်း ကြက်ဥ အလွန်ကျက်သွားပါသည်။

ဆရာတော်ထံ လာသည့်အခါ ပညာရပ်တစ်ခု၊ ဗဟုသုတ အကြောင်းအရာများ များစွာ ရပါသည်။

ဆရာတော်ဖတ်နေသည့် စာအုပ်၏ အပြင်အဖုံးကို ဖျတ်ခနဲ ကြည့်လိုက်သည့်အခါ သိရိမင်္ဂလာ ပရိတ်တော် ဖြစ်နေပါသည်။

ဆရာတော်ထံမှ ပရိတ်တော်၏ ကောင်းကျိုးနှင့် ပတ်သက်ပြီး ရလာမည့် ဗဟုသုတအလို့ငှာ စမ်းပြီး မေးမြန်း လျှောက်တင်ကြည့်လိုက်ပါသည်။

'ဆရာတော်ဘုရား... သိရိမင်္ဂလာပရိတ်တော်ရဲ့ အကျိုးသွား တပည့်တော် သိလိုပါတယ် ဘုရား'

ဤသို့ မေးမည်ကို ကြိုသိဟန်နှင့် ဆရာတော်ဦးကလျာဏက ဤသို့ မိန့်ပါသည်။

'ပရိတ်တော်ဆိုတာ ကောင်းတာချည်းပဲ။ နတ်ပဋ္ဌာနနဲ့ ပဋ္ဌာန်းသုတ်အထိ အားလုံးဟာ အသုံးပြုတတ်ရင် ကောင်းကျိုး မင်္ဂလာ အပြားပြား ရရှိခံစားရမှာ ဖြစ်တယ် ဒကာ'

စာရေးသူ ဆရာတော်ပြောပြမည်ကို စောင့်စားငံ့လင့်လျက်ရှိရာ ဆရာတော်မှ ပြန်ပြီးချီးမြှင့်ပါသည်။

'ပရိတ်တော်တွေကတော့ ဒကာလဲ ဘာသာရေး အခမ်းအနားတွေမှာပဲ ဖြစ်ဖြစ်၊ ကုဋ္ဌမင်္ဂလာအခမ်းအနားတွေမှာ ဆရာတော်ကြီးတွေ ရွတ်ဖတ်သရဇ္ဈာယ်တာ ကြားဖူးမှာပဲ'

'တင်ပါ ဘုရား'

'ဒီတော့ ဘုန်းကြီးက ဓာရဏ ပရိတ်ရဲ့အသက်ကို ပြောမယ်။ ဓာရဏပရိတ်ရဲ့ အသက်က ဘာလဲ ဆိုတော့...

"ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု"

**အဓိပ္ပာယ်က...**

**ဗုဒ္ဓါနံ၊** ဘုရားရှင်တို့၏။ **ဇီဝိတဿ၊** အသက်တော်၏၊ **အန္တရာယော၊** အန္တရာယ်ကို၊ **ကေနစိ၊** တစ်စုံတစ်ယောက်သော သူသည်၊ **ကာတုံ၊** ပြုခြင်းငှာ။ **န သက္ကာ၊** မတတ်ကောင်းသကဲ့သို့ **တထာ၊** ထို့အတူ။ **မေ၊** ငါ၏ **အန္တရာယော၊** အန္တရာယ်ကို၊ **ကေနစိ၊** တစ်စုံတစ်ယောက်သော သူသည်၊ **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ၊** မတတ်ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

အခု ဘုန်းကြီးရွတ်ပြလိုက်တဲ့ **"ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု"**ကို ဗျူဟာမှာ တည်တောဆရာတော်ကြီး ဖြေခဲ့ဖူးတယ်။

လူတွေ ပြောနေကြတဲ့ နောင်ပွင့်မယ့်ဘုရား အရိမေတ္တေယျဘုရားဟာ အတိတ်က ဝိပါက်ကြောင့် ... ရှင်မဟာကဿပရဲ့ ရုပ်အလောင်းဟာ ဘုရားရှင်ရဲ့ လက်ဝါးတော်ပေါ်မှာ တေဇောဓာတ် လောင်ကျွမ်းမှ ... ဘုရားရှင်ဟာ ဒီမီးလောင်ဒဏ်ကို ... ကိုမှ ဟာန်ပြုမယ်ဆိုတာ ဟုတ်ပါ့မလားလို့ ပြောတော့ တည်တော ဆရာတော်ကြီး စောစောက အပိုဒ်ကို ဖြေတော်မူတယ်။

ဘုရားရှင်တော်တို့ မည်သည့်မှာ ... တစ်ဦးတစ်ယောက်၏ ပယောဂဖြင့် ... ပြုမှုနှိပ်စက်မှု ... မပြု၊ သူ့အလိုသာလျှင် ... ပြုသည်ဟု ဖြေတယ်'

စာရေးသူ သေချာစွာ နားထောင် ... နေပါသည်။ မည်သည့်အကျိုးသွား ... ရှိမည်ကို ဆက်လက်နားထောင် ... နေပါသည်။

'ဒကာလဲ ဓာရဏပရိတ်တော်တစ်ခုလုံး ... ရွတ်ဆိုပွားများဖို့ အချိန်မရရင် "ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု"ကို ... ရွတ်ပါ။ အန္တရာယ် ကင်းမယ်၊ ... ရှင်းမယ်။

... ချိုင်ရင်လဲ ဖယောင်းတိုင်အောက် ... ခုနစ်နေ့နံရေးပြီး မိမိနေ့နံကို ... ထောင်လိုက် "ဗုဒ္ဓါနံ ဇီဝိတဿ"ကို ရေးပါ။

... ဖယောင်းတိုင်ကို မိမိ ... အတိုင်း ရှုတ်ပြီး ပူဇော်ပါ၊ လွန်စွာ ... ကောင်းပါတယ်'

... ဆရာတော်ကြီး၏ နည်းကို ... ပြီး အောက်ပါအတိုင်း ... တင်ပြအပ်ပါသည်။

**... နက်ရှိုင်းသွားဆိုပါစို့** အောက် ... အတိုင်း ဖယောင်းတိုင်ကို စီရင်ပါ။

* * * ⟶

... ။ လူမှု၊ ကျန်းမာ၊ ပညာက ... ရရှိသလို သုံးစွဲနိုင်ကြောင်း ... ဦးကလျာဏက မိန့်ပါ ...


... စာရေးသူ နားနောင်ဘုန်းတော်ကြီးကျောင်းမှ အထွက်တွင် မိုင်းသုန်တောင်သည် မှုန်မှိုင်းလျက် ရှိသည်။

တောင်လုံးညိုသည်လည်း ခေါင်းငြီးခြုံနေပါသည်။ ရာသီဥတု အနေထားကြောင့် စာရေးသူသည် ဆရာတော်ဦးကလျာဏအား ရှိသေစွာ ဦးချပြီး ဆိုင်ကယ်ဖြင့် အမြန်ဆုံး ထွက်ခဲ့ပါသည်။

စက်ကုန်းအရောက်တွင် မိုးကျစပြုလာပါတော့သည်။

အာယု ဝဏ္ဏော သုခံ ဗလံ

**မောင်ဗဟိန်း(အင်းတော်)**





နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

ဖတ်ရှုလိုသူများသို့...

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လစဉ်ဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်သို့
EXPRESSဝန်ဆောင်မှု
စနစ်ဖြင့် အမြန်ဆုံး
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ငွေယူစနစ်ဖြင့်
တစ်လလျှင် ၂၈၀၀/ကျပ်
(နှစ်ထောင့်ရှစ်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လစဉ်ဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။
[မှတ်ချက် ။ ။ လေယာဉ်ပျံနှင့် ပို့ရသောဒေသများအတွက် လေယာဉ်ခကိုပို့ပေးဆောင်ရပါမည်။]

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

အမှတ် ၂၁၀-ပထမထပ်၊
၂၉-လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
၀၉-၇၇၆၃၄၄၂၈၅
၀၉-၄၄၃၂၅၇၂၂၀



F. 15B. June, 2018

www.burmeseclassic.com

မြန်မာနိုင်ငံတော်အရပ်ရပ်ရှိ အံ့ဖွယ်ထူးခြား အံ့ဖွယ်နေရာများ ဆေးဖက်ဝင် အပင်များ၏ နေရာများအကြောင်းကို နက္ခတ္တရောင်ခြည်ရသစုံမဂ္ဂဇင်းကြီးမှ ဖော်ပြပေးလျက်ရှိပါသဖြင့် ဗဟုသုတ များစွာ ရရှိ သိရှိရပါသည်။

ယခု ကျွန်တော်ကိုယ်တိုင် ရောက်ခဲ့သော ရေပူစမ်းနှင့် ရောဂါများ ပျောက်ကင်းကြပုံကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစင်မြင့်မှ ထပ်ဆင့် တင်ပြအပ်ပါသည်။

**ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့နယ်၊ ဟိုပင်အင်းတော်ကြီး ကားလမ်းကြီး ရွာသစ်ကြီးကျေးရွာမှ မြောက်၍ ဘုန်းကြီးစခန်းကျေးရွာနှင့် နှစ်မိုင်ခန့်အကွာ တောင်တန်းတွင် အဆိုပါ ရေပူစမ်းတည်ရှိပါသည်။ ဟိုပင်မြို့မှ (၆)မိုင်ခန့်သာ ဝေးပါသည်။**

ရေပူစမ်းသည် တောင်စောင်းတွင် တည်ရှိနေပြီး အလှူရှင်များမှ ရေပူရေအေး ရောစပ်၍ ရေစိမ် ရေချိုး နိုင်ရန် အမျိုးသားများသီးသန့်၊ အမျိုးသမီးများသီးသန့် ကန်များဖြင့် လှူဒါန်းထားပါသည်။

**ထိုကန်များမှ တောင်ကြားအတိုင်း ဆင်း၍ တက်သွားပါက ရေတံခွန်နှင့် စိမ့်ရေ(ရေအေး)များ ထွက်ရှိသောနေရာကို ရောက်ပါသည်။**

ရှုခင်းသာယာ လှပသော နေရာကောင်းဖြစ်ပါသည်။ ရေပူစမ်းသို့ လာရောက်သူများ တည်းခိုနိုင်ရန် ဇရပ် သုံးဆောင်လည်း ရှိပါသည်။

ရေပူစမ်းသည် လေဖြတ်သူများ၊ အရေပြားတွင် ပေါက်သော ယွဲ့၊ ဝဲယားနာများ ပျောက်ကင်းကြသည်ဟု သိရပါသည်။

လူကောင်းများ ရေပူစမ်း ရေချိုး စိမ်ပါက ညောင်းညာ ကိုက်ခဲခြင်းများ လက်တွေ့ ပျောက်ကင်းပါသည်။ တရုတ်ဝေဒနာသည်များ၊ ကချင်၊ ရဝမ်၊ လီဆူးစသော တိုင်းရင်းသား လေဖြတ်ဝေဒနာရှင်များ စားအိုးစားခွက်ဖြင့် ရက်ရှည် လာရောက်၍ ရေစိမ်ရေချိုးနေကြပါသည်။

ထိုဝေဒနာရှင်တို့၏ စောင့်ရှောက်သူများကို မေးမြန်း ကြည့်ရာ လေဖြတ်ဝေဒနာ သက်သာကြကြောင်း သိခဲ့ ရပါသည်။ အညောင်းအကိုက်နှင့် အရေပြားတွင် ဖြစ်ပေါ်သော ရောဂါများမှာ အမြန်ပျောက်ကင်းကြကြောင်း သိခဲ့ရပါသည်။

ထိုရေပူစမ်းသို့ သွားလိုလျှင် **ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့သို့ မီးရထား၊ ကားတို့ဖြင့်**



# အုံ့မှုန် ရေပူစမ်း

လမ်းညွှန်ပါရစေ

**လာရောက်နိုင်ပြီး ဟိုပင်မြို့မှ ကား၊ ဆိုင်ကယ် ကယ်ရီတို့ဖြင့် သွားရောက်နိုင်ပါသည်။** ကား... များပါ သွားလာနိုင်ပါသည်။

ထိုရေပူစမ်းကို ဆရာတော်နှင့် ဘုန်းကြီးစခန်းကျေး... တို့မှ ထိန်းသိမ်း စောင့်ရှောက်နေပါသည်။ ... တတ်စွမ်းသရွေ့ အလှူငွေ လှူဒါန်းနိုင်ပါသည်။

**ရေပူစမ်း မှလည်းထွက်ရာ ရေအိုင်တွင် ကြက်ဥ... ပလတ်စတစ် အိတ်ဖြင့် ထုတ်၍ ထည့်ထားပါက (၁၅)မိ... ခန့်တွင် ကျက်သည်ဟု ညအိပ်တည်းခို၍ ရေပူစမ်း... တစ်ဦးက ပြောပြပါသည်။**

ရေပူများကို ကန်များဖြင့် ထည့်ထားပြီး ရေ... ရောစပ်နိုင်ရန် ပိုက်လိုင်း သွယ်ပေးထားပါသည်။ ... နှစ်သက်သလို ရောစပ်အသုံးပြုနိုင်ပါသည်။

အရေပြားဝေဒနာရှင်များ၊ အညောင်းအ... အားကြီးသူများ၊ လေဖြတ်ဝေဒနာရှင်များ သွား... သင့်သော နေရာဖြစ်ကြောင်း နက္ခတ္တရောင်ခြည်... မဂ္ဂဇင်းကြီးမှတစ်ဆင့် လမ်းညွှန်အပ်ပါသည်။

ဦးမြင့်ဆွေ(မြကန်သာ)
ခင်ဦးမြို့



# ဆီးချိုသွေးချို ရောဂါရှင်များအတွက်


ဆေးဖက်ဝင် အာဟာရ Diet ဟင်းလျာ စီမံနည်းများ[၂]

မင်းသူအောင်(ပုသိမ်)

ယခင်အပတ်က ဆီးချိုသွေးချို သမားများအတွက် အခြေခံအားဖြင့် ရှောင်သင့်သော အစားအစာများနဲ့ စားသုံးရန် သင့်တော်တဲ့ အစားအစာများအကြောင်း အသေးစိတ် တင်ပြပေးခဲ့ပါတယ်။

အချို့...အချို့သော ဆီးချိုသမားများက ရောဂါကို အလွန်ဂရုစိုက်ပြီး အစားအသောက်အပေါ် စိုးရိမ်စိတ် လွန်ကဲပြီး ဟိုဟာစားလဲ ဆီးချိုတက်မှာကြောက်၊ ဒီဟာ စားလဲ ဆီးချိုတက်မှာကြောက်နဲ့...ဘာကိုမှ စားစရာ မရှိတော့တဲ့ အဖြစ်မျိုးနဲ့ ကြုံလာပါတယ်။

သို့နှင့် အာဟာရပြတ် ခံတွင်းပျက် နှုတ်မမြိန်တဲ့ အစားအစာပေါ်မှာ အစိုးရိမ် လွန်ကဲတဲ့ စိတ်ရောဂါ ရလာတတ်ကြပါတယ်။ ဒါကြောင့်...



စာရေးသူမှ ဆီးချိုရောဂါအတွက် တိကျသေချာပြီး ဆေးဖက်ဝင် အကျိုးပြု သဘာဝအစွမ်း အာနိသင်ဓာတ်များ ပါဝင်နေတဲ့ **"ဆေးဖက်ဝင် အစာအာဟာရ Diet စားဖွယ်ရာ"** တစ်မျိုးဖြစ်တဲ့ **"သင်္ဘောရွက်နဲ့ စီမံပြုလုပ်တဲ့ ဆီးချိုအတွက် Diet စားဖွယ်ရာ"** နှုတ်မြိန်စာများကို တင်ပြပေးပါမယ်။

ဆီးချိုသမားများအတွက် သင်္ဘောသီးအမှည့်က ပက်သီး သကြား အချိုဓာတ် ပါဝင်မှုများတဲ့အတွက် မသင့်တော်ပေမယ့် **သင်္ဘောသီးအစိမ်းနဲ့ သင်္ဘောရွက်ကတော့ ဆီးချိုသမားများအတွက်** လွန်စွာ ဆေးဖက်ဝင် အသုံးတည့်ပြီး အကျိုးများပါတယ်။

သင်္ဘောရွက်နဲ့ သင်္ဘောသီးအစိမ်းတို့မှာ Phytonutrients ဓာတ် ပါဝင်နေတာကြောင့် အရသာ ကဲပါတယ်။ ယင်းက သွေးတွင်း သကြားဓာတ်ကို ထိန်းညှိပေးပြီး ကိုယ်ခံအားကို ကောင်းစေပါတယ်။ ဂျပန်နိုင်ငံက သုတေသန လေ့လာတွေ့ရှိချက်အရ **သင်္ဘောရွက်က** လူ့ခန္ဓာ ကိုယ်ထဲက သွေးတွင်း သကြားဓာတ်ကို ထိန်းညှိ ပေးနိုင်ပြီး ဆီးချိုရောဂါကြောင့် ဖြစ်ပေါ်လာတဲ့ ဇီဝရုပ် ပျက်စီးမှုတွေကိုလဲ **သင်္ဘောရွက်ဖျော်ရည်**(သတ္တု) ရည်က ပြန်လည် ပြုပြင်ကောင်းမွန်စေနိုင်ပါတယ်။

သင်္ဘောရွက်မှာ **အမိုင်နိုအက်စစ်**(Amino Acid) (၅၀)ကျော် ပါဝင်နေပါတယ်။

သရီယိုနိုင်း၊ ဂလူတာမိတ်အက်စစ်၊ ဂလေ့ဆင်း၊ ဗေလင်း၊ လူစင်းဖီနိုင် လာလာနိုင် လိုင်စင်း၊ ထရိုတိုဖန်၊ ခရစ်တိုင်၊ ဟစ်တီဒင်း တိုင်ရိုစင်း၊ အလာနိုင်း၊ ပရိုလင်း၊ အက်စပါတိတ် စတာတွေ ပါဝင်နေပြီး...

ယင်းတို့ထဲမှ အချို့ဟာ အသားအရေ နုပျိုစေပြီး အိုမင်းရင့်ရော်ခြင်းကို တားဆီးပေးနိုင်ပါတယ်။

ဒါ့အပြင် သင်္ဘောရွက်မှာ ဗီတာမင်များဖြစ်တဲ့ Vit.A, Vit.C, Vit.D, Vit.E ကယ်လ်ဆီယမ်နဲ့ Anti Oxidants ဓာတ်များ ပါဝင်နေတာကြောင့် စိတ်ဖိစီးမှု၊



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကပ်ပျက်စီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဥ်းခြင်း စတဲ့ ဆီးချိုရောဂါရဲ့ နောက်ဆက်တွဲ ဆိုးကျိုးဖြစ်နိုင်ခြေတို့ကို လျှော့ချပေးနိုင်ပါတယ်။

ထို့အတူ သင်္ဘောရွက်ထဲမှာ **အေစီတိုဂျန်နင်း (Acetogenins)** ပါဝင်နေလို့ သူ့ရဲ့အစွမ်းကြောင့် ပုံမှန်မဟုတ်တဲ့ ကင်ဆာဆဲ(လ်)တွေရဲ့ ပွားများမှုကို တားဆီးထိန်းချုပ်ပေးပြီး ခန္ဓာကိုယ်တွင်းရှိ ပုံမှန်ဆဲ(လ်)တွေရဲ့ ဇီဝဖြစ်စဥ်တွေကို ပုံမှန်ဖြစ်ပြီး အားပြည့်ပေးစေပါတယ်။

ဒါကြောင့် သန်ကောင်တွေ... ဗိုင်းရပ်(စ်)တချို့နဲ့ Fungousမှိုများအပြင် ကင်ဆာဆဲ(လ်)တွေအပေါ်မှာ ဆန့်ကျင်ထိန်းချုပ်ပေးစေပါတယ်။ အစာအိမ်ကိုလဲ သင်္ဘောရွက်က အကျိုးပြုစေပါတယ်။

သင်္ဘောရွက်မှာပါတဲ့ **ကာပိန်း(Karpain)၊ ပါပိန်း (Parpain)၊ Protease Enzyme နဲ့ Amulase Enzyme** တွေ ပါဝင်နေတဲ့အတွက် အစာအိမ်အတွင်း စားသောက်လိုက်တဲ့ ပရိုတင်းဓာတ်၊ အမျှင်ဓာတ် စတာတွေကို ချေဖျက်ပြီး နူးညံ့ပျော့ပျောင်းစေလို့ အစာမကြေခြင်း၊ ရင်ပူရင်အောင့်ခြင်းတို့ကို သက်သာစေပြီး နှုတ်ခံတွင်းကို သန့်ရှင်းစေပါတယ်။

ယခုလို ဆေးဖက်ဝင် အစွမ်းအာနိသင်များ ပြည့်စုံကြွယ်ဝစွာ ပါဝင်နေတဲ့ **"သင်္ဘောရွက်နဲ့ သင်္ဘောသီး အစိမ်း"**တို့မှာ ဆီးချိုသမားများအတွက် အထူးသင့်တော်တဲ့ စားဖွယ်ရာ အာဟာရ အသီးအရွက် ဖြစ်ပါတယ်။

သင်္ဘောရွက်နဲ့ သင်္ဘောသီးအစိမ်း၊ သင်္ဘောပင်စည်ရဲ့အတွင်းသားတို့ကို နည်းလမ်းစုံလင်စွာနဲ့ ဆီးချိုသမားများ နှုတ်ခံတွင်းတွေ့ပြီး ဆေးဖက်ဝင် Diet အစာအာဟာရ ဟင်းလျာဖြစ်အောင် စီမံနည်းစနစ်များကို တင်ပြပေးပါမယ်။

### ၁။ သင်္ဘောရွက် ဖျော်ရည်ပြုလုပ်နည်း

သင်္ဘောရွက်ကို ဆေးဝါးအနေဖြင့် ဖျော်ရည်လုပ်သောက်သုံးခြင်းက အစွမ်းအထက်ဆုံးနည်း ဖြစ်ပါတယ်။

လတ်ဆတ်သန့်ရှင်းတဲ့ သင်္ဘောရွက် အရိုးတံပါ အပါအဝင် အနေတော် လှီးဖြတ်ပြီး ရေ(၄)လီတာ ပြုတ်ပါ။



ပြုတ်ရည် လေးပုံ တစ်ပုံကျန်၊ ပြုတ်ရေ (၁)လီတာခန့် ကျန်တဲ့အထိ ကျိုပြီး အအေးခံ၍ သံပရာသီး တစ်လုံး အရည်ညှစ်ထည့်ပြီး သမသွားအောင် လှုပ်ပေးပြီး ရေခဲသေတ္တာထဲတွင် သိမ်းထားရင် (၃/၄)ရက် အထားခံပါတယ်။

ဆီးချိုသမားများ တစ်နေ့(၃)ကြိမ် လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက်မှ တစ်ပန်းကန်အထိ သောက်သုံးပေးရင် သွေးတွင်း သကြားဓာတ်ကို ထိန်းညှိပေးပြီး **အစာကြေ၍ ဆီး,ဝမ်းကို** မှန်ကန်စေပါတယ်။

### ၂။ သင်္ဘောရွက်နု(Salad)သုပ်

**ပါဝင်ပစ္စည်းများ...**

| | |
|---|---|
| ၁။ သင်္ဘောရွက်နု | ၁၀ ရွက် |
| ၂။ ပုစွန်ကျော့ | ၁၅ ကျပ်သား |
| ၃။ ကြက်သွန်နီ | ၃ လုံး |
| ၄။ ကြက်သွန်ဖြူ | ၇ တက် |
| ၅။ သံပရာသီး | ၁/၂ လုံး |
| ၆။ ငံပြာရည်(အချို) | လိုအပ်သလောက် |
| ၇။ ငရုတ်သီးစိမ်း | ၁၀ တောင့် |
| ၈။ မှုင်ငါးပိ | အနည်းငယ် |
| ၉။ မြေပဲဆီ | ၁၀ ကျပ်သား |
| ၁၀။ နှမ်းဖြူ,နက်လှော် | ၁ ဇွန်းစီ |

ပါဝင်ပစ္စည်းများ စုံလင်ပါက သင်္ဘောရွက်နုလေးများကို ရေနွေးဆူဆူတွင် ဆား(၁)ဇွန်း ထည့်မွှေပြီး သင်္ဘောရွက်နုများကို ထည့်စိမ်၍ (၅)မိနစ်ခန့် ရေနွေးဖျော့ပြီး ဆယ်ယူ၍ ရေအေးတွင် စိမ်ထားပါ။ အေးသွားရင် ရေညှစ်၍ ပါးပါးလှီးပြီးထားပါ။

ကြက်သွန်နီကို ပါးပါးလှီးထားပြီး... တစ်ဝက်ကို ကြက်သွန်ဖြူ(၇)တက် ပါးပါးလှီးထားတာနဲ့ မြေပဲဆီမှာ မှုင်အနည်းငယ် ထည့်၍ အပူပေးပြီး ကြက်သွန်ဖြူ,နီ ဆီချက် ချက်ထားပါ။

ငရုတ်စိမ်းတောင့်များကို မိမိ အလိုရှိသလောက် ပါးပါးလှီး၍ထားပါ။

ပုစွန်ကျော့များကို သန့်စင်ဆေးကြောပြီး အခွံခွာ၍ ဆားအနည်းငယ်ထည့်ပြီး ရေစပ်ကျင်းလေးထည့်ကာ ရေခန်းပြုတ်ထားပြီး ငရုတ်ဆုံတွင် မညက်တညက် ထောင်းထားပါ။

မှုင်ငါးပိကို မီးဖုတ်ကျက်၍ အနံ့မွှေးလာတဲ့အထိ ကင်ပါ၊ အားလုံး ပြည့်စုံပြီဆိုရင် ဇလုံတစ်လုံးတွင် ပါဝင်ပစ္စည်းများထည့်ပြီး ဆီချက် အနေတော်ဆမ်းပြီး ငံပြာရည်ပါ တစ်ပါတည်း ထည့်၍ ရောနယ်ပါ။

ပြီးရင် သံပရာရည်ကို အချဥ်စိတ်ကြိုက် ဆမ်းပြီး မွှေ၍ အပေါ်မှ ကြက်သွန်ဖြူ,နီကြော်နဲ့ နှမ်းအဖြူ,အနက်လှော် ဖြူးပြီး ဟင်းပွဲပြင်လိုက်ပြီဆိုရင် အလွန်မှ ရန့်မွှေးကြိုင်ပြီး ခံတွင်းအရသာကို ထူးစေမယ့်...

ဆီးချိုသမားများအတွက် အထူးနှုတ်မြိန် ဆေးဖက်ဝင် Diet ဓာတ်စာ စားဖွယ်ရာ ဟင်းလျာကို စိတ်ကြိုက် သုံးဆောင်နိုင်ပါပြီ။

**[ ရှေ့အပတ်တွင် သင်္ဘောသီးစိမ်း၊ သင်္ဘောပင် ပင်စည်အတွင်းသားတို့နဲ့ နှုတ်မြိန်ဆေးဖက်ဝင် Diet စားဖွယ်ရာများကို ဆက်လက်တင်ပြပေးပါမယ်။]**

*စားသမျှ ဆေးဖြစ်၍ ကျန်းမာကြပါစေ...*

မင်းချမ်းမြေ့(ပုသိမ်)

စာမျက်နှာ (၁၂၀)မှ အဆက်

**(၄၀)နှစ်ရှိသူ၏ လက်ဖြတ်ရက်မည်ဆိုပါစို့...**

* * *

အသက် ၄၀
ပေါင်းကိန်း + ၁၂
စားကိန်း ၈ ÷ ၅၂ = ၆
၄၈
၄
အကြွင်းမှတ်ပါ

အသက်(၄၀)ရှိသူကို ဥပမာ လက်ကြည့်ရာ စန်းပြုတ် တွက်နည်း အဖြေနှစ်ခုလုံး သုည ကြွင်းနေပြီ။

လက်ပြုတ်တွက်ကြည့်ရာ (၁)ခု ကြွင်းနေခြင်း။

လက်ပြုတ်တွက်ကြည့်ရာ (၄)ခု ကြွင်းနေပါသည်။

ထိုသူ၏ အကြွင်းအဟောကို အားလုံးခြုံ၍ ဟောရလျှင် သေလောက်အောင် ကျန်းမာရေး ညံ့နေပါသည်။ ရှေးအတိတ်ကံ ဆက်ရှိလျှင်ကား အသက်ခန္ဓာ မပြတ်သော်လည်း ငွေကုန်ကြေးကျ များစွာကုန်ကျ၍ အသက်လုယူရတတ်ပါကြောင်း...

*သုနက္ခတ္တ ကောင်းသောနက္ခတ် နှင့်ကြုံ၍ ကောင်းကျိုးသုခ ရရှိနိုင်ကြပါစေ။*

**ကောင်းခန့် (သခွတ်မြေ) ဝက်လက်**


နက္ခတ္တရောင်ခြည်
မဂ္ဂဇင်း
တိုက်
နှင့်
ဆက်သွယ်
နိုင်သော
ဖုန်းနံပါတ်များ...
၀၉-၇၇၆၃၄၉၈၇၅
၀၉-၄၄၃၂၅၇၈၂၀

www.burmeseclassic.com

# စန်းပြုတ်၊လွန်းပြုတ်၊လက်ပြုတ်

တွက်နည်းနှင့် ယတြာ

ဂေါင်းဉ် (သခွတ်မြေ) ဝက်လက်



အထက်တွင် ခေါင်းစဉ် တပ်ထားသော စန်းပြုတ်၊ လွန်းပြုတ်၊လက်ပြုတ် တွက်နည်းနှင့် ယတြာသည် **ကျန်းမာရေးညံ့နေသည်ဟု ထင်ရသောသူကို တွက်ကြည့်ပြီး** ယတြာချေသင့်လျှင် ချေပေးရန် နည်းကောင်းတစ်ခု ဖြစ်ပါသည်။

တွက်ရန် အလွန် လွယ်သော မြန်မာ့ရိုးရာ နည်းတစ်နည်း ဖြစ်သဖြင့်လည်း စာရေးသူအနေနှင့် ရှာဖွေရေးသားရခြင်း ဖြစ်ပါသည်။

တွက်နည်းတို့နှင့်တကွ ရှင်းလင်းစွာ တွက်ကြည့်နိုင်စေရန် ဥပမာ တွက်ပြပုံတို့ကိုပါ ပေဒင်ဝါသနာရှင်တို့အတွက် ရေးသားထားပါသည်။

### စန်းပြုတ်တွက်နည်း

(၁၀၈)ကို တည်ပြီး တွက်လိုသူ၏ ရောက်သက်နှင့် မြှောက်ပါ။ ထိုမြှောက်ပြီးကို နှစ်ဖော်တည်ပြီး အထက်တစ်ဖော်ကို (၂၇)နှင့် စားပြီး အောက်တစ်ဖော်ကို (၈)နှင့်စားပါ။ နှစ်ဖော်လုံး သုည(၀) ကြွင်းသော် စန်းပြုတ်ပါသည်။

စန်းပြုတ်လျှင် အသက်ခန္ဓာ ဆုံးတတ်ပါသည်။ (၁)ခု ကြွင်းသော် ကျန်းမာရေးညံ့ ဖျားနာတတ်ပါသည်။

### လွန်းပြုတ်တွက်နည်း

တွက်လိုသူ၏ အသက်ကိုတည်ပြီး (၁၇)နှင့်ပေါင်းပါ။ ပေါင်းပြီးကို (၈)နှင့် စားပါ။ (၀)သုညကြွင်းသော လွန်းပြုတ်၏။

လွန်းပြုတ်လျှင်လည်း ကျန်းမာရေး ညံ့တတ်ပါသည်။ ရောဂါတစ်ခုခု စွဲတတ်ပါသည်။

### လက်ပြုတ်တွက်နည်း

တွက်လိုသူ၏ အသက်ကို တည်ပြီး (၁၂)ပေါင်းပါ၊ ပြီးလျှင် (၈)နှင့်စားပါ။ (၀)သုညကြွင်းလျှင် ကျန်းမာရေးညံ့တတ်ပါသည်။ ထိုသူသည် **စန်း၊လွန်း၊လက် အားလုံးသုဉ်းသော်** အညံ့ဆုံးနှစ်ဖြစ်ပြီး အသက်ခန္ဓာ ပြုတ်တတ်ပါသည်။

လက်တွေ့ဥပမာတွက်ပြပါမည်။ ဥပမာ**အသက်(၄၀)** ရှိသူကို တွက်ကြည့်မည်ဆိုပါစို့...

**(၄၀)နှစ်ရှိသူကို စန်းပြုတ် ဥပမာ တွက်မည်ဆိုပါစို့...**

* * *

| | |
|---|---|
| **တည်ကိန်း** | ၁၀၈ |
| **အသက်မြှောက်ကိန်း** | × ၄၀ |
| | ၄၃၂၀ |

(၁) **စားကိန်း** ၂၇ ÷ ၄၃၂၀ = ၁၆၀ လဒ်မလို

၄၃၂၀

၀ အကြွင်းမှတ်ပါ။

(၂) **စားကိန်း** ၈ ÷ ၄၃၂၀ = ၅၄၀ လဒ်မလို

၄၃၂၀

၀ အကြွင်းမှတ်ပါ။

**(၄၀)နှစ်ရှိသူ၏ လွန်းပြုတ် ဥပမာ တွက်မည်ဆိုပါစို့...**

* * *

| | |
|---|---|
| **အသက်** | ၄၀ |
| **ပေါင်းကိန်း** | + ၁၇ |
| **စားကိန်း** | ၈ ÷ ၅၇ = ၇ |
| | ၅၆ |
| | ၁ အကြွင်းမှတ်ပါ |

စာမျက်နှာ (၁၁၉)






www.burmeseclassic.com

www.burmeseclassic.com




မင်းအိုကြီးဘုရားနှင့် ပတ်သက်၍ သမိုင်းအထောက်အထားများ ရနိုင်ရန် ကျွန်တော်တို့အဖွဲ့ ခရီးထွက်စဉ် တောင်ခြေ ရွာလေးတစ်ရွာဖြစ်သည့် **"ဗီးတောရွာ"** လေးသို့ မကြာမီက ရောက်ရှိခဲ့သည်။

ကျွန်တော်တို့အဖွဲ့ ထိုရွာလေးသို့ ရောက်ရှိစဉ် ရွာ ဆယ်အိမ်မှူး၏အမျိုးသမီး သားမဖွားနိုင်သဖြင့် ဒေါ်ဟာစ်ငိုယိုနေသံကို ကြားရ၏။

ကျွန်တော်တို့ကလည်း ထိုအိမ်ကို ဦးတည်သွားရာ ကျွန်တော်တို့သွားသည့်အိမ်မှ မီးမဖွားနိုင်သည့်အဖြစ်နှင့် ကြုံနေရ၍ စိတ်မကောင်း ဖြစ်ကြရသည်။

ထိုအမျိုးသမီး၏ ခင်ပွန်းဖြစ်သူ ဆယ်အိမ်မှူး ကိုစိုင်းနှင့် မိသားစုများမှာလည်း ပျာယာခတ်နေကြသည်။

ကျွန်တော်တို့ကိုလည်း ဧည့်မခံနိုင်၊ အားလည်းနာ နေရပုံရသဖြင့် ကျွန်တော်တို့လည်း သူ့ကို ပြန်အားနာမည်သို့ အကူအညီပေးရမည်ကို အချင်းချင်း တိုင်ပင်နေကြရ၏။

ဗီးတောရွာလေးမှာ မြို့နှင့် အတော်လှမ်းသော ရွာလေးဖြစ်ပြီး မြို့ဆေးရုံပို့ဖို့ ဆိုသည်ကလည်း သိပ်မလွယ်။

ဆေးခန်းကျင်း၌လည်း ကျန်းမာရေးဌာနက မရှိ။ ယုတ်စွအဆုံး သားဖွားဆရာမပင် မရှိသည့် ရွာလေးဖြစ်သည့်အတွက်''ယောက်ျား ဖောင်စီး၊ မိန်းမ မီးနေ'' ဆိုသည့်စကားအတိုင်း ရုတ်တရက် အသက်အန္တရာယ်ထိခိုက်နိုင်သည့် ကိစ္စမျိုးဖြစ်၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြလေသည်။

ထိုအချိန် ကိုစိုင်းအမျိုးသမီးဘက်မှ ဘကြီးတော်သူ ဘကြီးတစ်ယောက် ရောက်လာပြီး...

'ဟဲ့ မောင်စိုင်း... ဒီလို ကြည့်နေလို့ ဘယ်ဖြစ်မှာလဲကွ။ ကလေးမက ရေမြွှာပေါက်တာကြာပြီ။ မွေးသင့်နေပြီ။ ရေမြွှာပေါက်ပြီးလို့ လေးနာရီအတွင်းမှ မီးမဖွားရင် စိုးရိမ်ရတယ်လို့ ပြောကြတယ်။ ယာထဲက ဆရာကြီးဦးပေါက်ဆိန်ကို အမြန်သွားပင့်'

ဟု အကြံပေးလေသည်။

သည်တော့ ကိုစိုင်းက...

'ဟုတ်ကဲ့ ဘကြီး'



အလွယ်တကူ

# သားမွေးစေသော ရေမန်းမန္တန်

ကောင်းမြတ် (ဇီးကုန်း)

ဟု ဆိုကာ ရွာ၏ အရှေ့ဘက် ယာခင်းဆီသို့ ထွက်ပြေးလေ၏။ မကြာပါ... အသက်(၇၀)အရွယ်ခန့် သျှောင်တစောင်းထုံးနှင့် ဘကြီးတစ်ယောက် ကိုစိုင်းနှင့် အတူ ပါလာသည်။

ထိုဘကြီးသည် အိမ်ရောက်သည်နှင့် ဘုရားကို ရှိခိုးကာ ရေသန့်သန့်တစ်ခွက် တောင်း၍ ဘုရားစင်ရှေ့၌ ပါးစပ်မှ ပွစိပွစိနှင့် ရေကိုမန်းကာ အမျိုးသမီးအား ထိုရေကို ဆံဖျားမှစ အောက်ပိုင်းကို သပ်ချစေကာ သောက်ခိုင်းလိုက်သည်။

ကိုစိုင်းလည်း ဘကြီးပြောသည့်အတိုင်း ပြုလုပ်ရန် ရေခွက်ကိုင်ပြီး မီးနေခန်းထဲသို့ ဝင်သွားသည်။

ကျွန်တော်တို့လည်း ရင်တမမနှင့် ဖြစ်နေကြ၏။ မကြာပါ... နာရီဝက်လောက်အကြာ၌ မီးနေခန်းထဲမှ



 (စာမျက်နှာ (၁၂၅) သို့)

www.burmeseclassic.com

# ကြက်ခြေလှပ်ရေ နည်းတစ်တွေ

နတ်မောက်ကြည်မြိုင်



"ကြက်ခြေလှပ်ရေ နည်းတစ်တွေ" ဟူသည်ကား မိမိတို့၏ ရောက်ဆဲ အသက်အရွယ်မှာ ကံကြမ္မာသည် အဆိုးနှင့် တွေ့နိုင်သလော၊ သို့မဟုတ် အကောင်းနှင့် တွေ့နိုင်သလောဆိုသည်ကို အလွယ်တကူ ဆန်းစစ်ယူနိုင်သောနည်းဖြစ်၏။

ဤနည်းသည် ရှေးရှေးက မြန်မာ့ ဗေဒင်ဆရာကြီးများ၏ လက်တွေ့ သုံး နည်းကောင်းတစ်ရပ် ဖြစ်ပါသည်။

ဤနည်းကို စားရေးသူ ရရှိထားသည်မှာ နှစ်ပေါင်း(၃၀)ပင် ကျော်ချေပြီ။

ရံဖန်ရံခါ ဤအတိုင်း ဗေဒင်လာမေးသူကို စာရေးသူဟောကိန်း ထုတ်ခဲ့ရာ အတော်ကလေး တိုက်ဆိုင် မှန်ကန်မှုရှိကြောင်း ထောက်ခံပြောဆိုသွားကြပါသည်။

ဤနည်းတွင် **စတုရန်းပုံနှစ်ထပ် ပါရှိပြီး** အတွင်းစတုရန်းပုံမှာရော အပြင်စတုရန်းပုံမှာပါ အကွက် (၈)ကွက်စီ ပါရှိပါသည်။

နံပါတ်(၈) အကွက်နေရာတွင် ကြက်ခြေအမှတ်အသားကို တွေ့ရမည်ဖြစ်၏။

မိမိ၏ ရောက်ဆဲအသက်ကို (၈) ဖြင့်စားပြီးတွက်ရသော သက်ရောက်တွက်နည်းမှ ထွက်ပေါ်လာသော ဟောကိန်းတို့နှင့် အတော်ကလေး ဆင်တူသည်။


**သို့သော် ဤနည်းမှာ မိမိ၏ရောက်ဆဲအသက်ကို (၈)ဖြင့် စားရမည်မဟုတ်ပါ။ မိမိအသက်ကို မရေမတွက်ဘဲ ဖွားနံကာလန် တည်ရှိရာအကွက်မှ လက်ယာရစ် ရေရမည်သည်။**

ထိုသို့ရေရာတွင် ကြက်ခြေရှိရာ အကွက်ကို ထည့်မရေရဘဲ ချန်လှပ်ထားခဲ့ရမည်ဖြစ်၏။

ထို့ကြောင့် မိမိတို့၏ ရောက်ဆဲ အသက်ဝယ် ကံကြမ္မာအဆိုး အကောင်းကို ဆန်းစစ်ယူနိုင်သော (ဝါ) ကြက်ခြေလှပ်ရေရသော နည်း ဖြစ်၍ **"ကြက်ခြေလှပ်ရေနည်း တစ်တွေ"**ဟု စာရေးသူက ခေါင်းစီးကို ပေးထားခြင်းဖြစ်ပါသည်။

ဤနည်းတွင် အဓိကကျလှသော စတုရန်းပုံနှစ်ထပ်နှင့် တစ်ကွက်ချင်းစီ၏ ဟောကိန်းများကို နက္ခတ်ရောင်ခြည်ပရိသတ်များ လေ့လာနိုင်စေရန် အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

ဖေယျတု...




ဖွားနံကာလန်ရှိရာအကွက်မှစ၍ အသက်ပေါင်းချင်း လက်ယာရစ်ရေပါလေ၊ ကျရာ အကွက်မှာ ဟောကိန်းပါရှိပါသည်။

### သစ်ငုတ်

နှလုံးပူဆာအံ့။ ဥစ္စာပျောက်အံ့။ မွေးကြေးအကုန်အကျ များအံ့။ မူသော စီးပွားဥစ္စာ အဖတ်မဆည်နိုင်၊ ကြံ့ရအံ့။

### ကြာပွင့်

ကောင်းစားအံ့။ မိန်းမကညာ ရအံ့။ မှဆိုးမတွင် လာဘ်ရအံ့။ မင်းမှ ကော်ရအံ့။ အချုပ်အနှောင်ကြုံက လွတ်အံ့။

### ဥက္ကာပစ်တောင်

ရောဂါပေါက်တတ်သည်။ သူတစ်ပါးနှင့် ရန်တွေ့တတ်သည်။ ကိုယ်ပူ မှီလာရှိတတ်သည်။ သားမြေး ကျွန်ကြောင့် အရှက်ရအံ့။ ကြီးသောသူနှင့် ကွဲတတ်သည်။ မယားမည်း အသားညိုနှင့် ခိုက်ရန် ဖြစ်တတ်သည်။ အနှောင်အဖွဲ့ ကြုံအံ့။

### ထီးဖြူ

ရာထူးရတတ်သည် မသေ။ နှစ်ချောင်း စုတ်လာဘ်ရမည်။ မယားက မွေးဖော်မည်။ ကြွေးဟောင်း ရအံ့။

### ပြာသာဒ်

အိမ်ပေါ်တက်ရအံ့။ သွားလေရာ လာဘ်ရအံ့။ ကိုယ်ကိုက်အံ့၊ ညောင်း ရအံ့။ ဆွေမျိုးက အခွေ့ခြင်ပွန်း ကျေး ကျွန်ကြောင့် စိတ်ပူဆာအံ့။ ချစ်သောသူနှင့် ကွင်းအံ့။

### နဂါးအိုင်

သူတစ်ထူးကို ဆုံးမသော်လည်း နားမထောင်ဘဲ နေအံ့၊ ကျေးကျွန်ကန်း ခြင်း ခံရအံ့။ မိန်းမဖျက်အံ့။ မိန်းမ ဖြစ်က လာဘ်ရအံ့။

### လက်ပံဆိုင်

စိတ်ပူဆာအံ့။ ပျက်စီးအံ့။ အခူ အပူခံရအံ့။ ပေးပြီးဥစ္စာပြန်ယူအံ့။

ဤသည်တို့မှာ စာရေးသူရရှိထားသော နည်းထဲအတိုင်း ပြန်လည်ဖော်ပြပေးထားခြင်း ဖြစ်ပါသည်။

ဟောကိန်းတို့မှာ သွယ်ဝိုက်ထားခြင်းမရှိ။ လိုရင်းတိုရှင်းမျှသာ ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်၏။

မိမိတို့၏ ရောက်ဆဲအသက်ဝယ် ကံကြမ္မာ အဆိုးအကောင်းကို "ကြက်ခြေလှပ်ရေနည်းတစ်တွေ" ဖြင့် ဆန်းစစ်ကြည့်ကြပါလေကုန်။

ဥပမာ ဥပမေယျဖြင့် ရှင်းပြစရာ မလို တကယ်မခက် အလွယ်သက်သက်နည်းဖြစ်လိမ့်မည်ဟု ယူဆမိပါကြောင်း...

★ **စုတ် = ကောင်းသောလက္ခဏာများစုံသော ကာလအပိုင်းအခြားတစ်မျိုး။ ရဖွယ်ရှိသောလင်မယား။ နှစ်သက်မြတ်နိုးအပ်သောအရာ။ (မြန်မာအဘိဓာန်)**


နတ်မောက်ကြည်မြိုင်


○ စာရှုသူ
သုတေသီနှင့်
ပညာရှင်
ဆောင်းပါးရှင်တို့ ခင်ဗျာ...


၂၀၁၈ ခုနှစ်
ဇူလိုင်လထုတ်သည့်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏
(၃၂)နှစ်ပြည့် အမှတ်တရ
အထူးထုတ်လ ဖြစ်ပါသည်။
သို့ဖြစ်၍ မည်သူမဆို
ပါဝင်ရေးသားနိုင်ပါကြောင်း
အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၁၀-(ပထမထပ်)
၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-
၀၉-၇၅၆၃၃၉၇၈၅
၀၉-၄၄၃၂၅၇၂၂၀

၂၀၁၈ ခုနှစ်၊ ဇွန်လတွင်



ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



ထက်မင်းကျော်စွာ

| မွေးလ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီဖွား ပတ်(၂၁) မှ ဧပြီ(၂၀) | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | နီလာ | အင်္ဂါ | စနေ |
| ပြိဿရာသီဖွား ဧပြီ(၂၁) မှ မေ(၂၀) | ၈ | ပျော့ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ | ဗုဒ္ဓဟူး |
| မေထုန်ရာသီဖွား မေ(၂၁) မှ ဇွန်(၂၀) | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး | ကြာသပတေး |
| ကရကဋ်ရာသီဖွား ဇွန်(၂၁) မှ ဇူလိုင်(၂၀) | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး | အင်္ဂါ |
| သိဟ်ရာသီဖွား ဇူလိုင်(၂၂) မှ ဩဂုတ်(၂၁) | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ | ဗုဒ္ဓဟူး |
| ကန်ရာသီဖွား ဩဂုတ်(၂၂) မှ စက်တင်ဘာ(၂၁) | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | နီလာ | အင်္ဂါ | စနေ |
| တူရာသီဖွား စက်တင်ဘာ(၂၂) မှ အောက်တိုဘာ(၂၂) | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ဗြိစ္ဆာရာသီဖွား အောက်တိုဘာ(၂၃) မှ နိုဝင်ဘာ(၂၁) | ၉ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး | ကြာသပတေး |
| ဓနုရာသီဖွား နိုဝင်ဘာ(၂၂) မှ ဒီဇင်ဘာ(၂၁) | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သော[illegible] |
| မကာရရာသီဖွား ဒီဇင်ဘာ(၂၁) မှ ဇန်နဝါရီ(၁၉) | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သော[illegible] |
| ကုံရာသီဖွား ဇန်နဝါရီ(၂၀) မှ ဖေဖော်ဝါရီ(၁၈) | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ | တနင်္[illegible] |
| မိန်ရာသီဖွား ဖေဖော်ဝါရီ(၁၉) မှ ပတ်(၂၀) | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္[illegible] |



ဤလတွင် ဖွင့်လှစ်မည့် သိန်းတစ်သောင်း ထီဖွင့်ပွဲ ဆုကြီးများနှင့် နီးစပ်ကံထူးနိုင်ကြစေရန်အတွက် ၂၊ ၅၊ ၀၊ ၆ ဂဏန်းခြေများကို ရွေးချယ်ကာ ခ၊ ဇ၊ န အက္ခရာများနှင့် တွဲဖက်ကံစမ်းပါ။

ဤလတွင် ထီကံထူးနိုင်သူများမှာ **သောကြာသားသမီးများ** ဖြစ်ကြသည်။ **တနင်္ဂနွေနှင့် တနင်္လာ** သားသမီးများလည်း အတန်အသင့် ကံကောင်း၍ လက်,ဆုငယ်ကလေးများ မျှော်လင့်နိုင်ကြသည်။ မိမိတို့မွေးလရာသီအရ ကံအခွင့်အလမ်းများကို ဖယား ဖွင့်ကြည့်ပါ။

* * *

ဥပမာ ။ ။ **မိန်ရာသီဖွား(ဖေဖော်ဝါရီလ ၁၉–ရက်မှ မတ်လ ၂၀–ရက်အတွင်း မွေးသူ)တို့သည်** (၃)ဂဏန်း၊ ပန်းရောင်၊ တောင်အရပ်၊ တနင်္လာနေ့၊ ခါးသောအရသာ၊ သန္တာကျောက်စသည်တို့က ကံ လက်တံ ပွင့်လင်းစေလိမ့်မည်။

**ထီစပ်တူထိုးလိုလျှင်** သောကြာသားသမီးများနှင့် ထိုးပါ။ တနင်္ဂနွေသားသမီးများနှင့် စပ်တူ မထိုးသင့်ပါ။

**ဆိုင်တည်နေရာရွေးချယ်လိုပါက...** မြေပြင်ကျယ်ကွက်လပ်တွင် ဖွင့်လှစ်ထားသော ထီလက်မှတ်အရောင်းဆိုင်၊ ပန်းခြံ၊ ကလေးကစားကွင်းများအတွင်းရှိ ဆိုင်၊ ကုန်းမြင့်ကမူထက်ရှိ ဆိုင်၊ နှစ်ကာလကြာရှည် စွဲမြဲရောင်းချလာသော ထီဆိုင်။

ရှေးဟောင်းအဆောက်အအုံ၊ ပြတိုက် စသည်များအနီးရှိ ဆိုင်များနှင့် မိမိတို့ သွားလာလှုပ်ရှားစဉ် နီစွေမှုဝ မြင်တွေ့နေရတတ်သော ထီလက်မှတ်အရောင်းဆိုင်များက ကံထူးကံကောင်းစေနိုင်သည်။

**ထီကံမြင့်ယတြာ ပြုလိုပါက...**အနီရောင်ကို အောက်ခံထား၍ ပန်းရောင်ကို အထက်ဆောင်ပါ။ ဥပမာ အနီပွင့်၊ အနီကွက်ပါသော ထဘီ၊ လုံချည် စသည် ဝတ်ဆင်၍ ပန်းရောင်ပဝါကို အကျီအိတ်တွင် ထည့်ဆောင်ပါ။

**အမျိုးသမီးဖြစ်လျှင်** ပန်းရောင်ထဘီ၊ ပန်းရောင်ဖဲပြား၊ ပန်းရောင် ခေါင်းစည်း စသည် ဆင်မြန်းသွားနိုင်ပါသည်။ (ထီထိုးသည့်အချိန်တွင် ဆောင်ရန် ဖြစ်သည်။)

***သိန်းပေါင်း တောင်သောင်းဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

ထက်မင်းကျော်စွာ

စာမျက်နှာ (၁၂၁)မှ အဆက်

"အူဝဲ...အူဝဲ...အူဝဲ" ဟူသော ကလေးငိုသံကို ကြားလိုက်ရသည်။ ထိုသို့ ကလေးငိုသံကြားပြီး ...အကြာ၌ ကိုစိုင်း ပြုံးပြုံး ပြုံးပြုံး ...ဝမ်းနည်းထဲမှပြန်ထွက်လာကာ... 'သရာတို့ရေ... ယောကျ်ားလေး ...ယောကျ်ားလေး'

...ဝမ်းသာအားရ ပြောရင်း ...မန်းပေးသည့် ဘကြီး ...ကြောင်း ကျွန်တော်တို့အား ...ပြောပြပါသည်။

'...ကြီးနာမည်က ဦးပေါက်ဆိန်တဲ့ဗျ... ...ဆန်းရယ်၊ ဒီအရပ်မှာတော့ ...တော့မယ်ဆိုရင်... မီးဖွားတာ ...ရင် ဘကြီးကိုပဲ ပင့်ပြီး မေမန်း တောင်းရတယ်။ ဘကြီး ရေမန်းလုပ်ပေးပြီးလို့ကတော့ အရေးကုန်ကြာ တစ်နာရီ။ လောလောဆယ် မိန်းမက သည်းနေတော့ ကျွန်တော်လဲ ဘကြီးကို မေ့သွားတာ'

ကျွန်တော်လည်း ဘကြီး၏ အလွယ်တကူ သားဖွားစေသော ရေမန်းအကြောင်း သိရသည်နှင့် စာရေးဖို့တော့ ကုန်ကြမ်းတစ်ခုရပြီဟု အပိုင်တွက်လိုက်ပြီး ဘကြီးကို ထို ရေမန်းမန္တန်အား တောင်းခံခဲ့ပါသည်။

ဘကြီးကလည်း သဘောကောင်း ပါ၏။ အလွယ်တကူပင် ပေးပါသည်။ ယခုတင်ပြသည့် မန္တန်သည် ဘကြီးဦးပေါက်ဆိန်၏ ခွင့်ပြုချက်နှင့် ရေးသားသည့် မန္တန်ဖြစ်ပါသည်။

သားဖွားမန္တန်

'ဤ ဘုရားအလောင်း ...ကွင်းကွင်းအောင်၊ ...အောင်ပေရ အခြားပြင်ဘက်သို့ထွက်၊ ဤ ...ထိပ်သော ရှာတော သမ္မာဒေ ...ဘုရား အာနုဘော်အားဖြင့် သဗ္ဗေနိမံ ...ကတောမယံ့ သွားဟ၊ ဤ ကောဏ္ဍညိ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ မြတ်စွာဘုရား ...ကယ်ပါလော့၊ ဤ ...လော့ ရှင်ရှင်းပဲ့ သံကွင်း ရှင်သာရိပုတ္တရာ ထိပ်တွင်ထား ...တံခါးရှင်းရှင်းပွင့်စေသား'

ရေကို (၇)ခုပ်မန်းတိုက် ...၍ သားဖွားစေသည်။

***လိုအင်ဆန္ဒအပေါင်းနှင့် ပြည့်ဝကြပါစေ။***

**ကောင်းမြတ်(စီးကုန်း)**

www.burmeseclassic.com

(၁၂)လရာသီ နက္ခတ်ဓာတ်စာ
(2018-April လအတွက်)



# တန်ခူးလ
## မိဿရာသီ
# နက္ခတ်ဓာတ်စာ



ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

ဆရာ မင်းချမ်းသာ



**မိဿရာသီ**(April)လကို မြန်မာ့ခေတ်ဦးကာလ ကတည်းက အတာကူးတဲ့လ၊ တန်ခူးလတို့မှ တန်ခူးလ ရယ်လို့ ခေါ်ဆိုစမှတ် ပြုခဲ့ကြပါတယ်။

တကယ်တမ်း အနှစ်ချုပ်လိုက်တော့ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို အစပြုတဲ့ ''လ''နှစ်ဦးကာလ ရာသီလတွင်...

"ရာသီမိဿ...စိတ္တရကြယ်...ပေါ်ထွန်းလို့ စန်းယှဉ်ရာသီ တော်ဝင် ပန်း ကံ့ကော် ရွှေရင်ခတ်နဲ့ ခါတော်မှီ ပိတောက်ပန်း ပွင့်ဖူးတဲ့ နှစ်ဦးအခါ ရေသဘင် သင်္ကြန်ပွဲနွှဲကြသည့်ချိန်ခါ"

နွေနှောင်း မိုးအစ အတာကူးလို့ နှစ်ဦးမှာ တန်ခူးလေ သုန်သုန်မြူး၍ မိုးစ,မိုးရေလေးများ ပက်ဖျန်းလိုက်တဲ့ အခါ တစ်နွေလုံး ပူခဲ့တဲ့ အပူဒဏ်ကို အေးမြသက်သာရ ရစေတဲ့ လရာသီဖြစ်တာနဲ့အညီ...

ခန္ဓာကိုယ်အတွင်းမှာ တစ်နွေစာ အပူဓာတ်များ ပြင်ပသို့ ကန်ထွက်လာတတ်သောကြောင့် ရင်သွေးငယ်နဲ့ သက်လတ်ပိုင်းအရွယ်များတွင် ရာသီနာ ဝက်သက်၊ ပဲသီတာ၊ ရေကျောက်၊ မိတ်ဖု၊ အင်ပြင် စသော အနာရောဂါများ ဖြစ်ပွားတတ်သည်။

သို့ဖြစ်၍ ရောဂါတို့ကို သက်သာ အေးငြိမ်းစေရန် အတွက် ရာသီအလိုက် ဓာတ်ကြိုက် သွေးညီ နေထိုင် စားသောက်နိုင်ကြစေရန်အတွက်...

ရှောင်ကြဉ်ရမည့် အစားအစာများ

ငရုတ်ကောင်း၊ ချင်း၊ ပတဲကော၊ ကုလားအော်ငရုတ်သီး စသော ခန္ဓာကိုယ်ဝမ်းတွင်းကို ပူလောင်စေပြီး ဆီး,ဝမ်းအထိပါ ပူလောင်စပ်စေတတ်သော အစာများကို ရှောင်ပါ။

မြေအောင်းသား ဖား,ကြွက် စသည်ကို ရှောင်ပါ။ ဒူးရင်းသီး၊ ဥသျှစ်သီး၊ တမာရွက်၊ ရဲယိုရွက်၊ ရဲယိုသီး၊ ဆိပ်ဖူး၊ ကန့်အိတ်၊ ရှောက်ရွက်၊ ဥသျှစ်ရွက်၊ တညင်သီး၊ ခွေးတောက်ရွက်၊ သိုးသား၊ ပုရစ်၊ သင်ပေါင်းပိုး များတူ စသည်တို့ကို ရှောင်ကြဉ်ပါ။

<u>ကျန်းမာရေးအတွက် အကျိုးပြု ဆေးဖက်ဝင်</u>
<u>စားသုံးသင့်သည့် အစားအစာများ</u>

အသီးအရွက်

ကျောက်ဖရုံသီး၊ ကျောက်ဖရုံမှင့်၊ သခွားသီး၊ ဘူးသီး ရေညှိ၊ ကျောက်ပွင့်၊ ပဲပုစွန်၊ ကင်းပုံသီး၊ ကင်းပုံညွှန့် ကညွတ်၊ ရုံးပတီသီး၊ ခရမ်းသီး၊ ဝက်ချဉ်ပေါင်၊ ရွှေဖီ ချဉ်ပေါင်၊ ပဲနီလေး၊ ပဲစင်းငုံ၊ ပဲကတ္တီပါ...

မြင်းခွာရွက်၊ မြုံရွက်၊ မြက်ကြက်သွန်၊ ကြက်နားရွက် မှို၊ ခံတက်ချဉ်၊ မုန်လာဥ၊ အုန်းရည်၊ ထန်းရည်၊ ဓနိ ရည်၊ ငှက်ပျောသီး၊ ဖရဲသီး၊ ပြောင်းဖူး၊ ပန်းဂေါ် စသည်တို့ကို စားသုံးပေးနိုင်ပါသည်။

အသား/ငါး

ကနကမာ၊ ကကူရုံ၊ ကသပေါင်း၊ ကဏန်းပျော့၊ ...တုပ်၊ ရေချူ၊ ငါးမြင်း၊ ငါးတန်၊ ကင်းမွန် စသော ...ထွက်ပစ္စည်းများကို ဦးစားပေး စားသင့်ပါတယ်။

ကြက်သား၊ ဘဲသား၊ ကျွဲသား၊ ဝက်သား၊ ဆိတ်သား၊ ...ဝက်သား၊ ဂျုံ(ချေ)သားစသည်တို့ကို စားသုံးနိုင်ပါသည်။

အချဉ်သီး

...ဖုံးရည်၊ ထန်းရည်၊ ရှာလကာ၊ ပန်းသီးဗီနီကာ၊ ...ရည်၊ မန်ကျည်းသီး၊ မရန်းသီး၊ သပြေသီး၊ စင်ပြွမ်းသီး ...များ စသည်တို့ကို အသုပ်/ဟင်းပွဲများတွင် ထည့်သွင်း ...သုံးပြုနိုင်ပါသည်။

အထူးသဖြင့်

မိဿရာသီ တန်ခူးလတွင် အပူကန် ရာသီနာဖြစ် ...သော ဝက်သက်၊ ပဲသီတာ၊ ရေကျောက်၊ မိတ်ဖု၊ ...များ စသည့် ရောဂါများဖြစ်ခဲ့သော် မန်ကျည်းမှည့်စိမ် ...သောရည်ဖြင့် ရေချိုးပေးပြီး ရေခြောက်အောင် ...တ်၍ ကံ့ကော်ဝတ်ဆံနှင့် ကရမက်ကိုရော သွေးပြီး ...ကိုယ်အနှံ့ လိမ်းပေးပါ။

...ဝမ်းတွင်းအေး၍ ဆီးသက်စေရန်အတွက် ဆေး ...လားမ (သို့မဟုတ်) ကျောက်ပွင့်အဖြူကို ရေစိမ်၍ ...သကြားခဲနှင့် ဖျော်ပြီး အဝတိုက်ပေးပါက သက် ...စေပါသည်။

...ပြင် ကိုင်းသခွားသီး အကြွပ်သီးနှင့် ထန်းလျက်ကို ...၍ စားပေးလျှင်လည်း ကောင်းလှပါသည်။

မိဿရာသီ၊ တန်ခူးလ မိသားစု ကျန်းမာရေး

...မင်းပွဲအတွက် ဆေးဖက်ဝင်ဓာတ်စာ

...င်းစပ်အတွဲများ[၇-ရက်(၁)ပတ်စာ ဟင်းပွဲများ]

...ရေချူ ကြက်အသည်းမြစ်၊ သံပရာဆမ်းသုပ်

- ပန်းမှုံးကော်ရည် အစိမ်းကြော်
- ငါးခြောက်ထောင်းကြော်
- (၁၂)မျိုးဟင်းချို

၂။ ...ကဘစ်ငါး သံပရာဆမ်း

- ငါးနုပ်ခြောက်၊ ခရမ်းချဉ်သီးချက်
- မြိတ်ငါးပိသုပ်
- မြင်းခွာရွက်ဟင်းချို

**၃။ငါးရံ့အကင်း ချဉ်ပေါင်အုပ်ချက်**

- မြုံရွက်သုပ်
- ဘူးသီးဟင်းခါး
- ငါးပိတို့စရာစုံ

**၄။ငါးရွှေကြော်နှပ်**

- ချဉ်ပေါင်မှန်ရောင်ဟင်းချို
- ခရမ်းချဉ်သီး၊ ပုစွန်ခြောက်ချက်
- ငှက်ပျောဖူးသုပ်

**၅။ငါးပုတ်ခြောက်နဲ့ အာလူးကုလားဟင်း**

- ဆိတ်သားခြောက် မီးဖုတ်ဆီဆမ်း
- ကင်ပွန်းချဉ်ဟင်းချို
- ရခိုင်ငါးပိထောင်း

**၆။အမဲသား ထန်းရည်ချဉ်နှပ်ချက်(အညာချက်)**

- သမုန်းပွင့်သုပ်
- အညာ-ဟင်းရွက်စုံကြော်
- ပဲကြီး ဆူးပုပ်ဟင်းချို

**၇။ဘဲသား ဆီကျန်ရေကျန်ဟင်း**

- ချဉ်ပေါင်ပုစွန်ဆိတ်ကြော်
- ခရမ်းသီးမီးဖုတ်သုပ်
- ဒန့်သလွန်ဟင်းချို

အချိုပွဲအနေဖြင့်...

မုန့်နှပ်၊ မုတင်း၊ ကျောက်ကျော၊ ဆီး(ဇီး)ယို၊ ကျောက်ဖရုံယို၊ သီးသီးယို၊ မုန့်ကျွဲသည်း၊ ဖရဲသီး၊ သခွားမွှေးသီး၊ သစ်တော်သီး၊ စပျစ်သီး စသည်တို့ကို အချိုပွဲ တည်ခင်းနိုင်ပါသည်။

ယခု တင်ပြခဲ့သော (၇)ရက် တစ်ပတ်စာ ဟင်းစပ် အတွဲများသည် အတာကူးတဲ့ တန်ခူးလ မိဿရာသီ အတွက် ရာသီအလိုက် ဓာတ်ကြိုက် ဆေးဖက်ဝင် ကျန်းမာရေး အကျိုးပြု "နက္ခတ်ဓာတ်စာ ဟင်းလျာ" များ ဖြစ်ပါသည်။

*စားသမျှ ဆေးဖက်ဝင်၍ သက်ရှည် ကျန်းမာကြပါစေ။*

ဆရာ မင်းချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

# အမေးရှိသည် အဖြေရှိခဲ့ရပါသည်

'ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရင် ထူးထူးခြားခြား အောင်မြင်မှုတွေ ရနိုင်ပါ့မလား'

ဆိုသည့် အမေးစကားကို သူရဲ့ လက္ခဏာပုံရိပ်ကို ကြည့်ပြီး အဖြေ ပေးခဲ့ဖူးပါတယ်။

ကြည့်ပါ...

❂ **သန့်ရှင်းသော နှလုံးလမ်းကြောင်းကို တွေ့ရပါမယ်။(A.A)**

ဒါကတော့ စိတ်သဘောကောင်း စေတနာ သဒ္ဓါတရားကောင်း မေတ္တာအားကောင်းခြင်းရဲ့ ပြယုဂ် တစ်ခုပါပဲ။

❂ **ကြာသပတေး ဂြိုဟ်ခုံတွင် ရည်ရွယ်ချက် လမ်းကြောင်းကို တွေ့ရပါတယ်။ (B)**

ဒါကတော့ ရည်ရွယ်ချက် ရည်မှန်းချက်ရှိခြင်း ခေါင်းဆောင် ဆရာ ဖြစ်စေနိုင်ခြင်း၊ ဦးဆောင် ဦးရွက်ပြုနိုင်ခြင်း ပရဟိတ လူမှုရေးစိတ်ဓာတ်ရှိခြင်းတို့ရဲ့ ပြယုဂ်ပါ။




❂ **လက်မအားကောင်းပါတယ်။(C)**

ဒါကတော့ ဖွဲ့ကောင်းခြင်း၊ စိတ် ဓာတ်ကြံ့ခိုင်ခြင်းကို သိစေနိုင်တဲ့ ပြယုဂ်ပါ။

❂ **နှလုံးလမ်းကြောင်းကို အရင်းတွင် မြားပြီးသင်္ကေတန် ပါ,ပါတယ်။(D)**

ဒါကတော့ ပရိသတ်ပေါများစေခြင်း၊ တပည့်တပန်းပေါစေခြင်း ခြွေရံပရိသတ် များစေခြင်းရဲ့ ပြယုဂ်ပါ။

**ကဲ... ဒါဆိုရင် အဖြေကို သိနိုင်လောက်ပါပြီ။**

***အေးပါစေ၊ အောင်ပါစေ***

သန်းပညာ





▲ ကျောက်ချောခေတ်နှောင်း လူသားများ၏ ကျောက်မြစ်ရုပ်ကြွင်း အပိုင်းအစများ

နိုင်ငံခြား

# ဂါယိုးမှ နှစ်ပေါင်း(၆၀၀၀)ကျော်သက်တမ်းရှိ ကျောက်ခေတ်သစ်ရုပ်ကြွင်း

...ကယ်တော့ ဒီစာကို ...လေ့လာပြီး နက္ခတ္တရောင် ...စာချစ်သူတို့အတွက် ...တင်ပြရမယ့် စာ ...

...အထက်လူကြီးနဲ့အတူ ...သွားလာနေရတုန်း ကြုံ ...ဆိုပြီး ဝင်ရောက် ... အနည်းငယ်အတွင်း ရရှိခဲ့တဲ့ အချက်အလက်လေးတွေကိုပဲ စုစည်းတင်ပြရတာမို့ စာရေးသူကိုယ်တိုင်လဲ အားရကျေနပ်မှု မရှိခဲ့ပါဘူး။

သို့သော်လဲပဲ အဝေးက စာဖတ်ပရိသတ်များ ကိုယ်တိုင် မလာရောက်ခဲ့နိုင်တောင်မှ ဒီစာလေးဖတ်လိုက်ရတာနဲ့ အသိလေးတစ်ခု၊ အတွေးလေးတစ်ချက် ရနိုင်ကောင်းပါရဲ့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးဖို့ ဖြစ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်က အကြောင်းအရာတွေနဲ့ ပတ်သက်လို့ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တွေ တိမ်မြုပ်နေတဲ့ ဆရာတော်ကြီး အကြောင်းတွေ၊ ...ရဆန်းတဲ့ အကြောင်းအရာတွေ၊ တန်ခိုးကြီး ဘုရားစေတီနဲ့ ထူးဆန်းတဲ့ ဘုရား





www.burmeseclassic.com

www.burmeseclassic.com





▬ ကျောက်ခေတ် ဂူအတွင်းမှ တူးဖော်ရရှိသည့် မေးရိုးနှင့် အံသွားများပါ ကျောက်ဖြစ်ရုပ်ကြွင်းများ

◀ လွန်ခဲ့သည့် နှစ်ပေါင်း(၆၀၀၀) ကျောက်ခေတ် လူသားများ နေထိုင်ခဲ့သည့် ဂူတွင်းမှ တူးဖော်တွေ့ရှိသည့် ဦးခေါင်းခွံနှင့် ကျောက်ဖြစ်ရုပ်ကြွင်း

ပုထိုးတွေရဲ့ အကြောင်းအရာတွေကို ရှာဖွေတင်ပြခဲ့သလို…

စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးနဲ့ အခြားသော သိသင့်သိထိုက်တဲ့ သမိုင်းဝင် အကြောင်းအရာတွေကိုလဲ ရှာဖွေ တင်ပြလျက် ရှိပါတယ်။

ဒီနောက်ပိုင်း လုပ်ငန်းတာဝန်တစ်ခုနဲ့ ကွင်းဆင်းလာရောက်ခဲ့သည့်အားပေ မယ့် ပြည်နယ်အတွင်းက သမိုင်းဝင် အချက်အလက်နဲ့ ပြည့်စုံတဲ့ ဘူမိအခြေပြု ဒေသန္တရနဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အကြောင်းအရာလေးတွေကို ရှာဖွေရေးသား တင်ပြဖြစ်ခဲ့တယ်။

ဒီတစ်ပတ်မှာတော့ ယခင်တင်ပြဖူးခဲ့တဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုဖြစ်တဲ့ ရွာငံမြို့နယ်က သမိုင်းဝင် ပြဒါးလင်းဂူလိုပဲ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့မှာရှိတဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀၀၀)ကျော်က ကျောက်ခေတ်သစ် ရုပ်ကြွင်းတွေကို တွေ့ရှိသိမ်းဆည်းထားတဲ့ သမိုင်းဝင် **ဗုဒ္ဓေါဖိနောလိုဏ်ဂူအကြောင်း** တင်ပြလိုတာပါ။

**အဲဒီ သမိုင်းဝင် ဗုဒ္ဓေါဖိနော လိုဏ်ဂူတော်ရဲ့တည်နေရာက ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟဲဟိုးမြို့ တောင်ဘက် (၆)မိုင်အကွာ ဟဲဟိုးမှ အောင်ပန်းသွား ပြည်ထောင်စုလမ်းမကြီး လက်ယာဘက်၊ သီးဆိုင်(ဇီးကောင်တောင်) အဘက်အနီးမှာ ရှိပါတယ်။**

အဆိုပါ ဗုဒ္ဓေါဖိနောလိုဏ်ဂူ ကျောင်းပရိဝုဏ်အတွင်းမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၆၀၀၀) မှ (၄၀၀၀)သက်တမ်းရှိတဲ့ ကျောက်ခေတ်သစ် Neolithic အချိန်ကာလက ကျောက်ခေတ် လူသားတို့ အသုံးပြုခဲ့တဲ့ ကျောက်လက်နက်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ အရိုးစုများ၊ တိရစ္ဆာန်ဦးချိုများ၊ သွားများ၊ မေးရိုးများကို တိုက်ခန်းငယ်တစ်ခုနဲ့ စုဆောင်းပြထားတာကို တွေ့ရှိရပါတယ်။

လက်ရှိ ကျောင်းထိုင်ဆရာတော် ဦးသူရိယ တရားအားထုတ်တော်မူရာ ဗုဒ္ဓေါဖိနောလိုဏ်ဂူအတွင်း ၁၉၉၁ ခုနှစ်မှာ စတင် တွေ့ရှိ… တောင်ကြီးတက္ကသိုလ် ဘူမိဗေ… ဌာန အဖွဲ့ခေါင်းဆောင် ပါမော… ဒေါက်တာတင်သိန်း ဦးဆောင်… တွဲဖက်ပါမောက္ခ၊ ကထိ… လက်ထောက် ကထိကမျ… ကျောင်းသားကျောင်းသူများက စ… တူးဖော်ခဲ့ရာကနေ ၁၃-၉-၁၉… ခုနှစ်မှာ အောင်မြင်စွာ တူးဖော်… ကြတာ ဖြစ်ပါတယ်။

သုတေသန လုပ်ငန်းများ… မြန်မာနိုင်ငံအတွင်း အဓိက… ကျောက်ဖြစ် ရုပ်ကြွင်းများကို သုံး… ခွဲခြားနိုင်ပြီး ရှေးအကျဆုံး နှစ်… ခြောက်သိန်းအထက် သက်တမ်း… **ရှေးဦး ကျောက်ခေတ်လူသားမျ…** **(Anyathian Man Culture)**







▬ ကျောက်ခေတ်နှောင်း လူသားများ အသုံးပြုခဲ့သည့် [illegible]

…ဥတ်မြစ်ရိုးတစ်လျှောက်ရှိ မြစ်…ခုံဆင့်များပေါ်မှာ အင်ကြင်း…ကျောက်(Fossil Wood)ဖြင့် ပြု…ထားတဲ့ **အညာသားယဉ်ကျေး…(Anyathian Culture)** ကျောက်…လက်နက်များကနေ ရှေးဦးစွာ တွေ့…ကြတာ ဖြစ်ပါတယ်။

…ဝဲယသက်တမ်း တစ်သိန်း…သောင်းကျော်ရှိ ကျောက်ခေတ်…တောင်းလူသား (Paleolithic Man)များရဲ့ ကျောက်ဖြစ်ရုပ်ကြွင်း…ကို ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ…သတစ်ခုဖြစ်သော ရွာငံရှိ ပြဒါး…မှာ တွေ့ရှိခဲ့ပြီး နှစ်သက်တမ်း…)မှ (၄၀၀၀)ကြား Neolithic Man ကျောက်ခေတ်သစ်လူသားတို့…တစ်ပက်တစ်ပျက် ရုပ်ကြွင်းများ Semi Fossilများကို ယခု ဗုဒ္ဓေါဖိနောမှ ထပ်မံ တွေ့ရှိရခြင်း ဖြစ်ပါတယ်။

အဆိုပါ ဂူကို လေ့လာမှတ်တမ်းပြုစဉ်အခါက လိုဏ်ဂူရဲ့ အနေအထားမှာ ဂူအမြင့်ပေ(၁၂)ပေခန့်နဲ့ ဂူအရှည်မှာ ပေ(၆၀)ခန့် ရှိပါတယ်။ သုတေသနများအရ လိုဏ်ဂူအနေအထားသည် ကျောက်ခေတ် လူသားတို့ ရန်သူနဲ့ သူတို့ အမဲလိုက်သားကောင်များကို ကောင်းစွာ မြင်နိုင်သည့် အမြင့်နေရာတွင် တည်ရှိခြင်း…

လိုဏ်ဂူ၏ အမိုးတွင် မိုးရေယိုစီးကျနိုင်သည့် မြေကျွံပေါက် Sink hole မရှိ၍ အမိုးနဲ့အကာ လုံခြုံမှုရှိခြင်း၊ လိုဏ်ဂူအတွင်း လေဝင်လေထွက် ကောင်းစွာရခြင်း၊ အလင်းရောင် ကောင်းစွာရခြင်း၊ လိုဏ်ဂူအောက်ပေ (၃၀၀)ခန့် အနက်ပိုင်းတွင် တစ်ချိန်က သောက်သုံးရန်အတွက် လုံလောက်မယ့် ပမာဏရှိမယ့် ရေအိုင်ကြီးရှိခဲ့ခြင်း စတဲ့ခိုင်လုံသော ခန့်မှန်းချက်များဖြင့် အတည်ပြုနိုင်ခဲ့တယ်လို့သိရပါတယ်။

ကျောက်ခေတ်သစ် အချိန်ကာလမှာ တုတ်ချောင်းများတွင် တပ်ဆင်အသုံးပြုခဲ့တဲ့ စူးထိုး စိုက်ပျိုးရေးသုံးများ၊ ကျောက်တုံးလက်နက် Pebble များ၊ လက်ကိုင်ရိုးတပ် တူအဖြစ် ထုရိုက်စရာများ၊ အချို့ကျောက်ကွင်း Stone Ring များမှ နွယ်ကြိုးဖြင့် ချည်နှောင်ကာ ရန်သူနဲ့ အမဲလိုက်ရာတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်နက်များ

ကောင်း အသုံးပြုခဲ့ကြောင်း ခန့်မှန်းနိုင်ခဲ့ကြတယ်။

အဆိုပါ ကျောက်လက်နက်များကို သဲကျောက်(Sand Stone)၊ သဲမှုန့်ကျောက်(Silt Stone)နဲ့ သလင်းကျောက်(Quartizite)များဖြင့် ပြုလုပ်ထားကြောင်း မှတ်တမ်းပြုထားသည့်ကို လေ့လာနိုင်တယ်။

အထက်ပါ တွေ့ရှိခဲ့တဲ့ ကျောက်ဖြစ်ရုပ်ကြွင်းများရဲ့ တစ်စိတ်တစ်ဒေသကိုနေပြည်တော်စစ်သမိုင်းပြတိုက်နဲ့ ရန်ကုန်တက္ကသိုလ်မနုဿဗေဒဌာနတို့မှာ ပြသထားပါတယ်။

ကျန်ရှိတဲ့ အချို့သော ကျောက်ခေတ်သစ် ပစ္စည်းများကို လက်ရှိ ဗုဒ္ဓါဇိနောလိုဏ်ဂူအနီး မထင်မရှား အဆောက်အအုံငယ်အတွင်း ထည့်ပြီး ထိန်းသိမ်းထားခြင်းကနေမှ ပိုမိုကောင်းမွန်စနစ်ကျတဲ့ အဆောက်အအုံ တစ်ခုခုဆီကို ပြောင်းရွှေ့ထိန်းသိမ်းဖို့ လိုအပ်နေပြီး ဒီတိုင်းဆက်လက် ထားရှိမည်ဆိုပါက မကြာမီ ပျက်စီးဆုံးရှုံးနိုင်ကြောင်း သုတေသီအချို့မှ သတိပေး ပြောကြားထားပါတယ်။

အဆိုပါ အခြေအနေကနေမှ နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုနယ်မြေ သမိုင်းပြတိုက်တစ်ခုအဖြစ် ဖန်တီးပေးနိုင်မယ်ဆိုပါက ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ခရီးသွား အရင်းအမြစ်များရှိရာ တောင်ကြီး၊ အင်းလေး၊ ညောင်ရွှေ၊ ကလော၊ ပင်းတယ[...] အောင်ပန်းတို့နဲ့ အလှမ်းမဝေး[...] သော ခရီးအကွာအဝေးအတွ[...] တည်ရှိနေခြင်းကြောင့် ပြည်တွ[...] ပြည်ပသုတေသီများ၊ ကမ္ဘာ[...] ခရီးသွား ဧည့်သည်များအတွ[...] အထူး စိတ်ဝင်စားစရာနေရာ[...] တစ်ခုတိုးလာမည်ဖြစ်ပြီး…

ဒေသတွင်း ခရီးသွားလုပ်ငန်း[...] ဖွံ့ဖြိုးစေရန်အတွက်လဲ အထော[...] အကူကောင်းတစ်ခု ဖြစ်လာနိ[...] ဖြစ်ကြောင်း နက္ခတ္တရောင်[...] မဂ္ဂဇင်းစာချစ်သူများ လေ့လာ[...] အတွက်ရေးသားတင်ပြလိုက်ပါ[...]

**နိုင်မင်းညို**



# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ.)
လက္ခဏာဗေဒင်ပညာသုတေသီ



ယခုလအတွက် ဖော်ပြပေးလိုက်တဲ့ ဘယ်လက်ဖဝါးပုံပိုင်ရှင်က **အသက်(၃၁)နှစ်အရွယ်** အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

လက်ဖဝါးပြင်ကို သေချာကြည့်ရှုလေ့လာပြီးမှ အောက်ပါ ပဟေဠိမေးခွန်းများကို ဖြေကြည့်ပါ။

- ပြည်တွင်းမှာ လုပ်ကိုင်ခြင်းနှင့် ပြည်ပမှာ လုပ်ကိုင်ခြင်းတို့တွင် ဘယ်မှာ ပိုပြီး အကျိုးပေးမှာလဲ…
- ခရီးသွားလာလှုပ်ရှား လုပ်ကိုင်ရတဲ့ အလုပ်နဲ့ ငြိမ်ငြိမ်ထိုင်ပြီးမှ လုပ်ကိုင်ရတဲ့ အလုပ်မျိုးဆိုရင် ဘယ်အလုပ်က ပိုပြီး အကျိုးပေးမှာလဲ…
- အမှုပိုလို ပူပန်သောက ရောက်နေတတ်သူလား… အမှုအခင် နည်းပါးသူလား…

မိမိတို့အဖြေကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်မှာ ရေးမှတ်ပြီးမှ ပဟေဠိအဖြေများနဲ့ တိုက်ဆိုင် စစ်ဆေးကြည့်ရန် တိုက်တွန်း အကြံပေးအပ်ပါတယ်။

ပဟေဠိအဖြေများကို
စာမျက်နှာ( ၁၃၆ )တွင် ကြည့်ရှုပါရန်



www.burmeseclassic.com

www.burmeseclassic.com

# စွမ်းလှတဲ့ ကြောင်လျှာခေါက်

မောင်အေးကြူ (စီးပွားရေး)

ရက်များမကြာမီက ဖြစ်သည်။ မတွေ့ရတာကြာပြီ ဖြစ်သည့် မိတ်ဆွေကိုလှရွှေတစ်ယောက် ရွှေပေါက်ကံ့ရှိ သူ၏နှမအိမ်တွင် ရောက်ရှိနေကြောင်း သတင်းရသဖြင့် သူတည်းခိုရာအိမ်သို့ သွားခဲ့သည်။

တကယ်တော့ ကိုလှရွှေနှင့် ကျွန်တော်သည် တက္ကသိုလ်မှ ဘွဲ့ရပြီးစ ၁၉၆၉ ခုနှစ်က ဗိုလ်တထောင်မြို့နယ်ရှိ ပုဂ္ဂလိက အဆောင်တစ်ခုတွင် နှစ်အတန်ကြာ အတူနေခဲ့ကြဖူးသည်။

နောက်ပိုင်းတွင်လည်း သူ့မိသားစု ကိုယ့်မိသားစုအားဖြင့် မိသားစုလိုက် ရင်းနှီးမှုရှိသဖြင့် ညီအစ်ကို အရင်းတမျှပင် ဖြစ်သည်။

သို့သော် သူအိမ်ထောင်ကျပြီးနောက် သူ့ဇာတိ မော်လမြိုင်တွင် အခြေချနေထိုင်သောကြောင့် မတွေ့ဖြစ်ကြတော့ချေ။ သူကလည်း ဆေးကုရန်လာသည့် အခေါက်သာ ရန်ကုန်လာဖြစ်တော့သည်။

ယခုလည်း သူ့ညီမ ကျန်းမာရေး မကောင်းသဖြင့်သာ ရောက်လာခြင်း ဖြစ်သဖြင့် အပြေးအလွှား ဆိုသလိုပင် သူ့ဆီ သွားတွေ့ရသည်။ နောက်နေ့ မော်လမြိုင်ပြန်ရန် စီစဉ်ထားကြောင်း သိရသည်။

ရှေးဟောင်းနှောင်းဖြစ်တွေ၊ ဘာသာရေးတွေ၊ ကျန်းမာရေးတွေအကြောင်း တွေ့ရာလေးပါး ပြောမကုန်အောင်ရှိသည်။ ကိုလှရွှေပြောသော **ကြောင်လျှာပင်ခေါက်၏ အစွမ်းထက်ပုံကို** အောက်တွင် ဖော်ပြလိုက်ရပါသည်။

'ဒီကြောင်လျှာပင်ခေါက်က အကျိတ်အဖုတွေ၊ အကြောတက်တွေအတွက် အလွန်စွမ်းတယ်လို့ သိရတယ်ဗျ။ ဖြစ်ပုံက ဒီလိုဗျ…ကျွန်တော့်မိတ်ဆွေတစ်ဦး ကျောမှာ ကျွန်တော်တို့ အခေါ်တော့ "**အနာ့ပုဆုပ်**" ပေါ့ဗျာ… အမြစ်တွေနဲ့ အနာကြီးဖြစ်နေတာ။ ဆရာဝန်သွားပြတော့ ခွဲရမယ် ပြောတယ်ပေါ့။



ဒါနဲ့ သူကိုးကွယ်တဲ့ ဆရာတော်ကို ကြုံလို့ လျှောက်ထားမိတော့ ကြောင်လျှာပင်အခေါက်ကို သွေးလိမ်းလို့ ညွှန်းလိုက်သတဲ့။

တစ်ပတ်လောက် လိမ်းလိုက်တော့ အနာက ချုပ်သွားပါလေရော။ ဆရာဝန်ကို ပြန်ပြတော့ ဆရာဝန်လဲ အံ့သြသွားတာပေါ့။ ခွဲစရာမလိုတော့ဘူးလို့ ပြောတယ်။

သူလဲ ဆက်လိမ်းလိုက်တာ သူ့အနာက လုံးဝကို ပျောက်သွားတယ်တဲ့။ အဲဒါကို ကျွန်တော်လဲ ကျွန်တော့် မှတ်စုစာအုပ်မှာ ရေးမှတ်ထားခဲ့တာ။ ခု…ညီမက နေမကောင်းဘူးကြားတော့ မော်လမြိုင်မှာ ကြောင်လျှာပင် လိုက်ရှာတာဗျာ…ဘယ်မှာမှ မရဘူး။ မရှိဘူး။

ဒါနဲ့ မြို့စွန်နားမှာနေတဲ့ ကျွန်တော့်အစ်ကိုကြီးဆီ သွားပြီး အကူအညီတောင်းတော့မှ ရခဲ့တယ်။ မော်လမြိုင်မြို့ထဲမှာတော့ ရှိကိုမရှိတာ။

တကယ်တော့ ကိုအေးကြူရေ… ဒီကြောင်လျှာပင် ဆိုတာကို ဘယ်သူကမှ တခုတ်တရ စိုက်ကြတာ မဟုတ်ဘူးလေ။ အလေ့ကျပေါက်တာပဲရှိတာ။ ဟော… တွေ့မယ့်တွေ့တော့ဗျာ… ခု ညီမအိမ်ဘေး လမ်းရဲ့ ဟိုဘက်မှာ အကြီးကြီးနှစ်ပင် ပူးနေတာ တွေ့လား။ ဒီကနေ ကျွန်တော် အခေါက်ခွာလာတာ ခင်ဗျား တစ်ခုယူသွား၊ ကိုယ်တိုင် သုံးရင်လဲသုံး၊ တခြားအသုံးလိုတဲ့သူ ရှိရင်လဲ သုံးရတာပေါ့ဗျာ'

ဟု ပြောကာ အလျား တစ်ထွာကျော်ကျော် အပြားလက်သုံးလုံးခန့် အခေါက်တစ်ခုကို ပေးလိုက်သဖြင့် ယူလာခဲ့ရပါသည်။

မှန်ပါ၏။ ကျွန်တော် သူ့ထံမှ လမ်းမသို့ ပြန်အထွက်မှာက လိုက်ပို့ပြီး လက်ညှိုးထိုးပြသဖြင့် တွေ့ရသည်မှာ ဟိုဘက်မှ ပြန်ပေါက်နေသော ကြောင်လျှာပင်ပေါက်များအပြား ရှိနေခြင်းပင် ဖြစ်သည်။

အိမ်ပိုင်ရှင်တွေက သူတို့အိမ်ခြံဝင်းထဲရှိ ကြောင်လျှာပင်များကို ခုတ်ပစ်ထားခြင်းပင် ဖြစ်သည်။

"နှယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဟူသော စကားပုံရှိ၏။ သို့သော် "မသိသူကျော်သွား သိသူဖော်စား" ဟုပင် ဆိုရတော့မည်။

ကျွန်တော်တို့ သိသမျှမှာ ကြောင်လျှာရွက်ကို ပြုတ်တို့သည်၊ အသီးကို ပြုတ်တို့သည်၊ မီးဖုတ်တို့သည်၊ ဟင်းချက်စားသည်။

ဟုတ်သားပါ…ထို့ပြင် ကြောင်လျှာရွက် ကြောင်လျှာသီးသည် စားလျှင် အကြောအလွန်တက်သည်။ ထို့ကြောင့် မစားဝံ့ကြ။ ရှောင်ကြသည်။

တစ်ခါက ကျွန်တော်ကိုယ်တိုင်ပင် ကြောင်လျှာရွက် ပြုတ်ကို ငါးပိရည်နှင့် တို့စားလိုက်ရာ အကြောတွေ တက်ပြီး တစ်ပတ်လောက် ဖျားနေသဖြင့် ကြောင်လျှာရွက်၊ ကြောင်လျှာသီးကို ဝေးဝေးက ရှောင်ခဲ့သည်။

ထိုက်ဆိုင်မှုလေလားတော့ မပြောတတ်ပါ။ ဟော… ယခုတော့ အကြောအလွန်တက်သော ကြောင်လျှာသီး၊ ကြောင်လျှာရွက်၏ အခေါက်က အကျိတ်အဖုတွေ၊ အကြောတက်တာတွေ အလွန်ကောင်းဆိုတော့ အံ့သြစရာကြီးပါပေ။

ကိုလှရွှေ ပေးသဖြင့် ကြောင်လျှာခေါက်ကို ယူလာခဲ့လိုက်သည်။ အိမ်ရောက်တော့ မြေးငယ်၏ ကုပ်ရိုးတွင် ဖြစ်ပေါ်နေသော အကျိတ်လေးကို လိမ်းပေးလိုက်သည်။

နောက်နေ့ကျတော့ သမီးက စမ်းကြည့်ပြီး "နည်းနည်းပျော့သွားတယ်" ဟု ပြောလာသည်။ "ကဲ…ဆက်လိမ်းပေးလိုက်" ဟု ပြောရသည်။

နောက်တစ်နေ့မှာပင် သမီးနှင့်မြေးက သူ နေထိုင်ရာနယ်သို့ ပြန်သွားသည်။ ကြောင်လျှာခေါက် တစ်ဝက်ဖြတ်ပေးလိုက်သည်။

**ကိုလှရွှေထံမှအပြန် ထိုညကပင် ကျွန်တော်လည်း ပုံးနှင့် ဖက်ကို လိမ်းလိုက်သည်။**

**ဖက်ထကျွာ တက်နေသည့်အပြင် ပုံးတွင်ပါ နာနေသည်မှာ (၃-၄)ရက်ရှိပြီ ဖြစ်သည်။ ကလေးကို ကိုင်မြှောက်ကစားခြင်း၍ပဲလားမသိ။ ဖက်ကို ကောင်းကောင်းလှည့်၍မရချေ။**

ကြောင်လျှာခေါက်လိမ်းပြီး နောက်နေ့ကျတော့ ကိုယ့်ရောဂါကို မေ့၍ပင်နေသည်။ ညနေကျမှ ပျောက်နေမှန်း သတိပြုမိသည်။

ကိုလှရွှေထံ ဖုန်းဆက်ပြီး ကျေးဇူးစကား ဆိုမိတော့…

'ခင်ဗျားက စမ်းတောင်ကြည့်ပြီးပြီလား၊ ကျွန်တော်ဖြင့် တစ်ခါမှတောင် စမ်းမကြည့်ရသေးဘူး။ **သောက်လို့လဲ ရတယ်ဗျ'**

ဟု ပြောလာသည်။

စာရှုသူမိတ်ဆွေများခင်ဗျား… ဒီလောက်ဆိုရင်တော့ ကြောင်လျှာပင်ခေါက် အစွမ်းကို သိလောက်ပါပြီ။

အကြောတက်တတ်တာကတော့ လူတိုင်းမို့ ကြောင်လျှာခေါက်ကိုဆောင်ထား၊ သွေးလိမ်းပါ။ အကျိတ်အဖုရှိရင်လည်း ပျောက်မှာ ဧကန်မလွဲပါလို့ ကြေညာမောင်းခတ်လိုက်ပါတယ်ဗျာ။

**ရှင်လန်းချမ်းမြေ့ကြပါစေ**

**မောင်အေးကြူ(စီးပွားရေး)**





www.burmeseclassic.com

www.burmeseclassic.com


စာမျက်နှာ ( ၁၃၃ )မှ အဆက်

လက္ခဏာပဓောန္တိ အခြေများ

**၁။ ပြည်ပမှာ လုပ်ကိုင်ခြင်းက ပိုပြီး အကျိုးပေးပါတယ်။**

အသက်လမ်းကြောင်း အောက်ခြေမှာ နိုင်ငံခြားခရီးလမ်းက အသက်လမ်းကြောင်း အောက်ခြေထက် ပိုပြီးရှည်လျား အားကောင်းနေခြင်းကြောင့် ဖြစ်ပါတယ်။


* * *




**၂။ ခရီးဝေး သွားလာလှုပ်ရှား လုပ်ကိုင်ရတဲ့ အလုပ်က ပိုပြီး အကျိုးပေးပါမယ်။**

လက်ချောင်းထိပ်များများ အားလုံးမှာ "ကြိုးဖွေ့" များ ရှိကြလို့ ဖြစ်ပါတယ်။

* * *







**၃။ အပူအပင် နည်းပါးသူဖြစ်ပါတယ်။**

အသက်လမ်းကြောင်း အတွင်းဘက်မှာ လမ်းကြောင်း လမ်းမျှင်များ ရှင်းလင်းနေခြင်းကြောင့် ဖြစ်ပါတယ်။

* * *




မှတ်ချက် ။ ။ ဤလက္ခဏာရှင်မှာ နိုင်ငံခြား လေကြောင်းလိုင်းမှ လေယာဉ်မယ် ဖြစ်ပါတယ်။

(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားစေသော်...*

ဆရာကြီး ဦးအောင်မြင့်
*(ဥပဒေတွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ



# မိုးမိတ်မြို့

ရွှေကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက

# ဘဒ္ဒန္တ နာဂသေန

(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (၅)ဘွဲ့ပိုင်ရှင် ဆရာတော်ကြီး၏ ထူးခြားသော ကျင့်စဉ်နှင့်

# ထူးခြားသော ဖြစ်စဉ် (၂) [နိဂုံးပိုင်း]

ခွန်မင်းဘား (မိုးမိတ်)
ဘူမိဗေဒသုတေသနအရာရှိ
ရန်ကုန်

[illegible]မိတ်မြို့ ရွှေကျောင်း ပရိယတ္တိ [illegible]စာသင်တိုက် ပဓာန နာယက ဘဒ္ဒန္တ [illegible]နာဂသေန ဆရာတော်ကြီးသည် [illegible] မိုးမိတ်မြို့နယ် အပါအဝင် [illegible] မဘိမ်းမြို့နယ်၊ နမ့်ပုံးပုံး [illegible](၄)ရပ်ကွက် အဖ ဦးကျီးညို၊ [illegible]ပေါ်တို့မှ ၁၃၀၆ ခုနှစ်၊ [illegible]လဆန်း(၄)ရက် စနေနေ့ [illegible] ဖွားမြင်တော်မူပါသည်။

[illegible] လောင်းလျာသည် [illegible]နှစ်သားအရွယ်နမ့်ပုံးပုံးကျောင်း [illegible] ဦးသုမနထံတော်တွင် [illegible] ကျမ်းစာတို့ကို [illegible] (၁၅)နှစ်သားအရွယ်တွင် [illegible]မိတ်မြို့ ရွှေကျောင်းဆရာတော် [illegible] (အဂ္ဂမဟာပဏ္ဍိတ) [illegible] မွေးစားသားတပည့်ဖြစ်ပြီး [illegible]ကြီး မဟာစရိယဘွဲ့ရ [illegible] ပရိယတ္တိ စာပေများကို [illegible]တော်မူပါသည်။



ဘဒ္ဒန္တ နာဂသေန (သာသနဓဇ ဓမ္မာစရိယ)၊ (မဟာဂန္ထဝါစကပဏ္ဍိတ)၊ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ ပဓာန နာယကဆရာတော် ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ မိုးမိတ်မြို့၊ (ရှမ်းပြည်နယ်)





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးနာဂသေန၏ ဆရာအရင်းဖြစ်သော **ဘဒ္ဒန္တဓမ္မာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ)**သည် ပရိယတ္တိဘက်၌ ကျွမ်းကျင်သည့်အပြင် ငယ်ရွယ်စဉ် ရဟန်းပျိုဘဝကစ၍ ထွက်ရပ်ပေါက်ဝိဇ္ဇာများနှင့် တွေ့ကာ ဝိဇ္ဇာတို့၏ ချီးမြှောက်မှုကို ခံယူရရှိသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ထို ဆရာတော်ကြီးသည်ပင် သူကိုယ်တိုင် စရဏကျင့်စဉ်တို့ကို ရယူကာ လိုအပ်သော သာသနာပြုစရာရှိသည်တို့ကို ပြုတော်မူ၍ ဝိဇ္ဇာမိုရ်အဖြစ်ဖြင့် ခန္ဓာဟောင်းကို စွန့်လွှတ်ကာ ဝိဇ္ဇာမိုရ်ခန္ဓာသစ် ကူးသွားရှာလေသည်။

ယခုလက်ရှိ ဘဒ္ဒန္တနာဂသေန ဆရာတော်ကြီးကိုလည်း သားတပည့် ဖြစ်သည့်အလျောက် စောင့်ရှောက်တော်မူကာ ဝိဇ္ဇာတို့၏ စရဏကျင့်စဉ်ကို ပေးသနားတော်မူခဲ့သဖြင့် ယခု ဆရာတော်ကြီး လက်ထက်တွင်လည်း သာသနာပြုရာ၌ အထူး အောင်မြင်ကျော်ကြားလျက် ရှိပေသည်။

၁။ မူလဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ၏ ညွှဝါဒကို ခံယူ၍ သံဃာအပါး တစ်ရာကျော်ရှိ စာသင်တိုက်ကြီးကို ပြည့်ပြည့်စုံစုံ တည်ထောင်တော်မူနိုင်ခြင်း။

၂။ ဝိဇ္ဇာများကိုယ်တိုင် ဆရာတော်ကို ပေရှစ်ထောင်နီးပါး မြင့်မားသော ကမ္ဘာ့အံ့ဖွယ် တောင်ထူး၊ တောင်မြတ်၊ တောင်ကလပ်သို့ ပင့်သွားပြီး ဝိဇ္ဇာအကူအညီဖြင့်



ဓာတ်တော်တိုက် နေရာတွင် ဆုတောင်းပြည့် စေတီတော်နှင့် ကျောင်းကန်တို့ကို တည်ထားပြီး သာသနာဖွံ့ဖြိုးအောင် ပြုစုနိုင်ခြင်း။

ထို ကမ္ဘာ့အံ့ဖွယ်တောင်မှ ထူးခြားမှုမျိုးစုံတို့ကို တွေ့ရှိသဖြင့် သမိုင်းမှတ်တမ်းများ ရေးသားပြုစုထားနိုင်ခြင်း။

၃။ ဘုရားကျောင်းကန် မရှိသေးသော နေရာအရပ်တို့၌ သူမတူအောင် ဘုရားကျောင်းကန်များ တည်ဆောက်ပေးခြင်း။

၄။ အခြားဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းအောင် ဟောပြောနိုင်သဖြင့် ကျား/မ မျိုးစုံ လူပေါင်း (၃၅၀)ကျော်တို့ကို ဗုဒ္ဓဘာသာဝင် အဖြစ် ဆောင်ရွက်နိုင်ခြင်း။ ရပ်ရွာတည်ပေးခြင်း။ ကျောင်းများ ဆောက်ပေးခြင်း။

၅။ ရွှေကျောင်းပရိယတ္တိ စာသင်တိုက်ကြီး၌လည်း သံဃာတော်များ ချမ်းသာလွယ်ကူစွာ သုံးဆောင်နိုင်ရန်အတွက် ကျောင်းကြီး၊ ကန်ကြီး၊ စက်ကြီး၊ စက်ငယ် ခေတ်အသုံး ကွန်ပျူတာ မကျန်ဘဲ ယာဉ်ကားကြီး၊ သေ... တို့ကို ဆောင်ရွက်ထားနိုင်ခြင်း။

၆။ ဆရာတော် ကိုယ်တိုင်၌လည်း **သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်**၊ နိုင်ငံတော်အစိုး... က ဆက်ကပ်သော **မဟာဂန္ထဝါစကဘွဲ့တံဆိပ်တော်**၊ အ... **မဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်**၊ **မန္တလေး သကျသီဟ အသင်းကြီး**မှ ဆက်ကပ်သော **သကျသီဟ ပရိယတ္တိဟိတဓ... ဂုဏဝိသိဋ္ဌ** ဘွဲ့တံဆိပ်တော်... မိုးမိတ်မြို့ သာသနဟိတ... အသင်းကြီးမှ ဆက်ကပ်လှူ... သော **သာသနဟိတဓရ... ကာရက ဘွဲ့တံဆိပ်တော်** စ... ဘွဲ့တံဆိပ်တော် (၅)တန်တို့... အလှူခံရရှိတော်မူပါသည်။

ယခုအခါ ဆရာတော်သ... ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်... ရွှေကျောင်း ပရိယတ္တိ စာသင်တို... ကြီးနှင့် **ကမ္ဘာ့အံ့ဖွယ် တော... တော်ကြီးတွင်** ကျန်းမာချမ်းသာ... ဖြင့် ပရိယတ္တိ/ပဋိပတ္တိ ရှု(၂)... ထမ်းဆောင်နေသည့်အပြင် ဝိ... တို့၏ အကူအညီဖြင့် စရဏကျ... တို့ကို နှလုံးသွင်းလျက် သီတင်း... ပျော်မွေ့လျက် ရှိပါသည်။

စာရေးသူသည် ဤကဲ့သို့ ... တန်ခိုးကြီးတော်မူသော ဆရာ... ဘုရားထံသို့ သွားရောက်၍ ... တော်၏ စရဏကျင့်စဉ်... လျှောက်ထားကြည့်ရာ ဆရာ... ကြီးက အောက်ပါ အမေးအဖြေ ...အတိုင်း မိန့်ကြားပါသည်။

**စာရေးသူ ။** ‘ဆရာတော် ဘုရား... တပည့်တော် အား ...ပည့်ရင်းဖြစ်တဲ့အတွက် ဆရာတော် ...ဘုရားရဲ့ အောင်မြင်မှု ကျင့်စဉ်ကို ...မိန့်ရှိပေးတော်မူပါ ဘုရား’

**ဆရာတော် ။** ‘ဒကာတော် သက်ရှိ သက်မဲ့ အရာ အား ...တို့သည် ဘယ်မှာ တည်ပါသလဲ’

**စာရေးသူ ။** ‘မြေပေါ်မှာ တည်ပါတယ် ဘုရား’

**ဆရာတော် ။** ‘ဒါဖြင့် မြေထုယူဇနာ ဘယ်လောက် ရှိသလဲ’

**စာရေးသူ ။** ‘နှစ်သိန်း လေးသောင်း ရှိပါတယ် ဘုရား’

ဟု လျှောက်ထားရာ...

**ဆရာတော် ။** ‘အဲဒီလိုဆိုရင် **ဂုဏ်တော်ကို နှစ်သိန်း ...လေးသောင်းပြည့်အောင်** ပုတီးစိပ် ...’

**စာရေးသူ ။** ‘အဲဒီလိုဆိုရင် ဘယ်လိုအဓိပ္ပာယ် ဘယ်လို ...ကျိုးတွေ ရပါသလဲဘုရား’

**ဆရာတော် ။** ‘မြေမှာ တည်တဲ့ သက်ရှိသက်မဲ့ အရာ ...တို့သည် မိမိလိုရာ စိတ် ... ဖြစ်လာလိမ့်မယ်’

**စာရေးသူ ။** ‘မှန်ပါဘုရား၊ ဒါဖြင့် ကျင့်စဉ် ဒါပါပဲလား ဘုရား’

**ဆရာတော် ။** ‘ဘယ် ဟုတ်ဦးမလဲ’

...ဆရာတော်က အောက်ပါ ...မေးမြန်းပါသည်။



**ဆရာတော် ။** ‘မြေထု ဘယ်မှာ တည်သလဲ’

**စာရေးသူ ။** ‘ရေထုမှာ တည်ပါတယ်ဘုရား’

**ဆရာတော် ။** ‘ရေထုယူဇနာ ဘယ်လောက်ရှိသလဲ’

**စာရေးသူ ။** ‘လေးသိန်း ရှစ်သောင်း ရှိပါတယ်ဘုရား’

အဲဒီအခါ ဆရာတော်က...

‘ဆရာလေး ဒါဆိုရင် ဂုဏ်တော်ကို **လေးသိန်းရှစ်သောင်း စိပ်ပေါ့**’

တဲ့။ စာရေးသူက...

‘အဲဒီလိုဆိုရင် ဘယ်လို အကျိုး ဘယ်လိုအဓိပ္ပာယ်ကို ဆောင်ပါသလဲဘုရား’

ဟုလျှောက်တော့ ဆရာတော်ကြီးက...

‘ရေထုမှာရှိတဲ့ သက်ရှိ၊ သက်မဲ့ မှန်သမျှ အားလုံး မိမိစိတ်ညွှတ်လိုက်ရင် လိုတာဖြစ်ပြီပေါ့’

တဲ့။

**စာရေးသူ ။** ‘ဒါတင်ပဲလား ဘုရား’

ဟု မေးတော့...

**ဆရာတော် ။** ‘ရေထု ဘယ်မှာတည်သလဲ’

**စာရေးသူ ။** ‘ရေထုဟာ လေထုမှာ တည်နေပါတယ်’

**ဆရာတော် ။** ‘လေထု ဘယ်ယူဇနာ ရှိသလဲ’

**စာရေးသူ ။** ‘ကိုးသိန်း ခြောက်သောင်း ရှိပါတယ် ဘုရား’

ဟု လျှောက်တော့...

**ဆရာတော် ။** ‘ကိုးသိန်း ခြောက်သောင်း ပြည့်အောင် ဂုဏ်တော်ပုတီးစိပ်ပေါ့’

**စာရေးသူ ။** ‘ဘယ်လို အကျိုးထူးတွေ ရပါသလဲဘုရား’

**ဆရာတော် ။** ‘လေထုမှာ တည်တဲ့ အရာအားလုံး စိတ်ညွှတ်ရုံနဲ့ လိုရာ ပြည့်ပြီပေါ့’

**စာရေးသူ ။** ‘ဆက်လက် ကျင့်စဉ် ရှိပါသေးလား ဘုရား’

ဟု လျှောက်သည့်အခါ...

**ဆရာတော် ။** ‘လေထု ဘယ်မှာ တည်သလဲ’

ဟု ပြန်မေးသည့်အခါ...

**စာရေးသူ ။** ‘အာကာသမှာ တည်ပါတယ် ဘုရား’

**ဆရာတော် ။** ‘အဲဒါဆိုရင် အာကာသ ပေါက်ပြီ’

**စာရေးသူ ။** ‘အာကာသ ပေါက်တော့ ဘယ်လို အကျိုး အဓိပ္ပာယ် ဆောင်ပါသလဲ ဘုရား’

ဟု လျှောက်တော့...

**ဆရာတော် ။** ‘ဒီပုဂ္ဂိုလ်မှာ ဝိဇ္ဇာဓာတ် ကိန်းပြီပေါ့’

**စာရေးသူ ။** ‘ဝိဇ္ဇာဓာတ် ကိန်းရင် လိုရာအားလုံး ပြီးပြီလားဘုရား’




www.burmeseclassic.com

www.burmeseclassic.com

ဟု လျှောက်တော့...

**ဆရာတော်။** 'လောကီ အနေနဲ့ တော့ ကိုယ်လိုချင်တဲ့ အရာ အသေးအဖွဲလေးတွေ မိမိ စိတ်ညွှတ်တိုင်း ပြည့်စုံပြီပေါ့။ ဒါပေမယ့် ထွက်ရပ်မရောက်သေးဘူး'

ဟု အမိန့်ရှိပါသည်။

**စာရေးသူ။** 'တပည့်တော် ထွက်ရပ် ကို အလိုရှိပါသဖြင့် ဆရာတော် အမိန့်ရှိပေးပါ ဘုရား'

ဟု လျှောက်တော့...

**ဆရာတော်။** 'ငါ့တပည့် ကျင့်နိုင်မှာ မဟုတ်ပါဘူး။ ကျင့်စဉ်က အတော် ကြိုးစားရမှာ'

**စာရေးသူ။** 'အမိန့်ရှိပါ ဘုရား'

ဟု လျှောက်သဖြင့် အောက်ပါ အတိုင်း ကျင့်စဉ်စရဏတို့ကို ဖော်ပြ ချီးမြှင့်ပေးသနားပါသည်။

ကျင့်စဉ်ပုတီးစိပ်ရန်

* * *



ကျန် ဂုဏ်တော်ရှစ်ပါးတို့ကို လည်း မြေထု/ရေထု/လေထု ကုန် အောင်စိပ်ပါ။ ဂုဏ်တော်ပေါင်း ၁၅၁၂၀၀၀၀ (တစ်ကုဋေငါးသန်း တစ်သိန်းနှစ်သောင်း) ရရှိပါသည်။ ဤဟာသည် (အနုလုံ တစ်ခန်း)ဟု ခေါ်ပါသည်။ နောက်...

"သော ဘဂဝါ ဣတိပိ ဘဂဝါ" ဂုဏ်တော်မှစ၍ အရဟံဂုဏ်တော် အထိ နောက်ဆုံး မြေထု/ရေထု/ လေထု စိပ်ပါ။ ဂုဏ်တော် (၁၅၁၂၀၀၀၀) ရရှိပါသည်။ ဤဟာသည် (ပဋိလုံ တစ်ခန်း)ဟု ခေါ်ပါ သည်။

ဤကဲ့သို့ အနုလုံ(၁၅၁၂၀၀၀၀) ပဋိလုံ(၁၅၁၂၀၀၀၀) ပေါင်းသော် ဂုဏ်တော် (၃၀၂၄၀၀၀၀) ရရှိ သည်။ ဤသည်လျှင် အခန်းကြီး တစ်ခန်းဟု ခေါ်ပါသည်။

'ဤကဲ့သို့ အခန်းကြီးပေါင်း (၉)... ပြည့်ရင် ငါ့တပည့် လိုရာ ပြီးပြီပေါ့... ကျန်တဲ့ မီးဓာတ်တွေ ထုံကူးစရာတွေ... တော့ အထက်က ဗိဇ္ဇာတွေက ပြည့်... ဖြစ်တဲ့အတွက် မညွှန်းတော့ပါဘူး'

ဟု ဆရာတော် အမိန့်ရှိပါသည်။

စာရေးသူသည် နက္ခတ္တရောင်ခြည်... ပရိသတ်များ သိရှိလေ့လာ ကျင့်... နိုင်ရန်အတွက် စေတနာကောင်း... တင်ပြအပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| သော | ဘဂဝါ | ဣတိပိ | အရဟံ | မြေထု | ၂၄၀၀၀၀ |
| သော | ဘဂဝါ | ဣတိပိ | အရဟံ | မြေထု | ၄၈၀၀၀၀ |
| သော | ဘဂဝါ | ဣတိပိ | အရဟံ | မြေထု | ၉၆၀၀၀၀ |
| | | | | ပေါင်း = | ၁၆၈၀၀၀၀ |

**ချစ်အေး(မိုးမိတ်)**
**ဘူမိဗေဒသုတေသနအရာ...**
**ရန်ကုန်**

စာရှုသူ...သုတေသီ...ပညာရှင်တို့ ခင်ဗျာ...

ဤဆောင်းပါးမှာ (၉-၆-၂၀၀၃)ခုနှစ်က ရရှိခဲ့သော စာမူ ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။ ယခုမှ ဖော်ပြရသည်ကို ခွင့်လွှတ်ပေးပါရန်နှင့်...

ဆရာတော်၏ အဆက်အနွယ်များမှ ဆရာတော်၏ ကျင့်စဉ်စရဏများ ဆက်လက်ရေးသားပေးပို့ပါရန် မေတ္တာ ရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
**နက္ခတ္တရောင်ခြည်မဂ္ဂ...**



သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ


(ဒုတိယပိုင်း) [အမှတ်-၇]

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

ယခင်လမှ အဆက်

၇။ ယိုးဒယား နောက်ဆံသပ်/ ရှေ့ဆံသပ် ၄-ကွက်၊ ၂-မျက်နှာ

(၁)




(က)

**အသင့်ပြင်။** ၁-တွင် ဘယ်ခြေ၊ ၂-တွင် ညာခြေချလျက် ဘယ်-... ဓားကို စွယ်စုံဟန်ဖြင့် အသင့် ...ပါ။

လှုပ်ရှားမှုအဆင့်ဆင့်

...၂-မှ ညာခြေကို ၃-သို့တက်၊ ညာဓားကို ပင့်စလွယ်ဓား(**၃-ဓား**)ခုတ်၊ ဓားရိုးကို ရင်ဝသို့ ...ထောက်ထား၊ ဓားသွား ...က်လက်ဖြင့် ဓားဦးမှာ ရှေ့သို့ ...ရွယ်ထား၊ ညာဒူးညွှတ်ထား ...။

...ဘယ်ဓားကို ခေါင်းပေါ်မှ ကျော်... ပက်ဓား(၁၀-ဓား)ဖြင့် ပက်



ကာ ခေါင်းနောက်သို့ ဖြီး ချပါ။ **(ဘယ်ဖြီးဓား) ယိုးဒယား နောက်ဆံသပ်** ဟု ခေါ်သည်။

၃။ ဘယ်ဓားကို နောက်မှ ရှေ့သို့ ဖြီးချပါ။ **(ယိုးဒယားရှေ့ ဆံသပ်)**ဟု ခေါ်ပါသည်။

၄။ ညာဓားကို ရှေ့သို့ဖြီးချပါ။

၅။ ၃-မှ ညာခြေကို ၂-သို့ ဆုတ် ကာ ညာတွက်ဓား(**၆-ဓား**) ခုတ်။

၆။ ၁-မှ ဘယ်ခြေကို ၄-သို့ တက်၊ ဘယ်ဓားကို ပင့်စလွယ်ဓား (**၃-ဓား**)ခုတ်။

ဓားရိုးကို ရင်ဝသို့ ဆွဲထောက်ထား၊ ဓားသွားပက်လက်ဖြင့် ဓားဦးမှာ ရှေ့သို့ ချိန်ရွယ်ထား၊ ဘယ်ဒူး ညွှတ်ထားပါ။

၇။ ညာဓားကို ခေါင်းပေါ်မှ ကျော်၍ ပက်ဓား(**၁၀-ဓား**)ဖြင့် ပက်ကာ ခေါင်းနောက်သို့ ဖြီးချပါ။(**ညာဖြီးဓား**) ယိုးဒယား နောက်ဆံ သပ်ဟု ခေါ်သည်။

၈။ ညာဓားကို ရှေ့သို့ ဖြီးချပါ။ **(ယိုးဒယား ရှေ့ဆံသပ်)** ဟု ခေါ်ပါသည်။

၉။ ဘယ်ဓားကို ရှေ့သို့ ဖြီးချပါ။

၁၀။ ၄-မှ ညာခြေကို ၁-သို့ ဆုတ် ကာ ဘယ်တွက်ဓား(**၆-ဓား**) ခုတ်။

၁၁။ ၂-မှ ညာခြေကို ၃-သို့တက်၊ ညာဓားကို ပင့်စလွယ်ဓား(**၃-**



www.burmeseclassic.com

www.burmeseclassic.com

**ဓား)**ခုတ်၊ ဓားရိုးကို ရင်ဝသို့ ဆွဲထောက်ထား၊ ဓားသွား ပက်လက်ဖြင့် ဓားဦးမှာ ရှေ့သို့ချိန် ရွယ်ထား၊ ညာဒူးညွှတ်ထားပါ။

၁၂။ဘယ်ဓားကို ခေါင်းပေါ်မှ ကျော်၍ ပက်ဓား**(၁၀–ဓား)**ဖြင့် ပက်ကာ ခေါင်းနောက်သို့ ဖြီးချပါ။ **(ဘယ်ဖြီးဓား)** ယိုးဒယား နောက်ဆံသပ် ဟု ခေါ်သည်။

၁၃။ဘယ်ဓားကို နောက်မှ ရှေ့သို့ ဖြီးချပါ။ **(ယိုးဒယားရှေ့ ဆံသပ်)**ဟု ခေါ်ပါသည်။

၁၄။ညာဓားကို ရှေ့သို့ ဖြီးချပါ။

၁၅။ညာဓားကို (ခ)ဘက်သို့ တွက်ဓား**(၆–ဓား)**ခုတ်ပါ။

၁၆။နောက်ဘက်သို့(က–ဘက်သို့) ဘယ်ဘယ်မှ လှည့်၍ ဘယ်ဓားကို ပင့်စလွယ်ဓား**(၃–ဓား)** ခုတ်။

ဓားရိုးကို ရင်ဝသို့ ဆွဲထောက်ထား၊ ဓားသွားပက်လက်ဖြင့် ဓားဦးမှာ ရှေ့သို့ ချိန်ရွယ်ထား။ ဘယ်ဒူးညွှတ်ထားပါ။

၁၇။ညာဓားကို ခေါင်းပေါ်မှ ကျော်၍ ပက်ဓား(၁၀–ဓား)ဖြင့် ပက်ကာ ခေါင်းနောက်သို့ ဖြီးချပါ။ **(ညာဖြီးဓား)** ယိုးဒယား နောက်ဆံသပ်ဟု ခေါ်သည်။

၁၈။ညာဓားကို ရှေ့သို့ ဖြီးချပါ။ (ယိုးဒယားရှေ့ဆံသပ်)ဟု ခေါ်ပါသည်။

၁၉။ဘယ်ဓားကို ရှေ့သို့ ဖြီးချပါ။

၂၀။၁–မှ ဘယ်ခြေကို ၄–သို့ ဆုတ်၍ ဘယ်ဓားကို တွက်ဓား **(၆–ဓား)**ခုတ်ပါ။

ယိုးဒယားရှေ့ဆံသပ်၊ ယိုးဒယားနောက်ဆံသပ်၄–ကွက်တစ်မျက်နှာ ပြီး၏။

ရောက်သည့် နေရာ(ခ)မျက်နှာမှ ပြန်၍ ကစားလျှင် မူလနေရာသို့ ပြန်ရောက်၍ ၄–ကွက် ၂–မျက်နှာ ပြီး၏။ ယခုအသွား တစ်မျက်နှာ ကစားကွက်ကိုသာ ပြထားသည်။

## ၈။ ဟသ်ာလည်ယှက်ယူဓား(ဝါ)

## ဟသ်ာလည်ယှက်ဓား

**''ဟသ်ာလည်ယှက်ယူ''** ဓားသည် ရှမ်းကြီး **''စုံဓား''**နှင့် ဆင်သည်။ အသွားအလာ တူသော်လည်း ဓားထားပုံ၊ ဓားယူပုံ ကွာသည်။

**''ဟသ်ာလည်ယှက်ယူ''** ဓားတွင် တစ်ဖက်၏ ဓားရိုးထိပ်နှင့် တစ်ဖက်၏ ဓားဦးထိပ်တို့ ထောင့်ကွေးပုံဖြင့် ထိစပ်ထားပြီး **''စုံဓား''**သည် တစ်ဖက်၏ ဓားသွားလမ်းနှင့် တစ်ဖက်၏ ဓားသွားလမ်းတို့ တူညီပြီး ဓားတစ်ခါထွက်လျှင် ဓားတစ်စုံထွက်ခြင်းဖြစ်သည်။

ပမာအားဖြင့် ဘယ်ဓားသည် တွက်စလွယ်ဓား(၂–ဓား) ခုတ်လျှင် ညာဓားက ပိုင်းစလွယ်ဓား(၁–ဓား) လိုက်ခုတ်သည်။ ဓားလာရာ တူအောင် ခုတ်သောကြောင့် ဓားချက် အမည်ချင်း မတူနိုင်ပါ။

* * * ————→

## ဟသ်ာလည်ယှက်ယူဓား (ဝါ)

## ဟသ်ာလည်ယှက်ဓားကိုင်ပုံ

### ၁။ ဘယ် –ဟသ်ာလည်ယှက်ဓား


ဘယ်ဓားကို ရှေ့မှာထား၍ ဘယ်ဘက်သို့သွားသော ဓားကို **''ဘယ်ဟသ်ာလည်ယှက်ဓား''**ဟု ခေါ်ပါသည်။

ဓားကိုင်ပုံမှာ ဘယ်ဓားကို အသွားပက်လက်ထား၍ ဘယ်ဘက်တွင် ဓားရိုး၊ ညာဘက်တွင် ဓားဦးထား၍ ညာဓား၏ ဓားရိုးအဆုံး(ဓားရိုးထိပ်)ကို ဓားဦးတွင် တေ့ကပ်ထားသော ပုံစံဖြစ်သည်။


### ၂။ ညာ–ဟသ်ာလည်ယှက်ဓား

ညာဓားကို ရှေ့မှာ၍ ညာဘက်သို့ သွားသောဓားကို ''ညာဟသ်ာလည်ယှက်ဓား''ဟု ခေါ်ပါသည်။

ဓားကိုင်ပုံမှာ ညာဓားကို အသွားပက်လက်ထား၍ ညာဘယ်တွင် ဓားရိုး၊ ဘယ်ဘက်တွင် ဓားဦးထား၍ ဘယ်ဓား၏ ဓားရိုးအဆုံး(ဓားရိုးထိပ်)ကို ဓားဦးတွင် တေ့ကပ်ထားသော ပုံစံဖြစ်သည်။




* * *




## ဟသ်ာလည်ယှက်ဓား

## ၄–ကွက်၊ ၂–မျက်နှာ

**အသင့်ပြင်** ။ ။ ဘယ်ဓားရှေ့ ညာဓားဘေးတွင် ထား၍ ဘယ်ဟသ်ာလည်ယှက် ဓားဟန်ဖြင့် အသင့်ပြင်ထားပါ။

## လှုပ်ရှားမှုအဆင့်ဆင့်

။ ၂–မှ ညာခြေကို ခြေခွင်မြှောက်၍ ဓား(၂)ချောင်းကို **(ဘယ်ဟသ်ာလည်ယှက်ဓားဟန်ဖြင့်)** ညာဘက်မှ ဘယ်ဘက်သို့ နွှဲယူသွားပါ။

။ ညာဟသ်ာလည်ယှက် ဓားပုံသို့ ပြောင်းလိုက်၍ ညာခြေကို ၃–သို့ ချကာ၊ ဓား(၂)ချောင်းကို ရှေ့ဘက်**(ခ–ဘက်သို့)** နွှဲယူသွားပါ။

။ ၃–မှ ညာခြေကို ခြေခွင်မြှောက်ထား။ ညာဟသ်ာလည်ယှက်ပုံဟန်ဖြင့် ဓား(၂)လက်ကို ဘယ်ဘက်တွင်မြှောက်ထားပါ။

။ မြှောက်ထားသော ညာခြေကို ၂–သို့ ချ၍၊ ဓား(၂)ချောင်းကို ညာဘက်မှ ဘယ်ဘက်သို့ နွှဲယူသွားပါ။

၅။ ညာဓား ရှေ့ဘယ်ဓားဘေး **(ညာဟသ်ာလည်ယှက်ဓား)** ဟန်သို့ ပြောင်း၍ ဘယ်ခြေကို ခြေခွင်မြှောက်ကာ ဓား(၂) ချောင်းကို ဘယ်ဘက်မှ ညာဘက်သို့ နွှဲယူသွားပါ။

၆။ မြှောက်ထားသော ဘယ်ခြေကို ၄–တွင်ချ၊ **(ညာဟသ်ာလည်ယှက်ဓား)**မှ **(ဘယ်ဟသ်ာလည်ယှက်)**သို့ ပြောင်းကာ ရှေ့သို့**(ခ–ဘက်သို့)** ဓား(၂) ချောင်းကို နွှဲယူသွားပါ။

၇။ ဘယ်ဓားရှေ့ ညာဓားဘေး **(ဘယ်ဟသ်ာလည်ယှက်ဓား)** ဟန်ဖြင့် ဘယ်ခြေကို မြှောက်ထားကာ ဓား(၂)လက်ကို ညာဘက်တွင် မြှောက်ထားပါ။

၈။ မြှောက်ထားသော ဘယ်ခြေကို ၁–တွင်ချ**(ဘယ်ဟသ်ာလည်ယှက်ဓား)**မှ **(ညာဟသ်ာလည်ယှက်ဓားသို့ ပြောင်းကာ)** ဓား(၂)ချောင်းကို ဘယ်ဘက်မှ ညာဘက်သို့ နွှဲယူသွားပါ။

၉။ ၂–မှ ညာခြေကို ခြေခွင်မြှောက်၍ ဓား(၂)ချောင်းကို ဘယ်ဟသ်ာလည်ယှက် ဟန်သို့ ပြောင်း၍ ညာဘက်မှ ဘယ်ဘက်သို့ နွှဲယူသွားပါ။

၁၀။ ညာ ဟသ်ာလည်ယှက်ဓားဟန်သို့ ပြောင်းလိုက်၍ ညာခြေကို ၃–သို့ချကာ ဓား(၂)ချောင်းကို ရှေ့ဘက်**(ခ–ဘက်သို့)** နွှဲယူသွားပါ။

၁၁။ ဘယ်ခြေကို ခြေခွင်မြှောက်၍ ဓား(၂)လက်ကို ညာနောက်ဘက်တွင် မြှောက်ထားပါ။

၁၂။ ဘယ် ဟသ်ာလည်ယှက်ဓားဟန်သို့ ပြောင်း၍ နောက်ဘက်**(က–ဘက်သို့)** ဓား(၂)ချောင်းကို နွှဲယူသွားပါ။

၁၃။ ဘယ်ခြေကို ၄–တွင် ချ၍ ညာဟသ်ာလည်ယှက်ဓားဟန်သို့ ပြောင်းကာ ဘယ်ဘက်မှ ညာဘက်သို့ နွှဲယူသွားပါ။

**[ဟသ်ာလည်ယှက် ၄–ကွက် ၁–မျက်နှာ ပြီး၏။ ယခု ရောက်ရာနေရာမှ ပြန်ကစားလျှင် မူလနေရာသို့ ရောက်မည်။ ထိုအခါမှ ဟသ်ာလည်ယှက်ဓား ၂–မျက်နှာ ပြီး၏။]**

## ၉။ ရှေ့ဖြီးဓား

ဓားကို ခေါင်းနောက်မှ ရှေ့သို့ ဖြီးသလို ဖြီးချသော ဓားကို ရှေ့ဖြီးဓားဟုခေါ်ပါသည်။ ရှေ့မှ ခုတ်သောဓားကို ခုခံမည်ဆိုလျှင် နောက်ဖြီးဓားဖြင့် ခုခံရမည်ဖြစ်သည်။

ရှေ့မှခုတ်သော ဓားကို ခြေတက်၍ ခုခံမည်ဆိုလျှင် နောက်ဖြီးဓားဖြင့်သာ ခုခံကာကွယ်ရမည်။ ရှေ့မှ ခုတ်သော ဓားကို ခြေဆုတ်၍ ခုခံကာကွယ်မည်ဆိုလျှင် ရှေ့ဖြီးဓားဖြင့် ခုခံ ကာကွယ်ရမည်။

ပမာအားဖြင့် မိမိ၏ ရှေ့ရန်သူက မိုးဓား(၈–ဓား)ဖြင့် ခုတ်၍ မိမိက ညာခြေတက် ခုခံတိုက်ခိုက်မည်ဆိုလျှင် မိမိဘယ်နောက်ဖြီးဓားဖြင့် သူခုတ်သောဓားကို ခုခံလိုက်၍ ညာပင့်ဓားနှစ်ချက်**(၃–ဓား နှင့် ၄–ဓား)**ကို





www.burmeseclassic.com

www.burmeseclassic.com

သွင်းလိုက်လျှင်ရ၏။

ပမာအားဖြင့် မိမိရှေ့ရန်သူက မိုးဓား(ဂ-ဓား)ဖြင့် ခုတ်၍ မိမိက ညာခြေဆုတ်၍ ခံကာကွယ်မည် ဆိုလျှင် မိမိဘယ်ရှေ့ဖြီးဓားဖြင့် ခုခံကာကွယ်ရမည်ဖြစ်သည်။

၁၀။ စွန်ဝဲဓား

* * *




ဓားနှစ်ချောင်းကို ညာဓားအပေါ် ဘယ်ဓားအောက် (သို့မဟုတ်) ဘယ်ဓားအပေါ် ညာဓားအောက် ထား၍ မူသေ ထပ်ထားကာ အသွားကို အတွင်းဘက်သို့ထားကာ ဘယ်ဘက်မှ ညာဘက်၊ ညာဘက်မှ ဘယ်ဘက်သို့ ဝဲ၍သွားသော ဓား ဖြစ်သည်။

ရန်သူ့ဓား/တုတ်တို့ကို ယင်း စွန်ဝဲဓားဖြင့်ပင် ခုခံပြီး... ခုခံရာမှ တိုက်ခိုက်ရာသို့ ပြောင်းလျှင် ယင်း စွန်ဝဲဓားဖြင့် လည်ပင်းကို တိုက်ခိုက်ခြင်း၊ ရင်အုံကိုထိုးခြင်းတို့ ပြုလုပ်နိုင်သည်။

လည်ပင်းကို ယင်းစွန်ဝဲဓားဖြင့် ထိုးညှပ်ထားရာမှ ဘယ်ဓားကို ဘယ်ဘက်သို့လည်းကောင်း၊ ညာဓားကို ညာဘက်သို့လည်းကောင်း အားဖြင့် ဆွဲလိုက်လျှင်(**ကတ်ကြေး ညှပ်သကဲ့သို့**) လည်ပင်းပြတ်ထွက်သွားနိုင်သည်။

၁၁။ နောက်ဖြီးဓားထမ်း


ဖြီးထားသောဓားကို ပခုံးတွင် ထမ်းထားခြင်းဖြစ်သည်။ ဓားတစ်ချောင်းကို ထမ်းပြီး ကျန်ဓားတစ်ချောင်းဖြင့် တိုက်ခိုက်သောနည်း ဖြစ်သည်။

ပမာအားဖြင့် ဘယ်ဓားဖြင့် နောက်သို့ ဖြီးချလျက် ဘယ်ဘက်ပခုံးတွင် ဘယ်ဓားထမ်းထားကာ ညာဓားဖြင့် ပင့်စလွယ်၊ ပက်စလွယ်၊ ပိုင်းစလွယ်၊ တွက်စလွယ်ဓားများ ခုတ်နိုင်သည်။

၁၂။ ဓားထမ်းကျော်

**"ဓားထမ်းကျော်"** သည် **နောက်ဖြီးဓားထမ်းနှင့် တစ်ဆက်တည်းဖြစ်သည်။** ဓားထမ်းပြီး ကျော်ချင်သည့်အတွက် "နောက်ဖြီးဓားထမ်း"ကို ကြိုတင် ပြုလုပ်ထားခြင်း ဖြစ်သည်။

ပမာအားဖြင့် ဘယ်ဓားကို ခေါင်းရှေ့မှ နောက်သို့ ဖြီးချလျက် ဘယ်ပခုံးပေါ်တွင် ထမ်းကာ ညာခြေကို ခြေခွင်မြှောက်ပြီး ညာဓားကို **(မြေကြီးနှင့် မျဉ်းပြိုင်ထားကာ)** အောက်သို့ နှိမ့်နိုင်သမျှ နှိမ့်၍ မြှောက်ထားသော ညာခြေကို အဆိုပါ ညာဓားပေါ်မှ ကျော်ချလိုက်ခြင်း ဖြစ်သည်။




၁၃။ ဓားရိုးဆောင့်

ဓားရိုးဆောင့်နည်းမှာ နှစ်နည်း... သည်။ ဓားရိုးဓားရိုးချင်း ဆောင့်ခြ... က တစ်နည်းဖြစ်၍ ဓားရိုးဖြင့် မြေ... ဆောင့်ခြင်းက တစ်နည်း ဖြစ်... သည်။

အမှန်မှာ ဓားကစားရင်း ဓား... ချောင်လာကြောင့် ဓားရိုးကျပ်သွ... စေရန် မြေကြီး နံရံ တစ်ခုခု... ဆောင့်ခြင်းလည်း ဖြစ်ပါသည်။

ထိုမှတစ်ဆင့် ရန်သူ၏ နား... သို့ ဆောင့်ခြင်း၊ နဖူးသို့ ဆောင့်ခြ... မျက်နှာသို့ဆောင့်ခြင်း၊ လက်... ကိုင်လက်ကို ဓားရိုးဖြင့် ဆောင့်ခြ... ရင်ဝသို့ ဆောင့်ခြင်း၊ ပေါင်... ဆောင့်ခြင်းတို့ ဖြစ်လာပါသည်။

ရန်သူ၏ နားထင်နှစ်ဖက်... ဓားရိုးထိပ်ဖြင့် ညှပ်ဆောင့်ခြ... စသည်ဖြင့် အသုံးပြုလာကြပါသည်။

* * *

အများအားဖြင့် ဓားရိုးထိပ်... ဆောင့်ပြီးသည်နှင့် လက်ပူး... စားကို ဆက်ကစားလေ့ ရှိပါသည်။

လက်ပူးလှည့် မက... ပန်းခြူ(မ)ဓား (လက်ပူး... အကျဲ)ကို ကစားလေ့ ရှိပါသည်။

စကား...

ရှေ့လ ဆက်ဖတ်ပါရန်

ဆရာကြီးမင်းယက္ခ
*(တိုက်ပွဲဝင်)*



# မိုးကြိုးလွှဲ ဂါထာတော်များ



(၄)ရက်သားသမီးများ ကောင်းကျိုးချမ်းသာ အဝဝ ...ခြင်းငှာ လောကီ,လောကုတ္တရာ သုတ ...တို့ကို ထည့်သွင်းဖော်ပြနေသော နက္ခတ္တ ...ခြည်မဂ္ဂဇင်းသို့ ပေးပို့နိုင်ရန်အတွက် လောကီ, ...ကုတ္တရာ သုတအဖြာဖြာတို့ကို ကျွန်တော့်အဖို့ ...ဝရ ရှာဖွေလေ့လာနေရပါသည်။

...သို့ လေ့လာရှာဖွေ၍ တွေ့ရှိပါက ရှာဖွေလေ့လာ ...သည့် အကြောင်းအရာတို့ကို နက္ခတ္တရောင်ခြည် ...သို့ ပေးပို့ပါသည်။

...လည်း **ငလျင်ဘေး၊ မုန်တိုင်းဘေး၊ မိုးကြိုး ...ဘေးတို့မှ ကားဆီးကာကွယ် ကင်းလွတ်စေ ... ဂါထာတော်ကြီးကို** တွေ့ရှိရပါသည်။

...ဂါထာတော်ကြီးကို ယခု နက္ခတ္တရောင်ခြည် ...တွင် ရေးသားလိုက်ပါသည်။

...ဂါထာတော်ကြီးမှာ အနော်ရထာမင်းနှင့် ...မင်းတို့ တည်ထားတော်မူခဲ့သော **ညောင်ဦးမြို့ရှိ ...မုံစေတီတော်ကြီး၏ ထီးတော်အောက်** (...ကြေးစလောင်း)တွင် ရေးထိုးသော ဂါထာ ...ဖြစ်ကြောင်း လေ့လာသိရှိရသည်ဟု **...ကိုင်းသား"၏ "လောကီ, လောကုတ္တရာ သုတ ...ရာ"(လက်ရေးမူ)**တွင် ရေးသားမှတ်တမ်းပြုထား ... တွေ့ရှိရပါသည်။

...ဂါထာတော်ကြီးကို ကျော်အောင်စံထား ဆရာ ...၏ "ပေမူ"တွင်လည်း တွေ့ရှိရပါသည်။

မိုးကြိုးလွှဲဂါထာ(၈)ဂါထာ

... မုနိ ဗုဒ္ဓေါ၊ ဧယျကံ ဧယျ ဓမ္မဝ၊
... တိတိ လေခ်ိနိ၊ အဿနိ ပရိဝဇ္ဇယိ၊
... ဒေဝ ပနဿာနံ ပိဓာယာနာဂ သုပဏ္ဏာနံ
... ပုတ္တာနံ၊ ပိယိန္ဒြိယံ နမာမဟံ၊

၃။ ကရုဏာ ညာဏာသမ္ပန္နော၊ စက္ကု စက္ကိန္န သမ္ဗုဒ္ဓေါ၊
တတ္တိံသ လက္ခဏူပေတော၊ တာဒိတာ ဒိန္နမဂ္ဂိတော၊
၄။ တိဘဝူပသမော နာထော၊ ဗုဒ္ဓဗုဒ္ဓ ဗုဒ္ဓိမော၊
နမဏ္ဍဟာသ သင်မော၊ ဇိနော ဇိနဂ္ဂ သမ္ဗုဓော၊
၅။ တိလောကမုဒ္ဒိ ဘူတဿ၊ ဒေဝ ဒေဝိန္ဒရာ ဇိနော၊
သတ္တာတိ သတ္တရာဇဿ၊ ဖြပဒ္ဓ ဖြပဒ္ဓိန္န ဖြပဒ္ဓနော၊
၆။ သာရာတိ သာရဒ္ဒန္တဿ၊ ကဝိ ကဝိန္န ကောတုနော၊
နမဏ္ဍ လောကဇေဋ္ဌဿ၊ မုနိ မုနိန္န ရာဇိနော၊
၇။ ဝရလက္ခဏာ သမ္ပန္နံ သုရာသုရ သုခါဝဟံ၊
သတ္တိန္နဝံသ ဇံဖေဋ္ဌ ဝိတာဝိတံ ဝိနာယကံ၊
၈။ သိလာဒိဂုဏာ သမ္ပန္နံ နရာနရိန္န ပါမောက္ခံ
နမာမိ သုဂတံ နာထံ၊ မတိမန္နံ မဟာပုညံ၊

ခက်ခဲသော ပါဠိအသံထွက်

၁။ **ဓေယျော** = ဓေယော
**ဗုဒ္ဓရုဍ္ဍ** = ပတ်ရှင်စ





www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ဣမာနိ | = | အိမာနိ |
| ပရိဝဇ္ဇယိ | = | ပရိဝဇ်ဇယိ |
| ၂။ မနုဿာနံ | = | မနုတ်သာနံ |
| သုပဏ္ဏာနံ | = | သုပန်နာနံ |
| ဗြဟ္မထာ | = | ဗြဟ်မန |
| မုတ္တမံ | = | မုတ်တမံ |
| ပိယိန္ဒြိယံ | = | ပိယိန်ဒရိယံ |
| ၃။ ဉာဏသမ္ပန္နော | = | ဉာနသမ်ပန်နော |
| စက္က စက္ကိန္ဒ | = | စက်ကစက်ကိန်ဒ |
| သမ္ဘဝေါ | = | သမ်ဘဝေါ |
| ဗာတ္တိံသ | = | ဗတ်တိန်သ |
| လက္ခဏူပေတော | = | လက်ခနူပေတော |
| ဒိန္နမန္တိတော | = | ဒိန်နမန်တိတော |
| ၄။ ဗုဒ္ဓဗုဒ္ဓဂ္ဂ | = | ဗုတ်ဓဗုတ်ဓဂ်ဂ |
| ဗုဒ္ဓိမော | = | ဗုတ်ဓိမော |
| နမတ္ထုတဿ | = | နမတ်ထုတတ်သ |
| သင်္ဂမော | = | သင်ဂမော |
| ဇိနဂ္ဂ | = | ဇိနက်ဂ |
| သမ္မဂေါ | = | သမ်မဂေါ |
| ၅။ မုဒ္ဒိ | = | မုတ်ဒိ |
| ဘူတဿ | = | ဘူတတ်သ |
| ဒေဝိန္ဒရာ | = | ဒေဝိန်ဒရာ |
| သက္ကာတိ | = | သက်ကာတိ |
| သက္ကရာဇဿ | = | သက်ကရာဇတ်သ |
| ဗြဟ္မ | = | ဗြဟ်မ |
| ဗြဟ္မိန္ဒ | = | ဗြဟ်မိန်ဒ |
| ဗြဟ္မုနော | = | ဗြဟ်မုနော |
| ၆။ သာရဒန္တဿ | = | သာရဒန်တတ်သ |
| ကဝိန္ဒ | = | ကဝိန်ဒ |
| နမတ္ထု | = | နမတ်ထု |
| လောကဇေဋ္ဌဿ | = | လောကဇေတ်ထတ်သ |
| မုနိန္ဒ | = | မုနိန်ဒ |
| ၇။ ဝရလက္ခဏ | = | ဝရလက်ခန |
| သမ္ပန္နံ | = | သမ်ပန်နံ |
| သက္ကိန္ဒဝံသ | = | သက်ကိန်ဒဝံသ |
| ဖံဖေဌ | = | ဖံဖတ်ထ |
| ၈။ သမ္ပန္နံ | = | သမ်ပန်နံ |
| နရိန္ဒ | = | နရိန်ဒ |
| ပါမောက္ခံ | = | ပါမောက်ခံ |
| မဟာပုညံ | = | မဟာပုန်ညံ |

မိုးကြိုးလွှဲ(၈)ဂါထာအနက်

၁။ **မုနိ**၊ မြတ်စွာဘုရားသည်။ **ဗဒ္ဓရဋ္ဌ**၊ ကိလေသာ အနှောင်အဖွဲ့ကိုလည်း။ **ဖေယျော**၊ အောင်တော်မူ... **ဖေယျကာ**၊ အောင်အပ်ဖွယ်ရာ အဖြာဖြာကို။ ဖေ... **မေဝစ**၊ အောင်မြင်သည်သာလျှင်တည်း။ ဣမာ... **တိထိ လေခါနိ**၊ ဤအရေးသုံးပါးတို့သည်။ အသ... မိုးကြိုးစက်ကို။ **ပရိဝဇ္ဇယိ**၊ ရှောင်လွှဲထပြီ။

၂။ **ဒေဝ မနုဿာနံ**၊ နတ်လူတို့၏။ **ပိယော**၊ ချစ်မြတ်... အပ်သည်။ **နာဂသုပဏ္ဏာနံ**၊ နဂါးဂဠုန်တို့... **ပိယော**၊ ချစ်မြတ်နိုးအပ်သည်။ **ဟောတိ**၊ ဖြစ်... **ဗြဟ္မထာ**၊ မကောင်းမှုကို အပပြုပြီးသောသူ... **ပိယော**၊ ချစ်မြတ်နိုးအပ်၏။ **ဥတ္တမံ**၊ မြတ်သော... **ပိယိန္ဒြိယံ**၊ ချစ်မြတ်နိုးအပ်သော ဣန္ဒြေရှိ... မြတ်စွာဘုရားကို။ **အဟံ**၊ အကျွန်ုပ်သည်။ **နမာ**... ရှိခိုးပါ၏။

၃။ **ကရုဏာ ဉာဏသမ္ပန္နော**၊ မဟာကရုဏာ သဗ္ဗ... ဉာဏ်နှင့် ပြည့်စုံတော်မူသော။ **စက္က စက္ကိန္ဒ** သမ္ဘ... လောကီစကြာ ရတနာတို့ထက် သာလွန်... သော တရားစကြာ ရတနာတို့၏ အရှင်ဖြစ်... ထသော။ **ဗာတ္တိံသ လက္ခဏူပေတော**၊ သုံး... နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ... နှင့်လည်း ပြည့်စုံတော်မူထသော။ တာ... **ဒိန္နမန္တိတော**၊ လာဘ လာဘ စသည့်... လောကဓံကြောင့် ဖောက်ပြန်မရှိ ရှောင်ရဲ... တာဒိဂုဏ်နှင့် တန်ဆာဆင်အပ်ထသော။

၄။ **ဝိဘဝူပသမော**၊ ဘဝသုံးပါး၌ သွားလာ... မှ ငြိမ်းတော်မူပြီးထသော။ **နာထော**၊ လူ၊ န... သတ္တဝါတို့၏ ကိုးကွယ်ရာ အစစ်အမှန် ဖြစ်... သော။ **ဗုဒ္ဓ ဗုဒ္ဓဂ္ဂ ဗုဒ္ဓိမော**၊ သုတဗုဒ္ဓ၊ ပစ္စေက... ထက် မြတ်သော သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်...



F.19B. June ...



...သော။ **ဇိနော**၊ မာရ်ငါးပါးကို အောင်တော်မူပြီးထ သော။ **သင်္ဂမော**၊ အောင်အပ်သော စစ်မြေပြင်လည်း ရှိထသော။ **ဇိနဂ္ဂ သမ္မဂေါ**၊ အောင်သူတကာတို့ ထက် မြတ်သည်ဟု ကြွေးကြော်အပ်ထသော။ **တဿ**၊ ထိုသို့ များလှဖုံဖုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရားအား။ **မေ**၊ အကျွန်ုပ်၏၊ **နမော**၊ ရှိခိုးခြင်းသည်။ **အတ္ထု**၊ ဖြစ်ပါစေသတည်း။

၅။ **တိဓလောကမုဒ္ဒိ ဘူတဿ**၊ လူသုံးပါးတို့၏ ဦးထိပ် ...ယ် ဖြစ်ထသော။ **ဒေဝ ဒေဝိန္ဒရာဇိနော**၊ နတ် ...ကာတို့ထက်မြတ်သော အသဒိသ ဝိသုဒ္ဓိနတ် ...လည်း ဖြစ်တော်မူထသော။ **သက္ကာတိ သက္က ရာဇဿ**၊ သိကြားတကာတို့ထက် လွန်မြတ်သော ...ကြားမင်းလည်း ဖြစ်တော်မူထသော။ **ဗြဟ္မဗြဟ္မိန္ဒ ...ဟ္မုနော**၊ ဗြဟ္မာတကာတို့ကို အစိုးရသော ရဟန္တာ ...ဟ္မာမင်းလည်း ဖြစ်တော်မူထသော။

၆။ **...သာရာဇတိ သာရဒန္တဿ**၊ ယဉ်ကျေးသောသူတို့ ...ထက် မယဉ်ကျေးသောသူတို့ကို ဆုံးမတော်မူတတ် ...သော။ **ကာဝိ ကဝိန္ဒ ကေတုနော**၊ လောကီပညာရှင် ...တို့ထက် လွန်မြတ်သော လောကုတ္တရာပညာရှင်တို့ ...မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူထသော။ **မုနိ မုနိန္ဒ ရာဇိနော**၊ ပုထုဇဉ် အရိယာ ရဟန်းတို့ကို ...အစိုးရသော ရဟန်းမင်းလည်း ဖြစ်တော်မူထသော။ **...လောကဇေဋ္ဌဿ**၊ လူသုံးဦးတို့ထက် အထူးသဖြင့် ...မြတ်တော်မူသော မြတ်စွာဘုရားအား။ **မေ**၊ ...ကျွန်ုပ်၏။ **နမော**၊ ရှိခိုးခြင်းသည်။ **အတ္ထု**၊ ဖြစ်ပါစေသတည်း။

၇။ **ဝရလက္ခဏ သမ္ပန္နော**၊ မြတ်သော လက္ခဏာ ...အသွယ်သွယ်နှင့် ပြည့်စုံတော်မူထသော။ **...ရာသုရ သုခါဝဟံ**၊ နတ်လူဗြဟ္မာ သတ္တဝါတို့၏ ...ကိုလည်း ဆောင်တော်မူထသော။ **သက္ကိန္ဒ ...ဝံသံ**၊ သာကီဝင်မင်းမျိုးကို အစိုးရသော ဥက္ကါဝံသ ...ဖွယ်မှုလည်း ဖြစ်တော်မူထသော။ **ဖေဋ္ဌံ**၊ ...သောသူတို့ထက် အထူးသဖြင့် ကြီးတော်မူထ ...။ **ဝိဘာဝိတံ**၊ ဝိမုတ္တိငါးပါး မြတ်တရားကို ...ဖြတော်မူတတ်ထသော။ **ဝိနာယကံ**၊ ဗြဟ္မာ နတ်လူ သုံးဘုံသူကို နိဗ္ဗူသာခေါင် ဘေးမဲ့သောင်သို့ ပို့ဆောင်တော်မူတတ်ထသော။

၈။ **သီလာဒိဂုဏသမ္ပန္နံ**၊ သီလ အစရှိသော ဂုဏ်နှင့် ပြည့်စုံတော်မူထသော။ **နရာနရိန္ဒ ပါမောက္ခံ**၊ လူရော နတ်ပါ သတ္တဝါကို သံသရာမှ လွှတ်ရာလွှတ်ကြောင်း နည်းကောင်းညွှန်ပြ ဆရာမှန်လည်း ဖြစ်တော်မူထ သော။ **သုဂတံ**၊ ကောင်းသော စကားကိုလည်း ဆိုတော်မူတတ်ထသော။ **မတိမန်**၊ လောကုတ္တရာ ဖိုလ်ပညာဖြင့် မကွာထုံအပ်သော စိတ်နှလုံးတော် လည်း ရှိထသော။ **မဟာပုညံ**၊ ကြီးကျယ်များမြတ် မှုဖော်အပ်သော ဘုန်းတန်ခိုးတော်လည်း ရှိတော်မူ ထသော။ **နာထံ**၊ မြတ်စွာဘုရားကို။ **အဟံ**၊ အကျွန်ုပ် သည်။ **နမာမိ**၊ ကာယဝစီ မနသီဖြင့် ဦးနှိမ်ညွှတ်လျှိုး ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

*[ဤဂါထာတော်များ၏ ပါဠိအနက်ကို နတ္တုဏရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]*

ဤဂါထာတော်ကြီးကို ရေးကူး၍ဖြစ်စေ၊ ကွန်ပျူတာ စာစီ၍ဖြစ်စေ လုပ်ဆောင်ကြကာ နေအိမ်တိုက်တာ များ၏ မြင့်မြတ်သော နေရာတို့၌ ထားရှိကြပါ။


*ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ၍ ဘေးဘယာ ဝေးကြပါစေ။*

**ဦးစိန်သွင်**



www.burmeseclassic.com

www.burmeseclassic.com



ပဲပင်အမြစ်များတွင် သဘာဝအလျောက် ရှိသည့် ရိုင်ဇိုဘီးယမ်း ပဲမြစ်ဖုလေးများ

# အထွက်တိုးစေပြ

### ပဲမြစ်ဖု ဇီဝမြေသြဇာ သုံးစွဲစို့

တစ်နေ့က မထင်မှတ်ဘဲ စိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ မိတ်ဆွေတစ်ဦးရဲ့ အိမ်ကို အလည်တစ်ခေါက် ရောက်ခဲ့တယ်။

အိမ်မှာ ဘယ်သူမှ မတွေ့၊ ဘာသံမှ မကြားတာနဲ့ အိမ်အနောက်ဘက် စိုက်ခင်းဆီ လှမ်းကြည့်လိုက်မှ မြေပဲခင်းအလယ်မှာ မြေပဲနုတ်သိမ်းနေတဲ့ မိသားတစ်စုလုံးကို တွေ့ရတယ်။

ကျွန်တော် ရောက်သွားတဲ့အချိန်က ကျွန်တော်တို့ဆီမှာ ဆောင်းမြေပဲတွေ နုတ်သိမ်းတဲ့အချိန်ပါ။ မိတ်ဆွေဖြစ်သူကလဲ ကျွန်တော့်ကိုမြင်တော့ လက်ယပ်ခေါ်တာနဲ့ ခြံအလယ်လမ်းအတိုင်း သူ့ဆီ သွားလိုက်ပါတယ်။

သူတို့အနားရောက်မှ မိတ်ဆွေမိသားစု နုတ်[illegible] မြေပဲပင်တွေမှာ မြေပဲတောင့်တွေက သူ[illegible] တွေနဲ့ မတူအောင်ကို ဥတွေ ပြွတ်သိ[illegible] ဥထားတာ တွေ့လိုက်ရတယ်။

နုတ်ပြီးသား မြေပဲပင်တစ်ပင်က မြေပဲ[illegible] ရေတွက်ကြည့်လိုက်တော့ အတောင့်ပေါင်း[illegible] တွေ့ရတယ်။ သူ့မြေပဲဥနှုန်းက စံချိန်မှီ[illegible] မှာပေါ့။

ဒါနဲ့... ကျွန်တော်လဲ သူ့မြေပဲပင်[illegible]

ကောင်းအောင် **ဘယ်လို စိုက်ပျိုးပြုစုတယ်ဆိုတာကို မေးလိုက်ပါတယ်။**

အဲဒီမှာသူက သူ့မြေပဲတွေ အခုလို အထူးထွက်အောင် အသုံးပြုစိုက်ပျိုးခဲ့တဲ့ စိုက်ပျိုးရေးနည်း ပညာအကြောင်းကို အခုလို ပြန်လည်လို့ ပြောပြခဲ့ပါတယ်။

'မနှစ်က ပင်းမြင့်တဲ့ အတိုင်းပဲလေကွာ၊ ဟိုတက်ခြံက ကိုလှကျော် မြေပဲတွေ အရမ်း ဥနှုန်း ကောင်းနေပေမယ့် ငါ့ခြံအခင်းက မျိုးတောင် ပြန်မရခဲ့ဘူး။

ဒါကြောင့် ဘာဖြစ်လို့ ငါ့မြေမှာ မြေပဲ မဥရတာလဲဆိုပြီး စိုက်ပျိုးရေး ကျွမ်းကျင်တဲ့ ဆရာတွေဆီ မေးမြန်းကြည့်တော့မှ မြေပဲဥဖို့အားပေးပြီး မြေဆီလွှာနဲ့ စိုက်သီးနှံတွေ ပွံ့ဖြိုးဖြစ်ထွန်းအောင် အားပေးတဲ့ အကျိုးပြု ဘက်တီးရီးယားတစ်မျိုး ငါ့မြေမှာ မရှိလို့လို့ ပြောတယ်။

ဒါနဲ့...ငါလဲ အဲဒီ အကျိုးပြု ဘက်တီးရီးယားကို ဘယ်လိုမွေးပြီး ဘယ်လိုအသုံးပြုရမယ်ဆိုတာ လေ့လာပြီး လက်တွေ့အသုံးချကြည့်တော့မှ အခုလို အောင်မြင်ဖြစ်ထွန်းခဲ့တာကွ။

မင်း စိတ်ဝင်စားရင် အဲဒီဘက်တီးရီးယားကို ဘယ်လိုမွေးပြီး ဘယ်လို ပြန်အသုံးပြုတယ်ဆိုတာကို ငါပြောပြမယ်။ လာ...မြေပဲပြုတ်စားရင်း နားထောင်ကွာ'

လို့ ပြောတာနဲ့ သူနဲ့အတူ ခြံထောင့်က အရိပ်ကောင်းတဲ့ သရက်ပင်အောက်ဆီ လှမ်းခဲ့ကြပါတယ်။

ပဲမြစ်ဖုဇီဝမြေသြဇာအဖြစ် အသုံးပြုတဲ့ **ရိုင်ဇိုဘီးယမ်း**ကို အင်္ဂလိပ်လိုတော့ **Rhizobium inoculant** လို့ခေါ်တယ်။ အဲဒီ ပဲမြစ်ဖုရှိင်ဖုန်းလေးတွေနဲ့ အပင်တွေရဲ့ သဟဇာတဖြစ်စဉ်ခေါ်တဲ့ **Synbiosis** အပြန်အလှန် ဆက်သွယ်မှုကတော့ လေထုတွင်းမှာ သဘာဝအလျောက်ရှိနေတဲ့ နိုက်ထရိုဂျင်ဓာတ်ကို သီးနှံပင်တွေအတွက် ဖမ်းယူပေးတယ်။

မြေဆီလွှာအတွင်းမှာရှိတဲ့ အပင်ရဲ့ အမြစ်များနဲ့ ဆက်သွယ်ပြီး မြေဆီလွှာအတွင်းက ရေနဲ့ အာဟာရဓာတ်တွေကို အပင်အတွက် စုပ်ယူတယ်။ အပင်တွေ ကြီးထွားဖို့ ပြည့်နဲ့ အစာချက်တဲ့ ဖြစ်စဉ်ဖြစ်တဲ့ **အလင်းမှီအစာချက်ခြင်း**(Photosynthesis) (ခေါ်) **ကာဗွန်ဖမ်းယူခြင်း**(Carbon Fixation)ကို ပိုမိုကောင်းမွန်အောင် ဖန်တီးပေးတယ်။



မြေပဲပင်တွင် တွယ်ကပ်နေသည့် ရိုင်ဇိုဘီးယမ်း ပဲမြစ်ဖုများ

သက်ရှိ အပင်နှစ်မျိုးကြား အပြန်အလှန် အကျိုးပြုဆက်သွယ်လို့ သဟဇာတနဖြစ်စဉ်လို့ သုံးကြတာပေါ့။

အဲဒီ ရိုင်ဇိုဘီးယမ်းဇီဝမြေသြဇာကို ကိုယ်တိုင်ပြုလုပ်ပြီး အသုံးပြုနိုင်တယ်။ ရိုင်ဇိုဘီးယမ်းတွေကို ရယူစုဆောင်းဖို့ရာ အတွက်ကတော့ ပဲတစ်မျိုးမျိုးကို ကြိုတင်စိုက်ပျိုးထားရမှာ...

**ဥပမာ** ။ ။ မြေပဲစိုက်မှာလား... မတ်ပဲ၊ ပဲလွန်း၊ ထောပတ်ပဲ၊ ပဲတီးစိမ်း၊ ပဲစင်းငုံ စိုက်မှာလား ဆိုတာကို ရွေးချယ်ပြီး ကိုယ်စိုက်လိုတဲ့ ပဲတစ်ကေစာ မျိုးပွားယူဖို့ မျိုးရင်းတူ ပဲပင်အပင်(၂၀)ကနေ အပင်(၃၀)ကို စိုက်ပျိုးထားရမှာဖြစ်တယ်။


အဲဒီ မျိုးယူဖို့ စိုက်ပျိုးတဲ့ မြေအနေအထားကို လုံးဝခြောက်သွေ့ခြင်းမရှိတဲ့ မြေဆီလွှာနဲ့ သစ်ဆွေးပြေပါတဲ့ မြေမျိုးမှာ စိုက်ပျိုးတာဟာ အကောင်းဆုံးပဲ။





www.burmeseclassic.com

www.burmeseclassic.com



▲ ထင်ရှားစွာ တွေ့မြင်ရသည့် ရှိုင်ဇိုဘီးယမ်း မြစ်ဖုများ

မိမိစိုက်တဲ့ ပဲမျိုးပေါ် မူတည်ပြီး သက်တမ်းတော့ ကွာခြားလိမ့်မယ်။ မျိုးအဖြစ် စိုက်ပျိုးထားတဲ့ ပဲပင်ငယ်များ စတင် ဖူးပွင့်ခါနီးအချိန်မှာ နုတ်ပြီး အမြစ်တွေကို ရေဆေး...အဲဒီအခါ ရေသောက်မြစ်ရဲ့ အရင်းပိုင်းက အကြီးဆုံး၊ အရောင်အရင့်ဆုံးနဲ့ အဖောင်းကြွဆုံး မြစ်ဖုများကို တွေ့ရလိမ့်မယ်။

ရေသောက်မြစ် အလယ်ပိုင်း လေမြစ်ကြီးများရဲ့ အရင်းပိုင်းမှာလဲ ဒုတိယတန်းစား မြစ်ဖုများကို တွေ့နိုင်တယ်။ သေးငယ်တဲ့ မြစ်ဖုတွေကိုတော့ အသုံးမပြုနဲ့ပေါ့။

အဲဒီလို မြစ်ဖုတွေကို စုဆောင်းပြီးပြီဆိုရင် နွားနို့ တစ်ပိဿာကို ဆူအောင်ကျိုချက်၊ တက်လာတဲ့ မလိုင်တွေကိုဖယ်ထုတ်၊ မျက်နှာပြင်ကျယ်တဲ့ခွက်(ဒါမှမဟုတ်) ဇလုံတစ်ခုမှာ အအေးခံ၊ ကြက်သီးနွေးအဆင့်(Luke Warm)အဆင့် အပူချိန်မှာတော့ စောစောက ရေဆေးထားတဲ့ ပဲမြစ်ဖုတွေကို ခြေမွပြီး ထည့်ပေး၊

မြစ်ဖုအတွင်းမှာ ပါရှိနေတဲ့ ရှိုင်ဇိုဘီးယမ်းများ နွားနို့ ထဲမှာ ပွားသွားလိမ့်မယ်။ (၃)ရက်ကနေ (၅)ရက်ထား[illegible] ခဲ့ရင်ဖြင့် အသုံးပြုနိုင်တဲ့အဆင့် ရောက်ပါပြီ။ မိမိစိုက်[illegible] လိုတဲ့ ပဲမျိုးစေ့တွေကို အဲဒီ ရှိုင်ဇိုဘီးယမ်းတွေ ပျော်[illegible] နေတဲ့ ပဲမြစ်ဖုပျော်ရည်နဲ့ လူးနယ်ပြီး အစိုဓာတ် ရှိ[illegible] တဲ့ စိုက်ခင်းမှာ ချစိုက်လို့ ရပြီ။

မိမိအနေနဲ့ တစ်ခါစိုက် တစ်ခါလုပ်နေရမှာလား[illegible] ပဲမြစ်ဖုပျော်ရည်ကို ရေရှည်အသုံးပြုလိုရင်ကော[illegible] မေးလာခဲ့ရင် **ရေရှည်သိုလှောင်ထားနိုင်တဲ့ နည်းမျိုး[illegible] တယ်။**

အဆိုပါ ရှိုင်ဇိုဘီးယမ်းပျော်ရည်ကို **ခဲမြေ(Peat)**[illegible] မဟုတ် **အုန်းခွံမှုန့်ဆွေး** (သို့မဟုတ်) **လွှစာမှုန့်**[illegible] (၄)ပြည်၊ **တင်လဲရည်** (သို့မဟုတ်) **ထန်းလျက်**[illegible] (၅၀)ကျပ်သား၊ ဆန်ကွဲကြေ(၄)ပြည်နဲ့ ပလတ်စ[illegible] အခင်းတစ်ခုပေါ်မှာ စုပုံပြီး သမအောင် ရော[illegible]

ဓာတ်ငွေ့ အဝင်အထွက်ရှိနိုင်တဲ့ ပလတ်စတစ်[illegible] မျိုးမှာ တစ်ပေါင်စီ ဒါမှမဟုတ် တစ်ကီလိုစီ [illegible]ပြီး နေရောင် တိုက်ရိုက် မထိတွေ့နိုင်တဲ့ အေးပြီး [illegible]ခြောက်သွေ့တဲ့ နေရာမှာ သိုမှီးထားနိုင်တယ်။

[illegible]ဓိကအချက်ကတော့ ရှိုင်ဇိုဘီးယမ်းရဲ့ သက်တမ်း [illegible](၆)လထက်တော့ ပိုမသိမ်းဆည်းပါနဲ့။ **အစောပိုင်း အသုံးပြုနိုင်လေ ကောင်းလေပဲ။**

ရှိုင်ဇိုဘီးယမ်းကို အသုံးပြုမယ်ဆိုရင်ဖြင့် မျိုးစေ့[illegible]အဆင့်မှာ အသုံးပြုခြင်းနဲ့ ပင်ပေါက်အဆင့်မှာ အသုံးပြု[illegible]ခြင်းဆိုပြီး နှစ်မျိုးရှိတယ်။

မျိုးစေ့အဆင့်မှာတော့ အထက်မှာ ဆိုထားခဲ့သလို မျိုးစေ့နဲ့ လူးနယ်ပြီး စိုက်ပျိုးတာပါ။ အချို့က မျိုးစေ့[illegible] တွယ်ကပ်အားကောင်းစေဖို့ နွားနို့ဖျော်ရည်မှာ [illegible]ကော်ရည်တစ်မျိုးမျိုးကို ရောစပ်အသုံးပြုတယ်။

စိုက်ပျိုးပြီး ပင်ပေါက်အဆင့်မှာတော့ မိမိစိုက်ပျိုး[illegible]ထားတဲ့ ပဲပင်တွေရဲ့ မြစ်ဖု ဖြစ်ပေါ်မှု ကောင်းမကောင်း [illegible]ခြေအနေပေါ် မူတည်ပြီး ရှိုင်ဇိုဘီးယမ်း နို့ချဉ်ရည်ကို [illegible]ခင်းမှာ ပက်ဖျန်းခြင်း၊ လွှစာမှုန့်နဲ့ ရောစပ်ပြီး [illegible]ဘီးယမ်းကို အခင်းပေါ် ကြဲပက်ပေးခြင်းတို့ဖြင့်လဲ [illegible]မြစ်ဖုတို့ တိုးပွားအောင် ဆောင်ရွက်နိုင်တယ်။

[illegible]ယမန်အားဖြင့်တော့ ရှိုင်ဇိုဘီးယမ်းများအနေနဲ့ ကြီး[illegible]နှုန်းမြန်ပါတယ်။ သူတို့ကြိုက်နှစ်သက်တဲ့ အပူချိန် ([illegible] နဲ့ ၃၀)ဒီဂရီစင်တီဂရိတ်မှာဆိုရင် (၂ မှ ၄ မီလီမီတာ) [illegible]ရှိတဲ့ ကိုလိုနီများအဆင့်ကို (၃-၅)ရက်အတွင်း [illegible]ရှိနိုင်တယ်။

[illegible]ဘာဝအခြေအနေမှာ ပဲပင်ပေါက်များအတွင်း ([illegible]-၁၄)ရက်အတွင်း ဝင်ရောက်နိုင်ပြီး နောက်အကျဆုံး ([illegible]-၂၈)ရက်အတွင်းမှာကို မြစ်ဖုများကို သာမန် [illegible]စိနဲ့ မြင်တွေ့နိုင်တယ်။

[illegible]ဖုတွေရဲ့ ပုံသဏ္ဌာန်၊ အရွယ်၊ အရောင်နဲ့ မျက်နှာ[illegible]အနေအထားတွေကိုတော့ မျိုးပေါ်မှာ မူတည်ပြီး [illegible]ခြားမှုတော့ ရှိပါလိမ့်မယ်။

[illegible]နေရာမှာ တစ်ခု သတိထားစေလိုတာကတော့ [illegible]ရင်းအနွယ်ဝင်ဖြစ်တဲ့ ပိတောက်၊ ကုက္ကို၊ ဘော[illegible]။ မန်ကျည်း အစရှိတဲ့ အပင်ကြီးတွေကအစ[illegible]၊ ပဲစင်းငုံနဲ့ ကုလားပဲအဆုံး တူညီတဲ့ လက်ခံပင်ဆီ[illegible] အများဆုံး ဝင်ရောက်တတ်တယ်ဆိုတာကိုပါ။

ဆိုလိုတာကတော့ မြေပဲက ရှိုင်ဇိုဘီးယမ်းက ပဲတီ၊ စိမ်း၊ မတ်ပဲ မှအစ အခြားသော အပင်များကို ဝင်ရောက်လေ့မရှိသော်လဲ မြေပဲမှာတော့ အလွယ်တကူပဲ ဝင်ရောက်တတ်ပါတယ်။

တစ်နည်းအားဖြင့်တော့ ရှိုင်ဇိုဘီးယမ်းမှာ သီးသန့် လက်ခံပင်တွေ ရှိတတ်တယ် ဆိုတာပါ။ ဒါကြောင့် အထက်မှာ တင်ပြခဲ့သလို မိမိစိုက်မယ့် သီးနှံအမျိုးအစားနဲ့ တူညီတဲ့ မျိုးပွားပင်ကို စိုက်ပျိုးပြီး မျိုးပွားတာဟာ အကောင်းဆုံးပါ။

ဒီဘက်တီးရီးယားရဲ့ အစွမ်းကတော့ စိုက်ပျိုးတဲ့ ပဲမျိုးပေါ် မူတည်ပြီး လေထုထဲက နိုက်ထရိုဂျင်ကို တစ်ဧကမှာ ပေါင်(၄၀)ကနေ ပေါင်(၁၅၀)အထိ ဖမ်းယူပေးပြီး ပဲမျိုးစုံသီးနှံအထွက်နှုန်းကို(၂၀-၅၀ ရာခိုင်နှုန်း) အထိ တိုးတက်စေတယ်။

မြန်မာနိုင်ငံမှာ ပဲမြစ်ဖုဇီဝမြေဩဇာကို ၁၉၇၈ ခုနှစ်ကတည်းက တွင်ကျယ်စွာ အသုံးပြုခဲ့တာဖြစ်ပြီး မြေတစ်ဧကစာအတွက် ပဲမြစ်ဖုဇီဝမြေဩဇာ တစ်ပေါင်ထုပ် တစ်ထုပ် သုံးရုံဖြင့် လုံလောက်တယ်လို့ ဆိုထားတယ်။

နောက်ဆုံး တင်ပြလိုရင်းကတော့ မိမိတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းမှာ ဓာတ်နိုက်ထရိုဂျင် စုစည်းမှု စွမ်းရည်နဲ့ ဇီဝဗေဒကို ဗဟိုပြုပြီး သီးနှံအထွက်တိုးစေတဲ့အပြင်... မျက်မှောက်ခေတ် စိုက်ပျိုးရေး အနှစ်သာရဖြစ်တဲ့ တာရှည်ခံစိုက်ပျိုးရေးဖြင့် လုံလောက်တဲ့ စားနပ်ရိက္ခာ ထုတ်လုပ်ရေး၊ ဓာတုကင်းလွတ်ထုတ်လုပ်ရေး၊ ပတ်ဝန်းကျင် မပျက်စီးရေး၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကိုပါ ထိန်းသိမ်းရာရောက်ပြီး...

တစ်ဦးနဲ့တစ်ဦး အပြန်အလှန် တည်မှီ အကျိုးပြုတဲ့ ကျွန်တော့်မိတ်ဆွေရဲ့ ဇီဝမြေဩဇာ ထုတ်လုပ်နည်းနဲ့ အသုံးပြု စိုက်ပျိုးအထွက်တိုးခဲ့တဲ့ ပဲစိုက်ပျိုးနည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအတွက် တစ်ဆင့်ပြန်လည်လို့ ရေးသားတင်ပြလိုက်ပါတယ်။

**တင်ညိုအေး**





www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်ပညာတွင် လွယ်ကူသော၊ ရိုးရှင်းသော၊ ပြုလုပ်ရန် လွယ်ကူသော အင်္ဂလိပ် နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။ ထို သွပ်ခွက်လုံးအား လာဘ်လာဘပွင့် လန်းစေရန်အတွက်သာ ဖြစ်ပါသည်။

ဤသွပ်ခွက်လုံး ပြုလုပ်စီရင်မည့် ပုဂ္ဂိုလ်သည် ရှေးဦးစွာ ငါးပါးသီလကို ဦးစွာ ဆောက်တည်ရပါမည်။ ပြီးလျှင် **သဗ္ဗဇယမင်္ဂလာဂါထာ(ဒိဝါတပတိ)**ကို သက်စေ့ ရွတ်ဖတ်မှု ပြုလုပ်ပြီးမှ ခွက်လုံးပြုလုပ်ရန် ဖြစ်ပါသည်။

**လိုအပ်သော ပစ္စည်းများမှာ...**

- သွပ် (၅)ကျပ်သား
- ဆေးအုန်း (၅)ကျပ်သား
- ဒုဋ္ဌာ (၅)ကျပ်သား
- ရှားစောင်းလက်ပပ်အနှစ် (၅)ကျပ်သား
- လုံ (၁)စုံ

တို့ ဖြစ်ပါသည်။

**(အထက်ပါ ပစ္စည်းများအား ပရဆေးဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။)**

### ပြုလုပ်နည်း(စီရင်နည်း)

သွပ်ကို လုံထဲထည့်၍ အရည်ပျော်သည်အထိ ကျိုပါ။ ပြီးလျှင် အအေးခံပြီး သွပ်ကို သန့်စင်ပါ။ ဆေးအုန်း၊ ဒုဋ္ဌာတို့ကို အမှုန့်ပြုလုပ်ပါ။

ထို့နောက် သန့်စင်ပြီး သွပ်ကို လုံတွင်ထည့်၍ အရည်ကျိုပါ။ သွပ် အရည်ပျော်ပါက ဆေးမှုန့်များကို ဆတူထည့်၍ သမအောင်မွှေပါ။

အားလုံး သမသွားပြီဆိုပါက ယင်းသွပ်ရည်(ခွက်အရည်)များကို ပုံစံခွက် တစ်ခုထဲသို့ ထည့်၍ အအေးခံပါ။ ထိုအခါ သွပ်ခွက်လုံးကို ရရှိပေမည်။

ထို့နောက် လုံအလွတ်ထဲသို့ ရှားစောင်းလက်ပပ် အနှစ် (၂၁)ကျပ်သားကို အောက်မှ ထည့်ပါ။ ပြီးလျှင် ထိုသွပ်ခွက်လုံးကိုထည့်ပါ။ ယင်းသွပ်ခွက်လုံးအပေါ်မှ ကျန်ရှိသော ရှားစောင်းလက်ပပ်ကို အပေါ်မှ အုပ်ပါ။ ထို့နောက် လုံကို သေချာအောင် ရွှံ့စေးဖြင့် မံပါ။

ရွှံ့စေးဖြင့် မံထားသော လုံကို ဖွဲမီးဖို(သို့မဟုတ်) မီးသွေးဖိုထဲ၌ တစ်ရက်ခန့် မီးအေးအေးဖြင့် ထားပါ။



# လာဘ်လာဘ
ပွင့်စေသော
# သွပ်ခွက်လုံး

နောက်နေ့တွင် ယင်းသွပ် ခွက်လုံးအား လာဘ်လာဘ ပွင့်စေရန် အသုံးပြုနိုင်ပါသည်။

### အသုံးပြုနည်း

စားသောက်ဆိုင် (သို့မဟုတ်) လက်ဖက်ရည်ဆိုင်ဆိုပါက မီးဖိုတွင် အလယ်ထဲ၌ မြှုပ်နှံထားပေးပါ။ အလွန်ရောင်းအားကောင်းသော ဆိုင်တစ်ဆိုင် ဖြစ်လာပါမည်။

ကုန်သည်ပွဲစားများ၊ ဈေးသည်များအနေဖြင့် မိမိ နေအိမ်တွင် မီးသွေးမီးဖို ရှိပါက ယင်းမီးဖိုထဲသို့ အဆိုပါ လုံအား ထည့်ထားပါ။ ထင်းမီးဖိုဖြင့်လည်း ရပါသည်။

လျှပ်စစ်မီးဖို အသုံးပြုသူများအနေဖြင့် မီးသွေးမီးဖို (သို့မဟုတ်) ဖွဲမီးဖိုဖြင့် ထိုခွက်လုံးအား တစ်နေ့လျှင် (၂)နာရီခန့် မီးအေးအေးဖြင့် ထားပေးပါ။

ဖြစ်နိုင်လျှင် ယင်းခွက်လုံးအား မီးဖိုတွင် အမြဲထား နိုင်လျှင် ပိုကောင်းသည်။ ဤသို့ ပြုလုပ်မည်ဆိုပါက မိမိဆိုင်၊ မိမိလုပ်ငန်းများ ယခင်က ထက်ပို၍ လာဘ် လာဘ ပိုမို ပွင့်လန်းလာပါလိမ့်မည်။

ဤသည်မှာပင် မြန်မာ့အင်္ဂလိပ်နယ်ပယ်မှ လွယ်ကူ၍ လာဘ်လာဘပွင့်လန်း တိုးတက်စေသော အစီအရင် တစ်ခုပင်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသား တင်ပြအပ်ပါသည်။

**[ဤပညာရပ်အား ညွှန်ပြသော ဖခင်ကြီးဦး...ကို အား လည်းကောင်း၊ အကူအညီပေးသော ဆ... က်မောင်(com)အား လည်းကောင်း၊ နက္ခတ္တရောင် ခြည်မဂ္ဂဇင်းအဖွဲ့ကြီးအားလည်းကောင်း ... ဆောင်းပါးဖြင့် ရိုသေစွာ ဂါရဝပြုလျက်...]**

ဝေဖြိုးအောင် (တောင်သာ)

မှော်ဘီမြို့ မြွတ်မော်တင်စေတီတွင် အဓိဋ္ဌာန်ဝင်နေသူတစ်ဦး၏

# သိဒ္ဓိပေါက် ပုတီးစိပ်နည်း

ထွန်းထွန်း
(အဝေးသင်)


မှော်ဘီမြို့ရှိ အောင်သိဒ္ဓိ နှံ့သာ ...ကောင် ပေါ်ဘော်မှုဘုရားတွင် ...ဓိဋ္ဌာန်ဝင်ပြီးနောက် ဆရာတော်၏ ...လမ်းညွှန်မှုကြောင့် ရန်ကုန်တိုင်း ...မှော်ဘီမြို့နယ်၊ မြို့မ(၂)ရပ်ကွက် ...ရှိ သမိုင်းဝင် မြွတ်မော်တင်စေတီ ...တော်သို့ပါ ဝင်ရောက်ကြည့်ညို ...ဖြစ်ခဲ့၏။

...ထို့နောက် အေးဆေးသော ရင် ...ပြင်တော်ထောင့် တစ်နေရာတွင် ...ပုတီးစိပ်ရန်အတွက် သီလခံယူ ...ဆောက်တည်ကာဂုဏ်တော်တာဝနာ ...ကို ပွားများနေခဲ့ပါသည်။ ပြီးသော ...အခါ ဘုရားကို လက်ယာရစ် တစ် ...ပတ် လှည့်လည်ကြည့်ညိုသောအခါ ...ကောင်ဘက်မုခ်တွင် ယောဂီဝတ်စုံ ...ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦး ...ပုတီးစိပ်နေသည်ကို တွေ့ရပေ ...သည်။

...ထိုအခါ ဘုရားအာရုံယူ၍ သဒ္ဓါ ...ပွားများနေသော အဘိုးအိုအား ...လှူဒါန်းချင်စိတ်များ ဖြစ်ပေါ်လာ၍ ...ပန်းနယ်စောင့်ဆိုင်းရင်း ကိစ္စများ ...ပြီးသွားသော အဘိုးအိုအား တတ် ...နိုင်သမျှ လှူဒါန်းမိ၏။ သို့သော် ...အဘိုးက လက်မခံချေ။

...အဘိုးက ပြည့်စုံပါတယ်၊ သားပဲ လိုအပ် ...ရင်... အဘိုးက မှော်ဘီဈေးနားမှာ ...နေတယ်။ အသက်(၈၁)နှစ်ကျော် ရှိပြီ ...ဘုရားမှာ ပုတီးလာစိပ်ချင်တယ်ဆိုလို့





◆ သမိုင်းဝင် မြွတ်မော်တင်စေတီတော်၏ အဝေးမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

မြေးတစ်ယောက်က လာပို့သွားတာပါ။ တော်ကြာ ကားနဲ့ လာပြန်ခေါ်ပါလိမ့်မယ်'

▲'ဒီဘုရားက ရှေးဟောင်းစေတီ တော်နော် အဘိုး'

○'ဟုတ်တယ်ကွယ့်။ ဒီစေတီက သမိုင်းဝင်ဘုရားပါပဲ။ မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်၊ ဗုဒ္ဓဟူးနေ့မှာ ဂေါတမဗုဒ္ဓဘုရားရှင်ဟာ လင်းလွန်းပင် ခြေရင်းမှာ တပုဿနဲ့ ဘလ္လိက ကုန်သည်ညီနောင်တို့က မုန့်ဆွမ်းကပ်ပြီး ကိုးကွယ်ဖို့ တောင်းခံတာကြောင့် ဆံတော်မြတ်(၈)ဆူကို ပေးသနားတော်မူခဲ့တယ် မဟုတ်လား။

အဲဒီ ဆံတော်တွေကို ဌာပနာဖို့အတွက်၊ ဘုရားတည်ဖို့အတွက် သိင်္ဂုတ္တရကုန်းတော်နေရာကို ရှာဖွေကြတဲ့အခါ ဗိုလ်တစ်ထောင် ဘိုးဘိုးကြီးနဲ့ ဆူးလေဘိုးဘိုးကြီးတို့က မရှာနိုင်ကြဘူးလေ။ အဲဒီမှာ**အသက်ရှည်ဆုံးဖြစ်တဲ့ မော်ဘီဘိုးဘိုးကြီးက သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေပေးခဲ့တာကြောင့်** စေတီတော်တည်နိုင်ခဲ့တယ်။

ပြီးတော့ ဆံတော်မြတ်(၈)ဆူကို ပင့်ဆောင်လိုက်တဲ့အခါ ကြုတ်အတွင်းမှ ဆံတော်တွေ ပွားများနေတာကို တွေ့ကြရတယ်။ အဲဒီ **ဆံတော်ပွားတွေကို မော်ဘီဘိုးဘိုးကြီးက ဒီမြို့ကို ပင့်ဆောင်ပူဇော်လာပြီး မြတ်မော်တင်စေတီကို တည်ထားကာ စွယ်တော်ပွားတွေကိုဌာပနာထည့်သွင်း ကိုးကွယ်ခဲ့တာပေါ့။**

အဲဒီနောက်မြတ်မော်တင် စေတီတော်ကို မွန်ဘုရင်အဆက်ဆက်ထိန်းသိမ်းကိုးကွယ် ဆည်းကပ်လာခဲ့ကြပြီး ဟံသာဝတီမှာ (၇)နှစ်တာမျှ ထီးနန်းစိုးစံခဲ့တဲ့ **မွန်ဘုရင်မကြီး ရှင်စောပု လက်ထက်မှာတော့** ဆံတော်ရှင်မြတ်မော်တင်စေတီတော်ကို **ဥဏှိတ်တော် အတောင်(၆၀) အထိ မြှင့်တင်ပြီး ကိုးကွယ်ခဲ့တယ်။**

၁၃၅၁ခုနှစ်မှာ မြတ်မော်တင်စေတီတော်သို့ မင်းကွန်းဆရာတော်ကြီး တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက **ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသနဲ့ ဆရာဝန်ကြီး ဦးသာလှတို့ ဖူးမြော်ကြည်ညိုဖို့** ရောက်လာကြပြီး အမိဋ္ဌာန်ပြု လှူဒါန်းပူဇော်ခဲ့ကြတယ်။ ဒါကြောင့်မို့ သမိုင်းဝင် မြတ်မော်တင်စေတီတော်လို့ ထင်ရှားနေတာပါ။ အဘိုးက ဒီစေတီမှာ လွန်ခဲ့တဲ့ **နှစ်(၃၀)ကျော်ကတည်းက အဓိဋ္ဌာန်ဝင်တာ အောင်မြင်လို့** လာပုတီးစိပ်တာပေါ့'

▲'ဘယ်လို အဓိဋ္ဌာန်မျိုးကို အောင်မြင်တာလဲ အဘိုး'

○'မိမိရဲ့ မွေးနေ့တိုင်းမှာ **သိဒ္ဓိပေါက် ပုတီးစိပ်ရတဲ့ အဓိဋ္ဌာန်ပါပဲ၊** ဒီနေ့ဆို အဘိုးရဲ့ မွေးနေ့ စနေနေ့ပဲလေ။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းမှာ နိမိတ်ထွန်းတယ်။ မြတ်မော်တင် စေတီတော်မှာ ကိန်းဝပ်နေတဲ့ ဆံတော်ရှင်ဟာ ရိုးရိုးဆံတော်ရှင် မဟုတ်ဘူး။ အသက်ရှည်တဲ့ မော်ဘီဘိုးဘိုးကြီး ပင့်ဆောင်လာတဲ့ ဆံတော်ပွားတွေ ဖြစ်တာကြောင့် ဒီဘုရားမှာ အဓိဋ္ဌာန်လာဝင်လို့ရှိရင်...

- ✹ အသက်ရှည်ခြင်း။
- ✹ စည်းစိမ်ဥစ္စာများခြင်း

ဆိုတဲ့ ကောင်းကျိုးနှစ်မျိုးစလုံးကို မုချရစေတယ်။ ဒါဟာ အဘိုးကိုယ်တွေ့ပဲ။ နောက်ပြီး ဗုဒ္ဓဝါဒဆိုတာဟာ တစ်နည်းအားဖြင့် ကံနဲ့ကံ၏အကျိုးကို ကြည့်ထားတဲ့ ဝါဒ၊ တူညီသော အကျိုးကို ပြန်ပေးမယ်လို့ လက်ခံထားတဲ့ဝါဒပဲ မဟုတ်လား။

ဒါကြောင့် စေတီတော်မှာ ကိုးကွယ်ဆည်းကပ် ပူဇော်အဓိဋ္ဌာန်ဝင်ကြသူတွေဟာ မော်ဘီဘိုးဘိုးကြီးလို အသက်ရှည်ခြင်း၊ ဆံတော်ပွားလိုပဲ စည်းစိမ်ဥစ္စာများ တိုးပွားခြင်းဆိုတဲ့ တူညီသောကောင်းကျိုးတွေကို ပြန်ခံစားရတာပါ။

အဘိုးက အစတုန်းက အခုလို မပြည့်စုံသေးဘူး။ ရရစားစားပဲပေါ့။ တစ်နေ့မှာ သူငယ်ချင်းတစ်ဦးက ခေါ်လို့ ပုပ္ပားတောင်ပေါ်က **ထူးခြားတဲ့ ရသေ့တစ်ပါးဆီကို လိုက်သွားဖြစ်ခဲ့တယ်။** အဲဒီရသေ့က သိဒ္ဓိပေါက် ပုတီးစိပ်နည်းကို ပေးတာကြောင့် ဒီဘုရားမှာ မွေးနေ့တိုင်း အဓိဋ္ဌာန်လာဝင်ရင်းနဲ့ တစ်စတစ်စ ပြည့်စုံလာရတာပါ။

အခုဆိုရင် အဘိုးတို့မိသားစုတွေအားလုံး မိမိတို့ မွေးနေ့ရောက်တိုင်း သက်ဆိုင်ရာ အရပ်ထောင့်မှာ လာပြီး ပုတီးစိပ်နေကြပါပြီ။ စီးပွားတွေကလဲ တိုးပွားသထက် တိုးပွားနေပါပြီ။

အဘိုးရဲ့သားကြီးက ဂျပန်နိုင်ငံမှာ၊ သားအငယ်ဆုံးက စင်ကာပူနိုင်ငံမှာ၊ မြေးနှစ်ယောက်ကတော့ မလေးရှားနိုင်ငံမှာ အလုပ်တွေလုပ်ကိုင်နေကြပါတယ်။ သူတို့က အဘိုးကို ဗုဒ္ဓဂယာကို ပို့ပေးတာလဲ (၃)ကြိမ်ရှိပြီ။

တကယ်တော့ အဓိဋ္ဌာန် ကျင့်စဉ်တစ်ခု ပေါက်မြောက် အောင်မြင်ဖို့ဆိုတာဟာ ပုတီးစိပ်နည်းကလဲ အရေးကြီးသလို ပုတီးစိပ်တဲ့နေရာကလဲ အရေးပါပြီး ပုတီးစိပ်နေသူရဲ့ အာရုံပြုထားမှုကလဲ အဓိကကျပုံသာမက ဆုတောင်းများဖို့ကလဲ ပဓာန ကျတော့ပေါ့'

ထိုစဉ် အဘိုးအိုအား လာကြိုသော ဆလွန်းကားဖြူလေးမှ ဟွန်းများတီး၍ ခေါ်နေပါ၍ အဘိုးအိုက လက်ပြကာ ခေတ္တစောင့်ခိုင်းထားသဖြင့် အရေးကြီးသော နောက်ဆုံးမေးခွန်းကို မေးလိုက်ရပါတော့သည်။

▲'ပုပ္ပားတောင်ပေါ်က ရသေ့ပေးခဲ့တဲ့ သိဒ္ဓိပေါက် ပုတီးစိပ်နည်းကို ပြောခဲ့ပါဦး အဘိုး'

○'ဒီပုတီးစိပ်နည်းက ရတနာမြတ်သုံးပါးရဲ့ ဘုရားဂုဏ်တော်ကိုးပါးကို ပွားများပြီး သိဒ္ဓိတင်ထားတဲ့နည်းပါ။ ရသေ့ကြီးကတော့ကာယသိဒ္ဓိ၊ ဝစီသိဒ္ဓိ၊ ပိယသိဒ္ဓိ၊ အရဟံသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ ဝဏ္ဏသိဒ္ဓိ၊ အဂ္ဂိသိဒ္ဓိ၊ ဣဒ္ဓိသိဒ္ဓိ၊ ဉာဏသိဒ္ဓိ၊ မနောမယသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိ၊ ဣစ္ဆာသယသိဒ္ဓိ၊ အာဟာရသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ သုခသိဒ္ဓိဆိုတဲ့ သိဒ္ဓိ(၁၈)ပါးလုံးပုဂ္ဂိုလ်ရဲ့ ပါရမီအခံအလျောက်အလိုက် ပြီးစီးစေတယ်လို့ ပြောတယ်။



အဘိုးက ဒီပုတီးစိပ်နည်းနဲ့ အဓိဋ္ဌာန် ကျင့်စဉ်ဝင်လိုက်တာ (၃)လအတွင်း ထူးခြားလာလို့ ပုပ္ပားကို ပြန်သွားပြီး ရသေ့ကြီးကိုရှာတော့ မတွေ့ရတော့ဘူးလေ၊ အဘိုးရဲ့ကန်တော့မယ့်ပစ္စည်းတွေကို ရဟန်းတစ်ပါးကို လှူဒါန်းပြီး ပြန်လာခဲ့ရတယ်။

တကယ်တော့ ရသေ့ကြီးက ပါရမီအခံကိုသိလို့ ပေးခဲ့တာထင်တယ်။ အဘိုးရဲ့ သူငယ်ချင်းက တောင် သူမသိလို့ဆိုပြီး အဘိုးဆီက ပြန်တောင်းသွားလို့ ပုတီးစိပ်နည်းကို ကူးပေးလိုက်ရသေးတယ်၊ သားလဲ စိပ်ကြည့်ပေါ့။ ထူးခြားပါလိမ့်မယ်'

ထို့နောက် အဘိုးအား ညာလက်မောင်းကိုတွဲ၍ ဆလွန်းကားလေး ရှိရာသို့ လိုက်ပို့သောအခါ အဘိုးက လက်မောင်းကို အတွဲမခံဘဲ တစ်ဦးတည်း တည့်မတ်တည်ငြိမ်စွာ ကားဆီသို့ လှမ်းသွားပြီး ကားနောက်ခန်းတွင်းသို့ ဝင်ထိုင်ကာ လက်ပြနှုတ်ဆက်ရင်းလိုက်ပါသွားပါတော့သည်။ ထိုအခါကျမှ အဘိုး၏ ပုတီးစိပ်နည်းကို စိတ်ထဲ၌ မှတ်ထားသမျှ စာရွက်ပေါ်တွင် ပြန်လည်ရေးချရပါသည်။

### သိဒ္ဓိပေါက် ပုတီးစိပ်နည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ နမောသိဒ္ဓိ

[ပုတီးတစ်လုံးချ]

ဓမ္မံ သရဏံ ဂစ္ဆာမိ နမောသိဒ္ဓိ

[ပုတီးတစ်လုံးချ]

သံဃံ သရဏံ ဂစ္ဆာမိ နမောသိဒ္ဓိ၊

[ပုတီးတစ်လုံးချ]

အရဟံ နမောသိဒ္ဓိ

[ပုတီးတစ်လုံးချ]

သမ္မာသမ္ဗုဒ္ဓေါ နမောသိဒ္ဓိ၊

[ပုတီးတစ်လုံးချ]

ဝိဇ္ဇာစရဏသမ္ပန္နော နမောသိဒ္ဓိ၊

[ပုတီးတစ်လုံးချ]

သုဂတော နမောသိဒ္ဓိ

[ပုတီးတစ်လုံးချ]

လောကဝိဒူ နမောသိဒ္ဓိ၊

[ပုတီးတစ်လုံးချ]

အနုတ္တရောပုရိသဒမ္မသာရထိ နမောသိဒ္ဓိ

[ပုတီးတစ်လုံးချ]

သတ္ထာဒေဝမနုဿာနံ နမောသိဒ္ဓိ၊

[ပုတီးတစ်လုံးချ]

ဗုဒ္ဓေါ နမောသိဒ္ဓိ

[ပုတီးတစ်လုံးချ]

ဘဂဝါ နမောသိဒ္ဓိ

[ပုတီးတစ်လုံးချ]

နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တံ

[ပုတီးတစ်လုံးချ]

ပုဒ်အာ နမော သုခံ ဒေဟ၊

[ပုတီးတစ်လုံးချ]

ဗုဒ္ဓေါ ဓမ္မော သံဃော နမော သုခံ ဒေဟ၊

[ပုတီးတစ်လုံးချ]

**ထွန်းထွန်း (အဝေးသင်)**







www.burmeseclassic.com

www.burmeseclassic.com



နေဝိဇ္ဇာ

# ဇဝံ ကျို့

### နေ့ ပရိဝါရ၏ ပရိယာယ်

သုခရပ် ဖမ္မူရာဇ်တောင်ကုန်း ရွှေဘုန်းပွင့်စေတီအပါး၌ ခိုနားလာခဲ့သည်မှာ ငါးနှစ်ပင် ပြည့်တော့ပေမည်။ စိတ်ထဲမှာဖြင့် ဤမျှကြာပြီကောဟု မထင်မိ။ မြန်မာနိုင်ငံမြောက်ဘက်နယ်သား ကျွန်ုပ်သည် တောင်ဘက် ကမ်းရိုးတန်း ပုလောနယ်သို့ခဏတာ ဒေသန္တရဟုသုတ အဖြစ်သာ နေမည်ဟု ရည်ခဲ့သော်လည်း စိတ်တွင် ဘယ်မှာနေနေ နေပြီးရင်း သေရပေလိမ့်မည်။

သေရဖို့အရေး နေရာရွေးပြီးနေခြင်းသည် စရဏသမားတစ်ဦးအဖို့ မလျော်ကန်လှ၊ မသေရသေးမီ ဗုဒ္ဓအလိုကျ တရားနှင့်နေရင်းဖြင့် ဤအရပ်မှ ဒေသခံတွေအပေါ်၌ ကောင်းကျိုးကို မျှဝေပေး၍ သေဖို့နေနေခြင်းကသာ အကောင်းဆုံးဟု ခံယူမိပါသည်။

တော်သလင်း ဆီးနှင်းတစ်ပြိုက် မိုးတစ်ပြိုက်ဆိုသကဲ့သို့ (၇)နာရီပင် ထိုးနေသော်လည်း တောင်ပေါ်မှာ ဆီးနှင်းဖွေးဖွေးလေလား၊ မိုးစက်ရေးရေးလားတော့ မဝေခွဲတတ်။ အေးစိမ့်စိမ့် ရှိလှသည်။

ကုလားထိုင်ပေါ်တွင် ထိုင်ကာ ရေပူကိုသောက်ရင်းနှင့် လောကီဝိဇ္ဇာကျမ်းမှ ဥပ္ပါတဟိတ် နိမိတ် ရှစ်ချက်ကို အသံထွက်ပြီး အလွတ် ကျက်မှတ်နေမိသည်။

### ဥပ္ပါတဟိတ်နိမိတ် ရှစ်ချက်

၁။ မိုးကြိုး လောင်မီးကျခြင်း၊ လင်းတ၊ ခင်ပုပ်၊ ဒီးဒုတ်ငှက်ဆိုး ဥချိုးသိမ်းစွန်တို့ အိမ်ထက်နားခြင်း စသဖြင့် မြို့ရွာဒေသတို့ ချောက်ချားခြင်းကို ဖြစ်စေတတ်သော **ဣန္ဒဥပဒ်။**

၂။ မီးတောက်မီးလျှံ ထင်မြင်ခြင်း၊ စားဖိုလယ်မှိုပေါက်ခြင်း စသဖြင့် မီးလောင်ဖန်များခြင်း၊ အပူပွားခြင်းကို ဖြစ်စေတတ်သော **အဂ္ဂိဥပဒ်။**

၃။ နတ်၊ ပြိတ္တာတို့ ငိုသံ၊ ရယ်သံတို့ ကြားခြင်း၊ တောသတ္တဝါ လူ့နယ် လူ့ရပ်အိမ်သို့ ဝင်လာခြင်း စသဖြင့် အနာရောဂါ လွန်စွာများပြီး ရောဂါအန္တရာယ် ကပ်ဆိုက်စေတတ်သော **ယမဥပဒ်။**

၄။ ဆင်းတု၊ ရုပ်ပွား၊ ဘုရား၊ ပု... အမိုးအလျှံ၊ သွေးသံ... ကိုယ်တော် ရောင်ကြ... နေလ နက္ခတ်မြေသို့ ကျ... ထင်ခြင်းစသဖြင့် မြို့ရွာ... ရဟန်း ရှင်သာမဏေ သံ... သုဦးဖျင်းပျက်စီးခြင်းကို ဖြ... တတ်သော **နေရာယနဥပဒ်။**

၅။ မိုးရွာမလိုလိုနှင့် မရွာ၊ ... ရေကြီးခြင်း စသဖြင့် မိုး... ရှားခြင်းကို ဖြစ်စေတ... **ဝရုဏဥပဒ်။**

၆။ မုန်တိုင်းလေကြမ်း တို... ပိတ်ထားသောတံခါး အ... တို့ အလိုလိုပွင့်ခြင်း စ... စေတီ၊ ဂူ၊ ကျောင်း တိမ်းစောင်းပြိုကွဲခြင်းကို ဖြစ်စေတတ်သော **ဝါယုဥပဒ်။**

၇။ တိရစ္ဆာန်တို့ ဇာတ်တခြားကို မွေးဖွားခြင်း၊ ပျားသကာတင်လဲတို့ သွေးခဲသွေးပေါက်ကဲ့သို့ ဖြစ်ခြင်း စသဖြင့် လူအများ သောက ပျာပါဒ ပွားကာ ပျက်စီးခြင်းကို ဖြစ်စေတတ်သော **သောမ္မဥပဒ်။**

၈။ ကျီကျစပါး၊ လျှော့သွားကွယ်ပျောက်ခြင်း၊ ဖွပ်ပြီးဆန်၊ လှော်ပြီးနှမ်း ပဲ စသည်တို့ အစို့အညှောက်ထွက်ခြင်း စသဖြင့် ခိုးသူတိုက်ဖျက် စစ်မက်ထူပြောခြင်းကို ဖြစ်စေတတ်သော **သောမဥပဒ်။**

ဤသို့ သုံး၊ လေးခေါက်ခန့် ဆိုပြီးမှပဲ...

'ပွဲဖတ်မန်းမှုတ် အလုပ်ရှုပ်နေပါလား ဆရာနေရဲ့'

အဆောင်ရှေ့မှ အသံကြောင့် ကြည့်လိုက်တော့ ပုလောကုန်းကျေးရွာမှ ဦးဇောဖြစ်နေသည်။ ... အရင်က ထိုရွာ၏ ကျောင်း ...ဘုန်းကြီးတစ်ပါး ဖြစ်ခဲ့၏။ အသံ ...ကောင်း၊ ဥပဓိကောင်း၊ အပြော ...ကောင်းပြီး သြဇာညောင်း၍ ဘုန်း ...ကြီးခဲ့၏။

...သော် ကာတ္တိယစက်အောက် ...မရှောင်နိုင်ရှာသဖြင့် လူပြန်တော် ...ဖြင့် ဘုရားကိုးဆူတင် ဆရာ ...ကို ခံယူလျက် လောကီဇာတ်ခုံ ...၌ အသက်ကြီးခါမှ ကပြနေရ ...သည်။

...ပ်ထံမှလည်း ဗေဒင်ပညာကို ...ည့်အခါ လာရောက်သင်ယူလေ့ရှိသည်။ ယခုလည်း ငှားသွားသော ကျွန်ုပ်၏ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို လက်မှ ကိုင်လာရင်း တွေ့လိုက်ရသည်။



'စောလှပါလားဗျာ၊ ဘယ်ကို သွားစရာရှိလို့လဲ'

'ညနေပိုင်းမှာ လမ်းဆုံရပ်ထဲတော့ ဘုရားကိုးဆူ တင်ပေးစရာရှိရဲ့၊ ဆရာနေနဲ့ ဆွေးနွေးလေ့လာစရာရှိလို့ စောစောလာခဲ့တာပါ'

'ဒါဆိုရင်လဲ စကားထက် အစား ဆက်လိုက်ပါဦးဗျာ'

ကျွန်ုပ်လည်း အရပ်ထဲမှ လာကန်တော့ထားသော ကောဖီမစ်ထုပ်များနှင့် မုန့်များကို ချထည့်ခင်းလိုက်သည်။ ဦးဇောကား စားသောက်နေရင်းမှပင်...

'ဒီ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲက ဆရာနေရဲ့ "အခါတော်ပေးပါတဲ့ ပုညံရေး ဘွဲ့ ဤစာ" ဆိုတဲ့ ဆောင်းပါးထဲက စာကြောင်းတစ်ခုဟာ မရှင်းမလင်းဖြစ်နေလို့ဗျာ'

'ဘာများပါလိမ့်'

'**"ဤနေ့သည် တနင်္လာနေ့ဖြစ်သောကြောင့် တနင်္လာနေ့၏ တေဇကျရာအရပ်မှ ထိုင်၍ ဝန္ဒနာ ပြုလိုက်သည်"** ဆိုတဲ့ စာပိုဒ်ဟာ ကျွန်တော်တို့ နားလည်ထားတဲ့ ပရိဝါရ စသည်ကို တစ်မျိုးတစ်ဖုံ အသုံးပြုထားတယ်လို့ သိပေမယ့် ရှင်းလင်းတိကျစွာတော့ စဉ်းစားမရဘူး ဆရာနေ။ အဲဒါကို ရှင်းပြပါလား'

မှန်ပေသည်။ ဦးဇောမှ မဟုတ်ပါ။ ပုလောမြို့မှ စာဖတ်ပရိသတ်တချို့ကလည်း ဤသို့ မေးဖူးသည်။ ယခုတော့ ပရိဝါရ 'စသည်၏ ပရိယာယ်အသုံးတစ်မျိုးကို အမေးကြုံပြန်တော့လည်း အဖြေစုံရပေတော့မည်။

'အင်း...ဒီနည်းကို ဘယ်ဆရာထံက ရသလဲဆိုတာ စ,မပြောခင် ပရိဝါရ စသည်တို့ရဲ့ မူလအခြေခံကို ဦးစွာ သိရမှ ပိုရှင်းမှာဆိုတော့ ကဲ... ဦးဇောရေ'

'ပြောပါ ဆရာနေ'

'ခင်ဗျားကို သင်ပေးထားတဲ့ **သုတစယ သန္နိကျမ်းထဲက ပရိဝါရ လင်္ကာ**ကို ဆိုလိုက်စမ်းပါဦးဗျာ'

### အရပ်ရှစ်ပါး

'ပရိဝါရ၊ အာယု၊ နာဂ၊ ဘုမ္မိ
ဂဟပတိ၊ တေဇ၊ ဌာန၊ သိရီ၊
မိမိနံက၊ လက်ယာပြု၊ ကျော့ရှ်...နာ၊
ပရိဝါရ နေကျမြဲတွင်၊ အာ... နံယိမ်ိုက်၊
သင့်ပါ။

နဂရွှာပြည်၊ ...ည်တော်...လောကီ၊





www.burmeseclassic.com

www.burmeseclassic.com

ဘုမ္မိညစ်ကြေး၊ စွန့်ပစ်သွေး၊ ထားရေး သမိုင်းသာ၊

ဂဟပတိ ထားဘိကြိုကျ၊ တေဇရပ်မှန်၊ ထိုးတံခွန်၊ ကျောင်းကန်တည်ဖို့ရာ။

ဌာန်န္တကား၊ ကြွနှာမြင်း၊ ဆင် စီးတော်ယာဉ်၊ ထားလှူင်သင့်မြတ်၊

သိဒ္ဓိရပ်၊ ထားအပ်လယ်မြေယာ'

'ဟုတ်ပြီ ခင်ဗျား တော်တော် ထက်လာပြီပဲ။ ကဲ... ဒါဆိုရင် ပရိဝါရ စသည်ရဲ့ အဓိပ္ပာယ်တွေကို စာသံပေသံနဲ့ ရှင်းပြပြီး ဘယ်နေ့မှာ ဘယ်အရပ်က မိမိရဲ့ ဆန္ဒကို ပြည့်မြောက် အောင်မြင်ဖို့ ပူဇော်သင့်တယ်ဆိုတာ ပြောပြပါ့မယ်'

ပရိဝါရ

ရုံရွှေဖော်သင်၊ သူငယ်ချင်းနှင့် ချစ်ခြင်းရအပ်၊ ပရိသတ်တွင်၊ ချဉ်းကပ်ကိစ္စ ဟူသမျှပါ သိသာစာသင်၊ အသုံးဝင်သော အရပ်။

သားသမီးတွေနဲ့ ရလို့မှ၊ နီးလို့မှ၊ မိတ်ဆွေတွေနဲ့ ပြေလည်လို့မှ၊ ရည်းစားချစ်သူ ကြည်ဖြူစေလို့မှ။ ပရိသတ်ထဲမှာ ဝင်တဲ့အခါ အဆင်ပြေမှုတွေနဲ့အတူ ကျူရှင်စ,ဖွင့်ရင် အဆင်ပြေလိုရင် နေ့တစ်နေ့ရဲ့ ပရိဝါရကျရာအရပ်မှာ ဆုတောင်း ပူဇော်ရတယ်။

အာယု

ဝေဒနာခက်၊ ဆိုးနိုင်စက်၍ စိတ်ပျက်မရှင်၊ မကြည်လင်နှင့် သစ်ပင်စိုက်ရေ၊ ပန်ဆုပေးရာအရပ်။

ဝေဒနာဆိုးကြောင့် မကျန်းမာတဲ့ အခါ သစ်ပင်စိုက်ထားတာတွေ ရှင်သန်စေဖို့ကို နေ့တစ်နေ့ရဲ့ အာယု



ကျရာအရပ်မှာ စပြီး ဆုတောင်းရ တယ်။ ဥပမာ တနင်္ဂနွေသားတစ်ဦး ဟာ အင်္ဂါနေ့ကစပြီး ကျန်းမာရေး ပိုညံ့လာတယ်ဆိုပါစို့။ သူ့အတွက် ရည်စူးကာ **ဗုဒ္ဓဟူး တောင်အရပ်** (စေတီ၏ ကောင်ဘက်မုခ်)က ဆင်းတုတော်အား နံ့သင့်ပန်း စတာ နဲ့ ပူဇော်ဆုတောင်းပေးရတယ်။ ဂြိုဟ်တစ်ပတ်လည်ဆို ပိုကောင်း တယ်။

နာဂရ

ပြောင်းလိုဌာန၊ မြို့အသာနှင့်၊ အိမ်ရာ များတွင် အသုံးဝင်သောအရပ်။

ကိုယ်ပြောင်းလိုတဲ့ ဌာနတို့ မြို့တို့ ရဖို့ရာ,ရောက်ဖို့ရာနဲ့ အိမ်ပြောင်းသနာ လို့ဆိုရမယ့် နေထိုင်မှုဒုက္ခ သင့်နေ ရင်တော့ နေ့တစ်နေ့ရဲ့ နာဂရကျတဲ့ အရပ်မှာ ဆုတောင်းရတယ်။

ဘုမ္မိ

ရှင်းသန့်ဝန်းကျင်၊ ရန်ပြုချင်သော် သုံး လှူင်သင့်မြတ် ဤအရပ်။

ဘုမ္မိဆိုတာ မူလမှာလဲ အညစ် အကြေးစွန့်ရာ အိမ်သာ စတာ ထားသင့်တဲ့ အရပ်ဗျ။ နေ့အလိုမှာ တော့ ရန်ပြုချင်ရင် ဒီအရပ်မှာ ဆုတောင်းရတယ်။

ဂဟပတိ

ဖောက်ကားရောင်းဝယ်၊ ကုန်သွယ်မှု ကြွယ်ဝမှုနှင့် ဟာရပါပြည့်၊ စည်းစိမ်ထွန်း ကိုနိုင်သင့်မြတ် ဤအရပ်။

ငါးခုမြောက် နေ့တစ်နေ့ ကြွယ်ဝစုံသိ ဂဟပတိအရပ်က ကူးသန်းရောင်းဝယ်ရေး အဆင်ပြေ အောင်၊ ပေးထားတဲ့ အကြွေးငွေတွေ ပြန်လည်ရစေအောင်၊ မိမိအိမ်မှာ အစာအာဟာရ ပေါများစေအောင် ဆိုရင် ဆုတောင်းပူဇော်ရတယ်။

တေဇ

အနာရောဂါ ဆင်တိုက်ပွဲနှင့် အာဏာ ပြီးအောင်မြင်ရေး စီးသင့်မြတ် ဤအရပ်။

ကျွန်တော်ကတော့ သာမန်ကျ မကြုံတဲ့နေ့ဆို အမြဲတမ်းပဲ တစ်နေ့ရဲ့ ဒီတေဇကျတဲ့ အရပ်မှာ နေပြီး ရှိခိုးလေ့ ရှိတယ်ဗျ။ ဒါက စေတီတစ်ဆူကို ဖူးခွင့်ကြုံတဲ့အခါ ပူဇော်ရတာ မဟုတ်လား။

တေဇအရပ်ဟာ မိမိ အစည်အောင်ဖို့ ဘဝတိုက်ပွဲ နိုင်ဖို့၊ လူငယ်တွေ စာမေးပွဲ အောင်ဖို့ရာလဲ ဒီတေဇအရပ်မှာ ဆုတောင်း ပူဇော်ရတယ်ဗျ။ စာမေးပွဲဆိုတော့ ဖြေတဲ့ရက် တတ်နိုင်ရင် လှည့်ပူဇော် ကောင်းမယ်။

ဌာန

မြဲလိုနေရာ၊ အိုးအိမ်ရာနှင့် ပုထုဇဉ် ဟူကွဘ,မိ နိဗ္ဗာန်ကို မြော် ပြုပေးဆည်းကပ် ဤအရပ်။

အလုပ်အကိုင် ရာထူးဌာနန္တရ မြဲမြံဖို့ စတာတွေ မိမိမှာ မတည်မြဲ ဖြစ်နေရင်၊ သားသမီးတွေနဲ့ တကွဲ တပြားစိတ်ထား ဆန္ဒပျက်ယွင်းနေ ရင်၊ အောက်လက်ငယ်သားတွေ ကြောင့် စိတ်ညစ်ရင်တော့ ဒီဌာန အရပ်မှာ ဆုတောင်းပါ။

တစ်ခုသိထားဖို့က ကိုယ်ကြုံတဲ့ ပြဿနာအရေးအတွက် တစ်ရက် တည်း တစ်ခါတည်း စေတီမှာ ဆုတောင်းတာထက် ပထမ စ,လုပ် တဲ့နေ့ကစပြီး တစ်ပတ်လည်အောင် ဆုတောင်းပူဇော်မှ သိသိသာသာ အောင်မြင် အစွမ်းထက်တယ် ဆိုတာပဲ။

သိဒ္ဓိ

ကျော်သရေလင်း၊ တင်းနေဝင်သို့ ထင်ပေါ်မှုနှင့် စုတ်ကြံရေးနှင့် ချစ်သွေး မှုမင်္ဂလာကြောင်း၊ နိဗ္ဗာန်ကောင်းကို ပေါ်ထောင်ပြုတ် ရပ်သိဒ္ဓိ။

မင်္ဂလာအရေး စိတ်အေးဖို့ရာ လက်ထပ်မယ်နှစ်ဖြာ ဆုပန်ထွာရမယ့် အရပ်ပေါ့ဗျာ။ ပြီးတော့လဲ သတင်းလှဖို့ ဘုန်း ကျက် သရေ၊ အနုပညာသမားတို့ ခန့်ညား ထင်ပေါ်မှုရာ ပြသူတို့အတွက် ကျော်ကြား အောင်မြင်စေအောင် ဆုတောင်းပူဇော်ရမယ့် အရပ်ပေါ့ ကိုယ့်အိမ်အောင် ဖယားသဘောနဲ့ ဆက်လက်ပါဦးမယ်။

---

သဘောပေါက်ပါ ပြီခင်ဗျာ။ ကျွန်တော့်အမြင် တစ်ခုအနေနဲ့ ဒီနေ့ ပရိဝါရ ဆိုတာကို **အင်္ဂဝိဇ္ဇာအချိန်** **နာရီပါ** တွဲစပ်ပြီး အသုံးချရရင် ပိုကောင်းမလားလို့'

'ကောင်းပါတယ်။ "**မသိရင် ကျော်၊ သိလျှင်ဖော်၊ ဉာဏ်မျှော် တွေးကောက်၊ လိုရာမြောက်**" ဆိုသလိုပါပဲ။ ကဲဗျာ... ဒီနေ့က ကြာသပတေးနေ့၊ ခင်ဗျားမှာ အကြွေးတောင်းစရာ ရှိတယ်ဆိုပါ စို့။ ဒါဆိုရင် ခင်ဗျားပြုရမယ့် အစီ အရင်ကို ဆိုပြစမ်းပါဦး'

'အကြွေးရစေဖို့အရပ်က ဂဟပတိ ကြာသပတေးနေ့ဆိုတော့ အင်း တနင်္လာ အရှေ့တောင်မုခ်ရှိ စေတီမှာ နာရီအားဖြင့် (၁၀း၃၀)နာရီမှ (၁၂)နာရီက အင်္ဂါနေ့ဝင်၊ (၁း၃၀)နာရီမှ (၃)နာရီက ဗုဒ္ဓဟူး ဖြစ်ဆိုတဲ့ အင်္ဂါရိုတော့ ဒီ နှစ်ချိန်မှာ တစ်ချိန်ချိန် သွားတောင်းဖို့ စပြီး ရှိခိုး ဆုတောင်းရမယ်မဟုတ်လား ဆရာနေ့'

'မှန်ပါတယ် ဦးဇော၊ **ထက်ဖျား နေမူ၊ ကျော်စောယူ** (ပညာရေး၊ ကျန်းမာရေး၊ သြဇာအရှိန်အဝါရေး၊ စရဏရေး စသည်)၊ **ညွန့်မှုဥစ္စာဖြစ်** (စီးပွားရေး၊ ငွေကြေးကိစ္စ စသည်)၊ **ဆပွတ်စုတ်ဝင်** (မင်္ဂလာရေး၊ အောင်မြင်ရေး စသည်) ဆိုတဲ့ အင်္ဂဝိဇ္ဇာလင်္ကာကို အခြေခံပြီး မိမိနဲ့ အထက်သုံးလုံးကျတဲ့ အထဲကနေ ရွေးကောက် ပူဇော်နိုင်ရင်တော့ အကောင်းဆုံးပေါ့။

အချိန်အတွက် အခက်အခဲရှိရင် လဲ သာမန်သာ ပူဇော်ပါ။ ဒါပေမယ့် ဂြိုဟ်တစ်ပတ်ပြည့်အောင် ပူဇော်ဖို့ တော့ သင့်တယ်ဗျ'

'ဟုတ်ကဲ့ နောက်ဆုံး မေးစရာ ဆိုလို့...'

'ဟိုး...တော်ပါတော့၊ ပါးစပ်ဟ လိုက်တာနဲ့ အူဘယ်နှစ်ခွေ ရှိတယ် ဆိုတာ သိပါရဲ့။ ခင်ဗျားသိချင်တဲ့ ဒီနေ့ ပရိဝါရရဲ့ ပရိယာယ်ပညာကို ဘယ်ဆရာ၊ ဘယ်ဌာနမှ ရသလဲ ဆိုတဲ့အကြောင်းကို နိဂုံးချုပ် ပြော ပြမယ် နားထောင်။

ဟို လွန်ခဲ့တဲ့ နှစ်(၇၀)ခန့်က ကောလင်းမြို့နယ်၊ မြို့အနောက် ဘက် ဥက္ကံ-မိုးနံဒေသဘက်ရှိ "လာကာ"ဆိုတဲ့ ရွာမှာ (ဦး) ဘိုးသောမဆိုတဲ့ ဆရာတော်တစ်ပါး ကျောင်းထိုင်ခဲ့တယ်။ ဆရာတော် ဟာ အင်းနဲ့ ပတ်သက်တာ မှန်သမျှ ကို တစ်ဖက်ကမ်းခပ် တတ်မြောက် တဲ့ ပါရဂူတစ်ပါးဆိုတာ တစ်နယ် လုံးက သိကြ၊ အံ့သြကြတယ်ဗျ။ ထူးခြားတဲ့ ဇာတ်လမ်းတွေထဲက တစ်ခုလောက် ပြောပြရရင်...

| | | |
|---|---|---|
| တနင်္ဂနွေ ပရိဝါရ | အာယု | နာဂရ |
| သိဒ္ဓိ | ပုံစံ (၁) | ဘုမ္မိ |
| ဌာန | တေဇ | ဂဟပတိ |

| | | |
|---|---|---|
| တနင်္ဂနွေနေ့ ပရိဝါရ | တနင်္လာနေ့ ပရိဝါရ | အင်္ဂါနေ့ ပရိဝါရ |
| သောကြာနေ့ ပရိဝါရ | ပုံစံ (၂) | ဗုဒ္ဓဟူးနေ့(မွန်းတည့် ၁၂ နာရီထိ) ပရိဝါရ |
| ဗုဒ္ဓဟူးနေ့ (မွန်းတည့် ၁၂ နာရီမှစ) ပရိဝါရ | ကြာသပတေးနေ့ ပရိဝါရ | စနေနေ့ ပရိဝါရ |





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာပေါ့... လာကာဆရာတော် ဘိုးသောမဟာ လာကာဒေသရဲ့ သံဃာ့ပဝါရဏာ ဂိုဏ်းချုပ်ဆရာတော်ကြီးရဲ့ ကျောင်းအတွက် သုံးဖို့ လှေခပ်ကြီးကြီးတစ်စီး လိုအပ်နေတဲ့အတွက် ပစ္စည်းရိက္ခာ အစုံအလင်နဲ့ ဒကာတွေပါ ခေါ်ပြီး တောထဲကို သွားကြတယ်။ ဆရာတော်ကြီး ကိုယ်တိုင်ဦးစီးပြီး အစစ စီမံကြတယ်။

ဒီလိုနဲ့ တောထဲမှာ တစ်ဆယ့်ငါးရက်ခန့်အကြာမှာတော့ စိတ်ကြိုက် ပလှေကြီးတစ်စီး ရရှိခဲ့တယ် ဆိုကြပါတို့။ ပြီးစီးပေမယ့် သယ်ယူဖို့က မလွယ်ဘူးပျ။ မိုးတွင်းမှ ချောင်းထဲ မျှောချ သယ်ယူဖို့ ဆုံးဖြတ်ကြပြီး ခုလို နွေရာသီမှာ လှေကြီးကို တောမီးမလောင်စေဖို့ မီးတား မီးကွင်း လှေအနီးက သစ်ပင်မှန်သမျှ ရှင်းလင်းနေကြတာပေါ့။

ဒီအချိန်မှာ ဘိုးသောမဟာ သူ့လွယ်အိတ်ထဲက လက်နှိုက်ပြီး စက္ကူတစ်ခုကို ယူလိုက်တယ်။ လက်ဝါးပေါ်တင်ရင်း တစ်စုံတစ်ခုကို ခဲတံတိုလေးနဲ့ ရေးနေတာကို လူတချို့က မြင်လိုက်သတဲ့။ ပြီးတော့ မြေကြီးပေါ်ကို အင်းစက္ကူလေး ချလိုက်ပြီး ဆရာတော်ဟာ ခြေဖြင့် နင်းထားရင်...

“ဆရာတော်ဘုရား... မိုးရွာတတ်တယ် မီးတားစရာ မလိုဘူးထင်တယ် ဘုရား”

“ပေါက်ပေါက်ရှာရှာ သောမရယ်၊ နွေခေါင်ခေါင်ကြီး မိုးရွာရမယ်လို့ မဟုတ်တာ”

သိပ်မကြာပါဘူး ခပ်ဝေးဝေးက လေသံတွေ၊ မိုးသံတွေ ကြားလာပါရော။ ဒီတော့ ဘိုးသောမက...

“ဟော့...ဟော့ ဒကာတို့ ရပ်ကြ ပစ္စည်းတွေကို လှေထဲမှာ ထည့်ကြ မြန်မြန်လုပ် မိုးရွာတော့မယ်။ ဆရာတော်ဘုရား... လှေထဲဆင်းပါ ဘုရား”

လို့ လျှောက်ပြီးတာနဲ့ သူပါ လှေဦးမှာ ထိုင်လိုက်တယ်။ ဒကာတွေလဲ အမြန်ဆုံး လှေထဲ ဆင်းကြတာပေါ့။ အားလုံးလဲ စုံရော လှေကြီးဟာ ရေစီးမှာ သစ်ရွက်ကလေး တစ်ရွက် မျောပါသလို မျောပါသွားလိုက်တာ နစ်ရက်ခရီးနှင်ရတဲ့ ခရီးဟာ တစ်အောင့်ခန့်သာ ကြာလိုက်တယ်။ ဆရာတော်ကြီးရဲ့ ကျောင်းနား ရောက်လာခဲ့တယ်ပျာ။

ဒီလို ဇာတ်လမ်းတွေဟာ ဘိုးသောမရဲ့ တကယ့်အဖြစ်အပျက်တွေပဲပျာ။ နောက်ပြီး သူ့ရဲ့ တပည့် လာကာရွာ ဦးနက်ကျော်ရဲ့ အစွမ်းတွေကလဲ အံ့မခန်းရှိသေးတယ်။

ကျွန်တော်လဲ ဉက္ကံဘက်ကို သွားရင်း ဒီပရိဝါရ အသုံးအနှုန်းကို ဆရာတော်ကြီးရဲ့ အနွယ်တော် ဦးတိုးထံက ရခဲ့တာပဲ။ ဒါကြောင့် **ငဝံ**၊ ဤသို့ နေ့ပရိပါရ စသည်၏ အသုံးအနှုန်းအစီအရင်ကို။ **မေ**၊ အကျွန်ုပ် နေဝိဇ္ဇာသည်။ **သုတံ**၊ လာကာဦးသောမ၊ ဩချ ပရမေ၊ အင်းနယ်မြေကို၊ နှံ့စေပါရဂူ၊ အောင်လံထူသည့်၊ ဇမ္ဗူဉက္ကဋ္ဌ၊ ပညာမြတ်ကို၊ မှတ်သားကြားနာခဲ့ ပါသတည်း’

နေဝိဇ္ဇာ


○ ဇာတ္တသူ

သုတေသီနှင့်

ပညာရှင်

ဆောင်းပါးရှင်တို့ ခင်ဗျာ...

၂၀၁၈ ခုနှစ်

ဇူလိုင်လထုတ်သည့်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသည်

(၃၂)နှစ်ပြည့် အမှတ်တရ

အထူးထုတ်လ ဖြစ်ပါသည်။

သို့ဖြစ်၍ မည်သူမဆို

ပါဝင်ရေးသားနိုင်ပါကြောင်း

အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

အမှတ် ၂၁၀-(ပထမထပ်)

၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်

ရန်ကုန်မြို့။ ဖုန်း-

၀၉-၇၇၆၃၄၉၇၈

၀၉-၄၄၃၂၆၇၂၂





# နှိုင်းယှဉ်လေ့လာ အဖြေရှာ


ဆရာကြီးဦးအောင်မြင့်

(ဥပဒေဘွဲ့)

လက္ခဏာဗေဒင်ပညာသုတေသီ


“ဒီဘဝမှာ ကိုယ်ပိုင်တိုက်တာ ခြံမြေ ကြီးကြီးမားမား ကျယ်ကျယ်ဝန်းဝန်း ပိုင်ဆိုင်နေထိုင်ရမယ့် ကံကြမ္မာမျိုး ရှိပါ သလား’

ဆိုတဲ့ မေးခွန်းမျိုးကို ရည်မှန်းချက် အလွန်မြင့်မားတဲ့ ဆယ်ကျော်သက် လူငယ်လူရွယ် အမျိုးသား/ အမျိုးသမီးတွေ လက္ခဏာဗေဒင် လာမေးတဲ့အခါ မေးမြန်းလေ့ ရှိကြပါတယ်။

အထူးသဖြင့် အသက်(၂၀)ဝန်း ကျင်တွေက အဲဒီလို မေးခွန်းမျိုးကို မေးတတ်ပါတယ်။

ဒီလို မေးခွန်းမျိုးကို အလွယ်ကူ အမြန်ဆုံးနဲ့ အမှန်ဆုံး ဖြေဆိုနိုင်ဖို့တော့ လက္ခဏာပညာ ရှင်တွေ... သုတေသနတွေ အတော်များများ လုပ်ထားဖို့ လိုအပ်ပါတယ်။

အသက်(၂၀)ဝန်းကျင် အမျိုး သား/အမျိုးသမီး လူငယ်လူရွယ် တွေထဲမှာ ချမ်းသာကြွယ်ဝစွာ နေထိုင်ရသူတွေနဲ့... ဆင်းရဲချို့တဲ့ စွာ နေထိုင်ရသူတွေကို လက္ခဏာ ပုံစံမျိုး မှတ်တမ်းတင်ထားရတယ်။

နောက် (၁၀)နှစ် အနှစ်(၂၀) ကြာတဲ့အခါ အဲဒီ အမျိုးသား/အမျိုး သမီးတွေကို ပြန်လည် တွေ့ဆုံတိုင်း လက္ခဏာပုံစံ ထပ်မံနှိပ်ယူ သိမ်း ဆည်းရပြန်တယ်။

သူတို့ရဲ့ လူငယ်ဘဝ လက္ခဏာနဲ့ လူကြီးဘဝ လက္ခဏာကို ပြန်တိုက် ဆိုင်စစ်ဆေးရသလို... သူတို့ရဲ့ ယခင် လူနေမှုအဆင့်အတန်းနဲ့ ယခု လူနေမှုအဆင့်အတန်း ကွာခြားမှုကိုလဲ မေးမြန်းမှတ်တမ်းတင် ရပါသေးတယ်။

RTIA. June, 2018.



www.burmeseclassic.com

www.burmeseclassic.com

ဒါ့အပြင် သူတို့ တစ်ဦးချင်းစီရဲ့ ပညာရေး၊ အလုပ်အကိုင်၊ စီးပွားရေး၊ ကျန်းမာရေးတွေကိုပါ စုံစမ်းမှတ်တမ်းတင်ရတယ်။

တချို့က ငယ်စဉ်မှာ ဆင်းရဲပေမယ့် ကြီးလာတော့ ချမ်းသာတယ်။ တချို့က ငယ်စဉ်မှာ ချမ်းသာပေမယ့် ကြီးလာတော့ ဆင်းရဲသွားတယ်။ တချို့က ငယ်စဉ်မှာ ဆင်းရဲသလို... ကြီးလာတော့လဲ သိပ်မချမ်းသာကြပါဘူး။

တချို့က ငယ်စဉ်မှာ ချမ်းသာသလို ကြီးလာတော့လဲ ချမ်းသာမြဲချမ်းသာကြပါတယ်။ အဲဒီလို ဘာကြောင့် ဖြစ်ရတာလဲလို့ သုံးသပ်ကြည့်တဲ့အခါ အတိတ်ဘဝက ကုသိုလ်ကံ အဆိုး/အကောင်းက ယခု ပစ္စုပ္ပန်ဘဝအတွက် အလွန်အရေးကြီးတဲ့ အထောက်အပံ့ဆိုတာ တွေ့မြင်ရပါတယ်။

အတိတ်ကုသိုလ်ကံ ကောင်းတဲ့သူတွေဟာ အများအားဖြင့် ရာထူးဩဇာရှိ၊ ချမ်းသာကြွယ်ဝ၊ ပညာဉာဏ်ထူးချွန်၊ အကျင့်သီလကောင်းစသဖြင့် ကောင်းတာတွေ များစွာပြည့်စုံတဲ့ မိဘတွေထံမှ လူဖြစ်လာတတ်ကြတယ်။

မိဘတွေရဲ့ ကောင်းမွန် မှန်ကန်တဲ့ ဆုံးမပြုပြင် လမ်းပြမှုအောက်မှာ ကြီးပြင်းလာရတယ်။ ဒီတော့ ပစ္စုပ္ပန် ကောင်းသလို အနာဂတ်လဲ ကောင်းကြတာပေါ့။

အတိတ်ဘဝ ကုသိုလ်ကံ ညံ့ရင် ညံ့သလို ဩဇာအာဏာမဲ့၊ စီးပွားဥစ္စာမဲ့၊ ပညာမဲ့၊ အကျင့်သီလမဲ့ဆိုတဲ့ မိဘတွေထံမှာ လူဖြစ်လာတဲ့



ပုံစံ(၂) ဘယ်လက်ဖဝါး

သူကတော့ အများအားဖြင့် ပစ္စုပ္ပန်မှာ ဆင်းရဲသလို အနာဂတ်မှာလဲ ဆင်းရဲကြတာပါပဲ။

ယခု ယှဉ်တွဲ ဖော်ပြပေးလိုက်တဲ့ **ပုံစံ(၁) ဘယ်လက်ဖဝါးပြင်နဲ့ ပုံစံ (၂) ဘယ်လက်ဖဝါးပြင်တို့ရဲ့** ပိုင်ရှင်တွေဟာ အသက်(၂၀)ဝန်းကျင် အမျိုးသားလူငယ်များ ဖြစ်ကြပါတယ်။

အိုးအိမ်တိုက်တာ ခြံမြေပိုင်ဆိုင်နေထိုင်ရခြင်းဆိုတဲ့ အတိတ်ကံအခြေအနေကို သိချင်ရင် အမျိုးသားတွေရဲ့ ဘယ်လက်ဖဝါးပြင်မှာ ကြည့်ရပါတယ်။

အထူးသဖြင့် နှလုံးလမ်းကြော... နဲ့ ဉာဏ်လမ်းကြောင်းကြား စ... လွင်ပြင်နေရာမှာ ဗိမာန်သင်္ကေ... လို့ ခေါ်တဲ့ စတုဂံပုံ ရှိ,မရှိ ကြ... တာပါ။

**စတုဂံပုံသေးရင်** အိမ်သေး... မြေကွက်ကျဉ်းကျဉ်း နေထိုင်ပိုင်... ရတတ်ပြီး... စတုဂံပုံကြ... ကြီးသလို မြေကွက်ကျယ်... အိမ်ကြီးကြီး နေထိုင်ပိုင်ဆိုင်ရ... ပါတယ်။

**စတုဂံပုံ နှစ်ကွက်တွဲ,သုံး... တွဲ** လေး,ငါးခြောက်ကွက်တွဲ... တိုက်အိမ်ခြံမြေများများ ပိုင်ဆိုင်...



F.21B. June, 201

...ိုင်ရတတ်ပါတယ်။

**ဘယ်လက်ဖဝါးမှာ ဗိမာန်သင်္ကေတရှိပြီး** ညာဘက်လက်ဖဝါးမှာ မရှိဘူးဆိုရင် အဲဒီလူငယ်ဟာ မိဘလက်ထဲမှာ တိုက်အိမ်နဲ့ နေထိုင်ခဲ့ရပေမယ့် သူ ကြီးလာတဲ့အခါ ကိုယ်ပိုင်အိမ်ခြံမြေနဲ့ နေထိုင်ပိုင်ဆိုင်ရဖို့ မလွယ်ပါဘူး။

ဘယ်လက်ဖဝါးပြင်မှာ ဗိမာန်သင်္ကေတ မရှိပေမယ့် ညာလက်ဖဝါးပြင်မှာ ဗိမာန်သင်္ကေတရှိတဲ့ လူငယ်ဆိုရင် သူ့မိဘလက်ထဲမှာ ကိုယ်ပိုင်တိုက်တာ အိမ်မြေနဲ့ မနေထိုင်ခဲ့ရပေမယ့် သူ ကြီးလာတဲ့အခါ ကိုယ်ပိုင်တိုက်တာ အိမ်မြေနဲ့ ပိုင်ဆိုင်နေထိုင်ရပါလိမ့်မယ်။

ဘယ်လက်ဖဝါးပြင်နဲ့ ညာလက်ဖဝါးပြင်တို့မှာ ဗိမာန်သင်္ကေတများပါရှိနေတဲ့ လူငယ်ဆိုရင် မိဘလက်ထဲမှာ မိဘပိုင် တိုက်တာအိမ်မြေနဲ့ ကောင်းကောင်းမွန်မွန် နေထိုင်ရပြီး ကြီးလာတဲ့အခါမှာလဲ ကိုယ်ပိုင် တိုက်တာခြံမြေနဲ့ ပိုင်ဆိုင်နေထိုင်ရပြန်တယ်။

ဘယ်/ညာလက်ဖဝါးပြင် နှစ်ဖက်လုံးမှာ ဗိမာန်သင်္ကေတ လုံးဝမပါရှိတဲ့ လူငယ်မျိုးဆိုရင် မိဘလက်ထဲမှာ မိဘပိုင် အိုးအိမ်ခြံမြေတို့နဲ့ နေထိုင်ခဲ့ရဘဲ ကြီးလာရင်လဲ သူ့ကိုယ်ပိုင် အိုးအိမ်ခြံမြေ လုံးဝ မပိုင်ဆိုင် မနေထိုင်ရပြန်ဘူး။ အိမ်ငှားနေဖြစ်စေ၊ ဆွေမျိုးမိတ်ဆွေတွေနဲ့ဖြစ်စေ မှီခိုကပ်ရပ်နေရတတ်ပါတယ်။

မြင်းချက်အနေနဲ့ တချို့ လက်ဖဝါးပြင်မှာ **စတုဂံကွက် ဗိမာန်သင်္ကေတဟာ နှလုံးလမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်းကြားမှာ မရှိဘဲ... ဉာဏ်လမ်းကြောင်းနဲ့ အသက်လမ်းကြောင်း ကြားမှာ ရှိတတ်တယ်။**


တချို့ လက်ဖဝါးပြင်မှာ ဗိမာန်သင်္ကေတ မရှိပေမယ့် နှလုံးလမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်းကြားမှာ **အောင်လံတံခွန်လို သင်္ကေတမျိုးရှိရင်လဲ** ကိုယ်ပိုင်အိမ်ခြံမြေ ပိုင်ဆိုင်နေထိုင်ရတာမျိုး ရှိပါတယ်။

ဗိမာန်သင်္ကေတရှိခြင်း၊ မရှိခြင်းကတော့ ကိုယ်ပိုင်တိုက်တာ အိမ်မြေအတွက် အခိုင်မာဆုံး အထောက်အထား ဖြစ်ပါတယ်။

**ယခု ပုံစံ(၁) လက်ဖဝါးပြင်ကို** စတင်ကြည့်ရအောင်... နှလုံးလမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်းကြားမှာရော... ဉာဏ်လမ်းကြောင်းနဲ့ အသက်လမ်းကြောင်း ကြားမှာပါ ဗိမာန်သင်္ကေတတွေ မရှိပါဘူး။

အောင်လံတံခွန်လို မင်္ဂလာအခြံအရံမျိုးလဲ မရှိပါဘူး။ ကံလမ်းထီးရိုးအပြတ်တွေပဲ ရှိတယ်။ **"က"အက္ခရာနဲ့** ညွှန်ပြထားပါတယ်။

* * *




**ပုံစံ(၁)လက္ခဏာရှင်ရဲ့** ညာဘက်လက်ဖဝါးပြင်မှာလဲ အခု ဘယ်လက်ဖဝါးပြင် ပုံစံလိုပါပဲ။ ဗိမာန်သင်္ကေတနဲ့ အခြားသော မင်္ဂလာအခြံအရံ သင်္ကေတမျိုးတွေ မရှိပါဘူး။

ဒီလူငယ်ဟာ လွန်ခဲ့တဲ့ (၁၀)နှစ်ဝန်းကျင်က သူ့မိဘလက်ထဲမှာ နေထိုင်ရစဉ် ကိုယ်ပိုင်တိုက်တာ အိမ်ခြံမြေတွေနဲ့ မနေထိုင်ခဲ့ရဘူး။


အသက်(၃၀)နှစ် ဝန်းကျင်အထိမှာလဲ သူ့ကိုယ်ပိုင်အိမ်ခြံမြေ မရှိသေးဘူး။ သူ့လက်ရှိ အခြေအနေအရ နောက်အနာဂတ် အသက်ပိုင်းလဲ ကိုယ်ပိုင်တိုက်တာ အိမ်ခြံမြေ ဖြစ်လာဖို့ မလွယ်ဘူး။

**ပုံစံ(၂)** ဘယ်လက်ဖဝါးပြင်ကို ကြည့်ပါ။ နှလုံးလမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်း ကြားမှာရော ဉာဏ်လမ်းကြောင်းနဲ့ အသက်လမ်းကြောင်းကြားမှာပါ ကြီးမားကျယ်ပြန့်တဲ့ စတုဂံကွက်ကြီးတွေ ဆက်နေတာ တွေ့ရတယ်။

အလွန် ထင်ရှားတဲ့ ဗိမာန်သင်္ကေတတွေ ဖြစ်ပါတယ်။ "ခ" **အက္ခရာနဲ့** ညွှန်ပြထားပါတယ်။

သူဟာ ရာထူးဩဇာ မြင့်မားပြီး စီးပွားဥစ္စာ ပြည့်စုံချမ်းသာတဲ့ မိဘတွေပိုင်ဆိုင်တဲ့ ခြံမြေကျယ်ကျယ်ကို တိုက်အိမ်ကြီးကြီးမှာ စည်းစိမ်အပြည့်နဲ့ နေထိုင်ခဲ့ရတယ်။

* * *






(စာမျက်နှာ (၁၆၅) သို့)

www.burmeseclassic.com

# ပွဲတွေ့ယတြာ



ဤသို့စီရင်ပါ

မောင်ဗဟိန်း (အင်းတော်)

ပွဲတွေ့ယတြာအစီအမံမှာ **စာရေးသူ၏အဘိုး ဦးဘိုးငှ၏ မှတ်စုထဲ**က ရရှိပါသည်။ စာရေးသူအဘိုးမှာ ရွှေဘိုသားဖြစ်ပါသည်။ ညီအစ်ကို သုံးယောက်ရှိသည်ဟု စာရေးသူ ဖခင်က ပြောပါသည်။ စာရေးသူ၏ အဘိုးက အစ်ကိုအကြီးဆုံးဟု ဆိုပါသည်။

ဦးဘိုးငှ၊ ဦးဘိုးဘ၊ ဦးစိုးရဟု ပြောပါသည်။ အဘိုးဦးဘိုးငှသည် ထီးချိုင့်သူအဘွား ဒေါ်ကြည်နှင့် အိမ်ထောင်ကျပြီး ထီးချိုင့်မြို့တွင် နေထိုင်ခဲ့ပါသည်။ သားသမီးငါးဦး ထွန်းကားခဲ့ပါသည်။

ဒေါ်သိန်းမေ၊ ဒေါ်သိန်းမြင့်၊ ဦးညွှန့်မောင်၊ ဒေါ်ခင်သင့်၊ ဦးမြအောင်တို့ဖြစ်ပါသည်။ စာရေးသူ၏ဖခင်မှာ ဦးညွှန့်မောင်ဖြစ်ပါသည်။

စာရေးသူသည်ပင်လျှင် အသက် (၇၀)နား ရောက်လာပြီဖြစ်၍ ဖခင်ဖြစ်သူဘက်မှ အဖေ၏ မျိုးဆက်မောင်နှမများလောက၌ မရှိကြတော့ပါ။ အဖေ၏ညီမဖြစ်သူ ဒေါ်ခင်သ... ထံမှ အဘိုး၏လက်ရေးမူ ... တွက်နည်းမျိုးစုံ ယတြာအဖုံဖုံ... မှတ်သားထားသော စာအုပ်... စာရေးသူ ရရှိခဲ့ပါသည်။

ယခု ရေးသားဖော်ပြချက်... လည်း အဘိုး၏ မှတ်စုစာအုပ်ထဲ... ...ဖြစ်ပါသည်။ **အင်္ဂဝိဇ္ဇာအရ ယတြာ... ...စီအရင်** ဖြစ်ပါသည်။

...ဤယတြာမှာ ပွဲတွေ့ယတြာ ...စီအရင် ဖြစ်ပါသည်။ စာရေးသူထံ ...စီအမံအတွက် လာသူများကို ...ပါ။ဆွက်လက် လွယ်ကူသည့် ...ပွဲတွေ့ယတြာပေးခဲ့ဖူးပါသည်။ ...အောင်မြင်မှုတွေ ရခဲ့ကြပါသည်။ ...ဖတ်သူများအနေဖြင့်လည်းဆရာ ...ရှိဘဲ ကိုယ်တိုင်စီရင်နိုင်သည့် ...ယတြာကလေးကို အသုံးပြုနိုင်ရန် ...ပုဒါန အလို့ငှာ ပေးလိုခြင်းဖြစ်ပါ ...သည်။

* * *

လှူဒါန်းရမည့်အချိန်မှာ **စာမေးပွဲ... အနီးဆုံးရက်ကို နေ့သား** ...လိုက် ထပ်ဆင့်တင်ပြလိုပါသည်။

၁။ **တနင်္ဂနွေသား**

ကြာသပတေး နေ့လယ် (၁၂း၃၀) နာရီမှ နေ့လယ်(၁၃း၀၀)နာရီထိ။

၂။ **တနင်္လာသား**

ဗုဒ္ဓဟူးနေ့ နံနက်(၁၁)နာရီမှ နံနက် (၁၁)နာရီ (၃၀)မိနစ်ထိ။

၃။ **အင်္ဂါသား**

သောကြာနေ့ နံနက်(၆း၃၀)နာရီမှ နံနက်(၇)နာရီထိ။

၄။ **ဗုဒ္ဓဟူးသား**

တနင်္လာနေ့ နံနက်(၈)နာရီမှ နံနက် (၈)နာရီ (၃၀)မိနစ်အထိ။

၅။ **ကြာသပတေးသား**

တနင်္ဂနွေနေ့ နံနက်(၆)နာရီမှ နံနက်(၇)နာရီအထိ။

၆။ **သောကြာသား**

အင်္ဂါနေ့ နေ့လယ်(၁၂း၃၀)မှ နေ့လယ်(၁၃း၀၀)နာရီထိ။

၇။ **စနေသား**

ဗုဒ္ဓဟူးနေ့ နေ့လယ်(၁၂း၃၀)မှ (၁၃း၀၀)နာရီထိ။

**မှတ်ချက်။ ။**

**အရပ်မျက်နှာအရ ဘုရားမတော်မရှိသော် မိမိနေထိုင်သည့် မြို့ ရပ်ကွက်ရှိ ဂြိုဟ်ရှစ်ခွင်ရှိ ဘုရားတွင် နေ့နံအရ ထောင့်အလိုက် နေ့နံဘုရားတွင် လှူပါ။**

**ဥပမာ။** ။တနင်္ဂနွေသားဆိုလျှင် ဂြိုဟ်ရှစ်ခွင်ရှိရာ ကြာသပတေးနံ ဘုရားတွင် လှူပါ။ ကျန်နေ့သားများ တနင်္ဂနွေသားနည်းကို မှီး၍ ကြံပါလေ။

**ရာဟုသားများအဖို့** ဗုဒ္ဓဟူးနေ့ သားအတိုင်း ယတြာဆောင်ရွက်နိုင်ပါသည်။

*အာယု ဝဏ္ဏော သုခံ ဗလံ*

**မောင်ဗဟိန်း** *(အင်းတော်)*

| စဉ် | နေ့သား/သမီး | သောက်ရမည့် အရည် ယတြာ | လှူဒါန်းရမည့် အသီး၊ ယတြာ | လှူဒါန်းရမည့် ပန်းယတြာ | လှူရမည့် အရပ်မျက်နှာ | ဝတ်ဆင်ရန် အကျီအရောင် |
|---|---|---|---|---|---|---|
| ၁။ | တနင်္ဂနွေ | ကြံရည် | အုန်းသီး | သီးညွန့် | အနောက်အရပ်ဘုရား ကြာသပတေးအရပ် | နီညို၊ ရွှေ၊ ဆီး၊ ညို... |
| ၂။ | တနင်္လာ | ဆီးဖျော်ရည် | ကြံ၊ ကွမ်းသီး | ဒေါ်နာ၊ အုန်း | မြောက်အရပ်ဘုရား သောကြာအရပ် | အဖြူ၊ ဆင်စွယ်၊ နို့နှစ်ရောင် |
| ၃။ | အင်္ဂါ | ရှောက်ရည် | ဆီးသီး | အုန်းညွန့် | အနောက်တောင်ထောင့် ဘုရား စနေထောင့် | အနီ၊ ပန်းရောင်ရင့်... |
| ၄။ | ဗုဒ္ဓဟူး | ကော်ဖီမစ် | ရှောက်သီး | ကံ့ကော်ညွန့် | အရှေ့မြောက်ထောင့် ဘုရား၊ တနင်္ဂနွေထောင့် | အစိမ်း၊ ရေညှိစိမ်းရောင် |
| ၅။ | ကြာသပတေး | အသီးဖျော်ရည် | ပန်းသီး | ငှက်ပျော၊ ဆီးညွန့် | အရှေ့အရပ်ဘုရား တနင်္လာအရပ် | အဝါ၊ ရွှေဝါ၊ လိမ္မော်ရောင် |
| ၆။ | သောကြာ | နာနတ်ရည် | သီးသီး | ဝါး၊ ရှက်လှ၊ ရဲယိုရှက် | အရှေ့တောင်ထောင့် ဘုရား အင်္ဂါထောင့် | အဖြူ၊ အပြာ၊ ရောင်စုံတောက်... |
| ၇။ | စနေ | အုန်းရည် | နာနတ်သီး | သပြေ၊ မေမြို့ပန်း | တောင်အရပ်ဘုရား၊ ဗုဒ္ဓဟူးအရပ် | နက်ပြာ၊ ပိန်း...၊ ခရမ်းရင့် |

စာမျက်နှာ (၁၆၃)မှ အဆက်

...ပုလ်ရဲ့ ဉာဏ်လက်ပေါ်မြင်နေရာမှာ အစု အသင်လက်... ...ကိုဆဲ ကြီးမား ကျယ်ပြန့်လောက်မှုနဲ့တဲ့ ဆော့ကိုမုံးတွေ ...ကလျက် ဗိမာန်သင်္ကေတကြီးတွေ ထင်ရှားရှိပါ ...သည်။

...တွေရဲ့ အထောက်အပံ့ကောင်း၊ အမွေအနှစ် ...ကောင်း၊ အရင်းအနှီးကောင်းတွေကြောင့် ပညာစုံ ...ပုဂ်အကိုင်ကောင်းရှိ စီးပွားရှာရ လွယ်ကူခဲ့ပါတယ်။

...ရှုံးသောပြည့်စုံတဲ့ ဇနီးကောင်းလဲ ရတယ်။ တိုက်တာ ...အိမ်တွေ ကြီးကြီးမားမား များများဆိုင်ဆိုင် နေထိုင် ...ရိုက်ကို အသက်(၃၀)ဝန်းကျင်မှာပဲ ဖြစ်ပေါ်ခံစား ...ရပြီ။

...နောင်အနာဂတ် အသက်ပိုင်းမှာလဲ ဒီအနေအထား ...လက် ရောက်သွားဖို့ မရှိအောင် "နိုင်"နေပါပြီ။

အတိတ်ဘဝက ကျောင်း ,ဇရပ်, မွှာရုံ,သိမ် စတဲ့ သာသနိက အဆောက်အအုံမျိုးတွေ လှူဒါန်းခဲ့တဲ့ ကုသိုလ်အကျိုးကို ဒီဘဝမှာ ပြန်ခံစားရတာပဲလို့ ဗုဒ္ဓဘာသာအရ မှတ်ကာ မှားရပါတယ်။

မိမိတို့လဲ နောင်ဘဝတွေမှာ ပုံစံ (၂) လက္ခဏာရှင်လို ပြည့်စုံချင်ရင် ယခုဘဝမှာ သာသနိကအဆောက် အအုံတွေကို ငွေအား,ဉာဏ်အား, ကိုယ်အား စွမ်းနိုင်သမျှ လှူဒါန်းပါဝင်သင့်ကြောင်းကို တိုက်တွန်း လိုက်ရပါတယ်ဗျာ။

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင် (ဥပဒေ...)**
**လက္ခဏာဗေဒင်ပညာသု...သီ**

www.burmeseclassic.com

# ဆီးအောင့်၊ ဆီးကျဉ်

## ရောဂါအတွက် ဆေးနည်းကောင်းတစ်ခု

ကျွန်ုပ်တို့ မြန်မာလူမျိုးများ၌ တိုင်းရင်းမြန်မာ ဆေးနည်းကောင်းများစွာ ရှိပါသည်။

''အနာရှိ၍ ဆေးသိလျှင် ပျောက်ရေးမခက်ပါ'' ရောဂါ တစ်ခုခု ဖြစ်ပြီဆိုလျှင် တတ်သိနားလည်သော ဆရာကို ရှာရပါသည်။

အချို့ သွားလာရေး ခက်ခဲသော နေရာဒေသများတွင် ဆရာတစ်ယောက် တွေ့ဆုံပြသရန် ခက်ခဲပါသည်။

အပ်နှင့်ထွင်းကာ ကုသ၍ ပျောက်နိုင်သော ရောဂါကို အချိန်ကြာမှ ကုသရသည့်အတွက် ဆောက်နှင့်ထွင်း ကုသရသကဲ့သို့ လွယ်ကူစွာ ပျောက်နိုင်သော ရောဂါကို ခက်ခဲစွာ ကုသခဲ့ရပါသည်။





စာရေးသူအနေဖြင့် ဆီးရောဂါနှင့်ပတ်သက်၍ ပျောက်ကင်းစေသော ဆေးနည်းကောင်းတစ်ခုကို ဖော်ပြရလျှင် ၂၀၁၇ ခုနှစ်၊ မေလ တစ်နေ့တွင် စာရေးသူတို့ နေထိုင်ရာ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့သို့ တပ်မတော်(ရေ)မှ တ.က.က(ငြိမ်း) ဆရာကြီးဦးတင်လှ ဆိုသူ အလည်ရောက်ရှိလာပါသည်။

မိတ်ဆွေသင်္ဂဟ ပေါများသော ဆရာကြီးဦးတင်လှ သည် သူ တပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင် ခဲ့စဉ်က သူ့ရဲဘော်တွေ ဆီးနှင့် ပတ်သက်၍ ဆီးအောင့်၊ ဆီးကျဉ်ရောဂါဖြစ်လျှင် ကိုယ်တိုင်ကုသပေးခဲ့သော ဆေနည်းကောင်းဟု ပြောပါသည်။

ဆရာကြီးဦးတင်လှသည် ငယ်စဉ်က ဆီးအောင့် ရောဂါ ခဏဖြစ်ဖူး၍ သူ့ဘကြီး ဆေးဆရာကြီး ဦးဖြူလုံး မှ ဆေးနည်းကို ပေးခဲ့သည်ဟု ဆိုပါသည်။

**ဆေးနည်းက** ရှာဖွေရ လွယ်ကူ၍ ငွေကုန်ကျမှု မရှိ သောဆေး ဖြစ်ပါသည်။

**ဆေးနည်းမှာ...**

၁။ မန်ကျည်းရွက်ကြမ်း လက်တစ်ဆုပ်

၂။ ဘူးရွက်ကြမ်း လက်တစ်ဆုပ်

ဆေး(၂)မျိုးကို ရောထောင်းပါ။ ပြီးလျှင် ဆီးခုံပေါ်တွင် အုံပေးပါ။ မကြာမီ ဆီးသွား၍ ဆီးအောင့်၊ ဆီးကျဉ် ရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်ဟု [illegible] ခဲ့ပါသည်။

စာရှုသူများအနေဖြင့် ကျန်းမာရေးအတွက် လွယ်[illegible] ကာ ငွေကုန်ကျေးကြ မရှိသော ဆေးနည်းကောင်း[illegible] အား ဗဟုသုတ တိုးပွားနိုင်ကြပါစေရန် [illegible] ရေးသားဖော်ပြအပ်ပါသည်။

**[တပ်မတော်(ရေ)မှ တ.က.က(ငြိမ်း) ဆရာ[illegible] ဦးတင်လှအား ဦးညွှတ်ဆောင်းပါးဖြင့် ဂါရဝပြု[illegible] သည်။]**

ဗိုလ်မင်း(မင်းလှ)



ရုတ်တရက်

# လေဖြတ်ခံရသူအား ကယ်တင်နည်း

ကောင်းမြင့်မြတ်စိုး



ရုတ်တရက် လေဖြတ်ခံရသူအား ကယ်တင်နည်းပညာကို ကျွန်တော် [illegible] ကျွန်တော့်ရဲ့ ညီ၊ ညီမတွေ အိမ်နီး [illegible]တွေသာ သိခဲ့မယ်ဆိုရင်... [illegible]တွေ့အကြုံ ရှိထားခဲ့မယ်ဆိုရင် ကျွန်တော့်အမေ ဆင်းရဲကြီးစွာ [illegible]မရောက်နိုင်ပါဘူး။

[illegible]လောက် မြန်မြန်ဆန်ဆန်ကြီး [illegible]သနိုင်ပါဘူး။ အခုတော့ဖြင့် [illegible]ကျသွားခဲ့ပါပြီ။

ကျွန်တော့်အမေ လေဖြတ်ခံရလို့ [illegible]ကာမှ ယခုဖော်ပြမယ့် ကယ် [illegible]နည်းပညာကို ရခဲ့တာပါ။

ကျွန်တော့်အနေနဲ့တော့ အမေ [illegible] အသက်နဲ့ ရင်းပြီး ရလိုက်တဲ့ **''ကယ်တင်နည်းပညာ''**ပါ။

[illegible] အသိပညာ အတတ်ပညာကို [illegible]ကြားချင်း သိသိချင်း ဒီ [illegible]ကို ရေးမယ်လို့ ချက်ချင်း [illegible]လိုက်ပါတယ်။

[illegible]ခြားသောလူတွေ အမေလို [illegible]ဖြတ်ခံရပြီး ဒုက္ခရောက်ခြင်း၊ [illegible]ရခြင်းမှ ကင်းဝေးစေလို [illegible] စေတနာဟာ အမှန်တကယ် [illegible]ခဲ့ပါတယ်။

[illegible] (၁၄-၂-၂၀၁၂)နေ့ [illegible]လောက်က အိမ်သာပေါ် မှာ လေဖြတ်သွားတာပါ။ အဲဒီအချိန် က ကျွန်တော် အမေ့အိမ်မှာ မရှိပါ ဘူး။ အမေက ကျောက်ပန်းတောင်း မြို့၊ အောင်မင်္ဂလာရပ်ကွက်မှာ နေ တာ။ ကျွန်တော်က တောင်ကြီး၊ အေးသာယာမြို့သစ်မှာ နေတာပါ။

အမေ လေဖြတ်ခံရတော့ ကြား ဖူးနားဝရှိတဲ့ ကျွန်တော့်ညီ ကိုသန်းထွန်းက အိမ်သာထဲမှာ လဲ နေတဲ့ အမေကို အိမ်ပေါ်ပွေ့တင်ပြီး **အမေ့နားနှစ်ဖက်ကို လက်ချုပ် အပ်နဲ့ ဖောက်ပေးခဲ့ပါသေးတယ်။**

ဒါပေမယ့် နည်းစနစ်က မတိကျ တော့ ထူးထူးခြားခြား သက်သာလာ ခြင်း မရှိခဲ့ပါ။ ဒီလိုနဲ့ မိတ္ထီလာမြို့က ''ဇော်''ဆေးရုံကို သွားပြီး ကုသခဲ့ ကြပါတယ်။

''ဇော်''ဆေးရုံမှာ (၉)ရက်ကြာ ကုခဲ့ရပြီး ဆရာဝန်ကြီး ဦးဌေးမြင့်က ဆင်းခွင့်ပြုလို့ နေအိမ်ကို ပြန်ခဲ့ရပါ တယ်။ အိမ်မှာ (၄)ရက်ပဲ ပြုစုခွင့်ရ လိုက်ပါတယ်။ (၂၇-၂-၂၀၁၂)မှာ အမေ ဆုံးသွားခဲ့ပါတယ်။

အမေ ဆုံးသွားပြီးတော့မှ ကျွန်တော်တို့ အောင်မင်္ဂလာ ရပ်ကွက်ထဲက ဦးသန်းငွေ လေဖြတ်

www.burmeseclassic.com



ခံရပုံကို သိခဲ့ရပါတယ်။ ဦးသန်းငွေကလဲ အမေလိုပဲ လေဖြတ်ခံခဲ့ရပါတယ်။

ဒါပေမယ့် ဦးသန်းငွေ လေဖြတ်တဲ့အချိန်မှာ နည်းစနစ်တကျ ပြုစု ကုသပေးမယ့်သူ အနီးအနားမှာ ရှိခဲ့ပါတဲ့ယ်။ အဲဒီလူက ကယ်တင်ခဲ့လို့ ယခု ဦးသန်းငွေဟာ လူကောင်းပကတိ သွားလာလုပ်ကိုင်လျက် ရှိပါတယ်။

ကျွန်တော်ဟာ တိတိကျကျ သိရအောင် **ဦးသန်းငွေနဲ့** တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ **ဦးသန်းငွေရဲ့ ဇနီးဒေါ်အေးသိန်းနဲ့လဲ** တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ကျွန်တော်နဲ့ ငယ်စဉ်ကတည်းက ရင်းနှီးခင်မင်ခဲ့သူတွေလဲ ဖြစ်ပါတယ်။

ဦးသန်းငွေဟာ **အသက်(၆၀) အရွယ်** ဖြစ်ပါတယ်။ ကျွန်တော်က **ဦးသန်းငွေကို အကျိုးအကြောင်း ပြောပြမေးမြန်းတဲ့အခါ**...

'ကျွန်တော် ဒီတစ်ခါ လေဖြတ်ခံရတာက မကြာသေးဘူး။ ဒီ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလထဲမှာ ဖြစ်ခဲ့တာ။ အရင်ကလဲ ဖြစ်ဖူးတယ်။ ဒါပေမယ့် လေဖြန်းတဲ့အဆင့်လို့ ဆိုရမလားဘဲ... မျက်စိတစ်ဖက်တော့ ဘာမှ မမြင်ရတော့ဘူး။

အဲဒါနဲ့ ကျွန်တော် မိတ္ထီလာ "ထိလာဦးဆေးရုံ"ကို သွားပြတယ်။ ဆရာဝန်က သွေးချိန်ပြီးတော့ သတိပေးတယ်။ သွေးပေါင်က 200/100 ဖြစ်နေတယ်တဲ့။

ဘာမှ မဖြစ်ဘူးလားတဲ့ မေးတယ်။ ကျွန်တော်ကလဲ ဘာမှ မဖြစ်ဘူးပေါ့။ သွားလာနေတာပါပဲလို့ ဖြေလိုက်တယ်။ ဒီတော့ ဆရာဝန်က **"နောက်ထပ် လေဖြတ်နိုင်တယ်။ သတိထားပါ။ မပေါ့ပါနဲ့"**လို့ သတိပေးပါတယ်။ ဆေးရုံမှာ နှစ်ရက် တက်ရောက်ကုသခဲ့ရပါသေးတယ်။

အဲ... အိမ်ပြန်ရောက်ပြီး သိပ်မကြာပါဘူး။ တစ်နေ့ မနက်ပိုင်းမှာ ထမင်းစားပြီး ကွမ်းယာ ဝါးချင်တာနဲ့ ကွမ်းယာသွားဝယ်တယ်။ အိမ်ရှေ့မှာ ထိုင်ပြီး ကွမ်းယာဝါးနေရင်းနဲ့ ပါးစပ်က ဟမရတော့ဘူး။ ပါးတွေ ရွဲ့သွားသလို ခံစားရတယ်။

အနားမှာ မအေးသိန်းလဲ ရှိနေတယ်။ သားအငယ် ဟန်ဝင်းလဲ ရှိတယ်။ ပါးစပ်က ပြောလို့မရတော့ လက်နဲ့ပြဖို့ လက်ကိုမြှောက်တော့လဲ လက်မြှောက်မရတော့ဘူး။ ပြီးတော့ လဲကျသွားတာပါပဲ။

မအေးသိန်းက ကျွန်တော်ဖြစ်နေတာ တွေ့သွားတော့ အလန့်တကြား အော်တာပေါ့။

"လာကြပါဦး... လုပ်ကြပါဦး... ဟောဒီမှာ ဦးသန်းငွေ ဘာဖြစ်သွားမှန်းမသိဘူး၊ လာကြပါဦး"

အဲဒီလို အော်လိုက်တော့ လူတွေ ရောက်လာကြတယ်။ အဲ့ အထဲမှာ ဖိုးတိုးဆိုတဲ့ လူငယ်က...

"ဟာ... ဒါလေဖြတ်တာ၊ လက်ချုပ်အပ်နဲ့ နားကို ဖောက်ပေးရမယ်။ အပ်ရှာခဲ့... အပ်ရှာခဲ့"

ဆိုပြီး အပ်တောင်းတယ်။

အပ်ကို မီးကင်ပြီး အဲဒီနေရာမှာ (နေရာမရွှေ့စေဘဲ) နားသန့်သီးကို လက်နဲ့ ပွတ်ဆွဲ... ပွတ်ဆွဲပေးပြီး နားနုပ်ဖက်ကို ဖောက်ပေးလိုက်တယ်။ သွေးထွက်အောင် ဖောက်ပေးတယ်။

ကျန်တဲ့ နားတစ်ဖက်ကို ဖောက်တဲ့ အခါမှာ ကျွန်တော်"အား"လို့ အော်လိုက်တယ်။ ချက်ချင်း ပါးစပ်ရွဲ့တာ ပျောက်သွားတယ်။ ပြန်ဟည့်ရ တယ်၊ သတိလဲ ပြန်ရလာတယ်။

အဲဒီတော့မှ ကျွန်တော့်ကို အိမ် ပေါ်တင်ပေး၊ ခုတင်ပေါ် တင်ပေး တယ်။ ခုတင်ပေါ်ရောက်တော့ ခြေတွေ,လက်တွေ မြှောက်ကြည့် တယ်။ မြှောက်လို့ရတယ်။ ဘာမှ မဖြစ်တော့ဘူးဗျာ။

ဆရာဝန် သွားပင့်ပြီး ပြတော့ ဆရာဝန်တောင် အံ့ဩသွားတယ်။ လူကောင်းအတိုင်း ဖြစ်သွားလို့လေ ခုထိ ဘာမှမဖြစ်ဘူး။

သွားလို့,လာလို့ ကောင်းနေ မကဘူး၊ အရင်လေဖြန်းလို့ ကွယ် သွားတဲ့ မျက်စိကလဲ အခု ပြန်မြင် လာပြီဗျာ။ မျက်စိထောင့်မှာ နေရာလေး နည်းနည်းပဲ ကျန်တော့ တယ်။ တဖြည်းဖြည်း ပြန်မြင်လာ တယ်'

ထိုအခါ ကျွန်တော်က ...

'အစ်ကိုက္ အတော်ကံကောင်း တာပဲနော်၊ လေဖြတ်တာ ကယ်တင် ကုသတဲ့နည်းကို ကျွန်တော် တိတိကျကျလေး သိချင်တယ်။ အစ်ကို ပြောပြပါဦး'

'ဟာ...သိပ်မခက်ပါဘူး။ အစ်ကို အဲဒီနည်းကို စာရွက်နဲ့ စာရိုက်ပြီး ဝေတဲ့ စာရွက်တွေ ရှိတယ်။ အဲဒီ စာရွက်တွေ ပို့ပေးလိုက်မယ်။ ပို ကျတာပေါ့'

'ဟုတ်ကဲ့ အစ်ကို ကျေးဇူးပါပဲဗျာ။ ကျွန်တော်က နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို စာမူ ရေးပို့မှာပါ။ အများ လဲ အကျိုးရှိရအောင်လို့လေ'

'သိပ်ကောင်းပါတယ်။ ရေးဖြစ် အောင် ရေးပါ။ အဲဒီစာရွက် ပို့ပေး လိုက်မယ်နော်'

နောက်ရက်တွင် ကျွန်တော့်ထံသို့ **"လေဖြတ်တာ ကယ်တင် ကုသနည်း"** စာရွက်လေး ရောက်လာ ပါတယ်။ မူရင်းအတိုင်း ဖော်ပြပေး လိုက်ပါတယ်။ စာဖတ်သူများလဲ ဒီလို အခါမှာ ကောင်းမှုထူးကို ပြုနိုင် အောင်လို့ ဖော်ပြပေးလိုက်ပါတယ်။

ရုတ်တရက် လေဖြတ်ခံရသောသူအား
သွေးဖောက်ပြီး
အမြန်ကယ်ဆယ်ကုသနည်း

"ယခု အရေးကြီးဆုံးအချက်မှာ လေ ဖြတ်သော လူနာကို ရေချိုးခန်း၊ ရေချိုးခန်း၊ ဧည့်ခန်း စသည်ဖြင့် မည်သည့် နေရာတွင်ပင်ဖြစ်စေ... ဖြစ်သောနေရာမှ ရွှေ့ပြောင်း သယ်မခြင်း လုံးဝ မပြုလုပ် ရပါ။

ထိုသို့ ချက်ချင်း ရွှေ့ပြောင်းသယ်ဆောင် ပါက လူနာခြင်းအတွင်း ကားဆောင့်ခြင်း စသော အကြောင်းများကြောင့် ဦးနှောက်သွေး



ကြောလေးများကို ပိုမို၍ လျင်မြန်စွာ ပေါက်ကွဲစေပြီး လူနာ၏ အခြေအနေကို ပိုဆိုးစေပါသည်။

ထို့ကြောင့် လူနာကို မည်သည့်နေရာ ကိုမှ ရွှေ့ပြောင်းခြင်း မပြုလုပ်ပါနှင့်။ လူနာကို ဖြစ်သည့်နေရာ၌ပင် အသာ ထူပေးပြီး ပြန်လဲကျမသွားစေရန် အသာ မှေး၍ "မ" ပေးထားပါ။

ထိုသို့ ထူမပြီးပြီးချင်း ပိုးသတ်ထားသော ဆေးထိုးအပ်ဖြင့်သော် လည်းကောင်း၊ မီးကင်ပြီးသော လက်ချုပ်အပ် ထိပ်များ ဖြင့်သော်လည်းကောင်း လူနာ၏ လက် ချောင်း(၁၀)ချောင်း ထိပ်ဖျားကို ဖောက် ပေးပါ။ (ပဲစေ့ခန့်) သွေးစက် တစ်ဝက်စီ ထွက်လာအောင် ဖောက်ပေးပါ။

သွေးစက် ပဲဝက်ခန့် ထွက်,မထွက် ချေ့ စောင့်ကြည့်ပါ။ အကယ်၍ သွေးမထွက်ပါက သွေးထွက်လာအောင် လက်ဖြင့် ညှစ်ထုတ်ပေးပါ။

လက်ချောင်းတိုင်း သွေး တစ်ဝက်စီ ထွက်သွားပြီး မိနစ်ပိုင်းအတွင်း လူနာ ပြန်လည် သတိရပါလိမ့်မည်။

အကယ်၍ လူနာ ပါးစပ် ရွဲ့သွားပါက လူနာ၏ နားရွက်နှစ်ဖက်ကို နီလာသည့် တိုင်အောင် လက်ဖြင့် ပွတ်ဆွဲပေးပါ။ နီလာပါက နားရွက်အောက်ပိုင်း နားပေါက်ဖောက်သည့်နေရာ၌ ပိုးသတ် ထားသော အပ်နှင့် တစ်ဖက် နှစ်ချက်စီ ဖောက်ပေးရပါမည်။

နားရွက်နှစ်ဖက်စလုံးမှ သွေးစက် နှစ်စက်စီ ပဲစေ့ခန့် ထွက်လာပြီး မိနစ်ပိုင်း အတွင်း ပါးစပ်ရွဲ့ရာမှ ပြန်ကောင်းသွား ပါလိမ့်မည်။

ထိုလူနာ ပုံမှန် အခြေအနေသို့ ရောက် အောင် စောင့်ပြီးမှ ဆေးရုံသို့ လူနာကို ပို့ပေး၍ လိုအပ်သော ဆေးကုသမှုကို ခံယူပါစေ။

ထိုသို့ ရှေးဦးစွာ ပြုစုပြီးမှ ဆေးကုသ ခံစေပါက အကြောသေခြင်း၊ ကိုယ် တစ်ခြမ်းသေပြီး ခြေ,လက်လှုပ်မရခြင်း၊ စကားမပီမသဖြစ်ခြင်းတို့မှ လုံးဝ ကင်း လွတ်စေပါမည်"

ဤနည်းမှာ လက်တွေ့ပျောက် ကင်း သက်သာစေသောနည်း ဖြစ် ပါသည်။ ဤနည်းကို လူအများ လေဖြတ်ခြင်း ဝေဒနာမှ ကင်းဝေး စေရန်အတွက် မေတ္တာ စေတနာဖြင့် ကုသိုလ်ပြုလိုက်ပါသည်။

ထိုနည်းကို မိမိတို့နီးစပ်ရာ အသိ မိတ်ဆွေများထံသို့ တစ်ဆင့် ဖြန့်ဝေ ခြင်းဖြင့် ကုသိုလ်ယူကြပါ။ ဤ နည်းသည် ကိုယ်တွေ့ လက်တွေ့ လူနာကို ပြုစုပေးခြင်းဖြင့် ရာနှုန်း ပြည့် အောင်မြင်သော နည်းဖြစ် ကြောင်း အာမခံပါသည်။

ဤကုသနည်းကို **တရုတ်နိုင်ငံမှ ပေးပို့သော ကုသနည်းမှ ဘာသာ ပြန်ထားခြင်း** ဖြစ်ပါသည်။

**ကောင်းမြင့်မြတ်စိန်**







www.burmeseclassic.com

www.burmeseclassic.com



ရှေဝန်းနီ

# ထုံးပြာလမ်းနှင့် ထွက်ရပ်စခန်း

ကျွန်ုပ်၏ အဘိုးကြီးသည် ရှေးမြန်မာ ဓာတ်ဗိန္ဒော ဆရာကြီးတစ်ဦးဖြစ်သည်။ လူနာများကို ဆေးဝါး ကုသ ရာ၌ ဓာတ်ယူဓာတ်ကောက်များနှင့် ပတ်ဝန်းကျင်ရှိ သစ်ပင်သစ်ရွက် သစ်သီးသစ်ဖု သစ်ဥသစ်ခေါက် သစ်ဥသျှောက်များနှင့်သာ ကုလေ့ရှိကြောင်း...

သီးသန့်ဆေးလွယ်အိတ်ဟူ၍ မရှိကြောင်း၊ အလွန် လည်းနာမည်ကြီးကြောင်း အဖေ,အမေတို့၏ ပြော စကားများနှင့် ကျေးရွာတွင်းရှိ လူကြီးသူမများ၏ ပြော စကားများကို ကျွန်ုပ် ငယ်စဉ်က ကြားခဲ့ရပါသည်။

အဘိုးကြီးမှာ အမေ၏ အဖေ့အဖေ(အမေ့ဘကြီး)ဖြစ် ပြီး နန်းတွင်းသမားတော်ကြီးတစ်ဦး၏သား ဖြစ်ကြောင်း အဘိုးကြီး ပြောပြဖူးသဖြင့် သိရှိခဲ့ရ၏။ ကျွန်ုပ်သည် အဘိုးကြီးအား (၁၀)နှစ်သားအရွယ်ထိ မီလိုက်၍ အဘိုး၏ ပုံရိပ်များကို ကောင်းစွာ မှတ်မိနေပါသည်။

လူနာတစ်ယောက်အတွက် လာပင့်လျှင် အဘိုးက ရှေးသမားစဉ်သုံးအတိုင်း...

'အမိန့်တော် ကြားသော်အံ့ ရုန်းနှတ်ကျော်၊ လောက်ဉစား များကိုရေ၊ သာစေဖို့ တို့လေသု'

ဟူသည့် လင်္ကာလေးနှင့်အညီ **အစနာသူ၊ လယ်မှ ခေါ်နေ့၊ ဆုံးနေ့ရှောင်ရပ်** အဖြစ် ကောက်ယူပြီးမှ ဆရာလာရောက်ပင့်သူ၏ လှုပ်ရှားမှုပုံရိပ်ကို အတိတ် နိမိတ်ယူကာ လိုက်သင့်,မလိုက်သင့် ဆုံးဖြတ်ကာ လိုက်သင့်မှ လိုက်လေ့ရှိကြောင်း သိရှိခဲ့ပါသည်။

ဆရာ လာပင့်၍ လိုက်သွားလျှင်လည်း အဘို မည်သည့်အခါမျှ ဆေးလွယ်အိတ် ပါလေ့မရှိ သို့သော် ကုသသော လူနာအတိုင်း ပျောက်က ချမ်းသာလေ့ရှိသဖြင့် အလွန်နာမည်ကြီးပေသည်

တချို့ဆိုလျှင် အဘိုးနှင့်သာ တွေ့ပါက ဗိ တွေ့ရသလိုပင် အထင်ပေါက်ကာ ဝမ်းမြောက်ဝ ဖြစ်သဖြင့် ရောဂါတစ်ဝက် ပျောက်ကြောင်း အဘို ပြောပြခဲ့ဖူးပါသည်။

သို့သော် အဘိုးသည် ဆေးဝါးကုသသူ သက် မဟုတ် အဂ္ဂိရတ်လည်း အလွန်ဝါသနာပါသူ ဖြစ် အဘိုးသည် မည်သည့်သားသမီးနှင့်မျှ မ စာရေးသူ မှတ်မိချိန်၌ အဘိုး,အဘွား နှစ်ဦး စာရေးသူတို့၏ ခေါင်းရင်းဘက်ရှိ သရက်ခြံ နေပါသည်။

ခေါင်းရင်းဘက် သရက်ပင်အိုကြီးအောက်၌ အ အဂ္ဂိရတ်ကစားသည့် ဖိုရုံလေး ရှိပါသည်။ ဖိုရုံ ဆိုသော်လည်း သိပ်တော့ မသေးလှပါ။ သုံးပင်နှ တဲတစ်လုံးစာလောက်တော့ရှိမည် ထင်ပါသည်

ထိုဖိုရုံလေးထဲ၌ အဘိုး၏ ကျွန်းသားနှင့် ပြု သည့် လေးထပ် ဖားဖိုလေးအပြင်... လေဖို့အ ကျင်းချ၍ ဖွဲမီးဆိုက်ထားသည့် မြေဖိုကျင်း ရှိပါသည်။

တစ်ခါတစ်ရံ ကျွန်ုပ် ထိုဖိုရုံလေးထဲ အဘိုးနှ ရောက်ရှိသွားတိုင်း အဘိုးက...

'ဖိုအမွှကို မြေးလေးပဲ ယူခဲ့မှာပဲ။ မြေးလေး ကျွန်တဲ့ သားသမီးတွေနဲ့ မြေးတွေကတော့ ဖိုပညာကို



မှုန်း မသိဘူး'

ဟု ဆိုကာ...

'မိုးဓာတ်က သံ,ဘင်,သွပ်,ဂွတ်,ဒန်,ဓာတ်,ရွှေ,နာ ရယ်လို့ (၈)ပါး ရှိတယ်။ အာကာသဓာတ် နှပ်တရားကလဲ ဒုတ္တာ,ကန့်,စိန်နီ, ဟင်္သာ,ဆေးဒန်း,စိန်ဖြူ,ဟင်္သပြိုင်း,ဇက်သာ ရယ်လို့ (၈)ပါး ရှိတယ်။ အဲဒီ အာကာသဓာတ် နှပ်တရား(၈)ပါးက ကဗ္ဗား ဖြစ်လို့ ရှပ်ကိုလဲ ပြုပြင်တတ်တယ်'

ဟု ဓာတ်များကို တစ်ပါးချင်းပြပြီး ပြောလေ့ ရှိပါ သည်။

စာရေးသူ ကျွန်ုပ်က အဘိုးပြောစကားများကို နားထောင်ရင်း ပညာကို တန်ဖိုးထားရမှန်း မသိသော် လည်း ကလေးပီပီ ဆော့ချင် လက်တည့်စမ်း ဖြစ်နေ ၍ မနိုင်မနင်း ဖိုကြိုးဆွဲပေးရင်း ဆော့ကစားလေ့ ရှိပါသည်။

ပညာကို တလေးတစား ယူရကောင်းမှန်း မသိခဲ့ပါ။ အဘိုး၏ နှုတ်တိုက်သင်ကြားမှုများကိုတော့ အထိုက် အလျောက် မှတ်မိခဲ့ပါသည်။

ကျွန်ုပ် ကြီးပြင်းလာသောအခါ၌ **"ဘမြေး ဘိုးတူ"** ဟူသည့် ဆောင်ပုဒ်လေးအတိုင်း အဂ္ဂိရတ်ကို ဝါသနာပါ လှလာလိုက်စားခဲ့ပါသည်၊ သည်တွင် အဘိုးရေးသားခဲ့ သည့် အဂ္ဂိရတ်မှတ်စုများသည် ကျွန်ုပ်အတွက် သုံးစား ကုန်နိုင်တော့သည့် လေ့လာမကုန်နိုင်သော စာပေ ပညာတိုက်ကြီးသဖွယ် ဖြစ်လာပါတော့၏။

ယခု တင်ပြမည့် **"ထုံးပြာလမ်းနှင့် ထွက်ရပ်စခန်း"** မှာ အဘိုးကြီး၏ ပေမူမှ တွေ့ရှိရသော နည်းတစ်နည်း ဖြစ်ပါသည်။ အဂ္ဂိရတ်လောက၌ "ရှိတော့ရှိပြီး ရှားပါး သော" တန်ဖိုးမဖြတ်နိုင်သည့်နည်း ဖြစ်သည်ဟု ယူဆပါသဖြင့် နည်းကောင်းနည်းမှန်(ရှေးပညာရပ်များ) မပျောက်ပျက်စိမ့်သောငှာ ထိန်းသိမ်းသောအားဖြင့် **မှတ်တမ်းတင် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။**

---

ထုံးပြာလမ်းနှင့် ထွက်ရပ်စခန်း လုပ်ထုံး

---

ရေမွှက် မဖောက်ထုံးတစ်တုံးကို ရာထင်အိုး(ဇွဲအိုး)တွင်ထည့် ရေအပြည့်လောင်း၊ တစ်ညသိပ်ပြီး နောက်တစ်နေ့ တုတ်နှင့် မွှေ၊ နောက် ပြန်ငြိမ်အောင်ထား၊ ရေကြည်၍ အပေါ်ရေကြည် လာလျှင် အပေါ်ရေကြည်ကိုယူ၍ ဒယ်အိုးထဲထည့် ဆားချက်၊ ထိုရရှိသော ဆားကို **ဒန့်သလွန်မြစ်(၂၅)ကျပ်သား** ရေစင်ကြယ်စွာဆေး၍ (၃)ရက်စိမ်၊ တစ်ညရတိုင်း တစ်ခါနေလှန်း၊ တစ်ညစိမ် တစ်ခါနေလှန်း (၃)ရက် လုပ်ရမည်။

နောက် **သခွေါ်ဘိုမြစ်ရေနှင့်** (၃)ရက်စိမ်၊ အထက် နည်းအတိုင်း (၃)ရက်နေလှန်း၊

ခြောက်လျှင် လုံကြီးလုပ်၍ လုံမှာထည့်ပြီး လုံပိတ်၊ မီးပြင်းနှင့် နာနာထိုး၊ ထိုဆားသည် နက်၍ သေ၏။ ဖြူနေသေးလျှင် မီးပျော့၍ ဖြစ်သဖြင့် နက်သည်အထိ ပြန်ထိုး၊ နက်မှတန့်၊

ထို **"ဆားသေ"** နှင့် **သွပ်, ဂွတ်, ဘင်, နာ, ဓော်, သံ, ကိတ်, သုတ, ဒန်** ဓာတ်(၉)ပါး၌ ဒန်,ဂွတ်,သွပ် (၃)ကျပ်သားလျှင် (၃)မူးပစ်၊ ဘင်,နာ,ဓော်,သံ,ကိတ်, သုတ ယင်းဓာတ်(၆)ပါး၌ (၅)ကျပ်သားလျှင် (၃)မူးပစ်၊ ဓာတ်(၉)ပါး ပြာကျ၏။

ယင်းပြာ ထက်ရန်မှာ ဓော်စင်(၁)ကျပ်သား၊ ပြာ(၁) ကျပ်သား စပ်၍ လုံပိတ် မီးနာနာထိုး၊ ပြာနဆိုက်သည်။

ယင်း ပြာန(၆)ကျပ်သား,သုတစင်(၆)ကျပ်သား စရေ နယ်၊ လုံတွင်ထည့်၊ ဖွဲမီး(၇)ရက်ဆိုက်၊ ပြာန ဆိုက်ပြန်၏။ ယင်းပြာ နာခွက်(၅၀)တွင် (၆)ရွေးပစ်၊ ဓော်ပြန်၏။

ထိုပြာကို တစ်ရက်စားလျှင် ပိုးမျိုး(၈၀) ထွက်သည်။

(၆)ရက်စားလျှင် (၉၆)ပါးသော အနာရောဂါတို့မှ လွတ်၏။





စာမျက်နှာ (၁၇၅) သို့

www.burmeseclassic.com

# သတိုးသမီးရွေးနည်း

ဗုဒ္ဓဝင်ကို အခြေခံသော မြန်မာ့ရိုးရာဗေဒင်ဟောကိန်း ဖြစ်သည်။ မြတ်စွာဘုရားရှင်က သုဇာတာ သတို့သမီး ကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့သော **မိန်းမ (ဇနီးမယား) ခုနစ်မျိုး**ကို အခြေခံထားခြင်းဖြစ်သည်။




### တွက်ပုံ

အိမ်ထောင်ပြုမည့် အမျိုးသား၏ ရောက်ဆဲအသက် နှင့် မွေးနံဂြိုဟ်သက်ကိုပေါင်းကာ (၇)နှင့်စားရ၏။ အကြွင်းအရ ဟောကိန်းအဖြေညှိရန်ဖြစ်သည်။

**ဥပမာ။ ။ အသက်(၃၃)နှစ်ရှိ အင်္ဂါသားသည်** အိမ်ထောင်ပြုမည်ဆိုပါက...

**အသက်** ၃၃

**အင်္ဂါဂြိုဟ်သက်** ၈

၇ | ၄၁ | ၅

-၃၅

၆-ကြွင်း

လဒ်-၅၊ အကြွင်း-၆ ဖြစ်သည်။ ၆-ကြွင်းဟောကိန်း ကိုကြည့်ရန် ဖြစ်သည်။

### ၁-ကြွင်းဟောကိန်း

ရန်သူနှင့်တူသော မိန်းမဖြစ်သည်။ မူလက မည်သို့ပင် စရိုက်သဘောကောင်းသူ ဖြစ်ခဲ့သော်လည်း အိမ်ထောင် ကျပြီးနောက် ဆိုးသွမ်းသော အကျင့်စရိုက်များ ပြောင်း လဲ ဖြစ်ပေါ်မည်။

မူလက စရိုက်ကြမ်းခဲ့လျှင်ကား အိမ်ထောင်ကျပြီး နောက် သာ၍ပင် ဆိုးဝါးလိမ့်မည်။ ဤဇနီးမယားမျိုး သည် အမြဲတစေ မြည်တွန်တောက်တီးကာ အပြော အဆို စရိုက်ကြမ်းတမ်း ရိုင်းပြလိမ့်မည်။

ကျင့်ဝတ်နီတိတရား အလေးမထားသူဖြစ်သည်။ အကြင်နာခေါင်းပါး၍ ပြဿနာကို မီးခွက်ထွန်း၍ ရှာနေ တတ်သည်။ သားသမီးနှစ်ဦးရပြီးနောက်မှသာ အညံ့ ကင်း၍ စရိုက်ပြောင်းသွားတက်သည်။

### ၂-ကြွင်းဟောကိန်း

ခိုးသူနှင့်တူသော ဇနီးမယားဖြစ်သည်။ ငွေ... သုံးဖြုန်းမည်။ မာယာများသောစကား ဆို... လင်သားမသိအောင် အရာရာကို လျှို့ဝှက်လုပ်... တတ်သည်။ လင်၏ ငွေကြေးဥစ္စာများကို ခိုး... သူတစ်ပါးအား ပေးပစ်တတ်၏။

အိမ်ထောင်သက် (၃)လ၊ (၁၅)လ သို့မဟုတ် (...) ပြည့်ချိန်တွင်မှ အသိတရားမရ၊ စရိုက်ဆိုးမပြင်... ရာသက်ပန် ဆိုးသွမ်းမည့်ဇနီး ဖြစ်လိမ့်မည်။



### ၃-ကြွင်းဟောကိန်း

...သခင်နှင့်တူသောမယားဖြစ်မည်။ ပျင်းရိ၍ အတ္တကြီး ...မည်။ မိမိအား အလေးပေး ပြုစုယုယမှုကိုသာ တပ် ...မက်မောလေ့ရှိသည်။

...အိမ်တွင်ရေး ဆူပူနေအောင် ဖန်တီးတတ်သည်။ ...အရာရာဖြစ်ပျက်သမျှ ခင်ပွန်းသည်ကိုသာ အပြစ်ပုံချ ...လေ့ရှိသည်။

...သူယ်ရာတွင် လင်သားမကောင်းကြောင်း အတင်း ...ဖျင်းပြောဆိုတတ်၏။ သက်ဆုံးတိုင် စရိုက်ဆိုး မပြင် ...သူများ ဖြစ်တတ်သည်။

### ၄-ကြွင်းဟောကိန်း

...မိခင်နှင့်တူသော ဇနီးမယားဖြစ်မည်။ အလွန်ကြင် ...တတ်မည်။ ငွေကြေးဥစ္စာစနစ်တကျ စုဆောင်းလေ့ ...မည်။ ယုယမြတ်နိုးစွာ ဆက်ဆံတတ်၏။

...ခင်ပွန်းကို ပါရမီဖြည့်၍ ဖေးမကူညီပေးတတ်မည်။ ...ရာသက်ပန် မြဲမြံမည့် လက်တွဲဖော်ဖြစ်သည်။

### ၅-ကြွင်းဟောကိန်း

...နှမနှင့်တူသောမယားဖြစ်မည်။ ခင်ပွန်းအပေါ် ရိုသေ ...လေးစား၍ ရိုကျိုးစွာ ဆက်ဆံတတ်၏။ အိမ်ထောင် ထိန်းသိမ်းမှု ကျစ်လျစ်သေချာ၍ နောက်ပေးလိုသော ဇနီးမယား ဖြစ်တတ်၏။

### ၆-ကြွင်းဟောကိန်း

အဆွေခင်ပွန်းနှင့်တူသော မယားဖြစ်မည်။ ခင်ပွန်း နှင့် စိတ်တူကိုယ်တူ ဆိုးတိုင်ပင် ကောင်းတိုင်ပင် နေထိုင်တတ်၏။ မောင်တစ်ထမ်း မယ်တစ်ရွက် ဒိုးတူ ပေါင်ဖက် ကြိုးစားလုပ်ကိုင်နိုင်မည်။ အခက်အခဲကြုံ လျှင် အားကိုးအားထားပြုနိုင်သော ဇနီးကောင်းဖြစ်မည်။

### သုညကြွင်းဟောကိန်း

ကျွန်နှင့်တူသော ဇနီးမယားဖြစ်မည်။ ခင်ပွန်းသည် အား သခင်ပမာ ရိုသေကျိုးနွံစွာ ဆက်ဆံတတ်၏။ ခင်ပွန်း၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ကျေပွန် စွာ ဆောင်ရွက်ပေးတတ်မည်။

အနှံ့အတာခံကာ အောက်ကျို့သည်းခံတတ်သူဖြစ် မည်။ အိမ်မှုကိစ္စအဝဝ လုံခြုံကျေပွန်သောဇနီးဖြစ်မည်။

**[သွန်သင်ညွှန်ပြပေးတော်မူခဲ့သော ဆရာအရှင် ပညာဒီပ (ဘုရားကြီးကျောင်းတိုက်၊ ပေါင်မြို့)အား ဦးတင်လျက်...]**

**သုတေသီတစ်ဦး**

...မျက်နှာ (၁၇၃)မှ အဆက်

(...)ရက်စားလျှင် တစ်လသွား ...ဆီးကို နေ့ချင်း ရောက်၏။ ...စားရလျှင် အသားအရေ ...ရွှေအဆင်းကဲ့သို့ ရှိ၏။ ...ထန်း၏။ ဩဇာအာဏာ ...ဟတ်တို့ကို အစိုးရ၏။ ထမင်း ...ရေမသောက် နေနိုင်၏။ ...စားရလျှင် **"ပဉ္စမသိဒ္ဓိ"**ကို ...စားရလျှင် **"နာနာရုပ်"** ...နိုင်၏။ မှောင်စေ၊ လင်းစေ ...

...ပြာကို ပြာ(၁)ကျပ်သား၊ (...)ကျပ်သားနှင့် တစ်မီးနာနာ ...ကျပြန်၏။ ...ပြာကို သုတလေးတူတွဲ၊ ဖွဲမီး(၇)ရက်စိုက်၊ ပြာနုဆိုက်ပြန် သည်။ ယင်းပြာကို အခါလည် စားရလျှင် တစ်ကမ္ဘာနှင့် တစ်ကမ္ဘာ မိနိုင်သည်။ ဒန်ခဲ(၁၀၀)ကို ကွမ်းရိုး တစ်တို့ ပြီး၏။

တစ်ဖန် ယင်းပြာကို ပြာ(၁) ကျပ်သား၊ ရွှေစင်(၅) ကျပ်သားတွဲ၊ လုံပိတ်နာနာ မီးပြင်းထိုး၊ ရွှေပြာ ကျ၏။ ယင်းပြာကို သွပ်လေးတူတွဲ၊ ဖွဲမီး(၇)ရက်စိုက်၊ ပြာနု ဆိုက်ပြန်၏။ ယင်းပြာခဲ(၁၀၀)ကို ကွမ်းရိုးတစ်တို့ ဖြင့် **နာရထီ-နာရနက်** ဖြစ်သည်။

ယင်းပြာကို အခါလည် စားရလျှင် ဖြဟ္မာမင်းကဲ့သို့ အသက်ရှည်၍ ကိုယ်ရောင်ကိုယ်ဝါ တောက်ပ၏။

တစ်ဖန် ယင်းပြာကို တက်လို သော် ပြာ(၁)ကျပ်သား၊ သုတ (၄)ကျပ်သားတွဲ၊ ဖွဲတစ်တင်းနှင့် ဖုတ်၊ ပြာရ၏။ ယင်းပြာကို သုတ လေးတူတွဲ၊ ဖွဲမီး(၆)ရက်စိုက်၊ အဘိဉာဏ်တွဲ၏။ ယင်း အဘိ ဉာဏ်တွဲကို နောက်ထပ် ဖွဲမီး(၇) ရက် ထပ်စိုက်၊ ချာန်ထ၏။ ယင်း ချာန်ထပြဒါးကို ဝက်ဆီ၊ ထောပတ် ဆီ၊ နှမ်းဆီ (၃)ပါးပေါင်း၍ မီးပေါင်း (၅၀)သွန်၊ ရောင်ရှင်ထွက်၏။

ထိုဓာတ်လုံးကို ငုံသော် အလုံးစုံ သော သိဒ္ဓိအပေါင်းကိုရ၏။ နဝ... ပြည် (၆)ထပ်ကို ချိန်... ဘုံစဥ်အတိုင်း မြင်ရ၏။

**ပညာပြည့်ဝ နှလုံး...ပါစေ။**

**နေဝင်းနိ**

www.burmeseclassic.com

# ကျွဲနွား ကာလရောဂါ



(၅၅)ရာနှုန်းသော တောင်သူများအဖို့ ကျွဲနွားနဲ့ လုံးဝ မကင်းနိုင်ကြသေးပါ။ လေးရှုတဲ့ အသက်နဲ့ အကောင်တွေ ဆိုတော့ ရောဂါဘယဆိုတာ ရှောင်လွှဲလို့ မရပါဘူး။

နာတာရှည်ရောဂါကိုတော့ ဆရာဝန်တွေ၊ တိုင်းရင်းဆရာတွေနဲ့ မိရိုးဖလာနည်းတွေနဲ့ ကုသလေ့ ရှိကြပါတယ်။

တိုင်းရင်းနည်းထဲမှာမှ **"စတိ"နည်းဆိုတဲ့ ရိုးရာဓလေ့လေး**ကို ဖော်ထုတ်လိုက်ချင်ပါတယ်။

ကာလ၊ ဒေသ၊ ပယောဂနဲ့ လျော်စွာ **"ကာလရောဂါ"** ဖြစ်ပေါ်လေ့ ရှိပါတယ်။ ဥတုစပ်ကြား(အပူ၊ အအေးပြောင်း)အချိန်မှာ ဖြစ်ပွားတတ်ပါတယ်။

ထောင့်သန်းနဲ့ ဆင့်ပွားရောဂါများ ခွာနာ၊ လျှာနာများ ပေါ်တတ်တယ်။ အဲဒါလို မဖြစ်ပွားရလေအောင် ကာကွယ်ထားသင့်ပါတယ်။ "ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်" အဲဒီဆောင်ပုဒ်ရှိတယ်။

နော၊ ဒီလိုကာကွယ်ကြရာမှ မြန်မာ့ရိုးရာ ရှေးထုံးဓလေ့ဖြစ်တဲ့ စတိနည်း စီရင်ပုံ ကလေးတွေကို ပြောပြပါတော့မယ်။

၁။ **ပထမဆုံးနည်း**ကတော့ **"လှည်းနားစောင့်"** မြေမြှုပ်တဲ့ စတိနည်းပါ။ သိပြီးသားနေမှာပါ။


လှည်းနားစောင့် ဆိုတာ အများအားဖြင့် "ကျွဲ၊ နွားလှည်း"တွေမှာ ပါရတယ်။ **"ဘီး"ရဲ့အပြင်က "ငုတ်တိုင်ကလေး"ပါ။ ဘီးကျွတ်ထွက်မသွားအောင် ထိန်းထားတာပါ။**

သိပြီနော် လှည်းနားစောင့်။

အဲဒီလို လှည်းနားစောင့်ကလေးကို နွားတင်းကုပ် ခေါ် နွားခြံတဲ့ရဲ့ စနေထောင့်တိုင်၊ တိုင်ခြေအရင်းမှာ တူးပြီး မြှုပ်ထားရုံပါ။ လျှာရှည်တဲ့ မိကျောင်းမျိုးလို့ မစွပ်စွဲလိုက်ပါနဲ့ ... တိကျအောင် တင်ပြပါ့မယ်ခင်ဗျ။ လှည်းနားစောင့် ... တော့လဲ မရပါဘူးခင်ဗျ။ **လမ်းမှာ ပြုတ်ကျကျန်နေ ... လှည်းနားစောင့်ပါခင်ဗျ။**

အသစ်ပြုလုပ်တာ၊ လှည်းကနေ ဖြုတ်တာ၊ ... တစ်နေရာရာကရတာ မဟုတ်ပါဘူး ခင်ဗျာ၊ သိပြီ ...

* * *



၂။ ဒုတိယနည်းကတော့ **နွားရဲ့ ဦးချိုကို** ... **သုတ်ထားတာပါ။**

အပြာဆီဆိုတာက မဲနယ်လို့လဲ ခေါ်ကြပါ ... မရှိရင်လဲ ဆေးဆိုးဆိုင်က(အပြာရောင်)ဆေး ... တယ်။

အဲဒါ ကျုပ်တို့ဒေသ တောင်သူကြီးတွေရဲ့ ... ကာလရောဂါကာကွယ် စတိနည်းပဲ ဖြစ်ပါ ... နောက်လတွေမှာ ဆုံကြသေးတာပေါ့။

**ကျေးဇူးစကား ။ ။** နားလေးတတ်သူမို့ ... တွေ ရေးကာ ရေးကာနဲ့ စိတ်ရှည်ရှည် ... ကိုဘာဘာကို အထူးကျေးဇူးတင်ပါကြောင်း ...

ရတနာ ဆင်မင်း(တုံ့ရွာ၊ ဆားလင်းကြီး ...





ကော့သလိက်ဆရာတော်ကြီး၏ ဂူကျောင်းတံခါး မုခ်ဦးမှာ သီချင်းတဝင်နေပါသည်

# သက်တော်ရှည် ပဋ္ဌာန်းဆရာတော်ကြီးများ၏

ဘိုကာသန်း (မော်လမြိုင်)

## အစိပ္ပာယ်နက်နဲသော စကားတော်များ

သိမ်ရိုးချွဲတဲ့ရှင်မထီး ပြဒါးဖိုးဆွဲတဲ့ ဒီဘုန်းကြီး

...ရိုးချွဲတဲ့ ရှင်မထီး ပြဒါးဖိုးဆွဲတဲ့ ဒီဘုန်းကြီး
...မျက်စိ ဘုန်းကြီးလဲမျက်စိ
...ကြီးတဲ့ ရှင်မထီး မနီးသုခ ဝေးလေစွ
...ဘုန်းကြီး...
...မချုပ်သမျှ မရနိုင်ဘွန်
...ရှိ...
...နည်...

ကောင်းကင်က ရှင်အရပ် အသံဖြင့်ပေး
လေးလေးစားစား နားထွင်းတဲ့ရှင်မထီး
ချေးတွင်းထဲ တက်လုံးရောက်
ပေါက်မြောက်အောင်မြင်...
လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်းတဲ့
မရေနဲ့လေ...
ဘုန်းကြီးအကြောင်းပြောတာ...
လမှတန်းလဲ ရေးထားလေ

တရုတ်တန်းလဲ ရေးထား…
ရေးတာ မှားဘူး နှုတ်တစ်ရာ စာတစ်လုံးတဲ့
အမှတ်တရ ရေးပြီးပြီလား…
ကော့မှုပွန် ဖိမှုတ္တိလုပ်
မက်လေးတန် ဖိုလ်လေးတန်
သံဖိုဆွဲတဲ့ ရှင်မထီး
ပြဒါးဖိုဆွဲတဲ့ ဒီဘုန်းကြီးပေါ့…
ကော့မှုပွန် ဖိုသွားဆွဲ ရပြီလား
လက်ချားက ဒီလောက်
ကော့ပေါက်…
ကော့ပေါက်…
ကော့ပေါက်။

ဆရာတော်ကြီးနှုတ်က ထွက်ပေါ်လာတဲ့ စကားလုံး မှန်သမျှ မှတ်စုစာအုပ်ထဲ အကုန်ရေးထားတာ။

လာရောက်ဖူးမြော်သူ မှန်သမျှ တစ်ခါ မိတ်ဆက် ကန်တော့ပြီးရင် နောက် ဘယ်ချိန်လာလာ ဆရာတော် ကစပြီး နာမည်ခေါ်မယ်၊ နှုတ်ဆက်မယ်။

**ထူးတာက ဆရာတော်ပေးတဲ့ အေသ လုပ်ရတ် အမည်တွေကို ပိုင်ဆိုင်သွားသူတွေကတော့ တစ်ရုရ ထူးခြားသွားတတ်တယ်လေ။**

**"မုပွန်က မခင်ဝင်းပါ ဘုရား"**

နောက်နေ့ သွားဖူးရင် **"မုပွန်"**လို့ နှုတ်ဆက်တယ်။

'ပုပ္ပန်က သုံးယောက်၊ မြိတ်က တစ်ယောက်၊ ကော့မှုပွန်က တစ်ယောက်'

အများပရိသတ် ကြားလောက်ရုံလေး တိုးတိုးလေး ပြောနေလေရဲ့။

အများပရိသတ် ကြားလောက်ရုံဆိုလို့ အတော်ကျယ်တဲ့ အသံလို့ ခန့်မှန်းမိကြပေမယ်။ တကယ့် ဆရာတော်ရဲ့အသံကြီးက စပီကာ အသံချဲ့စက် မလိုတဲ့ အသံကြီးနဲ့ အမြဲ တရားဟောတတ်တယ်။

ကျွန်းမာရေးမှ ကောင်းရဲ့လား။ သက်တော်(၁၀၈)နှစ် ဆိုတော့ အိပ်ရာထဲ လဲနေမလားလို့ သံသယနဲ့ လာဖူး တွေ့တဲ့သူ ပါလာရင်တော့ ဆရာတော်ကြီးက သိနေ တယ်။

အဖူးရောက်သူရဲ့ စိတ်အကြံကို သိနှင့်သူပီပီ ကျယ်ကျယ်ကြီး ဟောပြောတော့တာပါပဲ။




ဟာသဉာဏ်လဲ ရှိတယ်။ ရောက်နှင့်နေတဲ့ ဒါယကာ ယောင်းတွေရဲ့နာမည်ကို တစ်ယောက်မကျန် ခေါ်… ချီးမြှောက်တော့တာပါပဲ။

'မိုညို၊ ဦးဉာဏ်လွင်၊ ဦးကောင်း၊ ယတင်လှ၊ ခေါ်နိုင်… ပေါ်လာ…လာ…လာ…လက်ဖက်ရည်ဆိုင်'

'၃၁–ဘုံ အထက်ဆုံးက **"ဘဝဂ်"**


ဘုန်းကြီးလူနာမည် **"အဝက်"**

ကော့လှာ(**မော်လမြိုင် နာမည်ကြီး ကော့လှာ ဆရာတော်**)က ပြောတယ်။ တယ်နပါလားတဲ့။ သူ… ကြားမှာ ကြောက်လို့ တိုးတိုးလေး ပြောတယ်။ "… ဥတ္တမ"တဲ့။ နာမည်ပေးသွားတယ်။

ခင်စိုး၊ အလှိုင်၊ မီးသွေးအတုံးကြီး ၃–အိတ်၊ အ… ၂–အိတ်၊ ခင်စောဝင်း အလှူထည့်သွားဦး'







◆ စာရေးသူ သိမ်းဆည်းမှတ်ထားသော
ကော့ပေါက်ဆရာတော်ကြီး၏ သင်္ကန်းတော်များ

ကော့လှာဘုန်းကြီးက စပ်စုတယ်။ ခြေထောက်နဲ့ …ကို ကိုင်ကြည့်သွားတယ်။ မနေ့က လာကန်တော့ …တယ်။ ငွေက သုံးသောင်း။

**ဖုံ ခုတ်ဖုံလန့်၊ အသက်ရှည်တဲ့ ပါရဂူ၊ ကျောင်းပါ …ထားလို့ မရတော့ဘူး။ တကယ့် ဖြစ်ရပ်ရှား လက်မှာ …တဲ့။ အဖွဲ့အစည်းရော ရုပ်ပုံရော စာထဲမှာ အောင် …လား။ နှုတ်စဉ်ဘာ့ရောင်ခြည် ထွက်တော့မယ်။ အသက်ရှည် … လက္ခဏာမှာပါတယ်။ (၁၀၂)နှစ်တုန်းက တစ်ခါ …ဖူးတယ်။ အခုတစ်ခါ (၅)နှစ်တစ်ခါ။**

…လာမယ့်တပို့တွဲဆို (၁၀၇)နှစ်။ ဘုရားကိုယ်တိုင် …သက်ရှည်ဆေး လာပေးသွားတယ်။ ဘုန်းကြီး …သက်(၉၅)နှစ်တုန်းက အင်မတန် ဆင်းရဲတယ်။

ဘုန်းကြီးတစ်ပါးတည်း ကျောင်းမှာ ထိုင်လို့တောင် …ဘူး။ ဖုန်ကြီးပဲ။ တင်မောင်ယု(ဆရာဝန်) အသိဆုံး။ …လားထိုင်စုတ်စုတ်နဲ့ မီးသွေးမှုန့်တွေ မည်းလို့။ …တဲ့ဆီ ဖင်တွန်းသွားတဲ့ လမ်းကလေးပဲ ကျောင်းပေါ် …ပြောင်နေတယ်။ လူတွေ မလာရဲဘူး။ ထမင်းရေဆမ်း …တယ်။

ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးနဲ့ လက်အုပ်ချီ…

'အရှင်ဘုရားရဲ့သာသနာကို အသက်နဲ့ကိုယ်ပါ လှူပြီး ထွန်းဆောင်ပါမယ်ဘုရား'

ဘုရားကို အပ်နှင်းလိုက်တယ်။

အဲဒီနေ့ပဲ တင်မောင်ယု(ဆရာဝန်)လာတယ်။ ငွေ (၁၀၀၀)ထုပ်၊ ဖယောင်းတိုင် တစ်ထုပ်နဲ့။

မဟာစည်ဒါယကာ ကားနဲ့ လာတယ်။ (၅၀၀)တန် (၂၀၀)ထုပ် ငွေတစ်သိန်း။ မိသိန်းက ရေတယ်။ အသစ် တွေ။ အတုလို့တောင် ထင်မိတယ်။ ငွေတစ်သိန်း တစ်ခါမှ မတွေ့ဖူးဘူး။

အဲဒါ ဘုရားရဲ့ အရှိန်အဝါ။ **ကံကုသိုလ် ဥစ္စာမရှ သေး နှောင့်နှေးဖျာပါ မရှိရာတဲ့။** အဲဒီကနေပြီး တိုးတက်လာတာပဲ။

ဘုရားအာရုံပြုကြ။ **"ပုတီးစိပ်"**(အပေါင်ကလှူ) မလျှော့နဲ့။ လုပ်သာလုပ်။ အကြားအမြင် မြင်ရမယ်။ ကိုယ့်မျက်စိမှာ မြင်ရမယ်။ တစ်နေ့တော့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲတာ အပြစ်မဟုတ်၊ ချမ်းသာတာ အပြစ်မဟုတ်။ အားလုံးရဲ့ခေါင်းကို ခတ်လုံးအိတ်နဲ့ထိပြီး သိဒ္ဓိတင်ပေးတယ်။

သိတော့လွယ်တယ်။ မသိတော့ ကျယ်တယ်။ တရားဟာ နာပြီးရင် ယူရမယ်။ စာလဲအံ အဓိပ္ပာယ်လဲကျန်။

စိတ်နှကိုယ်ပျို အသက်လဲရှည်တယ်။ ဘုန်းကြီးမောင်နှမ(၉)ယောက်၊ (၅)ယောက် သေသွားပြီ။ ဘုန်းကြီးတစ်ပါးပဲ ကျန်တယ်။ အသက်ရှည် ငွေပေးလို့မရဘူး။ အသက်လဲ ရှည်၊ ဘုန်းလဲကြီး။

ကြားလား... ဆရာမတွေ။ အဆောင်မှူး(ဆရာအံတတ်သင်ကျောင်း) စင်ကြယ်တဲ့ တရား၊ စင်ကြယ်တဲ့ စကား။

ခတ်မှန်လက္ခဏာ ယူသွားတယ်။ ဘာကြောင့် အသက်ရှည်လဲ။ ဆရာတော်ရုပ်ပုံ မြန်မာနိုင်ငံမှာ နှံ့သွားပြီ။ **(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက လက္ခဏာ၊ ခတ်ပုံများယူ၍ စာရေးသော နယ်လှည့်ဒယ်ဒီတာများ)**

"အသက်ရှည်တဲ့ ပါရှု
ဖွေ့မှုမဆန့်
ပုံနှံ့ထင်ပေါ်
ဟိုးဟိုးကျော်သော
ကော့ပေါက်ဆရာတော်"

ဟု လက်တန်းကဗျာ စပ်လိုက်သေးလိုက်တာကို ကြားသမျှ၊ မှတ်တမ်းရေးထားသမျှ ပြဒါးဝိဇ္ဇာ ဆရာတော်ကြီးရဲ့ စကားတော်များ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများကို ပြန်လည်ကာ အရှိအတိုင်း ရေးပြလိုက်ပါတယ်။

ရှင်အဇ္ဇဂေါဏ (ခေါ်) ရှင်မထီး၊ ရှင်အရဟံ၊ ကော့ပေါက်ဆရာတော်၊ ဝိဇ္ဇာဓိုရ်၊ ထွက်ရပ်ပေါက်ဇော်ဂျီ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ နက္ခတ်ဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ အထက်ဝိဇ္ဇာ သူတော်ကောင်းကြီးများ၏ အကျင့်လမ်းစဉ်တွေ လျှို့ဝှက်နက်နဲပြီး ပုထုဇဉ်လူတို့ သိရှိနားလည်ရန် ခက်လှပါတယ်။

ယခု စာရေးသူ ရေးပြတဲ့ ဆရာတော်ကြီးဟာ "ပြဒါးသေ တစ်ဆွေ့ဝ" လို့ နာမည်ကြီး သက်တော်ရှည် ကော့ပေါက်ဆရာတော် **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဦးဥတ္တမရဲ့** တရားဟောရင်း စကားပြောရင်း ပါသွားတဲ့ ထွက်ရပ်ပေါက် ကျင့်စဉ် ဖိုဆွဲခြင်း လုပ်ရပ် အချို့ကို မှတ်တမ်းပြုထားသမျှ ပြန်ရေးပြမှ တာဝန်ကျေမယ်လို့ ခံယူမိတာမို့ ပျံလွန်တော်မူတဲ့ (၁၀၈)နှစ်အထိ အနီးကပ်မှတ်တမ်းတချို့ဟာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအတွက် တစ်စုံတစ်ရာ အကျိုးရှိကောင်းမယ်လို့ ခံယူမိပါတယ်။

ဆရာတော်ကြီးရဲ့ မှတ်သားစရာ မှတ်တမ်းရေးမှတ်ထားတာ များလှပါတယ်။ အဆင်သင့်ရင် ရေးပါဦးမယ်။


**သီတာဆန်း(မော်လမြိုင်)**

စာမျက်နှာ (၁၈၂)မှ အဆက်

တနင်္လာ သိုက်ဖွားကို **တနင်္လာ အစ သောကြာအဆုံး** နာမည်ပေးထားလို့ **သိုက်+အထွန်း=ကျှ+ကျှ** နာမည်ကောင်းဖြစ်တယ်။ နာမက္ခရ တိုင်စဉ်လဲ မှန်တယ်။

ဒါပေမယ့် တနင်္လာနဲ့ သောကြာဟာ အတွင်းရန်ခတ်ဖြစ်လို့ ကျန်းမာရေးနဲ့ အိမ်ထောင်ရေးကို ဒုက္ခပေးနိုင်ပါတယ်။ ဒီနာမည်မှာ "**ကေ**" တစ်လုံးတည်းကိုသာ လက်မှတ်ရွေးထိုးသင့်တယ်။

* * *



▲ အောက်ခြေပြား တြိဂံပုံ ငွေအိတ်သဏ္ဌာန် တည့်တည့်လှလှဆွဲပါ။

▲ အညွှန့်နေရာမှာ ပွင့်ဖတ်(၅)ခုပါတဲ့ ပန်းပွင့်သဏ္ဌာန် ထည့်ပါ။ ... ကံကောင်းလာပါလိမ့်မယ်။

**(ဒီတစ်လ ဒီမျှနဲ့သာ ... နိုင်ကြပါစေ။)**

***အောင်မြင်ကျော်ကြား ... ကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးပြလက်မှတ်များအကြောင်း

ဆရာကြီး ဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



* * *



ယခုလအတွက် **နံပါတ်(၁)** ... ဖော်ပြပေးလိုက်တဲ့ ထိုးပြလက်မှတ်ပိုင်ရှင်က အသက်(၄၃)နှစ် ... အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

... မရဲ့ မွေးသက္ကရာဇ်က **မြန်မာ ... ၁၃၃၇ ခုနှစ်၊ နယုန်လဖွား၊ ... သောကြာသမီး** ဖြစ်ပါတယ်။

ထိုးပြလက်မှတ် ပုံသဏ္ဌာန် ... ကောင်းပါဘူး။ "**သန်းသန်းအေး**" ... နာမည်(၃)လုံးကို တွဲထိုးထားတယ်။ "**သ**" အက္ခရာပေါ်မှာ ... ထောင်လိုက်မျဉ်း ဖြတ် ... ခြင်း၊ "**နငယ်**" အမြီးရှည်လွန်း ... "**သန်း**" အပေါ်မှာ "၂" ... တင်ထားခြင်းတို့ဟာ ချွတ် ... ချက်များ ဖြစ်ပါတယ်။

... မူလမဟာဘုတ်ခွင်၊ နာမက္ခရ ... တိုင်စဉ်နဲ့ ဝဋ်အစဉ် ချကြည့်ရင် ... အတိုင်း တွေ့ရှိရပါတယ်။

*(နံပါတ်-၁)* ⟶

... သောကြာ အထွန်းဖွားဖြစ်သူကို **သောကြာအစ၊ တနင်္ဂနွေအဆုံး** နာမည်ပေးထားလို့ **အထွန်း+ပုတိ= ကျှ+အနိဋ္ဌ** ဖြစ်ပါတယ်။ နာမက္ခရ တိုင်စဉ် မှားနေတယ်။

လက်မှတ်ပုံသဏ္ဌာန် ချွတ်ယွင်းချက်ကြောင့် ခွဲစိတ်မှုတွေ ကြုံရတတ်တယ်။ "**သန်း**"အပေါ်မှာ "၂"ဂဏန်းတင်ထားလို့ အိမ်ထောင်ရေးမှာ စိတ်မချရဘူး။ "**နငယ်**"**အမြီးရှည်လို့** ငွေထွက်များတတ်တယ်။

နာမည်ပေး ချွတ်ယွင်းချက်ကြောင့် ဘဝမှာ အိမ်မမြဲ ဖြစ်တတ်တယ်။ စိတ်အပြောင်းအလဲ မြန်မယ်။ နာမည်ပျက် ဂုဏ်သိက္ခာ ထိခိုက်တဲ့ အမှုပြဿနာမျိုးတွေ ရင်ဆိုင်ကြုံတွေ့ရတတ်တယ်။


ဒါကြောင့် လူအများခေါ်တဲ့ နာမည်ကို "**သန်းသန်း**" နှလုံးတွဲပဲ ခေါ်သင့်တယ်။ လက်မှတ်ထိုးတဲ့အခါ "**သန်း**"တစ်လုံးတည်းသာ ထိုးသင့်ပါတယ်။

* * *



▲ ငွေအိတ်သဏ္ဌာန် တည့်တည့်လှလှဆွဲပါ။


▲ လက်မှတ်ရဲ့ အညွှန့်နေရာမှာ ပွင့်ဖတ်(၆)ခုပါတဲ့ ပန်းပွင့်သဏ္ဌာန် ထည့်ပါ။ လက်မှတ်အောက်က မျဉ်းမသားသင့်ပါဘူး။






www.burmeseclassic.com

၂။ * * *



**နံပါတ်(၂)နေရာမှာ** ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ အသက်(၄၀)ဝန်းကျင်ရှိ **"ဦးအေးလွင်"** ဆိုတဲ့ အမျိုးသားတစ်ဦး ဖြစ်ပါတယ်။

မြန်မာလို **မွေးသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ တော်သလင်းလ မွေးတဲ့ တနင်္ဂနွေသား** ဖြစ်ကြောင်း သိရပါတယ်။

မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * **[နံပါတ်-၂]**

နံပါတ်-၂

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

(မူလမဟာဘုတ်ခွင်)

| | |
|---|---|
| | ၂ |
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ |

(နာမက္ခရတိုင်စဉ်)

တနင်္ဂနွေသား ရာဇဖွားကို **တနင်္ဂနွေအစ ဗုဒ္ဓဟူးအဆုံး။ ရာဇ+ပုတိ=ဗုဒ္ဓ+အင်္ဂါ** နာမည်ပေး မကောင်းပါဘူး။ နာမက္ခရတိုင်စဉ်လဲ မှားနေပါတယ်။

ထိုးမြဲလက်မှတ်က နာမည်နောက်ဆုံး **"လွင်"** ကို အင်္ဂလိပ်အက္ခရာစာလုံးနဲ့ လက်မှတ်ထိုးထားတယ်။ နောက်လန်နေတဲ့ လက်မှတ်မျိုးပါ။ ကြိုးစားသလောက် ခရီးမရောက်ဘဲ ဖြစ်တတ်တယ်။

လက်မှတ်မှာ ပါဝင်တဲ့ စာလုံးတွေ တစ်ခုနဲ့တစ်ခု ခြားနေလို့ မိသားစုနဲ့ ခွဲပြီး မကြာခဏ ခရီးသွားရတဲ့ အလုပ်မျိုး လုပ်ကိုင်ရတတ်တယ်။

ဒီနာမည်မျိုးမှာ ရာဇဌာနက နာမည်အစ စာလုံး **"အေး"** ကို လက်မှတ်ရွေးထိုးထားတာ ပိုကောင်းမယ်။

* * *



▲ အောက်ခြေပြား၊ ငွေအိတ်သဏ္ဌာန်တတည့်တည့်လုလု ကြိုက်ပုံ ထိုးသင့်တယ်။ ဒါမှ တည်မြဲနိုင်မြဲ တိုးတက်မှုကို ရရှိမယ်။

၃။ * * *



ယခု **နံပါတ်(၃)နေရာမှာ** ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က **အသက်(၂၈)အရွယ်** ရှိ **"မကေသီ"** ဆိုတဲ့ အမျိုးသမီးငယ် ဖြစ်ပါတယ်။

ထိုးမြဲလက်မှတ် ပုံသဏ္ဌာန်က အပေါ်ဘက်မှာလဲ မျဉ်းပြိုင်တွေ ရှိသလို အောက်ဘက်မှာလဲ မျဉ်းပြိုင် ရှိတယ်။ **"ကေသီ"** ဆိုတဲ့ နာမည် နှစ်လုံးတွဲကို လက်မှတ်ထိုးတာပါ။

အချစ်ရေး အိမ်ထောင်ရေး ရော အလုပ်အကိုင်မှာပါ အယှဉ် အပြိုင်တွေများပြီး စိတ်ညစ်ရတတ်တယ်။

မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရမယ်။

* * **[နံပါတ်-၃]**

နံပါတ်-၃

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(မူလမဟာဘုတ်ခွင်)

| | |
|---|---|
| | ၆ |
| ၅ | ၄ |
| ၃ | ၂ |
| ၁ | ၀ |

(နာမက္ခရတိုင်စဉ်)



စာမျက်နှာ (၁၈၀)

# သွေးတိုးရောဂါအတွက်

## ဆေးကောင်းတစ်လက်

ကော့မှူး စိန်လှ



သွေးတိုးရောဂါကို သိပ္ပံဆေးပညာရှင် ဆရာဝန်များက (Silent Killer)အသံတိတ် လူသတ်သမားဟု တင်စား ပြောဆိုကြသည်။

သွေးတိုးရောဂါဖြစ်လာပြီး မတည့်သောအစားအစာများ စားလိုက်၊ သွေးတိုးကျဆေးသောက်လိုက်နှင့် သွေးတိုးရောဂါတွင် သံသရာလည်နေတတ်ပါသည်။

သွေးတိုးရောဂါမှတစ်ဆင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ၊ ဦးနှောက်သွေးကြောပြတ်ရောဂါများ နောက်ဆက်တွဲ ခံစားလာရတတ်ပါသည်။

သွေးတိုးကျဆေးနှင့် ဆေးမျိုးစုံအား မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ထုတ်လုပ်ရောင်းချလျက်ရှိရာ သက်သာပျောက်ကင်းသူများရှိသကဲ့သို့ မပျောက်ကင်းသူများလည်း ရှိနေပါသည်။

အချို့သွေးတိုးရောဂါရှင်များမှာ အစားအသောက် ဆင်ခြင်မှု မဆင်ခြင်၍ ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်သူများရှိသကဲ့သို့ အသက်ဆုံးရှုံးသူများလည်း ရှိပါသည်။

စာရေးသူအနေနှင့် တိုင်းရင်းဆေးဆရာတစ်ဦး ဖြစ်သကဲ့သို့ သက်ကြီးဝါကြီး တိုင်းရင်းဆေးသမားတော်များထံတွင် နှစ်ပေါင်းများစွာ နည်းနာခံ၍ လေ့လာခဲ့သောကာ ရောဂါအမျိုးမျိုး ကုသလျက်ရှိပါသည်။

စာရေးသူထံ ရောက်ရှိလာသော သွေးတိုးရောဂါရှင်များအား မြန်မာ့တိုင်းရင်းဆေးနှင့် ကုသပေးလျက်ရှိရာ အပေါ်သွေးအောက်သွေး (၁၂၀)နှင့် (၈၀)ထက်မပိုဘဲ ပုံမှန် ထိန်းထားနိုင်ပါသည်။

စာရေးသူ ကုသလျက်ရှိသည့် သွေးတိုးကျဆေးမှာ ဆေးဆိုင်များတွင် အလွယ်အကူ ဝယ်ယူရရှိနိုင်ကာ အလွယ်တကူသော သစ်ဥသစ်ဖုများသာ ဖြစ်ပါသည်။ သွေးတိုးရောဂါအပြင် သွေးချို၊ ဆီးချိုရောဂါကိုပင် ထိန်းထားနိုင်သည့် ဆေးကောင်းတစ်လက် ဖြစ်ပါသည်။

မြန်မာပြည်တစ်ဝန်း နေထိုင်ကြသူအားလုံး သွေးတိုးရောဂါရှိသူများ သက်တမ်းစေ့နေနိုင်ကြစေရန် ပညာကို သေရွာသို့ယူမသွားဘဲ ဆရာစားမချန် တင်ပြမှာဖြစ်ပါသည်။

သို့သော် တစ်ခုပြောချင်ပါသည်။ အချို့ဆေးကြော်ငြာများတွင် ကြော်ငြာထားသကဲ့သို့ ဘာလေးစားစား ဒီဆေးတော့သောက်ထားဟု မပြောချင်ပါ။

သွေးတိုးရောဂါရှင်များအနေနှင့် အဆီ၊ အဆိမ့်၊ အငန်၊ ချွဲစေးစာ၊ ပိတ်ပွဲ့စာများ၊ ဆီး,ဝမ်း,သွေး,လေချုပ်စာများ လွန်ကျူးစွာစားသောက်ခြင်းအား သတိထား ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

ထာဝစဉ်ကျန်းမာလိုသူတိုင်း ရသာ(၆)ပါး မျှတစွာ စားသောက်ရပါမည်။

စာရေးသူတင်ပြမည့် သွေးတိုးကျဆေးအား သွေးတိုးရောဂါရှင်များ ပုံမှန်သုံးစွဲလျှင် သွေးတိုးရောဂါ သက်သာပျောက်ကင်းပြီး နောက်ဆက်တွဲရောဂါများ ကင်းစင်လျက် သက်တမ်းစေ့ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားနိုင်မှာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### သွေးတိုးကျဆေး

| | | |
|---|---|---|
| ၁။ ဆင်ဟုံးမနွယ် | — | ၁ ကျပ်သား |
| ၂။ ရှမ်းဆေးခါး | — | ၁ ကျပ်သား |
| ၃။ ဘုမ္မရာဇာ | — | ၁ ကျပ်သား |
| ၄။ ဆေးပုလဲ | — | ၁ ကျပ်သား |
| ၅။ ကန့်ပလူ | — | ၈ ပဲသား |
| ၆။ တရုတ်စံကားပွင့်ခြောက် | — | ၈ ပဲသား |

**ဆေး(၆)မျိုး၊ ဆေးချိန်(၅)ကျပ်သား** ဖြစ်ပါသည်။

အထက်ပါဆေးဖက်များအား အမှုန့်ကြိတ်ပြီး သမအောင်ရောစပ်၍ လေလုံဖန်ပုလင်းနှင့်ထားပါ။ **(အထက်ပါဆေးများအား ပရဆေးဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။)**

သွေးတိုးရောဂါရှင်များအနေနှင့် တစ်ကြိမ်သောက်လျှင် ဆေးလက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့(၂)ကြိမ် ရေနွေး (သို့မဟုတ်) ရေးအေးနှင့် သောက်နိုင်ပါသည်။ ဆေး ထွက်ဆိုးကျိုး လုံးဝမရှိပါ။

အထက်ပါသွေးတိုးကျဆေးအား သုံးစွဲခြင်းအား သွေးတိုးခြင်း၊ သွေးတက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ နောက်ကြောတက်ခြင်း၊ ခေါင်းအုံခေါင်းကိုက်မူးဝေခြင်း ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်းတို့ကို သက်သာပျောက်ကင်းနိုင်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်း သွေးတိုးရောဂါရှင်များ သက် တမ်းစေ့ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ကြစေ စာရေးသူကသလျက်ရှိသည့် သမားကိုင်ဆေးအား သ စားမချန်ဘဲ ရေးသားတင်ပြလိုက်ရပါသည်။

**ကော့မှူး စိန်လှ**

## ၂၀၁၈ ခုနှစ်၊ ဇွန်လမှာ



## ထိုးလိုက ရွေးချယ်ပါ ကျံဂဏန်း

၂၀၁၈ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| **အကြိမ်** | | ၁၅ |
| **ဇွန်လ** | + | ၆ |
| **ခုနှစ်** | | ၂၀၁၈ |
| | | ၂၀၃၉ = ၁၄ = ၅ |

**အကြိမ်,လ,ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက "**၅**" ဂဏန်းရသည်။ သို့ဖြစ်၍ **၁,၂,၃,၄,၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**၁,၂,၃,၄** ကို ထိပ်ဆုံးဂဏန်းများအဖြစ် ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၂...၁ | ၃...၁ | ၄...၁ |
| ၁...၂ | ၂...၂ | ၃...၂ | ၄...၂ |
| ၁...၃ | ၂...၃ | ၃...၃ | ၄...၃ |
| ၁...၄ | ၂...၄ | ၃...၄ | ၄...၄ |
| ၁...၀ | ၂...၀ | ၃...၀ | ၄...၀ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၁,၂,၃,၄** ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်း မပါဘဲ "**လ**" ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၆ + ၂ + ၀ + ၁ + ၈)=၁၇=၈ ရသည်။ သို့ဖြစ်၍ "**၈**"ဂဏန်းကိုလည်း ပစ်ပယ်၍ မဖြစ်ပါ။

**စ... ဆုံး**

၁... ၁၊ ၂၊ ၃၊ ၈၊ ၄၊ ၀
၂... ၂၊ ၃၊ ၈၊ ၄၊ ၀၊ ၁
၃... ၃၊ ၈၊ ၄၊ ၀၊ ၁၊ ၂
၄... ၄၊ ၀၊ ၁၊ ၂၊ ၃၊ ၈

ဤလတွင် "**ကြာသပတေး**" နှင့် "**ဗုဒ္ဓဟူး**"**သားသမီး**များ ထီကံပွင့်နေပါသည်။

မိမိတို့ဒေသရှိ ရှေးဟောင်းစေတီတော် တစ်ဆူဆူတွင် "၅"ရက်တိတိ ရင်ပြင်တော်ပေါ်တွင် သန့်ရှင်းရေး ပြုလုပ်ပေးပြီး မိမိ၏ မွေးနံအရပ်ထောင့်တွင်ရှိ ဘုရားအား ရေသပ္ပါယ်ပြီးနောက် "ဒိဝါပတိ"အစချီ ဂါထာတော်ကို သက်စေ့ရွတ်ပွား ပူဇော်ပေးပါ။ အဓိဋ္ဌာန်ဝင်ပါ။



ဤအဓိဋ္ဌာန်အောင်မြင်ပြီး ရှိ စာသင်တိုက် ဘုန်းတော်ကြီး သို့ ဆန်,ဆီ,ဆား,ဆေးဝါး လှူဒါန်းပေးရန် ဖြစ်ပါသည်။ နှစ်သက်ရာဆိုင်တွင် ထီကံစ သည်။

အထူးဂဏန်း

✦၁၂၅၈၄၃ ✦၅၂၁၁၈၉ ✦၉...

*ထီကံ ပွင့်ပါစေ*

**ဆရာရဲထက်(သုတေ...)**



# အသာကို အားထား

**အသုဘကို ပွားများ**

**အုံကြွယ်**



နေပူပူနှင့် လေပူပူက ဘဝဆူ အောင် လှောင်နေရော့ထင့်။ အညာ ...သား "**ဦးထွန်းလင်းရွှေ**"နှင့် ...တိုင်းရင်းသား "**ဦးမဲကြီး**"တို့ ... မြို့နှင့် (၄)မိုင်ခန့်ဝေးသည့် ...နှင့်ကရင် တိုင်းရင်းသားများ ...ကြည်မပျက် ပေါင်းဖက်နေထိုင် ... "**နန်းကစ်ရွာ**"လေးသို့ ခြေကျင် ...နှင့်လာခဲ့ကြခြင်းဖြစ်သည်။

နန်းကစ်ရွာ **ဓမ္မရံသီ** ...ကျောင်း **ဆရာတော်** "...မမွာစာရ"၏ ...ကြားချက်အရ ...ကျောင်းပရိဝုဏ် ...ပွင်း တည်ထား ...ခဲ့သည့် "**အမတာစေတီ ...တော်တင်နှင့် စုပေါင်းရှင်ပြု ...မဲ ရေစက်ချပွဲများ**". ကျင်းပ ...အတွက် ဆွေးနွေးညှိနှိုင်းရန် ...ကြားခဲ့သဖြင့် ယခုလို နေပူပူ ...ပန်းလျှောက်ကာအရောက် ...ကြခြင်းပင်။

...ဆောင်းမြို့နှင့် **နန်းကစ်ရွာ** ...မှာ ပင်လယ်ရေ မျက်နှာပြင် ... ပေ(၅၀၀)ခန့်သာ အမြင့် ...၊ သံလွင်မြစ်ကြီးနှင့် ဘေး ပတ်လည် တောင်တန်းများ ကာရံထားသဖြင့် ယခုလို နွေဦးကာလတွင် အပူဒဏ်ကို မြင့်မားစွာ ခံစားကြရသည်။

နှစ်ဦးသား ဖားဆောင်းမြို့မှ နံနက်(၇)နာရီကျော်ခန့်တွင် ထွက်လာကြရာ နန်းကစ်ရွာ ဘုန်းတော်ကြီး ကျောင်းရောက်တော့ (၈)နာရီ ခွဲနေပေပြီ။

အမောပြေ နေပူခံ အခါးရည် (ရေနွေးကြမ်း)သောက်၊ ပဲကြီးလှော် ဝါးကာ...ရှာမီရှာဖ ဂေါပကအဖွဲ့များ စုံပြီဖြစ်၍ (၉)နာရီတွင် ဆွေးနွေး ညှိနှိုင်းပွဲ စ,ခဲ့ကြသည်။

ဘုရားထီးတင်ပွဲ၊ ရဟန်းခံရှင်ပြု အလှူပွဲ ကျင်းပရန် ...၏ အချိန် နာရီ သတ်မှတ်ကြ ...ညှိခံကျွေးမွေး ရေး အစီအစဉ်များ ရေးဆွဲကြရာ





www.burmeseclassic.com

www.burmeseclassic.com

(၁၁)နာရီတွင် ညှိနှိုင်းဆွေးနွေးမှုများ ပြီးစီးခဲ့သည်။

ဆရာတော်အား နေ့ဆွမ်းကပ်လှူကြပြီး... ဆွမ်းကျန်ကွမ်းကျန် ဆီဦးထောပတ်ပါမကျန် ရောသမမွှေကာ ဦးမဲကြီးတို့နှစ်ဦး ခေါင်းမဖော်စတမ်း လွေးခဲ့ကြသည်။

ထမင်းစားပြီးနောက် ရွာမှ လူကြီးများ အသီးသီး ပြန်သွားကြသဖြင့် နေစောင်းမှ ဖားဆောင်းကို ပြန်ကြမည့် ပုဂ္ဂိုလ်ကြီးနှစ်ဦးသာ ဆရာတော်အပါးတွင် ကျန်ပါတော့သည်။

အခွင့်ကောင်းတော့ တန်လေပြီ။ သူတို့ရင်ထဲမှာ မရှင်းသည့် ပဟေဠိကို အဖြေသိရန် မေးရချေတော့မည်ဟူသော အသိက နှစ်ဦးသားကို တက်ကြွစေခဲ့သည်။

'ဆရာတော်ဘုရား... အခုနေ လူရှင်းတုန်း တပည့်တော်တို့ သိလိုသည်များကို ရှင်းလင်းမိန့်ကြားနိုင်ဖို့ မေးလျှောက်ခွင့်ပြုပါ ဘုရား'

'ဘာတွေမေးမှာတုန်း ဒကာမဲကြီးရေ... ဦးပဥ္စင်းသိတာ ဆိုရင်တော့ ဖြေမှာပ။ ကဲ...မေးစရာကို လျှောက်စမ်းပါဦးလေ'

'ဒီလိုပါဘုရား... တပည့်တော်တို့နဲ့ ညီရင်းအစ်ကိုလိုနေတဲ့ စာပေဝါသနာရှင်တစ်ဦးက သူ ဖားဆောင်းကနေ ပြန်မယ့်နေ့ ကားပေါ်တက်ခါနီးမှာ တပည့်တော်တို့ကို စာလက်ာလေးရေးပြီး စာလေးတစ်စောင် ပေးသွားပါတယ် ဘုရား...

ဒီအထဲမှာက လက်ာလေးသာမကဘဲ ဆုံးမစာလိုလို၊ လမ်းညွှန်ချက်လိုလို စာတိုလေးလဲ ပါတယ်ဘုရား။ အဲဒီ သူ့စာကို ဖတ်ပြီးတပည့်တော်တို့အတွက် ပဟေဠိဖြစ်နေရပါတယ်ဘုရား။ အဲဒါလေးက ဘာဆိုလိုတာလဲဆိုတဲ့ အဖြေကို သိချင်တာကြောင့် မေးမြန်းလျှောက်ထားတာပါ ဘုရား'

'ဟုတ်လား ဒကာကြီးရဲ့...ဒါဆိုရင် ရေးထားတဲ့စာလေးကို ပြစမ်းပါဦးဗျ။ ဦးပဥ္စင်းပါ ဖတ်ကြည့်ရင်း အဖြေရှာကြတာပေါ့နော်'

ဦးမဲကြီးက သူ့အင်္ကျီအိတ်ကပ်ထဲမှ ခေါက်လျက်သား စာရွက်လေးကို ဆရာတော်ထံ တရိုတသေ ကပ်ပေးခဲ့သည်။ စာထဲမှာတော့...

⚙အသားမည်းလည်း၊
အသည်းမမာပါ။
လူပုံမှာထ၊
နှလုံးလှသူ၊
ခေါ်တွင်ကြ နာမ"ကာလီဂမ်"။
⚙အသက်ပါစဉ်၊ တွက်စစ်ပြန်လျှင်၊
ဆယ်တန်ခြောက်ခါ၊ ရောက်ပါလေပြီ။
မနာရုပ်သေ၊ သာရေးနာရေး ရပ်ရေးမကျန်၊
မြေလှန်ဆောင်ရွက်၊ များကျိုးတွက်သား၊
ဘာမှမယူ၊ ဂုဏ်မယူ၊ မျက်မှန်ပင် ထူခဲ့သေး၊
ခေါ်ကြသူမှ၊ ထိုလူ့အမည်ဆန်း၊
"ဒီပခမ်း"ဟု မည်သည်သာ။
⚙ပုဂ္ဂိုလ်ကြီးတို့ ဘဝခရီးမှာ
အဘကိုသာ အားထားပါ။

ဆရာတော်မှာ စာတိုလေးကို ဖတ်ကြည့်လျက် အဖြေရှာနေမိသည်။

'အေးဗျ...စာတိုလေးက သုံးပိုဒ်ခွဲထားတာပဲ၊ ပဟေဠိလိုပဲနော်။ နေပါဦး...ဦးပဥ္စင်း တွေးကြည့်တော့ အပေါ်လက်ာလေးနှစ်ပုဒ်က လူ ပုဂ္ဂိုလ်အမည်ကို ရေးထားတာ ဖြစ်မှာပဲဗျ။

အင်း...ဦးမဲကြီးက ဘာတိုင်းရင်းသားမျိုးနွယ်လဲဗျ။ နာမည်ရင်းများ ရှိသေးလား။ ပြောပြပါဦး'

'တပည့်တော်က ကချင်တိုင်းရင်းသားပါ။ အမည်ရင်းက "မရစ်ဂမ်"ပါ ဘုရား။ တပည့်တော်ရဲ့ အသားအရောင်က ညိုတာထက် နည်းနည်းပိုဘာမို့ အရပ်ထဲက လူတွေက ချစ်စနိုးနဲ့ "ကိုမဲကြီး"လို့ ခေါ်[...]ရင်း မူလအမည်ရင်း ပျောက်[...] နာမည်ပြောင်ကိုပဲ အခုလို လူ[...] များပြီး ခေါ်နေကြတာပါ ဘုရား'

'ဒါဆို ဟုတ်ပြီ၊ ဒီစာလေး[...] ပထမလက်ာလေးမှာ ဒကာကြီး[...] နာမည်ရင်း "ဂမ်"ဆိုတာကို တွေ့[...]တော့ ဒကာကြီးကို ရည်ညွှန်း[...] တာပဲလေ'

'မှန်ပါ့ "ဂမ်"ဆိုတာက တပည့်တော်[...] ကချင်တိုင်းရင်းသား မျိုးနွယ်မှာ [...] ဆုံးသားလို့ မှည့်ခေါ်လေ့ ရှိပါတယ် [...] တပည့်တော်က မွေးချင်း[...] မောင်နှမ(၇)ဦးမှာ အကြီးဆုံးလ[...] လဲဖြစ်တာမို့ အမည်ရဲ့ နောက်[...] "ဂမ်"ကို ထည့်မှည့်ထားတာပါ [...]

'ဟား...ဟား...ဟား... ဟု[...] ပြီဗျာ၊ ပထမလက်ာတို[...] ဦးမဲကြီးကို ညွှန်းထားတာ[...] ကချင်ကို ပေါင်းထားတာလေ'

ဆရာတော်လေးက သဘော[...] စွာ ရယ်မောရင်း ပြောလိုက်[...] ဦးမဲကြီးက...

'ရှင်းပြပါဦး ဘုရား'

ဟု လျှောက်ထားလိုက်[...]

'ဒီလိုဗျ...ပါဠိလို "ကာလီ"[...] တာက "အသားမည်းတဲ့လူ"[...] အဓိပ္ပာယ်ရတယ်။ တစ်ခါ [...]





[...]ကားအရ ဒကာကြီး ပြောသလို "ဂမ်"ဆိုတာ "အကြီးဆုံးသား" [...] ဆိုတော့ "ကာလီဂမ်"ဆိုတာ "အသားမည်းတဲ့ အကြီးဆုံးသား" [...]စ်နည်းအားဖြင့် "လူမည်းကြီး" "ကိုမဲကြီး"လို့ အဓိပ္ပာယ်ရတာ [...]ပဲဗျာ။ ဟား...ဟား...ဟား'

ဆရာတော်က ရှင်းပြတော့ နှစ်ဦး[...] အားရပါးရ ရယ်မောကြသည်။

'ကာလီဂမ်ဆိုတာတော့ ရှင်းပါပြီ [...]ဘုရား။ "ဒီပခမ်း" ဆိုတာကရော [...]ယ်လိုများ အဓိပ္ပာယ်ရှိတယ် [...]တာလဲ ရှင်းပြပါဦးဘုရား'

ဦးမဲကြီးက ရှိသေစွာ လျှောက် [...]မြန်းသည်။ ဆရာတော်က [...]ရွက်လေးကို ပြန်ကြည့်လျက် [...]တာ စဉ်းစားပြီး ပြုံးတော်မူ [...]ကာ...'

'[...]ကမ်မှန်အထူကြီးနဲ့ ဦးထွန်းလင်း [...]ကင်များကို ညွှန်းထားတာပဲဗျ။ [...]ကအရွယ်ကို မမှုဘဲ ရပ်ရေးရွာ[...] ဆောင်ရွက်နေကြောင်း ဖော်ပြ[...] အမည်ရင်းကို ပါဠိနဲ့ ဦးပဥ္စင်းတို့ [...]ိုင်းရင်းသား အခေါ်အဝေါ်တို့ [...]ရောပြီး ခေါ်ထားတာပဲဗျ'

[...] ဆိုတော့ ဦးထွန်းလင်းရွှေ [...]

'[...]လက် ရှင်းပြ အမိန့်ရှိပါဦး [...]'

[...] လျှောက်ထားခဲ့သည်။

'[...]လေ ပါဠိလို "ဒီပ"ဆိုတာ [...]ပြန်တော့ "ထွန်းလင်း [...]ပခြင်း"လို့ အဓိပ္ပာယ်ရ[...] "ခမ်း"ဆိုတာကတော့ ရှမ်း[...] မြန်မာလို "ရွှေ"လို့



ဆိုတာပေါ့ဗျာ။

ဒီတော့ "ဒီပခမ်း"ဆိုတာ "ထွန်းလင်းတောက်ပသည့် ရွှေ" အတိုချုံးရင်တော့ "ထွန်းလင်းတဲ့ ရွှေ" "ဦးထွန်းလင်းရွှေ"ပေါ့နော်။ ဒကာကြီးတို့ရဲ့ မိတ်ဆွေက ချစ်စနိုးနဲ့ နောက်ပြောင်ခေါ်ဝေါ် ရေးသွားတာပါပဲဗျာ'

'ရှင်းပါပြီ ဘုရား။ အတော်နောက်တဲ့လူပဲ၊ တပည့်တော်တို့က ဘာကို ဆိုလိုမှန်း မသိကြတော့ အများကြီး စဉ်းစားခဲ့ကြတာ ဘုရား။ ဆရာတော် အမိန့်ရှိမှပဲ ရင်ထဲ ရှင်းသွားရပါတယ် ဘုရား။

ဒါပေမယ့် တစ်ခု ကျန်သေးတယ် ဘုရား။ "အဘကိုသာ အားထားပါ"ဆိုတာကရော ဘယ်သူ့ကို ညွှန်းတယ်ဆိုတာ ရှင်းပြပါဦးဘုရား'

ဟု လျှောက်ထားခဲ့ကြသည်။

ဆရာတော်က ခေတ္တမျှ စဉ်းစားရင်း...

'ဒါကတော့ ပဟေဠိပဲ၊ ရည်ညွှန်းထားတာကတော့ "ပုဂ္ဂိုလ်ကြီးတို့ ဘဝခရီးမှာ"လို့ ဆိုထားတဲ့အတွက် ဒကာကြီးတို့ကို ညွှန်းထားတာပဲလေ'

'တင်ပ့ါ ဘုရား၊ တပည့်တော်က စစ်မှုထမ်းဟောင်း ဖြစ်ပေမယ့် မှန်တာကို ပြောတတ်လွန်းလို့ လူတွေက သိပ်မကြိုက်ကြဘူးဘုရား။ အဘလို့ခေါ်ပြီး အားကိုးလောက်တဲ့ သူတွေလဲ မရှိပါဘူး ဘုရား'

ဦးမဲကြီးက ပြောကြားလျှောက်ထားခဲ့သလို ဦးထွန်းလင်းရွှေကလည်း...

'တပည့်တော်လဲ ပညာရေးဝန်ထမ်း အငြိမ်းစားကျောင်းအုပ်မို့ တပည့်တွေပဲ ရှိပါတယ် ဘုရား။ တပည့်တော်ရဲ့ အသက်အရွယ်နဲ့ "အဘ"လို့ခေါ်ပြီး အားကိုးရမယ့် ပုဂ္ဂိုလ်တွေလဲ မရှိပါဘူးဘုရား'

ဟု ဆိုပြန်တော့ ဆရာတော် စဉ်းစားရ ကျပ်သွားခဲ့သည်။ အတန်ကြာမှ...

'နေပါဦး...ဒကာတို့မိတ်ဆွေက ဘယ်ဘာသာ ကိုးကွယ်တာလဲ၊ ဘုရား၊ တရား၊ သံဃာကို လေးစားယုံကြည်ကိုးကွယ်နေသူလား ဆိုတာ ဦးပဥ္စင်းကို ပြောပြပါဦး'

ဟု အမိန့်ရှိခဲ့သည်။

'မှန်ပါ့...ဗုဒ္ဓဘာသာဝင်ပါဘုရား။ သူလဲ ပင်စင်စား ဝန်ထမ်းဟောင်း တစ်ဦးပါပဲ၊ ပင်စင်ယူပြီးကတည်းက ဘာသာရေးကို ဇောက်ချလုပ်နေသူပါဘုရား'

'ဒါဆို ဦးပဥ္စင်းတွေးတာ မှန်ပြီ။ သူ ရည်ညွှန်းတဲ့ ဒကာတို့အနေနဲ့ ဗုဒ္ဓမြတ်စွာဘုရားကို အမြဲမပြတ် အားထား ယုံကြည်ကိုးကွယ်[...] လို့ မှာကြားတိုက်တွန်းထား[...]ပဲဗျ'

ဆရာတော်က [...]သာအားရ မိန့်ကြားခဲ့ရာ ဦးမဲကြီးတို့ ဖဝေဖါ[...]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြရသည်။

'တပည့်တော်တို့ ဆိုလိုရင်းကို မရှင်းသေးလို့ အကျယ်ချဲ့ပြီး အမိန့်ရှိပါဦးဘုရား'

'ဒီလိုလေ သူ့စာမှာပါတဲ့ **"အဘ"** ဆိုတာက ဒကာတို့ တွေးသလို ခေတ်စကားနဲ့ခေါ်တဲ့ လုပ်ပိုင်ခွင့် အာဏာပါဝါရှိတဲ့ ပုဂ္ဂိုလ်ကြီး အဘကို ခေါ်တာမျိုး၊ ဆိုလိုတာမျိုး မဟုတ်ဘူးဗျ။

သူပြောချင်တဲ့ **"အဘ"**က **"အရဟံ"**အစ **"ဘဂဝါ"**အဆုံး ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူတဲ့ **"ဗုဒ္ဓမြတ်စွာဘုရား"**ကိုသာ တစ်သက်တာ အားထားကိုးကွယ်ကြပါလို့ တိုက်တွန်းထားတာပဲ။

ဘုရားဂုဏ်တော်ကိုးပါးရဲ့ အစနဲ့ အဆုံးကို အတိုချုံးပြီး ပဟေဠိပေးထားခဲ့တာပါ။ ကဲ... ဒီတော့ သူပြောချင်တဲ့ **"အဘ"**ကတော့ ဦးပဥ္စင်းတို့ရဲ့ ကိုးကွယ်အားထားရာ **"မြတ်စွာဘုရားရှင်"**ပါပဲဗျာ'

'မှန်လှပါ့...အခုတော့ ရှင်းသွားပါပြီဘုရား။ တပည့်တော်တို့ သို့လော...သို့လော... ဒွိဟဖြစ်နေခဲ့တာများကို သံသယကင်းအောင် ရှင်းပြပေးတော်မူခဲ့တဲ့ ဆရာတော်ဘုရားရဲ့ ကျေးဇူးက ကြီးမားလှပါတယ်ဘုရား'

ဟု နှစ်ဦးသား လက်အုပ်ချီမိုး လျှောက်ထားခဲ့ကြသည်။

'ဟုတ်ပါပြီ ဒကာကြီးတို့ရယ်... ကြုံတုန်း ဦးပဥ္စင်းငယ်ငယ်က အဖြစ်အပျက်နဲ့ ပဟေဠိတစ်ပုဒ်ကြောင့် ယခုလို သာသနာ့ဘောင် ရောက်ရှိ



ခဲ့ရပုံလေးကိုလဲ ပြောပြရဦးမယ်'

'အမိန့်ရှိပါ ဘုရား'

'ဦးပဥ္စင်း သာသနာတော်ကို မဝင်ခင် လွန်ခဲ့တဲ့ နှစ်(၂၀)ကျော်လောက်ကပေါ့။ ဒကာကြီးတို့ သိကြတဲ့အတိုင်း ဒီမြို့/ဒီရွာတွေဟာ လုံခြုံရေး စိတ်မချရသလို ကျန်းမာရေးအတွက် ဆေးဝါးကစ ချို့တဲ့ခဲ့တဲ့ ဒေသတွေပေါ့။

ကျန်းမာရေးမှာ အထူးသဖြင့် ငှက်ဖျားရောဂါဒဏ်ကို လူတိုင်းနီးပါး ခံကြရသလို တချို့ဆို အသက်ပါ ဆုံးကြရတယ်။ တစ်နေ့မှာ ဦးပဥ္စင်းလဲ ငှက်ဖျားဒဏ်ကို သေကောင်ပေါင်းလဲ ခံစားနေရပြီး နေ့လား၊ ညလား စောင့်ကြည့်နေရတဲ့အချိန်ပေါ့။

အဲဒီအချိန်မှာ အခု ဦးပဥ္စင်း ကျောင်းထိုင်နေတဲ့ ကျောင်းက ပျဉ်ကာဖက်မိုးနဲ့ပေါ့။ ကျောင်းထိုင်ဆရာတော်ကြီးကတော့ အခု **ဖားဆောင်းမြို့၊ တောင်ပိုင်း ရပ်ကွက်မှာရှိတဲ့ "ဓမ္မသိဒ္ဓိသိမ်ကျောင်း"** ဆရာတော် **ဦးအာဒိ (သဒ္ဓမ္မဇောတိကဓဇ) အရှင်မြတ်ပါပဲ။** ဦးပဥ္စင်းရဲ့ အန္တေဝါသိက လက်ရင်းဆရာပေါ့၊

ဆရာတော်ကြီး ဂ ငှက်ဖျားရောဂါ ခံစားနေရဟဲ့အိမ်ကို ကြွ... ပြီး လူနာကြည့်ခဲ့တယ်။ ကျုပ်က... တော့ ငှက်ဖျားတက်ပြီး သေငယ်... ဇောနဲ့ မျောနေခဲ့တယ်လေ။

ဆရာတော်က ဖောဖျာ်သုတ်... အပါအဝင် တန်ခိုးထက်မြက် တရား... တော်များကို ရွတ်ဖတ်ပူဇော်ပေး... တယ်။ ဘုရား,တရား,သံဃာ... တန်ခိုးနဲ့ ကျုပ် သတိလည်လာ... တယ်ဗျ။ အဖျားကတော့ မကျသေး... ဘူးပေါ့။ ဒီအချိန်မှာ ဆရာတော်ကြီး... က အမိန့်ရှိခဲ့တယ်။

"မောင်စိုင်း နေဦး၊ မင်း ခံစား... ရတဲ့ ငှက်ဖျားဝေဒနာက ပြင်း... လွန်းလှတယ်၊ ဘုန်းဘုန်း ဆေး... ပေးမယ်။ ကုကြည့်ပါ။ အလျှော... ပျောက်သွားလိမ့်မယ်"

ဆိုတော့ ကျုပ်ကလဲ...

"ဒီဆေးနည်းကို ချီးမြှင့်ပေး... ဘုရား"

လို့ လျှောက်ထား... ဘုန်းဘုန်းက...

"အသက်ကလေးရယ်တဲ့ ရှည်... မန်းတောင်ရိပ်နို"

လို့ အမိန့်ရှိတယ်လေ၊ ဘုန်းဘုန်း... စကားသံ အဆုံးမှာ ကျုပ်လဲ ... ကုန်သွားသလို ခံစားရပြီး...

"တပည့်တော်က နေရာက မ... အောင် မကျန်းမာသူပါ ဘုရား... လုပ် ခရီးသွားပြီး မန်းတောင်ရိပ်... မလဲ ဘုရား။ မန္တလေးကို မသွားနိုင်လို့ ...ရမယ်ဆိုရင်လဲ အိပ်မှာပဲ အသေခံပါ... တော့ မယ်ဘုရား"

လို့ ပြန်လျှောက်မိတယ်။ ဒီတော့ ...ရာတော်ဘုရားက ပြုံးပြုံးကြီးနဲ့...

"မင်းကို မန္တလေးသွားခိုင်းပြီး ...မန်းတောင်ရိပ်ကို ခိုခိုင်းတာ မဟုတ် ...ဘူး။ မင့်ရောဂါပျောက်ဖို့ ကျင့်ကြံ ...အားထုတ်ရန် နည်းလမ်းတွေ ပေး ...တာပါကွယ်"

လို့ မိန့်ကြားပြန်တော့ ကျုပ် ...အတွက် ပဟေဠိ ဖြစ်ရတာပေါ့။ ...ကျုပ်ကလဲ ခံစားနေရတဲ့ ရောဂါ ...ပျောက်ချင်တဲ့ သူမို့...

"ဘုန်းဘုန်းဘုရား... ဒီပဟေဠိ ...ကို တပည့်တော် မဖော်နိုင်ပါဘူး ...ဘုရား၊ ရှင်းပြလမ်းညွှန်ပေးပါ ...ဘုရား"

လို့လျှောက်ထားတော့ ဘုန်းဘုန်း ...က...

"ကိုင်း...နေဦး၊ မင်းလဲ ဘုန်းကြီး ...ကျောင်းသား ဖြစ်ခဲ့ဖူးတာပဲ၊ တို့များ ...မြန်မာလိုရာနေ့နံတွေနဲ့ နံသင့်ဂဏန်း ...တွေ သိပြီးသားပါလေ၊ **"မန်းတောင် ရိပ်နို"**ဆိုတာ နေ့နံဂဏန်းတွေနဲ့ ...တွက်ရင် **"မန်း"**ဆိုတာ ကြာသ ...ပတေးနံမို့ (၅)ဂဏန်း ရတယ်။ **"တောင်"**ဆိုတာ စနေနံ ဖြစ်တာ ...ကြောင့် (၇)ဂဏန်းပေါ့။ **"ရိပ်"**က ...ဗုဒ္ဓဟူးနံမို့ (၄) နံသင့်ရတယ်။ **"နို"** ...ဆိုတာက တနင်္လာနံမို့ (၂)ဂဏန်း ...ရတယ် မဟုတ်လား။

**"မန်း"**ဆိုတဲ့ ကြာသပတေးနံ (၅)ဂဏန်း ဖြစ်တာမို့ **"ပါဏာတိ...ပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"** အစချီတဲ့ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမယ်လို့ ဆိုတာပါပဲ။

**"တောင်"**ဆိုတဲ့ စနေနံသင့်(၇) ဂဏန်းကတော့ သူတော်ကောင်းတရားခုနစ်ပါးဖြစ်တဲ့ **"သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ"**တရားတွေကို အမြဲမပြတ်လက်ကိုင်ထားကျင့်သုံးဖို့ ဖြစ်တယ်။

**"ရိပ်"**ကတော့ (၄)ဂဏန်းဖြစ်တာကြောင့် ဗြဟ္မာဝိဟာရ တရားလေးပါးဖြစ်တဲ့ **"မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ"**တို့ကို နှလုံးသွင်းပြီး ကျင့်ကြံအားထုတ်ဖို့ကို ဆိုလိုတာပါ။

**"နို"**ဆိုတဲ့ တနင်္လာနံသင့်(၂) ဂဏန်းကတော့ လောကီ၊ လောကုတ် မဆုတ်မနစ် အားကိုးပြုရတဲ့ **"ဝီရိယ, ခန္တီ"**ဆိုသော တရားနှစ်ပါးပါပဲ။

ငါ့တပည့် ဒကာလေးလဲ ငါးပါးသီလလုံခြုံပြီး ကျင့်ကြံအားထုတ်ရမယ့် တရားများကို အမြဲမပြတ်ကျင့်သုံးလိုက်နာ ပွားများသွားမယ်ဆိုရင် မင်း ခံစားနေရတဲ့ ငှက်ဖျားရောဂါဝေဒနာဆိုးကိုသာမက ဝဋ္ဋနာကံနာများရော... (၉၆)ပါးသော ဝေဒနာများပါ ကင်းဝေးစေမှာ အမှန်ပေါ့ကွယ်။

ဒီ... **"မန်းတောင်ရိပ်နို"** ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ကျင့်သုံးမယ်ဆိုရင် လောကီ၊ လောကုတ် မဆုတ်ယုတ်နိုင်ဘဲ ကောင်းကျိုးချမ်းသာများသာ ဖြစ်စေပါတယ်လို့ ဘုန်းဘုန်းက ဘုရားဆေးတော်ကြီးကို ချီးမြှင့်လိုက်ပါတယ်"

လို့ အမိန့်ရှိ လမ်းညွှန်မှုပေးခဲ့ပါတယ်။

ကျုပ်လဲ အဲဒီနေ့ကစလို့ ဆရာတော်ကြီး ချီးမြှင့်ပေးခဲ့တဲ့ "မန်းတောင်ရိပ်နို"ကို အမြဲ ကျင့်သုံးလိုက်နာ ဆောင်ရွက်ခဲ့တာကြောင့် အခုလို ကျန်းကျန်းမာမာ ရှိခဲ့ပြီး သာသနာ့ဝန်ထမ်း ရဟန်း...ကိုတောင် ရောက်ရှိခဲ့ပါတယ်။

ဒီ့အပြင် ဘုရား၊ ကျောင်း၊ သိမ်တွေကိုပါ







www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင် တည်ထား ကိုးကွယ်နိုင်ခဲ့ပြီး ဘာသာသာသနာအကျိုးကို သယ်ပိုးနိုင်ခဲ့တယ်ဆိုတာ အကာကြီးတို့ အမြင်အတွေ့ပါပဲလေ။

အကာကြီးတို့လဲ လောကီ,လောကုတ် အကျိုးများစေတဲ့ "မန်းတောင်ရိပ်ခို" ပဟေဠိကို အမြဲ အဖြေသိကြပါလို့ မှာလိုက်ပါရစေနော်'

ဆရာတော်လေးက သူ့ဘဝဖြစ်စဉ် တစ်စိတ်တစ်ပိုင်းနှင့် ကျင့်ကြံအားထုတ်ခဲ့ပုံများကို မမောမပန်း ရှင်းပြခဲ့သည်။ ဦးမဲကြီးတို့နှစ်ဦးသားမှာလည်း ဝမ်းမြောက်ရွှင်လန်းစွာ လိုက်နာ ကျင့်ကြံအားထုတ်ပါမည့်အကြောင်း ကတိပြုခဲ့ကြသည်။

'ကဲ… ဒကာကြီးတို့လဲ နေညိုပြီဆိုတော့ ပြန်ကြလေဦးတော့။ ဦးပဥ္စင်းလဲ ဘုရားဝေယျာဝစ္စဖြစ်တဲ့ သောက်တော်ရေလဲ၊ ပန်းကပ်လှူပြီး စေတီတော်ရင်ပြင်မှာ အမှိုက်လှဲရဦးမယ်လေ။

ဒကာတို့ မပြန်ခင် ဦးပဥ္စင်းက ပဟေဠိတစ်ပုဒ် ချီးမြှင့်လိုက်ပါဦးမယ်။ ကျင့်ကြံပွားများ အားထုတ်ဖို့ပေါ့။ ဒကာကြီးတို့အနေနဲ့ အချိန်ရတိုင်း "**အသုဘတရား ပွားများကြပါ**"လို့ တိုက်တွန်းလိုက်ပါတယ်နော်'

ဆရာတော်လေး၏ စကားဆုံးသည်နှင့် ဦးမဲကြီးက…

'ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ဘုရား။ တပည့်တော်တို့က ရပ်ရွာထဲမှာ သာရေးနာရေးကို ဝတ္တရားမပျက် ဆောင်ရွက်လျက်ရှိပါတယ်ဘုရား။ မြို့ပေါ်မှာရော ပတ်ဝန်းကျင်ကျေးရွာများမှာပါ အသုဘနာရေးရှိရင် အရင်ဆုံးရောက်ပြီး အောက်ခြေသိမ်းကာစ ဆောင်ရွက်ကြသူများပါဘုရား'

ဟု လျှောက်ထားခဲ့သည်။ ဆရာတော်က ပြုံးတော်မူပြီး…

'ဒကာကြီးပြောတဲ့ နာရေးအသုဘကိစ္စ ဆောင်ရွက်ကြတာကောင်းပါတယ်။ လူမှုရေး တာဝန်ကျေပွန်သလို ကုသိုလ်လဲ ရပါတယ်။ ဒါပေမယ့် ဦးပဥ္စင်းပြောတဲ့ "**အသုဘတရား**" ဆိုတာက နာရေးအသုဘကို ဆိုလိုတာ မဟုတ်ပါဘူး'

ဟု အမိန့်ရှိခဲ့ရာ ဦးထွန်းလင်းရွှေက…

'ဒါဖြင့် အသုဘဆိုတာ ဘာကိုပြောတာလဲ ဘုရား။ ဒီပဟေဠိကိုလဲ တပည့်တော်တို့ နားလည်အောင် ရှင်းပြပါဦး ဘုရား'

ဟု လျှောက်ထားခဲ့သည်။

'ဦးပဥ္စင်းပြောတဲ့ အသုဘဆိုတာက ဘုရားဂုဏ်တော်ကိုးပါးမှာပါတဲ့"**အရဟံဂုဏ်တော်၊ သုဂတောဂုဏ်တော်နဲ့ ဘဂဝါဂုဏ်တော်**" စတဲ့ ဘုရားဂုဏ်သုံးပါးကို အမြဲမပြတ် ပွားများ ရွတ်ဆိုပူဇော်ကြပါလို့ ပြောချင်တာပါ။

ဘုရားဂုဏ်တော် ကိုးပါးလုံးက တန်ခိုး ထက်မြက်ကြပါတယ်။ ဒီဂုဏ်တော်တွေထဲကမှ "**လူ,နတ်,ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော**"လို့ အဓိပ္ပာယ်ရတော်မူတဲ့"**အရဟံဂုဏ်တော်**"၊ "**ကောင်းသော စကားများကို ဟောကြားညွှန်ပြ၍ နိဗ္ဗာန်သို့ ကြွသွားတော်မူသော**"လို့ ဂုဏ်ကျေးဇူးရှိတော်မူတဲ့ "**သုဂတောဂုဏ်တော်**"နဲ့ "**ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော**"ဆိုတဲ့ "**ဘဂဝါဂုဏ်တော်**"တို့ဟာ ဒကာကြီးတို့လို လောကီနယ်မှာ ကျင်လည်ကြတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်များအတွက် အကျိုးထူး အလွန်ရရှိစေနိုင်တာမို့ ဦးပဥ္စင်းက"**အသုဘတရားကို ပွားများကြပါ**"လို့ အတိုချုံး မှာကြားလိုက်တာပါပဲ။

ဆရာတော်၏ တန်ဖိုးမဖြတ်နိုင်သော "**အသုဘတရား**"ကို ဝမ်းမြောက်ဝမ်းသာ နာယူမှတ်သားရင်း သာဓုခေါ်ကာ ဆရာတော်အား ရှိသေစွာ ရှိခိုးဦးချလျက် လောကီအရေး ရတက်မအေးသဲ့ ဆောင်ရွက်ရန် ရှိသေးသည်များကို တွေးရင်း ရှန်းမထွက်နိုင်သည့် အိမ်ထောင်တာဝန်များကို ထမ်းဆောင်ရန် ဦးမဲကြီးတို့နှစ်ဦးသား ပြန်လာခဲ့ပါတော့သတည်း။

**[မှတ်ချက် ။ ။ "ရိပ်" ဆိုသည့် ဗုဒ္ဓဟူးနံ(၄)အတွက် ဖြုပ်ပိုင်ရေး လေးပါးဖြစ်သည့် ဝိရိယ,သုတ, စာဂ,ပညာဟု လည်းကောင်း "ခို" ဆိုသည့် တနင်္လာနံသင်္ချာ(၂) အတွက် ဒေဝရုံတရားနှစ်ပါးဖြစ်သော ဟိရီ,ဩတ္တပ္ပဟုလည်းကောင်း အဆိုအမိန့်များလည်း ရှိပါကြောင်း တင်ပြအပ်ပါသည်။]**

အံ့ကြွယ်



၂၀၁၈ ခုနှစ်၊ ဇွန်လတွင်

# လာဘ်လာဘ

## ရွှင်လန်းကြပါစေ

ဤလတွင် ငွေကြေးဆိုင်ရာ သောကများ ကင်းကွာ၍ လာဘ်လာဘ ရွှင်လန်းကြစေရန်…





❂ မိဿရာသီဖွား

**(မတ်လ ၂၁-ရက် မှ ဧပြီလ ၂၀-ရက်အတွင်း မွေးသူ)**

ငှက်ပျောစည်ပွင့် (၈)ညွှန့်၊ ပိတောက်ညွှန့်(၈)ညွှန့်၊ … ပန်း(၈)ညွှန့်နှင့် ဆွမ်းထမင်း (၆)ပန်းကန်တို့ကို … စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်တွင် စနေနေ့၌ … ကပ်လှူ ဆုတောင်းပါ။



❂ ပြဿရာသီဖွား

**(ဧပြီလ ၂၁-ရက်မှ မေလ ၂၀-ရက် အတွင်း မွေးသူ)**

… ညွှန့်(၂)ညွှန့်၊ အောင်သပြေ (၂)ခက်၊ ကံ့ကော် (၂)ပွင့်နှင့် ယပ် (တံခွန်) (၈)ခုတို့ကို ဗုဒ္ဓဟူးနေ့၌ … စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်း …



❂ မေထုန်ရာသီဖွား

**(မေလ ၂၁-ရက် မှ ဇွန်လ ၂၀-ရက်အတွင်း မွေးသူ)**

… (၁)ညွှန့်၊ ဆီး(ဖီး)ညွှန့် (၁)ညွှန့်၊ ခုနှစ်လက် … နှင့် သောက်တော်ရေ(၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ ကရကဋ်ရာသီဖွား

**(ဇွန်လ ၂၁-ရက် မှ ဇူလိုင်လ ၂၁-ရက်အတွင်း မွေးသူ)**

ခုနှစ်ယို(၄)ပန်းကန်၊ ထန်းလျက်(၄)ခဲနှင့် ကွမ်းရွက်(၄)ရွက်တို့ကို ဖယောင်းတိုင်(၂)တိုင်နှင့်အတူ အင်္ဂါနေ့၌ စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ သိဟ်ရာသီဖွား

**(ဇူလိုင်လ ၂၂-ရက်မှ ဩဂုတ်လ ၂၁-ရက် အတွင်း မွေးသူ)**

ခရေ(၆)ညွှန့်၊ သီဟိုဠ်(၆)ညွှန့်၊ ပေါက်ပေါက်(၆)ပန်းကန်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

စွယ်တော်ညွန့်(၁၀)နှင့် ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ ကန်ရာသီဖွား

**(ဩဂုတ်လ ၂၂-ရက် မှ စက်တင်ဘာလ ၂၁-ရက် အတွင်း မွေးသူ)**

ဥသျှစ်ညွန့်(၃)ညွန့်၊ စွယ်တော်ညွန့် (၃)ညွန့်၊ ဩဇာညွန့်(၃)ညွန့် နှင့် တံခွန်(၆)ခုတို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



❂ တူရာသီဖွား

**(စက်တင်ဘာလ ၂၂-ရက်မှ အောက်တိုဘာလ ၂၂-ရက်အတွင်း မွေးသူ)**

ဆီး(ဇီး)ညွန့် (၉)ညွန့်၊ ရွက်လှ(၉)ရွက်၊ သပြေ (၉)ရွက်နှင့် သောက်တော်ရေ (၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ ဗြိစ္ဆာရာသီဖွား

**(အောက်တိုဘာလ ၂၃-ရက်မှ နိုဝင်ဘာလ ၂၂-ရက်အတွင်း မွေးသူ)**


အောင်သပြေ(၇)ခက်၊ ပိတောက်ညွန့်(၇)ညွန့်၊ သီဟိုဠ်ညွန့် (၇)ညွန့်နှင့် ဖယောင်းတိုင်(၉)တိုင်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



❂ ဓနုရာသီဖွား

**(နိုဝင်ဘာလ ၂၂-ရက် မှ ဒီဇင်ဘာလ ၂၀-ရက် အတွင်း မွေးသူ)**

ပိတောက်ညွန့်(၁၀)ညွန့်၊ အုန်းလက်(၁၀)လက်၊



❂ မကာရရာသီဖွား

**(ဒီဇင်ဘာလ ၂၁-ရက်မှ ဇန်နဝါရီလ ၁၉-ရက် အတွင်း မွေးသူ)**

နာနတ်ယို(၅)ပန်းကန်၊ အုန်းယို(၅)ပန်းကန်၊ မြေပဲ (၅)ယှက်နှင့် ယပ်(၁၀)လက်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



❂ ကုံရာသီဖွား

**(ဇန်နဝါရီလ ၂၀-ရက်မှ ဖေဖော်ဝါရီလ ၁၈-ရက် အတွင်း မွေးသူ)**

အောင်သပြေ(၃)ခက်၊ ဥသျှစ်ညွန့်(၃)ညွန့်၊ ဩဇာညွန့်(၃)ညွန့်နှင့် သောက်တော်ရေ(၅)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ မိန်ရာသီဖွား

**(ဖေဖော်ဝါရီလ ၁၉-ရက်မှ မတ်လ ၂၀-ရက် အတွင်း မွေးသူ)**

ဆီး(ဇီး)ညွန့်(၆)ညွန့်၊ ခရေညွန့်(၆)ညွန့်၊ သီဟိုဠ် (၆)ညွန့်နှင့် ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

*လာဘ်လာဘ ရွှင်လန်းဝေဆာကြပါစေ။*

**ထက်မင်းကျော်စွာ**





# လယ်ယာမြေသန့်ပို

**ဒီလိုစီရင်ပါ**

အညာဒေသရှိ လယ်ယာမြေ သီးနှံ အလွန်ဖြစ်ထွန်းတာကို ကြည့်ရတာ စိတ်ကြည်နူးစရာပဲ၊ လယ်ယာကောက်ပဲသီးနှံ ပေါ်များ ဖြစ်ထွန်းပါမှ ကျေးလက်တောရွာ ရှည်ပင်သာယာမည်။

အိုးစည်ဗုံမောင်းသံ စည်ပြော်မှ တောင်သူလယ်သမားများ စီးပွား ရေးကောင်းသည်ကို ကြုံခန့်မှန်းနိုင် ပါ။

ကျွန်ုပ်၏ ယောက်ဖတော်သူ ကိုအောင်ဘသည် မြစ်ဝမြေနုကျွန်း သားဆိုတော့ လယ်ယာလုပ်ငန်း လုပ်သူလည်း ဖြစ်၏။ အညာဒေသ မှ တောင်သူလုပ်ငန်းများကိုလေ့လာ ဖို့ ကျွန်ုပ်တို့ဇာတိ **နတ်မောက် မြို့နယ် တဲကြီးကျေးရွာသို့** ခေါ် လာတော့ ယာမြေစိုက်ခင်းမှ မြေပဲ နှမ်း ပဲမျိုးစုံ ဖြစ်ထွန်းနေတာမြင် ရတော့ အားကျနေရှာသည်။

'ဒီမြို့ တောင်သူလယ်သမားဆိုတာ လယ်ယာမြေထွန်ယက်မှု မျိုးစေ့နဲ့ မြေဩဇာတွေ ဘယ်လောက် တတ်နိုင်, တတ်နိုင် မမြင်နိုင်တဲ့ လျှို့ဝှက်ချက်တွေ ရှိလဲ ဥပဟက္ခာပြုလို့ မရဘူးကွယ့်'

ကျွန်ုပ်၏ အဘိုးဖြစ်သူက ကိုအောင်ဘကိုလက်ဖက်ရည်ကြမ်း ပွဲမှာ စကားလက်ဆုံစဉ် စကား စပြောလိုက်၏။

'ပြောပါဦး အဘရယ်' 'ဒီလိုကွယ့်...

အနောင့်အယှက်ဆိုတာ လူသား မျက်စိမှာ မမြင်နိုင်ပါဘူးကွယ်။ ဒီတော့ ဒီလို လယ်ယာမြေတွေဟာ မြေ မသန့်ရင် ဘယ်လိုမှ မဖြစ်ထွန်းဘူး ဆိုရင် စိုက်ပျိုးလို့မရဘူး။ နိုက်တယ် လို့ထင်ရင် သတိထားရမယ်ကွယ့်'

ကိုအောင်ဘမှာ သူ့လယ်မြေများ သည် သူတစ်ပါးလယ်မြေရဲ့ အောက်ပိုင်းမှာ ဖြစ်သည်။ အောင် ရေဘယ်လောက်ပဲရရ စပါးသီးနှံ မဖြစ်ထွန်းဘူး။ အောက်ပြည် အောက်ရွာခလေ့တွေလည်း စုံပြီ၊ တစ်နှစ်မှ သူ့စပါးမရဘူး။ ညီအစ်ကို မောင်နှမ သူစိမ်းတွေဆီမှာ ဝမ်းစာ စပါး လယ်မြေစရိတ်ကြွေး လည် ပင်း နိုက်နေကြောင်း ပြောပြပြီး သူ့ဘဝဇာတ်ကြောင်း ဗရုဗ ပြောပြ ရှာသည်။

'အေး... ကောင်းပြီ။ ဒီလိုလုပ် ကွယ့် ငါ့မြေး...

၁။ စိုက်ပျိုးရေးလုပ်မယ့် ထောင့် တစ်ထောင့်မှာ တွင်း ခုနစ်တွင်း တူးပါ။

တူးတဲ့အချိန်မှာ လယ်ယာစောင့် မြတ်သူ့,မမြတ်သူ ပုဂ္ဂိုလ်အားလုံး ကို မေတ္တာပို့ပါ။ ကွင်းပိုင်၊ နယ်ပိုင် တွေပါမကျန်စေနဲ့၊ ရတနာသုံးပါးကို ကန်တော့ပါ။

၂။ ထမင်း ဆန်နှစ်လုံး (နို့ဆီဘူး) ချက်ပါ။ အမဲသား(၆)တုံးလဲ ချက်ပါ။

၃။ အလယ်တစ်တွင်းမှာ ထမင်းကို ထည့်၊ ကျန်ခြောက်တွင်းမှာ အမဲ သား(၆)တုံးကိုထည့်ပါ။

၄။ သတိပြုရမှာက **ဆန်မပြာရ၊ စပါးလုံးမရွေးရ၊ ဆန်မဆေး ရ။** ယင်းအတိုင်း ဆန်ထဲ ရေ ထည့်ချက်ပါ။

အမဲသားဝယ်တဲ့အခါမှာလဲ ဈေး မဆစ်ရ။ နနွင်းမထည့်ရ၊ အိုးမဲခဲ မီးသွေးခဲ မပါရ။ သတိထားချက်ပါ။

၅။ ညနေ နေဝင်ခါနီးမှာသွားရောက် ကျွေးမွေးရမယ်။ တစ်ယောက် တည်း သွားကျွေးမွေးရမယ်။ တွင်းနေရာသို့ ဖြောင့်ဖြောင့် သွားရမယ်။ ဘယ်မှ မဝင်ရ၊ ပတ်ဝန်းကျင်ကို မရပ်ရ၊ စကား မပြောရ။

ကျင်းထဲ ထမင်းထည့်ချိန်မှာ ဘယ်သတ္တဝါပဲစားစား မောင်း

1134. June, 2018.

 (ကျန်မှာ (၁၉၆) သို့)

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါရပ်ကျမ်းမှ မှခသိုက် အညွှန်းအတိုင်း ကျွန်တော် လုပ်ခဲ့ဖူးသော နည်းအတိုင်း လုပ်ရတ်မှာ...

| | |
|---|---|
| ကြေး | (၁)ကျပ်သား |
| နာ | (၃)ကျပ်သား |
| သံကောင်းကောင်း | (၁)ကျပ်သား *[သံကောင်းဖို့ အရေးကြီးပါသည်]* |
| ဘင် | (၁)ကျပ်သား |
| ပြဒါး *[သန့်စင်ပြီး]* | (၁)ကျပ်သား |

ဓာတ်သန္ဓေစတည်ပုံ

ပထမအဆင့်

'နဂါးတစ်ပုံ ဂူတွင်းလုံ့-ဂဠုန်သုံးကြိမ်သတ်'

အရ...

ကြေးနီ (၁)ကျပ်သားနှင့် နာ(၃)ကျပ်သားတွဲထိုး၊ ချက်ထိုးထို၊ နာ သုံးကျပ်သားကုန်အောင် သုံးခါထိုး *(လက်ချားမထည့်ရ)* **အန္တောဓာတ်**ရပါသည်။

'ဂဠုန်ပျံပြေး ထိုနဂါးနီတွား ဝင်းလျှပ်လျှပ်'

အရ ဓာတ်သည် **နီရောင်သမ်း**နေပါသည်။

၂။ ဒုတိယဆင့်

'ခြင်္သေ့နှင့်ဆင် ဂူတွင်းဝင် တွင်တွင်သတ်ပုတ်ကြ'

ခြင်္သေ့လည်းကြေ ဆင်လည်းကြေ နှစ်ကွေ့ဘာသွား

**(ဘသ္မဘမှာ)**–ရောနှောခြင်းဖြစ်၏။

'ခြင်္သေ့ဆင်သား ထိုနှစ်ပါး နဂါးကျွေးလိုက်ကြ'

ကျွန်တော် ကောက်ယူခဲ့သော အယူအဆများမှာ ကျွန်တော်နှင့် (ဆရာ,ကြားဆရာ,မြင်ဆရာ,သင်ဆရာ) ဆရာများ၏ အယူအဆအတိုင်း ကောက်ယူ၍ လုပ်ခဲ့ပါသည်။

'ခြင်္သေ့နှင့်ဆင် ဂူတွင်းဝင်' အရ ထိုနီရောင် အန္တောဓာတ်ထဲသို့ ညွှန်းပါသည်။

'ခြင်္သေ့ဆင်သား ထိုနှစ်ပါး နဂါးကျွေးလိုက်ကြ'

အရ 'ယင်းကိုပင် ထပ်၍ ပြောခြင်းဟု ယူဆပါသည်။

ထို့ကြောင့် **ခြင်္သေ့**မှာ **အင်္ဂါနံ** သံကောက်၍ **ဆင်**မှာ **ဗုဒ္ဓဟူးနံ ဘင်ကောက်**ပါသည်။

**(မှတ်ချက်)**။ ။ ဆရာတော်(ဝိရဗလ–မုဒိတာရင်ခွင်)၏ စာတွင် "**ဘော်**" ကောက်ယူထားပါသည်။ ကျွန်တော်၏

# မှခသိုက်နှင့်

မိုးဝင်းမြင့်

ကျွန်တော့်လက်ဇွှ



ဆရာ အာဘော်မှာ "**ဘင်**"ဖြစ်ပါသည်။ သို့ကြောင့်

သို့ကြောင့် ထိုနီရောင် **အန္တောဓာတ်သား**ကို ဓာတ်ပျော်မီးဖြင့် ထား၍ **သံ**(၁)ကျပ်သားကို အရင်ထည့်၍ ပျော်လျှင် **ဘင်(၁)ကျပ်သား**ကို ထည့်ပါသည်။

"**သာယာဖြည်းညင်း တေဇောသွင်း**"၍ ဓာတ်... မီးဖြင့် ထိုးလိုက်သောအခါ ကြိတ်ကြေအဖတ်များ တက်လာပါသည်။ *(ထိုအဖတ်များ ယူပစ်ပါ)*

ဓာတ်သုံးပါး ကောလီဖြစ်၍ ဓာတ်(၁)ကျပ်သား ကျန်လျှင် မီးလျှော့၍ ပြဒါးခံနိုင်ရုံ မီးဖြင့် ပြဒါး(၁) ကျပ်သား ထည့်၍ တဖြည်းဖြည်း မီးကျင့်ပေးပါ။ ဓာတ် (၁)ကျပ်သားကျန်လျှင် တော်ပါ။

"ခြင်္သေ့ဆင်သား ထိုနှစ်ပါး နဂါးကျွေးလိုက်ကြ" ရောက်...





၃။ တတိယဆင့်တွင်

ဓာတ်(၁)ကျပ်သားလျှင် ဓာတ်၏ လေးပုံတစ်ပုံ (¼)ကို ပြဒါးလေးပုံတစ်ပုံ(¼)ခံ၍ ယင်းဓာတ်လုံးအပေါ်မှ ထားပြီး မီးသွေးခဲတင်၍ ခန့်မှန်း ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်တွင် အအေးခံကြည့်က အောက်မှ ပြဒါးခဲနေသည်ကို တွေ့ရပါလိမ့်မည်။ *(ဓာတ်လုံး တေဇောဝင်မှ ပြဒါးခဲပါသည်။)*

ယင်း ပြဒါးခဲကို အညွှန်းမှာ ဧရာ်နှစ်၍ ပြဒါးကျွေးခန်း ဖြစ်ပါသည်။ ကျွန်တော်မှာ ယင်းပြဒါးခဲကို ချော်မနှစ်ဘဲ ဓာတ်လုံးကို ကျွေးခဲ့ပါသည်။

ဤကဲ့သို့ ပြဒါးခဲ၍ ကျွေးခဲ့သည်မှာ ခန့်မှန်းခြေ **ပြဒါး(၁၂)ကျပ်သား**အကုန်တွင် လက်တွေ့လုပ်စဉ်တွင် အကုန်သည်ထိ တေဇောမသွင်းခဲ့၍ တစ်နေ့တစ်နေ့ ဓာတ်လုံးမှာ ကြီးကြီးလာပါသည်။

'ခြင်္သေ့ဆင်သား ထိုနှစ်ပါး နဂါးသုယ၊ ကျားကြီးနှစ်ကောင် ပြီးနောင် ကုန်အောင်စားပြန်က အစားမာန်ရှိ နဂါးစင်မည်ညှစ် တယ္လပ'

ယင်းအတိုင်းလုပ်လျှင် ဓာတ်မှာ မလှပသေးပါ။

**အညွှန်းမှာ** ပြဒါး ဘယ်လောက်ရယ်လို့ မပါ,ပါ။ ကျွန်တော်၏ ခန့်မှန်းခြေသာ ဖြစ်ပါသည်။

နောက်ဓာတ်မှာ စာထဲကအတိုင်း အမောက်ထလာပါသည်။ လမ်းစဉ်မှာ စာဆိုအတိုင်း မှန်နေပါသည်။

တစ်နေ့တွင်...

တစ်နေ့တွင် ပြဒါးခဲ၍ ကျွေးခြင်းကို ရပ်၍ တေဇောဝင်အောင် သွင်းခဲ့ရာ( လက်ချားထည့်၍)လုံချ၍ ခွဲကြည့်သောအခါ ဓာတ်မှာ မမျှော်လင့်ဘဲ ရောင်လေးတွေ တောက်နေပါသည်။

အလေးချိန်တော့ အတော် လျှော့သွားပါသည်။ (၃)မူးသားခန့်သာ ကျန်ပါတော့သည်။ အရောင်ကတော့ တောက် တောက်ပါသည်။ ပြောလျှင် မယုံမှာစိုး၍ ...မြို့ချောင်းဆုံရွာကျောင်းက ဘုန်းကြီးနှင့် ...တွေ မောင်ကျော်ဝင်း၊ မဟာမြိုင်တောကြီးလေး ... ဆင်အိုင်မရွာမှ ဦးသာလှ၊ မောင်လှထွန်းတို့ကို ...ပါသည်။

နောက် ချော်နည်းနည်းကပ်နေသဖြင့် ဓာတ်လုံးကို



သံပရာရည်စိမ်လိုက်ရာ အရောင်များပြန်မှိန်၍ သာမန် ဓာတ်လုံး(အဖြူရောင်) (၃)မူးသားအတိုင်း ပြန်ဖြစ်သွားပါသည်။

ဒါ ကျွန်တော့်လက်တွေ့ပါ။ ချောင်းဆုံကျောင်း ဘုန်းကြီးနှင့် လူများ၊ အထက်ပါလူများ ယခုထိရှိပါသည်။

မှခသိုက်အညွှန်းမှာ...

'ဖားကိုတစ်ဖန် စားပြီးပြန်၊ ပြီးသံတကြွကြွ ဖား၏အသား ဖန်မှန်စား နဂါးမရဏ နဂါးလည်းသေ ဖားလေကြေ လိုလေ သုံးဆောင်ကြ'

လက်ရှိ ယင်းဓာတ်လုံးမှာ ပြဒါးခဲ၍ ရပြီး ပြာတော့ မဆိုက်သေးပါ။

ပြဒါးခဲ(¼)ဓာတ်လုံးထဲ ရောသွား၍ တေဇောဝင်လျှင်တော့ ပြာအန်ပါသည်။

"**နဂါးသေ၍ ဖားမကြေသေး**"ဟူ၍ ယူဆပါသည်။

ကြိုတင်စဉ်းစား သတိထား အမှားနည်းရမည်။ (ကြိုးစားပါဦးမည်။)

နောင် ဓာတ်လမ်းစဉ်လိုက်လိုသူများ ချင့်ချိန်၍ လမ်းမှန်သို့ ရောက်စေလိုသော စေတနာဖြင့် လည်းကောင်း၊ ပါရမီရှိသူများ ပေါက်ရောက်စေလိုသော စေတနာဖြင့် လည်းကောင်း စေတနာရှေ့ထား၍ ရေးသားလိုက်ပါသည်။

အကြံပြုလိုသည်မှာ...

သီလအခြေခံ၍ စရဏခေါ်သော အကျင့်ပါလျှင် ကူးလမ်းဖြောင့်၍ ရောက်လွယ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### မှခသိုက်

နဂါးတစ်ပုံ ဂူတွင်းလှို့ ဂျွန်းသုံးကြိမ်သယ်၊
ဂျွန်းပုံကြီး ထိုနဂါးနှိတွား ဝင်းလျှပ်လျှပ်၊
တစ်နှစ်သုံးလေး စာမတွေး ဆိုရေးကျွမ်းနှင့်ဟပ်
တတ်ဥစ်ကသစ် နှဝင်းရစ် မင်းဖြစ် သမသတ်၊
လောကဒေဝါ ပြဟ္မာစောင့်ထိန်း ဆေးနစ်ကိန်း လှုပြိန်းမသိမှတ်၊
ပါဟအဋ္ဌော ထိုသဘော အတွေ့ာသိအောင်မှတ်(ယင်း အဋ္ဌာကို ဆိုလိုသည်။)
ခြသေ့်နှင့်ဆင် ဂူတွင်းဝင် တွင်တွင်သတ်ပုတ်ကြ၊
ခြသေ့်လည်းကြေ ဆင်လည်းကြေ နှစ်တွေဘသွ။
ခြသေ့်ဆင်သား ထိုနှစ်ပါး နဂါးကျွေးလိုက်ကြ၊
ခြသေ့်ဆင်သား ထိုနှစ်ပါး နဂါးသူမဝ၊
ကျားကြီးနှစ်ကောင် ဖမ်းပြီးနောင် ကုန်အောင် စားပြန်က၊
အစားမာန်ရစ် နဂါးစစ် မည်းညစ်တလ္လလ၊
ဖားဖါးအသား ဖန်ဖန်စား နဂါးမရဏ၊
နဂါးလည်းသေ ဖားလည်းကြေ လိုလေသုံးဆောင်ကြ။

* * *

### ကျွန်တော်၏ အာဘော်ဆန္ဒမှာ

ဤဆောင်းပါးတွင် ကျွန်တော်၏ (ဆရာ,ကြားဆရာ, မြင်ဆရာ,သင်ဆရာ)၏ အာဘော်ဆန္ဒအတိုင်း ကျွန်တော် ပြုလုပ်ခဲ့သော၊ လုပ်ခဲ့သော အရှိအတိုင်းသာ လျှင် တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

နောက်တွင် **ဆရာတော်(ဝိရဇလ–မုဒိတာရင်ခွင်)** ၏ ဆောင်းပါးဖတ် ရသောအခါ **ဘော်ကောက်ခြင်း**မှ **ဘင်ကောက်ခြင်း**သာလျှင် စိတ်ထဲ ဒွိဟဖြစ်ပါသည်။

ကျန်သောဆရာတော်၏ ကောက်ယူချက်များ အားလုံး နှစ်သက်ပါသည်။ ဝါသနာရှင်များ၊ ပါရမီရှင်များ အမှန်နှင့်အမှား ဆင်ခြင်နိုင်ရန် လမ်းမှန်ကြံဆနိုင်ရန် စေတနာဖြင့် ဖော်ပြလိုက်ပါသည်။

*လိုရာဆန္ဒ ပြည့်ဝကြပါစေ။*

**ဦးဝင်းမြင့်**

#### စာမျက်နှာ (၁၉၃)မှ အဆက်

မထုတ်ရ၊မဆဲရ၊ကျင်ကြီး,ကျင်ငယ် မစွန့်ရ။

၆။ လယ်မြေ၊ ကွင်း၊ ယာမြေမှာ ရှိတဲ့ နာနာဘာဝတွေကို မေတ္တာ ပို့ပါ။ ဒီလယ်ယာမြေတွေ လုပ် ကိုင်စားသောက်ခွင့်ပြုပါ။ ခွင့် တောင်းပါ။

အစာကျွေးပြီးပြန်ပါ။ နောက်တစ် နေ့ ကျင်းထဲမှာရှင်းနေရင် လယ်ယာ မြေကို အေးအေးဆေးဆေး ဖြောင့် ဖြောင့်တန်းတန်း လုပ်စားပါ။

လယ်ယာမြေ အောင်မြင်ရင် နောက်တစ်ကြိမ် ပြန်ကျွေးပါ။ လယ်ယာမြေမှာ စိတ်ချမ်းသာစွာ လုပ်ကိုင်စားသောက်လို့ ရပါပြီ'

ကျွန်ုပ်အဘိုး ဦးအောင်ချစ်က ရှင်းလင်းပြောပြစဉ် ယောက်ဖဖြစ် သူ ကိုအောင်ဘလည်း သဘော ပေါက်သွားပါပြီ။

နောက်နှစ်များတွင် ကိုအောင်ဘ က သားရှင်ပြု ဖိတ်ကြားပါသည်။ ကျွန်ုပ်အဘိုးအား ကျေးဇူးတင် ကြောင်း ပြောပြ၏။ ကျေးဇူးဆပ်ချင် ကြောင်း ပြောပြတော့ ကျွန်ုပ်အဘိုး ကွယ်လွန်တာမနှစ်ကဖြစ်ပါကြောင်း အဘိုးအားရည်စူး၍ ကန်တော့ရင်း သူအလှူဒါနပြုသမျှ အမျှတန်းဝေ ရင်း...

ပညာကို သေရွာမှာ ယူမသွား ကြောင်း ပြောပြရှာပါသည်။

*သုခိတာဟောထ ဒုက္ခ မုစ္စထ...*

**တက္ကသိုလ် အောင်နိုင်**

နဂ္ဂတ္တ
ရောင်ခြည်
မဂ္ဂဇင်းနှင့်
ဆက်သွယ်
နိုင်သော
ဖုန်းနံပါတ်များ...

၀၉–၇၇၆၃၄၉၇၅
၀၉–၄၄၃၂၆၇၂၂

# မဟာသိဒ္ဓိကုဏ္ဍလာသယဆေးတောင့်

အစီအရင်နှင့် ကိုယ်တွေ့ကြုံမှုများ

**ဝဋ္ဋကျော် (ဂန္ဓာရီ)**

၂၀၀၇ ခုနှစ်က ဖြစ်သည်။ ...ဖတ်သူများ အကျိုးထူး တစ်စုံ ...စ်ရာ ရလိမ့်မည်ဟု ထင်မြင် ...မိသောကြောင့် **လက်တွေ့ ...အောင်မြင်စွာ သုံးစွဲနေသော ...ဆေးဆရာကြီးတစ်ဦးထံမှ ရရှိ ...ထားသည့် မဟာသိဒ္ဓိကုဏ္ဍလာသယ ...ဆေးတောင့်စီရင်ပုံ**ကို ဖော်ထုတ် ...သားပေးလိုက်ပါမည်။


လောကီပညာရပ် များစွာထဲမှ ...တစ်နည်း ဖြစ်သောကြောင့် ...ကလူသားတို့အတွက် အသုံး ...သော အစီအရင်တစ်ခု ဖြစ်ပါ ...သည်။

'...ကလွယ်ကူပြီး ထိရောက်ပါ ...။ မြန်မာ့ရှေးရိုး ပညာရပ်ပါ။ ...တော် တတ်ထား,သိထားသမျှကို ...များကို သင်ကြားပေးရတာပါ။ ဝါသနာ ...ပါ၊ လိုက်စားသူများကို မြန်နေနိုင်ပါ ...။

...တိုင်း မဖြစ်သေးရင် ထပ်လုပ်ပါ။ ...တော့ စောင့်ထိန်းပါ။ ဖြစ်လာရပါ ...မယ်။

'...ဆေးတောင့်က ကျွန်တော့်ကို အများ ...ကူညီနေသလို ကျွန်တော့်ထံ ရောဂါ ...သူတွေကိုလဲ အများကြီး ကယ်တင် ...တာ လက်တွေ့ပါ'

...အစီအရင်ပေးသူ ဆရာကြီးမှ ...သူအား လက်တွေ့သင်ကြား ...က ပြောစကား ဖြစ်ပါသည်။



ကုဏ္ဍလာသယဆေးတောင့်

အစီအရင်ပေးသူ ဆရာကြီးမှာ ယနေ့အထိ အသက်ထင်ရှား ရှိပါ သေးသည်။ **ခွင့်ပြုချက် မခံလို သောကြောင့် အစီအရင်ကိုသာ ဖော်ပြပေးနိုင်ပါတော့သည်။**

### အသုံးပြုပုံ ကိုယ်တွေ့

ဆေးဆရာများ ရောဂါရှာဖွေရာ ၌ အသုံးပြုနိုင်ပါသည်။ အထူးသဖြင့် **ခန္ဓာကိုယ်ရှိ အကြောများ အလုပ် လုပ်သည်,မလုပ်သည်ကို လည်း ကောင်း၊ မည်သည့်အကြောက အားနည်းနေသည်ကို လည်း ကောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်း မည်သည့်နေရာ၌ ရောဂါရှိသည် ကို လည်းကောင်း** သိနိုင်သော ဆေးတောင့် ဖြစ်သည်။

### ရောဂါ ရှာပုံ

ရောဂါသည်ကို အိပ်ရာ၌ လှဲနိုင်းပြီး ခြေမနှင့် ခြေညှိုးကြားမှစ၍ ခြေထောက် များကြား ဆေးတောင့်နှင့် လိုက်တို့ကြည့် ပါ။

ထိုအခါ လက်ချောင်းများကြား လိုက်တို့ကြည့်ရသည်။ **ရောဂါရှိ လျှင် လူနာမှာ မနေနိုင်အောင် ဖြစ်သွားသည်။ ကျဉ်သွားသလို၊ မူးသွားသလိုမျိုး ခံစားရသည်။**

ဆေးတောင့် ဖြင့် သို့ တက်လာ လျှင် ခန္ဓာကိုယ်တစ်ခုလုံး တို့ကြည့်ပါ





www.burmeseclassic.com

www.burmeseclassic.com

က ရောက်ရှိသော နေရာ၌ မနေနိုင်အောင် တစ်မျိုး ခံစားရပါသည်။

အစီအရင် ပြုပုံ

၁။ ပက်လက်ကြွေ ညောင်ရွက်(၉)ရွက်၊
၂။ တန်ခိုးကြီးဘုရား၏ အင်တော အပိုင်းအစ၊
၃။ နတ်စင်အောက်ရှိ မြေကြီး၊
၄။ လမ်းဆုံလမ်းလေးခွမှ မြေကြီး၊
၅။ မြေစိုက်နေသော ဝါးရွက်၊

အထက်ပါ လိုအပ်ပစ္စည်းများကို ဦးစွာ ရှာဖွေပါ။

ရှင်းလင်းချက်

ပက်လက်ကြွေ ညောင်ရွက် ဆိုသည်မှာ **ကြွေကျနေသော ညောင်ရွက်သည် မှောက်ခုံ ဖြစ်နေလျှင် မစွမ်းပါ။** ပက်လက်အနေအထား ဖြစ်အောင် ကျထားသော ညောင်ရွက် ဖြစ်ရမည်။

**မြေစိုက်နေသော ဝါးရွက်ဆိုသည်မှာ** ဝါးပင်မှ ကြွေကျနေသော အရွက်၏ အရင်းပိုင်း(သို့မဟုတ်) အဖျားပိုင်းသည် **ဝါးပင်အောက်ရှိ မြေကြီးတွင် သူ့အလိုအလျောက် စိုက်ပြီးထောင်နေသော ဝါးရွက်** ဖြစ်ရပါမည်။


စီရင်ပုံ

ပစ္စည်းအားလုံးကို အရိပ်ထဲ ခြောက်သွေ့စေပြီးလျှင်...

ညောင်(၉)ရွက်ကို ထောင်းပြီး အမှုန့်ပြုပါ။ ရလာသော အမှုန့်ကို ကျန်ပစ္စည်းများ၏ အမှုန့်များနှင့် ရောစပ်ပြီး အတောင့် ပြုလုပ်ရသည်။ ပြီးလျှင် သစ်စေးသုတ်၊ ရွှေချ၊ သိဒ္ဓိတင်ရပါမည်။

အခြား လိုအပ်သော ကိစ္စရပ်များ

ဤဆေးတောင့်ကြီးကို တကယ်



စီရင်လုပ်ဆောင်တော့မည်ဆိုလျှင် **မစီရင်မီ (၉)ရက်နှင့် စီရင်သည့်နေ့မှစပြီး (၉)ရက်တိတိတို့၌ (၉)ပါးသီလ ခံယူဆောက်တည်ပြီး စီရင်ရပါမည်။ မစီရင်မီ (၉)ရက်တွင် "အရဟံ သိဒ္ဓိ"** ဟူ၍ ပုတီး(၁)လုံးချပြီး တစ်နေ့လျှင် **ပုတီးပတ်ရေ (၉၉)ပတ်** ရအောင် စိပ်ရမည်။

[စာရေးသူအား သင်ပြသူ ဆရာ၏ နည်းအရ နံနက်(၄)နာရီမှ စတင်၍ စိပ်သင့်သည်ဟု မှတ်သားရပါသည်။]

(၉)ရက်ပြည့်ပြီး နောက်တစ်နေ့၌ **ပွဲစုံ ခင်းရမည်။**

ဆိုလိုသည်မှာ ဘုရားပွဲ၊ ဗိဿနိုးပွဲ၊ ဆေးပွဲ ဟူ၍ အနည်းဆုံး (၃)ပွဲ ပြင်ရမည်။ **အုန်းသီး၊ ငှက်ပျော (၃)ဖီးစီ၊ အလင်းတိုင်၊ ကွမ်း၊ နံ့သာတိုင်** စသဖြင့် လုပ်နေကျ ပုံစံများအတိုင်း သတ်မှတ်ကာ လှူဒါန်း၍ ယင်းပွဲများရှေ့၌ စီရင်ရပါမည်။

စီရင်နေချိန်

ဆေးတောင့် ပြုလုပ်နေခိုက် အစမှအဆုံးတွင် "**ဥ၊ စိန္တာတိတိ သွာဟုံဟုံ**" ဟူသော ဂါထာမန္တန်ကို ရွတ်ဆိုနေရပါသည်။

ထိုနေ့ အစီအရင်ဆေးတော[...] ဖြစ်သည့် အချိန်မှစ၍ (၉)ရက်တိ[...] "**သမ္ဗုဒ္ဓေဂါထာတော်**" ကို တစ်[...] (၁၀၀၀) ရွတ်ပွားပူဇော်ရပါမည်။

ရက်စေ့လျှင် သိဒ္ဓိဝင်ဆေးတော[...] တကယ်ဖြစ်၍လာပြီး ကေန် အသ[...] ပြုနိုင်ပြီဖြစ်ကြောင်း လက်တွေ[...] သိလာရပါလိမ့်မည်။

ရှောင်ရန်များ

ဤဆေးတောင့်ကို မည်သ[...] နေရာမဆို ယူဆောင်သွားနိုင်[...] လည်း နေအိမ်၌မူ ဘုရားဆော[...] **တစ်နေရာ၌သာ ထားရမည်။** အခြား မည်သည့်နေရာမှ မထ[...] အပ်။

ဆေးတောင့်ကို ကိုင်ဆောင်[...] ချိန်၌ **ပုဆိုးလုံချည် ဦးခေါင်း**[...] **မှာ တင်မထားရပါ။**

အသုဘအိမ်မှ ထမင်း[...] အစားအစာ မစားရပါ။

စီရင်သင့်သော ကာလ

**မည်သည့်လတွင်မဆို လ**[...] **ပိုင်းတွင် စီရင်ရပါမည်။** [...] **အကျ ဆိုရပါမူ...**

မြန်မာလတစ်လ၏ လဆန်း[...] လပြည့်ကျော်(၅)ရက် အကြ[...] စီရင်ပါ။

**မြန်မာလများ၌ တန်ဆောင်**[...] **လတွင်** စီရင်နိုင်ပါက ပို၍ [...] ထိရောက်ပါလိမ့်မည်။

ဝဏ္ဏကျော် (ဂန္ဓာရီ)



၂၀၁၈ ခုနှစ်၊ ငွေနှင့်လအတွက် ပုဂ္ဂိုလ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ
(Hu Jin Zhi)





▲ယုန်နှစ်ဖွား

မတော်တဆ ထိခိုက်ဒဏ်ရာရခြင်း ဂရုစိုက်ပါ။ ကဲ့ရဲ့ ပြစ်တင်စကားတင်းဆိုသူ [...]ပါပေါက်နိုင်သည်။

[...]စစ်အသုံးအဆောင်ပစ္စည်းများနှင့် ပတ်သက်၍ [...]ကျိုးအမြတ် ရရှိတတ်သည်။ လုပ်ဖော်ကိုင်ဖက်များ၏ [...]ရေး၊ နာရေးကိစ္စအတွက် ငွေကုန်လူပန်းဖြစ်ရကိန်း [...]သည်။

▲မြွေနှစ်ဖွား



[...]လုပ်အကိုင်ရာထူး တိုးတက်[...]သည်။ ဝမ်းမြောက်ဖွယ် [...]တင်းစကား ကြားသိရတတ်[...]သည်။

ရ[...]ပြည်ပစီးပွားလုပ်ငန်း အကျိုးပေးသည့်ကာလ [...]သည်။ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ ဝေဒနာများ [...]ဂရုစိုက်ကာကွယ်ပါ။

▲ကျားနှစ်ဖွား



လုပ်ငန်းစီမံချက်၊ အကြံအစည်များ အောင်မြင်နိုင်သည်။ ချစ်မှုရေးရာတွင် အချစ်သစ်တွေ့ဆုံရကိန်းရှိသည်။

ကြွေထည်မြေထည် ပစ္စည်းများ အကျိုးပေးထက်သန်[...]ကာလဖြစ်သည်။ မရွေ့မပြောင်းနိုင်သောပစ္စည်း [...]တတ်သည်။

▲ကြွက်နှစ်ဖွား



[...]လုပ်ငန်းအောင်မြင် ကြီးပွား[...]အချိန်ဖြစ်သည်။ လူချစ် [...]ပေါ်များ၍ မျက်နှာပွင့်လန်း[...]

[...]ဆောက် ပစ္စည်းများနှင့် အကျိုးပေးနိုင်သည်။ အိမ်၊ ခြံမြေအသစ် မွမ်းမံရတတ်သည်။ သွားနှင့်ခံတွင်းဆိုင်ရာ ဝေဒနာများ ဂရုစိုက်ကာကွယ်ပါ။

▲မြင်းနှစ်ဖွား



နေထိုင်မှုအဆင့်အတန်း မြင့်မားလာမည်။ ဇိမ်ခံပစ္စည်းဝင်ကိန်းရှိသည်။ ရေနှင့်ရေထွက်ပစ္စည်းများ အကျိုးပေးမည်။

အမျိုးသားများသည် သားသမီးအတွက် ဂုဏ်တက်၍ အမျိုးသမီးတို့မှာ ခင်ပွန်းသည်အတွက် ဝမ်းမြောက် ဂုဏ်ယူရတတ်သည်။

▲နွားနှစ်ဖွား



ငွေကြေး လိမ်လည်လုယက်ခြင်း ခံရတတ်သဖြင့် သတိ ဝီရိယထားပါ။ သောကပင်[...]သော ငွေကြေးများနှင့် ပတ်သက်မိ၍ ငွေကြေး ဆုံးရှုံးနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြေး၊ သံ၊ ဒန် စသည့် သတ္တုပစ္စည်းများ အကျိုးပေးမည်။ အဆုတ်နှင့် အသက်ရှူလမ်းဝေဒနာ သတိပြုကာ ကွယ်ပါ။

▲ နဂါးနှစ်ဖွား



ငွေကြေး လာဘ်လာဘ ရွှင်လန်းမည်။ စုဆောင်းထားသောငွေကြေးများဖြင့် အလှူ အတန်းပြုလုပ်ဖြစ်မည်။

ထီဆုငယ်ကလေးများလည်း ပိုင်ဆိုင်ရဖွယ်ရှိသည်။ စားသောက်ရန်ပစ္စည်းများ အကျိုးပေးသည့်ကာလ ဖြစ်သည်။ အူမဆိုင်ရာဝေဒနာများ ဂရုစိုက်ကာကွယ်ပါ။



▲ ဆိတ်နှစ်ဖွား

ငွေကြေး အမြောက်အမြား ပိုင်ဆိုင်ရကိန်းရှိသည်။ ထီး၊ ခမောက်၊ ဦးထုပ်စသည့် ဦးခေါင်းထက် အသုံးအဆောင်များ လက်ဆောင်ရတတ်သည်။

စက်အပိုပစ္စည်းများနှင့် ဆက်စပ်၍ ငွေကြေးအမြတ်အစွန်း ရရှိမည်။ အရေပြားတွင် ဖြစ်တတ်သော ဝေဒနာများ ခံစားရတတ်သည်။

▲ မျောက်နှစ်ဖွား



အတွေ့အကြုံ ဗဟုသုတ တိုးပွားသောကာလ ဖြစ်သည်။ မရောက်ဘူးသေးသော နေရာဒေသများသို့ အလည်အပတ်သွားရကိန်း ရှိသည်။

စက္ကူနှင့်အထည်အလိပ်များ အကျိုးပေးသောအချိန်ဖြစ်သည်။ အသည်းနှင့်ပတ်သက်သော ရောဂါများ ခံစားရဖွယ်ရှိသည်။



▲ ကြက်နှစ်ဖွား

စိတ်မချမ်းမြေ့ဖွယ် အနိဋ္ဌာရုံမြင်ကွင်းများ ကြုံဆုံတွေ့မြင်ရတတ်သည်။ စိတ်ပျက် အားလျော့နေတတ်သဖြင့် လက်တွေ့ကျသော လုပ်ငန်းများတွင်သာ အာရုံစူးစိုက်နေသင့်သည်။ သစ်ဝါးကြိမ် သစ်တောထွက်ပစ္စည်းများ အကျိုးပေးလိမ့်မည်။



❂ ခွေးနှစ်ဖွား

မရှိမရှားကာလ ဖြစ်သည်။ နှုတ်မှုလက်မှု အတတ်ပညာများကြောင့် ငွေကြေး တိုတိုတွာတွာ မကြာခဏ ဝင်လာတတ်သည်။

ရွှေငွေလက်ဝတ်တန်ဆာပစ္စည်းများနှင့် ဆက်စပ်၍ ငွေကြေးအမြတ်အစွန်း ရနိုင်သည်။ အမျိုးသားများ လိင်အင်္ဂါဆိုင်ရာဝေဒနာ သတိပြုပါ။

❂ ဝက်နှစ်ဖွား



ရင်ဆိုင်နေရသော အခက်အခဲ ပြဿနာများ ပြေလည် လျော့ပါးသွားမည်။ တစ်နယ်ရပ်ဝေး ရောက်နေသူတို့မှာ ဝမ်းမြောက်စွာဖြင့် အိမ်ပြန်ရောက်ဖွယ်ရှိသည်။

စွမ်းအင်လောင်စာ၊ မီးဖိုဆောင်ပစ္စည်းများနှင့် အကျိုးပေးသောကာလဖြစ်သည်။

**ဤလဉ် က်ဇာတာနိမ့်ပါးနေသူတို့သည်** ကောက်ညှင်းဖြင့်ပြုလုပ်ထားသည့် စားဖွယ်တစ်ခုခုကို သက်လတ်ပိုင်း အမျိုးသမီးတစ်ဦးအား စနေနေ့ နံနက်ပိုင်းတွင် လှူဒါန်းပေးပါ။ အသိုးများလျော့ပါးသွားပါလိမ့်မည်။

*ကြံဆောင်သမျှ အောင်မြင်ကြပါစေ။*

ဟူကျင်းဇီ *(Hu Jin Zhi)*



( ၁ )

ရွှေပေါ်ကျွန်းသာသနာ့နယ်မြေသို့

# ရွှေပေါ်ကျွန်း သာလွှမ်းမြေ

ဖိုးဟိန်း (ကန့်ဘလူ)

**၁၉၉၀ ပြည့်နှစ်၊ ဇွန်လ(၂၄)** ရက်...

ဤနေ့ရက်နှင့် ဤခရီးသည် စာရေးသူ၏ဘဝအား အရွေ့ပြောင်းကြီးတပ်ခု ဖြစ်သွားစေခဲ့သည်။

ကျေးဇူး အထူး...အထူး... ဝင်ရမည့် **ဦးနိုင်ဝင်း(ရွှေဘိုခရိုင်မြို့စာရင်းဦးစီးမှူး)**၏ လက်တွဲ ပြခေါ်ယူမှုဖြင့် ပထမအကြိမ် ပေါ်ကျွန်း စေတော်ဝင်ကျောင်း တော် သာသနာ့နယ်မြေသို့ တောင့်ကြုံခဲ့ စာရေးသူ လိုက်ပါ ခွင့် ရခဲ့သည်။

အရိုးအသား မကွယ်မဝှက် ဝန်ခံ ရှင် ထိုစဉ်က ဘုရားမေ့ တရားမေ့ က အရက်ကို စာရေးသူ ကွန်အကျွံ သောက်ကြူးနေချိန် ၏။

ဤခရီးအပေါ် မွန်မြတ်သော ရေး အသိစိတ်ဖြင့် လိုက်ပါ ခြင်း မဟုတ်ဘဲ ဖဒသန္တရ ဤခရီးတစ်ခုအသွင် ခပ်ပေါ့ပေါ့ သွင်း၍ပြီး နောက်မြီးဆွဲ ခရီးဖော် မယောင်မလည် လိုက်ပါ ခြင်းသာဖြစ်၏။

ဤခရီးတွင် **ဦးနိုင်ဝင်း**က အဖွဲ့ ဆောင်၊ **ဦးမိုလ်(ရွှေဘိုခရိုင် မမြို့တိုင်းစာရေးကြီး)**၊ **ဦးမိုလ်** (နာမည် မမှတ်မိတော့ပါ။) စာရေးသူတို့ ခရီးသွားဖော် ပေါင်း လေးယောက်အဖွဲ့ သည်။





[မှတ်ချက် ။ ။ ဘုရားဖူးလာကြသော ကားများပေါ်တွင် အရက်နှင့် သားငါးများ(ထမင်းချိုင့်ထဲမှ အသားဟင်း) ပါလာခဲ့ပါက ကားစက် ချို့ယွင်းတတ်ကြောင်း၊ ခရီးဖင့်နွှဲ့တတ်ကြောင်းကို ဦးနိုင်ဝင်း ပြောပြ၍ သိခဲ့ရပါသည်။ စာရေးသူ]



www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

### ထူးခြားသော ဘာသာရေးပုံရိပ်များ

ရွှေပေါ်ကျွန်း ရောက်သောနေ့မှာပင် **"ရွှေပေါ်ကျွန်းဆရာတော်ကြီး နေ့လယ်(၁)နာရီတွင် ကန်တော့ခံထွက်မည်"** မင်္ဂလာဦးသတင်း ရလိုက်သည်။ ရောက်မဆိုက် သုတ်ပျာသုတ်ပျာနှင့် ရေမိုးချိုးပြီး ထမင်းကျွေးရုံတွင် သားသတ်လွတ်ဟင်းနှင့် ထမင်းဝင်စားကြသည်။

မြန်မာနိုင်ငံအဝန်း အနယ်နယ် အရပ်ရပ်မှ လာရောက်လှူဒါန်းကြသော ဟင်းသီးဟင်းရွက် အမောက်နှင့် ဆန်အိတ်အပြည့် တင်ထားသော သုံးတန်ကားကြီးများကို ကျွေးရုံအနီး ရိက္ခာကိုဒေါင်တွင် မြင်တွေ့ခဲ့ရသည်။

ထမင်းစားရာတွင် ကြေးဖွန်းကို ညာလက်နှင့်ကိုင်၍ ဟင်းကို ကော်ခပ်သုံးဆောင်ရသော ဓလေ့တစ်ခု(အစဉ်လာတစ်ခု) ရွှေပေါ်ကျွန်း ကျွေးရုံတွင် မြင်တွေ့ခဲ့ရ၏။

ထမင်းစားပြီး **ဓမ္မသာလာဆောင်**သို့ လာခဲ့ကြသည်။ နယ်ပေါင်းစုံမှ ဘုရားဖူးလာကြသော ဧည့်ပရိသတ် ငါးရာနီးပါး ဓမ္မသာလာဆောင်တွင် စုစုဝေးဝေး တွေ့လိုက်ရသည်။ ထိုစဉ်က ရွှေပေါ်ကျွန်း သာသနာ့ရေစီးကြောင်းက အရှိန်အဟုန်နှင့် စီးမြောနေပုံရသည်။

ဆီ, ရေ, ဆွား, ရေမွှေးပုလင်းနှင့် ပုတီးများ စာရေးသူတို့ ဝယ်ပြီး မိမိနာမည်နှင့် မြို့အမည်ကို ပုလင်းများပေါ် ရေးကပ်လိုက်သည်။

ဆရာတော် သီတင်းသုံးမည့် ကုလားထိုင်ရှေ့တွင် စားပွဲခုံများ ဆက်ခင်းထားသည်။ စားပွဲများပေါ် ဆရာတော် သိဒ္ဓိတင်ပေးရန် စားပွဲများနှင့်အပြည့် ဆီ, ဆား, ရေ, ရေမွှေးပုလင်းနှင့် ပုတီးများအား ဘုရားဖူးများမှ ကြိုတင် တင်ထားနှင့်ကြသည်။

စာရေးသူတို့လည်း အများနည်းတူ ဆီ, ရေ, ဆား, ရေမွှေး ပုလင်းများ စားပွဲပေါ် ဝင်ရောက်၍ တင်ထားလိုက်သည်။ မြို့အမည်နှင့် ဘုရားဖူးလာသည့် လူဦးရေ စာရင်းစာရွက်အား ဦးဝင်းနိုင်မှ ဦးသန်းအောင် (ရွှေဘို)ရွှေပေါ်ကျွန်း ဂေါပကလူကြီး လက် ပေးအပ်ခဲ့သည်။

စားပွဲများရှေ့တွင် ထုံးဖြူဖွေးဖွေးနှင့် ဝါးရာဇမတ် ကာထားသည်။ ဝါးရာဇမတ်ရှေ့တွင် အနီရောင် ကတ္တီပါကော်ဇောခင်း၍ လှုံလျှောက်လမ်း ပြုလုပ်ပေးထား၏။

မကြာမတင် ဆရာတော်ကြီး ကြွချီနေရာယူ၍ စားပွဲများပေါ်မှ ပစ္စည်းများကို လက်ဖြင့် ကိုင်တွယ်ပွတ်သပ် သိဒ္ဓိတင်ပေးပြီးနောက် ဦးသန်းအောင်(ဂေါပက)မှ မြို့အမည်များကို အစဉ်တိုင်းခေါ်၍ ဆရာတော်အား လမ်းလျှောက်ပုံစံဖြင့် အနီးကပ် ဖူးမြော်ကြည်ညိုကြရန် မြို့နယ်အသီးသီးမှ ဘုရားဖူးများအား "မိုက်"ဖြင့် ခေါ်နေပါပြီ။

'တောင်ကြီး၊ ပိုးကုတ်၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ ရွှေဘို...'

"ရွှေဘို"ဟု ခေါ်လိုက်သည်နှင့် စာရေးသူတို့ နေရာယူလိုက်သည်။

ဦးနိုင်ဝင်း၊ စာရေးသူ၊ ဦးမိုလ်၊ ဦးမိုလ်သားတို့ ရှေ့ဆင့်နောက်ဆ[င့်] စီတန်းပြီး မြစ်ကြီးနားဘုရားဖူးမျ[ား] နောက်မှ ဝင်ရပ်လိုက်ကြသည်။

ဘုရားဖူး သူထုပရိသတ်ကြ[ီး] ဒိတန်းလမ်းလျှောက်၍ ဆရာတော်[ကြီး]ကြီးအား အနီးကပ် ဖူးမြော်နေ[ကြ]ပါပြီ။

စာရေးသူတို့ရှေ့မှ လူတန်းကြ[ီး]သည် ရှင်လောင်းလှည့်သလို[...] တအိအိနှင့် ရွေ့တိုးလိုက် ရပ်တ[န့်]လိုက်နှင့် ခရီးမတွင်သလို ဖြစ်နေ[...] ဆရာတော်ရှေ့ အမြန်ရောက်[...] ဆန္ဒတွေ စောနေမိပါသည်။

## ( ၃ )

### ပဋ္ဌာန်းဆက်တစ်ခု၏ အထောက်အပံ့

ခြေလှမ်းမှန်မှန်ဖြင့် မြစ်ကြီး[နား] ဘုရားဖူးများနောက်မှာ စာရေး[သူ] တို့ ကပ်လိုက်လာခဲ့သည်။ မြစ်ကြီး[...] နားအဖွဲ့ လွန်သည်နှင့် ဆရာတော်[...] ရှေ့မှောက် ဦးနိုင်ဝင်း ရောက်လ[ာ] သည်။

အသားတော် ညိုမှောင်[...] ခန္ဓာကိုယ်သွယ်လျလျ[...] ကျကျ မျက်နှာနှင့် ထူ[...] မျက်ခုံးအစုံတွင် ဖြူရောင်[...] စွက်နေသည့် မျက်ခုံးမွေး[...] သတိထား တွေ့လိုက်ရ[...] စကားမပြောဘဲ မျက်လွှ[ာ...] ကန်တော့ခံနေ၏။

ဦးနိုင်ဝင်း အနီးကပ် က[...] ပြီး ရှေ့တိုးသွားသည်နှင့် ဆ[...] ရှေ့မှောက် စာရေးသူ ရော[က်...]







[...]သည်။ လက်အုပ်ချီမိုး၍ ဆရာတော် [...] ဖူးမြော်နေခိုက် ဦးနိုင်ဝင်းမှ [စာ]ရေးသူ ပခုံးဆုပ်ကိုင်၍...

'[...]တော်ကတော့ ရွှေပေါ်ကျွန်း [...]ပါဘုရား၊ ဒီကို ငါးခေါက်တိတိ [...]ပါပြီ၊ တပည့်တော်နဲ့ အခု [...]တဲ့ ကန့်ဘလူက အဖြိုးစား [...] ဦးသန်းဖောက်တော့ ခုမှ [...]တာပါ ဘုရား'

[ဟု] ဦးနိုင်ဝင်းမှ ဆရာတော်အား [...]စား လျှောက်တင်လိုက်သည်နှင့် မျက်လွှာချထားရာမှ မထင်မှတ်ဘဲ ဆရာတော် မျက်လွှာပင့်၍ "ရူး"ခနဲ စာရေးသူအား ကြည့်လိုက်သည်။

ဆရာတော့်အကြည့်က သံလိုက်ဓာတ် ပါပုံရသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထ၍ ခေါင်းနားပန်း ကြီးသွားသလားဟု ထင်လိုက်ရ၏။ ဆရာတော်မှ...

'ဦးသန်းအောင် ကန်တော့ခံပြီးရင် ဒီ ဒါယကာကို ကျုပ်ကျောင်း ခေါ်ခဲ့ပါ'

ဟု ယတိပြတ် [...] သဖြင့် စာရေးသူ [...] စာရွက်ပေါ် ဦးသန်းအောင် [...] ယူထားလိုက်သည်။

ထင်မထားသော ဆရာတော် မိန့်မှာစကားကြောင့် စာရေးသူတို့ မှင်တက်မိကာ ဝမ်းသာပီတိများ ဖြစ်သွားခဲ့ကြသည်။

စာရေးသူတို့ ရှောင်ကြဉ်ရေးဌာနဘက် တရွေ့ရွေ့နှင့် ရောက်လာခဲ့သည်။ **အရက်၊ မူးယစ်ဆေးဝါး၊ ခြေလေးချောင်းသား၊ လောင်းကစား** တို့ကို မိမိတို့ ဆန္ဒသဘော အရ ရှောင်ကြဉ်ရန်ဖြစ်သည်။ လုံးဝ မရှောင်လိုလည်း ရသည်။ အတင်းအကျပ် မစေခိုင်း။ မရှောင်လည်း အပြစ်မရောက်။

ထိုစဉ် ဆရာတော်မှ ရှောင်ကြဉ်ရေးကိစ္စပေါ် သစ္စာကြိုးနှင့် ကိုင်တွယ်နေချိန်ဖြစ်၍ ကတိသစ္စာ မျက်ကွက်ချိုးဖောက်သူများ ကြီးလေးသည့် ဘေးဒုက္ခများ ဒက်ထိကျရောက်နေချိန်ဖြစ်၏။

သို့ဖြင့်... စိတ်နိုင်, စိတ်ခိုင်မှ ရှောင်ကြဉ်ရေးလုပ်ငန်းများ လုပ်ရန် သတိပေးစကား အထပ်ထပ်ကို စာရေးသူအား ဦးနိုင်ဝင်းမှ ကြိုတင်၍ စေတနာဖြင့် ပြောထားနှင့်ပါသည်။

မိမိ ရှောင်လိုသည့် အလုံးစုံကို ဖြစ်စေ၊ တစ်မည်, နှစ်မည်ဖြစ်စေ လှူနိုင်သည်။ တစ်လ, နှစ်လ လှူ၍ မရ။ အနည်းဆုံး သုံးလတော့ လှူရမည်။ စိတ်ပြတ်, ကိုယ်ပြတ် ယုံကြည်မှုအပြည့်နှင့် စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

'အူဝဲ...အူဝဲ...အူဝဲ...'

ဟု ကမ္ဘာကြီးကို စတင် နှုတ်ဆက်လိုက်သော မင်္ဂလာရှိသည့် မွေးကင်းစ ကလေးငယ်၏ ငိုသံကို အပျော်လေးတွေဖက်၍ စာရေးသူ ကြားလိုက်ရပါသည်။

ခင်ဆင့်ကို အကြောင်းခံ၍ တစ်ယောက်အစ တစ်ရာအဆုံး... တစ်ဆင့်စကား တစ်ဆင့်နား ဖြစ်လာသည်။ ရပ်ကွက်ထဲမှ အပျိုဗိုက်၊ အအိုဗိုက် မရွေး ဗိုက်ကြီးသည့် မမများ မွေးခါနီးလျှင် ဆရာတော့် ပရိတ်ရေကို လာတောင်းကြသည်။

ထိုစဉ်က ဆရာတော် ရေမန်းအား လက်မလည်အောင် ဒါနပြုခဲ့ရသည်။ ရပ်ကွက်ထဲတွင်မက မြို့ထဲထိ ကောမီးပမာ ခင်ဆင့်၏သတင်း ပျံ့နှံ့သွား၏။ ရွှေပေါ်ကျွန်းအား တစ်စတစ်စနှင့် ရေပန်းစား လူသိများလာခဲ့သည်။

အငြိမ်းစားတောအုပ် ဘဝမှ တစ်ဖြစ်လဲ၍ ဆေးဆရာ ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ ကလေး၊ လူကြီး မျက်စိနာလျှင် ဆားမန်းရေနှင့် မျက်လုံးကွက်လိမ်းပေး၊ ဗိုက်နာဝမ်းနာ ဖြစ်နေပါက ဆီမန်း ဗိုက်မှုတ်လိမ်းပေးခြင်းဖြင့် အပျောက်အကင်းများလာသည်။

အပ(ပယောဂ) မိုလာသော ကလေး၊လူကြီး မကျန် ခေါင်းစေ့၍ ခေါင်းကို ခေါင်းရေမန်းအား လက်ဖြင့် တောက်ပေးခြင်း၊ ပက်ဖျန်းပေးခြင်းဖြင့် ယူပစ်သလို ဝေဒနာများ ပျောက်သွားတတ်သည်။

စာမေးပွဲဖြေမည့် ကျောင်းသားများနှင့် အလုပ်လျှောက်သူများ ရေမွေးမန်းကို လာတောင်းလေ့ရှိ၏။ ခုနစ်ရက်သားသမီးများအပေါ် ဆရာတော် သိဒ္ဓိတင် ပစ္စည်းများနှင့် တစ်ပိုင်တစ်နိုင် ဆေးဒါနကုသိုလ် စာရေးသူ ပြုနိုင်ခဲ့ပါသည်။ ဆရာတော့်ကျေးဇူး အထူး ကြီးမားလှပေသည်။

## (၈)

### ရွှေပေါ်ကျွန်း သစ္စာတော်ခံ

စာရေးသူနှင့် ဆက်နွယ်၍ အချိန်နှင့်အမျှ ကန့်ဘလူမြို့တွင် ရွှေပေါ်ကျွန်းသာဝကများ တိုးတက်ပွားများလာခဲ့သည်။ ထိုခေတ် ထိုအချိန်က ကန့်ဘလူနယ်မှ လူပရိသတ် အတော်များများ ရွှေပေါ်ကျွန်းသို့ အသွားအလာ များလာခဲ့၏။

''ရွှေပေါ်ကျွန်း အကျိုးတော်ဆောင်''အဖွဲ့ကို ခင်မင်နီးစပ်ရာ မိတ်ဆွေများနှင့် စာရေးသူ ဖွဲ့စည်း၍ ဒေသထွက် မျှစ်ခြောက်၊မျှစ်ချဉ်၊ ပဲမျိုးစုံကို လှူကြဲများနှင့် ပါး၍ လည်းကောင်း၊ မန္တလေး၊ရန်ကုန် မဟာဓာတ်အားလိုင်းမှ ရွှေပေါ်ကျွန်းသို့ (၂၄)နာရီ လျှပ်စစ်မီးသွယ်တန်းရာတွင် စုပေါင်း၍ လျှပ်စစ်မီး ကုသိုလ်ဒါနများအား လည်းကောင်း တတ်အားသမျှ ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသည်။

ထိုအချိန်မှ အစပြုကာ ရွှေပေါ်ကျွန်းအောင်မြေ နင်းပြီး ရွှေပေါ်ကျွန်း သစ္စာတော်ခံ၍ ရွှေပေါ်ကျွန်း သားသမီးအဖြစ် စာရေးသူ ခံယူလိုက်ပါသည်။

ရွှေပေါ်ကျွန်းသို့ ဆရာတော် မပျံလွန်တော်မူမီ ဆယ်ခေါက်တိတိ အရောက်သွားခဲ့သည်။ ရောက်စဉ် ရောက်ခိုက် ရွှေပေါ်ကျွန်း သာသနာ့ ဝေယျာဝစ္စများ တတ်အားသမျှ လုပ်ပေးနိုင်ခဲ့သည်။

ကန့်ဘလူမြို့မှ ရွှေနှင်းဆီ ဆေးလိပ်ခုံပိုင်ရှင် ဒေါ်စိန်မေ၊ ကန့်ဘလူခရိုင် ထန်းတပင် ဗိုက်ကျ... မှ ''နှိုး''နှင့်''နှိုးပစ္စည်း'' ရောင်း... ရေးလုပ်ငန်းရှင် ဒေါ်တင်သိန်းတို့... စုပေါင်း၍ ကန့်ဘလူမှ လက်သ... နှင့် ပန်းရန်ဆရာများ ခေါ်သွာ... ဆရာတော်အား ဝါဆိုသင်္ကန်း... ကပ်လှူခြင်း...

ပျက်စီးချို့ယွင်းနေသော ''မိတ္တီ... **လာတည်းခိုဆောင်**''အား မွ... ပြင်ဆင်ခြင်း၊ အဆောင်တွ... လျှပ်စစ်မီး သွယ်တန်းခြင်း... မိတ္တီလာဆောင်၌ တည်းခိုသူ ဘုရ... ဖူးများ သုံးစွဲနိုင်ရန် အုတ်ရေက... ကြီးတစ်လုံးအား စုပေါင်း၍ ရွှေ... ကျွန်းတွင်းကန့်ဘလူမှ လက်သမ... ပန်းရန်ဆရာများနှင့် ကိုယ်ပိုင်... စာရေးသူ တစ်လတိတိ နေထိုင်... စီမံဆောက်လုပ် လှူဒါန်း... ကုသိုလ်ပြုနိုင်ခဲ့ပါ၏။

## (၉)

### ရွှေပေါ်ကျွန်း အလွမ်းပြေ

ဆရာတော်ကြီး သက်ရှိထင်ရှား... ရှိစဉ်က နေရောင်၊လရောင်... ထွန်းလင်းတောက်ပခဲ့သော ရွှေ... ကျွန်း သာသနာ့နယ်မြေ။ ထို... မြေတွင် စာရေးသူ တွေ့ကြုံခဲ့ရ... သော အထူးအခြား ဘာသာ... ပုံရိပ်တစ်ခုကို နှလုံးသာ... မပျောက်မပျက် ယနေ့... ပြက်ပြက်ထင်ထင် စွဲထင်နေ... ဖြစ်၏။

သို့ဖြစ်၍... ဤ''**ရွှေပေါ်ကျွ... အလွမ်းပြေ**'' ဘာသာရေး... စာစုလေးအား လွမ်းမောတသ... ပြန်လည်တူးဆွ ဖော်ထုတ်... ရေးသားလိုက်ခြင်း ဖြစ်ပါသည်...

**ဗိုလ်သန်း(ကန့်ဘလူ)**






# တရုတ်အဘိုးနှင့်

**ဥစ္စာစောင့်မလေး**

...ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် ...ယခင် မင်းများအဆက်ဆက် ...က်ထက်ကတည်းက တည်ထား ...ကိုးကွယ်ခဲ့ကြသော ဘုရားစေတီ ...များ များစွာ ရှိခဲ့ကြပါသည်။ ယနေ့တိုင် တန်ခိုးကြီး ထင်ရှား ...သော ဘုရားများ၊ စေတီ ...ကို ကိုးကွယ်ပူဇော် ကန်တော့ ...သည် ရှေးမင်းများ၏ ...ကျိုး ချမ်းသာမှုများကြောင့် ...တွင်ခဲ့သည့်အတွက် နောင် ...နောက်သားတို့ မြန်မာနိုင်ငံအနှံ့ ဘုရားစုံများကို ဖူးမြော်ကြည်ညို ကန်တော့ခွင့် ရခဲ့ကြပါသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး ပြည်နယ်များအလိုက် မြို့နယ်တိုင်း၊ မြို့နယ်တိုင်းတွင်လည်း ရာဇဝင်တွင်သည့် ဘုရားစေတီပုထိုးများ နေရာအနှံ့တွင် ရှိခြင်းကြောင့် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည်လည်း ယနေ့တိုင် ကိုးကွယ်ပူဇော်ခဲ့ကြရပါသည်။

ဘုရားများ၊ စေတီပုထိုးများ တည်ထားခဲ့ကြသော မင်းများသည် တချို့သော နေရာဒေသများတွင် ဘုရားစေတီကြီးများကို စောင့်ရှောက်ရန်အတွက်နှင့် ဘုရားများတွင် ဝေယျာဝစ္စ ဆောင်ရွက်ရန်





www.burmeseclassic.com

www.burmeseclassic.com

ရွာများမှ လူတချို့ကို ဘုရင့်
အမိန့်ပေး၍ ပြုပြင်ကြည့်ရှုရန်
ဘုရားမှာ လှူထားခဲ့သည့်
ရွာနှင့် လူများလည်း
ရှိခဲ့ဖူးပါသည်။

ဘုရားများ တည်ထားကိုးကွယ်ရာတွင်လည်း အထွတ်အမြတ်ထားရာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဘုရားထီးတော်တို့တွင် အလွန်အဖိုးထိုက်တန်သော စိန်ရွှေရတနာ ကျောက်သံပတ္တမြားများကို ပူဇော်ခဲ့ကြသလို ဘုရားတွင်ထည့်၍ ဌာပနာ ပူဇော်ထားရာတွင်လည်း ရှေးဘုရားများ၏ အသုံးအဆောင်များ လှူဒါန်းထားသည့် ရတနာပစ္စည်းများ စသည်ဖြင့် ရှေးဟောင်းအမွေအနှစ်များကို ထည့်၍ ဌာပနာပြီး တည်ထားကိုးကွယ်ခဲ့ပါသည်။

ဤကဲ့သို့ ဘုရားကြီး,စေတီကြီးတွေကို အစစအရာရာ ကြည့်ရှုစောင့်ရှောက်၍ ဝေယျာဝစ္စ အလုံးစုံကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည့် လူများ ရှိခဲ့ကြသလို... ဘုရားပိုင်ပစ္စည်း အဖိုးတန် ရွှေငွေရတနာ ကျောက်သံပတ္တမြားတွေကို စောင့်ရှောက်ကြကုန်သော မမြင်နိုင်သည့် သူတော်ကောင်း ပုဂ္ဂိုလ်များလည်း ရှိခဲ့ကြပါသည်။

နောင်သောအခါ ပွင့်ပေါ်လာမည့် ဗုဒ္ဓဘုရားများကို ပထမဆုံး ရွှေငွေ ကျောက်သံပတ္တမြား ရတနာပစ္စည်းမျိုးစုံ စီခြယ်ထားသည့် ရွှေပလ္လင်တော်၊ ရွှေကျောင်းတော်နှင့် ရွှေဗိမာန်ကြီးများကို ဆောက်လုပ်လှူဒါန်းရန်အတွက် ဗုဒ္ဓဘုရားရှင် ပွင့်ပေါ်လာမည့် အချိန်ကို စောင့်မျှော်ကြိုလင့်နေကြသည့် ပစ္စည်းဥစ္စာ ရတနာတွေကို စောင့်ရှောက်နေကြရသည့် ''ဥစ္စာစောင့်''များ ရှိခဲ့ပါသည်။

တန်ခိုးကြီး၍ ထင်ရှားကျော်စောသော ဘုရားစေတီပုထိုးများ မြောက်မြားစွာတို့ ဆောက်လုပ်လှူဒါန်းရန်အတွက် မြတ်စွာဘုရားရှင် ပွင့်တော်မူသည်အထိ စောင့်ကြိုဖူးမြော်နေကြသည့် ဥစ္စာစောင့်များ ဖြစ်ကြပါသည်။

**မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရပြီးနောက် (၁၀)နှစ်အကြာ ၁၉၅၈ အချိန်ခန့်** တရုတ်ပြည်မကြီးမှ ''ကိုနင်ကွမ်း''တစ်ယောက် မြန်မာနိုင်ငံက ဆွေမျိုးများရှိရာ အလည်အပတ် ရောက်ရှိလာရာ ရေမြေစီးပွားရေး ကောင်းမွန်သည်ကို တွေ့ရှိရသဖြင့် တရုတ်ပြည်မကြီးသို့ မပြန်တော့ဘဲ မြန်မာနိုင်ငံမှ တရုတ်ကပြားမလေးနှင့် အိမ်ထောင်ကျကာ မြန်မာနိုင်ငံတွင် နေထိုင်



လာခဲ့ပါတော့သည်။ စီးပွားရေး နားလည်သော ကိုနင်ကွမ်းသည် တောင်ငူမြို့သို့ ပြောင်းလာ ကာ ကုန်သည်ကြီး လမ်းတွင် အိမ်ဝယ် မိမိတတ်ထားသော စက်ချုပ်ပညာနှင့် **''ဗုဒ္ဓ ကမ္ဘာလုံးအပ်ချုပ်ဆိုင်''**ဟု အမည်ပေးကာ အင် ဘောင်းဘီ,ကုတ်,အနွေးထည် တရုတ်နိုင်ငံမှ ပုံစံအတိုင်း ချုပ်လုပ်ရာ နာမည်ကြီးပြီး တပည့်များနှင့် ဆိုင်ခွဲများပင် တိုးတက်ခဲ့ပါသည်။

ကိုနင်ကွမ်းက လောဘမကြီး မိမိအိမ်မှ ဆိုင်မှာပဲ ချုပ်နေပါသည်။ တပည့်တွေကသာ ပညာတတ်၍ ဆိုင်ခွဲကာ တည်ထောင် လာခဲ့ကြပါသည်။

ကိုနင်ကွမ်းက မြန်မာ ဗုဒ္ဓဘုရားများကို အလွန်ကြည်ညိုပြီး အိမ်တွင်လည်း ဆွမ်းလောင်း၊ ဘုန်းကြီးများကို နံနက်တိုင်း ဆွမ်းလောင်းလှူ သည်။

ဦးပဥ္ဇင်းတစ်ပါးမှ တရုတ်ဖြစ် ဘုန်းကြီးများ,သံဃာများကို ကွ မှုမရှိ စေတနာသဒ္ဓါ ထက်သန်သ ကိုသိ၍ ပုတီးတစ်ကုံးပေးပြီး နံနက် တိုင်းနှင့် ညအိပ်ရာဝင်တိုင်း ဘုရား ကိုကန်တော့ **''ဘဂဝါ''**ဟု ဆို ပုတီးစိပ်ခိုင်းပါသည်။ ကိုနင်ကွမ်း လည်း ''ဘုရား''ဟူသော ''ဘဂဝါ'' တစ်ခုတည်းကို အာရုံစိုက်ကာ မြဲမြဲ ပုတီးစိပ်ပါသည်။

သည်လိုနှင့် ရက်မှလ၊ လမှ နှစ်





သို့တိုင်ရောက်ပြီး တရုတ်ကြီး **''ဦးနင်ကွမ်း''**ဘဂဝါ ပုတီးကတော့ မပြတ်ခဲ့ပါ။ နံနက်တိုင်း လမ်းလျှောက်ရင်း ရွှေဆံတော်ဘုရားကြီးသို့သွား၍ ဘုရားကန်တော့ပြီး ပုတီး မြဲမြဲစိပ်လေ့ ရှိပါသည်။

နံနက်(၅)နာရီ ဘုရားသို့ သွား၍ နံနက်(၇)နာရီတွင် ဘုရားမှပြန်ဆင်းလာပြီး အိမ်တွင် စက်ဆိုင်ပြန်ဖွင့်ပါသည်။ တရုတ်ကြီး ဦးနင်ကွမ်း၏ နေ့စဉ်နေ့တိုင်း အလုပ်ဖြစ်နေပါတော့သည်။

သမီးတစ်ယောက်၊ သား တစ်ယောက် ရသည့်တိုင် အလှူ ဒါနကို မလျှော့ဘဲ ဇနီးသည်နှင့် ရွှေဆံတော်ဘုရားသို့ အမြဲသွားကာ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်း ပို့နေကျ ဖြစ်ပါသည်။

တောင်ငူမြို့ရှိ ရွှေဆံတော်ဘုရားကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘေးဘက် အရပ်မျက်နှာများတွင် ဘုန်းတော်ကြီးကျောင်းများ ရှိနေ၍ နံနက်တိုင်း တရားသံတွေ လွှမ်းမိုးနေကာ အလွန် ကျက်သရေ မင်္ဂလာရှိစွာ သာယာစည်ဝေနေပါသည်။

ဘုရားကုန်းတော်၏ အောက် ပတ်ပတ်လည်မှ နံနက်(၄)နာရီ ထိုးသည်နှင့် အုန်းမောင်းခေါက်သံ၊ ကြေးစည်သံ၊ ကြေးမောင်း ဘုရားဝတ်တက်သံ၊ တရားသံများ လွှမ်းမိုးနေပါသဖြင့် အင်မတန် ကြည်နူးမိပါသည်။

ဦးနင်ကွမ်းတစ်ယောက် ဘုရား၏ အရှေ့မုခ်စောင်းတန်းမှ အမြဲတက်ခဲ့ပြီး ပထမဆုံး ဘုရားကိုးဆူ



တွင် ဝတ်ပြုကန်တော့ကာ**''ဘဂဝါ''** ဟူသော မိမိတတ်သည့်အတိုင်း ပုတီးစိပ်လေ့ ရှိပါသည်။

တရုတ်အဘိုး ''ဘဂဝါ''ဆိုသော ''ဘုရား''မှတစ်ပါး သူ ဘာမှမသိပါ။ နံနက်(၅)နာရီတွင် ဘုရားတက် ကန်တော့ ပုတီးစိပ်ပြီး နံနက်(၇) နာရီပြန်ကာ စက်ဆိုင်ဖွင့်ပါတော့သည်။ ပတ်ဝန်းကျင်မှ ဆိုင်နီးချင်းများက ''ဦးနင်ကွမ်း''ဟု မခေါ်ဘဲ **''သူတော်ကောင်းကြီး''**ဟု အမြဲခေါ်ကြပါသည်။

တရုတ်အဘိုးသည် လောဘ, ဒေါသ,မောဟလည်းမရှိ စိတ်လည်း မဆိုးတတ်၊ မိသားစုများအပေါ်တွင်လည်း တစ်ခါတလေမှ ဆူပူကြိမ်းမောင်း ရိုက်ပုတ်ဆဲဆိုမှုမျိုး မရှိပါ။ ဗမာစကားလည်း ကောင်းကောင်း မတတ်ပါ။ စက်ချုပ်သော အလုပ်နှင့် ဘုရားသာ အာရုံထဲ ရှိပါသည်။

တစ်နေ့မှာတော့ တာဝန်မပျက် ဝတ်ပြုမပျက် မနက်(၅)နာရီ ဘုရားစောင်းတန်း အရှည်ကြီးအတိုင်း လာပြီး ကုန်းတော်ပေါ်သို့ အတက် လှေကားထစ်များအရောက်...

'အဘ ရောက်လာပြီလား'

ဟုမေး၍ နှုတ်ဆက်သည့်အတွက် လှမ်းကြည့်လိုက်ပြီး...

'အေး...အေး...လာပြီ သမီး'

ဟု ပြန်ပြောလိုက်ပါသည်။

အိမ်ပြန်ရောက်တော့ ဇနီးဖြစ်သူကို...

'အလွန်ချောမောလှပတဲ့ သမီးတစ်ယောက်၊ ဆံပင်ကလဲ အရှည်ကြီးနဲ့၊ အနံ့ကလဲ မွှေးကြိုင်နေတာပဲ။ ဘုရားပေါ်ထိ လိုက်ပို့ပြီး ဘုရားကန့်တော့နေမှ ဘယ်ကို ထွက်သွားမှန်း မသိဘူး၊ ပျောက်သွားတယ်။ အနံ့တွေက မွှေးကြိုင်ပြီး ဘုရားခန်းမှာ ကျန်ခဲ့တယ်'

ဟု ပြောပြခဲ့ပါသည်။

ဒီလိုနှင့် နောက်တစ်နေ့ နံနက်(၅)နာရီ ဘုရားရောက်တော့ မနေ့က သမီးလေး၊ တစ်ယောက်တည်း မဟုတ်တော့ဘဲ အမျိုးသမီးလေး နှစ်ယောက် စောင်းတန်းထိပ် ဘုရားကုန်းအထက်မှာ စောင့်ကြိုပြီး...

'အဘ ရောက်လာပြီလား'

ဟု မေးမြန်းပါသည်။

တရုတ်အဘိုးကလည်း...

'အေး...အေး...သမီး'

ဟု ပြန်ပြောပြီး အတူတူ ဘုရားပေါ်သို့ တက်ခဲ့ကြပါသည်။

ဘုရားပေါ် ရောက်သည်နှင့် သူတို့လည်း ပျောက်ပျောက် သွားကြတာပဲ။ ဒီတော့မှ ဇနီးသည် ပြောသောစကား မှန်နေမှန်း သိလာပါတော့သည်။

'ဦးနင်ကွမ်း ဘုရားမှာ ဥစ္စာစောင့်ဆိုတာ ရှိတယ်၊ လူတိုင်း သူတို့နဲ့တွေ့လို့ မရဘူး။ သီလ,သမာဓိ,သဒ္ဓါရှိပြီး စိတ်ထား

www.burmeseclassic.com

ဖြစ်ချင်သန့်ရှင်းတဲ့ လူပုဂ္ဂိုလ်တွေပဲ တွေ့ရတာ။ မကောင်းတဲ့ လူတွေဆို မတွေ့ရဘူး။

ဘုရားပိုင် ရတနာပစ္စည်းတွေကို လှူဖို့ စောင့်ရှောက်ပြီး လောဘတက်တဲ့လူတွေ မသိအောင် ကိုယ်ယောင် ဖျောက်နေကြရတဲ့ အစောင့်အရှောက်တွေနဲ့ လူတို့ မမြင်နိုင်တဲ့ သူတော်ကောင်းပုဂ္ဂိုလ်တွေ ဖြစ်တယ်'

တရုတ်အဘိုး ဦးနင်ကွမ်းတစ်ယောက် **"ဘဂဝါ"** တစ်မျိုးတည်းသာ တတ်ပြီး **"ဘဂဝါ"**ဟူသော "ဘုရား"ကိုသာ အာရုံပြု၍ နေ့ဟိုင်း ဘုရားမှာ လာပုတီးစိပ်မြဲ ဖြစ်ပါသည်။

ဥစ္စာစောင့်မလေး များကလည်း လှူသူတော်ကောင်းကြီးကို နေ့တိုင်း မနက်တိုင်း ကြိုဆို၍ နှုတ်ဆက်မြဲ ဖြစ်ပါသည်။ စောင်းတန်းမှ ဘုရားထဲထိ လိုက်ပို့နေကျ ဖြစ်ပါသည်။

ရွှေဆံတော်ဘုရားကြီးတွင် ယနေ့တိုင် တကယ်ရှိနေကြသော ဥစ္စာစောင့်များ ဖြစ်ပါသည်။ ဘုရားကို အလွန် ကြည်ညိုသဒ္ဓါပွားပြီး "ဘဂဝါ"တစ်မျိုးတည်းကိုသာ စွဲစွဲမြဲမြဲ ပုတီးစိပ်တတ်ခဲ့သည့် တရုတ်အဘိုး ဦးနင်ကွမ်းတစ်ယောက် အသက်(၈၅)နှစ်မှာ ကွယ်လွန်အနိစ္စရောက်၍ ဘဝတစ်ပါးသို့ ပြောင်းသွားရပါပြီ။

ရန်ကုန်မြို့ရှိ ဆွေမျိုးများက တောင်ငူမြို့ တရုတ်သချိုင်းတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ကြပါသည်။

ထူးဆန်းသည်က တရုတ်အဘိုးကြီး ဦးနင်ကွမ်း၏ အလောင်းကို အိမ်တွင် (၃)ရက်ထားရာ လုံးဝ မပုပ်မသိုး၊ အနံ့မထွက်၊ အရည်မထွက် ဘာစော်မှ မနံဘဲ ကန်တော့ထားသော သစ်သီးမျိုးစုံ အနံ့နှင့် အမွှေးတိုင်နံ့များသာ ထွက်နေပါသည်။

**တရုတ်အဘိုး၏ ခန္ဓာကိုယ် ခြေထောက်တွေ လက်တွေ ဒူးတွေ ခေါင်းတွေ အားလုံးဟာ ထူးဆန်းစွာ သေသွား၍ အေးစက် တောင့်တောင့်ကြီး ဖြစ်မနေဘဲ ကွေး၍ ဆန့်၍ မျှ၍ လှုပ်၍ လူကောင်းပကတိ အိပ်နေသကဲ့သို့ ပျော့ပျော့ပျောင်းပျောင်းလေး ဖြစ်နေခြင်းပင် ဖြစ်ပါသည်။ ထူးဆန်းစွာ ကိုယ်ခန္ဓာတစ်ခုလုံး အေးခဲတောင့်၍ မနေဘဲ ပျော့ပျောင်းနေခြင်းပင်။**

မြန်မာစကားကို အလုံးစုံ မတတ်သော်လည်း ဘုန်းကြီး သင်ပေးလိုက်သော **"ဘဂဝါ"** တစ်မျိုးတည်းနှင့် ဘုရားကို အာရုံပြု၍ ပုတီးစိပ်တတ်သော ဦးနင်ကွမ်းတစ်ယောက် တရုတ်ဘိုးတော်ကြီး သူတော်ကောင်းတို့၏ဗိမာန် ကောင်းရာသုဂတိ နတ်ဘုံနတ်နန်းသို့ ရောက်သွားရပြီ ဖြစ်ပါသည်။

ဥစ္စာစောင့်မလေးများက စောင့်ရှောက်၍ စကားပြောခဲ့သော တရုတ်အဘိုး "ဦးနင်ကွမ်း သူတော်ကောင်းကြီး" မြင့်မြတ်သော ကောင်းကင်ဘုံသို့ ရောက်ပါစေ။

**ဒါန, သီလ, ဘာဝနာ ပွားများကာ ကုသိုလ်အထူးရကြပါစေ...**

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဦးဌေးမြင့် *(TC–ငြိမ်း)***
**ကျောက်မြောင်း**


○ စာရှုသူ

သုတေသီနှင့်

ပညာရှင်

ဆောင်းပါးရှင်တို့ ခင်ဗျာ

၂၀၁၈ ခုနှစ်

ဇူလိုင်လထုတ်သည့်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

(၃၂)နှစ်ပြည့် အမှတ်တ

အထူးထုတ်လ ဖြစ်ပါသည်

သို့ဖြစ်၍ မည်သူမဆို

ပါဝင်ရေးသားနိုင်ပါကြော

အသိပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း

စာတည်းချုပ်

နက္ခတ္တရောင်ခြည်မဂ္ဂ

အမှတ် ၂၁၀–(ပထမထ

၂၉–လမ်း၊ ပန်းဘဲတန်းမြို့

ရန်ကုန်မြို့။ ဖုန်း–

၀၉–၇၇၆၃၄၉၇

၀၉–၄၄၃၂၅၇၂၂




လွမ်းမိသည့်တည့်

# လွမ်းမိသည်

သီလ (ရေတံခွန်တောင်)



[ ၁ ]

နတ်တော်လပြည့်။

ရေတံခွန်တောင်ဘုရားပွဲ။

နှိုကတည်းက ရှမ်းရိုးမတောင်ကြား လေတွေကြောင့် အေးနေရတဲ့အထဲ ဆောင်းကာလဖြစ်ပြန်လို့ တုံနေအောင်ကို အအေးဒဏ် ခံနေရပါတယ်။

[ ၂ ]

ဘုရားက ရေတံခွန်တောင်ထိပ်မှာ မင်းရှင်စောတည်ထားခဲ့တာ ဖြစ်ပါတယ်။ ကိုးတောင်ပြည့်စေတီ ဖြစ်ပါနိုပါ။

ဒါကို ရေတံခွန်တောင်ဆရာတော်ကြီး လက်ထက်ကျ ဆရာတော်ကြီးရဲ့ ညွှန်ပြချက်နဲ့ သိလာကြပြီး ဟိုလူက ပျက်စီးနေတဲ့ အဲဒီဘုရား ပြင်ချင်၊ ဒီလူက ဘုရား ထီးတင်ချင်နဲ့ ဖြစ်နေကြတယ်။

ဆရာတော်ကြီးက...

'မဟုတ်ဘူးကွယ့်'

နဲ့သာ ပယ်ချပစ်နေရတယ်။

ဒီလိုတွေ နောက်မှာတော့ ကိုစိန်ကြိုင်ဆိုသူ လူငယ်တစ်ယောက် ကျောင်းရောက်လာတော့တယ်။

သူ့ကို ဆရာတော်ကြီးရဲ့ တပည့်တစ်ယောက်က



www.burmeseclassic.com



အိမ်နီးနားချင်းမို့ ဆရာတော့် ဖူး,ဖူးအောင်ခေါ်လာတဲ့ သဘောပါ။ အဲဒီမှာ အဲဒီလူငယ် ကျောင်းပေါ် တက်လာတော့သာ...

'ဘုရားအကာ လာပြီဟေ့'

လို့ ဆရာတော်ကြီးက ဆီးမိန့်တော့တယ်။

နောင်တော့လဲ...

'မင်း ဘုရားပြင်'

နဲ့ တောင်ထိပ်ဘုရားကို ညွှန်ပြီး အမိန့်ချတော့တယ်။

ပြင်တဲ့အခါမှာလဲ ဌာပနာတိုက်ကို လုပ်တော့မယ့်အခါ ဆရာတော်ကိုယ်တိုင် ကြီးကြပ် ဌာပနာထုတ်ယူ၊ ဌာပနာတိုက်ဟောင်းပြင် ချက်ချင်း ပြန်ထည့်နဲ့...လုပ်တယ်။

**အဲဒီမှာ ညောင်ရွက်နောက်ခံ ညာတင်ကုပ်လေးရာနဲ့ တခြားပစ္စည်းတွေ တွေ့ရပြီ၊ ညာတင်ကုပ်တစ်ခုက ပြိုပြီးသားလို့ ဆရာတော်က မိန့်ဆိုခဲ့ပါတယ်။**

ဘုရား ထီးတင်တဲ့အခါမှာလဲ ထီးတင်တဲ့နေရာ တောင်ထိပ်ကြီးမှာကို ရေတွေ ပန်းထွက်လာလို့ အခုထိ ရေတွင်း လုပ်ထားရပါတယ်။

အဲဒါ ကိုစိန်ကြိုင် ပြင်လိုက်တာကလဲ နှစ်ဆယ့်ခုနစ်တောင်လောက် ဉာဏ်တော် ဖြစ်သွားတယ်။

အဲဒီဟာတွေပြီးလို့ ကြာမှ ကျွန်တော်က ကျောင်းရောက်တော့တာ။ ကိုစိန်ကြိုင်နောက် ရောက်တာလဲဖြစ်၊ နောက်ဆုံးတပည့်လဲဖြစ်တဲ့ ကျွန်တော်ပါ။

တစ်ခါမှာတော့ ဆရာတော်ကြီးက ကျွန်တော့်ကို

'စိန်ကြိုင်က မင်းရှင်စောအဆက်ကွ'

နဲ့ မိန့်ခဲ့တယ်။ **မင်းရှင်စောဘဝက လာတဲ့သူ**ပေါ့လေ။

ကိုစိန်ကြိုင်က ဘုရားပြင်ပြီးကတည်းက ဒီနေ့အထိ နတ်တော်လပြည့်နေ့တိုင်း ဘုရားပွဲ လုပ်နေတော့တာပါ။

ခုအခါမှာတော့ လပြည့်လကွယ်ညတွေမှာ အဲ ဘုရားစေတီဆီကနေ **ပတ္တမြားမျက်ရှင် ပေါ်ထွက်ပျံသန်းနေတာက** အထူးအဆန်း ဖြစ်နေရတယ်။

[ ၃ ]

ဆရာတော်ကြီး ရှိစဉ်ကတော့ ဘုရားပွဲနေ့ မနက်စောစော အရုဏ်တက်မှာ လက်တင်ကုလားထိုင်ကြီးနဲ့ ဆရာတော့်ကို လူလေးယောက် အလှည့်ကျ ထမ်းပြီး တောင်ပေါ် ပင့်ကြရတာပါ။ အဲဒီတုန်းက တောင်ပေါ် ကားလမ်း မပေါက်သေးဘူး။

မနက်စောစော တဖျောဖျော ကျနေတဲ့ ရေတံခွန်တော ကနေ မြူတွေ,နှင်းတွေထဲ တိုးပြီး တောင်ပေါ်တက်ရတာက နတ်ပြည်ကို သွားနေရသလိုပါပဲ။ တောင်မှာ ကလဲ ထုံအီအီ မွှေးလို့။

တောင်ပေါ်မှာက ညကတည်းက ကြိုတင် ချက်ပြုတ် ပြင်ဆင်စောင့်နေတဲ့ ဒကာ,ဒကာမတွေက စောင့်ကြိုလို့ ပင့်သံဃာတွေ တဖွဲဖွဲ ကြွလို့...လာလို့။

[ ၄ ]

အခုတော့ ဆရာတော်ကြီး မရှိတော့ဘူး။

တောင်ပေါ်ဘုရားဘေး မလှမ်းမကမ်းမှာ တည်ထားတဲ့ ဆရာတော်ကြီးရဲ့ ဂူဗိမာန်နဲ့ ကြေးသွန်းရုပ်ထုကြီးကသာ ငြိမ်သက်လို့။

တောင်ကျရေတွေလဲ ခြောက်ခန်းလို့။

တောင်ပေါ်ဝါးရုံတောတွေလဲ ပျက်သုဉ်းကုန်ပြီ၊ စမ်းရေခန်းလို့ ပန်းရနံ့တွေလဲ မမွှေးနိုင်တော့ပါဘူး သံဝေဂသာ ရနေမိပါတော့တယ်။

**သီလ(ရေတံခွန်တောင်)**





မမေ့နိုင်သည့်

မှင်

# ညတစ်ည

...ခဲ့သည့် နှစ်လယ်လောက်တွင် ကျွန်မသည် ...တရက် ဆေးရုံတက်ရပါသည်။ အဖြစ်က ကျွန်မ ...ရှုံးသွေးကြောကျဉ်းရောဂါ အခံကြောင့် အသက် ...လာသည်။

...က်သာနိုးနှင့် နေရင်း မခံရပ်နိုင်သဖြင့် ဆေးရုံသို့ ...ခြစ်သည်။ အချိန်က (၁၀)နာရီကျော်စ ဖြစ်သော်လည်း မိုးအုံ့မှိုင်းနေသဖြင့် လူခြေ တိတ်ဆိတ်နေသည်။

ဆေးရုံမှာ လိုအပ်သည်များ စစ်ဆေးခံယူပြီး ဆေးထိုးဆေးသွင်းရင်း တစ်ည ဆေးရုံတက်ရသည်။

ကျွန်မသည် ဆေးပိုက်သွင်းထားသည့်က တစ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း။ ညညအိပ်မပျော်တတ်သည်က တစ်ကြောင်း ကြောင့် ဆေးရုံတွင် အိပ်မရ ဖြစ်နေပါသည်။

ညသည် တဖြည်းဖြည်း နက်လာသည်။ လူနာနှင့် လူနာစောင့်များ အိပ်မောကျလောက်ပြီဖြစ်သည်။ အရာအားလုံးက တိတ်ဆိတ်ငြိမ်သက်နေသည်။

သမီးက ဘေးမှ အိပ်ပေးနေသဖြင့် လှုပ်ရှားခြင်း မပြုဘဲ ပဋ္ဌာန်းနှင့် ပရိတ်တော်များကို ပါးစပ်လှုပ်ရုံ ရွတ်ပွားနေမိပါသည်။

ဆေးရုံ လူနာဆောင်က နှစ်ထပ်ဖြစ်ပြီး အမျိုးသမီး၊ အမျိုးသားဆောင်နှစ်ခု တောင်ဘက်၊မြောက်ဘက် တွဲလျက် အလယ်မှာ လှေကားဖြင့် ခြားထားပါသည်။

လူနာဆောင် ဝင်ပေါက်တံခါးမကြီးနှင့် မျက်စောင်းထိုးမှာရှိသည့် အဆောင်ထိပ်မှာ ကျွန်မ နေရပါသည်။ ကျွန်မခုတင်က အဆောင်တံခါးပေါက်နားမှာ ရှိပါသည်။

ကျွန်မတို့အညာက မိုး တစ်ပေါက်၊ နှစ်ပေါက် ရွာလျှင် မိုးအုံ့လျှင် လေအေးတိုက်ပြီး ချမ်းအေးတတ်သည်။

လေအေး တိုက်လွန်းသည်ကြောင့် အေးလာသဖြင့် မအိပ်မီ သမီးက တံခါးတစ်ခြမ်း ပိတ်ထားသည်။ ဖွင့်ထားသည်ဘက်က လေအေးတဖြူးဖြူး ဝင်နေသည်။

အချိန်က သန်းခေါင်ကျော်လောက်ရှိမည် ထင်ပါသည်။ သည်အချိန်မှာ လူနာဆောင် ရှေ့တစ်ဝိုက်မှာ ခွေးအူသံတွေ ထွက်ပေါ်လာပါသည်။

ပရလောကသားတွေက နေရာမရွေး ရှိနေမည် ဖြစ်သော်လည်း ဆေးရုံဆိုသည်က သိကြသည့်အတိုင်း နာနာဘာဝတွေ ပေါများတတ်သည်လေ။

ခွေးတွေက ဘယ်က ထွက်လာသည်မသိ ဆွဲဆွဲငင် ငင်နှင့် အူနေသည်က ချောက်ချားစရာပင်။

လူ့စိတ်က ဆန်းကြယ်သည်။ မကြောက်ဘူးဟု မဆိုသာသော်လည်း ဟိုနားသည်နားက မည်းမည်း သဏ္ဌာန် မြင်လာမည်လား၊ အပုပ်နံ့များရမလားဟု မျက်စိဖြင့် လှမ်းမြင်နိုင်သမျှ ကြည့်မိသည်။

အကာလ တိတ်ဆိတ်သည့် ညဉ့်၏ ခွေးအူသံက အသည်းငယ်စရာ ကောင်းသော်လည်း ကြက်သီး ထခြင်း မရှိပါ။ လူနာဆောင် အပြင်ဘက်တွင် မီးတွေ ထိန်လင်းနေသော်လည်း လူနာဆောင် တံခါးမကြီးက သံဘာဂျာတပ်ထားသည့်အပြင် တစ်ဆက်တည်း အုတ်ခံထားသည့်အပေါ်ရှိ သံဆန်ခါများသည် ဘေး စောင်းမြင်နေရ၍ အပြင်ကို ကောင်းစွာ မမြင်ရပါ။

မကြံ့ဘူးပေမယ့် နာနာဘာဝဆိုသည်က ရိပ်ခနဲမြင် အောင် ပြတတ်သည်ဟု သိထားသဖြင့် လူ့သဘာဝ အတိုင်း ကြည့်မိခြင်း ဖြစ်ပါသည်။ မည်သည့်အရိပ် အယောင်မျှ မမြင်ရပါ။

ကျွန်မလည်း အပြင်ဘက်ကို မှန်းပြီး ပြုသမျှ ကုသိုလ် အဖို့ကို အမျှပေးဝေလိုက်ပါသည်။ တိတ်ဆိတ်နေသဖြင့် အသံမထွက်ဘဲ အမျှပေးဝေခြင်း ဖြစ်ပါသည်။

ခဏအကြာမှာ ရှူးရှသည့် အမွှေးနံ့သည် လေအေး နှင့်အတူ တံခါးပေါက်မှ ဝင်လာပါသည်။ ပေါင်ဒါနံ့လိုလို ခေါင်းလိမ်းဆီလိုလိုနှင့် မွှေးကြိုင်သည့် ရနံ့သည် ကြိုင်လှိုင်နေသဖြင့် တစ်ခန်းလုံး အနံ့ ရနိုင်လောက် သည်။

တဖြူးဖြူးတိုက်နေသည့် လေအေးနှင့်အတူ ရှူရှိုက် မိသည့် အမွှေးနံ့သည် တော်ရုံနှင့် မပျောက်ပါ။ အတော် ကြာသည်ထိ လေက သယ်ဆောင်လာပါသည်။ တိတ်ဆိတ်အေးမြသော ညတွင် ရှူရှိုက်ရသည့် ရနံ့ သည် အေးချမ်းနေပေသည်။

ကျွန်မသည် တောင်ဘက် အမျိုးသားအဆောင်မှ ဖြတ်လာသည်လား၊ သို့မဟုတ် သည်က ဖြတ်သွား သလားဟု မီးလင်းနေသော စင်္ကြံတစ်လျှောက် ကြည့် သော်လည်း မည်သည့်အရာမျှ မတွေ့ရပါ။

တကယ်တော့ သည်အချိန်ကြီးမှာ မည်သူမျှ အမွှေး နံ့သာလိမ်းကျံမည် မဟုတ်ပါ။ ကျွန်မ မစဉ်းစားမိခြင်း သာ ဖြစ်သည်။ စိတ်ထဲ ရှိုးရှင်းနေသည်။

နံနက်ရောက်၍ သမီးကို ညက ခွေးအူပြီး ခဏအကြာ အမွှေးနံ့တွေ ထုံလာသည်ဟု ပြောသည့်အခါ သမီးက ဘာအမွှေးနံ့မျှ မရပါဟု ဆိုပါသည်။

ကပ်အိပ်နေပြီး မည်သည့်အမွှေးနံ့မှ မရသည်မှာ အံ့သြမိရင်း ကျွန်မ သဘောပေါက်သွားပါသည်။ တစ် တစ်ယောက်၏ အသိပေးမှု ဖြစ်ပေမည်။

ဆေးရုံတွင် လူနာစောင့်ခဲ့သည့် ရက်များစွာ ရှိခဲ့သော် လည်း သည်အဖြစ်မျိုး သည်တစ်ခါပဲ ကြုံဖူးပါသည်။

မြင့်





သာဂဒွေး
(ကသာမြေ)

# ရတနာရွှေသိုက်

...ရွှေ ငွေ, ကျောက်သံပတ္တမြား ...ကို ရတနာတစ်ပါးဟု ခေါ်ဆိုကြ ...။ သားသမီးများ ထွန်းကား ...''ရတနာ''ဟု ခေါ်ကြပြန်သလို ဆင်ရတနာ၊မြင်းရတနာ စသည်ဖြင့် ''ရတနာ''ဟု ခေါ်သော အရာအား လုံးသည် လူတို့ တန်ဖိုးထားရာ မြင့်မြတ်သောပစ္စည်းများ ဖြစ်သည်။

အစုလိုက်၊ အပုံလိုက် ရှိနေလျှင် ''သိုက်''ဟု ခေါ်ကြသည်။ ရွှေသိုက်၊

BA. June, 2018.



www.burmeseclassic.com

www.burmeseclassic.com

ငွေသိုက်၊ ဓာတ်သတ္တုသိုက် စသဖြင့် ပြောကြလျှင် အလွန် ပေါများသော နေရာဟု သတ်မှတ်ကြတော့သည်။

စာရေးသူသည် တောင်သူမျိုးရိုးမှ မွေးဖွား ကြီးပြင်းလာသော်လည်း စိတ်ဝင်စားစရာဆိုလျှင် စူးစမ်းလို စိတ်က အချိန်နှင့်အမျှ ရှိနေတတ်သည်။

စာရေးသူ ငယ်စဉ်က ဘကြီးမျိုး တို့အိမ်တွင် အနေများသည်။ ဘကြီးမျိုး၏ ယုံတမ်းပုံပြင်နှင့် ချောက်ချားစရာ နာနာဘာဝများ၏ ခြောက်လှန့်တတ်သော နေရာဒေသများ ရှိနေရာ တောတောင်များ၊ တောကြီးများကိုသွားလျှင် အန္တရာယ်ရှိတတ်သော အနေအထား အန္တရာယ်မရှိဘဲ အေးဆေးငြိမ်းချမ်းစွာ အိပ်စက်နားခိုသင့်သော နေရာများ စသည်ဖြင့် ဘကြီးမျိုး ပြောခဲ့သည်များကို ကြားသိခဲ့ရသည်။

စာရေးသူ လျှောက်လှမ်းခဲ့ရသောသက်တမ်း သွားလာခဲ့ရသော နေရာများတွင် အဆိုးအကောင်း ခွဲခြားသိနိုင်ဖို့ ဘကြီးမျိုး၏ ယုံတမ်းပုံပြင်များက အမှန်များသာ ပြောခဲ့သည်ဟု မှတ်ယူခဲ့ရပါသည်။

မှန်ကန်နေသည့် အဖြစ်အပျက်များမှ သက်သေပြစရာ အတွေ့အကြုံတစ်ခုကို စာရေးသူလို ခရီးသွားများအတွက် အထောက်အကူ ဖြစ်ခဲ့လျှင် စာရေးသူကို ကျေးဇူးတင်စရာမလို ဘကြီးမျိုးလို လူကြီးများကိုသာ ကျေးဇူးတင်စေချင်ပါသည်။

အမှတ်ရစေသည့် နေ့လေးကတော့ **တန်ဆောင်မုန်းလပြည့်ည တစ်ညတွင်** လမင်းကြီးကလည်း ထိန်ထိန်သာလျက်ရှိသည်။ **လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်အချိန်**က ရာသီဥတုသည် အလွန်အေးနေသောအချိန် ဖြစ်ခဲ့သည်။

ဆောင်းရာသီ ဝင်ခဲ့ပြီး ကသာမြို့ သက်ပန်းကျောင်းမှာလည်း ဝက်ဘာပွဲကြီးကလည်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသည်။

စာရေးသူတို့ လူငယ်များကတော့ မိဘများနှင့် ပွဲသွားလျှင် လိုက်ပါသွားရသလို ပွဲမသွားသည့် ရက်များမှာတော့ ဘကြီးမျိုး၏ ယုံတမ်းပုံပြင်ပွဲမှာ ခေါင်းမဖော်တမ်း ဘကြီးမျိုး၏ မီးဖိုဘေးမှာ မီးဖို၏ အနွေးဓာတ်နှင့် ချေးများပင် ပြန်လောက်အောင် မီးတောက်များထည့်ကာ ပီးပုံပွဲ လက်ဖက်ရည်ခါးနှင့် ခေါပုတ် (ခေါစည်)၊ ပေါင်းတင်းများ ကင်ကာ စားပွဲတစ်ပွဲ ဆင်နွှဲနေကြရသည်။

တစ်ခါတစ်ရံ ဘကြီးမျိုး၏ မီးဖို မီးငြိမ်းမတတ် ဖြစ်သွားသည်။ ဘကြီးမျိုး၏ စိတ်ဝင်စားစရာ စကားကောင်းချက်ကြောင့် ထင်းများ မထည့်ဖြစ်ဘဲ ဖြစ်ရသည်။ သို့သော် ကျွန်တော်တို့ ကလေးတစ်သိုက်ကတော့ ချွေးများပြန်ထွက်နေသည်။ ဇောချွေးများပင် ပြန်နေသည်။

စိတ်ဝင်စားစရာ ကြောက်စရာ သည်းထိတ်ရင်ဖိုစရာ အကြောင်းများကြောင့် မီး၏ အနွေးဓာတ်ထက်ပင် ပို၍ ပူသလို ခံရပြီး ချွေးများ စို့ရွဲရခြင်းဖြစ်သည်။

တန်ဆောင်မုန်းလပြည့် မတိုင်မီ (၁၄)ရက်ညတွင် ဘကြီးမျိုးက...

'နောက်နေ့ညကျရင် ပုံပြင် ကောင်းကောင်းတစ်ပုဒ် ပြောပြ မယ်။ မင်းတို့ လာခဲ့ကြ'

ဟု စကားညွှန်းထားသည်။

ဘကြီးမျိုး၏ ဝေါ်ဝေါ်ကောက်မည်ဟုပြောလျှင် အမှန်ပင် လျှို့ဝှက် နက်နဲသည့် အကြောင်းများ ဖြစ်မည်တတ်သည်။

တန်ဆောင်မုန်း လပြည့်ည ထိုညသည် ကျွန်တော်တို့ကလေး များကို ဘကြီးမျိုးမှ ပုံပြင်နှင့် ကလေးများနှင့် လိုက်ဖက်သော ယဉ်ကျေးလိမ္မာစရာ အကြောင်းများ ကို အလူးတလည် ပြောပြတတ် သည်။

ဘကြီးမျိုး၏ စကားထဲမှာ ကျွန်တော်တို့ကလေးများ၏ စိတ် တွေကို ဆွဲဆောင်ခဲ့သလို ဘကြီးမျိုး ၏ တစ်ယောက်တည်း အထီးကျန် ဘဝလေးကို တန်ဖိုးရှိစွာ အသုံးချ လက်ဆင့်ကမ်း စကားများသည် နောင်တစ်ချိန် ကလေးဘဝမှ လူကြီး များ ဖြစ်ခဲ့ချိန်မှာတော့ ဘကြီးမျိုး၏ ပုံပြင်လိုလို စကားများသည် စာရေး သူ လူကြီးဖြစ်ချိန်မှာ အလွန်စိတ် ဝင်စားစရာ တကယ့်ဖြစ်ရပ်များမှ ယုံကြည်ရသည့် သက်ကြီးစကား များ ဖြစ်ခဲ့ရသည်။

'မင်းတို့ မှတ်ထားကြ၊ ဘကြီးမျိုး မပြော ခင် ဘကြီးမျိုး တကယ့်အဖြစ်အပျက်တစ်ခု ကို ပြောပြသွားမယ်။ ဂျပန်ခေတ် အချိန် တုန်းက ဘကြီးမျိုးတို့ကို ချောချ ဂျပန်တွေနဲ့အတူ ကသာမြို့၊ ပိန္နဲကုန်း ကနေ အနောက်တက် ဖက်တွင်တော ကြောကြီးကို ဖြတ်ခဲ့ရတယ်။

အင်္ဂလိပ်အပြေးခိုတော့ လမ်းကောင်းတဲ့နေရာက မသွားရဘူး၊ အန္တရာယ်ရှိမယ်ထင်ရတဲ့ နေရာတွေကို ကွင်းပြီးသွားကြရတယ်။ အင်းတော်မြို့နဲ့ ဖော်လုံမြို့ ဘက်လောက်တည့်တည့်ကို သွားမယ်လို့ ရန်ရွယ်ရတယ်။

ဖောပ်ပေါ်မှာ တဲထောက်နားပြီး ထမင်းချက်စားကြတော့ ဘကြီးမျိုးတို့က ထမင်းချက်ကြတယ်၊ ဖိုခုံလောက်အဖြစ် ကျောက်တုံးနဲ့ အလွယ်တကူလုပ်ပြီး မီးထည့် ထမင်းချက်ကြတော့ လူအတော်များများစားဖို့ ချက်ရတဲ့ မီးဖိုကြီးမှ ကျောက်ကြီးများ ပူလျက်နေပြီး ထမင်း ဟင်းချက်ပြီးရင် မီးငြိမ်းရမယ်လို့ ဆိုထားတော့ မီးဖိုမှ မီးများကို ငြိမ်းလိုက်တော့ ပြာပုံထဲမှာ ရွှေလိုလို ခဲလိုလို အခဲတွေ ကျောက်ခဲထဲက အရည်ပျော်ကျနေခဲ့တယ် ထင်ပါရဲ့။

ဂျပန်တွေကလဲ သွားကြဖို့ ခရီးဆက်ဖို့ အသံပေးပြီ၊ သွားဖို့အချက်ပေးရင် ချက်ချင်းသွားရတာဆိုတော့ စိတ်ဝင်စားစရာ ရွှေလိုလို ထင်ရတဲ့ အချပ်ကြီးကို မယူခဲ့ရဘူး၊ ပစ္စည်းထက် အသက်ကို တန်ဖိုးထားရလေတော့ မယူဖြစ်ခဲ့ဘူး။

မင်းတို့ အသက်ကြီးလို့ သွားနိုင်တဲ့ အချိန် သွားရှာကြ၊ ဖက်တွင်တောင်ရဲ့ အနောက်ဘက်ခြမ်း နန်းမကျိုင်းရွာ ထည့်တည့်လောက်လို့ ခန့်မှန်းရတဲ့နေရာကို မင်းတို့ သွားရှာကြ။

ဘကြီးမျိုးကတော့ မသွားနိုင်တော့ဘူး။ ဘကြီးမျိုးပြောတာ အမှန်တွေဆိုတာ တော့ မင်းတို့ သိစေချင်တယ်'

ဟု ဘကြီးမျိုး၏ စကားသည် စာရေးသူ၏ စိတ်ထဲမှာ မှတ်တမ်းအဖြစ် ရှိနေခဲ့သည်။



စာရေးသူ အိမ်ထောင်ကျပြီး ကတည်းက သားသမီးနှစ်ယောက် ရပြီးတော့ တိုက်ဆိုင်မှု စကားတစ်ခု က ဘကြီးမျိုး ပြောပြထားခဲ့သော စကားနှင့် ဆင်ဆင်တူသည့် နေရာ ဝန်းကျင်တစ်ဝိုက်က အဖြစ်အပျက် တစ်ခုကို စေတီဘုန်းကြီးကျောင်းမှာ သီတင်းသုံးခဲ့သော ဦးပဉ္စင်းကြီး၏ စကားသည် တကယ်အဖြစ်အပျက် ဟုဆိုသည်။

နန့်မကျိုင်းရွာ ဘုန်းတော်ကြီး ကျောင်းမှာ ကပ္ပိယလုပ်ပြီး သားမယား မရှိ၊ ဆွေမျိုးလည်းမရှိသည့် ကပ္ပိယကြီး၏ စကားပင်ဖြစ်သည်။

ကပ္ပိယကြီးသည် ဘိန်းမည်းကို အလွန်ကြိုက်သောသူ ဖြစ်သည်။ ဘိန်းပြတ်ပြီဆိုလျှင် နန့်မကျိုင်းရွာ၏ အရှေ့ဘက်တောင်ကြောဆီ သွားပြီး ရွှေအနည်းငယ်ကို ယူကာ ရောင်းချပြီး ဘိန်းဝယ်ပြီးစားသည့်သူ ဖြစ်သည်။

လောဘလည်းမရှိ တစ်ကိုယ်တည်းဘဝ ဆိုတော့ လိုချင်တပ်မက်မှု မရှိသောသူမို့ အများကြီးလည်း မယူခဲ့၊ အခြားနေရာ ယူရသည့်နေရာ ဖြစ်မည်ဟု ထင်ရသည်။

ဤတောင်ကြောင်းမှ တောင်ကျွန်း သည် နတ်များရှိနေပြီး မလောဘ လှုပ်သူများကို ခုံမထားတော့ ဒါးချတတ်သည်။ တချို့ အခြားကြီးလုပ်ရ ဆိုလျှင် အသက်သေသည်အထိ တုံးအ တတ်သည်။

ကပ္ပိယကြီးက နန့်မကျိုင်း ဘုန်းကြီးကို ရွှေရှိသည့် နေရာသို့ သူမသေမီ ပြောပြပြီး ကိုယ်တိုင်လည်း တွေ့သိရအောင် ခေါ်ပြပါမည်ဟု ကတိပေးပြီးသည့် အချိန်မှာ ကပ္ပိယကြီး ကျန်းမာရေး မကောင်းဖြစ်လာပြီး အသက်ပင် သေဆုံးမည့် ဝေဒနာကြောင့် နန့်မကျိုင်းဘုန်းကြီး လည်း ကပ္ပိယ၏စကားသာ သိထားကျန်ရစ်သော ယုံတမ်းစကားသဖွယ် ဖြစ်ခဲ့ရသည်။

ကပ္ပိယကြီး သေဆုံးသွားသည့် ထိုစကားကို စေတီကျောင်းဘုန်းကြီးကို နန့်မကျိုင်းဘုန်းကြီး ပြောပြသဖြင့် သိရပြီး စေတီကျောင်းတွင် သီတင်းသုံးနေထိုင်သော ဦးပဉ္စင်းကြီးဦးတင်ငွေအား စေတီဘုန်းကြီး ဦးပဏ္ဍိတက ပြောပြခဲ့သည်ဟု ဆိုခဲ့သည်။

ပြောပြခဲ့သည်မှာ နန့်မကျိုင်းရွာ၏ အရှေ့ဘက်တောင်ကြောမှာ ကျောက်တောင်ကြီး ရှိသည်၊ ကျောက်တောင်ကြီး၏ အလယ်တွင် ဂူကြီးတစ်ဂူ ရှိသည်။ ထိုဂူထဲမှာ ကျောက်ရိုင်း ရောနှောနေသော ရွှေများရှိသည်ဟု သာ ဘိန်းစားကပ္ပိယကြီး၏ ပြောစကားကိုသာ ပြောပြခဲ့တော့သည်။

နန့်မကျိုင်းဘုန်းကြီး စေတီဘုန်းကြီးနှင့် ဦးပဉ္စင်းကြီး ဦးတင်ငွေ



F.28B. June, 2018



www.burmeseclassic.com

www.burmeseclassic.com

လည်း ဘဝနတ်ထံ ပျံလွန်တော်မူပြီး ဖြစ်သည်။

စာရေးသူ တစ်ယောက်သာ ယနေ့အချိန်ထိ အသက်(၆၀)ကျော်ပြီဖြစ်သောကြောင့် ယုံတမ်းစကားဟုဆိုဆို ပုံပြင်ဟုပြောပြော ယခင်ပြောပြခဲ့သော ရဟန်းသံဃာတော်များ ပြောပြခဲ့သည် ဆိုတာကိုတော့ အမှန်များသာ ဖြစ်သည်ဟု ထင်ရပါသည်။

စာရေးသူသည် တောင်သူလုပ်ငန်းနှင့် အသက်မွေးခဲ့သော်လည်း သားသမီးများ ကြီးပြင်းလာပြီး သားသမီးများကို ပညာသင်ပေးပြီး လုပ်ငန်းကို ဦးဆောင်ခိုင်းထားပြီ ဖြစ်သဖြင့် လယ်ယာပြန်စားလောပန်း ဖြစ်သွားခဲ့ရသည်။

လောပန်းဆို၍ အထင်မကြီးပါနှင့်။ လောပန်းဆိုသည့် စကားသည် လမ်းပေါ်သူသာဖြစ်သည်။ တောင်ကြိုတောင်ကြား ဂမ္ဘီရပစ္စည်း၊ တောကြိုတောကြား ဆေးသမားဆေးရှာသည့် ဆေးသုတေသီဘဝမှာ အချိန်ကုန်စေခဲ့သည်။

တွေ့ရှိလာသော အကြောင်းများသိရှိထားသော အသိများနှင့် နက်နဲသော ခက်ခဲသော အရာများကို အကောင်အထည်ဖော်ဖို့ ကြိုးစားရင်း နန့်မကျိုင်းရွာ၏ အရှေ့ဘက်တောင်ကြောကို စာရေးသူ လေ့လာရေးခရီး သွားခဲ့ဖူးပါသည်။

ဘကြီးမျိုး၏ တစ်ထောင့်တစ်ညပုံပြင်နှင့် ကပ္ပိယကြီး၏ ပြောစကားများကို ဆက်စပ်ကြည့်လျှင် ဘကြီးမျိုး၏ ပြောပြသော စကားများနှင့်



တိုက်ဆိုင်မှု ရှိနေသည်ကို တွေ့ရသည်။

ဘကြီးမျိုးသည် အင်္ဂလိပ်ခေတ်၊ ဂျပန်အဝင် ထိုအချိန်များတွင် လူရွယ်လွန် အသက်(၆၀)နှစ်ခန့်ရှိသည့် အချိန်ကဖြစ်ပြီး အင်္ဂလိပ်ပြေး ဂျပန်များ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည့် အချိန်များတွင် မထင်လျှင် မထင်သလို အစစ်ဆေး အမေးအမြန်း ခံကြရသည်။

ပိန္နဲကုန်းရွာ၏ မွှောရုံနားမှ အိမ်တစ်အိမ်မှာ ကင်ပေတိုင်ရုံး ရှိခဲ့သည်ဟု ဆိုသည်။

အင်္ဂလိပ်တပ်များကို လိုက်လံရှင်းလင်းရာတွင် ချောအဖြစ် ရွာထဲမှ ယောက်ျားကြီးများ လိုက်ကြသည်။ ခုခေတ်အခေါ်က တော(ပေါ်တာဆွဲတာပေါ့။) ဘကြီးမျိုးလည်း လိုက်ပါသွားခဲ့ရသည်။

ပိန္နဲကုန်းရွာမှ အနောက်တက်သို့ သွားရသည်ဟု ပင်းမလွတ်ရွာကိုကွင်းကာ စပါးပုံတောင်၏ ခြေရင်းမှတစ်ဆင့် ရေတံခွန်ကို ဖြတ်ကျော်ခဲ့ရပြီး ထိုမှ တောင်၏ အနောက်ဘက် တောင်ကြောတစ်ခုတွင် စခန်းချနားရင်း ထမင်းချက်စားခဲ့သည်ဟု ဆိုပါသည်။

တောတောင်ကြောပေါ်တွင် နေရာအတိအကျ မမှတ်ထားနိုင်ကြ ထို တောင်ကြောဝန်းကျင်ဟုသာ ဘကြီးမျိုးမှတ်မိနိုင်သည်။ ထို ထမင်းချက်သည့်နေရာတွင် ဖိုခုံလောက် ကျောက်တုံးမှ ရွှေလိုလို သတ္တုများ တွေ့ခဲ့ရသည်ဟု ဘကြီးမျိုး ပြောပြ သည်။

ထိုနေရာဝန်းကျင်မှာပဲ ကန်းနီးရွာ သား ကန်းနီးရွာ နေထိုင်သူ ဦးသန်း ထွန်းကလည်း စိတ်ဝင်စားစရာ တစ်ခု ပြောပြပြန်သည်။ ဦးသန်းထွန်း သည် ဖက်ဆွတ်တောင်ကြီး၏ ခြေရင်းတွင် လယ်ရှိပြီး မုဆိုးအလုပ်ဖြင့် အသက်မွေးသူ မုဆိုးကျော်ကြီး ဖြစ်သည်။

သားကောင်များကို လယ်... စိုက်ပြီးချိန် သိမ်းပြီးချိန်တို့တွင် တော တွင်း တောင်ကြောပေါ် လှည့်လည် ပြီး သားကောင်များကို ရှာဖွေ... သည်။ သားကောင်ကြီးများသည် တောင်ကြော၏ ဝန်းကျင်ရှိ ... မြောင်များတွင် နေထိုင်ကျက်စား... သည်။

ဝါးတောကြီးများလည်း ရှိ... သားကောင်များအတွက် ... ရေစာပေါသလို သစ်သီးဝလံများ လည်း ပေါပါသည်။

သူ့ရာသီနှင့်သူ သစ်... သစ်ကျား၊ မျှောက်ပို(ခေါ်)...

...တန်း၊ ကနစိုး စသည့် သစ်သီးများ ရာသီအလိုက် ရှိသဖြင့် သားကောင်များ အစာအဖြစ် စားသောက်ကြသလို မုဆိုးများကလည်း ရာသီအလိုက် သစ်သီးလိုက်သော သားကောင်များကို လင့်စင်ထိုးကာ ချောင်းမြောင်း ပစ်ခတ်ဖမ်းဆီးကြသည်။

ခြေနင်းသံညှပ်လည်း တိုးကိုင်း၊ ခြေနင်းကိုင်း၊ စားကောက်ကိုင်း၊ ညပ်ဖိ ...သဖြင့် သားကောင်ဖမ်းနည်းမျိုးစုံ ဖြင့် ဖမ်းဆီးကြသည်။

မုဆိုးကြီး ဦးသန်းထွန်းသည် တစ်နေ့သော လမိုက်ညတွင် သားကောင် ရှာဖွေပစ်ခတ်ရန် တောလည့်ရန် တစ်ယောက်တည်း တောင်ကြောခင်တန်းအတိုင်း ကသာ-ခင်းတော် ကားလမ်း၏ မြောက်ဘက်တောင်ကြော ခင်တန်းအတိုင်း အထက်သို့ တက်ခဲ့သည်။

ဖျဉ်းကတိုးစိုက်ခင်းများကို လွန်ပြီး အတက်အဆင်းများကို ကျော်ဖြတ်ကာ ကျောက်တောင်ကြီး၏ ခါးတစ်...က်သို့ ရောက်ရှိသွားသည်။

ပါလာသော ဓာတ်မီးနှင့် သားကောင် ရှာဖွေရန် ဓာတ်မီးခလုတ်ကို ...ဖွင့်လိုက်ပြီး မီးအလင်းတန်း ...ွက တောင်နံရံကို တွေ့ထိပြီး ...တောင်နံရံ လိုဏ်ခေါင်းပေါက် ...လိုမှ အလင်းများ လင်းလက်ပြီး ...လင်းတုံးကြီးသဖွယ် ဖြစ်သွားကာ ...ကြက်စိတ်များ အလိုလို ဖြစ်ပေါ် ...ရသည်။

ထို့သော်လည်း မုဆိုးတို့ မည် ...ည့် အသက်တစ်ဝက်ပေးပြီး သား



ကောင်ကို ရှာရသော မုဆိုးတွေ ဆိုတော့ ခဏတာ ကြောက်စိတ်တွေကို ဖယ်ပြီး တဖြည်းဖြည်း တိုးကပ်သွားခဲ့သည်။

ဓာတ်မီးကလည်း မလွတ်တမ်းထိုး၊ အလင်းတုံးကြီး မီးထိုးလျက်နှင့် သွားခဲ့ရာ အနီးကပ်လျက် တွေ့ရသော အလင်းတုံးကြီးသည် ကျောက်တုံးကြီးမှ အလင်းဓာတ်များ ဖြာထွက်နေသည်ကို တွေ့ရတော့ ငိုအားထက် ရယ်အားသန်ဆို ရွှေတုံးကြီးများ ဖြစ်နေမလား။ ကိုင်ကြည့်လိုက်တော့လည်း ကျောက်တုံးကြီး ဖြစ်နေသည်။

တစ်ခုခုတော့ တစ်ခုခုပဲဟု ထင်မိပြီး အမှတ်အသားပြု၍ ပြန်ခဲ့ပုံကို စာရေးသူအား ပြောပြသဖြင့် တစ်ဆက်တစ်စပ်တည်း ရှိသော တွေ့ရှိချက်တွေနှင့် ပေါင်းစပ်မိလိုက်သည်။

ဘိန်းစားကပ္ပိယကြီး တွေ့ရှိခဲ့သည်ဆိုသော ရွှေတွေပေါသော လိုဏ်ဂူကြီးလား။ ဘကြီးမျိုးတွေ့ခဲ့ရသော ကျောက်တုံးဖိုခုံလောက်မှ ထွက်ရှိခဲ့သော သတ္တုများ ... သော နေရာများလား ... တွေးတောမိသည်။

ရှာပုံတော်ဖွင့်ဖို့ တိုက်ဆိုင်မှုရှိလာပြီ။ မုဆိုးကြီး ဦးသန်းထွန်းကို တွေ့ရှိသည့်နေရာကို ပြပေးဖို့ စာရေးသူ ပြောမိသည်။ လူလည်း အသက်ကြီးလာပြီး ကျန်းမာရေးမကောင်းတာကြောင့် လိုက်မပို့နိုင်ကြောင်း ပြောပါသည်။

စာရေးသူနှင့် အတော်ရင်းနှီးတာကြောင့် သူ့သားအကြီး မောင်ဦးကို ခေါ်ပြီး သွားကြည့်ဖို့ အကြံပြုပါသည်။

စာရေးသူသည် ရက်ကောင်းသော ရက်ကို ရွေးပြီး စားစရိတ်များကို အကုန်ကျခံ ဝယ်ယူခဲ့ပြီး စာရေးသူ၊ ဦးသန်းထွန်း၏ သားမောင်ဦး(ကန်နီရွာသား)၊ မောင်တင်ထွန်း(အင်းတော် ပေပင်ရွာ)တို့နှင့် နံနက်စာ စားပြီး ကန်နီရွာ၏ အရှေ့ဘက် တောင်ကြောကို ခရီးထွက်ခဲ့ကြသည်။

နဘားလမ်းခွဲကိုကျော်ပြီး ကသာဘက်သို့ ကားလမ်းအတိုင်း အရှေ့ဘက်သို့ လျှောက်လာပြီး မိုင်တိုင် (၁၁)မိုင်အနီးမှ တောထဲဝင်သွားရာ ဆင်စခန်းတစ်ခုကို တွေ့သည်။

ထိုဆင်စခန်းမှ ဆက်လက်ပြီး တောင်ပေါ်သို့ တက်ခဲ့ကြသည်။ နားလိုက်သွားလိုက်နှင့် ခရီးအတော် ပေါက်ခဲ့ရာ ဦးသန်းထွန်း၊ ပြောခဲ့သော နေရာနှင့် အတော်ပင်နီးနေပြီဟု မောင်ဦးဆိုသော ပြောပြသည်။

တောင်ကြီးက မြင့်မားနေပြီး





www.burmeseclassic.com

www.burmeseclassic.com

အတော် သွားလာရခက်သည့် ကျောက်တောင်ကြီးဖြစ်သည်။ ထိုနေရာတစ်ဝိုက်သည် ကျောက်တောင်ပြတ်ကြောများ ရှိနေပြီး တောင်ပြိုဖယ်စောင်းကြီး သဖွယ် ဖြစ်နေသည်။

အထပ်ထပ်ရှိနေသော ကျောက်ကြောကြီး၏ အပေါ်နေသော ကျောက်သား အနေအထားမှာ အထပ်လိုက်ရှိနေသော လချေးနှင့် ဆင်တူသော အထပ်ကျောက် အမည်းကြောများ…



ခြပိုးအုံသဖွယ် ကတော မြေကြောများ၊ ကျောက်ဖြူလေးများ ရောနှောနေသော ကျောက်ထပ်များ၊ သံချေးများနှင့်အတူ ကတေများသဖြင့် စာရေးသူ မဖော်ပြတတ်သော ကျောက်အမျိုးအစားတွေက တစ်ပုံကြီး ရှိနေသော ကျောက်တောင်ကြီး၏ ဘေးစောင်းအတိုင်း သွားကြသည်။

မုဆိုးကျော်ကြီး တွေ့ထားခဲ့သည်ဟုဆိုသော လင်းလက်သည့် ကျောက်တုံးကြီး ရှိသည့်နေရာသို့ ရောက်ခါနီးပြီး လှမ်းမြင်ရသည့် အနေအထားသို့ ရောက်ရှိလာသည်။

ကျောက်တောင် ဖယ်စောင်းကြီးများမှ ပေါက်နေသော သစ်ပင်များကို ဆွဲကိုင်ကာသွားရသည်။ ခြေချော်မကျအောင် ဂရုစိုက်ရသည်က သည်းထိတ်ရင်ဖိုစရာ။ ချော်ကျ၍ကတော့ တောင်အောက်မှ ချောက်ကြီးထဲသို့ ကျသွားနိုင်သည်။

လူသုံးယောက်သား ခက်ခက်ခဲခဲနှင့် လင်းလက်သော ကျောက်ဂူ အဝက ကျောက်တုံးကြီးဆီသို့ ရောက်ရှိသွားခဲ့ပါပြီ။ ကျောက်တုံးကြီးကတော့ ထူးတော့ ထူးခြားသည်။ ဂူအဝတွင် ကျောက်ကတေများက ဘေးဘက်တွင် ခြံရံပြီး ကျောက်ပွကြောထဲမှာ ဝင်ပြီး “ဥ” နေသလို ဖြစ်နေသည်။

ကျောက်ဂူကတော့ သိပ်မနက်ပါ။ ဝါးတစ်ပြန်လောက်သာ ရှိသည်။ ကျောက်တောင်ကြီး၏ အလယ်ကောင်တွင် ဖြစ်ပေါ်နေသော ကျောက်ဂူအဝတွင် ထိုကျောက်လုံးကြီးသည် လူနှစ်ဖက်စာလောက် လုံးပတ်ရှိပြီး အလျား တစ်လံကျော်ကျော်လောက် ရှိသည်။

လုံးပတ်ကြီးပြီး အလျားတိုသည်။ အဝိုင်းလည်းမဟုတ်၊ အပြားလည်း မဟုတ်သော ထိုကျောက်တုံး၏ အပေါ်ယံကျောက်သား၏ အနေအထားမှာ စလင်းကျောက် (သို့မဟုတ်) စိန်မှုန်များဟု ယူဆရသော ကျောက်မှုန်များ ကပ်နေသည်။

ထို့ကြောင့် ညအချိန် ဓာတ်မီးနှင့် ထိုးသော မုဆိုးကြီး၏ ဓာတ်မီး အရောင်ကြောင့် လင်းလက်နေသော သဘောရှိသည်။

ခေါင်းဆောင်အဖြစ် စာရေးသူ ဦးဆောင်ပြီးလာသော ရှာဖွေရေး အဖွဲ့ဝင် လူသုံးယောက်ထဲမှ စာရေးသူက အသက်အကြီးဆုံး၊ ကျန်နှစ်ယောက်ကတော့ အသက် (၃၀)နှစ်ဝန်းကျင်လောက် ရှိကြသည်။ လုပ်ရဲကိုင်ရဲသော သတ္တိနှင့် ပြည့်စုံသူတွေ ဖြစ်ကြသည်။

ထိုသူတို့နှစ်ဦးလည်း တောင်ကြောပေါ်မှာ သားကောင် ရှာဖွေနေသော မုဆိုးငယ်များသာဖြစ်ပြီး တောလည်းကျွမ်းသည်။

ထို့သော်လည်း တောင်စောင့်နတ်များကိုတော့ ရှိသေကြပြီး အစဉ်အဆက် လူကြီးများ၏ ပြောပြထားသော တော၏ မာယာများ၊ မြင်နိုင် မသိအပ်သော အကြောင်းများကို တွေ့ကြုံဖူးကြသူတွေဆိုတော့ ကြောက်ရွံ့ရိုသေကြသည်။

မောင်ဦးက သူ့အတွေ့အကြုံအရ ဒီကျောက်တောင်ဝန်းကျင်မှ သားကောင်ပစ်မည်ဆိုလျှင် နတ်များကို “ပသ” “တင်သ” ပြီးမှ သားကောင်ကို ပစ်ရကြောင်း ပြောပြသည်။ နို့မဟုတ်ရင်ကတော့ တောင်ပေါ်မှ ကျောက်တုံးကြီး လိမ့်ကျလာသလို…“ဟင်းမျိုး”ကြီးများ၏ ခြေရာများကို တွေ့ရတတ်သည်။

သားကောင်တွေ့၍ ပစ်လိုက်လျှင်လည်း ဘယ်တော့မှ မရဘဲ ကာခြောက်ခြင်းများနှင့်သာ ကြုံတွေ့ရပေါင်းများတော့ **“ဒီကျောက်တုံးကို၊ ထုခွဲကြည့်ဖို့ ဦးလေးပဲ တာဝန်ယူပေးပါ”**ဟု ပြောကြသည်။

လိုက်ဖြစ်သော စာရေးသူလည်း ပါလာသော ဖယောင်းတိုင်များ ထွန်းညှိပြီး တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် နယ်တော်ရှင်၊ ပယ်ရက်ရှင်များကို တိုင်တည်ပသပြီး ထိုကျောက်တုံးကြီးကို ပါလာသော သံတူးရွှင်းဖြင့် ထိုးဆွပြီး သစ်သားမောင်းကုတ်စရာများဖြင့် ကုတ်ချလိုက်ရာ အတုံးလိုက် ပြုတ်ကျလာခဲ့သည်။

လူတွေလည်း မောပန်းနွမ်းနယ်သွားသဖြင့် ခဏနားပြီး အဆာပြေစားရန် ယူလာခဲ့သော မုန့်များကို စားကြပြီး မည်ကဲ့သို့ ပြုလုပ်ရန် တိုင်ပင်ကြသည်။ မိမိတို့နေသော နေရာနှင့် အတော်ဝေးသော တောင်အောက်မှ စက်သံတွေကို သဲ့သဲ့ ကြားရသည်။

ထိုစက်သံတွေက ဘာလုပ်ကြလို့ ဘာတွေလုပ်နေကြတာလဲဟု ပါလာသူ မောင်ဦးကို မေးကြည့်ရာ **ရွှေကျောက်တွေကို စက်နဲ့ ခွဲပြီး ရွှေထုတ်နေကြတာ**ဟု ပြောကြသည်။

တအောင့်အနားယူပြီး ထိုကျောက်တုံးကြီးကို ပါလာသော “စို့”သံစို့ဖြင့် ခွဲလို့ကောင်းမည့် နေရာကို တည့်ပြီး ပါလာသော ခြောက်ပေါင်တူဖြင့် ထုခွဲလိုက်ရာ ကျောက်တုံးကြီး ထက်ခြမ်းကွဲသွားတော့သည်။

ကျောက်တုံးကြီး၏ အထဲမှ အဆာများသည် အပြင်က အကြောနှင့် လုံးဝ မတူတာကို တွေ့ရသည်။ စလင်းကျောက်များ တွေ့ရပြီး အဖြူ၊အပြာ၊နီပုတ်ရောင်များ ဖြစ်နေသည်။

ခြပိုးအုံကဲ့သို့လည်း တွေ့ရပြီး ရွှေကဲ့သို့ အရောင်များ ခပ်စိပ်စိပ် ကပ်နေသည်။ ထိုအထဲမှ ကျောက်သန္ဓေ ကျောက်လုံးများကိုလည်း တွေ့ရပြီး၊ နီသာရောင် မြကြိုးမျှင်များ အထဲတွင် တွေ့ရပြီး၊ မြမှုန်များကို လက်နှင့်ပွတ်ကြည့်လျှင် ပါးချော ချော ဖြစ်နေသည်။

ထို အစုအဝေး အသားလုံးထဲမှာ စလင်းကျောက်မှုန်များနှင့် အတူ ပန်းပွင့်သလို စလင်းကျောက်တုံး နှစ်ခုကို ထူးခြားစွာ ရရှိခဲ့သည်။

လှပသောကြောင့် စာရေးသူ ထံတွင် ယနေ့ထိတိုင် အမှတ်တရ သိမ်းထားခဲ့သည်။ ကြည့်လိုသူများ စာရေးသူထံသို့ မေးမြန်းပြီး လာရောက် ကြည့်ရှုနိုင်ကြောင်းလည်း ပြောချင်ပါသည်။

ဤကဲ့သို့ ဂမ္ဘီရပစ္စည်းများ ရှာဖွေမှုတွေကို ကိုယ်တိုင်ရှာဖွေပြီး ကိုယ်တိုင် ရေးသားထားသော စာမူ ဖြစ်ပါသည်။

ထို့ပြင် သက်သေနှင့်တကွ သက်ဆိုင်သူ လူများ ယနေ့တိုင် ရှိနေကြပြီး နှစ်အတော်ကြာသော အချိန်မှာ သတ္တုရှာဖွေရေးအဖွဲ့များ ဝင်ရောက်ရှာဖွေနေသည်ဟုသာ သိရပြီး ဘာပစ္စည်းတွေ တွေ့လို့ တွေ့ကြသည်ကို စာရေးသူ မသိနိုင်တော့ပါ။

ကသာမြို့နယ်အတွင်းမှ တောင်တန်းများသည် တန်ဖိုးကြီးသော သစ်ပင်၊ သယံဇာတများ ရှိနေသည်ဆိုသော လူပြောသူပြောနှင့် လက်တွေ့ရှာဖွေ သူတို့ ရှိနေပြီဆိုတာကို ဖြစ်ရပ်မှန်အဖြစ် ရေးသားရခြင်းသာ ဖြစ်ပါသည်။

**သာဂဒူး(ကသာမြေ)**





www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်လေးကတော့ သိပ်မကြာသေးပါဘူး။ လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ (၁၂)လပိုင်းလောက်က ဖြစ်တာပါ။

ကျွန်တော်တို့ ရပ်ကွက်မှာ အမြဲ ပူဇော်ပသနေတဲ့ **ကန်တွင်း မောင်တော်–နှမတော်(နတ်နန်း)**ရယ်လို့ ရှိပါတယ်။

အိမ်တိုင်း အိမ်တိုင်းကလဲ သခင်မနဲ့ မောင်တော်ကို နှစ်စဉ် ကနားပေးပြီး ပူဇော်ပသကြပါတယ်။ တစ်ခုသော ညနေရှစ်နာရီခန့်အချိန် သခင်မရဲ့ နတ်နန်းမှ ဆီမီးများ လင်းထိန်ပြီး ဆိုင်းသံဗုံသံများ ကြားနေရတဲ့အတွက် အိမ်တိုင်း အိမ်တိုင်းက အံ့သြနေကြတယ်။



နတ်ကနားလဲ ဘယ်သူမှ လာမပေးဘဲနဲ့ ဒီအချိန်ကြီးမှာ ဆူညံသော အသံများ ကြားနေရလို့ နတ်နန်းသို့ ပြေးလွှားပြီး ကြည့်ကြတယ်။ အချို့ အတွေ့အကြုံ ရှိတဲ့သူတွေကတော့…

'အစ်မရေ…အစ်ကိုရေ… ရှိတဲ့ပစ္စည်းတွေ နေရာပြောင်းပြီး ဝှက်ထားကြ၊ ဓားပြတိုက်ဖို့ သိုက်ကနား လာပေးတာနေမှာ'

လို့ ပြောသူက တစ်မျိုး။ နတ်နန်းသို့ လာခဲ့ရန် ရပ်ကွက်လူကြီးများ၊ ရဲကင်းများ အကြောင်းကြားပြီး သွားကြည့်ကြသူက တစ်ဖုံ။

ထိုအခါ ဆီမီးခွက်လေး ထွန်းပြီး ထိုင်နေတဲ့ အရွှး တစ်ယောက်ကို တွေ့ရတယ်။

'ဆိုင်းသံ,ဗုံသံတွေ ကြားရတာ ဘယ်သူတီးတာလဲ'

လို့ မေးတော့ အရွှးက **''သိဘူး''**တဲ့။

ဒါနဲ့ နီးစပ်ရာမှ ချက်ချင်းဆိုသလို ကန်တော့ပွဲ စီစဉ်ပြီး သခင်မကို တောင်းပန်ကြတဲ့အခါ ကနားစည်း တစ်ဦးကို ဝင်ပူးတယ်။

'နင်တို့တစ်ရပ်ကွက်လုံး ဘေးကင်းရန်ကင်းအောင် ငါ စောင့်ရှောက်နေတာဟဲ့။ ခုနက လူ(၅)ယောက် ငါ့ဆီလာပြီး နင်တို့ကို ဒုက္ခပေးဖို့ ပွဲထိုးကြတယ်။ ငါလက်မခံဘူး။ နင်တို့ ကြားအောင် ငါက ဗုံသံဆိုင်းသံတွေ တီးပေးလိုက်တာ၊ ငါက အဲဒီလူတွေကို လဲ မြွေနဲ့ တိုက်လွှတ်လိုက်တာ၊ နင်တို့တစ်ရပ်ကွက်လုံး ကံကောင်းတယ်မှတ်'

# နတ် စောင့်ရှောက်တယ်ဆိုတာ

တဲ့။ ထိုအခါကျမှ သွားကြည့်တဲ့သူများအားလုံးက 'သခင်မ ဆက်ပြီးတော့လဲ စောင့်ရှောက်တော်မူ' ဟု တောင်းပန်စကားများပြောကြပြီး အိမ်သို့ ပြန်ခဲ့ကြတယ်။

''ပြောပြန်ရင်လဲ အောင်မင်းလွန်ရာကြမယ်''ဟု နတ်ကိုမယုံကြည်သူများ ယုံကြည်အောင် ရေးသားတာ **ခြင်းမဟုတ်ဘဲ** တကယ့်ဖြစ်ရပ်မှန်လေးမို့ အများ အောင် **''ကဲ…ယုံချင်ယုံ၊ မယုံချင်နေ''** သဘော ရေးသားတင်ပြလိုက်ရပါတယ်။

**ရွှေမင်းသား(စစ်ကိုင်း)**



# ရှင်တောက်ထိန်ဘုရား မျက်ရှင်တော်

ကနုကြီး သရက်ခုံမြို့

သက္ကရာဇ် ၁၀၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ကမြော်ကမ်းရွာကြီးတစ်ရွာ၌ ပေါ်တော်မူဘုရား ရှင်တောက်ထိန် ရုပ်ပွားတော်ကို ဖူးမြော် တည်ထားခွင့်ရသောနှစ် ဖြစ်ပါသည်။

ယခု သက္ကရာဇ် ၁၃၇၉ ခုနှစ် ပေါ်တော်မူသက္ကရာဇ် ၁၀၃ ခုနှစ် နှင့်ပေါင်း (၁၂၇၆)နှစ် ကြာညောင်းခဲ့ပြီ။ **''ဥဩအော်သည် ထားဝယ်တည်''** ၁၁၁၆ ခုနှစ်သည် ယခု ထားဝယ်မြို့ တည်သောနှစ် ဖြစ်သည်။



ပထမ ရောင်ခြည်တော် ကွန့်မြူးပုံတော်

◆ ဘုရားရှေ့မှာ အနက်ကွက်တွေက ဘုရားခန်းရှေ့ သံတံခါးမြင်ပါတယ်။

[ဓာတ်ပုံတည်းက မမွန်တော်း သော့ခတ်ထားတာပါ]

သို့သော် ရှင်တောက်ထိန် ရုပ်ပွားတော်မြတ်သည် ထားဝယ်မြို့ တည် ခုနှစ်ထက် နှစ်(၁၆၀) ဦးနေတာကို တွေ့ရသည်။

ရှင်တောက်ထိန် ရုပ်ပွားတော် မြတ်သည် ဝိဇ္ဇာများ ခုတ်လုံး (၉)လုံး ဌာပနာထားသည်ဟု ရှေး လူကြီးသူမ အစဉ်အဆက် သိရသည်။

* * *

'ကိုဖိုးတုတ်'

'ဟင်'

'မစောသီ… ပြောစရာရှိသလား ဟင်'

တစ်ခုတည်းရှိသော တောင်ယာ တဲလေးပေါ်မှာ မနက်လင်းကတည်း က ထူးခြားနေတဲ့ လင်ယောက်ျားရဲ့ မျက်နှာကို အကဲခတ်ရင်း မစောသီ ဟာ သိလိုစောနဲ့ ခေါ်လိုက်ခြင်းပါ။

'ကိုဖိုးတုတ် အိပ်ရာနိုးကတည်း က ရှင့်မျက်နှာ တစ်မျိုးဖြစ်နေလို့ ထွေထူး တွေးစရာများ ရှိလားလို့ပါ'

'အေးဟယ် မိန်းမရယ်… ကောင်းတာတော့ ကောင်းတာပါပဲ။ ဘယ်လို တွေးရမယ်မှန်း မသိဘူး'

'ဘာလဲ အိပ်မက်လား၊ သူများ ပြောစကားလား၊ ပြောစမ်းပါ ကိုဖိုး

www.burmeseclassic.com

တုတ်။ အေးအတူ ပူအမျှပေါ့။ ဒီလင်ဒီမယား နှစ်ယောက်ပဲရှိတာ'

မစောသီက အားတက်သရော မေးရှာတယ်။

'အိပ်မက်ပါကွယ်'

'ဟယ်... ပြောစမ်း... ပြောစမ်း ကောင်းတာပဲ ဖြစ်ရမယ်'

'ကိုယ် ညတုန်းက အိပ်မက်ထဲမှာ ကိုယ်တို့စိုက် ခင်းထဲမှာ မီးလောင်ပြင်ကြီး ဖြစ်နေတယ်။ အပင်ဆိုလို့ မရှိတော့ဘူး။ ပြောင်တလင်း ဖြစ်နေတယ်'

'ဟယ်... ဆက်ပြောပါဦး ကိုဖိုးတုတ်'

'ဝါးရုံမရှိဘဲ မျှစ်စို့ကြီးတစ်ခု မြေကြီးကို ခွဲပြီး ထွက်ပေါ်လာတယ်'

'အဲဒီ မျှစ်စို့ကြီးက အလွန်ကြီး လားဟင်၊ စားလို့ သိပ်ချိုမှာ'

'တယ်...ဒီမိန်းမ'

'စတာပါကို ဖိုးတုတ်ရယ်၊ ဆက်ပြောပါဦး'

'မျှစ်စို့က သိပ်ကြီးတယ်။ ကိုယ်က အံ့သြတယ်။ ဝါးပင်မရှိဘဲ မျှစ်စို့ ဘယ်လို ဖြစ်တာလဲပေါ့။ ကိုယ့်မှာ ဓားမရှိဘူး၊ တူးဖို့ စိတ်ကူးရတယ်။

ဒါပေမယ့် လက်နဲ့ တွန်းလှဲဖို့ လက် ရှေ့ကို ဆန့်လိုက်တယ်။ ဆန့်လိုက်တာ မိန်းမရယ်... မျှစ်စို့ကြီးဟာ ခဏထဲမှာပဲ ကိုယ့်ရဲ့ ညာလက်ဖဝါးပေါ်ကို ရောက်လာတယ်။

လက်ပေါ် ရောက်လာတဲ့ မျှစ်စို့ကြီးကို အံ့သြနေတုန်း မျှစ်စို့က အသွင်ပြောင်းပြီး ထိုင်တော်မူ ရုပ်ပွားတော်ကြီး ဖြစ်လာတယ်။

ရုပ်ပွားတော်မြတ်ဟာ ကိုယ့်ရဲ့ လက်ဖဝါးပေါ်မှာ သီတင်းသုံးပြီး လက်ဝါးနဲ့ မထိဘဲ ရောင်ခြည်တော်လွှတ်ပြီး စံပယ်နေပြီး ရုပ်ပွားတော်က ကြီးလာတယ်။

ကိုယ်လဲ ပီတိဖြစ်ပြီး ဖူးတွေ့နေရတယ်။ ရုပ်ပွားတော်မြတ်ကြီးဟာ ကိုယ်တို့ တောင်ယာရှေ့ယွန်းယွန်းကို လက်ညှိုးထိုးပြပြီး ပျောက်ကွယ်သွားတယ်'

'ဟယ်...ကိုဖိုးတုတ် အိပ်မက် ထူးလိုက်တာ'

'ကောင်းတာတော့ ကောင်းတာပါပဲ မစောသီရယ်၊ တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်တွေကို မေးမြန်းရမယ်'

'မစော'

'ရှင်'

'ဒီမနက် မွန်းတည့်နေ့လယ်မှစပြီး ဆွမ်းတော်တင် ပန်းလှူ ရေချမ်းကပ်ပေါ့။ ကိုယ်တို့လဲ ယာထွက်သစ်သီးပဲစားဖို့ သားငါး ရှောင်မယ် နော်'

'ဩော်... တော်ကလဲ ငါးပိမစားရ မနေနိုင်ပေါင်'

စွဲလိုက်တဲ့ ငါးပိ။

'ဩော်... မစောရယ်၊ ဆားပဲ စားရလဲ ရပါတယ်ကွယ်'

ဒီနေ့ကစပြီး ကိုဖိုးတုတ်+မစောသီ လင်မယားနှစ်ယောက်သည် အလိုလိုအကျင့်စရဏ၊ အဓိဋ္ဌာန်မပြုဘဲ အလိုလို အဓိဋ္ဌာန်ဖြစ်နေပါပြီ။

တတ်သလောက် မှတ်သလောက် ဘုရားရှိခိုးပြီး အရဟံ ပုတီးစိပ်နေတာက တစ်နေ့ သုံးပတ်မှ ကိုးပတ် စိပ်နိုင်လာပြီ။ ကုသိုလ်အထုံဆိုတာ လုပ်ယူမှ ရတာပါ။

ဒီလိုနဲ့ မယားက လင်ကို ရှိသေ၊ လင်ကလဲ ဝတ္တရားကျေပြီး နေလာလိုက်တာ ၁၀၃ ခုနှစ်၊ တပို့တွဲ လပြည့်နေ့နဲ့ ကြုံလာပြီပေါ့ခင်ဗျား။

ထူးထူးဆန်းဆန်း ဗုဒ္ဓပန်း

'ကိုဖိုးတုတ်'

'ပြောလေ မစော'

'ကို့ အိပ်မက်ထဲ မြင်တဲ့ မျှစ်စို့ ပေါက်ရာ ကျွန်မတို့ ယာရှေ့ ယွန်းယွန်းနေ ယာလေးမှာ ကန်စွန်းဥနဲ့ ပိန်းဥ စိုက်ရင် ကောင်းမလားလို့ ကျွန်မတို့ စားဖို့လဲ ရအောင်ပေါ့'

'ကောင်းတယ် မစော၊ ဒီနေရာဟာ ရေစီးလဲ လွတ်တယ်။ တောင်ကမူလို မို့မို့လေး မြင့်နေတယ်။ သင့်တော်ပါတယ်'

ပြောရင်း ကိုဖိုးတုတ် ပေါက်တူး (ပေါက်ပြား)တစ်လက်ကို ကိုင်စွဲပြီး ယာတဲလေးမှ လှမ်းထွက်လာပါတယ်။

'နေဦးလေ ကိုဖိုးတုတ် ကျွန်မလဲ မြေဆွပေးမယ်လေ'

တောင်တစ်လုံးဆွဲပြီး ပြေးလိုက်လာတယ်။

'ဒီနေရာလေးက ကျောက်စရစ် ရှိတယ်။ နည်းနည်းမြေမာတယ် မစော'

'ဖြည်းဖြည်းသာ လုပ်ပါ... ကိုဖိုးတုတ် မပင်ပန်းအောင်ပါ'

ပြောပြောဆိုဆို...

'ဒုတ်'

ကိုဖိုးတုတ် ခပ်ပြင်းပြင်း... ပေါက်တူးတစ ပေါက်ဆွဲ... ဆွဲလိုက်တယ်။

'ဟာ...ဘာပါလိမ့်'

မည်းညစ်ညစ် မာကျော... ပစ္စည်းလေးတစ်ခု ကိုဖိုးတုတ် သတိထားပြီး မြေကို ပေါက်တူးနဲ့ ဖယ်ပစ်နေတယ်။

'အလို... မြတ်စွာဘုရား မြတ်စွာဘုရား ဖြစ်မှားတာရှိလျှင် ခွင့်လွှတ်ပါ ဘုရား။ တပည့်တော် တမင်သက်သက် မလုပ်ပါဘုရား'

တစ်ယောက်တည်း တတွတ်တွတ်ပြောရင်း ဆောင့်ကြောင့်ထိုင်ပြီး ရှိခိုးဦးချနေပါတော့တယ်။

ကိုဖိုးတုတ် အနီးရှိ မစောသီဟာ ကြောင်အမ်းအမ်း ဖြစ်ပြီး...

'ကိုဖိုးတုတ် ဘာလဲဟင်'

မစောသီရဲ့အမေးကို ကိုဖိုးတုတ် ...ပြီး မဖြေနိုင်ရှာပါ။ တတွတ်တွတ် ပြောနေသော ကိုဖိုးတုတ်ကိုသာ ...တွေ့နေရပါတယ်။

မစောသီမှာ ပါလာတဲ့ ခေါင်းနှ...လေးချပြီး ဖြန့်လိုက်တယ်။ ...င်တော်မောင် ဦးခိုက်ရှိခိုးနေတာ... ကြည့်လိုက်တယ်။ မသဲကွဲဘဲ ...နေတယ်။

မစောသီဟာ မြေဆီနဲ့ မည်း... ညစ်ပစ္စည်းကို သူ့ရဲ့ ခေါင်းနှုပ်ပိုင်း... နဲ့ အထပ်ထပ် သုတ်ဖယ်လိုက်... တယ်။ သန့်ရှင်းလာပြီး အမြင်ကြည်... လာတယ်။

'...အောင်မယ်လေး...'

မစောသီ ရုတ်တရက် လန့်ပြီး ...ကြ... ဖင်ထိုင်လဲကျသွား... တယ်။

...ကိုပြန်ထလာတော့ ကိုဖိုးတုတ် ...စောသီ လဲကျသွားတာမြင်လို့ ...ကြား မေးလိုက်တယ်။

'...ဖြစ်တာလဲ မစော'

'...မျက်တောင်တော် လှုပ်ပြီး ပြုံးတော်မူတယ်ရှင်'

'ဟာ...'

'ဟင်...'

'ဘုရားမျက်လုံးတော်နှစ်ဆူမှာ ရောင်ခြည်တော်တွေ လွှတ်နေတယ်။(ကွန့်မြူးနေတယ်။) ငါတို့ လင်မယားနှစ်ယောက် ကုသိုလ်ထူးပကွယ်'

'ကိုဖိုးတုတ်'

'ဟင်'

'မစောသီ'

'ရှင်'

'ဘုရား ဖူးလိုက်ကြပါစို့ရယ်ကွယ်၊ သံသရာနယ်မှ လွတ်ကြောင်း ကုသိုလ်ထူး ဆုထူးပန်စို့ကွယ် မစောသီရယ်'

*  *  *

ယနေ့သည် **၁၀၃ ခုနှစ်၊ ပြာသို လပြည့် စနေနေ့** ဖြစ်သည်။



ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုသလို ပေါ်တော်မူဘုရားအကြောင်း ရပ်နီးရပ်ဝေးမှ ... ရှင်လူများ စည်ကားစွာ ကြွရောက်ပြီး သာသနာပိုင် သံဃာတော်များ ကြီးမှူးပြီး...

၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့မှာပဲ ဂန္ဓကုဋီသိမ်တော်တွင်းသို့ ပင့်လျှောက်ပြီး သီတင်းသုံး စံပယ်လျက် **"ရှင်တောက်ထိန်"** ဘွဲ့ဖြင့် သီတင်းသုံးနေပါတယ်။

ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ကမြောကမ်းရွာတွင် ရှေးဟောင်းရုပ်ပွားတော်အား သွား ရောက် ဖူးမြော်နိုင်ပါတယ်။

ကြာလေလေ တန်ဖိုးကြီးလေလေ

နှစ်တွေ ကြာလာတော့ အသစ်တွေ အဟောင်းတွေဖြစ်၊ အဟောင်း




www.burmeseclassic.com

www.burmeseclassic.com

တွေလဲ အသစ်ဖြစ်မလာပေမယ့် တန်ဖိုးကြီး ဖြစ်ချင် ဖြစ်လာတတ်တာကိုး။

ရှေးဟောင်းပစ္စည်း တန်ဖိုးကြီး…

ဘာလိုလိုနဲ့ နှစ်ပေါင်းထောင်ချီကြာပြီလေ။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရဲ့ ကျက်သရေဆောင် တန်ခိုးကြီး ရှင်ကိုးရှင် ဘုရားစေတီ ရုပ်ပွားတော်များဟာ အချိန်တန်လို့လား၊ မြန်မာလူမျိုးများနဲ့ ထိုက်တန်လို့လား…တန်ခိုးပြာဋိဟာတွေ ပြလာတာကို တွေ့ကြုံဖူးမြင်ရသူ များလာပါတယ်။

မြတ်စွာဘုရားရဲ့ တန်ခိုးတော်ဟာ အံ့မခန်းပါလား… ရှိသေလေးမြတ်ထားလို့ ကိုးကွယ်ဆည်းကပ်ပါလို့ ကျွန်တော် ကနက်သီရိ ဆရာအုန်းရွှေ တိုက်တွန်းပါတယ်နော်။

<u>အံ့မခန်း</u>

၁။ ရှင်ပင်ခရဘုရား
၂။ ရှင်မုတ္ထီးဘုရား
၃။ ရှင်တောင့်ပုံ
၄။ ရှင်မျှော်
၅။ ရှင်တောက်ထိန်*(နံပါတ်–၅ နေရာ)*
၆။ ရှင်ဇလွန်
၇။ ရှင်ဥညြ
၈။ ရှင်ဓာတ်ဝဲ
၉။ ဆံတော်ရှင်

ဖော်ပြပါ တန်ခိုးကြီး ရှင်ကိုးရှင် ဘုရားများ ရှိကြရာဝယ် ယခုအခါများမှာ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးညွှဲသည်များ ထားဝယ်ဒေသသို့ ကြွရောက်ပြီး ဘုရားဖူး ရောက်လာကုန်သော မော်တော်ကားဖြင့် ဘုရားဖူးပြည်သူတွေ ကျေးဇူးတင်ရှိပါကြောင်း ထားဝယ်မြို့ရဲ့ကိုယ်စား ကြိုဆိုပါတယ်လို့နော်…

ဒီနှစ် ၁၃၇၈ ခုနှစ်…၁၃၇၉ ခုနှစ်သို့ မကူးတကူး **(၃–၄–၂၀၁၇)နှစ်**နေ့စွဲအရ ထူးထူးဆန်းဆန်း အံ့မခန်းဖြစ်ရပ်ဆန်းလေးပါ။

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း(၇)ရက်၊ တနင်္လာနေ့ မွန်းတည့် (၁၁) နာရီ (၃၀)မိနစ် အချိန်။

(၃–၄–၂၀၁၇)နေ့ အချိန်ပေါ့…

မြန်မာနိုင်ငံအရပ်ရပ်မှ ရောက်လာကုန်ကြသော နံပါတ်စဉ်(၅) ရှင်တောက်ထိန်ဘုရားတွင် ဘုရားဖူးညွှဲသည်နဲ့ မော်တော်ကား နေရာမဆံ့အောင် စည်ကားနေတယ် ခင်ဗျား…

တချို့က ဘုရားဖူးပြီး ဂန္ဓကုဋိတိုက်ပေါ်မှ ပြန်ဆင်းကြပြီး ဝယ်စရာ စားစရာတွေကို ဝယ်ခြမ်းနေကြတယ်။

ထိုစဉ် ဘုရားရဲ့ တဝဂူတွင်းမှာ ဘုရားဖူးပြီး ကျန်ရစ်နေခဲ့သော သားအမိနှစ်ယောက် (အမည်မသိပါ)သာ ကျန်တယ်။

အမေဖြစ်သူ အသက်(၅၀)ရွယ် (ခန့်မှန်း)ခန့်ရှိ အမျိုးသမီး ဘုရားရှိခိုးနေတဲ့ အချိန်…

သမီးဖြစ်သူ (၈)နှစ်(ခန့်မှန်း) ရှိခိုးချပြီး ရှင်တောက်ထိန်ဘုရားရဲ့ မျက်နှာတော်ကို ကြည်ညိုပြီး ကြည့်ရှုခိုက်မှာ…

'မေမေ'

သမီးက အမေ့ပေါင်ကို လက်နဲ့ တို့ပြီး…

'ဘုရားပြုံးတော်မူတယ် မေမေ ကြည့်ပါဦး'

ဘုရားဦးချပြီး အမေက…

'သမီး တောက်တီးတောက်တက်'

လို့ ပြောဉ်ိုက်ပြီးမှ ဘုရားကို မော်ဖူးတဲ့အမျိုန်မှာ ဘုရားမျက်လုံး တော်မှ ရောင်ခြည်ကွန့်မြူးနေ… တယ်။

'လာကြ… လာကြ… ဖူး… ကွယ်တို့…ကြုံတောင့်ကြုံခဲ'

အမျိုးသမီးကြီးက အော်… လေတော့တယ်။

ဘုရားဖူးအဒေါ်ကြီးရဲ့ အသံ… တကြား အသံကြောင့် ရှုပ်တွေ… တဲ့အချိန်မှာ…

ဘုရားရဲ့ တဝဂူနဲ့ မျက်နှာ… ဆိုင်ရှိသော ကွမ်းယာဆိုင်… သိမ်တော်တံခါးမှ လက်နှိပ်… မှ အလင်းရောင်ထွက်… အလင်းတန်းတစ်ခု ထွက်… ကို အပြင်မှ အနားယူနေကြ… ဘုရားဖူးညွှဲသည်တော်များ … ရပါတယ်။

'ငါတို့ ဘုရားတပည့်တွေ… နေမလဲ… တိုးဝှေ့ပြီး … သိမ်တော်ကြီးထဲကို တိုးဝင်ကြ… ပေါ့'

'ဖြည်းဖြည်းဗျ… ဖြည်း… ကလေးတွေလဲ ရှိတယ် … လိမ့်မယ်'

အသင့်ရှိသော ဂေါပက… များက ထိန်းထိန်းသိမ်း… ပါတယ်။

ဂန္ဓကုဋိတိုက်ထဲ … တဖြည်းဖြည်း …

…လိုက်တော့…

**ဘုရားရုပ်ပွားတော် ညာဘက်မျက်လုံးတော်သည်မှလမျက်လုံးထက်… အလင်းရောင်ပြီး အတွဲမှ မျက်ဆံ… တော်အနက်သည် ကြယ်ရောင်ပြီး… မျက်ထန်အပြုတဲ့ အလင်းတန်း… ရောင်ခြည် ကွန့် မြူးနေတာကို အံ့မခန်း… ဖူးမြော်တွေ့ရှိရပါတယ်။**

ညနေပိုင်းလောက်မှာပဲ သာသနာ… ပိုင် ဆရာတော်များ ကြွရောက်လာ… ပြီး စစ်ဆေးကြတယ်။

သာသနာ့ဝန်ကြီးဌာနမှလဲ ကြွ… ရောက်ပြီး စစ်ဆေးခဲ့ကြပါတယ်။

ရောက်ရှိလာသော ပုဂ္ဂိုလ်များ… ဟာ ကြုံတောင့်ကြုံခဲမို့ ကြည်ညို… သဒ္ဓါပိုခဲ့ရပါတယ်။

ထူးထူးခြားခြား ပုဂ္ဂိုလ်

ထားဝယ်ဆရာတော် ဦးဝါယမလဲ… ကြွရောက်ပြီး ဘုရားရဲ့ဓာတ်တော်… မှ ရောင်ခြည်တော်ကို လာရောက်… ဖူးမြော်ပါတယ်။

ရှင်တောက်ထိန် မြတ်စွာဘုရား… ဓာတ်တော် ရောင်ခြည်တော် (၃)… ရက် ကွန့်မြူးပြီး မျက်လုံးတော်… …အတိုင်း ပြန်မေးသွားလိမ့်မယ်လို့… …တော်မူတယ်။

မှန်လေစွ…မှန်လေစွ… ဘုရား… မျက်လုံးတော်မှ ရောင်ခြည်တော် (၃)ရက်သာ လွှတ်ပါတယ်။ မျက်လုံးတော် ကျယ်ခြင်းမှာလဲ … အတိုင်း ပြန်ဖြစ်သွားပါပြီ။

ဂန္ဓကုဋိ ဘုရားခန်းမှာတော့ … ယခင်က ခတ်ထားတဲ့ အာမခံ … သော့ခလောက်ကြီးက ပိတ်လျက် ပါ။



**တာဘိယ ရောင်ခြည်တော်** မြူးခဲ့…

ရှင်တောက်ထိန်ဘုရား

ထူးခြားချက်

၁။ ဘုရားရဲ့ ဦးခေါင်းတော် လက်ဝဲဘက်တွင် ပေါက်ပြားရာရှိခြင်း၊
၂။ ရုပ်ပွားတော်သည် အမြဲပြုံးတော်မူ၍ မျက်တောင်တော် လှုပ်ခတ်ခြင်း၊
၃။ ရုပ်ပွားတော်သည် ညနေပိုင်းတွင် ဘုရားဖူးများ ရုပ်ပွားတော် ရှစ်ဆူအထိ ပွား၍ ဖူးတွေ့ရတတ်ခြင်း၊
၄။ ဝိဇ္ဇာဓိုရ်များ တာတ်လုံး(၉)လုံး ဌာပနာထားခြင်း၊
၅။ ရုပ်ပွားတော်သည် မျက်ရှင်တော်ဖြစ်ခြင်း၊
၆။ ၆၆ စီးပွားရေး၊လူမှုရေး ကိစ္စများကို စနေနေ့ညနေပိုင်းတွင် ဆီမီး၊ရေချမ်း၊ ပန်း၊နံ့သာ ပူဇော်ပြီး ဆုတောင်းက အလိုပြည့်ခြင်း…

ခြားမြောင်လှတဲ့ ကိစ္စအဝဝကိုလဲ ရှိသေသမှုပြု၍ ဆုတောင်းနိုင်ပါတယ်။

ကမြောကင်းရွာ၊ လောင်းလုံးမြို့နယ်၊ ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး၊

**ကနက်သီရိ ဆရာအုန်းရွှေ**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ကြုံရ ထုံးရသည့် (၁၂)

နှင်းပုလဲသူ

စာရေးသူတို့ မိသားစုသုံးယောက် အဘကြီးနှင့် အမရပူရတွင် အတူနေစဉ်က ဖြစ်ပါသည်။ **၂၀၀၇ ခုနှစ်၊ ဇူလိုင်လ**တွင် မော်ဘီမြို့မှ စာရေးသူ၏ အစ်မထံမှ စာရောက်လာပါသည်။

စာတွင် ညီအစ်မငါးယောက်အတွက် တစ်ဦးလျှင် (၂၀'× ၅၀') မြေတစ်ကွက်စီ အမွေခွဲပြီးပြီဖြစ်ကြောင်း ရေးထားပါသည်။ စာရေးသူ ရောင်းလိုပါက မင်္ဂလာဒုံသို့ လာခဲ့ပါရန် အကြောင်းကြားစာ ဖြစ်ပါသည်။


စာရေးသူ၏ မိဘနှစ်ပါးသည် ကွယ်လွန်ကြပြီး ဖြစ်ပါသည်။ မင်္ဂလာဒုံမြို့နယ်၊ ကျိုက်ကလော့ဘုရားနှင့် တည့်တည့်ရှိ ပေါက်ကုန်းရပ်ကွက်ထိပ်မှ မဏိစေတီအနီးတွင် စာရေးသူ၏ မိဘများ နေခဲ့သော ခြံနှင့်အိမ် ရှိပါသည်။

စာရေးသူ၏ အထက်တွင် အစ်မ (၄)ယောက် ရှိပါသည်။ အမှတ်စဉ်အတိုင်း ဖော်ပြရလျှင် အကြီးဆုံး အမှတ်(၁)အစ်မသည် ဆက်သွယ်ရေးတပ်မှ စစ်သမီး ဖြစ်ပါသည်။ ထိုအစ်မသည် အငြိမ်းစားယူထားပြီး ဖြစ်ပါသည်။

ဒုတိယအစ်မသည် ဗိုလ်ကြီးတစ်ဦးနှင့် အိမ်ထောင်ကျပါသည်။ ထိုအစ်မရော သူမ၏ခင်ပွန်းပါ ကွယ်လွန်သွားကြပြီ ဖြစ်ပါသည်။

တတိယအစ်မသည် မော်ဘီမြို့ အမှတ်(၁) အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ (အငြိမ်းစား) ဖြစ်ပါသည်။





စတုတ္ထအစ်မသည် အလုပ်မရှိပါ။ သူမ၏ ခင်ပွန်းမှာ ရုံးဌာနတစ်ခုမှ ထွက်ထားပြီးဖြစ်ပါသည်။ ထိုစတုတ္ထအစ်မမိသားစုသည် မိဘများ၏ အိမ်နှင့်ခြံတွင် ယခု နေထိုင်လျက်ရှိပါသည်။

အဘကြီးကို စာရေးသူက အစ်မ၏စာကို ပြ၍ စာရေးသူ ရန်ကုန်သို့ ခဏသွားမည့်အကြောင်း အသိပေးပါသည်။ မန္တလေးဘူတာသို့ ဆင်းမည့်ညနေတွင် သွားခါနီး အဘကြီးက လက်ဝါးဖြန့်၍ အပေါ်သို့ လက်မြှောက်ပြီး ဆွဲယူလိုက်ရာ ပုံတွင် မြင်ရသည့်အတိုင်း အမြင့်(၁)လက်မခွဲခန့်ရှိ နီးကုန်းဘိုးဘိုးကြီးပုံတော် ပါလာ၍ စာရေးသူကို လှမ်းပေးပါသည်။

အဘကြီးက ထိုပုံကိုစာရေးသူ၏ လက်ဆွဲအိတ်ထဲတွင် ဆောင်သွားရန်နှင့် ဘာစကားမှ မပြောရန် မှာလိုက်ပါသည်။ စာရေးသူက အဘကြီးပေးသည့် အန်းကုံးဘိုးဘိုးကြီးပုံကို သေသေချာချာ ကြည့်မိပါသည်။

**ထိုတွင် ညာလက်တွင် ကိုင်ထားသည့် ဒုတောင်းစာများ၊ ရေးသည့် ပင်တောင်မှာ တစ်ဝက်ပြတ်နေပါသည်။ ဘယ်လက်ထဲတွင် ရှိရမည့် ... ရှာမတွေ့ပါ။ မသိပါ။**

စာရေးသူ၏ စိတ်ထဲတွင် ရသင့်သည့်ငွေ အကုန်ရသိမ့်မည် မဟုတ်ဟု တွေးလိုက်မိပါသည်။

စာရေးသူ တစ်ဦးတည်း မော်တီမြို့ တတိယအစ်မထံသို့ သွားခဲ့ပါသည်။ ရောက်ပြီး နာရီဝက်လောက်ကြာတွင် မော်ဘီဘိုးဘိုးကြီးကုန်းသို့သွား၍ ကန်တော့ပွဲ၊ ဆီမီးနှင့် ပန်း၊ဆီမီး ကပ်လှူပြီး နာရီဝက်ကြာ ပုတီးစိပ်ခဲ့ပါသည်။

နောက်တစ်နေ့တွင် မော်ဘီမှ တတိယအစ်မကို အဖော်ခေါ်၍ မင်္ဂလာဒုံအိမ်ခြံရှိ စတုတ္ထအစ်မထံသို့ သွားကြပါသည်။

စတုတ္ထအစ်မနှင့် သူ၏ခင်ပွန်းက စာရေးသူရမည့် ပေ(၂၀'×၅၀') မြေပုံမိတ္တူကို ထုတ်ပေးပြီး စာရေးသူကို မြေဘယ်လိုမှ မပေးနိုင်ကြောင်း ဒေါသတကြီး ငြင်းဆိုကြပါတော့သည်။

စာရေးသူရော တတိယအစ်မပါ ဘာမှမပြောဘဲ မော်ဘီသို့ ပြန်ခဲ့ကြပါသည်။ 'စာရေးသူ ရမည့် မြေကွက်တွင် အိမ်လေးတစ်လုံး ဆောက်ထားပြီး စတုတ္ထအစ်မက အိမ်ငှားတင်ထားသည်ကိုလည်း တွေ့ခဲ့ရပါသည်။

နောက်ရက်တွင် မင်္ဂလာဒုံ ဆက်သွယ်ရေးတပ်မှ တူမဖြစ်သူက လာခေါ်သဖြင့် လိုက်သွားပြီး ထိုအိမ်တွင် သုံးရက်နေပါသည်။

လေးရက်မြောက်နေ့တွင် အမရပူရသို့ပြန်ရန် စီစဉ်နေစဉ် မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်မှ မနီလာမြတ်နှင့် အဆက်အသွယ်ရပြီး မနက်ဖြန် သူမအိမ်သို့ အလည်လာရန် ဖိတ်ပါသည်။

မနီလာမြတ်သည် လွန်ခဲ့သည့် တစ်နှစ်က သူမပိုင် တိုက်လေးတစ်လုံး အပါအဝင် မြေတစ်ကွက်ကို အရောင်းဝယ်ရန် အကူအညီတောင်းခဲ့ဖူးသူ ဖြစ်ပါသည်။ နောက်နေ့မနက်တွင် မနီလာမြတ်က သူမ၏ ကိုယ်ပိုင်ကားလေးနှင့် စာရေးသူကို လာခေါ်ပါသည်။

သူမ၏အိမ်တွင် စာရေးသူအား သူမ လက်ရှိကြုံနေရသည့် ကိစ္စများအား မေးပြီး ဥာဏ်ပူဇော်ခအဖြစ် ငွေသုံးသောင်းကျပ် ပေးပါသည်။ အဘကြီးအတွက်လည်း ငွေငါးသောင်းကျပ် လှူလိုက်ပါသည်။

ထို့နောက် လွန်ခဲ့သည့် တစ်နှစ်က စာရေးသူအား အကူအညီတောင်းခဲ့သည့် မြေကွက်နှင့် တစ်ထပ်တိုက်လေး အရောင်းထွက်သွားခဲ့သည့်အတွက် သူမစိတ်ထဲ ပေါ်သည့်အတိုင်း စာရေးသူလှူရန် ဖယ်ထားသည့်ငွေ ဖြစ်ပါသည်ဟု ပြောကာ ငွေသုံးသိန်းကို စာအိတ်နှင့် ထည့်ပေးပါသည်။

ထိုငွေသုံးသိန်း ပေးနေစဉ် စာရေးသူ၏ ပိုက်ဆံအိတ်ထဲမှ အဘကြီး ချီးမြှင့်လိုက်သော အန်းကုံးဘိုးဘိုးကြီးပုံတော်ကို သတိရလိုက်မိပါသည်။ နောက်ရက်တွင် အမရပူရသို့ ပြန်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလတွင် စာရေးသူပိုင်သောမြေ ပေ(၂၀'× ၅၀')အတွက် စတုတ္ထအစ်မ မိသားစုနှင့် ရင်ဆိုင်ရန် ဒုတိယအကြိမ် ရန်ကုန်သို့ သွားခဲ့ပါသည်။

ထိုအချိန်က စာရေးသူ၏သမီးသည် ဘွဲ့ယူပြီးနောက် ဂျပန်အလှကုန် ကုမ္ပဏီ(Aphrodite)တွင် လက်ထောက် မန်နေဂျာအဖြစ် အလုပ် လုပ်နေပြီ ဖြစ်ပါသည်။

သမီးက ရုံးမှ ခွင့်တစ်လယူပြီး စာရေးသူနှင့်အတူ ရန်ကုန်သို့ လိုက်လာပါသည်။ နောက်ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက် ဥက္ကဋ္ဌအိမ်ကို စုံစမ်း၍ မနှစ်က အစ်မဖြစ်သူက စာချုပ်သာ ပေးပြီး မြေကို မပေးသည့်အတွက် စာတင် အကူအညီတောင်းခံရန် လာခြင်းဖြစ်ကြောင်း စာရေးသူက ရှင်းပြခဲ့ပါသည်။

နောက်ရက်တွင် ရပ်ကွက်ရုံးသို့ ညနေ(၅)နာရီ အရောက်လာရန် ဥက္ကဋ္ဌမှ စာရေးသူအား မှာလိုက်ပါသည်။

ရပ်ကွက်ရုံးတွင် စတုတ္ထအစ်မနှင့် သူ၏ခင်ပွန်း နှစ်ယောက်လုံးက စာရေးသူနှင့်သမီးအား ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com

လူကြီးများရှေ့တွင်ပင် အတော် ဆိုးရွားမိုက်ရိုင်းသော စကားလုံးများ သုံး၍ ရန်တွေ့ပါတော့သည်။

စာရေးသူရော သမီးပါ ရန်ပြန် မဖြစ်ဘဲ ခေါင်းငုံ့သည်းခံနေတာကို တွေ့တော့ ဒုတိယအကြိမ်မှစ၍ ရပ်ကွက်လူကြီး ငါးယောက်နှင့် စတုတ္ထအစ်မ လင်မယားတို့ စကား များကြပါသည်။

နောက်ရက်တွင် စာရေးသူပိုင် သည့် မြေကွက်ပေါ်တွင်နေသော အိမ်ငှားများက လုံးဝ ဖယ်မပေးရန် သူတို့အား စတုတ္ထအစ်မနှင့် သူမ ခင်ပွန်းက မှာထားကြောင်း စာရေး သူတည်းခိုသည့် အိမ်ကို လာပြော ပြကြပါသည်။

ရပ်ကွက်ရုံးတွင် တတိယအကြိမ် တွေ့ပြီးနောက် ရာအိမ်မှူးက စာရေးသူ တည်းခိုသည့် အိမ်ထိ လိုက်လာပြီး စတုတ္ထအစ်မနှင့် သူမ ခင်ပွန်း မတရားလွန်း၍ သူ အစ အဆုံး လိုက်ကူညီမည့်အကြောင်း နှင့် ယခုဝယ်သူရှိပါက ရောင်းမည် လားဟု မေးပါသည်။

စာရေးသူက ရသည့်ဈေးနှင့် ရောင်းပါမည်ဟု ပြောလိုက်ပါသည်။ ရပ်ကွက်ရုံးတွင် စတုတ္ထအစ်မနှင့် သူမခင်ပွန်းအား (၇)ကြိမ်တိတိ ရင်ဆိုင်ခဲ့ရပါသည်။

တစ်ရက်တွင် ရာအိမ်မှူးက သိန်းနှစ်ဆယ် ပေးဝယ်မည့်သူက စရန်ငွေနှစ်သိန်း ပေးလိုက်သည့် အကြောင်း လာပြောပါသည်။ ပေါက်ဈေးထက် များစွာနည်းနေမှန်း သိသော်လည်း ရောင်းရန် ဆုံးဖြတ် လိုက်ပြီး အမရပူရသို့ သိန်းနှစ်ဆယ် ယူ၍ ပြန်ခဲ့ပါသည်။

ဘယ်လိုနည်းနှင့်မှ မပေးပါဘူးဟု အကြောက်အကန်ငြင်းဆန်နေသော အစ်မနှင့် သူမခင်ပွန်းအား တစ်ခွန်းမှ မတုံ့ပြန်ဘဲ ရအောင် ရောင်းနိုင်ခဲ့ သည်မှာ အဘကြူ ချီးမြှင့်လိုက် သည့် အန်းကုံးဘိုးဘိုးကြီးပုံတော် လေးကြောင့် ဖြစ်မည်ဟု စာရေးသူ ထင်ပါသည်။

အန်းကုံးဘိုးဘိုးကြီးပုံတွင် ညာ လက်၌ ယပ်တောင်တွင် ဆုတောင်း စာ တစ်ဝက်ပြတ်နေခြင်း၊ ဘယ် လက်ပေါ်တွင် ရွှေလေ့ မပါခြင်းတို့ က စာရေးသူ ရင်ဆိုင်ရမည့် အမွေ ကိစ္စတွင် ငွေ အပြည့်အဝ မရမည့် နိမိတ် ဖြစ်မည်ဟု စာရေးသူ ထင် ထားခဲ့သည့် အတွေးသည် မှန်နေပါ သည်။

သို့သော် အဘကြူ ချီးမြှင့်သည့် အန်းကုံးဘိုးဘိုးကြီး ပုံတော်လေး ဆောင်သွားသည့် ရန်ကုန်ခရီးစဉ် နှစ်ကြိမ်လုံး စာရေးသူ ငွေများများ ရခဲ့သည်ကတော့ အမှန်ပင် ဖြစ်ပါ သည်။

ဤစာစုဖြင့် အဘကြီးဘိုးဘိုး အောင်၊ အဘကြီးဘိုးမင်းခေါင်၊ အဘရာကျော် ဆရာတော်ကြီးနှင့် တကွ ထွက်ရပ်ပေါက် ဆရာတော် များ အားလုံးရော သင်ဆရာ၊ မြင်ဆရာ၊ကြားဆရာ ဖြစ်သည့် အဘကြူကိုပါ ရိုသေစွာ ကန်တော့ ပါသည်။

**နှင်းပုလဲသူ**


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ဖတ်ရှုလိုသူများသို့...**

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လစေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်သို့
EXPRESSဝန်ဆောင်မှု
စနစ်ဖြင့် အမြန်ဆုံး
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ရွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၈၀၀ိ/ကျပ်
(နှစ်ထောင့်ရှစ်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လစေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။
[မှတ်ချက် ။ ။ လေယာဉ်ပျံနှင့် ပို့ ...
သောဒေသများအတွက် လေယာဉ်...
ကိုပို့ပေးဆောင်ရပါမည်။]

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၁၀-ပထမထပ်
၂၉-လမ်း(အံထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း
၀၉-၇၇၆၃၄၉၇...
၀၉-၄၄၃၂၆၇၂၂...




# ကျောက်စိမ်းပန်းကန် (၂)

ရွှေတောင်
ကြည်မောင်ဘော:



ယခင်လမှ အဆက်

...တယ်လက်ရွာမှာ ...ဦးမောင် ဒေါ်လှတင့်တို့က ...မင်းအောင်ရဲ့ ယောက္ခမ။ ...မောင်က ခဏခဏ ...ပြောလွန်းလို့ "ဘုန်းကြီးဒိန်းဒေါင်" ...ကို ဦးမင်းအောင်က ရင်ထဲမှာ စွဲနေ ...တယ်။ မှတ်မိနေတယ်။ တွေးနေ ...ရာ မလို။ ကရားရေလွှတ်သလို ...တွတ်တွတ် ပြောနိုင်တာ... ...ယောက္ခမ ပြောစကားသာ ကြားသိရတာ။ ကိုယ်တိုင် ကြုံတာတော့ မဟုတ်။ ငယ်သေးသကို ဦးမင်းအောင်။ "ဘုန်းကြီးဒိန်းဒေါင်"ရဲ့ အကြွေ ဝါသိက တပည့်ရင်း ဦးကြာမြင့်နဲ့ ဦးမင်းအောင်တို့က မောင်ဖိုးဟန် ကို ဖြစ်ပျက်ခြင်းရာ ထွေကလာ သေသေချာချာ ပြောပြကြတာ။

တစ်ယောက်က ပြောလိုက် ကျန်နေရင် နောက်တစ်ယောက်က ထောက်လိုက်။ အယောက်တသ နှစ်ယောက်သား၊ စိတ်ဝင်စားစရာ...

မောင်ဖိုးဟန်မှာ ခေါင်း ငိုက် ငိုက် လာအောင် နားထောင်ရတယ်။ "အိ"တော့ မသွားဘူး။ အဆီ တစ်ထပ် အသားတစ်ထပ်ကတော့ အမှန်ပဲ။

ထွက်ရပ်ပေါက် ဆရာတော်ကြီး၊ တစ်ပါးအကြောင်း နှစ်ထောင်း အားရ ကြားခဲ့ရ။ ပီတိကို ဖြန့်ဝေ ပါတယ်။ ထပ်တူထပ်မျှ ရကြပါ စေကုန်...

ပါရမီဆက်ရှိကြတဲ့ သူတွေက တော့ "ဘုန်းကြီးဒိန်းဒေါင်"မှ "ဘုန်းကြီးဒိန်းဒေါင်" ယောင်လို့ တောင်မှ မပြစ်မှား။ စော်ကားလို စိတ်မရှိ။ ပကတိ ရိုးသားကြတဲ့ တောသူတောင်သားတွေ။

ကြည်ဖြူတဲ့ သဒ္ဓါတရား ထပ်ပွား။ မနားတမ်းလှူကြ။ တန်းကြ။ သီလ ခံယူ။

ဒါပေမယ့် တော်တော်စိတ်ညစ် ကြရတယ်ဆိုပဲ။ လူထူရင်(ပရိသတ် များလာရင်) သဒ္ဓါတရား စမ်းသတဲ့။

ပြောချင်တာတွေ ပြော။ ဆိုချင် တာတွေဆို။ အော်လိုက်။ ဟစ်လိုက်။ အရှူးပမာ။ သဒ္ဓါချိုးဖို့။

တချို့က အကြည်ညို တန်ကြ ရော။ ဟော... စခန်းသတ်လို့

တစ်စခန်း ရုပ်သွားကြပါလေရော။

ဆိုပါတော့... ည ကျိန်းစက်ရင် ကျောက်တုံးကြီး ခေါင်းအုံး ကျိန်းတာ။

သိကြတော့ ခေါင်းအုံး ယူလာပြီး လှူကြတယ်။ အလှူခံပါတယ်။ အလှူရှင် ရှေ့မှာကို စွန့်ချင်တဲ့သူကို ပြန်စွန့်တာ။ ချက်ချင်းကြီး။

ဘယ့်နှယ်ဗျာ ခေါင်းအုံး အလှူရှင်...

ခေါင်းအုံးအလှူရှင် စိတ်ထဲမှာ ထင့်သွားပြီဆိုတာလဲ သိတယ်။ ဟောပြီ။ ပြောပြီ။ ဆိုဆုံးမပြီ။

'နင်လှူတဲ့ ခေါင်းအုံး သခင်ရ မပြုတူ။ အလှူလက်ခံတဲ့ ငါလဲ မပြုတူ။ ခေါင်းအုံး လှူတဲ့ နင်လဲ မပြုတူ။ သခင်ရ၊

ခေါင်းအုံး နင် ငါ သခင်ရ၊ လောကကြီးမှာ ဘာမှ မပြုတူ။

အနိစ္စ အမြဲ မရှိ။ ပျက်ရမယ်ဆိုတာ နင်တို့ သိ။

ငါ ပစ္စည်းစောင့်တဲ့ ဒရဝ် အဖြစ်မခံတူ။ ငါ့ကို နင် ခေါင်းအုံး လှူတယ်။ ကုသိုလ် ရပြီ။ ငါက ပြန်စွန့်လိုက်တော့ ကုသိုလ်ရ ပြန်ပြီ။ နင်သာ စိတ်ထားတတ်ရင် အလှူ (၂)ခု၊ ကုသိုလ်(၂)ခု၊ ကောင်းမှုပေါ် ကောင်းမှုဆင့်တော့ ထပ်ဆင့်ကောင်းမှု။ လှူသာမှခေါ်၊ နတ်သာမှခေါ်၊ နိဗ္ဗာန် မျှော်...ဟ'

ခေါင်းအုံးအလှူရှင်လဲ အသိသာ။ ပီတိဖြာ။ ရင်မှာအေး ကောင်းမှု ကုသိုလ်လေးကို တွေး...တွေးပြီး...

* * *

ဦးမောင်နဲ့ ဒေါ်လှတင်တို့က စိုက်ပျိုးရေးသမားတွေ။ ဟင်းသီး



ဟင်းရွက် သူတို့လက်က ထွက်တာ။ စိုက်ခင်းက ထွက်တဲ့ ပန်းမျိုးစုံနဲ့ ဟင်းသီးဟင်းရွက်တွေကို ရွှေတောင်မြို့ ဈေးထဲမှာ လူသွားလမ်းဘေး ဗန်းလေးတွေ ခင်း ခင်းပြီး ရောင်းကြတာ။

ဘူးသီး ခရမ်းသီး ရုံးပတီသီး ဂေါ်ဖီထုပ် ပန်းဂေါ်ဖီ ဆလတ် ပဲစောင်းလျား နွေပဲသီး ပဲလင်းမြွေ သီး ရွှေဖရုံ ကျောက်ဖရုံ... စတာ တွေပဲ။ စုံနေတာပဲ။

မိုးမလင်းမီ ရွာကထွက်။ ခြေလျင် ခရီး။ မနီး။

တစ်နေ့တော့ ဒေါ်လှတင် ဟင်းသီးဟင်းရွက်တွေကို တနင့်တပိုး ရွက်ပြီး အဖော်တွေနဲ့ အိမ်က ထွက်အလာ ဘုန်းကြီးဒိန်းဒေါင်က...

'ဟေ့...လှတင် နင် ရွှေတောင်ဈေးကို သွားပြီး ရောင်းမနေနဲ့... ခြေထောက် ညောင်းရုံ ရှိမယ်။ နင့်ပစ္စည်းတွေ တစ်ခုမှ ရောင်းရမှာ မဟုတ်ဘူး'

ဒီဘုန်းကြီးနှယ် တော်... မိုးမှ မလင်းသေးဘူး။ မဦးမချွတ် ပြော ရက်လိုက်တာလို့ တွေးတယ်။ ဒေါသလဲ အကြီးအကျယ် ဖြစ်သွား တယ်။ စိတ်ထဲမှာ တထင့်ထင့် တွေးပြီး ရွှေတောင်ဈေးကို ရောက် သွားတယ်။

သိုင်နေကျ နေရာလေးမှာ ထိုင်၊ ခံတောင်းထဲက ဟင်းသီး ဟင်းရွက်တွေကို ထုတ် ဆိုင်ခင်းပြီ။ တကြော်ကြော် အော်ဟစ်လို့ ဈေးခေါ် အော်သာအော် အလကား။ ခေါ်သ ခေါ် အလကား။ ဝယ်အား မရှိ နတ္ထိ။ အခြားဈေးသည်တွေနဲ့ မဟု တစ်မူကွဲ။ နေပူထဲမှာ...

ဈေးကွဲချိန်ထိ ဝယ်ဖို့ပေ မေးမယ့်သူတောင် မရှိ။

အရောင်း အ...တော့ တောင်း မပြီး ဒေါ်လှတင် ပြန်ခဲ့ရ။ ကုန်စိ က ရှုံးပြီ။ နိဂုံးကတော့ အိမ်အပြ ခရီး။

ဘယ်လက်ရွာအဝင် ကုက္ကို ရိပ်အောက်မှာ ဘုန်းကြီးဒိန်းဒေါ ကို လှမ်းမြင်ရတယ်။

'လှတင် နင် ဘယ့်နှယ်လဲ၊ ငါပြော မဟုတ်ဘူးလား'

တဲ့။

နောက်(၃)ရက်လောက် ကြ တော့ သူ့ဒကာကြီး ဦးမော ဘုန်းကြီးဒိန်းဒေါင်ဆီ သွားရော ဖူးမြော်ကန်တော့တယ်။ နှ မဟ စိတ်ထဲက ဝန်ချတော် တယ်။ ဦး(၃)ကြိမ် ချပြီးတာ

'မင်းတို့ ပြန်ကြတော့ အိမ် တာနဲ့ တစ်ရွာလုံးက ထွက်တဲ့ ဟင်းရွက်တွေကိုအကုန်ဝယ်၊ ဈေးသွားရ သက်သာတော့ သူတို့တွေ ပြန်ပြီး ရောင်းကြမှာပါကွာ။ မနက်ဖြန်မနက် ဟင်းသီးဟင်းရွက်တွေကို လှည်းနဲ့တင် အိမ်ကထွက်၊

ဈေးဘက်ကိုတောင် မင်းတို့ မရောက် ပါဘူး၊ ရွှေတောင်မြို့ အဝင်မှာ မင်းတို့ ပါသမျှ အကုန်ဝယ်မယ့်သူ စောင့်နေမယ်၊ ကြိုက်ဈေးခေါ် ရောင်းလိုက်ကြ'

ဦးမောင်တို့ အိမ်ပြန်ရောက်တာနဲ့ တစ်ရွာလုံးက ထွက်တဲ့ ဟင်းရွက် ဟင်းသီး ချုပ်ပြီး ဝယ်တယ်။

မနက် လှည်းပေါ်တင်။ ရွှေတောင်ကို ဝင်ပြီ။

အပြင် ရှမ်းလမ်းထိပ်မှာ ဝယ် လက်က စောင့်နေတယ်။ အကုန် ဝယ်တာ။ ခေါ်ဈေးပေးတာ။ ပါသမျှ ကုန်ရော။

နွား(၂)ကောင် ကဆုန်ချ။ ပြန်ကြ။ မိုးမှ မလင်းသေး။ ရေအိပ်။ ချွေးသိပ်။ ရတဲ့အမြတ် ယိုင်။

* * *

ဒေါ်လှတင် ရွှေတောင်ဈေးကို သွားရောင်းရင် တစ်ယောက် မဟုတ်ဘူး။ အဖော်တသင်း ရောင်းရင်းတွေ ပါတယ်။ ရွာထိပ်မှာ တစ်ယောက်စောင့် တစ်ယောက် စောင့်နဲ့ စောင့်...စောင့်ပြီး လူစု။ ရွှေတောင်ကို သွားကြတာ။ ရောက်တော့ မိုးမလင်းသေး။ ဈေးတောင် အိပ်နိုင်။

တစ်နေ့တော့ လူစုံအောင် စောင့်လိုက်ရတာ မိုးတောင် လင်းလု ရောင်နီ ကွယ်ပျောက် အလင်း



တောက်ပြီ။

ဒေါ်လှတင်တို့ (၅)ယောက်သား ဟင်းသီးဟင်းရွက် ခံတောင်းလေး တွေ ခေါင်းပေါ်တင်။ ဘယ်လက်ရွာ ကနေ ခြေလျင် ကြိတ်ခဲ့ကြတာ။ ရန်ကုန်–ပြည် ကားလမ်းပေါ် ရောက်တော့ အလင်းရောင်က လူလုံးကွဲပြီ။

ကားလမ်းဘေး ဝဲယာမှာက ကုက္ကိုပင်ကြီးတွေ အပြိုင်းအရိုင်း...

'ဟိုကို ကြည့်လိုက်ကြစမ်း။ ကုက္ကိုပင် ပေါ်က လူမင်းသား အဲဒါ ဖိုးပဲဟေ့'

ဒေါ်လှတင်တို့ ကြောက်လန့် တကြား ဖြစ်မိ၊ အသံကြားရာကြည့်၊ မြေပြင်မှာ မရှိ၊ တောင်းလေးတွေချ၊ မော့ကြည့်ကြတော့ လူနှစ်ဖက်စာ လောက်ရှိတဲ့ ကုက္ကိုပင်ကြီးခွကြားမှာ အကျအန ထိုင်နေတာက ဘုန်းကြီး ဒိန်းဒေါင်။ အိမ်ခေါင်(၁၈)တောင်

လောက်အမြင့်။

ကြည့်နေကြရင်း ဘုန်းကြီး ဒိန်းဒေါင် မြေပြင်ကို ခုန်ချလိုက် တယ်။ လှလှပပ။ မတ်တတ်ကျ။ ဂွမ်းစပမာ ပေ့ါပါးစွာ။ အကျကောင်း လိုက်တာ။

ရှတ်တရက် ပြန်ခုန်တက်တယ်။ ကျွမ်းကျင် ကြိုးဆွဲလက်က ရုပ်သေး ရုပ်လို ''ဖြောက်''ခနဲ ထိုင်။ ကျ။ သစ်ပင်ခွ။

သိဒ္ဓိစွမ်းအစ ဘုန်းကြီးဒိန်းဒေါင် ပြ။

စိတ်နေသဘောထား ဖြူစင် ရိုးသားကြတဲ့ တောသူတွေ ထွေရာ လေးပါး မစဉ်းစား...အတွေးမပွား... ဈေး ဆက်သွား။

* * *

နေ့စဉ်နေ့တိုင်း မောင်ကြာမြင့်နဲ့ မောင်စံသိန်းတို့ (၂)ယောက်သား ဘုန်းကြီးဒိန်းဒေါင်ရဲ့ ဝေယျာဝစ္စတွေ ကို လုပ်ကိုင်ဆောင်ရွက်လာခဲ့ကြ တာ မငြီးမငွေ့ ရက်ရွေ့လို့ လကိုချို့။

(၂)လလောက် ကြာတော့ ဘုန်းကြီးဒိန်းဒေါင်က ကြိုးပုတီး ထိုး နည်း သင်ပေးတယ်။ ပုတီးခေါင်းထိုး နည်းလဲ သင်ပေးတယ်။ (၁၀၈)လုံး ပုတီးတစ်ကုံးစာ ရတော့...

'မင်းတို့ ပုတီးစိပ်ကြ၊ ဘုရားဂုဏ်တော် (၉)ပါး တစ်ပါးပါးကို အာရုံပြုပြီးစိပ်၊ စိတ်ကိုဆွဲယူ...ညွတ်ပုံ...အာရုံပြု'

ကျုပ်တို့(၂)ယောက် ဆရာတော် ကြီး အဆုံးအမနဲ့ ကုသိုလ်တွေ ရလိုက်ကြတာဗျာလို့ အသက်(၇၈) နှစ် ရှိပြီဖြစ်တဲ့ ဦးကြာမြင့်က မောင်ဖိုးဟန်ကို ပြောပြတယ်။







www.burmeseclassic.com

www.burmeseclassic.com

ဦးစံသိန်းကတော့ အသက် (၄၈)နှစ်မှာ ကွယ်လွန်သွားရှာပြီလို့လဲ သိလိုက်ရတယ်။

ဦးကြာမြင့်ကို ကြည့်ရတာ သူ့စိတ်က အတိတ်ဆီ ရောက်နေသလိုပဲ။ တမ်းတစိတ်ကြောင့် ထင်ပါရဲ့ မျက်နှာက ညှိုးနေတယ်။ စကားနည်းတယ်။ သိပ်မပြောဘူး။ မေးနိုင်ပါမှ တစ်ခွန်းစ နှစ်ခွန်းစ။ နှုတ်ထွက်စကားက နားနားနေနေ။ လိုနေရင်တော့ ဝင်ပြောတယ်။

ဦးမင်းဆွေအောင်ကတော့ ပြောသွားလိုက်တာ။ မနေမနား။ ကြားရသူ မျက်စိတ်ထဲမှာ ပုံရိပ်တွေ ထင်...လို့။

*　*　*

တစ်နေ့တော့ ဘုန်းကြီးဒိန်းဒေါင်က ဒကာရင်း ဒကာမရင်းတွေကို အမိန့်ရှိတယ်။

'မနက်ဖြန်မနက် ပုသိမ်မြို့နယ် ကျွန်းကုန်းကြီးရွာက တပည့်ကြီး ဦးအာလူးနဲ့ ဒကာ ဒကာမတွေ ရောက်လာကြမယ်၊ မနက်စာ ထမင်းကျွေးမယ်၊ ယင်းတို့တစ်တွေ ဟင်းလျာ ရှာကြရမယ်၊ အသားဟင်းငါးဟင်း မဟုတ်။ သက်သတ်လွတ်ဟင်း။

သက်သတ်လွတ်ဟင်း အတွက် ချက်ဖို့ ပြုတ်ဖို့ တွေးတောပူပင်မနေကြနဲ့။ လယ်တောရွာတောက ဟင်းသီးဟင်းရွက်တွေနဲ့ ချက်မှာ။

မနက်ဖြန်မနက် နေထွက်တာနဲ့ အိမ်က ထွက်ခဲ့ကြ။ ဒီရောက်မှ ဟင်းလျာရှာမယ်။ အိမ်က စဉ်းတီတုံး... ဟင်းရွက်ထည့်ဖို့ ဗန်း... လှီးဖို့ ဖြတ်ဖို့ ဓားလေးတွေ ယူလာခဲ့ကြ။ အခု ပြန်ကြ'

ပုသိမ်မြို့နယ် ကျွန်းကုန်းရွာက ညှို့သည်တွေကို ငဲ့ညှို့ဝတ်ကျေကျေ ညှို့ခံနိုင်ကြဖို့ ဒကာ ဒကာမတွေ ရောက်လာကြပြီ။ မှာလိုက်တဲ့ ပစ္စည်းတွေလဲ အပြည့်အစုံ ယူလာကြတယ်။

မပါတာက ပန်းကန်ခွက်ယောက်။ တစ်ယောက် တစ်ပေါက် ငြင်းကြ။ ခုန်ကြ။ မေးကြ။ မြန်းကြ။

'ဘာနဲ့ထည့် ကျွေးမှာတုံး'

ဘုန်းကြီးဒိန်းဒေါင် ကြားတော့ သူတို့အနား ရောက်လာတယ်။

'ကျောက်စိမ်းပန်းကန်နဲ့ ကျွေးမယ်'

'တပည့်တော်တို့ ကျောက်စိမ်းပန်းကန် မြင်တောင် မမြင်ဖူးဘူး ဘုရား'

'မင်းတို့ (၃)ယောက် အိမ်ပြန်၊ ငှက်ပျောပင်က ငှက်ပျောရွက် အလက် (၅၀)ကျော်ခုတ်ခဲ့၊ သွားကြ၊ ခုတ်ခဲ့ကြ' ငှက်ပျောရွက်က **"ကျောက်စိမ်းပန်းကန်"**

'ဒကာ ဒကာမတွေ တချို့က အိမ်ပြန်၊ ဟင်းနုနွယ် နှုးခဲ့ကြ၊ တချို့က လယ်ထဲကို သွား၊ ပုစွန်ကျစ်ဓာတွေ ခွာယူခဲ့၊ ကန်စွန်းရွက်... လယ်ပတူ... ငရုံပတူရွက်တွေ နှုးခဲ့'

နှစ်ပေါင်း(၆၀)ကျော်က အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ ဝိဇ္ဇာဓိုရ်ရဲ့ ဘုန်းတော်ကြီးတစ်ပါးရဲ့ တကယ့်ဖြစ်ရပ်မှန်ပါ။ သိစေချင်လွန်းတဲ့ စေတနာက ရေးဖြစ်ဖို့ တွန်းပို့ပါတယ်။

မောင်ဖိုးဟန် ရေးခဲ့သမျှ အမှန်တွေပါ။ လုပ်ကြံတာ မပါ။ အခု ဆက်ရေးမှာကလဲ မယုံကြည်နိုင်စရာ။

သက်သေ သာဓကတော့ ပြ...ပါတယ်။

'ဝိဇ္ဇာတို့အဝ.တ်'

ဒီဖြစ်ရပ်အတွက် ရွှေတောင်...နယ် ဘယ်လက်ရွာမှာ ဘုန်းကြီးဒိန်းဒေါင်ရဲ့ တပည့် ဒကာ ဒကာ...တွေ ကနေ့ထက်တိုင် တချို့ သက်...ထင်ရှား ရှိနေကြပါသေးတယ်။

အသက်(၈၀) တစ်ပတ်လ...တွေ။ မိဘစကား တစ်ဆင့်ကြ...အသက်(၆၀)ကျော်တွေ။ သူတို့...အားရပါးရ ပြောပြကြတာက က...ဖြစ်နေသလိုလို။

အတိတ်ကို သဲသဲကွဲကွဲ...မြင်ရဖို့ ပစ္စုပ္ပန်ကာလကနေ နော...ကြောင်းပြန်။ ဆွဲ။ ဖြဲ...ပြ...သလို။ သိစိတ်ထဲ အလင်း...ကွက်ကွက်ကွင်းကွင်းမြင်။ ပြက်...ထင်ထင်။

ကဲ... ဆက်ရေးပြပါ့မယ်။ မ...နိုင်စရာ။ ယုံလိုက်ကြပါ။

အတာကြိုအိုးလေး တစ်လုံး...ဆန်နို့ဆီဘူးတစ်လုံး ချက်သ...လယ်ထဲကယူလာတဲ့ တီကျ...တွေ ထည့်သတဲ့။ ဒကာမ...ချက်ခိုင်းတာ။

ထမင်းချက်နေတုန်း ဟင်း...တွေကို ရေဆေး။ စဉ်းတီတုံး...တင်။ ဓားနဲ့ လှီးခိုင်း...ဟင်းရွက်စုံ ဓားလှီးသား...ဘုန်းကြီးဒိန်းဒေါင်းက ...ဆုပ်...ဆုပ်ပြီး အတာကြိုအိုး...နောက်တစ်လုံးထဲ ထည့်တယ်...



...ထည့်တိုင်း ဝင်တဲ့ အတာအိုး...လေး။ ဟင်းရွက်တွေသာ ကုန်သွား...တယ်။ ပြည့်လျှံတိုင်း ပြည့်၊ အိုးမပြည့်။ ...ကောက်ပက်။ လက်(၂)လုံးလောက်...ပြီ...

ရေနည်းနည်းထည့်။ မီးဖိုပေါ်...တင် ချက်ခိုင်းတယ်။ ဟင်းအိုးက ...ပွက်။ အိုးနှုတ်ခမ်းပေါ် တက်ပြီး...တော့ ဝေမကျ။ အိုးလည်ရစ်မှာ...လည်...ခ။

ထမင်းလဲ ကျက်။ ဟင်းလဲ ကျက်...ပြီ။

...မွှေးမွှေး။ ညှို့သည်တွေ...မွှေး။ ရွာထိပ်ကမွှေး။ ကားလမ်း...ထွက်။ ကားလမ်းဘေး ရပ်...မွှေး။

ပုသိမ်မြို့နယ် ကျွန်းကုန်းကြီးရွာ...က ဒကာ ဒကာမတွေ ရောက်လာ...ကြပါပြီ။ ခေါင်းဆောင်ကြီးက **"ဦးအာလူး"**...တဲ့။

ညှို့သည်တွေ ကားစီးလုံး...ပြည့်။ ခရီးပန်းလို့ နွမ်းတယ်မရှိ။ ...ပန်းဝေဆာ မျက်နှာကိုယ်စီ။ ...ရယ်မောမော သောသောလှုပ်။

...ဆရာတော်ကြီး ဘုန်းကြီး...ဒေါင်ကို ရှိခိုးဦးချကန်တော့ကြ။

မျက်ဝန်းမှာခို။ မျက်ရည်ယို...ကြ။

...ဆရာတော်က တရားပြ။ ဆိုဆုံးမ။

'ဖြစ်ပြန် ပျက်ပြန် လောကဓံ သံသရာ ရှည်လျား၊ ဘဝများစွာ၊ ကြုံလာခဏ ခွဲကြရ၊ အနှမတ္တ၊ နင်တို့ မြင်ကြ'...တဲ့။

ညှို့သည်တွေကို ထမင်းကျွေးဖို့ ပြင်ပြီ။ မြေပြင်က သဘာဝစားပွဲ။ ဝဲယာ အတန်း(၂)တန်း။ အတန်းရှည်။ ငှက်ပျောရွက်တွေ ခင်း။

ထမင်းချက်ထားတဲ့ အတာအိုးလေးကို ဘုန်းကြီးဒိန်းဒေါင်က ဘယ်လက်လ.က်ဖဝါးပေါ်တင်။ ရင်မှာပိုက်။ ထမင်းတွေကို ညာလက်နဲ့ နှိုက်...နှိုက်ပြီး ငှက်ပျောရွက်တွေပေါ်မှာ ပုံ...ပုံသွားတယ်။ ကျန်တယ်ကို မရှိ။ မွှေးလိုက်ပါဘိ။

ထမင်းပေါ်မှာ ဟင်း ပုံပြန်ပြီ။ အတာအိုး နောက်တစ်လုံးထဲက ဟင်းတွေကို ဇွန်းနဲ့ ခပ်...ခပ်ပြီး ထမင်းပေါ် တင်တယ်။ မြင်တာနဲ့ စားချင်စရာ၊ ဒါလဲ ကုန်ပါဘူး။

ပုသိမ်က ဒကာ ဒကာမတွေနဲ့ ဝေယျာဝစ္စ လုပ်ကိုင်ကြသူတွေ (၅၀)ကျော် နွှဲပျော်တဲ့ အလှူတော် ထမင်းပွဲ။ အတာအိုးလေး (၂)လုံးတည်းနဲ့ ကျွေးတာ။

ထမင်းလဲ ထပ်မယူ။ ဟင်းလဲ ထပ်မတောင်း။ ကောင်းကောင်းကြီး၀။ အရသာက နတ်သုဒ္ဓါ။ တစ်သက်မှာ တစ်ခါတွေ့။ မမေ့နိုင်အောင်...

*　*　*

နောက်ဆုံး အလှူတော်က စတုဒိသာ အလှူတော်မင်္ဂလာ...

နွေရာသီ ကောက်ခြေတလင်းပြတ်ပြီ။ လမ်းပန်းကသာ အသွားအလာများကြ။

ညတစ်ညမှာ ဘုန်းကြီးဒိန်းဒေါင်က သူ့ ဒကာ ဒကာမတွေကို မိန့်ဆိုစကားတစ်ခွန်း နှုတ်တော်က ဟတယ်။

'ငါ ဒီမှာ မနေနိုင်တော့ဘူး။ တစ်နေရာကို သွားစရာရှိတယ်။ သွားရမယ့်လမ်းကိုလဲ မြင်နေပြီ၊ ငါ မသွားခင် ကောက်ညှင်းပေါင်း စတုဒိသာ ကျွေးမယ်၊ ကုက္ကိုကိုင်းတွေခုတ်၊ ကားလမ်းဘေးမှာ မဏ္ဍပ်ထိုး'

ဒကာ ဒကာမတွေက (၄)ပင် (၃)ခန်း မဏ္ဍပ်ကြီး ထိုးတယ်။

မဏ္ဍပ်ကို ကြည့်ပြီး ဘုန်းကြီးဒိန်းဒေါင်က...

**"ခမ်းနား ကြီးကျယ်လိုက်တဲ့ မဏ္ဍပ်ကြီး နတ်ဘုံနတ်နန်းတမျှ တင့်တယ်လှပေစွ"**.လို့ ချီးမွမ်းသတဲ့။

မဏ္ဍပ်ထိုးပြီးတဲ့ည ဘုန်းကြီးဒိန်းဒေါင်က...

'ငါ မနက်ဖြန်မနက် ကောက်ညှင်းပေါင်း စတုဒိသာ ကျွေးမယ်၊ နင်တို့ စီစဉ်၊ ပြည်-ရွှေတောင် ကားလမ်းပေါ်မှာ အစုန်အဆန် မောင်းနှင်သွားလာနေကြတဲ့ ကားတွေပေါ်က ခရီးသည်တွေကို တစ်ယောက်မကျန် ကျွေးမှာ၊ ကျန်လေသည် မရှိရ၊ လိုက်ပြီး စားကြရစေ၊





www.burmeseclassic.com

www.burmeseclassic.com

အစုန်အဆန် ကားတွေကို ဆီးပြီးတား၊ ကားရပ်တာနဲ့ ကောက်ညှင်းပေါင်းထုပ်တွေ တစ်ယောက် တစ်ထုပ် ဝေ'

ဒကာ ဒကာမတွေ တစ်ယောက်ကိုတစ်ယောက် ကြည့်၊ ပီတိ မဝေခွဲနိုင်။ မျက်လုံးတွေ ပြူး။ ဦးလေးတွေချ။ နှုတ်ကလဲ မှန်ပါ့...မှန်ပါ့။ ဒါပေမယ့် ဒုက္ခတော့ ရောက်ကြပြီ...

ဘယ်မှာ ကောက်ညှင်းဆန်။ ညကြီးအချိန်မတော် သွားဝယ်ဖို့ ခက်ခဲ။ ငှပေါင်းချောင်နဲ့ ပေါင်းအိုးကတော့ ထားပါတော့။ ထုပ်စရာဖက် ရှတ်တရက် ရှာမရ။

'ဘုန်းတော်ကြီးဘုရား ကောက်ညှင်းဆန်...'

'နင်တို့တွေ တယ်ခက်တာပဲ၊ ကောက်ညှင်းဆန်ရှိတယ်၊ ကြည့်'


ကေသီထောင့်စွန်းမှာ ချည်ထုပ်ထားတဲ့ အထုပ်ကလေး။ မသကာရှိလှ ကောက်ညှင်းဆန် နို့ဆီဘူး တစ်လုံးပေါ့။ ကျွေးမှာက...

'မနက်မိုးလင်းတာနဲ့ နင်တို့ လာခဲ့ကြ၊ ကောက်ညှင်းပေါင်းမှာက ငါ၊ နင်တို့ ရောက်လာတာနဲ့ ကောက်ညှင်းပေါင်းက ကျက်နေမှာ ထုပ်ဖို့သာ ပြင်ကြ'

'ကောက်ညှင်းပေါင်း ထုပ်မယ့်ဖက်က...'

'ဟယ်...လယ်ကန်သင်းရိုးမှာ ပေါက်ပင်တွေ နွယ်ခင်းပြီး ရှိနေတာ၊ အဲဒီပေါက်ရွက်ကို မနက်ကျမှခူး၊ ထူးခြားတဲ့ အလုပ် မဟုတ်၊ ငုတ်တုတ်ကြီး ထိုင်... ဝိုင်းမနေကြနဲ့၊ အခု အိမ်ပြန်၊ မနက်ဖြန် စောစောလာကြ၊ တင်းတောင်း(၃)လုံး ယူခဲ့ကြ'

နောက်တစ်နေ့မနက် မိုး"ဆတ်"



ခနဲ လင်းတာနဲ့ ဒကာ ဒကာမတွေ အချင်းချင်း လက်တို့၊ ကောက်ညှင်းပေါင်း စတုဒိသာကျွေးဖို့ ရောက်လာကြတယ်။ တင်းတောင်းကြီး(၃)လုံးလဲ ပါလာတယ်။

ရောက်တာနဲ့ ချက်ချင်း ပေါက်ရွက် ခူးနိုင်းတယ်။

'တစ်ယောက်မကျန် သွားကြ၊ ရသမျှခူးခဲ့'

တဲ့။

ပေါက်ရွက် သွားခူးကြ။ စိတ်ကတော့ တထင့်ထင့်။ ကောက်ညှင်းပေါင်းလဲ မမြင်၊ အိုး မမြင်၊ မီး မမြင်၊ နောက်ဆုံ တငင်ငင်...

ခူးလာလိုက်တဲ့ ပေါက်ရွက်တွေ တပွေ့တပိုက်။ လူတိုင်းမှာပါ။

ကုက္ကိုပင်ကြီးအောက်မှာ ဘုန်းကြီးဒိန်းဒေါင်က စကြံကြွလို့ စောင့်နေတယ်။ ရင်ခွင်ပိုက် လက်ထဲမှာ တာအိုးလေး။ သကြန်ကြို တာအိုးလေး။ အဖုံးမရှိ၊ အိုးအဝက အငွေ့တထောင်းထောင်း ထွက်နေတယ်။

ပေါက်ရွက်ခူးတဲ့သူတွေ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတော့ အဲဒီအိုးလေးထဲကို ညာလက်နှိုက်... ပြန်ထုတ်လိုက်တော့ ကောက်ညှင်းပေါင်းတွေ ပူပူနွေးနွေး။ လက်ခဏာခဏာ ဆေးပြီး ကိုင်လို့ နှိုက်နိုင်မယ့် အပူမျိုး။

ပေါက်ရွက်တွေနဲ့ ထုပ်...ထုပ်ပြီး တစ်ထုပ်စီ တစ်ထုပ်စီ ပြည့်(၂၀)ဝင် တင်းတောင်းတွေထဲကို စီပြီး ထည့်နိုင်းတယ်။

တင်းတောင်း(၃)လုံး ပြည့်တော့ အတာအိုးလေးထဲက ကောက်ညှင်းပေါင်းတွေ မရှိပြီ၊ ကုန်သွားပြီ၊ ပေါက်ရွက်နဲ့ တညီ။

ဘုန်းကြီးဒိန်းဒေါင်က [illegible] အတာအိုးလေးကို ကုက္ကိုပင်ကြီး [illegible] ပစ်။ ပေါက်။ ကုက္ကိုပင်စည်ကြီး [illegible] အရောက်။ "ဖျောက်"ခနဲ [illegible]



[illegible] လေးစိတ်လေးမွှာ၊ မြေမှာ ပြန့်ကြဲ။ [illegible]ိုးလဲ သခိုရ၊ နောက်နောင် သုံးလို့မရအောင်။

'လိုက်ခဲ့ကြ'

ဘုန်းကြီးဒိန်းဒေါင် ခြေလှမ်းစ [illegible]ားလမ်းမကြီးဆီ ကြွချီပြီ၊ တပည့် [illegible]ကာ ဒကာမတွေလဲ ဘုန်းကြီး [illegible]န်းဒေါင်နောက်က လိုက်သွားကြ [illegible]ရတယ်။

ကားလမ်းမကြီး တစ်ဖက် [illegible]တစ်ချက် နေရာယူ၊ အစုန်အဆန် [illegible]ားတွေကို တား၊ ကောက်ညှင်း [illegible]ပေါင်းထုပ်တွေ ဝေတယ်။ [illegible]တစ်ယောက် တစ်ထုပ်။ ဆုပ်... [illegible]ထုပ်ပြီး စားနိုင်းတယ်။ တချို့က [illegible]စားကြတယ်။ တချို့က မစားကြ [illegible]ဘူး၊ အထုပ်လိုက် ကိုင်သွားကြ [illegible]တယ်။

ပြည့်(၂၀)ဝင် တင်းတောင်း (၃)လုံးထဲက ကောက်ညှင်းပေါင်း [illegible]ထုပ်တွေ ကုန်နိုင်တယ် မရှိ၊ ပေးလို့ [illegible]ကုန်၊ လှူလို့ မခန်း၊ အံ့မခန်း [illegible]ဆန်း။

မနားတမ်း အလှူပေးလိုက်တာ မနက်(၆)နာရီ လောက်ကနေ မနက်(၉)နာရီထိုးလောက် အထိပဲ၊ (၉)နာရီထိုးမှာ ကုန်သွားပြီ။

သတ္တဝါတွေကို ကယ်မတဲ့ ဆရာဒကာ လှူဖုနေဆဲ အောင်ပွဲဆင်၊ ပျော်ရွှင်မဆုံး တပြုံးပြုံး။

မိုးမလင်းခင်ကစ၊ တစ်မနက်လုံး ချွေးတလုံးလုံးနဲ့ ပြုံးပန်းဆင်တဲ့ အလှူပွဲ၊ လူစဲပြီ၊ မဏ္ဍပ်ကို ဖျက်၊ တောင်းတွေကို ရွက်၊ ပြန်ကြပြီ။

ဘုန်းကြီးဒိန်းဒေါင်ကလဲ ရကွမှုနှတင်ဆောင်တဲ့ ရှာထိပ် ကုက္ကိုပင်ရိပ်အောက်က တဲကျောင်းဆီ ပြန်ကြွလေပြီ။

ညနေ နေဝင်ရီတရောမှာ ဒကာ ဒကာမတွေ ရောက်လာကြပြန်တယ်။ တစ်မနက်က အလှူပွဲ နွှဲခဲ့သမျှ အားရဝမ်းသာ ပြောကြ၊ ဆိုကြ၊ အားကုန်။

မေးလိုက်ကြ၊ မြန်းလိုက်ကြ၊ လိုအပ်သမျှ ထောက်ကြ၊ ထောက်ပြ၊ သောသောညံအောင် ဖြည့်စွက်ကြ၊ အလှူအတွက် ပီတိ

[illegible]

[illegible] ဘုန်းကြီးဒိန်းဒေါင်က [illegible] ယာစီ ငှဝပေးတယ်၊ လူစုံတက်စုံ ကွမ်းတစ်ယာစီ ရကြတော့...

**"မင်းတို့ ပြန်ကြ"**...တဲ့။

အဲဒီမှာ ဘယ်ဆက်နေဖို့ကြမှာတုန်း၊ နေရာကထ၊ ပြန်ကြရပေါ့၊ ပြန်သာလာရ...စိတ်ကမပါ၊ နေချင်သေးတာ၊ "ပြန်ကြ"ဆိုလို့သာ။

ကွမ်းယာတွေကို ကိုင်၊ ငိုင်၊ အိမ်တိုင်ရာရောက် ခရီးပေါက်ခဲ့။

မနက် အိပ်ရာက ထကြတော့ ကျီးမနိုးသေး၊ လုပ်ရေးကိုင်တာ တာဝန်ကိုယ်စီ ရှိကြသည့်မို့...မဖို့ မပို့လေး စား၊ ရှိတာလေးနဲ့ ဝမ်းဟောနေတာဖြည့်၊ မနေ့က အလုပ်ကို ဆက်ဖို့ လယ်ဘက် ယာဘက် အထွက်...

"အသံနက်ကြီး"တစ်သံ ရွာအနောက်ဘက်ထိပ်ကနေ "လျှံ" လာတယ်။ ရပ်ကျော်ရွာကျော် ပေါက်ထွက်လာတယ်။ ဘယ်သူမဆို အကုန်ကြား...

နားအဝင်ခက်၊ ကြားရချက် မသက်သာ...စနည်းနှာ။

ရွာအနောက်ဘက် ပြေးထွက်လာကြ၊ ကျမျက်ရည် ကိုယ်စီခ၊ စီးကျစိမ့်စမ်း...

ဘယ်လမ်းနဲ့ ဘယ်စခန်းဆီ မြန်းကြွချီ..."**ဘုန်းကြီးဒိန်းဒေါင်**" မရှိတော့ပြီ။

**ရွှေတောင် ကြည့်မောင်အေး**





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော…၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော… စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့…ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာစွာ သိရှိစေရန် အလို့ငှာစေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

* * * ⟶

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဇွန်လ(၁၄)**ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ (၁၄)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၄)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၇)ရ၏။ ယင်း(၂၇) ကို တစ်လုံးတည်းဖြစ်အောင်ပေါင်းလျှင်

၂ + ၇ = ၉ ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဇွန်လ (၁၄)ရက်နေ့တွင်(၉) ဂဏန်း**ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် ကောင်းသောအကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွမ်းဆွေးတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်း ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်း အံ့သြဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ ဂဏန်းရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ ၃၊ ၅ ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၉ ဂဏန်းရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်လျှင် ဆန္ဒပြည့်ဝ လူ့လုံ့လကာ အလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု ကောင်းကျိုး ပြည့်ပါစေ။***

*သုခစုစံ(ကျိုက်လတ်)*

## ၂၀၁၈ ခုနှစ်၊ ဇွန်လအတွက်

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



✤ ၂၀၁၈ ခုနှစ်၊ ဇွန်လ ✤

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | | | 1 ၉ | 2 ၁ |
| 3 ၂ | 4 ၃ | 5 ၄ | 6 ၅ | 7 ၆ | 8 ၇ | 9 ၈ |
| 10 ၉ | 11 ၁ | 12 ၂ | 13 ၃ | 14 ၄ | 15 ၅ | 16 ၆ |
| 17 ၇ | 18 ၈ | 19 ၉ | 20 ၁ | 21 ၂ | 22 ၃ | 23 ၄ |
| 24 ၅ | 25 ၆ | 26 ၇ | 27 ၈ | 28 ၉ | 29 ၁ | 30 ၂ |





# မေတ္တာဖြင့်သာ

အောင်နိုင်ထူး၏

ကျွန်တော်နေတာက မြန်မာနိုင်ငံမှာဆိုပေမယ့် သင်္ဘောသားမို့ တစ်ခါတစ်ခါမှ မြန်မာနိုင်ငံကို ပြန်လာဖြစ်ပါတယ်။

တကယ်တော့ ကျွန်တော့်မှာ ချစ်သူရှိပါတယ်။ အိမ်ကို ဖွင့်မပြောသေးပေမယ့် ဒီတစ်ခါ ပြန်လာရင် လက်ထပ်ကြဖို့ ဆွေးနွေးပြီးပါပြီ။ ရည်းစားသက်တမ်း သုံးနှစ်ကျော်ကြာပြီမို့ ယူသင့်နေပြီလေ။

ကျွန်တော် မပြန်ခင်မှာ ညီမတွေကို မပြောဘဲ အမေ့ကိုပဲ ဖွင့်ပြောခဲ့ပါတယ်။

'သားညီမလေးတွေကတော့ အစ်ကိုကြီးအားကိုးလို့ မိန်းမယူမှာ စိုးရိမ်နေကြ… သူတို့လဲ ဘွဲ့ရ အလုပ်ရကုန်ပြီ… မရှိတော့ပေမယ့် သား… အစ်ကိုကြီး… တာဝန်ကျေပါတယ်… ရောက်နေပါပြီ'





www.burmeseclassic.com

www.burmeseclassic.com



သိပ်အသက်ကြီးမှ အိမ်ထောင်ပြုရင် ကလေးရတော့ ကလေးတွေ သိပ်ငယ်နေပြီး သူတို့ကို ပြုစုပျိုးထောင်ဖို့ ပင်ပန်းမယ်၊ မိဘက ကြီးပြီး ကလေးတွေက သိပ်ငယ်နေလို့ မဖြစ်ဘူးလေ။

အမေကတော့ သားသဘောပါ၊ ဒီနှစ်ထဲမှာ ပြန်လာမယ်ဆိုတော့ အမေ မျှော်နေမယ်၊ သားချစ်သူကလဲ အမေတို့နဲ့ ခင်သလို သားညီမတွေနဲ့လဲ သူငယ်ချင်းမို့ သဘောတူကြမှာပါ။ သိပ်ကိုတိုက်မှာ မဟုတ်ပါဘူး'

အစကတည်းက ပိုက်ဆံစုပြီး တိုက်ခန်းလေးတစ်ခန်း စပေါ်ငွေတင်ပြီး ငှားထားခဲ့တယ်။ အိမ်ထောင်ပစ္စည်းတွေကို နည်းနည်းချင်းစီ စုထည့်ထားခိုင်းခဲ့တာ လက်ထပ်ဖို့ပြည့်စုံနေပါပြီ။ ကျွန်တော် ပြန်လာတော့ လူကြီးစုံရာနဲ့ တောင်းရမ်းပြီး လက်ထပ်ဖို့ရက်လဲ သတ်မှတ်လိုက်ပါတယ်။

ကျွန်တော်ငှားထားတဲ့ အိမ်က အောက်ထပ်မှာပါ။ အေးအေးချမ်းချမ်းနေနိုင်ဖို့၊ မြို့စွန်ကျပြီး သစ်ပင်ကြီးတွေရှိတဲ့နေရာလေးကို ကြိုက်လို့ ရွေးငှားလိုက်တာပါ။

တိုက်ခန်းဆိုပေမယ့် ခြံဝင်းထဲမှာပါ။ ခြံထဲမှာပဲ သုံးထပ်တိုက် ဆောက်ထားတဲ့သူငယ်ချင်းက အောက်တစ်ထပ်ကို ကျွန်တော့်ကို ငှားလိုက်တာပါ။ သူတို့ကတော့ အပေါ်ထပ်မှာနေကြတာပေါ့။ သူကလဲ သဘောသားပါပဲ။

သဘောတစ်စီးတည်း အတူတူ အလုပ်လုပ်ကြပါတယ်။ သူက မိဘတွေဆီက အမွေရထားတဲ့ ခြံမြေနေရာကို အိမ်ဆောက်ပြီး သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေမို့ ငှားထားတာပါ။ မောင်နှမသုံးယောက်တည်းရှိလို့ အပေါ်ဆုံးထပ်မှာ အပျိုလူပျိုနှစ်ယောက်နေကြပြီး အလယ်ထပ်မှာ သူငယ်ချင်းမိသားစုက နေပါတယ်။

ကျွန်တော့်ကို ငှားလိုက်တော့ သူလဲ တိုက်ခန်းဆောက်လို့ ကုန်တဲ့ပိုက်ဆံ ပြန်ဝင်တာပေါ့။ တစ်လကိုသုံးသိန်းပေးရပေမယ့် တန်ပါတယ်။ အလုံလိုနေရာမျိုးမှာ အောက်ထပ်အကျယ်(၁၂)ပေခွဲနဲ့ အလျားပေ(၅၀)လောက်ရှိတဲ့ နေရာလေးကိုတစ်လ သုံးသိန်းပေး ငှားနေကြတာ။ ကျွန်တော် သဘောပြန်တက်ရင်လဲ ကျွန်တော့်အမျိုးသမီးအေးအေးဆေးဆေးနေလို့ ရပါတယ်။

ခြံဆိုတော့လဲ ညဘက် ခြံတံခါးပိတ်ထားလို့ လုံခြုံတယ်လေ။ အပေါ်ထပ်တွေမှာလဲ လူရှိတော့ တစ်ယောက်တည်း မဖြစ်ဘူးပေါ့။

'သူငယ်ချင်းတို့နေကြရင် ခြံရဲ့နောက်ဘက် သစ်ပင်နားမှာ လွယ်လွယ်ကူကူ အပေါ့မသွားနဲ့နော်။ အဲဒီ သစ်ပင်မှာ သူတော်ကောင်း ရုက္ခစိုးကြီးနေတယ်။ ဖိုးဖိုးကတော့ အမွေးတိုင်တို့ အလင်းတိုင်တို့ပူဇော်ပေးတယ်။

နောက်တစ်ခု ဒီခြံ ရာဇဝင်က ဘာဖြစ်လဲ မသိဘူး။ ခြံထဲမှာ ဝက်သားဟင်းချက်တာတို့ အိမ်ပေါ် ဝက်သားနဲ့ ပတ်သက်တဲ့ပစ္စည်း၊ ဥပမာ ဝက်အူချောင်းတို့လိုတင်တာ၊ ချက်စားတာတို့ မကြိုက်ဘူး။

သူငယ်ချင်းတို့ ငှားနေတဲ့ အောက်ထပ်မှာ ပန်းရန်သရာတွေက လက်ဆောင်ပေးတဲ့ ခေါင်းပုံကို အခန်းတစ်ခန်းရဲ့ နံရံမှာ ချိတ်ထားတယ်တဲ့၊ ခေါင်းဆောင်က သိလို့ဆေးသုတ်ပြီး ဖျက်လိုက်တယ်လို့ ပြောကြတယ်။

အိမ်ရှေ့ခြံထဲက သစ်ပင်ကြီးကိုလဲ မခုတ်နဲ့၊ ရွက်တွေ ကြွေတာတော့ ကြွေတာပေါ့ သူငယ်ချင်းရယ်။ သူ့အကိုင်းအခက်ကို ခုတ်တာတောင် မကြိုက်ဘူးထင်တယ်'

'ဘယ်သူက ပြောတာလဲ၊ အပင်ကို ထိခိုင် မကြိုက်ဘူးဆိုတာ မင်းကို အိပ်မက်ပေးလို့လား၊ မခုတ်ပါနဲ့လို့ တားလို့လား။ သူငယ်ချင်းက အယူသီးနေတာ ထင်တာပဲ'

'ငါကပြောတာပေါ့... ဒီအိမ်ကြီး ခြံထဲမှာ ဆောက်ပြီးတော့ မျက်နှာစာတည့်တည့်က အပင်ကြီးက သခွတ်ပင်ကြီး ဆိုတော့ နွေဆို အရွက်ခြောက်တွေ သိပ်ကြွေတာ၊ သူက မီးရှို့ရင်ပဲ သရက်ရွက်တို့လို မဟုတ်ဘူး။ သိပ်နံတယ်၊ မီးခိုးတွေ အူလွှန်းတယ်။

အိမ်ရှေ့တည့်တည့်မှာ အရွက်တွေ ကြွေလွန်းလို့ အကိုင်းတွေ အရင်ခုတ်ပြီး သစ်ပင်တောင် မလှဲရသေးပါဘူးကွာ၊ ကိစ္စရှိလို့ အပြင်ထွက်ခဲ့တာ ငါ့ကားကို ကားကြီးက ဝင်တိုက်လို့ နံရိုးထိသွားလို့ သဘောတက်ခါနီး တစ်ပတ်အလိုမှာ သဘောမတက်လိုက်ရဘူး။

ဖြစ်ချင်တော့ လဆန်းတစ်ရက်နေ့ကတည်းက သဘောတက်ရမှာကို တက်ရမယ့်သဘောက ဆယ်ရက်လောက်နောက်ကျမယ်ဆိုလို့ စောင့်နေရင်းနဲ့ ဖြစ်တာ၊ တိုက်ဆိုင်တာပဲဆိုဆို သစ်ပင်ကို မုတ်လိုက်မိမှ ဖြစ်တာဆိုတော့ ဆက်မခုတ်ရတော့ဘူး။

တစ်နှစ်တစ်ခါတော့ လေးလလောက်အပွင့်တွေ ပွင့်တယ်၊ သင်္ကြန်မတိုင်ခင်ကတည်းက အပွင့်တွေ ပွင့်တာမို့ သခွတ်ပွင့်ကို သုပ်စားစား၊ အခြောက်ခံပြီး သိမ်းထိမ်း ဆေးဖက်ဝင်တယ်ဆိုပြီး အရွက်လာတောင်းကြတဲ့ လူတွေကို ပေးရတာနဲ့ ကုသိုလ်ရပါတယ် ဆိုပြီး ထားလိုက်ရတော့တာပဲ၊ ဒီအပွင့်တွေ၊ အရွက်တွေက အသည်းအတွက်၊ ဘိုးရောဂါအတွက်ကောင်းတယ်လို့ ဆိုကြတာပဲလေ'



သူငယ်ချင်းက ထိုသို့ဆိုတော့လဲ သူ့အပင်ကို ကျွန်တော် မထိပါဟု အာမခံရတော့တာပေါ့။ ကျွန်တော် မင်္ဂလာဆောင်ပြီးတော့ အိမ်တက်လုပ်၊ ဆွမ်းကျွေးနဲ့ နောက်လေးလလောက်ဆို သဘောပြန်တက်ရမှာမို့ အိမ်အတွက် လိုအပ်တာတွေ ထည့်လိုက်ကြနဲ့ ကိုယ့်အိမ်လေး ကိုယ်ပြင်ဆင်ပြီး ကျေနပ်နေမိတယ်။

သုံးထပ်တိုက်ထိ မြင့်မားတဲ့ သခွတ်ပင်ကြီးက ညဘက်မှာ လေတိုက်လို့ အရွက်တွေ လှုပ်ရင် တရှဲရှဲနဲ့ တဖွဲ့ ယိမ်းကနေသလိုပဲ။ သူ့အကိုင်းအခက်တွေ ဖြာထွက်နေပြီး ခြံမျက်နှာစာမှာ နေရာယူနေတာကို ကြည့်မရပါဘူး။

'အိမ်ပိုင်ရှင်မဟုတ်လို့ ဒီအပင်ကြီးကို ခုတ်ပစ်ချင်တာ ကောသီရာ၊ အရွက်ကြွေတွေက အိမ်မျက်နှာစာတည့်တည့် လေလွင့်ပြီး အမှိုက်ပွနေတာပဲ'

'ကိုကလဲ... သူ့ဘာသာနေတဲ့ သစ်ပင်ကို ရန်လုပ်နေတယ်။ နွေရာသီမှပဲ အရွက်ကြွေတာပါ။ တခြားအချိန်ဆို အရွက်မှ မကြွေတော့တာကောသီဖြင့် သခွတ်ပွင့်ကို ရေနွေးဖြော့ပြီး ငါးပိရည်နဲ့ တို့စားရတာ သိပ်ကြိုက်တာပဲ၊ ကိုလဲ စားတာပဲဟာကို'

ကျွန်တော် ဒီအပင်ကို စိတ်ထဲက မကြိုက်ဘဲ ဘယ်လို မျက်မုန်းကျိုးနေမှန်း မသိတော့ပါဘူး။ မြို့ထဲသွားဖြစ်တဲ့ တစ်နေ့မှာ လင်မယားနှစ်ယောက် ဝက်ခေါင်းသုပ်၊ ကဇာန်းပျော့ကြော်၊ ကန်စွန်းရွက်ကြော်နဲ့ ဝက်ခြေထောက်စွပ်ပြုတ်တွေ ဝယ်လာခဲ့တာ၊ ဟင်းတွေကို ပန်းကန်တွေထဲ ထည့်ပြီး ရေမိုးချိုးပြီးမှ ထမင်းစားပွဲ ထိုင်ကြတာပေါ့။ စားနေကြရင်းနဲ့ပဲ မိန်းမက ထခုန်ပါလေရော။

'ဒီဝက်သားတွေ အိမ်ပေါ်တင်တာ မကြိုက်ပါဘူးဆို အားရပါးရစားနေကြတာ အခုဖယ်ပေး ခြံပြင် လွှင့်ပစ်လိုက်စမ်း ငါ စိတ်တိုလာပြီနော်'

ပြောပြောဆိုဆိုပဲ ပန်းကန်ကို ကိုင်ပေါက်လိုက်တော့ ရုပ်တရက် လန့်သွားတာပေါ့။ တစ်သောင်းကျော်ဖိုးဝယ်လာတဲ့ ဟင်းတွေကို လွှင့်ပစ်ဖို့ အမိန့်ပေးနေတာများ အသံကလဲ မိန်းမပဲပေမယ့် ကျွန်တော့်မိန်းမရဲ့ အသံမဟုတ်ဘူး။ စားပွဲခုံကို ထုလို့ပြီး အော်နေလိုက်







www.burmeseclassic.com

www.burmeseclassic.com

တာ တခြားလူသာဆို ထိုးလိုက်မိမလား မသိဘူး။

သူ့ကို အိမ်ထဲမှာ ထားခဲ့ပြီး အိမ်ပေါ်ထပ်တက်၊ သူငယ်ချင်းကို အကူအညီတောင်းတော့ သူက ဆရာတစ်ယောက်ကို သွားပင့်လာလိုက်တယ်။

ဆရာရောက်လာတော့ ဘုရားခန်းရှေ့ မိန်းမကို ခေါ်သွားပြီး ပုဆိုး ဝင်နေတဲ့ မိန်းမကို ဘာကြောင့် နှောင့်ယှက်ရတာလဲလို့ မေးပြီး ထွက်ခိုင်းတာ မထွက်တော့ ပါလာတဲ့ ကြိမ်လုံးနဲ့ ရိုက်ပါလေရော။

'ဆရာ… ဆက်မကုပါနဲ့တော့ ကျွန်တော့်မိန်းမကို ရိုက်တာ မကြိုက်ပါဘူး'

'မင်းမိန်းမကို မရိုက်ပါဘူး။ ဝင်ပူးနေတဲ့ သရဲမကို ရိုက်တာကွ'

'ကျွန်တော် သိသလောက်တော့ တကယ်တတ်တဲ့ ဆရာတွေက ကြိမ်လုံးမသုံးဘဲ နှုတ်နဲ့ပဲရိုက်၊ နှုတ်နဲ့ပဲ လက်ပြန်ကြိုးတုပ်လိုက်စမ်းဆို လက်နှစ်ဖက် နောက်ပစ်ပြီး မလှုပ်နိုင်တော့ဘူး။

ကျွန်တော့်အဘိုးက မနောမယိဒ္ဓိဂူထိုက်ရဲ့ ဂိုဏ်းက ငါးကံထိန်းဆရာပဲ။ နှုတ်နဲ့ပဲ အမိန့်ပေးပြီး မေတ္တာနဲ့ပဲ ဆေးကုတာကို တွေ့ဖူးခဲ့တာမို့ ကျွန်တော် ရိုက်ကုတာကို အားမပေးဘူး၊ မကုတော့ဘူး'

ထိုဆရာ ပြန်သွားတော့ ဆက်သောင်းကျန်းနေသော သရဲမအား ပရိတ်ရေ၊ ပဌာန်းရေတို့နဲ့ ဖျန်းတော့…

'ပူပါတယ်၊ မဖျန်းပါနဲ့ ထွက်ပါတော့မယ်'

လို့ အော်ဟစ်ပြီး ထွက်သွားခဲ့ပါတယ်။



ဒီမြေနေရာက အစက ကုလားတွေပိုင်တဲ့နေရာ နွားမွေး၊ နွားနို့ရောင်းကြတာတဲ့။ ဒီမြေနေရာကို လွှန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်ကျော်လောက်က သူငယ်ချင်းရဲ့ အဘိုးအဘွားက ဝယ်ထားခဲ့တာ။

အစကတော့ ခြံထဲမှာ ကုန်သည်တွေဆိုတော့ ဖွစ္စည်းလှောင်တာတို့၊ ကားကြီးတွေ ထားတာတို့ လုပ်ခဲ့တာ၊ မြေးလက်ထပ်မှာပဲ တိုက်အိမ်ဆောက်ဖြစ်တာ ခြံပိုင်ရှင်ကုလားမက ကလေးမွေးရင်း သေသွားပြီး နှစ်အတော်ကြာ သူတို့နေတဲ့ တဲလေးမှာ နေရာကနေ၊ တဲလေးထဲ လူဝင်နေလဲ နှောင့်ယှက်လို့ ပရိတ်ရွတ်ပြီး ဆရာတော်က အိမ်ရှေ့က သခွတ်ပင်မှာ နေရာပေးလိုက်တာ…

သခွတ်ပင်မှာ ပြောင်းနေခဲ့ပေမယ့် ခြံထဲကို ဝက်သားယူတာတို့ လုံးဝ မကြိုက်ဘဲ နှောင့်ယှက်တတ်တာလို့ သူငယ်ချင်းက ပြောပါတယ်။

'မင်းကို ငါပြောသားပဲ၊ အိမ်ထဲ ဝက်သားမသွင်းပါနဲ့လို့'

သတိပေးထားတာကို မလိုက်နာမိတာက ကိုယ့်အမှားမို့ သူ့ကို ဘာမှ မပြောလိုတော့ပေမယ့် ကျေတော့ မကျေနပ်ပါဘူး။ ကိုယ့်အိမ်ဖြစ်ရေ့ အိမ်ပေါ် ဘာတင်တင် သူနဲ့မှ မဆိုင်တော့တာကို လာနှောင့်ယှက်တာ ဆရာရိုက်လဲ ပြန်မထွက်၊ ထွက်ဆိုလဲ ပမာမခန့်နဲ့ ဆရာကို ပြန်ပြောနဲ့ ကိုယ့်မိန်းမမှာသာ ဒုက္ခတွေ ထွက်လို့။

ဘုရားရဲ့ ပရိတ်တော်ရေသာ မကယ်ရင် တစ်ညလုံးများ သောင်းကျန်းနေဦးမှာလားလို့ တွေးမိပါသေးတယ်။ ဘုရားရဲ့ ပရိတ်ကြီး ဆယ့်တစ်သုတ်တို့ ပဌာန်းတို့ ရွတ်ဆိုထားတဲ့ ပရိတ်ရေတွေဟာ အစွမ်းထက်တန်ခိုးကြီးနေတုန်းပါပဲ။

ပရိတ်ကြီးကို အရပ်ဂုဏ်တော်ရွတ်ဆိုပြီး အရပ်ဆို တစ်ထုံး၊ ထုံး သမ္ဗုဒ္ဓေဆို တစ်ထုံး၊ ထုံးပြီး ဗုဒ္ဓေအထိ ရွတ်ပြီး ကိုးထုံးချည်ပြီး ပရိတ်ကြိုး ဆွဲထားပေးလိုက်ပါတယ်။

စိတ်မချရလို့ အဘိုးရဲ့သား ကိုယ့်ဦးလေးကို အိမ်ခေါ်ပြီး ဓာတ်စစ်ခိုင်းရပါတယ်။ ပြုစားထားတာ မဟုတ်ဘဲ ဝင်ပူးကပ်တာမို့ ဘာအောက်လမ်းဓာတ်မှ မရှိတဲ့အကြောင်း ပြောပါတယ်။

အောက်လမ်းဓာတ် ထုတ်တဲ့အခါမှာလဲ ပူးကပ်ခံရသူရဲ့ ခေါင်းကနေ ခြေထောက်အထိ လက်နဲ့ ပုတ်ထုတ်ကာ **"မကောင်းသည့် အောက်ဓာတ်တွေထွက်"**လို့ ဆိုလိုက်တဲ့အခါ ခြေထောက်နှစ်ဖက်ကလဲ ပူးလိုက်ခွာလိုက်နဲ့ တစ်ခုခုလိုလို ရိုက်ကာ ခါထုတ်နေတာ တွေ့ဖူးပါတယ်။

နောက်တစ်ခါ မနှောင့်ယှက်နိုင်အောင် ဒီဂါထာတော်ကို အမြဲရွတ်ဆိုနေဖို့ ဦးလေးက ရေးပေးခဲ့ပါတယ်။ သိကြားမင်း သက်စောင့်ဂါထာလို့ ပြောပါတယ်။

ဆေဒိသာကု၊ ကုသာဒိဓေ

ဒိယသာဒ၊ ဒသာယဒိ

သာသာစိကု၊ ကုစိသာသာ

ကုဒဘုကု၊ ကုဘုဒကု၊

အနက်

**ဓေ၊** ရန်သူတို့သည်။ **ဒိ၊** ဝေးသောအရပ်သို့။ **သာ၊** လျင်စွာ။ **ကု၊** ပြေးစေကုန်သတည်း။ **ကု၊** မကောင်းသောသူတို့သည်။ **သာ၊** မိမိအလိုလို။ **ဒိ၊** အကြံအစည်ပျက်သောအားဖြင့်။ **ဓေ၊** ပျောက်စေကုန်သတည်း။ **ဒိ၊** ဒါနစေတနာကြောင့်၊ **ယသာ၊** အခြံအရံ အကျော်အစောတို့သည်။ **ဒ၊** ပွားစေသတည်း။ **ဒသာ၊** ဆယ်ပါးသော ရန်တို့သည်။ **ယ၊** ကုသိုလ်ဆယ်ပါး တန်ခိုးအားကြောင့်။ **ဒိ၊** ပျောက်စေကုန်သတည်း။

**သာသာ၊** မက်မောခြင်းဖြစ်သော သူတို့နှင့်။ **စိ၊** ရှည်မြင့်စွာ။ **ကု၊** မပေါင်းရသည့် ဖြစ်စေကုန်သတည်း။ **ကုစိ၊** အမျက်ဒေါသကြီးသောသူတို့ကို။ **သာသာ၊** ဆုံးမခြင်းဒါပေးသဖြင့်သာလျှင် အောင်စေသတည်း။ **ကု၊** သူတော်ကောင်းတို့နှင့်၊ **ဒ၊** မပြတ်။ **ဘု၊** ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်၌။ **ကု၊** ပေါင်းဖော်ခြင်းကို ပြုရစေသတည်း။ **ကု၊** စက်ဆုပ်ရွံရှာမကောင်းစွာသောသူတို့နှင့်။ **ဘု၊** ဖြစ်လေရာအရပ်၌။ **ဒ၊** အခါခပ်သိမ်း။ **ကု၊** မတွေ့ရသည့် ဖြစ်စေသတည်း။



*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊နှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦး၊သီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]*

လို့ ရွတ်ရပါတယ်။

ညဘက် အိပ်မက်,မက်တဲ့အခါ ကုလားမဟာ ဆာရီဝတ်ထားပြီး အိမ်နောက်ဘက်ကနေ အိမ်ပေါ်ကို တက်လာခဲ့ပါတယ်။ အိမ်ပေါ်ရောက်တာနဲ့ ကြောက်ပါပြီ၊ နောက်မလာတော့ပါဘူး၊ မနှောင့်မယှက်ပါဘူးလို့ အော်ဟစ်ပြီး ဆင်းပြေးသွားတယ်လို့ မက်ပါတယ်။

အိမ်ရှေ့ဝင်ပေါက်နဲ့ အိမ်နောက်ဘက် ထွက်ပေါက်အပေါ်မှာ ဝေဒါသာက ဂါထာတော်ကို ရေးပြီး ကပ်ထားပါတယ်။

အဘိုးနဲ့ အတူနေခဲ့ရတဲ့အချိန်တွေမှာ အဘိုး ဆေးကုတာတွေကို မြင်ဖူးခဲ့လို့လဲ ကြိမ်နဲ့ရိုက်နေတာကို တားလိုက်နိုင်တာပါ။ တကယ် မေတ္တာနဲ့ကု၊ ရေမန်းနဲ့ ကုတဲ့အခါ၊ ပူးကပ်သူ ထွက်သွားတဲ့အခါမှာ ပူးကပ်ခံရသူမှာ ဘာဒဏ်ရာမှ မကျန်ခဲ့ပါ။

လက်နဲ့ စက်ဝိုင်း,ဝိုင်းပြီး ပညာတွေကို ပြန်မထုတ်ရင် ဒီစက်ဝိုင်းထဲက ထွက်နိုင်ဘဲ ဒီည မပြန်ရဘူးလို့ ပြောလိုက်ရင် ပူးကပ်သူ၊ ပြုစားသူက မပြန်နိုင်ပါ။ ပူးကပ်သူများ၊ ပြုစားသူများမှသာ နှုတ်နဲ့ ရိုက်လိုက်တာကိုပင် ခေါင်းတွင် အဝတ်စည်းထားရပြီး ဆေးထိုးယူရပါတယ်။

အဘိုးက သရဲတစ္ဆေ စုန်းပြုစားတာတို့ကို ဘုရားမှာ ဖယောင်းတိုင်ငါးတိုင်လှူ၊ သောက်တော်ရေ ကပ်ပြီး ထိုသောက်တော်ရေနဲ့ ဖျန်းကာ တိုက်ကာ ကုတာကို မြင်ဖူးခဲ့ပါတယ်။

မနောမယိဒ္ဓိဂိုဏ်းချုပ် ပြည်လုံးချမ်းသာ ဆရာကျော်ကြီးသည် ဆုကြီးပန် ပါရမီရှင် ယောက်ျားကောင်းယောက်ျားမြတ် ဖြစ်ပြီး မနောမယိဒ္ဓိ ပညာမျိုးစေ့ကို ချပေးနိုင်ခဲ့သော ဆရာကြီး ဖြစ်ပါတယ်။

မနောမယိဒ္ဓိပညာခွင်ရဲ့ စည်းကမ်းများမှာ ပညာခွင်သားများရဲ့ ဆရာပင် ဖြစ်ပါတယ်။ ဂိုဏ်းချုပ်မယ်တော်ကြီး ဒေါ်စောသိန်းလှ အနယ်နယ်အရပ်ရပ်သို့ ကြွရောက်စဉ်က…

'မယ်တော်တို့တစ်တွေ လူ့ပြည်မှ မရှိသည့်နောက် ပညာ၏ စည်းကမ်းများ၊ ယြဝါဒများ ပုံနှိပ်အရုပ်တွင် တင်ထားပြီး ဖြစ်၍ တပည့်များ၏ ဆရာအရာမှ တည်





www.burmeseclassic.com

www.burmeseclassic.com

ရစ်မည်'

လို့ အခါခါ အမိန့်ရှိခဲ့ကြောင်း ဖတ်ဖူးခဲ့ပါတယ်။

ဂိုဏ်းချုပ် မယ်တော်ကြီး ကွယ်လွန် အနိစ္စ ရောက်သွားပြီဖြစ်သော်လဲ စုပေါင်းထားသော ပညာခွင်ရဲ့ နှစ်စဉ် ဩဝါဒများ၊ စည်းကမ်းများ အစဉ်သဖြင့် တည်ရစ်နေ၍ ပညာခွင်သားများအနေဖြင့် လမ်းပျောက်စရာမရှိ၍ ဒုက္ခရောက်သူများကို ကူညီ ကယ်တင်နိုင်နေကြခြင်း ဖြစ်ပါတယ်။

မနောမယိဒ္ဓိပညာသည် မြတ်စွာဘုရားရှင်ရဲ့ ဩဝါဒနဲ့ ကိုက်ညီသဖြင့် ဘဒ္ဒကမ္ဘာတည်သမျှ ကာလပတ်လုံး ပညာခွင်ကြီး ဆက်လက် တည်ရှိနေမှာ အမှန်အကန်ပဲ ဖြစ်ပါတယ်လို့ မနောမယိဒ္ဓိဂိုဏ်းချုပ် ပြည်လုံးချမ်းသာ ဆရာကျော်ကြီးရဲ့ (၁၂၃) နှစ်မြောက်မွေးနေ့မှာ ထုတ်တဲ့ စာအုပ်လေးမှာ ဖတ်လိုက်ရပါတယ်။

တချို့ကလေးတွေ ကျောင်းကိုသွားမယ့်လမ်းမှာ ခေါင်းကိုက်လို့ ဆိုကာ ကျောင်းဆက်မသွားနိုင်ဘဲ ပြန်ခဲ့ရတယ်။ ကျောင်းရောက်ရင် နေမကောင်း၊ အိမ်မှာနေရင် အကောင်းသား ဖြစ်ရတဲ့ အဖြစ်များလဲ တွေ့ရပါတယ်။

ကျောင်းမတက်နိုင်ဘဲ ကျောင်းထွက်လိုက်ရတဲ့ ကိုးတန်းကျောင်းသားလေးအတွက် ကျွန်တော်က ထိုရောဂါသည် ဆရာဝန်နဲ့ ကုမရ၊ ဂိုဏ်းဆရာ တစ်ယောက်ယောက်နဲ့ ကုမှသာ ပျောက်ကင်းနိုင်မယ့် ရောဂါဖြစ်လို့ အထက်ဂိုဏ်းဆရာ တစ်ယောက်ယောက်ကို ရှာပေးမိပါတယ်။

တချို့ဆရာတွေက ဝိပဿနာတရားအားထုတ်ကာ ရောဂါတွေ မကုတော့ဘူးလို့ ပြောကြပါတယ်။ ဝေဒနာခံစားနေရသော လူများအတွက် စိတ်မကောင်း ဖြစ်မိရပါတယ်။

အမရပူရတွင်တော့ မနောမယိဒ္ဓိပညာဖြင့် ရောဂါကုသပေးနိုင်တဲ့ ဆရာများရှိကြောင်း လမ်းညွှန်ပေးခဲ့သော်လဲ သွား ကုမကုတော့ မသိရတော့ပါ။

အိမ်သန့်၊ မြေသန့်၊ လူသန့်သော နေရာတွေမှာ နေထိုင်ပါမှ၊ ဒါမှမဟုတ် သူများမမုန်းအောင် နေပါမှ တချို့ ပညာတတ်သော လူများသည် အများမခံဘဲ သူတို့စိတ်နဲ့ အခန့်မသင့်ရင် ပြုစားတတ်ကြသလို ကိုယ့်အိမ် ကိုယ့်မြေကို စွဲလမ်းကာ မကျွတ်မလွတ်သော သူများကလဲ သူ့မြေနေရာတွင် နေတာ မကြိုက်တာတို့ကြောင့်လဲ ပူးကပ်ခါ မနေဖို့ နှောင့်ယှက်တတ်တာကိုလဲ ကြုံဖူးခဲ့ရပါတယ်။

ထိုကဲ့သို့ ပရလောကသားများ စုန်းအတတ်ဖြင့် ပြုစားတတ်သူများကြောင့် ရောဂါဝေဒနာ ခံစားနေရသူများသည် **မေတ္တာဖြင့်ကုသတဲ့ ဆရာများနဲ့သာ ကုသသင့်ကြောင်းနဲ့ မေတ္တာဖြင့်သာ အောင်နိုင်ရသည်ကိုလဲ တွေ့ဖူးကြုံဖူးခဲ့ကြောင်း** ရေးသားလိုက်ရပါတယ်။

**စောမိသွင်(ရန်ကုန်)**




စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၁၁ (ပထမထပ်)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-
၀၉-၅၅၆၃၄၉၅၈၅
၀၉-၄၄၃၂၈၅၂၀




တမလွန်သို့ ရောက်သွားခါစ
လာရောက်နှုတ်ဆက်သော
စိမ်းပြာရောင်အင်္ကျီဝတ်

# ပရလောကသား အမျိုးသမီး

ချို(အမရပူရ)

လျှပ်စစ်မီးတိုင်မှ လျှပ်စစ်မီးချောင်းလေးသည် အိမ်ရှေ့လမ်းမကြီးတွင် လင်းထိန်နေပါသည်။

ကျွန်မ အိမ်ရှေ့ထွက်လိုက်စဉ် ခြံဝင်းအပြင်ဘက် လမ်းမပေါ်တွင် တောင်ဘက်မှ မြောက်ဘက်ဆီသို့ စိမ်းပြာရောင်အင်္ကျီဝတ် အမျိုးသမီးတစ်ဦး လျှောက်လာသည်ကို လျှပ်စစ်မီးရောင် အလင်းဖြင့် မြင်တွေ့ လိုက်ပါသည်။

ကျွန်မ ရပ်နေသောနေရာနှင့် ခြံဝင်းရှေ့ အကွာအဝေးမှာ ခြေလှမ်း(၁၅)လှမ်း လောက်သာ ကွာဝေးပါသည်။

...အိမ်အပေါ်ထပ်တွင် ဖွင့်ထားသော မြန်မာ့အသံ ...သို့မှ မြန်မာစံတော်ချိန် ည(၈)နာရီရှိကြောင်း ...ကြေညာသွားပါသည်။ ကျွန်မသည် အိမ်အောက်ထပ် ... တံခါးမကြီးမှ အိမ်ရှေ့ခြံဝင်းထဲသို့ ထွက်လာခဲ့ ...ပါသည်။

ခြံရှေ့ အိမ်ဝင်းထဲသို့ ဝင်သည့် ဝင်းတံခါးကြီးဘေး ... လမ်းသွားလမ်းလာများ ည လင်းလင်းရှင်းရှင်း ...လာနိုင်ရန် လျှပ်စစ်မီးတိုင် ထွန်းထားပေးပါသည်။

ထိုအမျိုးသမီးသည် ခြံထဲသို့ လှမ်းမကြည့်ဘဲ ရှေ့တည့်တည့်သို့သာ ကြည့်ပြီး ခြံဝင်းဘေးရှိ မန်ကျည်းပင်ကြီးနားကို ဖြတ်သွားနေပါသည်။

မန်ကျည်းပင်ကြီးသည် လူတစ်ဖက်စာကျော်ကျော် လုံးပတ်ပင်စည် ရှိပါသည်။ သာမန်ခြေ(၂)လှမ်းလောက် လှမ်းပြီးလျှင် ထိုမန်ကျည်းပင်ကြီးကို ဖြတ်သန်းနိုင်ပါသည်။

ထိုအမျိုးသမီးသည် မန်ကျည်းပင်နား ဖြတ်သန်းသွားပြီး မြောက်ဘက်သို့ ထွက်မလာတော့ပါ။ မန်ကျည်းပင်



www.burmeseclassic.com

www.burmeseclassic.com

နံဘေးမှ ထွက်မလာဘဲ မြောက်ဘက်သို့လည်း ထွက်မလာသဖြင့် အံ့သြပြီး ကြည့်နေမိပါသည်။

မန်ကျည်းပင်ကြီးဘေး ပုန်းပြီး ရပ်နေမလား ထင်ပြီး စောင့်ကြည့်နေသော်လည်း ထွက်မလာပါ။



ကျွန်မသည် ခြံဝင်းအတွင်း ခြေလှမ်း(၁၀)လှမ်းခန့် သွားပြီး ခြံဝင်းအပြင်ဘက် မန်ကျည်းပင်ကြီးဘေးကို ကုန်းကာ ကြည့်သော်လည်း ထိုအမျိုးသမီးကို မတွေ့ရချေ။

မန်ကျည်းပင်ကြီးနားသို့ ကပ်မကြည့်ရဲသဖြင့် စိတ်ထဲတွင် အတွေးအမျိုးမျိုး ဝင်သော်လည်း ကလေးပီပီ မေ့ပျောက်သွားခဲ့ပါသည်။ လူကြီးများကိုလည်း ထို အမျိုးသမီးကို တွေ့ကြောင်း မပြောမိတော့ပါ။

နောက်တစ်နေ့ မိုးလင်းပြီး (၅)နာရီလောက်တွင် အိမ်တောင်ဘက် အခြားရပ်ကွက်တွင်နေသော အဒေါ်ဝမ်းကွဲ ကွယ်လွန်ကြောင်း မိခင်ကြီးကို လာရောက်ပြီး အကြောင်းကြားပါသည်။

ကျွန်မစိတ်ထဲတွင် မနေ့ညက ခြံရှေ့တွင် တွေ့လိုက်ရသော အမျိုးသမီးကို သတိရလိုက်ပါသည်။ ကျွန်မတို့ ကျောင်းသွားခါနီးတွင် မိခင်ကြီးက နာရေးသတင်း သွားမေးမည် ဖြစ်ပါသည်။

ထိုအခါ ကျွန်မက ထူးဆန်းစွာ တွေ့လိုက်ရပြီး ရုတ်တရက် ပျောက်သွားသော အမျိုးသမီးကို သတိရလိုက်မိပါသည်။ မိခင်ကြီးအား...

'သေဆုံးသူ အဒေါ်ဝမ်းကွဲဝတ်ထားတဲ့ အင်္ကျီအရောင်ကို ကြည့်ခဲ့နော်၊ စိမ်းပြာရောင်အင်္ကျီ ဝတ်ထားတာလား သေသေချာချာ ကြည့်ပေးခဲ့ပါနော်'

ဟု မှာလိုက်ပါသည်။

ထို့နောက် ကျွန်မတို့ ညီအစ်မများ ကျောင်းသွားကြပါသည်။ အစ်မလတ်သည် (၉)တန်း၊ ကျွန်မသည် (၆)တန်းနှင့် ညီမငယ်သည် (၄)တန်းတွင် ပညာသင်ကြားနေကြပါသည်။

နေ့လယ် ထမင်းစားကျောင်းဆင်းချိန် အိမ်သို့ ရောက်သောအခါ ထမင်းမစားမီ မိခင်ကြီးအား ကျွန်မ သိချင်သော အကြောင်းကို မေးလိုက်ပါသည်။

ထိုအခါ မိခင်ကြီးမှ သေဆုံးသွားသော အဒေါ်သည် စိမ်းပြာရောင်အင်္ကျီကို ဝတ်ထားကြောင်း၊ မနေ့ည (၈)နာရီကျော်တွင် ကွယ်လွန်ကြောင်းတို့ကို ပြောပြပါသည်။

မိခင်ကြီးက ကျွန်မကို **"အင်္ကျီအရောင် ဘာကြောင့်သိတာလဲ"**ဟု မေးပါသည်။

ကျွန်မက မနေ့ည(၈)နာရီခန့်က တွေ့လိုက်သော စိမ်းပြာရောင်အင်္ကျီဝတ် အမျိုးသမီး အကြောင်းကို မိခင်ကြီးအား ပြောပြလိုက်ပါသည်။

သေဆုံးသူ အဒေါ်ဝမ်းကွဲသည် မိခင်ကြီးအား ချစ်ခင် လေးစားသူတစ်ယောက် ဖြစ်ပါသည်။ ငယ်စဉ်ကအတူ စား၊ အတူတူ သွားလာခဲ့သူများ ဖြစ်ကြပါသည်။

တမလွန်သို့ ရောက်သွားပြီဖြစ်၍ မိခင်ကြီးကို နောက်ဆုံးအနေဖြင့် နှုတ်ဆက်ရန် ပရလောကသား အဖြစ်ဖြင့် လာရောက်စဉ် ကျွန်မနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မသည် အင်္ကျီစိမ်းပြာရောင်ဝတ် အမျိုးသမီးကို လူအဖြစ် မှတ်ထင်နေမိပါသည်။ ပရလောကသား အဖြစ် လာရောက်နှုတ်ဆက်ပြီး မန်ကျည်းပင်ကြီးမှ ပျောက်သွားသည်ကို သွားကြည့်လျှင် မည်သည့်အရာ ကို တွေ့မြင်ရခဲ့မည် မသိပါ။

မန်ကျည်းပင်ကြီးနားအထိ သွားမကြည့်ခဲ့သဖြင့် ကြောက်လန့်တုန်လှုပ်ခြင်းလည်း မဖြစ်ခဲ့ပါ။

သေဆုံးသွားသော အဒေါ်ဝမ်းကွဲ ဝတ်ထားသော အင်္ကျီသည် စိမ်းပြာရောင် ဖြစ်နေသည်ကိုလည်း ထူးဆန်းနေမိပါသည်။

တမလွန် ရောက်သွားပြီးမှ မိခင်ကြီးကို သတိရ၍ လာရောက်နှုတ်ဆက်သော စိမ်းပြာရောင်အင်္ကျီဝတ် အမျိုးသမီးကို ထူးဆန်းစွာ တွေ့ခဲ့ရသည့် ငယ်စဉ်က ကိုလည်း အမှတ်ရနေမိပါတော့သည်။

ချို(အမရပူရ)






# အသူရကာယ်ဘုံလား...

ဇေရဲလား

အမည် ဦးနု။ အသက်အားဖြင့် (၅၀)ကျော်။ တည်ရှိသော နေရာ ကားရွာလေးတစ်ရွာ၏ သာသနာ့ မြေ ဘုန်းတော်ကြီးကျောင်း ဝင်းအတွင်းမှ အမှိုက်များ၊ ပင်,ပေါင်းပင်များကို ရှင်းလင်း ၊ သေနာသနဝတ်ပြုလို့ ကုသိုလ် များ ဘဝနေဝင်ချိန်ကို စောင့်နေ သော ပုဂ္ဂိုလ်ကြီး၏ အကြောင်းလေး ရေးသူ တင်ပြလိုပါသည်။

ထိုပုဂ္ဂိုလ်ကြီးအကြောင်း တင်ပြရပါက သူ့ဘဝ၏ စာမျက်နှာများကို နောက်ဆုတ်ရှာ၍ တင်ပြမှ သဘာဝကျမည်ဖြစ်သည်။

ဘဝအစက ဆိုပါသော်... အဖ ဦးထွန်းရင်၊ အမိဒေါ်သောင်းငွေတို့၏ တစ်ဦးတည်းသောသား။ အသား မည်းပြီး အရုပ်ဆိုးဆိုး သားလေး ဖြစ်သော်လည်း အသက်(၄၀)ကျော်မှ ရခဲ့သော သားလေးမို့ "မောင်နု" ဟု မှည့်သည်ထင့်။ မောင်နု၏ အမိ အဖများမှာ ဆင်းရဲကြ၏။

မောင်နုမှာလည်း ငယ်ငယ်ကပင် နုံလွန်း,နလွန်းသည်။ ကိုးနှစ်,ဆယ်

132A. June, 2018.

www.burmeseclassic.com

နှစ်အရွယ်တွင် ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထားပေးသည်။ ရေးတတ်,ဖတ်တတ်ရန် စာပေများ သင်ပေးဖို့ပါ။

သုံးနှစ်,သုံးဝါ နေပါသော်လည်း မောင်နုမှာ သင်ပုန်းကြီးမှ တိုးသင်၍ မရ။ စာတစ်ပိုဒ်ရပြီး တစ်ပိုဒ်တိုးသင်ပါက ပထမအပိုဒ်မှာ မေ့သွားတော့၏။

ထို့ကြောင့် ထုံလွန်း အ,လွန်းသော မောင်နုအား ဆရာတော်လည်း လက်လျှော့၊ အမိအဖတို့ကလည်း ကျောင်းမှထုတ်ကာ နွားကျောင်း ငှားခိုင်းကြတော့သည်။

မောင်နု တစ်ဆယ့်လေး,ငါးနှစ်သားအရွယ်တွင် သူ့အမေနှင့် အဖေမှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြ၏။ လူမမည်အရွယ် မောင်နုတစ်ယောက် လူက နုံအ,သလို ဘဝပေးကံကလည်း နုံချာလွန်းပေ၏။

အမေ,အဖေတို့ သူ့အား ခွဲသွားသောအခါ မျက်ရည်အရွှဲသားဖြင့် မပြောတတ် မဆိုတတ်သော မောင်နုအား ဝိုင်းဝန်းသနားကြသည်။ သူ ငှားသောအိမ်က သူ့အား စောင့်ရှောက်ထားကြသည်။

အရွယ်လည်း ရောက်လာတော့ နွားကျောင်းမှ ထယ်ကိုင်၊ ထယ်ကိုင်မှ ထွန်ကိုင်အထိ လယ်လုပ်ငန်းတွင် ကျွမ်းကျင်လာလေ၏။

အသက်မှာလည်း သုံးဆယ်ကျော်ကာ လေးဆယ်နားပင် နီးခဲ့ပြီ၊ သူများ ကျွေးသရွေ့စား ပေးသရွေ့ယူ ဘဝနှင့်ပင် နေထိုင်ရသော မောင်နုအား ဆွေနီးမျိုးစပ်တော်သူတို့မှ အိမ်ထောင်ပြုပေးကြလေ၏။

သူနှင့် အိမ်ထောင်ပြုပေးမည့် အမျိုးသမီးမှာ အသက်လေးဆယ်ကျော် မုဆိုးမတစ်ဦးဖြစ်ပြီး အမည်မှာ မမြရင်ဖြစ်၏။ ပထမအိမ်ထောင်နှင့် သားသမီး မရ။ ခြယ်ခြယ်လှယ်လှယ်ရှိသဖြင့် မောင်နု၏အမျိုးများက သဘောတူခြင်း ဖြစ်သည်။

အိမ်ထောင်သည် ဖြစ်လာသောအခါ မောင်နုမှ ကိုနု ဖြစ်လာလေသည်။ ကိုနုမှာ သူ ကျွမ်းကျင်သော သူရင်းငှား လယ်ထွန်ဖြင့် ဇနီးဖြစ်သူ မမြရင်အား ရှာဖွေကျွေး၏။

တလင်း သိမ်းပြီးသွားသောအခါ ကိုနုတစ်ယောက် အလုပ်မရှိ။ အပေါင်းအဖော်များက တစ်ရပ်တစ်ကျေးမှာ အလုပ်ကောင်းသည်ပြောသဖြင့် လိုက်သွားသည်။

သုံးလလောက်ကြာသော် ငွေလည်း အတော်စုမိ။ မိုးကျရက်လည်း နီးလာသောကြောင့် ရွာပြန်ခဲ့လေသည်။

အိမ်သို့ရောက်လျှင် ရှာလာခဲ့သော ငွေများအား ဇနီးဖြစ်သူ မမြရင်အား အပ်လိုက်ပါက ''တယ်တော်တဲ့ ငါ့ယောက်ျားပါလား''ဟု ပြုံးရွှင်မြူးကြွနေမည့် ဇနီးဖြစ်သူ မျက်နှာကို မြင်ယောင်မိသည်။

ကိုနု ကြိုက်တတ်သော ဟင်းများ ချက်ကာ နှစ်ဦးသား ခေါင်းချင်းဆိုင်၍ စားရမည့် ထမင်းပွဲကို တွေးမိပြန်သောအခါ ကိုနုခြေလှမ်းများမှာ ပို၍ သွက်လက်လာတော့သည်။

မိုးကျတော့မည် ဖြစ်သောကြောင့် တိမ်သားများက အုံ့ဆိုင်းကာ မိုးသီး မိုးပေါက်လေးများပင် ကျလာလေ၏။ ရွာတွင်းသို့ ဝင်လာလေ ကိုနု ခြေလှမ်းများ ပိုသွက်လာလေ ဖြစ်သည်။

အိမ်ခြံဝင်းသို့ပင် ကိုနုရောက်လာလေခဲ့ချေပြီ။ အိမ်တံခါး ဖွင့်ထားသော်လည်း မမြရင်ကိုမတွေ့။

'မမြရင်...မမြရင် ငါ ပြန်လာပြီ'

အိမ်တွင်းမှ မည်သည့် အသံမှ မကြား။ အိမ်နီးချင်း ဒေါ်အေးမှုံမှာ ကိုနု ပြန်လာတာ မြင်သောအခါ...

'ဟဲ့...မောင်နု ပြန်လာပြီလား။ လာ...လာ...ဒီကို'

ဒေါ်အေးမှုံ ခေါ်သောကြောင့် ကိုနုတစ်ယောက် ဒေါ်အေးမှုံအိမ် သွားကာ...

'ဒေါ်အေးမှုံ မမြရင် ဘယ်သွားလဲ၊ အိမ်မှာ မတွေ့လို့'

'ဟဲ့... အိမ်ပေါ်တက်ပါဦး၊ အဝတ်တွေ လဲပါဦး၊ နင့်မိန်းမ အိမ်မှာ မရှိဘူး။ အေးအေးဆေးဆေး ပြောမှာပေါ့။ ခု... နင်မောပန်းလာတဲ့ဟာ ဘယ့်နှယ် အလောတကြီး'

'ဟာ... ကျွန်တော် မမောပါဘူး။ မမြရင် အိမ်မှာ မရှိတာ ဘယ်သွားတာလဲ၊ ဘာတွေမှာခဲ့လဲ ပြော[illegible] ဒေါ်ကြီးရာ ကျွန်တော် သိချင်လို့'

ဒေါ်အေးမှုံမှာ မပြောချင်သော်လည်း ပြောမှဖြစ်တော့မည့် အနေသို့ ရောက်နေ၏။

'ကဲ...ကဲ...ခဏထိုင်ဦး [illegible] လဲ နင်ထိန်းနော်'

ကိုနုမှာ တင်ပါးလွှဲထိုင်ကာ

'ပြောမှာသာ ပြောပါဗျာ... ဘာဖြစ်လို့လဲ'

ဒေါ်အေးမှုံမှာ မချင့်မရဲဖြင့်...

'မြ...မြရင်တစ်ယောက် သေပြီကွယ့်'

'ဗျာ...မမြရင် သေပြီဟုတ်လား'

'အေး...ဟုတ်တယ်။ မင်းသွားလို့ တစ်လလောက်ကြာတော့ မြရင်တစ်ယောက် အပြင်းအထန်ဖျားပြီး သေတဲ့အထိပဲ ပြောပါတော့ကွယ်'

'ဟာ...ဟာ... မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ မမြရင်မသေဘူး။ သူ မသေနိုင်ဘူး'

ကိုနုတစ်ယောက် အရူးမီးပိုင်းခံရသလို ပျာပျာသလဲထကာ အိမ်ဘက်သို့ ပြန်ပြေးပါတော့သည်။

ကိုနုခမျာ ဘဝပေးကံ မကောင်းသဖြင့် ခဏလေးသာ ပေါင်းခဲ့ရသော ဇနီးဖြစ်သူမှာလည်း သူ့အား ခွဲသွားပြန်သည်။ သို့သော် မမြရင် သေပြီဆိုသော စကားကို ကိုနုတစ်ယောက် မယုံ။

'မမြရင် ငါ့ကို စိတ်ကောက်ပြီး ထွက်သွားတာဖြစ်မယ်။ ငါ မမြရင်ကို မတွေ့တွေ့အောင် လိုက်ရှာမယ်'

ကိုနု ရင်ထဲမှာတော့ အမိုးအကာမရှိသော ကောင်းကင်ပြင်ကြီးပမာ ဟာလာဟင်းလင်းကြီး ဖြစ်နေသည်။

အစားအသောက်လည်း ဘာမှ မစားမသောက်ချင်၊ ကိလေသာမီးက သူ့ရင်တွင်းလောင်အား ပြင်းလှလေပြီ။ တစ်ညလုံး ဘယ်လူး ညာလှိမ့်ဖြင့် အိပ်၍လည်း မပျော်။ မနက် ဝေလီဝေလင်း အချိန်တွင် ကိုနုတစ်ယောက် မမြရင် ရှာပုံတော်



ခရီး ထွက်ခဲ့တော့သည်။

'သူ ရွာမှ ထွက်ခဲ့သည်ကို မည်သူမျှ မသိ။ မမြရင်ကို ရှာမည် ထွက်ခဲ့သော်လည်း ဘယ်ကိုသွားသည် မသိ၊ ဘယ်မှာ ရှာရမည်လည်း၊ အတွေးမရှိဘဲ ခြေဦးတည့်ရာ ထွက်ခဲ့သော ကိုနုတစ်ယောက်...

လေရူးသုန်စ ကဆုန်လတွင် ဖြေစရာရှာမရနိုင်သော ဝေဒနာတွေနှင့် တစ်နေ့လုံးလိုလို လျှောက်သွားခဲ့ရာ လယ်ကွင်းတွေလည်း ဖြတ်ခဲ့ပြီ။ တောတွေလည်း ကျော်လာရသေး၏။

လျှောက်လာခဲ့သော်လည်း ဘယ်နေရာ ရောက်လာသည်ကို ကိုနု မသိ။ ရှေ့တွင် လှမ်းမြင်နေရသော ရွာကြီးတစ်ရွာ၊ လမ်းမှာလည်း ရွာလယ်သို့ တန်းနေ၏။ တဖြည်းဖြည်း ကိုနုတစ်ယောက် ရွာတွင်းသို့ ဝင်ခဲ့တော့သည်။

လျှောက်လာရင်းမှ အမျိုးသမီးလေး,ငါးဦး မြင်သောအခါ ကိုနု စိတ်တွင် ရေတွင်းဖြစ်နိုင်သည်ဟု တွေးမိ၏။ ရေတွင်းကို တွေးမိမှ ရင်ထဲက ဆာလောင်မှုကို သတိရကာ ရေတောင်းသောက်ရန် ထိုအမျိုးသမီးများရှိရာ လျှောက်ခဲ့၏။

အနီးနားကို ရောက်လာသော် အမျိုးသမီးတစ်ဦးမှာ သူ့ဇနီး မမြရင်နှင့် တူနေ၏။ သူ့ဘက် နောက်ခိုင်းနေသော်လည်း လွန်ခဲ့သော သုံးလကျော်က သူ အလုပ်သွားစဉ်က နောက်ဆုံး မြင်ခဲ့သော လုံချည်နှင့် အင်္ကျီကို ဝတ်ထားသည့် မမြရင်ကို ဒီနေ့အထိ မျက်စိထဲတွင် မမေ့။

ယခုအမျိုးသမီးမှာ ထိုအဝတ်များဖြင့် ဖြစ်သည်။ အနားရောက်သော် ''မမြရင်''ဟု မရဲတရဲ ခေါ်လိုက်မိသည်။ ထိုအမျိုးသမီးမှာ ကိုနုဘက် ပြန်လှည့်ကာ...

'ဟာ... ကိုနုပါလား။ ကျွန်မနောက် လိုက်လာတာလား'

ကိုနုမှာ သူရှာခဲ့သော မမြရင်ကို တွေ့သဖြင့် ရေသောက်ရန်ပင် မေ့သွားတော့သည်။

'ဟုတ်တယ် မမြရင် ငါ မနေ့က ပြန်လာတာ အိမ်ရောက်တော့ မင်းကို မတွေ့ဘူး။ ဒေါ်အေးမှုံ ပြောတော့ မင်း သေပြီလို့ ပြောတယ်။ ငါ့စိတ်ထဲမှာ မင်းမသေဘူး၊ သိလို့ မင်းကို လိုက်ရှာနေတာ'

ကိုနုနှင့် မမြရင်တို့ စကားပြောနေစဉ် အခြားအမျိုးသမီးများမှာ ရေအိုးများရွက်ကာ သူတို့အနားမှ ထွက်သွားကြ၏။

'မမြရင်ရာ မင်းကို အိမ်မှာ မတွေ့တော့ ငါ့မှာ ညကလဲ ဘာမှ မစားဖြစ်၊ တစ်ညလုံးလဲ အိပ်မပျော်ခဲ့ဘူး။ မနက် ငါ ရွာက ထွက်လာတော့ ရွာထဲမှာ ဘယ်သူမှ မနိုးကြသေးဘူး'

ကိုနုမှာ သူ ပြောချင်သည်များကိုသာ ဆက်ပြောနေသည်။





www.burmeseclassic.com

www.burmeseclassic.com

'မမြရင် မင်းငါ့ကို စိတ်ကောက်ပြီး အိမ်က ထွက်လာတာလား'

'မဟုတ်ပါဘူး ကိုနုရဲ့'

'ဒါဖြင့် ငါ့ငွေရှာသွားတာ ငွေမပါဘူး ထင်လို့လား။ ဒီမှာ ငွေပါ,ပါတယ် မမြရင်ရဲ့'

ဟု ပြောကာ ခါးပိုက်အတွင်းမှ ကျစ်နေအောင် လိပ်ထားသော ငွေစက္ကူများကို ထုတ်ကာ မမြရင်အား ပေး၏။

'အို... မဟုတ်ပါဘူး ကိုနုရယ်၊ ဒီငွေတွေ ကိုနုပဲ သိမ်းထားပါ။ ကျွန်မ မယူပါရစေနဲ့'

'ဘာဖြစ်လို့လဲ မမြရင်ရာ၊ ကဲ... ဒါဆိုလဲ ရွာကို ပြန်ကြမယ်'

'ကျွန်မ ပြန်လိုက်လို့ မဖြစ်ဘူး။ ကျွန်မ ဒီမှာ အိမ်ထောင်ကျနေပြီ'

'ဘာပြောတယ်... မင်း ဒီရွာမှာ နောက်အိမ်ထောင်ကျနေပြီ ဟုတ်လား'

'ဟုတ်တယ် ကိုနု၊ ဒါကြောင့် ကိုနု ရွာကို ပြန်ပါနော်'

'ဟာ...မမြရင်ရာ မင်းကို မတွေ့တွေ့အောင် လိုက်ရှာခဲ့တာ၊ တွေ့ကာမှ ငါတစ်ယောက်တည်း ရွာပြန်ရမယ်ဆိုတော့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ'

ပြောရင်းမှ ကိုနု စိတ်ထဲမှ တွေးမိ၏။ ဒေါ်အေးမှုံက မမြရင် သေပြီဟု ပြောခဲ့သည်။ ယခု မမြရင်ကို ရှာ၍ တွေ့ခဲ့ပြီ။ တွေ့ပြန်တော့လည်း မမြရင်က သူ နောက်အိမ်ထောင်ကျနေပြီဟု ပြောပြန်ပြီ၊ ဘာတွေကို သူ ယုံရမှာလဲ။

'ကဲ...မမြရင်၊ မင်း နောက်အိမ်



ထောင်ကျနေရင် မင်း နောက်ယောက်ျားကို ငါ့ကိုပြ၊ တကယ် ဟုတ်ရင် ငါပြန်မယ်'

'ဒါဆို ကျွန်မ ယောက်ျားနဲ့တွေ့ရင် ကိုနုက ကျွန်မမောင်ကြီးပါလို့ ပြောရမယ်နော်'

'အေး...ငါ သဘောတူတယ်'

ထိုသို့ ပြောပြီး ကိုနုတစ်ယောက် မမြရင်နောက်မှ လိုက်ခဲ့တော့သည်။ အိမ်ခြံတစ်ခြံတွင်းကို မမြရင်မှာ ရှေ့က ဝင်သွားလေရာ ကိုနုလည်း နောက်မှ ဝင်လိုက်သွား၏။

'ဟဲ့...မြရင် ရေခပ်တာ ကြာလှချည်၊ နောက်က ဘယ်သူတုံး'

'ကျွန်မ မောင်ကြီးပါ။ ကျွန်မကို သတိရလို့ လိုက်လာတာ'

'မောင်ကြီး ဒါ ကျွန်မ ယောက်ျားပါ'

'ဩော်... မြရင်မောင်ကြီးလား၊ လာဗျာ အိမ်ပေါ်ကို'

ကိုနုမှာ မမြရင်ယောက်ျား ဆိုသူမှ အိမ်ပေါ် ခေါ်နေပြီ။ မမြရင်ကလည်း သူ့ကို သတိရလို့ လိုက်လာတာပါဟု ပြောထားတော့ ချက်ချင်း နောက်လှည့်ပြန်လို့ မသင့်သောကြောင့် ဟန်မပျက် အိမ်ပေါ်သို့ တက်ခဲ့တော့သည်။

မမြရင်ယောက်ျား ဆိုသူမှာ တော်တော်ရုပ်ဆိုးကာ သူ့ထက် အသက်လည်း ကြီးပုံရ၏။ မမြရင်က ကိုနုကို ထားခဲ့ပြီး ဘာကြောင့် ဒီလူကြီးကို ယူသည်ကို ကိုနု စဉ်းစား၍မရ ဖြစ်နေသည်။

နေ အတော်စောင်းလာသော အခါ လူကြီးနှစ်ယောက် မောင်ကြီးထုကာ ''ဗိုးကြ,လိမ်းကြဟေ့''ဟု ရွာလမ်းအတိုင်း အော်သွားကြသည်။

ထိုလူနှစ်ယောက် အော်သွားသော အရင်းမရှိ '' အဖျားမရှိ တုံးတိတိ အသံကို ကိုနုတစ်ယောက် သိချင်သဖြင့်...

'မမြရင် စောစောက လူတွေက လုပ်ဖို့ ဗိုးကြ,လိမ်းကြ အော်သွားတာလဲ'

'ပွဲလာဖို့ အော်သွားတာ မောင်ကြီးရဲ့'

'ဒါဆို ငါလဲ ပွဲကြည့်လိုက်ဦးမယ်'

'မောင်ကြီးကလဲ... မောင်ကြီး မောလာတာ အိမ်စောင့်ရင်း နားဦး။ မလိုက်ပါနဲ့ မောင်ကြီးရယ်'

မမြရင်က မလိုက်ခိုင်းသဖြင့် ကိုနု တစ်ယောက် အိမ်စောင့်အဖြစ် ကျန်ခဲ့ရသည်။

တစ်နေ့နှင့် တစ်ညလုံးလုံး မ... ရသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်... သွားတော့သည်။ မိုးလင်း... မမြရင်တို့ ပြန်ရောက်မှ ကိုနု... အိပ်ရာမှ နိုးတော့သည်။

ကိုနုသည် မမြရင်ကို အ... ကြည့်ရာ ယခုရသော ယော... ကြီးကို တကယ်ကြင်နာပုံရ... အပေါ်မှာလည်း တကယ့်မောင်ကြီး အရင်းမှာ ဆက်ဆံနေပြန်သဖြင့် မမြရင်အပေါ် ကိုနုတစ်ယောက် စိတ်ပျက်လာတော့၏။

သူ့မှာတော့ သူအတွယ်တာဆုံး မမြရင်ကို မတွေ့သဖြင့် မအိပ်နိုင်၊ မစားနိုင် မတွေ့တွေ့အောင် ရှာခဲ့သည်။ တွေ့သည့်အခါမှာတော့ မမြရင်က သူ့အပေါ်မှာ ခပ်စိမ်းစိမ်း ဆက်ဆံပြီး မောင်တစ်ယောက်ပမာ နေခဲ့သဖြင့် ကိုနု ရင်ထဲ နာကျင်လာပါပြီ။

ဤသို့ဖြင့် တစ်နေ ဝင်ပြန်လေသည်။ မနေ့က လူကြီး နှစ်ယောက်မှာ မနေ့ကလိုပင် ''ဗိုးကြလိမ်းကြဟေ့''ဟု မောင်းကြီးထုကာ အော်သွားကြပြန်၏၊ ထိုအသံကြားသည်နှင့် ဒီပွဲကို သူ့မှာ သိပ်ကြည့်ချင်နေသည်။

'မမြရင် ဒီည ငါပွဲကြည့်လိုက်လို့ ဖြစ်မလား'

'ဟာ... မလိုက်ပါနဲ့ မောင်ကြီးရယ်၊ မောင်ကြီး အိမ်စောင့်ရှိလို့ ကျွန်မတို့ ပွဲကြည့်ရတာ မောင်ကြီး ကြည့်လဲ ကြိုက်မှာ မဟုတ်ပါဘူး'

မမြရင်က မလိုက်ရန် တားပြန်သဖြင့် ကိုနုလည်း မလိုက်ဖြစ်ပြန်ပါ။

ထိုညတွင် ကိုနုတစ်ယောက် ကောင်းကောင်း အိပ်မပျော် ဟိုတွေးဒီတွေးဖြင့်... မမြရင်မှာလည်း မျှော်လင့်ချက်သည် ကိုနုအတွက် ရေးရေးမျှ မမြင်တော့ပါ။

မမြရင် စိတ်ချမ်းသာနေသဖြင့် သူ နောက်ဆုတ်ပြန်သင့်တယ်ဟု တွေးမိသဖြင့် နံနက်မိုးလင်းက ရွာပြန်မည်ဟု ဆုံးဖြတ်လိုက်ပြီး အိပ်



ပျော်သွားတော့သည်။

မိုးလင်း၍ မမြရင်တို့ ပြန်ရောက်မှ ကိုနုလည်း နိုးလာတော့၏။

'မမြရင် ငါပြန်မယ်'

'ပြန်တော့မလား မောင်ကြီးရဲ့၊ ခုမှ နှစ်ရက်ရှိသေးတယ်။ ဒီတစ်နေ့ နေပါဦး...မနက်ဖြန်မှ ပြန်ပေါ့'

မမြရင်များ သူ့နောက်ပြန်လိုက်လေမလားအတွေးဖြင့် ထိုတစ်ည နေပြန်သည်။

နေညိုလာသောအခါ မနေ့က လူကြီးများမှာ ''ဗိုးကြလိမ်းကြဟေ့'' ဟု အော်သွားကြပြန်သည်။

'မမြရင် ပွဲက ညတိုင်းပြတာပဲလား'

'ဟုတ်တယ် မောင်ကြီးရဲ့၊ ကျွန်မတို့လဲ မောင်ကြီး အိမ်စောင့်တုန်း ကြည့်ရတာ'

သူလိုက်မယ်မပြောခင် မမြရင်က မလိုက်ရန် ပိတ်ပြောထားပြန်သည်။

ဒီညတော့ မမြရင်တို့ မခေါ်လည်း နောက်က တိတ်တိတ်လိုက်ကြည့်မည်ဟု ဆုံးဖြတ်ထား၏၊ မမြရင်တို့ ထွက်သွားလျှင် နောက်မှ နောက်ယောင်ခံပြီး လိုက်လာခဲ့သည်။

မှန်ပျပျ လရောင်အောက်တွင် ဟိုမှဒီမှ လူများ ထွက်လာကာ သူ့ရှေ့မှ သွားနေသဖြင့် သူမှန်းငါမှန်း မသိ။ မမြရင်တို့နှင့် ကွာမသွားအောင် နောက်မှ ကပ်လိုက်ခဲ့၏။

မီးရောင်ကို မြင်နေရပြီ၊ ဒါပေမယ့် ဓာတ်စက်စံလည်း မကြားရ၊ ပွဲဈေးလည်း မတွေ့သဖြင့် ဒီပွဲမှာ ကိုနုအတွက် ထူးဆန်းနေသည်။

မမြရင်တို့ ဇနီးမောင်နှံနှင့်တကွ လူများ၊ှာ ထိုမီးရောင်ဘက်ကို သွားနေကြ၏။ ကိုနုလည်း ထက်ကြပ်မကွာလိုက်လာကာ မီးရောင်နားကိုပင် နီးလာချေပြီ။

အနားနီး၍ ကိုနုတစ်ယောက် သေသေချာချာ ကြည့်လိုက်သည့်အခါ ရေမကျားကြီးတစ်ကောင် ဝပ်နေသည်ကို တွေ့လိုက်ရ၏။ မီးရောင်မှာလည်း ထိုကျားကြီး မျက်လုံးများမှ လင်းနေခြင်းဖြစ်သည်။

ကျားပါးစပ်ကြီးမှာ အငြိမ်မနေ တစ်စုံတစ်ရာကို ဝါးနေ၏။ လူများမှာ ထိုကျားပါးစပ်တွင်းသို့ တစ်ဦးပြီး တစ်ဦး တိုးဝင်နေကြသည်ကို ကိုနုမြင်သောအခါ ကြက်သီးမွေးညင်းများ ထသွားသည်အထိ ကြောက်ရွံ့သွားသဖြင့် ဘေးသို့ အသာဖယ်ပြီး ရပ်ကြည့်နေမိ၏။

သေချာစွာ ကြည့်သောအခါ ကျားကြီးမှာ ကျားခေါင်းပုံနှင့် တောင်ကြီးဖြစ်ကာ တစ်ဖက်တွင် အပေါက်ကြီး တစ်ပေါက်လည်း ရှိသည်။ ပါးစပ်တွင်းကို ဝင်သွား သည့်သူအား စိစိညက်ညက်အောင် ဝါးလိုက်သော်လည်း နောက်ပေါက်မှ ပြန်ထွက်လာသော အကောင်းပကတိဖြစ်ကာ ပါးစပ်ဘက် ပြန်

www.burmeseclassic.com

လှည့်လာရပြန်သည်။

သူ ကြည့်နေသည့် အချိန်မှာပင် မမြရင်ပင် ကျားပါးစပ်ကြီးအတွင်း ဝင်လိုက်၊ နောက်ပေါက်မှ ထွက်ကျလာလိုက်ဖြင့် သုံးခါတိတိ ရှိသွားပြီ။

ထိုသို့ ခံနေရသည်ကိုပင် ပွဲဟု ပြောလေသလားမသိ။ သည်နေရာတွင် ကြာကြာမနေရဲသဖြင့် မမြရင်တို့ အိမ်သို့ ပြန်ခဲ့သည်။

အိမ်ရောက်၍ အိပ်ပါသော်လည်း ကိုနုတစ်ယောက် အိပ်၍မပျော်။

'ဒီနေရာဟာ ဘယ်နေရာလဲ၊ ဒီရွာကိုလဲ ငါတစ်ခါမှ မရောက်ဖူးဘူး။ မနက်ကျ ငါပြန်တာပဲ ကောင်းမယ်'

မိုးလင်းသည်အထိ ကိုနုတစ်ယောက် အိပ်မပျော်တော့ဘဲ "မမြရင်တို့ ပြန်မှ လာနိုင်ကြပါဦးမလား"ဟု တွေးနေစဉ် မမြရင်တို့ ပြန်လာကြတော့၏။

မမြရင်တို့ အိမ်ပေါ်ရောက်သည့်အခါ...

'မမြရင် ငါ ရွာကို ပြန်တော့မယ်'

'မောင်ကြီး ပြန်တော့မလား။ မောင်ကြီး ညက ပွဲလိုက်တာတယ်မို့လား'

ကိုနုမှာ အံ့အားသင့်ပြီး မမြရင်ကို ပါးစပ်အဟောင်းသားဖြင့် ဘာမှ မပြောနိုင်ဘဲ ကြည့်နေမိတော့သည်။

'အေးလေ... မောင်ကြီး လာတာလဲ သုံးရက်ရှိပြီ။ ပြန်ချင်ရောပေါ့။ ရွာရောက်တဲ့အခါ ကျွန်မနဲ့ တွေ့ခဲ့တာတွေ... မောင်ကြီး မြင်ခဲ့တာတွေ ကျောင်းက ဆရာတော်ကြီးကို ပြောပြပါ။ မောင်ကြီးနောက်ကို ကျွန်မ ဘာကြောင့် ပြန်မလိုက်နိုင်တာလဲ၊ ကျွန်မ ဘယ်ကို



ရောက်နေတာလဲဆိုတာ ဆရာတော်ကြီးက အသိနိုင်ပါလိမ့်မယ်။

ပြီးတော့ မောင်ကြီး ရှာထားတဲ့ ဒီငွေတွေနဲ့ အလှူတစ်ခုခုလုပ်ပြီး ကျွန်မကိုလဲ အမျှပေးပါ မောင်ကြီးရယ်'

ကိုနု အပ်ထားသော ငွေများကို မမြရင်က ပြန်ပေးသဖြင့် ကိုနုက လှမ်းယူကာ...

'စိတ်ချပါ မမြရင်...မင်းပြောတာတွေ ငါ အကုန်လုပ်ပေးပါ့မယ်ကွာ'

ပြောကာ ကိုနုက ထလိုက်၏။

'ဪ... မောင်ကြီးပြန်ရင် ဒီလမ်းအတိုင်းပြန်၊ ရွာထိပ်ရောက်ရင် လူကြီးနှစ်ယောက်တွေ့လိမ့်မယ် လူသစ်လား၊ လူဟောင်းလား မေးရင် လူဟောင်းပါလို့ ဖြေနော်'

'ကောင်းပါပြီ မမြရင်၊ ငါသွားပြီ'

နှုတ်ဆက်ပြီး ကိုနုတစ်ယောက် ရွာလမ်းအတိုင်း လျှောက်လာခဲ့ပြီး ရွာထိပ်အရောက်တွင် လူကြီးနှစ်ယောက် လမ်း၏ ဟိုဘက်တစ်ယောက်၊ ဒီဘက်တစ်ယောက် စောင့်နေပြီး ကိုနုကို မြင်သောအခါ **"လူသစ်လား၊ လူဟောင်းလား"** ဟု မေးကြ၏။

ကိုနုလည်း မမြရင် မှာသည့်အတိုင်း "လူဟောင်းပါ"ဟု ဖြေလိုက်သည့်အခါ "လူဟောင်းဆို သွား သွား"ဟု ပြောလိုက်ကြသည်။

ကိုနုလည်း လမ်းအတိုင်း လျှောက်လာပြီး ရွာအပြင်ဘက် ထွက်ခဲ့၏။ ရွာပြင်ရောက်မှ ဒီရွာကို သူ တစ်ခါမှလည်း မရောက်ဘူး။ သူ့ရွာ ဘယ်ဘက်မှာလည်း သူမသိ။ သို့ပေမယ့် လမ်းမှာ တစ်လမ်းတည်း ရှိသည့်အတွက် ထိုလမ်းအတိုင်းပင် လျှောက်လာခဲ့တော့၏။

နေ့လယ်သို့ပင် ရောက်ခဲ့ပြီး မည်သည့်ရွာမှ မတွေ့။ ရှေ့တွင် စမ်းချောင်းလေး တွေ့သဖြင့် စမ်းချောင်းမှ ရေများကို ရင်တွင်းမှ ဆာလောင်မှုအားဖြည့်ကာ ကိုယ်လက်များလည်း ရေဆွတ်လိုက်သောကြောင့် အတော်အားပြည့်လန်းဆန်းသွားသည်။

စမ်းချောင်းမှ တောအုပ်ဘက်သို့ လမ်းလေး တွေ့သဖြင့် ထိုလမ်းအတိုင်း ကိုနုတစ်ယောက် တက်ခဲ့သည်။

ကွင်းပြင်လည်း ပြန်မထွက်၊ ရွာလည်းမတွေ့ရ။ တောလမ်းအတိုင်း လျှောက်နေရသည်မှာ နေညိုချိန်ပင် ရောက်ခဲ့ပြီ။ ထမင်းလည်းဆာ လူလည်းပန်း စိတ်လည်းနွမ်းလာပြီ။

ခဏနားမည်ဟု တွေးပြီး သစ်ပင်ကြီးတစ်ပင်အောက်တွင် သစ်မြစ်ကို ခေါင်းအုံးကာ မျက်စိမှိတ်ပြီး အပန်းဖြေလိုက်ရာ ကိုနုတစ်ယောက် အိပ်ပျော်သွားတော့သည်။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ ကိုနု၏ နားစည်သို့ အလွန် အေးချမ်းလှသော အသံတစ်သံက ပုတ်ခတ်လှုပ်နှိုးလိုက်သည်။ နားစည်မှ ရင်တွင်းအထိပင် ငြိမ်းအေးသွားတော့သည်။

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"

ကိုနု နားနှင့် ကိုနု အသိစိတ်မှာ ထိုအသံနှင့် ရင်းနှီးနေပြီဖြစ်၏။ သို့သော်လည်း မျက်စိမှာ ဖွင့်မရသေး။ အသံမှာ ဩဇာရှိလှ၏။ အောင်မြင်လှ၏။

သုံးခေါက်တိုင်တိုင် ရွတ်လိုက်မှ ကိုနု သတိက အသိစိတ်ကို ဖော်ပေးလိုက်သည်။ သူ ငယ်စဉ်က ကြားနေကျ ဆရာတော်ကြီး၏ အသံပင် ဖြစ်တော့သည်။

"ယဿာ နုဘာဝတော ယက္ခာ၊
နေဝ ဒဿန္တိ ဘီသနံ၊
ယမှိ စေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မတန္ဒိတော။"

အစရှိသော မေတ္တာသုတ် ရွတ်ဖတ်သံ ကြားလိုက်သော် မျက်စိများလည်း ဖွင့်ရပြီး မွေးကြိုင်သင်းပျံ့လှသော ပိတောက်ပန်းရနံ့တို့မှာလည်း နှာခေါင်းတွင်း ဖိုးဝင်လာကြ၏။

တစ်ပင်လုံး ထိန်ထိန်ဝါနေသော ပိတောက်ပင်ကြီးအောက်တွင် ကိုနု ရောက်နေသည်။ ဒီပိတောက်ပင်ကြီးက ဘယ်နေရာလဲ...

ဆရာတော်ကြီး၏ မေတ္တာသုတ် ပရိတ်တရားသံမှာလည်း ကြားနေပြီပင်။ လှည့်ပတ်ကြည့်လိုက်သော် ကိုနု ငယ်စဉ်က နေခဲ့သော သူ့ရွာမှ ဆရာတော်ကြီး၏ ကျောင်းနောက်က ပိတောက်ပင်ကြီးအောက်မှာ ဘယ်လိုဘယ်ပုံ ရောက်နေခဲ့သည် မသိတော့။

သူ ငယ်စဉ်က ထိုပိတောက်ပင်ကြီးအောက်တွင် ကစားရင်း အိပ်ပျော်ခဲ့ဖူးသည်။ ဆွမ်းခံချိန် မပြန်သဖြင့် ဆရာတော်ကြီး လိုက်ရှာသည့် ပိတောက်ပင်အောက်မှာ အိပ်ပျော်နေသော ကိုနုအား ဆရာတော်ကြီးက တောင်ဝှေးဖြင့် သူ့ခေါင်းကို ခေါက်လိုက်မှ လန့်နိုးပြီး ခေါင်းမှာ နာလွန်းသဖြင့် မျက်ရည်စများဖြင့် ဆွမ်းခံထွက်ခဲ့ရ၏။

ယခုလည်း ဒီပိတောက်ပင်ကြီး အောက်မှာပင်။ လောကဓံတရား၏ ရိုက်ခတ်မှုကြောင့် နာကျင်သော ရင်တွင်းမှ ခံစားမှုတို့နှင့် ဆရာတော်ကြီး၏ တရားတော်က ညင်သာစွာ နိုးထစေခဲ့ပြီ။

ကိုနုမှာ ထပ်မံ စဉ်းစားမနေတော့ဘဲ ကျောင်းပေါ်ကို တက်ပြီး ဆရာတော်ကြီးကို ဝတ်ဖြည့်လိုက်သည်။

'ဟဲ့...ဘယ်သူတုန်း။ မနက်အစောကြီး'

'တပည့်တော် မောင်နုပါ ဘုရား'

'ဟေ...မောင်နု၊ ဘယ်လိုဘယ်ပုံ အစောကြီး ရောက်လာသတုန်းဟဲ့'

'မှန်ပါ...ပြီးမှ တပည့်တော် ပြောပါ့မယ်ဘုရား။ ဆွမ်းကျန်လေးများရှိရင် တပည့်တော်ကို စွန့်ပါဘုရား'

'နင့်တစ်ကိုယ်လုံးလဲ နံစော်ပြီး အဝတ်အစားတွေလဲ စုတ်ပြဲနေပါလား။ သွား...သွား ရေချိုးဦး'

'ဟဲ့...သံချောင်း'

'ဘုရား'

'နင့်အဖေရဲ့ ပုဆိုးတစ်ထည်နဲ့ အင်္ကျီတစ်ထည် သွားယူချည်စမ်း'

'မှန်ပါ့ ဘုရား'

ကိုနု ရေချိုးပြီး အဝတ်လဲကာ ဆရာတော်ကြီး ကျွေးသော ဆွမ်းကျန်၊ဟင်းကျန်များကို အားရပါးရ စားတော့၏။

ဤနေ့မှာ သင်္ကြန်အကျနေ့ ဖြစ်သဖြင့် သီလယူကြမည့် လူကြီး၊ လူငယ်တို့မှာ တစ်ယောက်ပြီး တစ်ယောက် ကျောင်းကြီးပေါ်သို့ ရောက်လာကြသည်။

ကိုနုကို တွေ့ကြသည့်အခါ တအံ့တဩ နှုတ်ဆက်ကြ၏။

'ဟ...ကိုနုကြီး၊ ဘယ်လို ကျောင်းကို အစောကြီး ရောက်နေတာလဲဗျ'

ကိုနုမှာ ပါးစပ်တွင်း ထမင်းဟင်းများ ပြည့်နေသဖြင့် စကားပြန်မပြောနိုင်ဘဲ ပြုံးပြနှုတ်ဆက်လိုက်နိုင်၏။

'မောင်နု ဆွမ်းဝရင် ငါ့ရှေ့လာဟဲ့'

'မှန်ပါ့ ဘုရား'

ဗုဒ္ဓဘာသာဝင်တို့မှာ ယခုလို သင်္ကြန်ရက်၊ ဝါတွင်းသုံးလနှင့် သီတင်းကျွတ်လပြည့်ကျော်(၁)ရက်မှ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်ထိ ကထိန်သင်္ကန်းကပ်လှူဒါန်းသော ရက်များတွင် ကျောင်းကန်တို့တွင် အလွန်စည်ကားလှ၏။

ဒီနေ့မှာလည်း သင်္ကြန်နေ့ဖြစ်၍ သီလဆောက်တည်သူများ၊ အလှူဒါန်းပြုသူများဖြင့် ကျောင်းတော်ကြီးပေါ်တွင် လူပြည့်နေသည်။

ကိုနုမှာ ဆရာတော်ကြီးရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

ရှိကာ... ကိုနု၏ နောက်တွင် လူပရိသတ်ကြီးမှာ ကိုနုအား ဆရာတော်ကြီးမှ ဘာတွေမေးလို့ ကိုနုက ဘာတွေပြန်ဖြေမည်ကို စိတ်ဝင်တစား နားထောင်နေကြ၏။

'ကဲ...မောင်နု နင် ရွာက ထွက်သွားတာ တစ်နှစ်ပြည့်တော့မယ်။ ဘယ်တွေသွားလို့ ဘာတွေ လုပ်နေလဲ ပြောစမ်းပါဦးဟဲ့'

'မှန်လှပါ ဘုရား'

ဟု အစချီကာ သူ့ဖနီး မမြရင်နှင့် တွေ့ခဲ့သည့်အကြောင်း၊ ဟိုမှာ (၃)ရက်သာ ကြာခဲ့ကြောင်းနှင့် သူ တွေ့ခဲ့ မြင်ခဲ့သမျှ အားလုံး ပြောပြလိုက်သည့်အခါ ရွာသားများမှာ ထူးဆန်းသော ထိုအဖြစ်ကို ကြားလိုက်ရသဖြင့် မောင်နုတစ်ယောက် ရူးများသွားပြီလားဟု တစ်ယောက်တစ်ပေါက် ပြောကြ၏။



'အင်း...မောင်နု...မောင်နု လူ့ရိုးလူအကြီး၊ မင်းမိန်းမနဲ့ တွေ့ခဲ့တာ ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်း ထွက်သွားတဲ့ တစ်နှစ်လုံး ဘယ်သူနဲ့မှလဲ မတွေ့တာကိုး။

ဒါပေမယ့် မင်းရောက်ခဲ့တဲ့ရွာက လူ့ပြည် လူ့ရွာ မဟုတ်ဘူးကွယ့်။ "နေ့စံ...ညခံ" ဆိုတဲ့ ပြိတ္တာ ဒါမှမဟုတ် အသူရကာယ် ဘုံ ဖြစ်မယ်။

အဲဒီဘုံမှာ မင်းမိန်းမနဲ့ ပြိတ္တာ ပြိတ္တာတွေကို မင်းတွေ့ခဲ့တာကလား။

ဒါကြောင့် သူ့အတွက် ရည်စူးပြီး အလှူလှူပြီး အမျှဝေပါလို့ မှာလိုက်တာပေ့။ သူ တကယ်သေသွားလို့ မင်းနောက် ပြန်မလိုက်နိုင်တာပေါ့ကွယ်၊ ကဲ...ဒါ ပြောပြတော့ မင်းမိန်းမ သေသွားတာ ယုံပြီလား'

'မှန်ပါ့...တပည့်တော် ယုံပါပြီ ဘုရား'

'အေး...အေး...မင်းမှာလဲ ဘဝမေးကံက မကောင်းရှာဘူး၊ အဲဒီ အတိတ်ဘဝက အကြောင်းတွေကြောင့်ပဲကွယ့်။ မင်းတို့တွေ အပူတပြင်း ရှာနေကြတဲ့ ပစ္စည်းဥစ္စာတွေဟာ ဒီဘဝမှာ အရင်းရရုံပဲ၊ အမြတ်ရအောင် ယူနိုင်ကြပါမှ တော်ကာကျမယ်။

ကိုယ်လျှောက်ရမယ့် သံသရာခရီးက ဘယ်လောက် သွားရမလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူး၊ အဲဒီခရီးမှာ အဓိက လိုအပ်တဲ့ ဒါနထုပ်၊ သီလထုပ်၊ ဘာဝနာထုပ်တွေ များများထုပ်နိုင်မှ တန်ရာကျမယ်။

အဲဒီကမှတစ်ဆင့် ဝိပဿနာတရားတွေလဲ ကြိုးစားအားထုတ်ကြကွယ့်။ တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ တစ်ခုတည်းသော ပန်းတိုင်ဟာ နိဗ္ဗာန်ပဲ။ နိဗ္ဗာန်မရသေးသမျှ သံသရာမှာ လည်နေကြမှာပဲ။

ခုလို လူဖြစ်ကြတုန်း အချိန်လေးမှာ လူဖြစ်မရှုံးရအောင် ကြိုးစားကြရမယ်။

မောင်နု မင်းမှာလဲ ခင်တွယ်စရာ သံယောဇဉ်လဲ မရှိတော့ဘူး။ မင်းဘဝ ဘဝကူးကောင်းအောင် သာသနာ့ဘောင်မှာ ပျော်သရွေ့ ရဟန်းဝတ်၊ မင်းမှာရှိတဲ့ ငွေတွေလဲ အလှူဒါနလုပ်၊ မြရင်နဲ့တကွ ဝေနေယျသတ္တဝါတွေကို အမျှဝေပါကွယ်'

'မှန်ပါ့ ဘုရား။ ဆရာတော် အမိန့်ရှိတဲ့အတိုင်း တပည့်တော် လုပ်ပါ့မယ်ဘုရား'

သို့ဖြင့် ကိုနုမှာ ရှိသမျှ ငွေစကလေးများ လှူဒါန်းကာ အမျှဝေပြီး ရဟန်းဝတ်လိုက်၏။

ဒါပေမယ့် စာမတတ်သော ကိုနုတစ်ယောက် ရဟန်းကျင့်ဝတ်နှင့် ညီအောင် မနေနိုင်၍ ကုသိုလ်မရ ငရဲရမည်ကို စိုးသဖြင့် ဆရာတော်ကြီးက လူထွက်ခိုင်းကာ ကျောင်းတွင် ကပ္ပိယကြီး လုပ်စေပြီး ကျောင်းခြံတွင်း အမှိုက်များ၊ မြက်ပင်၊ ပေါင်းပင်များ ရှင်းလင်းစေ၍ နေ့စဉ် ကာယဝေယျာဝစ္စ သေနာသနဝတ်ပြုကာ ကုသိုလ်ယူစေ၏။

ပုတီးစိပ် ဝိပဿနာတရားများလည်း ရှုမှတ်လာခဲ့ရာ ကိုနုမှသည် ဦးနုဘဝသို့ပင် ရောက်ကာ အသက် (၇၀)ကျော် သူ့ဘဝ နေညိုချိန်ပင် ရောက်ရှိနေပြီ။

ဘဝကံ မကောင်းသော ဦးနု အတွေ့ကောင်းခဲ့သည်။ အေးမြလှသည့် ဗုဒ္ဓအရိပ်အောက်မှာ ဝိပဿနာတရားများ ကြိုးစားအား ထုတ်၍ သံဃာတော် အရှင်မြတ်တို့ အဆုံးအမကို ခံယူကာ ဦးနုတစ်ယောက် ဘဝအကူးတွင် အရေး တွေ ရရှိမည်မှာ မလွဲတော့ပါ။

**သူရိန်မြင့်(လယ်တောသာ)**





မြလေးမြ
(သာစည်)

# ကျုတ်ရွာကို

[၁]

၂၀၀၅ ခုနှစ်၊ ဖွန်လထုတ် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း (စာ-၂၈၉)ရှိ **"ကျုတ်ရွာမှ ဆေးဆရာ လာပင့် သည့်" ဖြစ်ရပ်ဆန်း"** ဟူသော ဆောင်းပါးတစ်ပုဒ်ကို ဖတ်မိလိုက် ရာမှာတော့ **ဆရာဦးသန်းစိုး (ရောင်းနက်)**ကို ကျေးဇူးတင်မိ လို့မှ "ဩော်...ငါသိရှိထားခဲ့တဲ့ ဖြစ်ရပ်ကလေးကို ရေးရရင်လဲ ကောင်းမှာပဲ"ဟု ခံယူပြီး ရေးသား လိုက်ပါသည်။

[၂]

၁၃၁၂ **ခုနှစ်** ဟေမန္တရာသီ နတ်တော်လပြည့်ကျော် (၉)ရက် နေ့က ဖြစ်သည်။ **မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်း မြို့နယ်၊**



နှတ်ရွာမှတ်စဉ်က

**တောင်ရိုးတဲရွာ** တောင်သူကြီး ဦးကျော်+ဒေါ်ပုတိုတို့၏ ရှင်ပြုနားသ အလှူတော်မင်္ဂလာအတွက် ရပ်နီး ရပ်ဝေးမှ ပရိသတ်တို့အား ဖိတ်ကြားခဲ့သည်တွင် အညာသူ အညာသားတို့၏ ဓလေ့အတိုင်း ရိုးရာ အစားအစာ (အလှူဟင်း)တစ်မျိုးသည် မရိုးနိုင်သော "မံသ"(ခေါ်) "အမဲသားဟင်း"ဖြစ်ပါသည်။

ထိုတွင်မက သရက်ချဉ်တစ်မျိုး နှင့်အတူ ဟင်းချိုတစ်ခွက်မှ ငါးပိချက်တို့သည်လည်း တွဲဖက်ညီ အစားအစာ (ဟင်းလျာ)တစ်မျိုး ဖြစ်ပါသည်။

သို့ဖြစ် အလှူဒကာ ဦးကျော်၊ အလှူအမ ဒေါ်ပုတိုတို့၏ အလှူတွင် အမဲသားဟင်း၊ ဟင်းချို၊ သရက်ချဉ်၊ ငါးပိချက် ဟင်းလျာ(၄)မျိုးဖြင့် တရားနာပရိသတ်နှင့်အတူ အယုတ် အလတ် အမြတ်မရွေး ကျွေးမွေး ဧည့်ခံရာ၌ ညအချိန် (၇း၀၀)နာရီမှ (၁၂း၀၀)နာရီထိ ဖြစ်သည်။

ထိုစဉ်က ပုပ္ပါး[illegible] (ပုပ္ပါး အရှေ့ဟု [illegible])တွင် နာမည်

www.burmeseclassic.com



ကြီး ''ဆိုင်းဆရာ''မှာ ''စိန်မောင်တင့်''ဖြစ်သဖြင့် ဆိုင်းနားထောင် (အားပေးပရိသတ်)တို့သည် များစွာ ရှိခဲ့ကြသည်တွင် (၃,၄,၅)မိုင်ကွာရှိ ကျေးရွာများဖြစ်သော **''သစ်တိန်းရွာ''**မှအစ **''ဆင်ကျုံးရွာ''**၊ **''မြင်သာရွာ''**၊ **''သပြေကိုင်း၊ တောင်,မြောက်ရွာ''**တို့မှလည်း ပွဲကြည့်ပရိသတ်တို့ ပြည့်နှက်ခဲ့ကြပါသည်။

''စိန်မောင်တင့်'' ဆိုင်းဆရာကြီးသည် ထိုစဉ်က အထက်အညာဒေသ ''မိတ္ထီလာခရိုင်မှ မြင်းခြံခရိုင်'' အတွင်းထိ နာမည်ကြီး ဆိုင်းဆရာကြီး ဖြစ်သည်။ (၂)လ ကြိုတင်စရန်ရိုက်ထားပါမှ သူ၏ဆိုင်းကို ရသည်။ ''စိန်ဘမောင်''ကဲ့သို့ နာမည်ကြီး၏။

**''အပျိုငြိမ်းငြိမ်း ရွှေသစ်တိန်း''** ဟူသော စာဆိုနှင့်အညီ တောင်ရိုးတဲ ရွာတောင်ဘက် (၅)မိုင်ကျော်မျှဝေးကွာသော သစ်တိန်းရွာကြီးမှ ဦးလုဒင် ဆိုသော ဆိုင်းဝါသနာရှင်ကြီးနှင့်အတူ သူ၏ မိတ်ဆွေကြီး ဦးမြင့်၊ ဦးချစ်စရာ(ကွယ်လွန်)တို့သည်ပင် တောင်ရိုးတဲရွာ ဦးကျော်+ဒေါ်ပုတိုတို့၏ အလှူမှ ဖိတ်ကြားထားသလို ညအချိန် ဆိုင်း နားထောင် (နားသောတဆင်)ခဲ့ကြပါသည်။ (နေ့လယ်တွင် တရားနာကြသည်။)

ပင့်သံဃာ (၁၅)ပါးတို့တွင် ''သစ်တိန်းကျောင်း ဆရာတော် ဦးသုစိတ္တ''(ယခု ပျံလွန်တော်မူ) အပါအဝင် တောင်ရိုးတဲရွာရှိ ကျောင်းမှ သံဃာကုန် ပင့်ထားသည်။

ဘုန်းကြီးလှူရန်မှာ ထိုစဉ်က ''ရွှေလိပ်ပြာသက်န်း'' သင်းပိုင်တစ်ထည်ဖြစ်သည်။ ရွာနီးချုပ်စပ်ဖြစ်သော မြင်သာရွာကျောင်း ဆရာတော် ဦးတေဇ၊ ဇွေးညိုဝင်းကျောင်း ဆရာတော် ဦးဝိမလနှင့် သပြေကိုင်း တောင် ကျောင်းဆရာတော် ဦးခေမိန္ဒမှအစ အခြားသော ဆရာတော်ကြီးတို့မှာ လှည်း (ဘုန်းကြီးစီးလှည်းဟု သီးသန့်ထား)တို့ဖြင့် အလှူတရားဟော ရေစက်ချ အပြီး၌ အသီးသီး မိမိတို့ ကျောင်းများသို့ ပြန်သွားကြပါသည်။

တောင်ရိုးတဲဟူသော စာဆိုနှင့်အညီ တောတောင်ကြီးတို့ အလယ်တွင် တည်ရှိသဖြင့် တောင်ရိုးတဲရွာဟု မှည့်ခေါ်ထားပါ၏။ ပုပ္ပါးတောင်ကြီး၏ အရှေ့ဘက်(၂၅)မိုင်ကျော်ဝေးကွာသည်။

ပဲ,ပြောင်း,နှမ်း,ဝါတို့ စိုက်ပျိုးကြသည်။ အထူးသဖြင့် ''မိုင်းငင်ချည်သေ''အလုပ်တို့နှင့် ကျွဲ,နွား,ဆိတ်, သိုး,ဝက်,ကြက်တို့ကို မွေးတ[...] မွေးမြူကြပါသ[...] ဆန်အတွက် အခက်အ[...] ရှိသည်။ မြို့ပြသို့သွ[...] ဝယ်ယူစားသောက်ရ[...] ထိုနှစ်များက မိုး[...] သောက် လယ်[...] သာရှိသဖြင့် ဝမ်းစာ[...] မလုံလောက်သေးသ[...] အညာဒေသမြင်ကွင်း အတိ[...] နှစ်(၅၅)နှစ်ကာလ သမယပင် [...] တော့သည်။ (ယခုအခါ သာယာ[...] စိုပြည်လျက် ရှိသည်။)

အခြားသော ရွာများမှ [...] သံဃာတို့မှာ **လှည်း**(ဘုန်းကြီးလှ[...] သီးသန့်ထားရှိ)တို့နှင့် ပြန်[...] သွားသော်လည်း **''လယ်တီတဲကျ[...] ဆရာတော်ဦးသုန္ဒြ''**နှင့် ကျော[...] သား မောင်ဖိုးသစ်တို့သည် ထို[...] က မိမိရွာတွင် အလုပ်တွေများ[...] သဖြင့် လှည်းသမား အခက်[...] ရှိသောကြောင့် (၅)မိုင် ကျော်[...] ဝေးသည့်''တောင်ရိုးတဲရွာ'' အ[...] သို့ ခြေကျင်ခရီး လာ(ကြွ)ရောက်[...] ကြသည်။

ထိုမှ ညနေ(၃း၃၀)နာရီ အ[...] တရားပွဲမှ တရားပွဲသိမ်းချိန် (၄း[...]) နာရီတွင် **ပင့်သံဃာ**တို့ သိတင်[...] သည့် တောင်ရိုးတဲကျောင်း[...] (၁း၀၀)နာရီမျှ ခေတ္တနား[...] တောင်ဘက်စူးစူး (၅)မိုင်ကျော်[...] ကွာသည့် လယ်တီတဲကျ[...] ကျောင်းသို့ တောတောင် အ[...] ထပ်နှင့် ခင်တန်း လျှိုမြောင်[...] ဖြတ်သလို **''ဒဟတ်တော''**၊ **''သမုန်းတော''**၊ **ထန်းတော''** တို့ကို ကွဲ့ပတ်၍ မိမိ၏ အရပ်ရှိရာ ပြန်ခဲ့ကြပါတော့သည်။ လမ်းခရီးက ကြမ်းသည်။ လျှိုမြောင်တွေကို ဖြတ်ရ၏။

ရှားဒေါက်ကတည်းက ''နွားရိုင်းမွှင်းမြို့'' (ညနေဆည်းဆာချိန်)ဖြစ်နေသည်။ မြောက်ပြန်လေက တိုက်ခတ်နေသလို တောပန်းရနံ့လေးများပင်းနေကြသည်က မြေမဟီအနံ့ ကျပ်ကူသံတို့ ရံဖန်ရံခါ ကြားနေရသည်က တောင်မောက်ကြီး တောင်အစွယ်ရှိ ထနောင်းပင် တောင်ကိုင်းဆီမှ ဖြစ်သည်။ ''တောမွှေးအ''များပင် ''အူ''ကြပါသည်။

တောလမ်းတွေက ကြမ်းသလို ခင်ကြင်းတောကို ဖြတ်အကျော်၌ ညနေမှောင်ရီပျိုးနေသည်။ ဆရာကပည့်တို့ ခရီးပန်းသဖြင့် ထနောင်းပင်တွင် ခဏနားခိုလိုက်သည်။

ချမ်းစိမ့်စိမ့် လေနှင့်အတူ နှင်းမြူတွေ အုံ့ဆိုင်းနေသည်။ နှင်းတွေ ဆက်မပြတ် ကျနေသလို ဆရာတော် ဦးသုန္ဒြသည်ပင် စိတ်တွေ မျောက်ချားသလိုနှင့် ဝေခွဲမရဖြစ်သည့်တွင် ကျောင်းသားလေး မောင်ဖိုးသစ်သည်လည်း လမ်းဘေးတွင် တဝါးဝါးသမ်းလျက် လိုက်ပါလာခဲ့၏။

မကြာမကြာ တဝါးဝါးသမ်းဝေလာခဲ့သော ဘုန်းကြီးကျောင်းသားလေး (၁၃)နှစ်ကျော်ကလေးမှ ညှိုးငယ်သော မျက်နှာလေးနှင့်...

'ဘုန်း...ဘုန်းကြီးဘုရ... တပည့်တော် အိပ်ငိုက်နေတယ်ဘုရား ရွာကလဲ အဝေးကြီးလိုသေးတယ်၊ တပည့်တော်တယ်လိုဖြစ်မှန်း မသိဘူး၊ ဟိုရှေ့ကဟာ ဘာရွာလဲ ဘုရား၊ တပည့်တော်တို့ လယ်တီတဲကုန်းက အဝေးကြီးလိုသေးလား ဘုရား'

လို့ လျှောက်ထားခိုက်မှာပင်...

'မောင်ကျောင်းသားရေ... ဘုန်းကြီးတောင် မျက်စိလည်သလိုပဲကွ။ ဟိုရှေ့က ရွာဟာ သပြေကိုင်းတောင်ရွာလို့ ထင်တာပဲ၊ လဆုတ်ရက်ဆိုတော့ မှောင်နေတာပေါ့ကွာ။ ဘုန်းကြီးလဲ လက်နှိပ်ဓာတ်မီးကလေး ကျောင်းမှာ မေ့ခဲ့သကွ။ အင်း... အခုမှ ဝကျသကိုး၊ ဖြည်းဖြည်းတော့ ကျောင်းရောက်မှာပေါ့ တပည့်ရာ...ဘုန်းဘုန်းရှိပါတယ်... အားမငယ်နဲ့ မောင်ကျောင်းသား... ရွာနဲ့တော့ နီး,နီး လာပါပြီ ငါ့တပည့်'

ပြော၍သာ ပြောရ... ဆရာတော်ပင် ကျောချမ်းလာသလို ရှိပေမယ့် သမာဓိတည်ကြည်စွာဖြင့် ညခရီးဆက်ခဲ့ကြပါသည်။

လမ်းခရီးကကြမ်း၊ ဓာတ်မီးကမပါ၊ တောတောင်လျှိုမြောင် စမ်းတွေနှင့် လမ်းခရီးပေမို့ အချိန်တွေကြာခဲ့သည်။ ညလယ်ခရီးသို့ပင် ရောက်သွားခဲ့ကြ၏။ တော[...]ကြက်[...]တို့ တွန်သံကြားရသည့် ဆောင်[...] တစ်ညပါပေ၊

[၃]

လဆုတ်ည (၉း၄၅)နာရီအချိန်ခန့်တွင် မီးရောင်တွေ ထိန်လင်းနေသည့် ရွာကိုရောက်တော့ နွားတွန်သံ၊ နွားခြူသံတို့ အပါအဝင် တောစရိုက်မြင်ကွင်းကို ရင်တွင်း မကြည်မသာ မပီမပြင် တွေ့မြင်လိုက်ရသည်။

မျက်နှာစိမ်း အမျိုးသားကြီး (အညာဖျင်ကြမ်း ခေါင်းပေါင်း)နှင့် တစ်ဦးမှအစ ရွာသားတို့ကို တွေ့မြင်လိုက်ရသလို ခွေးအူသံ,ကလေးငိုသံတို့နှင့်အတူ ကလေးအမေတို့နှင့် ဆယ်ကျော်သက် အပျိုအရွယ်ကလေးတို့ကိုလည်း တွေ့မြင်ခဲ့ရသည်။

ရွာလယ်လမ်းမ (မည်သည့်ရွာဟု မဝေခွဲတတ်)ပေါ်သို့ အရောက် ဘုန်းကြီးလှူရန် ဝတ္ထုပစ္စည်း၊ အုန်းသီး တစ်လုံးအပါအဝင် ရွှေလိပ်ပြာသက်န်း (သင်းပိုင်)တစ်ထည်တို့ကို ပွေ့ပိုက်လာခဲ့သည့် ကျောင်းသားလေး မောင်ဖိုးသစ်ကို မြင်လိုက်ရ









www.burmeseclassic.com

www.burmeseclassic.com

သလို ဆရာတော် ဦးသုန္ဒြအနားသို့ အသက်(၆၅)နှစ်ခန့်ရှိ အညာဖျင် ခေါင်းပေါင်း (တဘက်)ကို ခေါင်းတွင်ပတ်လျက် ယောက်ျားကြီး တစ်ယောက်နှင့် အသက်(၅၅)နှစ်ခန့်ရှိ အညာသူမိန်းမကြီး လင်စုံမယားဖက် နှစ်ဦးတို့မှာ...

'ဘုန်းကြီးဘုရား... တပည့်တော်တို့အိမ်မှာ ဒီတစ်ည အိပ်(ကျိန်း)သွားပါဘုရား ဖျာလည်း ဖျာလ်နေပါပြီ၊ ခရီးကလဲ ဝေးပါသေးတယ်၊ ကော်ဇောနဲ့ မွေ့ရာတွေလဲ အသင့်ရှိပါတယ်၊ လိုအပ်တာ အသိန့်ရှိပါဘုရား'

ဤကဲ့သို့ ဆရာတော်အား ပြောကြား(လျှောက်ထား)လို ဘုန်းကြီးနှင့် ကျောင်းသားလေး မောင်ဖိုးသစ်တို့အား ယင်းတို့၏ အိမ်ကြီး ရခိုင်ဆီသို့ ပင့်ဆောင်သွားခဲ့ပါသည်။

နောက်က လိုက်ပါမိသော ဘုန်းတော်ကြီး ဦးသုန္ဒြနှင့် ကျောင်းသားလေး မောင်ဖိုးသစ်တို့သည် အိမ်ကြီး ရခိုင်ပေါ်မှ ခုတင်ပေါ်တွင် ခေါင်းအုံးမှအစ ကော်ဇော,မွေ့ရာတွင်ပေါ် အညာစောင် (၂)ထည်နှင့်အတူ ကျောင်းသားလေး မောင်ဖိုးသစ်တို့လည်း အိမ်ကြီးပေါ်ရှိ ကြမ်းပြင်မှ နီးကြောဖျာခင်းလျက် အညာစောင်(၂)ထည်၊ ခေါင်းအုံး(၁)လုံးတို့ကို ချပေးပြီး ထိုနေ့ညကို အိပ်စက်စေလိုက်ပါသည်။

ဤကဲ့သို့ အိမ်ကြီးရခိုင်ပေါ်ထိ အိပ်(ကျိန်း)နေရသည့်တိုင် မည်သည့်ရွာ ရောက်နေမှန်း မသိသလို မျက်စိလည် လမ်းမှား စမ်းတဝါးဝါးနှင့် ရှိခဲ့ရသူ ဆရာတော်ဦးသုန္ဒြသည် ကြုံရသည့် တစ်ညတာကို အစဘာမှ ရှာမရသလို ဖြစ်ခဲ့ပြီး အိပ်ပျော်သွားခဲ့သည်။

ကျောင်းသားလေးမှာ ကြမ်းပြင်ပေါ်က နီးကြောဖျာတွင် ကွေးကွေးလေး အိပ်လို့ပေါ့။

နံနက်(၄)နာရီ (အုန်းမောင်းခေါက်ချိန်) အိပ်ရာမှနိုးလာသည့် ဘုန်းကြီး (ဆရာတော်)ဦးသုန္ဒြ၏ ကြုံရသည့် တစ်ညတာမှာ လမသာ မှောင်ရီပျိုးမှ လာခဲ့သည့် လမ်းခရီး အိပ်စက်ညသည် ဝါးရုံးပင် ကိုင်းညွတ်နေသည့် ဝါးရုံကိုင်းများပေါ်တွင် အိပ်စက်(ကျိန်း)နေပြီး တပည့်လေး မောင်ဖိုးသစ်အား ဝါးရုံပင်အောက်က ကျောက်ပြားကြီး တစ်ချပ်ပေါ်တွင် အိပ်စက်ရာမှ ချမ်းချမ်းစီးစီး နိုက်နိုက်တုန်လျက်မှ နိုးလာခဲ့ပါသည်။

ဘုန်းကြီး(ဆရာတော်)မှာ ညလယ်ပိုင်းက တွေ့မြင်ရပါသော ရွာအခြေအနေကို မီးရောင်တွေ ဖြိုးလက်နေသလို၊ မွေးကြိုင်သင်းပျံ့၍ တောစံပယ်နံ့တွေလှိုင်ခဲ့သမို့ လူတို့နေထိုင်ရာ ရွာဟု မထင် စိတ်ဘဝင်ထဲကပင် နတ်ရွာအလားသို့ပင် ထင်မှတ်ခဲ့ပါသေးသည်။

သို့သော် ကျတ်ရွာမှာ ရောင်လံတောင်ကြီးနှင့် ဓားသွေးကျောက်ရေအိုင်ကြားရှိ ဒဟတ်တောကြီး အလယ်မှ ကျတ်ကုန်းဆိုသော ဖုန်းဆိုးမြေ (တောရိုင်းမြေများ) ကွင်းပင်ကြီးတည်း။

ဤ ဖုန်းဆိုးမြေ(တောရိုင်းမြေ) များသည် "**သစ်တိန်းရွာကြီး**"၏ မြောက်ဘက် (၄၅)မိုင်ကွာတွင် ရှိပါသည်။ ယခုအခါ တောတမာတို့နှင့်အတူ အင်ကြင်းတောတို့ ဖြစ်တ... လျက် ရှိသလို နှစ်ပေါင်းများစွာ... ကျောက်ဖြစ်ရုပ်ကြွင်း အင်ကြ... ကျောက်တို့ကိုပါ တွေ့ရှိနိုင်ပါသေ... သည်။

**[ ၄ ]**

တစ်ခါက အထက်ပါ အကြော... လေးတွေကို တစ်ဆင့် ပြန်လ... ဖောက်သည်ချခဲ့သူ ဦးပဥ္စင်း... (ခေါ်) ဆရာတော်ဦးသုန္ဒြသည်... ယခုအခါမှာဖြင့် ပျံလွန်တော်မူခဲ့...

ထိုစဉ်က စာရေး၏ အသ... သည် (၁၀)နှစ်သား ဝန်းကျင်သ... ဖြစ်ပါသည်။ လူမှန်းသိတတ်... အရွယ်ပါပဲ။ နားထောင်ကော... သည့်အရွယ်ပါ။

ဒီအကြောင်းကလေးကို ရေး... ခဲ့တာ ကြာခဲ့ပါပြီကောလာ... "ဒဏ္ဍာရီဆန်တယ်၊ ပုံပြင်ဆ... တယ်"ပဲ ပြောကြပါစေ၊ ကျွ... ကြားသိခဲ့တာ နားရှိ၍ ဖြစ်ပေ... မှားသည့် အခြင်းအရာမဟု... အတိတ်ဇာတ်ကြောင်း ဟုတ်မှ... ခြင်းများပေမို့လည်း "**ကျတ်ရွာ... နတ်ရွာမှတ်စဉ်က**"ဟူ၍သော ... ဝတ္ထုအကြောင်းကလေးကို ... ပေး၍ ရေးလိုက်မိပါတော့သတည်း...

**(ကျောက်ပန်းတောင်း ... နယ်၊ သစ်တိန်းရွာမှ ငယ်ပေါ... ကြီးဖော်များသို့ အမှတ်တရ... နှင့်အတူ တောင်ရိုးတဲရွာ... အမှတ်တရ...)**

*စမ်းရေလိုအေးမြ၍ ပန်း... မွှေးကြပါစေ။*

မြလေးဖြူ(သာစည်)





ဝဇီ (စက်မှုတက္ကသိုလ်)

# ယောဆရာကြီး

[ ၁ ]

ယောနယ်၊ ယောမြို့ဆိုတာက ချင်းပြည်နယ်နဲ့ ပခုက္ကူမြို့ကြားက အစဉ်အလာရှိတဲ့ နေရာဒေသ တစ်ခုပေါ့။

မြန်မာ့ရိုးရာ အဝတ်အထည် ယောလုံချည် ပင်နီဆိုတာတွေက အဲဒီရဲ့ ထွက်ကုန်တွေပါ။

ပခုက္ကူက စကားပြောတာ သေတ်နဲ့,နသတ် အသံမကွဲဘူး။ ယောသူယောသားများက မြန်မာ သတ်ပုံအတိုင်း အသံထွက် ပီပြင်ကြတယ်။

သူတို့က ရိုးရာဆေးပညာ ကျွမ်းကျင်ကြတယ်။ ရှေးတုန်းကဆိုရင် ယောဆရာကြီးတွေက နာမည်ရှိတယ်။ အရှိန်အဝါကြီးတယ်။ လူတွေ လေးစားခန့်ညားရတယ်။

လောကီပညာ တတ်လွန်းလို့ စုန်းအကတ်၊ အောက်လမ်းအတတ်တွေ ကျွမ်းကျင်တယ်လို့တောင် စွပ်စွဲကြရတယ်။

[ ၂ ]

ကျွန်တော်တို့ ဒေသအခေါ် "ဝရိုး"ကို "အရိုး"ခေါ်ကြတယ်။ အရိုးမှ အရိုးကြီး,အရိုးလေး ခွဲပြန်တယ်။

ကျွန်တော့်မှာက အဖေ့အစ်မရဲ့ ခင်ပွန်း အရိုးကြီး ဦးကရင်ဆိုတာ ရှိပါတယ်။ သူက ပါဠိစာတတ်တယ်။ မှတ်ဉာဏ်ကောင်းတယ်။ စာတို စာရှည်တွေကို လေ့လာမှတ်သားတယ်။

ဉာဏ်ကောင်းတဲ့အတွက် ဇာတ်ပွဲတွေက ဇာတ်မင်းသား၊ ဇာတ်မင်းသမီးတွေ ဇာတ်လမ်းအရဆိုရင် ငိုရင် ပြောရင် သူက တစ်ခါ နားထောင်ပြီးရင် အလွတ် ပြန်ရွတ်နိုင်တဲ့ မှတ်ဉာဏ်ရှိတယ်။

ဆိုချင်တာက သူ ဉာဏ်ကောင်းသလောက် လေ့လာစူးစမ်းတဲ့ ဝါသနာ ပါ,ပါတယ်။

[ ၃ ]

ဒါကြောင့်ပဲ ထင်ပါရဲ့။

သူ့အိမ်မှာ အလည်လာတဲ့ ယောဆရာကြီးတစ်ယောက်ကို ကျွေးမွေးညှင့်ခံပြီး ကွမ်းယာစားကြရင်းကမှ လောကီပညာ တတ်ကျွမ်းကြတယ် ဆိုတာနဲ့ ပတ်သက်လို့ မေးမြန်းစူးစမ်းတော့တယ်။

ယောဆရာကြီးက ဘာမှ မပြောဘူး။

ကွမ်း,ယာ [illegible] အရိုးကြီးကို [illegible]

ပြီးတော့ [illegible] ပြန်တယ်။

အရိုးကြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ်

# နွားတရားစီရင်ခန်း

ဂွင်းလေး (ဥပဒေ)

၁၉၉၇ ခုနှစ် ခန့်လောက်တွင် ဟသာ်တခရိုင် ရဲစခန်းတစ်ခုတွင် စခန်းမှူးတာဝန် ဆောင်ရွက်စဉ် နွားများ ပျောက်ဆုံးခဲ့သည့်အမှုများမှ သက်သေခံပစ္စည်း နွားများနှင့် တရားခံများကို လိုက်လံဖမ်းဆီး ဆောင်ရွက်ခဲ့သည်။

တရားခံများနှင့် သက်သေခံပစ္စည်းများ ဖမ်းဆီးရမိပြီး တရားခံများ၏ ဝန်ခံချက်အရ ပျောက်ဆုံးနွားများကို ပြန်လည်သိမ်းဆည်းရမိစဉ် အင်ပင်ရဲစခန်းအပိုင်မှ ပျောက်ဆုံးနွားတစ်ကောင်အား သိမ်းဆည်းရမိခဲ့ပါသည်။

ပိုင်ရှင်ဖော်ထုတ်ရန် အမှုရေးဖွင့် ဆောင်ရွက်ရန်အတွက် အင်ပင်ရဲစခန်းမှူးထံ နွားပုံသဏ္ဌာန်အား ပို့ပေးပြီး ပိုင်ရှင်စုံစမ်းနိုင်ခဲ့ရာ ပိုင်ရှင်(၂)ဦး ပေါ်လာခဲ့ပါသည်။

ပိုင်ရှင်(၂)ဦးပေါ်လာခဲ့ပြီး နွားပုံသဏ္ဌာန်အား စစ်ဆေးမေးမြန်းရာ· နွားပုံသဏ္ဌာန်အား ပိုင်ရှင်(၂)ဦးစလုံးမှ နွားတွင် ပါဝင်သည့် ဦးချို့,ကြာ,အရောင်, ဒေါက်,မြီးဆံ, သွား,အသက်တို့အား မေးမြန်းခဲ့ရာ (၂)ဦးစလုံး တူညီစွာ ပြောနိုင်ခဲ့ပါသည်။

ကျွန်တော် အံ့သြသွားပါသည်။ ဘယ်လို လုပ်ကိုင်ရမည်ကို စဉ်းစားရပါတော့သည်။ အချိန်ကမရ၍ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆုံးဖြတ်ရမည်ဖြစ်ရာ ရှေးခေတ် ဘုရားအလော င်း မဟောသဓာ ဇာတ်တော် ''နွားတရားစီရင်မှု''၌ နွားအား ဝမ်းနုတ်ဆေး တိုက်ပြီး နွားစာမြက်ပ များကို ဘုရားအလောင်း မဟောသဓာ ဖော်ထုတ်ခဲ့ပုံကို ငယ်စဉ်က ဖတ်လည်း ဖတ်ဖူးပါသည်။ ကြားလည်း ကြားဖူးပါသည်။ သင်လည်း သင်ခဲ့ဖူးပါသည်။

မဟောသဓာ ဇာတ်တော်တွင် ပါဝင်သော နွားတရား စီရင်ခန်းမှာလည်း ဇာတ်တော်လာ ဆောင်ရွက်ရသော အခြေအနေ ဖြစ်ပါသည်။

ယခု စစ်ဆေးရသော နွားတစ်ကောင်နှင့် ပိုင်ရှင် နှစ်ယောက် အမှုမှာ ဝမ်းနုတ်ဆေးတိုက်၍ သက်သေ ပစ္စည်းရှာရန် မလွယ်ကူတော့ပါ။

နွားအား ခိုးသွားသူများ၏ ဝန်ခံချက်အရ နွားခိုး လာခဲ့သည်မှာ လွန်ခဲ့သော (၁)နှစ်နီးပါးခန့် ရှိ ကြောင်း အစစ်ခံချက်အရ သိရ၍ စဉ်းစားတွေးတောနေမိပါသည်။

နွားပိုင်ရှင် မှားပြီးပေးပါက တိုင်ခံရပြီး ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူခံရမည် ဖြစ်ပါသည်။

ရဲတပ်ဖွဲ့ဝင် အရည်အချင်းစံငါးရပ် ရှိသည့်အနက် အချက်နံပါတ်ငါးသည် ''ရဲတပ်ဖွဲ့ဝင်တိုင်းသည် ဇွဲရှည်ပြည့်ဝရန် လိုအပ်သည်''ဟု ဆိုထားပါသည်။ နွားခိုးလာသောသူများအား **''မင်းတို့ ဘယ်နေရာက ခိုးလာခဲ့တာလဲ''**ဟု မေးရာ နွားစားကျက်ထဲတွင် တွေ့၍ ခိုးလာခဲ့ကြောင်း ထပ်မံ ထွက်ဆိုထားပါသည်။

နွားတစ်ကောင်နှင့် ပိုင်ရှင်(၂)ယောက် ပေါ်ပေါက်မှုတွင် တစ်ဦးကတော့ လိမ်သူဖြစ်ပြီး တစ်ဦးကတော့ မှန်ကန်သူ ဖြစ်ပါလိမ့်မည်။ နွားအား မှားပေးမိပါက ပိုင်ရှင်အစစ်အမှန် များစွာနစ်နာပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပုံရိပ်ကိုလည်း ထိခိုက်နိုင်ပါသည်။

ထို့နောက် နွားပိုင်ရှင်နှစ်ဦး၏ လိပ်စာကိုပါ ယူရာ တစ်ဦး၏ အမည်မှာ မောင်မြင့် (ဘ)ဦးတင်မြင့် အသက် (၃၅)နှစ်၊ အင်ပင်ရဲစခန်း၊ စမ်းကြီးရွာဖြစ်ပြီး... နောက်တစ်ဦးမှာ ဦးတင်အောင် (ဘ)ဦးခင်လှ အသက်(၃၇)နှစ် ညောင်ခြေထောက်ကျေးရွာတို့ ဖြစ်ပါသည်။

နွားပိုင်ရှင်(၂)ဦး၏ ကျေးရွာများအား ခန့်မှန်းကြည့်ရာ စမ်းကြီးကျေးရွာသည် မြေပြန့်ဖြစ်ပြီး ညောင်ခြေထောက်ကျေးရွာသည် ကုန်းမြင့်ကျေးရွာ ဖြစ်နေပါသည်။

ကျွန်တော်မှာ နွားပိုင်ရှင်နှစ်ဦး မြေနေရာများကို မေးလာပြီး နောက်နေ့ နံနက်(၄)နာရီတွင် အဆုံးအဖြတ်ပေးရမည့်နေရာသို့ သွားရောက်ရန် အစီအမံ ရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။

နယ်ထိန်းခေါင်းဆောင် တပ်ကြပ်ကြီး ကျော်သန်းနှင့် အဖွဲ့အား နံနက်စောစောထ၍ နွားဆွဲသူနှင့် နွားအား ခေါ်သွားရန်နှင့် ပိုင်ရှင်နှစ်ဦး၊ သက်သေလူကြီး ခေါ်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး စောစောအိပ်ရာဝင်ခဲ့ရ ပါသည်။

(၂၄)နာရီ တာဝန်ထမ်းဆောင်ရသူများဖြစ်၍ အအိပ် အနေ နည်းပါးသူများဖြစ်ပြီး နောက်နေ့နံနက်တွင်



နွားပိုင်ရှင် မဆုံးအဖြတ်ပေးမည့်နေရာသို့ ကျန်ရှိသော နယ်ထိန်းတက နိုင်ငွေးကျော်အား ခေါ်ပြီး သွားရောက်ခဲ့ပါသည်။

နာရီဝက်ခန့် ဆိုင်ကယ်နှင့် လာခဲ့ရာ စမ်းကြီးကျေးရွာသို့ ရောက်ရှိပြီး လူစုံမစုံ စစ်ဆေးရာ နွားပိုင်ရှင်(၂)ဦး၊ သက်သေ(၂)ဦးတို့အား တွေ့ရှိရပါသည်။

ဤတွင် ခေတ်သစ် နွားတရားစီရင်မှုအား စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း စိတ်ထဲတွင် ဆုံးဖြတ်၍ စမ်းကြီးကျေးရွာ ရွာထိပ်မှ စတင်၍ လွှတ်လိုက်ရာ နွားထီးလေးသည် ရွာလမ်းမအတိုင်း မြက်များ စား၍ သွားခဲ့ပြီး နွားပိုင်ရှင်မောင်မြင့်၏ အိမ်ရှေ့အရောက်တွင် ခြံထဲသို့ ဝင်မည်ပြုလုပ်ပြီး မဝင်တော့ဘဲ ရှေ့ဆက်ပြီး လမ်းဘေးမြက်များစားကာ ရွာနောက်ပိုင်းသို့ ဆက်လက်သွားနေသည်။

သို့နှင့် တစ်ကြိမ်နှင့် မလုံလောက်၍ ထပ်မံ စမ်းသပ်ရန်အတွက် နွားထီးလေးအား ဆွဲယူပြီး ရွာထိပ်မှ ထပ်မံလွှတ်ခဲ့ရာ နွားလေးမှာ ယခင်အတိုင်းပင် မောင်မြင့် နေအိမ်သို့ မဝင်ဘဲ ရွာနောက်ပိုင်းသို့ သွားနေသည့်အတွက် မောင်မြင့်သည် နွားပိုင်ရှင် မဟုတ်တော့ဘဲ လိမ်သူဖြစ်ကြောင်း သုံးသပ်ရရှိခဲ့သည်။

မောင်မြင့်အနီးသို့ နယ်ထိန်းတစ်ယောက်အား တာဝန်ချထားခဲ့ပါသည်။ ဒုတိယနွားပိုင်ရှင်ဖြစ်သည့် မောင်တင်အောင် နေထိုင်သည့် ညောင်ခြေထောက် ကျေးရွာသို့ သက်သေလူကြီးများနှင့် ဆက်လက်ထွက်ခွာခဲ့ရာ ညောင်ခြေထောက်ကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ညောင်ခြေထောက်ကျေးရွာသည် ကုန်းမြင့်ပေါ်တွင် တည်ထားသော ရွာလေးဖြစ်၍ ကုန်းမြင့်အောက်ခြေမှ နွားအား သက်သေများရှေ့တွင် စတင် စေလွှတ်ခဲ့ရာ နွားထီးလေးသည် ကုန်းမြင့်အောက်ခြေမှ တစ်ဆင့်ပြီး တစ်ဆင့် တက်သွားပြီး ပထမဆုံး နွားတင်းကုပ်တွင် နွားစာများ စားနေသော မိခင်နွားမကြီးအား နှာမှုတ် အချက်ပေးပြီး ပွတ်သီးပွတ်သပ်လုပ်ကာ နွားစာခွက်ထဲမှ နွားစာများကို စားနေပါသည်။

ထိုအချိန်တွင် ခေတ်သစ် နွားတရားစီရင်မှုအား ဝိုင်းဝန်းကြည့်နေသော တစ်ရွာလုံးမှ ရွာသားအားလုံးသည် ဝမ်းသာလုံးဆို့၍ ငိုနေကြပါသည်။

ကျွန်တော်သည် ကိုယ့်နွားမဟုတ်ဘဲ နွားအား လိမ်လည်တောင်းခံသူ၊ ရဲတပ်ဖွဲ့အား လိမ်လည်သူ မောင်မြင့်အား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ခဲ့ပြီး ပိုင်ရှင်မောင်တင်အောင်အား ပျောက်ဆုံးနွား ပြန်ပေးခဲ့ပါသည်။

ကျွန်တော်နှင့် ဤအမှုတွင် အတွေ့အကြုံ အတွေး အခေါ် လေ့လာမှု လုပ်ငန်းအပေါ် အာရုံစိုက်နိုင်မှုတို့ကြောင့် နွားပိုင်ရှင် အစစ်အမှန် ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ခေတ်သစ် နွားတရားစီရင်မှု ပေါ်ပေါက်သည့် အဓိကအချက်မှာ **နွားများသည် မိမိစားသော နွားစာခွက်အား (၃)နှစ်တိုင်အောင် မမေ့နိုင်ဘဲ မိုးတွင်း အစားအစာ ရှားသောအချိန်တွင် ပို၍ သတိရကြောင်း** ရှေးပညာရှိများ၏ စကားအား မှတ်သားမိ၍ ခေတ်သစ် နွားတရားစီရင်မှုအား ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခု ဖြစ်ရပ်မှန် ရေးသားတင်ပြရခြင်းမှာ ရပ်ရွာ အေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသူများသည် စွမ်းရည်ပြည့်ဝစွာ ရှိနေအောင်နှင့် စွမ်းရည်သတ္တိ ရှိနေကြဖို့ လိုအပ်ကြောင်း ရေးသား တင်ပြအပ်ပါသည်။

ဝွင်းလေး(ဥပဒေ)

စာမျက်နှာ (၂၆၁)မှ အဆက်

ယာ ပါးစပ်ထဲ ထည့်ဝါးနေလိုက်တာပေါ့။ ခဏနေတော့သာ ယောဆရာကြီးက...။

'တွေး...တွေး'

ဆိုပြီး အဖိုးကြီးဝါးနေတဲ့ကွမ်းယာကို ထွေးခိုင်းတော့တယ်။ အဖိုးကြီးလဲ မြန်းဆို လန့်သွားပြီး ထွေးခံထဲ ကမျာကယာ ထွေးထည့်လိုက်တော့ **ကွမ်းယာ မဟုတ်တော့ဘူး။ သားရေလိပ်ကလေး ဖြစ်နေသတဲ့...။**

ဒါကို ယောသားကြီးက **မြေကြီးထဲ တူးမြှုပ်လိုက်စေသတဲ့...။**

[၄]

အဖိုးကြီးက စကားပြောရင် ပြုံးပြုံး ပြုံးပြုံးနဲ့။

အဲဒီ ကျွန်တော် ဆယ်နှစ်သားလောက်၊ အဖိုးကြီး ခြောက်ဆယ်ကျော်လောက်မှာ ကျွန်တော့်ကို ပြောပြခဲ့တာပါ။

ကျွန်တော် အသက်အစိတ်လောက် မကွေးမှာ တာဝန်နဲ့နေတော့ ခုနစ်ဆယ်ကျော်အဖိုးကြီးက မွေစက်တော်ဘုရားဖူး လာရင်း ကျွန်တော့်ဆီမှာ တည်းတယ်။

အဲဒီမှာ ခုန ယောသားကြီး အကြောင်း မြန်မြန်ပြောတာမှာ အရင်ပြောခဲ့တဲ့အတိုင်း သည်းခံမှု၊ ပြော ပြတယ်။

ဆိုချင်တာက အဖိုးကြီး မှတ်ဉာဏ်ကောင်းတာရယ်။ ဒီကိစ္စ တကယ် ဟုတ်လောက်တယ် ဆိုတာရယ်ပါ။

ဝမ်း (စက်မှုတက္ကသိုလ်)

နဂါးရောင်ခြည် မဂ္ဂဇင်းတိုက်သို့ ဆက်သွယ် နိုင်သော ဖုန်းနံပါတ်များ...

၀၉-၇၇၆၃၄၉၇၈၈

၀၉-၄၄၃၂၈၇၂၂၀



အိမ်တိုင်း

# ကြောင်ပန်းယင်ပိုက်သော ရွာ

(ကသာသင်းမြတ်)



(၁၈-၁၀-၂၀၁၇)ရက်နေ့က မိုး ...ကြီး နမ့်စမ်းရွာအနီး ဝေပေါင် ...တာရကျောင်းသို့ ရောက်ပါသည်။ ...တင်းကျွတ်လပြည့်ကျော် (၁၃) ...ဖြစ်သော်လည်း တန်ဆောင်မုန်း ...ဝန်း(၂)ရက်နေ့တွင် ကထိန်ခင်း ...မည်။

...စောစောလာထားရန် ဦးပဥ္စင်း ...နန္ဒက ခေါ်ထားသဖြင့် ရက်စောပြီး ရောက်ခြင်း ဖြစ်ပါသည်။

ဦးပဥ္စင်းဦးဇနိန္ဒ၏ တစ်ပါးတည်း နေကျောင်းတွင် ကျောင်းအောက်၌ ခုတင်ရှိ၍ အိပ်ရပါသည်။ ဦးဇနိန္ဒ (ခေါ်) လူအမည် ဦးစိုးအောင်က ပြောသည်မှာ...

'ဆရာကြီး လာမယ်ဆိုတာ သိလို့ ဒီတစ်ခါ ဘာပြောရမလဲဆိုတာ အတွေး မပေါ်ဘူး။ ညကမှ အတိုလေး ပြောသွားတဲ့အကြောင်းလေး သတိရလို့ သေသေချာချာ စဉ်းစားရင်း အတွေးတွေ ပေါ်လာတယ်'

ဟု စကားအစချီပါသည်။

'တင်ပါဘုရား... ပြောပါဘုရား အရှင်ဘုရားပြောတဲ့ ဝတ္ထုဖတ်လမ်း နဂါးရောင်ခြည်မဂ္ဂဇင်းတွေလဲ ပါနေတာပဲ'

'ကဲ...ကျုပ်ပြောပြမယ် ရိုးရိုးလေးနဲ့ နည်းရာလဲ ကောင်းတယ်၊ မှတ်သားစရာလဲ ကောင်းတယ်၊ အတိုလေး ငယ်ငယ်တုန်းက ကြုံခဲ့ရတာရယ်၊ ပြောပြတဲ့သူက အတိုအရှည် ဖြစ်တာရယ်...





www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့အသက်တွေတောင် (၆၀)ကျော် (၇၀)ရွယ် ရောက်နေပြီဆိုတော့ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ဖြစ်ပါလိမ့်မယ်'

ဟု ဦးပဥ္စင်းက အစချီပါသည်။

'တင်ပဲ့...ပြောပါဘုရား'

'ကျုပ်တို့ဒေသ အကြောင်းလဲ ဆရာကြီး သိပြီးပါပြီ၊ လယ်တွေ ရိတ်သိမ်းပြီးရင် အရပ်ဇာကာနယ် တကာထွက်ပြီး အလုပ်လုပ်ကြတယ်။ လယ်လုပ်ချိန် နယုန်–ဝါဆိုလရောက်မှ ရွာပြန်ရောက်ကြတယ်။

အဘိုးလေးတို့ ငါးယောက်က ယောနယ်ဘက်ကို နွားဝယ်သွားကြတယ်။ နွားဝယ်သွားတာဆိုတော့ နွားဖိုးငွေတွေလဲ ပါတာပေါ့။ ဒီတော့ ခပ်မိုက်မိုက်ကောင်တွေလဲ ပါတာပေါ့။

ဒီလိုနဲ့ တစ်ရွာဝင် တစ်ရွာထွက် နွားရှာကြရင်း ရွာတစ်ရွာကို ရောက်သွားတယ်။ ရွာထဲဝင်လိုက်တာနဲ့ ကြောင်ပန်းပင်နဲ့တွေ ထောင်းထောင်းထလို့ပေါ့။ ဘယ်အိမ်ကို ကြည့်ကြည့် အိမ်ဝိုင်းထဲမှာ ကြောင်ပန်းပင်ချုံတွေ ရှိတယ်။ ကြောင်ပန်းပင်အရွက်က ပင်စိမ်းပင်အရွက်ထက် နံတယ်'

ဟု ဦးပဥ္စင်းက ပြောပြီး ခဏရပ်လိုက်ပါသည်။

ကြောင်ပန်းပင်သည် ပင်စည်မတ်ပြီး ကြီးသော အပင်မျိုး မဟုတ်၊ ချုံပုတ်သဖွယ် ကြီးထွားခြင်း ဖြစ်သည်။ စာရေးသူ ငယ်စဉ်က ဖျားလျှင် အာခေါင်တွင် အဖုများပေါက်သည်။

ကြောင်ပန်းရွက်၊ ရွှေအပ် (သို့မဟုတ်) ကုလားအော်ရတ်သီးတို့ကို ညက်အောင်ထောင်းပြီး လက်ညှိုးတွင် လျှော်မျှင်ပတ်ကာ ထောင်းထားသည်တို့ကို သုတ်၍ အာခေါင်တွင်းသို့ ပွတ်ပါသည်။

အာခေါင်တွင် ပေါက်နေသော အဖုများ ပေါက်ပြီး စပ်လည်း စပ်သလို မျက်ရည်ပူများလည်း ထွက်လာပါသည်။ ထို့နောက် အဖျားလည်း ကျပါသည်။

တစ်ခါတစ်ရံ လက်ချောင်းထိပ်များ၊ ခြေချောင်းထိပ်များကို အပ်ချည်ဖြင့် စည်းပြီး သွေးဖောက်ထုတ်ပါသည်။

သွေးများသည် ရဲရဲ မနီ၊ အညိုရောင် သွေးပုပ်များ ထွက်ပါသည်။ သွေးပုပ်များ ထွက်သွားလျှင်လည်း အဖျားပျောက်ပါသည်။

ကြောင်ပန်းရွက်ကို ကလေးသူငယ်နာဆေး ဖော်ရာတွင်လည်း အသုံးပြုပါသည်။ လေးဖက်နာပျောက်ဆေးတွင်လည်း ထည့်သည်ဟု သိရပါသည်။ ဦးပဥ္စင်းက စကားခဏရပ်တုန်း စာရေးသူက အတွေးနယ်ချဲ့လိုက်ခြင်း ဖြစ်ပါသည်။

'အဲဒီရွာမှာ တစ်ည၊ နှစ်ညအိပ်ပြီးကြတော့ ရွာခံတွေနဲ့လဲ ရင်းနှီးလာကြပြီ၊ နေ့လယ် ထမင်းစားပြီး လက်ဖက်ရည်ကြမ်း သောက်ရင်း စကားပြောနေကြတဲ့ သူတွေထဲမှာ အိမ်ရှင်နဲ့ အမျိုးမကင်းတဲ့ အဘိုးကြီးတစ်ယောက်လဲ ပါတယ်။

ကျုပ်အဘိုးလေးက ဒီရွာမှာ အိမ်တိုင်းလိုလို ကြောင်ပန်းပင်တွေ စိုက်ကြတာကို ဘယ်ရွာမှာမှ မတွေ့ဘူးလို့ အကြောင်းထူးတစ်ခုတော့ ရှိမယ်ထင်ကြောင်းနဲ့ အဘိုးသိရင် ပြောပေးပါရန် တောင်းဆိုလိုက်သတဲ့။

စကားဝိုင်းမှာ ရောက်နေတဲ့ အဘိုးကြီးကလဲ အသက်(၇၀) ကျော်၊ (၈၀)လောက်ရှိပြီလို့ ပြောတယ်။ အဲဒီအဘိုးက သူငယ်ငယ်က သိခဲ့ရတဲ့အကြောင်းကို ဒီလို ပြောတယ်'

ဟု ဦးပဥ္စင်းက ပြောပြီး ရပ်လိုက်ပြန်ပါသည်။ စာရေးသူက နား ထောင်နေဆဲ။

'ကျုပ်တို့ရွာကို ခင်ဗျားတို့ရောက်တဲ့ ဒီနေ့ဆိုရင် နှစ်ရက်ရှိပြီ ဘာ သတိ... မိသလဲ၊ မိုးလင်းတာနဲ့ ဗုံသံတို... မောင်းဆိုင်းတီးသံတွေ ကြား... မဟုတ်လား၊ ဒီရွာမှာ ကလေး... စည်းဝါးလိုက်တတ်တယ်။

လပြည့်လကွယ် ရှစ်ရက်သီတင်း... နေ့တိုင်း ဘုန်းကြီးကျောင်းကို ဆိုင်း... ကျောင်းတက်သွားတယ်၊ လူ... ချမ်းကပ်ကြ၊ ဘုရားပန်းလဲကြ၊ ဥပုသ်စောင့်ကြပေါ့။

အလှူမင်္ဂလာရှိရင်လဲ ဆိုင်းတီးပြီး ပျော်မြူကြတယ်၊ အသုဘရှိရင် သေသူကို အိမ်အောက်မှာ ထားရတယ်၊ ပျဉ်ပုပ်လို့လဲ ခေါ်တယ်၊ ကနားဖျင်းလို့လဲ ခေါ်တယ်၊ အဲဒီထိုးပြီး အ...ယ်ကောင်မှာ အိပ်စင်နဲ့ ထားတယ်၊

ခေါင်းရင်းမှာ ဆွေမျိုးထဲက ရွာထဲက လူကြီးတွေက အိမ်ခြေရင်းဘက်မှာ၊ ငယ်သူတွေက အိမ်ဘေးတစ်ဖက်မှာ ဆိုင်းတီးပြီး ညှို့ခံတယ်၊

နေ့လဲ တီး၊ ညလဲ ဆယ်နာရီထိုးလောက်ထိ တီးကြတယ်၊ အသုဘအိမ်က ခုနှစ်ရက်ခုနစ်လီ ကျွေးမွေးညှို့ခံရတယ်၊ ဒါက ရွာ...ထုံးစံပဲ'

ဟု ပြောပြီး ခဏရပ်လိုက်ပြန်ပါသည်။

'ကျုပ်တို့ရွာမှာ မင်းသားဦးစိန်ရိုး (အမည်ပေးထားခြင်း)ဆိုတာ ရှိတယ်။ ဒီတစ်နယ်လုံးမှာတော့ လူတိုင်းကြိုက်တဲ့ မင်းသားပေါ့ဗျာ။ ...တ်အဖွဲ့လေးလဲ ထောင်ထားတယ်။ အတီးအမှုတ် အကအခုန် ...သနာကြီးတဲ့ ရွာပါပဲ။

ဦးစိန်ရိုးသေတော့ ရွာထုံးစံ...တိုင်း ညှို့ခံမှု ပြုရတာပေါ့။ ကျုပ်...တစ်နယ်လုံး အားကိုးရတဲ့ ...င်းသား သေတယ်ဆိုတော့လဲ ...မြူးစရာပေါ့။

မနက်ဖြန်လို သုသာန်ပို့မယ့်ည...မှာ မောင်းဆိုင်းနဲ့တီးပြီး ညှို့ခံတာ...ပေါ့။ မောင်းဆိုင်းတီးတဲ့လူက ဦးကံ...ကောင်း (အမည်ပေးထားခြင်း)ပေါ့။ ...ရွာမှာက မောင်းဆိုင်း၊ ပုံတီး၊



ခြောက်လုံးပတ် တီးတတ်သူ နဲ့မှုတ်တတ်သူတွေ တော်တော်များများ ရှိတယ်။

ဦးကံကောင်းက နောက်နောက်ရွှတ်ရွှတ်လဲ ပြောတတ်တယ်။ နောက်ဆုံးညဆိုတော့ တော်တော်လေး ညဥ့်နက်မှ တီးလို့မှုတ်လို့ ပြီးကြတယ်ပေါ့။

သိမ်းတဲ့အခါ ဦးကံကောင်းက...

'မင်းသားကြီး ကိုစိန်ရိုးရေ... ခင်ဗျားသာ ကမယ်ဆိုရင် ကျုပ် တစ်ညလုံး တီးပေးနိုင်ပါတယ်'

လို့ ပြောလိုက်သတဲ့။

ဟု ပြောပြီး ဦးပဥ္စင်းက ရပ်လိုက်ပြန်ပါသည်။

ထို့နောက် ဆက်၍...

'ဟိုတုန်းက လျှပ်စစ်မီးဆိုတာ မရှိသေးဘူး။ တောအရပ်ဆိုတော့ ဝေလာဝေးပေါ့။ အောက်လင်းမီးအိမ်တွေ အသုံးပြုကြရတယ်။ အောက်လင်းမီးအိမ်ကို ခုခေတ် လူငယ်တွေ သိကြမှာ မဟုတ်ဘူး။ ဆရာကြီးကော မှတ်မိသေးလား'

ဟု မေးရာ စာရေးသူက...

'မှတ်မိပါတယ် ငယ်ငယ်တုန်းက တောရွာဇာတ်ပွဲတွေမှာ ထွန်းတာ မြင်ခဲ့ရဖူးတယ်'

ဟု ပြန်ဖြေလိုက်ပါသည်။

'ဟုတ်တယ်... မီးအိမ်ကြီးကို လေထိုးရတယ်၊ ရေနံဆီအပြည့်ထည့်ရတယ်၊ မီးဇာပါ အိမ်ပါတယ်။ မီးဇာက ကြိုးပြား မဟုတ်ဘူး၊ ချည်ကို ရက်ထားတာ လေပေါင်ပြည့်အောင်ထိုးထားရင် ညဥ့်ဝက်လောက်ထိ ခံတယ်။

အပ်တိုင်ပါတယ်။ အပ်တိုင်ပေါက်က ရေနံဆီကို ဖျန်းပေးတော့ မီးက မီးဇာမှာ စွဲပြီး မီးလင်းတာ မီးအိမ်ကို မှန်ပြားလေးတွေနဲ့ ကာထားတာ အကောင်းစားကတော့ မှန်အိမ်လို လုပ်ထားတာ လေတိုက်လဲ ခံတယ်။

မှန်ပြားလေးတွေစိပြီး ထောင်ထားတာက လေတိုက်ရင် မ...ဘူး။ မီး ထထတောက်တယ်၊ ...ဟုတ်တယ် မဟုတ်လား၊ ကျုပ် ...စိတ်ထဲ မြင်မိတာကို ပြန်ပြော...ပြတာ'

www.burmeseclassic.com

ဟု ဦးပဥ္စင်းက ပြော့ပြောရင်း မေးပါသည်။

'ဟုတ်တယ် တပည့်တော်မျက်စိထဲလဲ ဦးပဥ္စင်းပြောသလို မြင်မိတာပဲ လိပ်ပတ်လည်အောင်တော့ မပြောတတ်ဘူး'

ဟု ဝန်ခံလိုက်ပါသည်။

'ကဲ...ပြန်စကြရအောင် အားလုံးအိပ်ကြပေမယ့် အောက်လင်းမီးအိမ်ကြီးကိုတော့ လေပြန်ဖြည့်၊ ရေနံဆီ ထပ်ဖြည့်ပြီး ထွန်းထားတာပေါ့။

နာရီဝက်လောက်ကြာတော့ အိပ်စောင့်တဲ့သူတွေအားလုံး အိပ်မောကျကုန်ကြတယ်။

အဲဒီအခါ မင်းသားဦးစိန်ရှိးက ထလာပြီး မောင်းဆိုင်းတီးတဲ့ ဦးကံကောင်းကို နှိုးတယ်။ ဦးကံကောင်းလဲ ကြောက်သွားတာပေါ့။

ပတ်ဝန်းကျင်ကလဲ အိပ်မောကျကုန်ကြပြီ။ သူ့ကို ဦးစိန်ရှိးက ဆွဲထူပြီး...

"ငါ့သာ တစ်ညလုံး က,ရင် မင်းက တီးပေးမယ်ဆို ထပါ"

လို့ ပြောသတဲ့။

ဦးကံကောင်းကလဲ ကြောက်ကြောက်နဲ့ ထရပြီး မောင်းဆိုင်းတစ်မျိုးပဲ တီးသတဲ့။ အသေကောင် ဦးစိန်ရှိးကလဲ သူ့ကို ကျင်းထားတဲ့ ခုတင်ပေါ်မှာ ကသတဲ့။ အဲဒီလို တီးပြီး ကနေကြတာကို ဘယ်သူမှ မနိုးကြဘူး။ အိပ်မြဲ အိပ်ကောင်းနေကြသတဲ့။

မြမန်းဂီရီ၊ ဝေဇယန္တာ၊ ပိုင်စေအောင်စေ စတဲ့ သီချင်းတွေအပြင် သူတို့ဇာတ်ဖွဲ့က စပ်ထားတဲ့ သီချင်းတွေလဲ ကုန်ပြီ၊ မင်းသားစိန်ရှိးက မမောမပန်း ကနေသတဲ့။

ဦးကံကောင်းကတော့ အိပ်ချင်လာသတဲ့။ ဒါနဲ့ မသာကြီးဦးစိန်ရှိးက မင်း၊ အိပ်ချင်နေမှန်း ငါသိတယ်။ မင်း မအိပ်ရဘူး။ ငါတီးမယ်၊ မင်းကလို့ ပြောပြီး ကခိုင်းသတဲ့။

ဦးကံကောင်းကလဲ ငါပြောမိတာ မှားလေခြင်းလို့ တွေးမိပြီး မသာကြီးဦးစိန်ရှိးခိုင်းတဲ့အတိုင်း ခုတင်ပေါ်တက်ပြီး ကရသတဲ့။ ဦးစိန်ရှိးက တီးပေါ့'

ဟု ပြောပြီး ဦးပဥ္စင်းက ရပ်လိုက်ပြန်ပါသည်။ မိုးမလင်းမချင်း တီးလိုက်ကလိုက် ဖြစ်နေမှာပဲဟု စာရေးသူက တွေးမိပါသည်။

'ဖုတ်ဝင်နေတဲ့ မသာကြီးဦးစိန်ရှိးက မမောပေမယ့်၊ ဦးကံကောင်းက မောလာပေမယ့် ဦးစိန်ရှိးက တီးလေသူ ကရလေပေါ့။ ဆန်းတာက ဒီလိုတီးကြကကြတာကို ဘယ်သူမှ မနိုးကြဘူး။

ဦးကံကောင်း အကြံထုတ်ပြီး မသာတင်တဲ့ ခုတင်ပေါ်က ဆင်းလို့ အိပ်နေတဲ့လူတွေ ကြားထဲလဲ ကသတဲ့။ အိပ်နေတဲ့လူတွေရဲ့ ခြေထောက်တွေ နင်းမိသလိုလိုနဲ့ နင်းပြန်လဲ အိပ်နေတဲ့လူတွေက မနိုးဘူးတဲ့။

ဦးကံကောင်းလဲ ကြောက်လာပြီပေါ့၊ ဒီလိုနဲ့ ကရင်း,ကရင်း မလှာပ်ထဲ လှည့်ပတ်ပြီး ခြံပေါက်ဝဘက်ကိုလဲ ရောက်ရောက်ချင်း တစ်ချိုးတည်း ပြေးတော့တာပေါ့။

လမ်းတစ်လျှောက်လဲ ကယ်ကြပါ မျို့လို့ အော်ပြီး ပြေးပေမယ့် ဘယ်အိမ်ကမှ လူတွေရော၊ ခွေးတွေရော မနိုးကြဘူး။ သူ့နောက်က မသာကြီး ဦးစိန်ရှိးကလဲ ပြေးလိုက်လာသတဲ့။

ဦးကံကောင်းရဲ့ စိတ်ထဲမှာတော့ ရွာပြင်ရောက်အောင် ပြေးမယ်၊ ရွာခြံနဲ့ကပ်လျက် ဘုန်းကြီးကျောင်း ရှိတယ်။ ဘုန်းကြီးကို အော်ပြီး နှိုးမယ်ပေါ့။

ဘုန်းကြီးကျောင်းထဲမှာ ဆိုရင် တစ္ဆေကြီးဦးစိန်ရှိး လိုက်နိုင်မှာ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ဦးကံကောင်းထင်သလို မဟုတ်ဘူး။ ရွာမှာက ထုံးစံအတိုင်း ရွာရဲ့ တံခါးကို ပိတ်ထားတယ်။ ခြံပေါက် တစ်ဖက်မှာ ကင်းတဲရှိတယ်။

အလှည့်ကျတဲ့ ကင်းသမားတွေ အိပ်ကြရတယ်။ ဒါကို ဦးကံကောင်းက နှိုးပြီး ဖွင့်ခိုင်းတာပေါ့။ ဒါပေမယ့် ကင်းသမားတွေရဲ့ ခြေထောက်ကို ဆွဲပြီး လှုပ်နှိုးတာတောင် ကင်းသမားတွေက မနိုးကြဘူး။ ... ကောင်တွေလို အိပ်နေကြတယ်။

ဖုတ်တစ္ဆေဖြစ်နေတဲ့ ဦးစိန်ရှိးကလဲ နီးလာပြီ၊ ဘယ်လိုလုပ်ရမလဲလို့ ဦးကံကောင်းက မတွေး... အောင် ဖြစ်နေတယ် ကြောက်... က လွှမ်းမိုးနေတော့ ဘုရား... တရားစာ ရွတ်ဖို့လဲ သတိမရ...

ဟု ပြောပြီး ဦးပဥ္စင်းက ရပ်... ပါသည်။ စာရေးသူ၏ စိတ်ထဲ... ဘာဖြစ်တော့မလဲဟု စိတ်... လာပါသည်။

'ကြံရာမရတော့ အနီးနား... တဲ့ ကြောင်ပန်းချုံထဲ ဝင်ပုန်း... လိုက်တယ်။ ဦးစိန်ရှိးလဲ ရောက်လာရော ဘာပြောမလဲဆိုတော့...

"ဟေ့ကောင် ကံကောင်း၊ မင်း ဘယ်လိုပုန်းပုန်း ငါ မြင်ရတယ်။ မင်းက ငါ့ကို ဆော်ကားတဲ့စကားပြောလို့ မင်းကို ဒီည သတ်မယ်လို့ စိတ်ကူးထားတာ၊ ကံကောင်း ဆိုတဲ့အတိုင်း မင်းကံကောင်းတယ်မှတ်ပါ။

ငါတို့တစ္ဆေတွေက ကြောင်ပန်းရွက်နံ့ကို မခံနိုင်ကြဘူး။ ဒါကြောင့် ကြောင်ပန်းပင်နားကပ်ပြီး မင်းကို ဆွဲထုတ်လို့ မရနိုင်ဘူး ငါပြန်တော့မယ်"

လို့ ပြောပြီး ဖုတ်တစ္ဆေဝင်နေတဲ့ မင်းသားကြီးဦးစိန်ရှိးက လှည့်ပြန်သွားသတဲ့။

ဦးကံကောင်းကလဲ ကြောက်ကြောက်နဲ့ ကြောင်ပန်းပင်ထဲက မထွက်ရဲတော့ဘူး။ အရုဏ်တက်ချိန် ဘုန်းကြီးကျောင်းက အုန်းမောင်းတီးမှပဲ ကြောင်ပန်းချုံထဲက ထွက်လာနိုင်တယ်။

အိပ်နေတဲ့ ကင်းသမားတွေလဲ နိုးကြပြီ။ ဦးကံကောင်းက ဖြစ်ကြောင်းကုန်စင်ပြောပြတော့မှ ကင်းစောင့်အိပ်သူတွေလဲ တအံ့တဩ ဖြစ်ကြတယ်။

မသာအိမ်ကို ပြန်ရောက်တော့ မသာကြီးဦးစိန်ရှိးက သူ့ကို တင်ထားတဲ့ခုတင်ပေါ်မှာ ကျင်းထားတဲ့အတိုင်း ပက်လက်ပါပဲ။ ဦးကံကောင်းက သူ ပါးစပ်ဆော့မိလို့ ညက ဖြစ်ရောက်ရပုံအကြောင်းကို ပြောပြတယ်။

အိပ်စောင့်ကြတဲ့ လူတွေက ဦးစိန်ရှိးကျင်းထားတာကို ကြည့်လိုက်တော့ တစ်ထွာခန့် အောက်ပလျှာနေတာ တွေ့ကြရတယ်။

ကြောင်ပန်းပင်ကြောင့် သူ အသက်ချမ်းသာသွားသလို ကြောင်ပန်းအနံ့ကို တစ္ဆေသရဲတွေ မခံနိုင်ကြဘူးလို့ သိကြတော့ အိမ်တိုင်းမှာ တစ္ဆေသရဲ မကပ်နိုင်အောင် ကြောင်ပန်းပင်တွေ စိုက်ကြတယ်။

ဒါကြောင့် တစ်ရွာလုံး အိမ်တိုင်းမှာ ကြောင်ပန်းပင်စိုက်တဲ့ မလေ့ ဖြစ်လာတယ်'

ဟု ဦးပဥ္စင်းက ပြောပြီး ရပ်လိုက်ပါသည်။

စာရေးသူမှာ အတွေးတွေ ဝင်လာပါတယ်။ ဦးပဥ္စင်းရဲ့ အဘိုးလေး သိခဲ့ရပုံဆိုရင် တစ္ဆေသရဲတွေဟာ တကယ် ကြောင်ပန်းနံ့ကို မခံနိုင်ဘူးလား။

အိပ်စောင့်တဲ့ လူတွေနိုးအောင် နင်းပြီး ကပေမယ့် မနိုးဘူး။ ရွာထဲ ပြေးတော့လဲ လူတွေလဲ မနိုး၊ ခွေးတွေလဲ မနိုးမဟောင်၊ ကင်းသမားတွေကို ဆွဲလှုပ်ပြီး နှိုးတာတောင် မနိုးကြဘူး ဆိုတော့ မင်းသားကြီးရဲ့ ရုပ်အလောင်းမှာ ဝင်ပူးနေတဲ့ ဖုတ်တစ္ဆေသရဲရဲ့ အစွမ်းကြောင့်လား။

ဦးကံကောင်းဆိုတဲ့ အတိုင်း သေကံမရောက် ကံကောင်းလွန်းလို့လား စသည် စသည် တွေးစရာတွေ ဖြစ်လာပါသည်။

*ကောင်းမှုတစ်ခု နေ့စဉ်ပြုနိုင်ကြပါစေ။*

ကသာသင်းမွှေး

စာမူရှင်များသို့...

ပေးပို့သော
စာမူများကို
မူမှား
ထားကြပါရန်နှင့်
မရွေးချယ်ပါက
ပြန်လည်ပေးပို့မည်
မဟုတ်ပါကြောင်း
အသိ
ပေးအပ်ပါသည်။

လေးစားစွာဖြင့်...
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း။





www.burmeseclassic.com

www.burmeseclassic.com

# ဖုတ်ဆိုသည်မှာ

ထွန်းအေးကြိုင်
(ရွှေတောင်)

'ဒိုင်မှူး၊ ဦးစိန်လှ၊ ...မြို့ ...ကုန်ဝယ်ဒိုင်၌ နိုင်ငံတော်အတွက် စပါးများ ဝယ်ယူနေသော အချိန်ကာလ အမျိုးသမီး ခပ်ငယ်ငယ်တစ်ယောက် ဒိုင်မှူး ဦးစိန်လှနှင့် တွေ့ပါရစေဆိုပြီး ဒိုင်သို့ ရောက်လာပါသည်။

ဒိုင်မှူး ဦးစိန်လှမှ....,

'ကျွန်တော် ဦးစိန်လှပါ။ လာရင်းကိစ္စကို ပြောပါဦး' ဆိုသဖြင့် အမျိုးသမီးမှ...

'ကျွန်မက ...မြို့၊ ...လမ်းက တပင်တိုင်မုန့်ဟင်းခါး ရောင်းတဲ့ မမြမြပါ။ ကျွန်မအမေ ဖုတ်ဝင်နေလို့ ဆရာ့ကို လာပင့်တာပါ။ ဆရာရယ်...ကူညီပါဦး'

ဟု ပြောရာ ဦးစိန်လှမှ...

'ညည်းအမေ ဖုတ်ဝင်တယ်ဆိုတာ ညည်း ဘယ်လို သိသလဲ'

ဟု မေးရာ အမျိုးသမီးမှ...





'ဖုတ်ဝင်တယ်ဆိုတာ သေချာပါတယ်ဆရာ... ကျွန်မအမေက အစား လုံးဝ မစားဘဲ ရေမဲ့သောက်တယ်။ အဲဒါ တစ်ပတ်မကတော့ဘူး။ ကျွန်မ ဈေးရောင်းလို့ လာစားတဲ့သူတွေ ရှိနေတဲ့အချိန် ဈေးရောင်းတာပဲ အာရုံစိုက်ပြီး ရောင်းနေတာပေါ့။ အဲဒီအချိန်မှာ ငါးကြင်းရောင်းတဲ့ ဈေးသည်မကြီးတစ်ဦး ကျွန်မကို အိမ်ခန်းထဲ ဝင်သွားတာ အမှတ်တမဲ့ တွေ့လိုက်ရတယ်။

ကျွန်မ ခေါ်တာလဲ မဟုတ်ဘူး။ ဒါနဲ့ ကျွန်မလဲ အကျိုးအကြောင်း သိရအောင် အိမ်ခန်းထဲ လိုက်သွားတယ်။ အဲဒီမှာ ကျွန်မအမေက ငါးကြင်းတစ်ကောင်ကို ယူပြီး ပါးစပ်နဲ့ကိုက် သွေးတွေ စုပ်စားနေတာ မြင်လိုက်ရတယ်။ အဲဒီမှာ ကျွန်မလဲ လန့်ဖျပ်ပြီး "အမေ အဲဒါ လာလုပ်တာလဲ ပေး"ဆိုပြီး ငါးကို လုယူလိုက်ပါတယ်။

အဲဒီငါးကို ဈေးသည်ဆီ ပြန်ပေးပြီး ဘယ်လောက်ကျသလဲ ငွေပေးပြီး ပြန်လွှတ်လိုက်ရတယ်။ ဈေးသည်ကိုလဲ ညည်းက ငါ မခေါ်ဘဲ ဘာလို့ အိမ်ခန်းထဲ ဝင်လာရသလဲလို့ ပြောလိုက်ရာ ဈေးသည်မက အဒေါ်က လာပါဦးလို့ အိမ်ထဲက လက်ယပ်ခေါ်လို့ ကျွန်မ လာရောင်းတယ်။ မခေါ်ဘဲ ကျွန်မက လာရောင်းပုံမလား ဆိုပြီး ပြန်သွားတယ်ဆရာ။

ကျွန်မတို့လဲ ဖုတ်ဆရာ(၂)ဦးလောက် ပေးစမ်းပြီး ဖုတ်ထုတ်ခိုင်းပါတယ်။ ဒါပေမယ့် မထွက်ဘူးဆရာ။ ညဆို ဘယ်သူရေ လာပါဦး...ငါ့ကို ထူပေးပါဦး...လှဲပေးပါဦး တစ်ညလုံး သောင်းကျန်းတော့တာပဲ။

ကျွန်မတို့လဲ အိပ်ရေးပျက်လှပြီ။ ပထမဆရာက ဖုတ်ထွက်အောင် ခေါင်းပိုးလှန်ထားရမယ်... ထရံတစ်ချပ် ဖွင့်ထားရမယ် ဆိုလို့လဲ ကျွန်မတို့ လုပ်ပါတယ်၊ ဒါပေမယ့် ဘာမှ မထူးခြားပါဘူး။

ဒါနဲ့နောက် ဆရာတစ်ယောက်ပင့်တော့ နောက်ဆရာက ဖုတ်ဘုရင်လား...ဖုတ်မင်းလား... ဆိုပြီး ရွှေထီးတောင်းပေးရင် ထွက်သွားလိမ့်မယ်ဆိုပြီး ကျွန်မတို့လဲ ရွှေထီးငှားပြီး ဆောင်းပေးပါတယ်၊ အဲဒါလဲ မထွက်ဘူး။ ဆရာရယ်...ကယ်ပါဦး ကျွန်မတို့မှာ ဒုက္ခရောက်နေပါတယ်။

သူများတွေက ပြောတယ်။ ညည်းက နီးလျက်နဲ့ ဝေးနေတာပဲ။ ညည်းတို့ ...လမ်းနဲ့ ...လမ်းချိုးရင် ရောက်နေတာပဲ။ အဲဒီမှာ မနာမယိဋ္ဌိဆရာကြီး ဦးစိန်လှ ရှိတယ်။ သူ့ကို သွားပင့်လို့ ပြောလို့ လာပင့်ရတာပါ'

ဆရာဦးစိန်မှ ...

'ညည်း ပြောပြသလောက်ဆိုရင် ဒါ သွေးစုပ်ဖုတ် သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါးကြင်းကို ကိုက်ပြီး သွေးတွေ စုပ်နေတာ အထင်အရှားပဲ။


ဖုတ်ထဲမှာ ဖုတ်အမျိုးအစား(၄)မျိုးရှိတယ်။ **ငါးပိစားဖုတ်၊ သွေးစုပ်ဖုတ်၊ ဖုတ်မင်းသား၊ ဖုတ်ဘုရင်** ဆိုပြီး သူ့အဆင့်နဲ့သူ ရှိကြတယ်။

ငါးပိစားဖုတ်ဆိုရင် ငါးပိပဲ စားတယ်။ နေ့ခင်းမှာ ငြိမ်ငြိမ်နေတယ်။ ညလူခြေတိတ် အိပ်ချိန်မှာ အိပ်ရာထဲက မထနိုင်တဲ့သူက ဖင်တရွှေ့ရွှေ့နဲ့ မီးဖိုချောင်ထဲ ဝင်ပြီး ငါးပိကို လိုက်ရှာတော့တာပဲ။

ငါးပိတွေ့ပြီဆိုရင် အားရပါးရ စားတော့တာပဲ။ အဲဒီ အချိန်မှာ သူ ခိုးစားတာကို လူမိသွားရင် အဲဒီနေရာမှာ တုံးလုံးလှဲချပြီး မထတော့ဘူး။ ကျန်တဲ့သူတွေက သူ အိပ်တဲ့နေရာ ပြန်ပို့ပေးကြရတယ်။

သွေးစုပ်ဖုတ်ကတော့ သွေးစုပ်ရမှ သူ အကြာကြီး နေလို့ရတယ်။ ဒါကြောင့် လူကောင်းတွေဆီက သွေးကို သူက စုပ်ယူတယ်။ ငါ့ကို လာထူပါဦး...လှဲပေးပါဦး ဆိုပြီး သူ့ကို လက်နဲ့ ကိုင်လိုက်ရင် သူက အဲဒီလူရဲ့ လက်ကနေတစ်ဆင့် သွေးကို စုပ်ယူလိုက်တယ်။

တစ်ခါ,နှစ်ခါလောက် စုပ်ယူပြီးသွားရင် အနည်းဆုံး (၂)ရက်/(၃)ရက်လောက် သူ အဲဒီလူနာဆီမှာ ကပ်နေလို့ရတယ်။ တခြားရေပဲ တောင်းသောက်တယ်။



www.burmeseclassic.com

သွေးကို စုပ်မရဘူး ဆိုရင်တော့ ခွာပြေးတော့တာပဲ။ ဒါကြောင့် တချို့က လူနာကို ထုတဲ့,လှဲတဲ့ နေရာမှာ လက်အိတ်စွပ်ပြီးမှ ထုပေး,လှဲပေး လုပ်ကြတယ်။ ရေလဲ တိုက်တယ်။

တချို့လဲ ဘုရားသောက်တော်ရေ တိုက်တယ်။ ငါ့အဖေ,ငါ့အမေ,ငါ့အဒေါ် မဟုတ်ဘူးဆိုပြီး ပြုစုမှုလဲ မလုပ်၊ ရေလဲမတိုက်၊ ပစ်ထားကြတဲ့သူတွေလဲ ရှိပါတယ်။ **မလုပ်ကောင်းပါဘူး။**

ရေတောင်းရင် ရေပေးပါ။ လက်အိတ်စွပ် ပြုစုရပါတယ်။ ဖုတ်မင်းသား၊ ဖုတ်ဘုရင်ဆိုရင် သိသာပါတယ်။ သူတို့က ကောင်းပေဆိုတဲ့ အိုဗာတင်း၊ မိုင်လို၊ ကော်ဖီ၊ ကြက်ကြော်တို့ကိုပဲ တောင်းပြီး စားတယ်။

အဲဒါတွေ စားနေရင် သူ မခွာဘဲ နေတော့တာပဲ။ အဲ...ရွှေထီးများ ဆောင်းပေးရင်တော့ ပိုပြီးနေပြီသာမှတ်။ ဒါတွေက ညည်းကို ပဟုသုတရှိအောင် ပြောပြတာ။ အချို့ဖုတ်က အသက်မရှိတော့မှ ကပ်တာ။

အချို့က အသက်ငွေ့ငွေ့လေးရှိတဲ့ အချိန်မှ ကပ်တာ။ အသက်မရှိတဲ့ အချိန်ကပ်ရင် အဲဒီဖုတ် ခွာ,ခွာချင်း လူနာ သေပြီပေါ့။ အသက်ငွေ့ငွေ့လေးရှိတဲ့ အချိန်ခွာရင် (၁)ရက်,(၂)ရက်လောက် ဖြိမ်သွားပြီးမှ သေတယ်။



ဆရာက ဒီမှာ စပါးဝယ်နေရတဲ့အချိန် ဖြစ်နေလို့ ညည်းတို့အိမ်ကို လိုက်ပြီး လုပ်မပေးနိုင်ဘူး။ ဒါပေမယ့် ကိစ္စမရှိဘူး။ ဆရာ ဒီကနေပြီး လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပေးလိုက်ရင် ဖုတ်ထွက်သွားမှာပဲ မစိုးရိမ်ပါနဲ့။ ညည်းအမေက ဘာနေ့သမီးလဲ'

'ဆရာ ကျွန်မအမေက အင်္ဂါသမီးပါ'

'နေ့နံအတွက် ဆီးရွက်(၉)ရွက် ခူးပြီး ''ဖုတ် အမြန်ထွက်စေ'' ဆီးရွက်ပေါ်မှာစာရေး သစ္စာဆို ဆေးတောင်းပြီး...

အဲဒီ (၉)ရွက်ကို ညည်းအမေအိပ်တဲ့ အိပ်ရာခေါင်းအုံးက ဖျာရဲ့အောက်မှာ ဆီးရွက်ကို ထိပ်ဖျားကို အပေါ်မှာထား (၁)ရွက်ချထား။ ညာဘက်,ဘယ်ဘက် လက်တစ်ဝါးစာလောက်ဆီမှာ (၁)ရွက်စီ ချထားရမယ်။

ပြီးတော့... ခါးအောက် ဖျာအောက်မှာ ခါးတည့်တည့် (၁)ရွက်၊ ညာဘက်,ဘယ်ဘက် လက်တစ်ဝါးစာလောက် (၁)ရွက်စီ ချထားရမယ်။ ပြီးတော့...ဒူးခေါင်းအောက် ဖျာအောက်တည့်တည့်မှာ (၁)ရွက်၊ ညာဘက်,ဘယ်ဘက် လက်တစ်ဝါးစာလောက် (၁)ရွက်စီ ချထားရမယ်။

ပေးလိုက်တဲ့ သိဒ္ဓိရေကို မျက်လုံးလဲဆော်၊ တိုက်လဲ တိုက်ပေးရမယ်။ လည်ပင်းမှာလဲ ပေးလိုက်တဲ့ သိဒ္ဓိကြိုးကို ဆွဲပေးရမယ်။ အဲဒါသာလုပ်လိုက်... အဲဒီဖုတ် မနေနိုင်ဘူး၊ ခွာသွားလိမ့်မယ်။ ဒီနေ့ လုပ်ပြီးရင် မနက်ဖြန်ဆို ဖုတ်ထွက်သွားပြီး ကံကုန်လိမ့်မယ်' ဆိုပြီး ဆရာဦးစိန်လှမှ ပစ္စည်းများ ပေးလိုက်သဖြင့် ထိုအမျိုးသမီးလည်း ပြန်သွားပါသည်။


နောက်နေ့နံနက်ဖြစ်ပြီး သတင်းပို့သဖြင့် ''**သူ့အမေ ဖုတ်ထွက်သွားလို့ ဆုံးသွားပါပြီ**''ဆိုသည့် အကြောင်း ဆရာဦးစိန်လှ သိလိုက်ပါသည်။

ဩော်...ဖုတ်ဆိုတာလည်း သူတစ်ပါး မှီကပ်ပြီးနေရသည့် နာနာဘာဝတစ်မျိုး မဟုတ်ပါလား။ ကာယကံရှင် နာမည်များ လွှဲထားသည်မှအပ ဖြစ်ရပ်မှန်ပါ။

***ရွှင်လန်းချမ်းမြေ့ကြပါစေ။***

**ထွန်းအေးကြိုင်(ရွှေတောင်)**





# မြွေ အသုဘ ပို့ခြင်းလား

စာ + ပုံ မောင်မောင်မြင့်

မြွေဟူသော သတ္တဝါအား မြန်မာ ...ဘီတာနိုတွင် မွေ/နှ ခြေလက်မဲ့၍ ...ဖြင့် လူးလွန့်သွားလာသော ...ရှည် သားစားသတ္တဝါဟု ...ဆိုထားသည်။ ကမ္ဘာပေါ်တွင် ...အမျိုးပေါင်း မြောက်မြားစွာ ရှိပါ...သည်။ မြွေအမျိုးပေါင်းများစွာ ရှိ...သော်လည်း မြွေတိုင်း အဆိပ်ရှိ...သည် မဟုတ်သလို အဆိပ်ရှိသော ...တို့တွင် ကျွန်တော်တို့ မြန်မာနိုင်ငံ၌ ထင်ရှားသော မြွေတို့မှာ **မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေ၊ တောကြီးမြွေဟောက်**တို့သည် လူသိများသော အဆိပ်ရှိမြွေများ ဖြစ်ကြသည်။

မြွေပွေး,မြွေဟောက် တို့သည် အဆိပ်ပြင်းသည် မှန်သော်လည်း မြွေကိုက်ခံရမှသာ လူကို သေစေနိုင်သော်လည်း လူကိုမကိုက်ဘဲ မြွေနှင့် ထိရုံမျှပင် လူကို သေစေနိုင်သော မြွေမျိုးလည်းရှိကြောင်း ဗုဒ္ဓစာပေတို့တွင် တွေ့ရှိရပါသည်။

မြွေနှင့် ဆက်နွှယ်သော ဂန္ထဝင်မြောက်သည့် ပုံပြင်ဒဏ္ဍာရီများသည်လည်း လူမျိုးတိုင်းတွင် ရှိနေသည်ကို တွေ့ရှိရပေရာ ကျွန်တော်တို့ငယ်ငယ်က မရိုးနိုင်သော ညအိပ်ရာဝင်ပုံပြင် ဖြစ်သည်။ မယ်ထွေးလေးနှင့် နန်းတော်ရေမြွေမင်းသား ပုံပြင်မှာလည်း ကလေးတိုင်းလိုလို ကြားဖူးသော ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



● မြွေအသုဘအား သယ်ယူနေသည့် မြွေတစ်စု

မြွေနှင့်ပတ်သက်သော ဂမ္ဘီရ ဇာတ်လမ်းတို့လည်း အများအပြား ပင် ရေးဖွဲ့သည်ကို ဖတ်ရသည်မှာ မြန်မာများသာမဟုတ်ဘဲ လူမျိုးတိုင်း ဘာသာတိုင်းတွင် ရှိကြရာ ဗုဒ္ဓစာပေ တို့မှ ပရိတ်ကြီး ဆယ့်တစ်သုတ်တွင် ပါဝင်သော **"ခန္ဓသုတ်ပရိတ်တော်"** သည်ပင်လျှင် မြွေနှင့် ပတ်သက်၍ ဘုရားရှင် ခွင့်ပြုတော်မူကြောင်း **အင်္ဂုတ္တိုရ်ပါဠိတော် ပထမတွဲ စတုက္ကနိပါတ် "အဟိရာဇသုတ်"** တွင် ပါရှိပါသည်။

အဟိရာဇသုတ်အား အကျဉ်းမျှ ဖော်ပြရသော်... အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အာရမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ သာဝတ္ထိပြည်၌ ရဟန်း တစ်ပါးသည် မြွေကိုက်၍ သေလေ၏။ ထိုအခါ များစွာသော ရဟန်းတို့ သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသော နေရာ၌ ထိုင်ကြကုန် လျက် မြတ်စွာဘုရားအား...

'အရှင်ဘုရား... ဤသာဝတ္ထိ ပြည်၌ ရဟန်းတစ်ပါးသည် မြွေ ကိုက်၍ သေလွန်ပါ၏'

ဟု လျှောက်ကုန်၏။

'ရဟန်းတို့... ထိုရဟန်းသည် မြွေမင်း လေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် မပျံ့လွှင့် စေယောင်တကား။

ရဟန်းတို့ အကယ်၍ ထိုရဟန်းသည် မြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ပျံ့နှံ့စေခဲ့လျှင် မြွေကိုက်၍ မသေရာ'

**အဘယ်လေးမျိုးတို့ နည်းဟူမူ** ဝိရူပက္ခမြွေမင်းမျိုး၊ ဧရာပထမြွေမင်း မျိုး၊ ဆဗျာပုတ္တမြွေမင်းမျိုး၊ ကဏှာ ဂေါတမမြွေမင်းမျိုးတို့တည်း။

ရဟန်းတို့ ထိုရဟန်းသည် ဤမြွေ မင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် မပျံ့နှံ့စေယောင်တကား။ ထိုရဟန်း သည် ဤမြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် အကယ်၍ ပျံ့နှံ့စေ ခဲ့လျှင် မြွေကိုက်၍ မသေနိုင်ရာ။

ရဟန်းတို့ မိမိကိုယ်ကို လုံခြုံစေ ခြင်းငှာ၊ မိမိကိုယ်ကို စောင့်ရှောက် စေခြင်းငှာ မိမိ၏အရံအတား အလို့ ငှာ ဤမြွေမင်းလေးမျိုးတို့အား မေတ္တာစိတ်ဖြင့် ပျံ့နှံ့စေရန် ငါ ခွင့်ပြု ၏။

ငါ၏မေတ္တာသည် ဝိရူပက္ခနဂါး မင်းမျိုးတို့နှင့် အတူဖြစ်စေသတည်း။ ငါ၏ မေတ္တာသည် ဧရာပထနဂါးမင်း မျိုးတို့နှင့် အတူဖြစ်စေသတည်း။ ငါ၏မေတ္တာသည် ဆဗျာပုတ္တနဂါး မင်းမျိုးတို့နှင့် အတူဖြစ်စေသတည်း။ ငါ၏မေတ္တာသည် ကဏှာဂေါတမ နဂါးမင်းမျိုးတို့နှင့် အတူဖြစ်စေ သတည်း။

ငါ၏မေတ္တာသည် အခြေမရှိ သော သတ္တဝါတို့နှင့်အတူ ဖြစ်စေ သတည်း။ ငါ၏မေတ္တာသည် အခြေ နှစ်ချောင်းရှိသော သတ္တဝါတို့နှင့် အတူ ဖြစ်စေသတည်း။

ငါ၏မေတ္တာသည် အခြေလေး ချောင်းရှိသော သတ္တဝါတို့နှင့် အတူ ဖြစ်စေသတည်း။ ငါ၏မေတ္တာသည် အခြေများစွာရှိသော သတ္တဝါတို့နှင့် အတူဖြစ်စေသတည်း။

အခြေမရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲစေသတည်း။ အခြေ နှစ်ချောင်းရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲစေသတည်း။

အခြေလေးချောင်း ရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲစေ သတည်း။ အခြေများစွာရှိသော သတ္တဝါတို့သည် ငါ့ကို မညှဉ်းဆဲစေ သတည်း။

အကြွင်းမရှိ အလုံးစုံကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ အလုံးစုံသော ထွက်သက်ဝင်သက် ရှိကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ ခပ်သိမ်းကုန်သော အဖွဲ့ဘော ထင်ရှားရှိသော သတ္တဝါ တို့သည်လည်းကောင်း... ခပ်သိမ်း ကုန်သော ကောင်းသောအာရုံတို့ကို တွေ့မြင်ကြစေကုန်သတည်း။

ယုတ်ညံ့သော မကောင်းကျိုး သည် တစ်စုံတစ်ယောက်သော သတ္တဝါတို့ကို မရောက်ပါစေ သတည်း။

မြတ်စွာဘုရား ဂုဏ်တော်သည် အတိုင်းအရှည်မရှိ။ တရားဂုဏ် တော်သည် အတိုင်းအရှည်မရှိ။ သံဃာဂုဏ်တော်သည် အတိုင်း အရှည် မရှိ။ မြွေမျိုးတို့သည် ဂုဏ် အားဖြင့် အတိုင်းအရှည် ရှိကုန်၏။

မြွေ့,ကင်းမြီးကောက် တို့သည် လည်းကောင်း၊ ကင်းခြေများတို့ သည်လည်းကောင်း၊ ပင့်ကူတို့သည် လည်းကောင်း၊ တက်တူတို့သည် လည်းကောင်း၊ ကြွက်တို့သည် လည်းကောင်း ဂုဏ်အားဖြင့် အတိုင်းအရှည်ရှိကုန်၏။

ငါသည် အစောင့်အရှောက်ကို ပြုအပ်ပြီး သတ္တဝါတို့သည် ဖဲသွား စေကုန်သတည်း။

ထို ငါသည် မြတ်စွာဘုရားအား ရှိခိုးပါ၏။ ခုနစ်ဆူကုန်သော မြတ်စွာ ဘုရားတို့အားလည်း ရှိခိုးပါ၏ဟု အရံအတား(ပရိတ်)ကို မြတ်စွာ ဘုရားရှင် ခွင့်ပြုတော်မူခဲ့ပါသည်။

မြွေနှင့် ပတ်သက်၍ ဤမျှပင် ခန္ဓသုတ်ပရိတ်တော်ကို ခွင့်ပြုရ သည်အထိ ဂမ္ဘီရသဘောဆောင်



သည့် သတ္တဝါ ဖြစ်ပါသည်။

မြွေနှင့်ပတ်သက်သော ထူးခြား ဆန်းကြယ် ဂမ္ဘီရဖြစ်ရပ်များအား သူပြော ငါပြောစကားများဖြင့် ကြား ဖူးသလို...စာပေများဖြင့် ရေးသား သည်ကိုလည်း ဖတ်ရှုဖူးပါသည်။

ဤစာစုကို ရေးသားသူ ကျွန်တော်ကိုယ်တိုင်ပင် နှစ်ကြိမ် တိုင် မြွေကိုက်ခံရဖူးပါသည်။ မြွေနှင့် သေကံမပါ၍လား...ခန္ဓသုတ်ပရိတ် တော်ကြောင့်လားမသိ သေကံ မရောက်ခဲ့ပါ။

မြွေနှင့်ပတ်သက်၍ ကြားဖူးသော ထူးခြားဖြစ်ရပ်တစ်ခုမှာ အချို့ မြွေမျိုးတို့သည် သူတို့အမျိုးထဲမှ မြွေ တစ်ကောင် သေဆုံးပါက ဝိုင်းဝန်း သယ်ယူ၍ အသုဘချ သင်္ဂြိုဟ်တတ် သည်ဟူ၏။

ကျွန်တော်သည် တောတောင် အရပ်ရပ်တွင် နှစ်ပေါင်း(၃၆)နှစ် တိုင်တိုင် ကျင်လည်တာဝန်ထမ်း ဆောင်ခဲ့ဖူးသော်လည်း ထိုဖြစ်ရပ် မျိုး တစ်ခါမျှ မတွေ့ကြုံဘူးခဲ့ပါ။

မြွေအကြောင်း မဟုတ်သော် လည်း အလျဉ်းသင့်၍ ထူးဆန်း သော **"ဖားလုံးကြီး"** အကြောင်း ထည့်သွင်းတင်ပြလိုပါသည်။

၁၉၈၉ ခုနှစ်က ကျွန်တော်တို့ ဘူမိဗေဒ လေ့လာရေးအဖွဲ့သည် ကဘော်လွင်ပြင်နှင့် ချင်းတွင်းမြစ် အကြားရှိ အတွင်းရိုးမထဲမှ ဒါးသွေး ကျောက်ချောင်း ဝန်းကျင်၌ ကျောက်မီးသွေးကြောများ တိုင်း တာမှု ဆောင်ရွက်နေသည်။

ထိုစဉ် မိုးဦးကျစ မေလ၏ နေ့ တစ်နေ့တွင် မိုးများ သည်းထန်စွာ ရွာသွန်းလာသောကြောင့် အခြေ စိုက် စခန်းတဲရှိရာ ရှော်နီချောင်းဆုံ သို့ ပြန်လာကြပါသည်။

ထူထပ်သော ဝါးတောကြီးများ အောက်မှ မိုးရွာထဲတွင် လျှောက် လာကြစဉ် မိုးရေစီးကြောင်းတစ်ခု၌ ဖြည်းညင်းစွာ လိမ့်နေသော အလုံး ကြီးတစ်လုံးကို ထူးခြားစွာ မြင်ရ သဖြင့် ကျွန်တော်တို့သုံးဦးသား ခေတ္တရပ်ကြည့်ကြပါသည်။

အလုံးကြီးမှာ လူကြီးများ ကန် သော ဘောလုံးကြီးလောက် အနည်း ငယ်ကြီး၍ အရောင်အဆင်းမှာ ရေညှိရောင် ဖြစ်ပါသည်။



F.35B. June, 2018



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် (မောင်မောင်အေး ဆာဗေယာ)နှင့်အတူ ဘူမိဗေဒ အရာရှိများဖြစ်သော ကိုလွင်ကိုနှင့် ကိုလှသန်းတို့ ဖြစ်ပါသည်။



အလုံးကြီးအား သေချာစွာကြည့်ကြသောအခါ ပထမက ဝါးရုံပေါ်မှ မိုးရေကြောင့် ပြုတ်ကျလာသော ပတူအုံ(ပျားတူအုံ)ဟု ထင်ခဲ့ရာ ပတူအုံ မဟုတ်ဘဲ စားဖားများ တစ်ကောင်နှင့်တစ်ကောင် တွယ်ဖက်ထားသည့် ဖားလုံးကြီးဖြစ်ကြောင်း ထူးဆန်းစွာ မြင်ကြသည်။

သို့နှင့် ကိုလွင်ကိုနှင့် ကိုလှသန်းတို့က လက်သည်း၊ ခြေသည်းတို့ဖြင့် ကုတ်တွယ်ဖက်ထားကြသည့် ဖားများကို တစ်ကောင်ချင်း ခွာထုတ်ပါသည်။

ခွာထုတ်လိုက်သော ဖားအကောင်မှာ (၅၀)ကျော်ပါသည်။ အားလုံးသော ဖားများသည် ဖားထီးများဖြစ်၍ အတွင်းအောက်ဆုံးတွင် လက်သုံးလုံးခန့်ကြီးသော ဖားတစ်ကောင်မှာ ဖားမဖြစ်နေသောကြောင့် ကိုလှသန်းက...

'ဪ...မင်းတို့တာဝကလဲ ဒီလောက်တောင် ဖားမ ရှားရသလားကွာ'

ဟု မှတ်ချက်ပြုခဲ့ရပါသည်။ **(ဖားထီး၊ ဖားမကို မြင်နေကျလျှင် ခွဲခြားနိုင်ပါသည်။)**

၂၀၁၀ ခုနှစ်၊ နှိဝင်ဘာလ၏ နေ့တစ်နေ့တွင် ကျွန်တော်၏ အိမ်သို့ စာရေးဆရာမ နီနီမွန်(မြန်မာစာ) ရောက်ရှိလာပါသည်။

ဆရာမနီနီမွန်သည် ကျွန်တော်တို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့၏ တွဲဖက်အတွင်းရေးမှူးဖြစ်၍ လပတ်အစည်းအဝေးအတွက် အသုံးစရိတ် ရှင်းတမ်းများ ဖော်ပြရန် ဘဏ္ဍာရေးမှူးဖြစ်သော ကျွန်တော့်ထံမှ စာရင်းဇယားများ လာရောက်ယူခြင်း ဖြစ်ပါသည်။

ဆရာမနီနီမွန် (မြန်မာစာ)နှင့် အတူ ညွှန့်သည်နှစ်ဦးလည်း ပါလာပါသည်။ ဆရာမနီနီမွန်မှ မိတ်ဆက်ပေးမှုအရ သူတို့နှစ်ဦးသည် ကျွန်တော်၏ စာများကို လစဉ် ဖတ်ရှုသော ပရိသတ်များ ဖြစ်ကြသည်။

ကျွန်တော် ဝန်ထမ်းဘဝ (ပင်စင်မယူမီ)က သိန္နီသတ္တုတွင်း၌ တာဝန်ထမ်းဆောင်စဉ် အတူဆုံခဲ့ဖူးသော သတ္တုတွင်း အင်/ယာဖြစ်ကြောင်း ပြောပြသော်လည်း ကျွန်တော်က ရုတ်တရက် မမှတ်မိပါ။

အသက်ချင်းလည်း ကွာသလို ကျွန်တော်၏ မှတ်ဉာဏ်မကောင်းမှုလည်း ပါ၊ ပါ၏။

အကောင်ပြမှ အရိပ်မြင် ဆိုသလို ပွင့်ပွင့်လင်းလင်း ပြောပြမှပင် ရေးရေး ပေါ်လာပါသည်။

မှတ်မိပါပြီ။ ကွဲကွာနေကြသော နှစ်ပေါင်းကလည်း နှစ်(၂၀)ကျော် သလို ကျွန်တော်၏ အသက်ကလေ နည်းနည်းရလာမှုကြောင့် မှတ် ဉာဏ်များ ရုတ်ခြည်း ဖော်မရ ကြောင့် အားနာဖွယ် ဖြစ်ခဲ့ရပါသည်။

သိန္နီသတ္တုတွင်းနှင့် ပတ်သက်သော ထူးခြားဆန်းကြယ်သည့် ဂမ္ဘီရဖြစ်ရပ်ကို **၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၂၃၅)** တွင် **"သတင်းပေးသော စိန်တွင်းရှင်ကြီး"**ဟု ဖော်ပြခဲ့ဖူးပါသည်။

ထိုစဉ်က သိန္နီသတ္တုတွင်း အတူ (ဌာနခွဲတစ်ခုစီ) တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အင်ဂျင်နီယာ ကိုကျော်ဆန်းဦးနှင့် မမော်တို့ နေကြောင်း သိရပေရာ အလွန် ဝမ်းသာအားရ ဖြစ်မိပါသည်။

အဘယ်ကြောင့် ဝမ်းသာအား ဖြစ်ရသနည်းဆိုသော် ယခုအ တွင် ကျွန်တော်က ပင်စင်စားတ ဖြစ်နေသောကြောင့် နေ့တာမှ အိမ်မှလွဲ၍ ဘယ်ကိုမှ ရောက်သ မရှိ၊ သက်တူရွယ်တူ လုပ်ဖော်ကို ဖက်တို့လည်း သက်ရှိ ထင်ရှား မရှိသလောက်ဆိုတော့ အပေါင်းအသင်းမျှ မလာနိုင် တော့။

ထိုသို့သော အခြေအနေမျိုး ကျွန်တော် အလွန်တရာမှ ကျေ နှစ်သက်စွာ နေထိုင်ခဲ့ရ သိန္နီရွာကလေးကို ယနေ့ လွမ်းမောတသဆဲ။ သိန္နီသ တွင်းတွင် အတူတကွ တာဝန်





ဆောင်ခဲ့ဖူးသူ ကိုကျော်ဆန်းဦးတို့ ဇနီးမောင်နှံ မမျှော်လင့်ဘဲ ရောက်လာသည်ဆိုတော့ ဝမ်းသာကြည်နူးမှုတွေနှင့် လွမ်းမောဖွယ်ရာ သိန္နီရွာလေးမှ ခင်မင်ရသူတို့အကြောင်း ပြောမဆုံးနိုင် ဖြစ်ကြရပါသည်။

ကိုကျော်ဆန်းဦးက ကျွန်တော်ထက် အသက်များစွာ ငယ်သေးသူဖြစ်၍ ပင်စင်စားဘဝ မဖြစ်သေးပါ။

၎င်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးတွင် ထူးခြားဆန်းကြယ်ဂမ္ဘီရဖြစ်ရပ်များကို ကျွန်တော် ရေးသားတင်ပြနေသည်ကို သိသောကြောင့် မကြာသေးသောကာလက သူ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသည့် ဖြစ်ရပ်အား ကိုကျော်ဆန်းဦးက ပြန်လည်ပြောပြရင်း ဗွီဒီယိုမှတ်တမ်းကိုပါ ပြသပါသည်။

ကျွန်တော် အထက်က ရေးသားတင်ပြခဲ့သလို သူပြောငါပြော တစ်ဆင့်စကားဖြင့် မြွေများ အသုဘပို့လေ့ရှိကြောင်း ကြားဖူးသော်လည်း လက်တွေ့တွင် ဘယ်သူမျှ တိကျရေရာစွာ ပြောနိုင်ခဲ့ခြင်း မရှိပါ။

ယခု ကိုကျော်ဆန်းဦးတို့ တာဝန်ထမ်းဆောင်ခဲ့ရာ ကျောက်မိုင်း(Quarry)တစ်ခုတွင် မြွေတစ်ကောင်အား အမှတ်မထင် ရိုက်သတ်လိုက်ကြသည်။

အမှတ်မထင်ဟု ဆိုခြင်းမှာလည်း လူအတော်များများတို့သည် မြွေကို တွေ့လျှင် အန္တရာယ်ကောင်ဟု ယူဆကာ ရိုက်သတ်တတ်ကြသောကြောင့် ဖြစ်ပါသည်။

မြွေအားရိုက်သတ်ပြီး မကြာမီပင် ဟိုမှသည်မှ မြွေများ ရောက်ရှိလာသောကြောင့် အံ့သြစွာဖြင့် ဘာမျှ မလုပ်ဘဲ ကြည့်နေကြပါသည်။

လာကြသော မြွေများကလည်း လူကို ရန်မူမည့်ပုံ မတွေ့ရဘဲ သူတို့ကိစ္စနှင့် သူတို့လာကြပုံ မြင်ရသောကြောင့် လူတွေကလည်း ဘာမျှ မလုပ်ဘဲ ကြည့်နေကြခြင်း ဖြစ်ပါသည်။

သာမန်အားဖြင့်ဆိုလျှင် မြွေ အတော်များများသည် လူနှင့် တွေ့လျှင် ရှောင်ကွင်းသွားတတ်ကြပါသည်။

ယခုမူ မြွေများသည် လူကို လုံးဝ ကြောက်ရွံ့မှု မရှိသလို ရန်မူလိုသည့် လက္ခဏာလည်းမရှိဘဲ လူများကြားမှ တိုးဝှေ့၍ သေဆုံးနေသော မြွေရှိရာသို့ အလုအယက်သွားကာ မြွေသေကောင်ကို စုပေါင်း သယ်ယူသွားကြပါသည်။

နောက်ထပ် ရောက်လာသော မြွေပါဆိုလျှင် အကောင်(၄၀)ခန့် ရှိပါသည်။

မြွေအသုဘအား ဝိုင်းဝန်းသယ်ယူနေသော လှုပ်ရှားဗွီဒီယိုပုံများမှ **Focus** ကောင်းကောင်းရသော တစ်ပုံအား ကျွန်တော်၏ အိမ်မှ **Computer** နှင့် **Color Printer**တို့ဖြင့် ကူးယူပုံထုတ်၍ ပူးတွဲတင်ပြထားပါသည်။

**၎င်း ထူးခြားဆန်းကြယ် ဂမ္ဘီရဆန်သော မြွေရုပ်အား ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့မှ သံတောင်ကြီးမြို့သို့ သွားသော ကားလမ်းဘေး တစ်နေရာရှိ တောင်ငူမှ (၅)မိုင်ခန့်အကွာ ရှေးဟောင်း ကျောက်မိုင်း(Quarry)တွင် တွေ့ရှိခြင်း ဖြစ်ပါသည်။**

ထိုဖြစ်ရပ်ကို ဗွီဒီယိုစီဒီမှ တွေ့မြင်ရသဖြင့် ယခင်က တစ်ဆင့်စကား ကြားခဲ့ဖူးသော မြွေအသုဘချ ပို့ခြင်း ဆိုသည်မှာ ဤသည်ပေလားဟု...

ဖြစ်စဉ်နှင့် ဗွီဒီယိုစီဒီအား ပြသပေးသော ခင်မင်ရသည့် ကိုကျော်ဆန်းဦး(အင်/ယာ)နှင့် မမော်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဓာတ်ပုံ မောင်မောင်အေး**



www.burmeseclassic.com

www.burmeseclassic.com

ယနေ့တိုးတက်နေသော ကမ္ဘာကြီးမှာ သက်ရှိလူသားတိုင်း ရုပ်ဝါဒီတိုးတက်မှု အယူအဆများကိုသာ အများအားဖြင့် လက်ခံလေ့ရှိကြတယ်။ ဤသည်မှာ မှန်သင့်သလောက် မှန်သော်လဲ နာမ်တရားဦးဆောင်မှုဖြစ်သော စိတ်, စေတသိက် မပါရှိလျှင် ဘယ်အရာမှ အဆုံးတိုင်ခရီးကို မရောက်ရှိပါ။ ထို့အတူ နာမ်ဟူသော စိတ်တစ်လုံးကို အပိုင်အနိုင်အသုံးချတတ်ပါက လောကီကိစ္စများ မဆိုထားဘိ နိဗ္ဗာန်ထိတိုင်ပင် မျက်မှောက်ပြုနိုင်ကြောင်း ဘုရားဟော နိပါတ်တော်လာ ဇာတ်ဝတ္ထုများဖြင့် သာဓကပြ၍ ဟောကြားတော်မူခဲ့သည်။ ရှေးဆရာတော်ကြီးများ ရဟန်းကိစ္စ ပေါက်မြောက် အောင်မြင်တော်မူသော ဆရာကြီးများသည် စိတ်ကို နိုင်နင်းရင် အရာရာအောင်မြင်တယ်ကွယ့်ဟု ဆိုဆုံးမခဲ့ဖူးပါတယ်။

ပမာပြုရသော် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထင်ရှားကျော်ကြားခဲ့သော ဝေဘူဆရာတော်ကြီးသည် သူ၏ တပည့်တစ်ဦးကို ဆိုဆုံးမခဲ့သည်မှာ မှတ်သားဖွယ် ကောင်းလှပါတယ်။ ဆိုဆုံးမပုံမှာ...

'ဟဲ့...သူများနိုင်ငံက ဘကြီးနဲ့ပစ်လိုက်မယ်၊ ညာကြီးနဲ့ ပစ်လိုက်မယ်ကို သောကထင်ပြီး ကြောက်နေမယ့်အစား မိမိရဲ့စိတ်ကို နိုင်နင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ရင် အဲဒီ ဘကြီး ညာကြီးတွေကို လက်ညှိုးညွှန်ပြီး လွှဲပစ်လို့ရနိုင်တယ်၊

လက်ခုတ် (မီးဗိုချောင်းသုံးအဝတ်စ)လို ချေးအထပ်ထပ် ဖြစ်နေတာကို အရုပ်ဖြူဖွေးအောင်လျှော်ပြီး ကြိုက်တဲ့အရောင်ဆိုးရင် အရောင်ထွက်လာမှာပေါ့။ ဒါကြောင့် မင်းတို့စိတ်ကို အရုပ်ဖြူဖွေးအောင် ချေးချွတ်ပြီး စိတ်ကိုနိုင်နင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရင် တရားက ပြန်ပြီး စောင့်ရှောက်မှာပေါ့'

ဟု မိန့်ကြားသည်မှာ ကြက်သီးထဖွယ်ရာပင် ဖြစ်ပါတယ်။



ရသဂမ္ဘီရ ကျော်ဝင်းအောင်
(မြည်-ဆည်းမြောင်း)

မယုံမရှိနဲ့

# ကွင်းပိုင်,တောပိုင်,တောင်ပိုင်ဆိုတာ

တကယ်ရှိတယ်

ဒါကြောင့် အချို့သော ပုဂ္ဂိုလ်တွေဟာ နာမ်လောက ကို သိသိကြီးနဲ့ မထေမဲ့မြင် ပြုကြပါတယ်။ ဒါက ထိထိရောက်ရောက် ကိုယ်တွေ့မကြုံဘူးသေးလို့ ကြုံဖူးသွားရင် ဆုံမိမှာတောင် စိုးရိမ်ကြမှာ မလွဲပါဘူး။

အခုတင်ပြမယ့် အကြောင်းအရာဟာ မကြုံဘူးခဲ့ တဲ့လူတစ်ယောက် ဆုံမိသွားတဲ့ တကယ့်ဖြစ်ရပ်မှန်ပါ ပါ။

အချို့ကပြောကြသေးတယ်။ လက်တွေ့ကြုံမှ ယုံမယ်ဆိုတဲ့ သူတွေပါ။ ဘုရားမရှိ,တရားမရှိနဲ့ နာမ်လောကကို စိန်ခေါ်သူတွေဆိုလဲ မမှားပါဘူး။

တကယ်တမ်း လက်တွေ့ကြုံရပြီ ဆိုရင်တော့ စာဖတ်ပရိသတ်တွေ စဉ်းစားကြည့်ပါ။ စိတ်(သို့မဟုတ်)ကိုယ့်မှာ ဒဏ်ရာအနာတရနဲ့ ဖြစ်စေ၊ အသက်ခန္ဓာနဲ့ဖြစ်စေ၊ အလျော်အစား ပေးဆပ်လိုက်ရတဲ့အဖြစ်တွေ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှာ လူမသိလိုက်ရတဲ့ အဖြစ်အပျက်တွေဟာ အများကြီးပါ။

လောကမှာ ဘီလူးစည်း၊ လူစည်းဆိုတာ ရှိပါတယ်။ ကိုယ့်စည်း ကိုယ်မလုံလို့ကတော့ နာမ်လောကမဆိုထားနဲ့ ကြက်တွေ၊ ခွေးတွေ၊ နွားတွေကအစ ဝင်ရောက်လာနိုင်တယ်ဆိုတာ လက်တွေ့ပါ။

ဘုရား,တရား,သံဃာ,မိဘ,ဆရာသမားမှန်း မသိတဲ့ သူတွေ၊ လူကြမ်းရင် နတ်ကြမ်းမခံနိုင်ဘူးဆိုတဲ့သူတွေ၊ မျက်တိမိုက်ကန်း တစ်ဖွတ်ထိုးသမားတွေ၊ နာမ်လောကသားတွေကို စိန်ခေါ်ကြည့်ပါ။ မယုံဘူးဆိုတဲ့သူတွေ ကြုံဖူးသွားအောင် စာရေးသူက စမ်းကြည့်ပါလို့ ပြောကြားလိုက်ပါတယ်။

အခု အဖြစ်အပျက်ကလေးဟာ **နှစ်ပေါင်းသုံးဆယ် သာသာ ပတ်ဝန်းလောက်ကပါ။** ခုနှစ်အတိအကျကို စာရေးသူ မမှတ်မိတော့ပါ။ အခုလက်တွေ့ကြုံဖူးသွားတဲ့ ပုဂ္ဂိုလ်ဟာ စာရေးသူလိုပဲ ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတစ်ယောက်ပါ။

သူဟာ ဝန်ထမ်းအဖြစ်နဲ့ ပဲခူးတိုင်း၊ ပြည်ခရိုင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှာ တာဝန်ထမ်းဆောင်နေတဲ့အတွက် ဘုရင့်နောင်လမ်းမကြီး ဘေးနားက်မှာရှိတဲ့ ရွှေလင်ပန်းဘုရားအနီးက ဆည်မြောင်းပိုင် ဝန်ထမ်းအိမ်ယာမှာ သူ့ရဲ့ဇနီး မိသားစုနဲ့နေထိုင်တဲ့သူပါ။

ထိုပုဂ္ဂိုလ်ရဲ့အမည်ကတော့ ကိုငွေသိန်းပါ။ သူ့ရဲ့ဇနီးကတော့ အမျိုးအားဖြင့် မချိုလို့ခေါ်ပါတယ်။ ကိုငွေသိန်းဟာ ရင်းကိုင်ဘဝနဲ့ အငြိမ်းစားယူပြီး အခု ဆည်တွေမှာ လိုက်ရောင်းနေတယ်လို့ သိရပါတယ်။



ဒါက နာမ်လောကနဲ့ လက်တွေ့ကြုံခဲ့ရတဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးအကျဉ်းဆိုရင်လဲ မမှားပါဘူး။ ကိုငွေသိန်းဟာ ဝန်ထမ်းဘဝ တုန်းက လင်နဲ့မယား လျှာနဲ့သွားဆိုသလို တစ်ခါတစ်ရံ လင်မယားချင်း စကားများလေ့ရှိပါတယ်။

အဲဒါနဲ့ တစ်နေ့မှာ ကိုငွေသိန်းဟာ ရွာက မိတ်ဆွေတွေရဲ့ သတင်းစကားအရ သူ့ရဲ့ မိဘဖြစ်သူ ကျန်းမာရေးမကောင်းကြောင်း သိရှိလိုက်ရတယ်။

ဒါပေမယ့် ဆိုးဆိုးဝါးဝါးကြီးမဟုတ်ပါဘူး။ မိဘဖြစ်သူကို စိတ်ပူတတ်တဲ့သားလဲဖြစ်ပြန်၊ အပေါင်းအသင်းတွေနဲ့တွေ့ရင် ယမကာလေးလောက်တော့ သောက်စားတတ်ပါတယ်။

အဲဒီနေ့မှာ အပေါင်းအသင်းတွေနဲ့တွေ့ပြီး ယမကာလေးကလဲဝင် နှလုံးသားမှာလဲ မိဘကျန်းမာရေးက ဘယ်လိုနေလဲမသိနဲ့ အတွေးများနေချိန် အိမ်ပြန်ရောက်တဲ့အခါ ဇနီးဖြစ်သူမချိုနဲ့ စကားများပြီး မိဘများရှိတဲ့ ပြည်ခရိုင် ဝက်ထီးကန်အပိုင် လျှော်ထုံးရွာကို ဝက်ထီးကန်-ပြည် လိုင်းကားနဲ့ လိုက်သွားပါတယ်။

လျှော်ထုံးရွာကိုတော့ ကိုငွေသိန်းဇနီး မချိုပြောပြချက်အရ ခြေကျင်သွားတယ်လို့ သိရပါတယ်။ သွားတဲ့အချိန်က မှောင်ရီပျိုးစအချိန်ပါပဲ။

တော်ရုံလူတွေ မသွားရဲပေမယ့် ကိုငွေသိန်းကတော့ ကိုယ့်ဇာတိရပ်မြေဆိုတော့ ကြောက်စရာမလိုဘူးပေါ့။ အဲဒီလိုနဲ့သွားလိုက်တာ လမိုက်ညမှောင်မှောင်မည်းမည်းနဲ့ လျှော်ထုံးရွာမရောက်ခင် ကွင်းပြင်ထဲမှာရှိတဲ့ သစ်ပင်ကြီးအောက်မှာ မတ်တပ်ရပ်ပြီး အပေါ့စွန့်မိပါတယ်။

အဲဒီအချိန်ကစပြီး ကိုငွေသိန်းဟာ လျှော်ထုံးရွာကို ဦးတည်ပြီး ယောက်ျားသားခြေလှမ်းနဲ့ သွက်သွက်လှမ်းပြီး သွားလိုက်တာ နှစ်နာရီ,သုံးနာရီကြာသော်လဲ လျှော်ထုံးရွာကို မရောက်တော့ဘဲ ကွင်းပြင်ထဲမှာ တစ်ဝဲလည်လည်ဖြစ်ပြီး လမ်းပျောက်နေပါတယ်။ နောက်ဆုံး သူ အပေါ့စွန့်ခဲ့တဲ့ သစ်ပင်ကြီးအောက်ကို ပြန်ပြန်ရောက်နေတာ လေး,ငါးကြိမ်မက ရှိနေတဲ့အတွက် အရက်မူးပြေပြီး သတိဝင်လာကာ ကွင်းပိုင်,

www.burmeseclassic.com



နယ်ပိုင်,တောပိုင်တွေက မျက်စိမှောက် တောမှောက် ထားသလား မသိဘူးဆိုကာ သစ်ပင်ကြီးကို…

‘ဤသစ်ပင်ကို စောင့်ရှောက်နေထိုင်သော ရုက္ခစိုးကြီးနဲ့ ကွင်းပိုင်, နယ်ပိုင်, တောပိုင်, တောင်ပိုင်ကြီးခင်ဗျား…။ ကျွန်တော်မသိလို့ အပေါ့စွန့်မိပါတယ်။ လမ်းလျှောက်လာ၍ မအောင့်နိုင်တာလဲ ပါ,ပါတယ်။ မိတ်ဆွေများ ကျွန်းမာရေးမကောင်းသည်ဟု သတင်းကြား၍ စိတ်ပူပန်သောကြောင့် လာခြင်းပါ။

လမ်းလဲမမြင်ရဘဲ လမ်းပျောက်နေပါတယ်။ လမ်းလဲပြတော်မူပါ။ ကျွန်တော် မသိနားမလည်လို့ အပေါ့စွန့်မိသည်ကိုလဲ တောင်းပန်ပါတယ်။ ခွင့်လွှတ်တော်မူပါခင်ဗျာ’

ဟု ပြောဆိုတောင်းပန်ပြီး မောမောနဲ့ သစ်ပင်ကြီးအောက်တွင် ခေတ္တခဏနားနေစဉ်အတွင်း ခပ်ဝေးဝေးမှ မီးအုပ်ဆောင်းနဲ့ ဖားရိုက်ထွက်လာသူနှစ်ဦးသည် သူနားနေရာသစ်ပင်အောက်သို့ ရောက်လာ၍ ကြည့်လိုက်ရာ ဖားရိုက်ထွက်လာသူ သားအဖနှစ်ဦးဖြစ်နေသည်ကို မြင်တွေ့လိုက်ရတယ်။

သို့အတွက် ကိုငွေသိန်းဟာ ထို ဖားရိုက်ထွက်လာသူ သားအဖနှစ်ဦးကို အကူအညီတောင်းလိုက်ပါတယ်။

ထိုအချိန်မှာ ကိုငွေသိန်းဟာ ခေါင်းကြီးသွားပြီး ကြက်သီးမွေးညင်းထသွားတာကို သတိထားမိလိုက်ပါတယ်။

‘အဘ… ကျွန်တော့်မိတ ကျွန်းမာရေးမကောင်းလို့ လျှော်ထုံးရွာကို သွားမလို့ဟာ လမ်းမသိလို့ လမ်းပျောက်နေတယ်။ ကျွန်တော်ကို ကူညီပါဦး ခင်ဗျာ’

အဲဒီလို အကူအညီတောင်းလိုက်တဲ့အခါ အသက်ကြီးသူအဘကြီးမှ…

‘ကဲ…ကဲ ငါတို့နောက်ကလိုက်ခဲ့။ ရွာထိပ်အထိ လိုက်ပို့ပေးမယ်’

ပြောပြောဆိုဆို ဖားရိုက်ထွက်လာတဲ့ သားအဖနှစ်ယောက်က ရှေ့ကထွက်သွားတဲ့အတွက် ကိုငွေသိန်းဟာ ခြေလှမ်းသွက်သွက်နဲ့လိုက်ခဲ့ပေမယ့် သားအဖနှစ်ယောက်ရဲ့ခြေလှမ်းကို မမီဘူး ဖြစ်နေပါတယ်။

အဲဒီလို ခပ်သွက်သွက်နဲ့ လိုက်ခဲ့တဲ့ ကိုငွေသိန်းဟာ မကြာခင်အတောအတွင်းမှာ လျှော်ထုံးရွာထိပ်ကိုရောက်ရှိလာပါတော့တယ်။

ဖားရိုက်ထွက်လာတဲ့ အသက်ကြီးတဲ့လူကြီးက ကိုငွေသိန်းကို လက်ဟန်နဲ့ ညွှန်ပြပြီး ကိုငွေသိန်းဘေးကနေ ပြန်ထွက်သွားတဲ့အခါ ကိုငွေသိန်းဟာ ဖားရိုက်ထွက်လာတဲ့ သားအဖကို သစ်ပင်ကြီးအောက်မှာ ပထမအကြိမ်တွေ့တုန်းကလို ခေါင်းတွေဘာတွေကြီးပြီး ကြက်သီးထသွားပါတယ်။

ကိုငွေသိန်းလဲ သူ့အတွေးနဲ့အတူ ဝါးတစ်ပြန်လောက် လျှောက်သွားမိပြီးမှ ကျေးဇူးတင်စကားပြောရန် ကွင်းပြင်ထဲသို့ လှမ်းကြည့်လိုက်ရာ မီးအုပ်ဆောင်းနဲ့ လူမဆိုထားနဲ့ ခွေးတစ်ကောင်ကြောင်တစ်မြီးမှ မတွေ့ရှိရတော့ပါ။

အဲဒီတော့မှ ကိုငွေသိန်းလဲ ကြောက်ကြောက်လန့်လန့်နဲ့ ရွာထဲကို ခြေကုန်သုတ် လျှောက်လိုက်ပါတယ်။

နောင်အခါ လူကြီးသူမများ၏ ပြောဆိုဆုံးမစကားကြောင့် ကွင်းပြင်ထဲမှာ သစ်ပင်ကြီးအောက်တွေမှာ အပေါ့အလေးမစွန့်မိဖို့နဲ့ အပေါ့စွန့်ချင်တောင် မတ်တပ်ရပ်မစွန့်မိဖို့ တောင်းပန်တိုးလျှိုးပြီးသွားဖို့ ပြောဆိုဆုံးမတာနာခံခဲ့ရဖူးပါတယ်။

ကိုငွေသိန်းဟာ မိဘအတွက် ရတက်ဖော်နဲ့မှားတာကို တောင်းပန်ဝန်ချတာ ခွင့်လွှတ်သည်းခံပြီး ဘေးမသီရန်မခအောင် ရွာဦးထိပ်အထိ လိုက်လံပို့ဆောင်သူများမှာ ယနေ့အထိ **မြို့တော်ရှင်လား, ရွာတော်ရှင်လား, ကွင်းပိုင်လား,တောပိုင်လား,တောင်ပိုင်လား,မခွဲခြားတတ်သလို** နောက်နောင် ဘယ်တော့မှ မလေးမစားလုပ်ရဲမှာမဟုတ်တော့ပါဘူး။

ဒါကြောင့် ဆိုင်ရာပိုင်ရာ တကယ်ရှိတယ်ဆိုတာ လက်တွေ့ကြုံလို့ ယုံသွားရသူတစ်ဦးရဲ့ ဖြစ်ရပ်မှန်လေးကို တင်ဆက်လိုက်ရပါတယ်။

**[ကိုငွေသိန်း(စာရင်းကိုင်) အငြိမ်းစားဇနီးမ၏ ပြောပြချက်ကို ခံစားတင်ပြပါတယ်။]**

ရသဂမ္ဘီရ ကျောင်းဝင်းအောင်
(မြည်-ဆည်းမြောင်း)



နိမိတ်များ

# အတိုက်များ

ဖိုးမင်း
(ပန်း-မှ)





၂၀၀၆ ခုနှစ်၊ ဧပြီလတွင် …နယ် အရံမီးသတ်တပ်ဖွဲ့က …မီးသတ်ဦးစီးမှူး ကိုချစ်ချစ် …စ်ယောက် စာရေးသူအိမ်သို့ …ရောက်ရှိလာခဲ့ပါသည်။

အိမ်ရှေ့ကနေ၍…

‘ဆရာရှိပါလား’

ဟူ၍ လှမ်း၍မေးသဖြင့် …စာရေးသူ၏ သမီးအငယ်က…

‘ဖေဖေရှိတယ်၊ အိမ်အပေါ်ထပ်မှာ’

ဟု ပြောလိုက်ရာ ကိုချစ်ချစ် အိမ်ထဲဝင်လာပြီး …အပေါ်ထပ်ကို တက်ရောက်လာပါသည်။ ဘုရားခန်း…ရှေ့တွင်…

‘ဟာ…ကိုချစ်ချစ်ပါလား။ လာဗျာ… ဒီမှာပဲ ထိုင်ကြ…တာပေါ့’

ဟု ဆိုကာ ဘုရားခန်းရှေ့တွင် ထိုင်လိုက်ကြသည်။

…စာရေးသူက…

‘ကဲ…ကိုချစ်ချစ် ရေနွေးသောက်ဦးဗျာ၊ လာရင်း…ကိစ္စကိုလဲပြော’

ဆိုလိုက်ရာ…

ကိုချစ်ချစ်က…

‘ဒီလိုပါ ဆရာ…ကျွန်တော့်အိမ်မှာ ပျားစွဲနေလို့ ပျားအုံက …ပြည်းပြည်း ကြီးကြီးလာတယ် ဆရာ၊ အဲဒါကို ပြချင်လို့ ဆရာ့…အနေနဲ့ ခဏလောက် လိုက်ကြည့်ပေးစေလိုပါတယ် ဆရာ’

‘ဪ…ဒီကိစ္စအတွက်လား’

‘ဟုတ်ကဲ့ပါဆရာ…ဒီပျားအုံကြောင့် ကျွန်တော်တို့ မိသားစုနေထိုင်ရတာ ခက်ခဲမှုရှိနေပါတယ်’

စာရေးသူက…

‘ကိုချစ်ချစ်အိမ်က ပျားအုံက ဘယ်နေရာမှ စွဲနေတာလဲ’

ဟု မေးလိုက်ရာ…

‘ပျားအုံက အိမ်ထဲကို ဝင်တဲ့ အဝင်ဝဘေးနားက တံခါးပေါက်ပေါ်မှာပါ’

‘ဒီလိုဆို ကိုချစ်ချစ်…အရင်သွားနှင့်၊ ကျုပ် နောက်က လိုက်လာခဲ့မယ်’

ဟု ပြောလိုက်သောအခါ ကိုချစ်ချစ် ပြန်သွားသည်။

စာရေးသူ ညနေ(၆)နာရီခန့် အချိန်တွင် ကိုချစ်ချစ်အိမ်သို့ ရောက်ရှိသွားရာ **ပျားအုံကြီးက အိမ်ဝင်ဝဘေးနားက တံခါးပေါင်မှာဆိုတော့ ဝဲပျံနေတဲ့ ပျားတွေက** တံခါးပတ်ဝန်းကျင်တွင် ရှိနေကြသည်။

စာရေးသူ တွေးပြီး စဉ်းစားလိုက်သည်။ ဆရာသမားများ၏ ညွှန်ကြား သင်ကြားဖူးသော အကြောင်းအရာတစ်ခု စိတ်ကူးထဲမှ ပေါ်လာသည်။

“‘အတိုက်များ နိမိတ်များ”ကို ပဋ္ဌာန်းက နိုင်တယ်။ ပဋ္ဌာန်း ၂၄ ပစ္စည်းကို ရွတ်ဖတ်ပြီးသွားပါက ပျားမထိုးပါ’

စာရေးသူ ပဋ္ဌာန်း ၂၄ ပစ္စည်းကို ရွတ်ဖတ်ပြီး၊ အိမ်ထဲ ဝင်သွားသည်။ ကိုချစ်ချစ်တို့ ဘုရားခန်းရှေ့တွင်





www.burmeseclassic.com

www.burmeseclassic.com

ထိုင်ကြသည်။

'ကိုချစ်ချစ်တို့ မိသားစုကို ဒီပျားအုံကိစ္စနဲ့ပတ်သက်ပြီး ကျုပ် အကြံပေးမယ်ဗျာ'

'ဒီပျားအုံမျိုးဟာ နိမိတ်ပျား(သို့မဟုတ်) အတိုက်ပြုထားတဲ့ ပျားတစ်ခုခုတော့ ဖြစ်နိုင်တယ်။ ဘယ်လိုပျားပဲဖြစ်ဖြစ် ခင်ဗျားတို့ မိသားစုအားလုံး ဒီနေ့ညကစပြီး ပဋ္ဌာန်း ၂၄ ပစ္စည်းကို (၂၄)ရက် တိတိ ရွတ်ဖတ်ပူဇော်ပါ။

ပဋ္ဌာန်းရွတ်ဖတ်နေ့တိုင်း ရေစင်တစ်ခွက် ရှေ့မှာ ထားပြီးရွတ်ပါ။ ရွတ်ဖတ်ပြီးသောအခါ အဲဒီ ပဋ္ဌာန်းရေစင်နဲ့ "နင်တို့လာရာလမ်း နင်တို့ပြန်"လို့ ပြောဆိုကာ ပက်ဖျန်းပေးပါ။ ရက်ပိုင်းအတွင်း ပြောင်းရွှေ့သွားကြပါလိမ့်မယ်'

ဟု စာရေးသူ အကြံပေးလိုက်သည်။

ခဏအကြာ ကိုချစ်ချစ်၏ ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်းက ပျားအုံကြီးကို ကြည့်နေရင်း ခြေတွေလက်တွေ တုန်တုန်ယင်ယင်ဖြစ်လာပြီး စာရေးသူဘက်သို့ လှည့်ကာ လက်အုပ်ချီပြီး...

'ဆရာ...ဆရာ ကျွန်တော့်ကို ကယ်ပါဦး ဆရာ... ကယ်ပါဦး ဆရာ'

စာရေးသူက ဒီလိုကိစ္စများကို အတွေ့အကြုံရှိသည်။

'ဟဲ့...ခု ဝင်ပူးနေတာ ဘယ်သူလဲ ပြောစမ်း'

ဟု အမိန့်ပေးလိုက်ရာ...

'ကျွန်တော် ခင်စိုးပါ ဆရာ... ဒီအိမ်က ကျွန်တော့်အိမ်ပါ။ ဒီဦးလေးချစ်ချစ်က ကျွန်တော့် အိမ်ကို လုယူထားတာပါ။ ကျွန်တော် မကျေနပ်လို့ ခုလို လုပ်ထားတာပါ ဆရာ'


ဟု ပြောလာသည်။

စာရေးသူက...

'ကဲ... ကိုချစ်ချစ် ကိုခင်စိုး ဆိုတာက ရှင်းပြပါဦးဗျာ'

'ဒီလိုပါ ဆရာ...ခင်စိုးဟာ ကျွန်တော့်အစ်မရဲ့ သားပါ၊ တူတော်ပါတယ်'

ကိုချစ်ချစ်က အနည်းငယ် ဒေါကန်သွားပြီး...



'ဟေ့ကောင်ခင်စိုး... ဒီအိမ်က မင်းနဲ့ ဘာဆိုင်လဲကွာ။ ဒီအိမ်က ငါ့အမေ ပိုင်အိမ်ကွ။ အမေဆုံးသွားတော့ ငါပိုင်တာပေါ့၊ ဒါကြောင့် ငါနေတာပါ'

အမေဆုံးတာ အနှစ်(၂၀)ခန့်ရှိပြီး မင်းလဲ ဆုံးတာ (၂)နှစ်ရှိပြီ ဆိုတော့ ဒီအိမ်ကို ငါစောင့်ရှောက်ဖို့ တာဝန်ရှိလို့ ငါနေတာပေါ့'

ဟု ပြောလိုက်သည်။

ဝင်ပူးနေသူ မောင်ခင်စိုးက ငိုပြီး...

'ဦးလေး ယခု ကျွန်တော်မှာ နေစရာမရှိလို့ အိမ်ရှေ့က ကုက္ကိုပင်မှာ နေနေရတယ်။ အိမ်ထဲကိုလဲ ဝင်မရဘူး။ အိမ်စောင့်နတ်က တားထားတယ်။

ကျွန်တော် ဒုက္ခရောက်နေတယ်။ ထမင်းစားစရာ,စားစရာ,နေစရာ မရှိ ဖြစ်နေတယ်'

ဟု သနားစရာ တောင်းခံပြောနေသည်။

စာရေးသူက ကြားဖြတ်ပြီး...

'ကဲ...မောင်ခင်စိုး၊ မင်းကို ဒုက္ခက ကယ်ဖို့ ဘာလုပ်ပေးရမှာလဲ ပြောပါ။ မင်းဆန္ဒအတိုင်း ဖြစ်စေရမယ်ကွာ'

ဟု ပြောလိုက်ရာ မောင်ခင်စိုးက...

'ကျွန်တော် ကောင်းတဲ့နေရာ သွားချင်တယ် ဆရာ၊ မနက်ဖြန် ဂန္ဓာရုံကျောင်းဆရာတော်ထံသွားပြီး ကျွန်တော်အတွက် သင်္ဃန်း သွတ်ပြီး အမျှဝေပေးပါ။ သွားခါနီး ကုက္ကိုပင်ကနေ ကျွန်တော့်ကို ခေါ်ပါ။ သာဓုခေါ်ပြီးရင် ကျွန်တော် ကျွတ်လွတ်မှာပါ'

စာရေးသူက...

'ကောင်းပြီ... ဒါဆို မင်း ဖြစ်လိုတဲ့ ဆန္ဒအတိုင်း ဖြစ်အောင် ကူညီပေးမယ်၊ ဘုရားရှိခိုးပြီး မင်းပြန်ပါ'

ဟု ပြောလိုက်ရာ ဘုရား ရှိခိုးပြီး ထွက်သွားသည်။

စာရေးသူက ကိုချစ်ချစ် တို့ဇနီးမောင်နှံကို မနက် ဖြန်ခါ မောင်ခင်စိုး၏ ဒုက္ခကို ကယ်ဖို့ ဆရာတော်ထံ သွားပြီး အမျှအတန်း ပေး ကြဖို့ ကတိပြုနိုင်းလိုက် သည်။

တစ်ပတ်ခန့်ကြာသောအခါ ကိုချစ်ချစ်တို့ ဇနီးမောင်နှံနှစ်ယောက် စာရေးသူအိမ်သို့ လက်ဆောင်ပစ္စည်းများနှင့် ရောက်ရှိလာကြသည်။



ကိုချစ်ချစ်က...

'ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ ပျားအုံကြီးလဲ သင်္ဃန်းသွတ် အမျှဝေပြီး (၃)ရက်အကြာမှာ ပြောင်းရွှေ့သွားကြတယ်၊ ခုတော့ မိသားစုအားလုံး စိတ်ချမ်းသာသွားပါပြီ ဆရာ'

ဟု ပြောပါသည်။

စာရေးသူက ကိုချစ်ချစ်နှင့် မောင်ခင်စိုးတို့၏ မကျေမနပ် ဖြစ်ခဲ့ရသည့်အကြောင်းကို မေးကြည့်သောအခါ ကိုချစ်ချစ်က...

'ဒီလိုပါ ဆရာ... ကျွန်တော် ငယ်စဉ်က ဒီအိမ်မှာ နေပြီး ကျောင်းတက်၊ အလုပ်ဝင်တဲ့အထိ မိဘများနဲ့ အတူနေခဲ့ဖူးပါတယ်။

ကျွန်တော် အိမ်ထောင်ကျပြီး အမှတ်(၅)ရပ်ကွက်မှာ ပြောင်းပြီး နေလိုက်တယ်။ အမေကတော့ အဖေဆုံးပြီးတဲ့နောက် ကျွန်တော်ရဲ့အစ်မဖြစ်သူ ဒေါ်သန်းမြင့် (မုဆိုးမ)ကို သားသမီး(၂)ယောက်နဲ့အတူ ဒီအိမ်ခေါ်ထားပြီး နေကြတယ်။

အစ်မဒေါ်သန်းမြင့်မှာ သမီးတစ်ယောက်၊ သားတစ်ယောက်ရှိတယ်။ သမီးဖြစ်သူ မအေးမြင့်က ကြို့ပင်ကောက်မှာ အိမ်ထောင်ကျပြီး ရန်ကုန်မှာ အထိုင်ချပြီး နေကြတယ်။

ဒီ မောင်ခင်စိုးကတော့ အိမ်ထောင်မရှိ (လူပျို လူလွတ်ပါ) ကျွန်တော့်အမေဆုံးတော့ ဒီအိမ်မှာ သူတို့ သားအမိ(၂)ယောက်က နေကြတယ်။

သိပ်မကြာဘူး။ သူတို့အမေ ဒေါ်သန်းမြင့်ဆုံးတယ်။ ဒီနောက် ဒီမောင်ခင်စိုးတစ်ယောက်တည်းပဲ ဒီအိမ်မှာ နေတယ်။

ကျွန်တော်လဲ အလုပ်ကိစ္စတွေများတဲ့အတွက် ဒီအိမ်ကို မရောက်တာ နှစ်အတော် ကြာသွားတယ်။ (၅)ရပ်ကွက်ကနေ ဒီအိမ်ပြန်နေမယ်လုပ်တော့ ဒီမောင်ခင်စိုးက ဒီအိမ်က သူ့အိမ်ဆိုပြီး ကျွန်တော့်ကို ကန့်ကွက်တယ်။ ပြန်နေထိုင်ခွင့် မပေးဘူး။ ဒီအိမ်ကိစ္စနဲ့ ပတ်သက်ပြီး ရုံးတက်ရှင်းရတဲ့အထိ ဖြစ်ခဲ့ကြရတယ်။

သက်ဆိုင်ရာ အဖွဲ့အစည်းတွကလဲ ကျွန်တော်ရဲ့ မိဘပိုင်အိမ်ဖြစ်တဲ့အတွက် ကျွန်တော်ကို အနိုင်ပေးပါတယ်။ ဒါပေမယ့် ဒီမောင်ခင်စိုးက (လုံးဝ)ကို မကျေနပ်ဘူး။

ကျွန်တော် အနိုင်ရပေမယ့် ပြောင်းရွှေ့မလာဘဲ (၅)ရပ်ကွက်မှာပဲ ဆက်ပြီး နေထိုင် ဖြစ်သွားပါတယ်။ လွန်ခဲ့တဲ့ (၂)နှစ်ဝန်းကျင်က ဒီမောင်ခင်စိုး ငှက်ဖျားရောဂါနဲ့ ဆုံးတယ်။ အိမ်ကလဲ လူမရှိတော့ ပျက်စီးလာတာပေါ့

ပြီးခဲ့တဲ့လက ကျွန်တော် ပြောင်းရွှေ့လာခဲ့တယ်။ ဒီအိမ်ရောက်ပြီး (၂)ပတ်ခန့်အကြာမှာ ဒီပျားအုံကြီး ဖြစ်ပေါ်တယ်။ ကျွန်တော်လဲ အစပိုင်းတော့ ရိုးရိုးပျား တွေပဲဟု မှတ်တာပါ။

နောက်တော့ တဖြည်းဖြည်း ကြီးကြီးလာပြီး မိသားစု တွေ ဝင်/ထွက်သွားရတာ ခက်ခဲလာတယ်။

ဒါကြောင့် ဆရာ့ဆီလာပြီး ဒီပျားအုံကို ဘယ်လိုလုပ်ရင် ကောင်းပါ့မလဲလို့ အကြံတောင်းခံခဲ့တာပါ'

စာရေးသူက...

'ကိုချစ်ချစ်တို့မိသားစု ခုအခါမှာ ဒီပျားအုံကိစ္စ ရှင်းသွားပြီဆိုတော့ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ကြပြီပေါ့ဗျာ'

'လောကမှာ ပျားအုံတွေမှာ ရိုးရိုးပျားအုံတွေ ရှိသလို (အတိုက်ပျား) နိမိတ်ပျားဆိုတာရှိတယ်။

အတိုက်ပျားက တစ်စုံတစ်ရာ(ပယောဂ)ကြောင့် ဖြစ်ပေါ်တယ်။ နိမိတ်ပျားကတော့ မိမိ ကံတရား အားနည်းမှုကြောင့်ဖြစ်ပေါ်တယ်

ခု ကိုချစ်ချစ်တို့ ပျားအုံကတော့ (အတိုက်)ပျားဖြစ်တယ်။ ဘာပဲ ဖြစ်ဖြစ်ပေါ့ဗျာ (ပဋ္ဌာန်း)ကို နေ့စဉ် ရွတ်ဖတ်ပူဇော်ပေးပါ။ ပျားကို နိုင်တာ ပဋ္ဌာန်းပဲ'

ဟု ပြောပြလိုက်ပါသည်။

ဗိုလ်မင်း(မင်းလှ)







www.burmeseclassic.com

www.burmeseclassic.com



ဖျော်လင့်မထားသော

# အကျွတ်အလွတ်ပွဲတစ်ခု

မနှင်းသီ
(ဇိုက်ပျိုးရေးသုတေသနဦးစီးဌာန)
ရေဆင်း-နေပြည်တော်

မိဘတွေရဲ့ ဇာတိမြေက ဆုတောင်းပြည့်ဘုရားကို သွားဖူးရင်း အစ်မဝမ်းကွဲ တစ်ယောက်ကြောင့် အမှတ်မထင်ဘဲ လုပ်ဖြစ်သွားတဲ့ အကျွတ်အလွတ်ပွဲကလေး တစ်ခု အကြောင်း ပြောပြချင်ပါတယ်။

စာရေးသူရဲ့မိဘတွေ ဇာတိက မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီးဆိုတဲ့ ရွာပါ။ ရွာမှာက ရှေးဘုရားတွေ၊ ရှေးသိမ်တွေရှိပြီး တန်ခိုးကြီးတယ်လို့ ပြောလို့ရအောင်... သိမ်တွေထဲမှာရှိတဲ့ ဘုရားနဲ့ မြေပေါက်စေတီတချို့က ရောင်ခြည်တော်တွေ လွှတ်တာကို ရွာသူရွာသား တော်တော်များများလိုလို ဖူးတွေ့ဖူးကြပါတယ်။

ပျူခေတ်က တည်ခဲ့တယ်ဆိုတဲ့ ပျူဘုရားလို့ ခေါ်တဲ့ ရွာအနောက်ဘက် ဆုတောင်းပြည့်စေတီနဲ့... **အဲဒီစေတီကနေ တစ်မိုင်လောက်ကွာတဲ့ သစ်ဆုံရွာနဲ့ မြင်းခြံရွာကြား သစ်ဆုံရွာထိပ်က မြသိန်းတန်စေတီ**တို့ လပြည့်လကွယ်ညတွေမှာ ရောင်ခြည်တော် အပြန်အလှန်ကူးကာ ရောင်ခြည်တော်တွေ ကွန့်မြူးတာကို စာရေးသူကိုယ်တိုင် ဖူး,ဖူးပါတယ်။ အဲသလိုပဲ သစ်ဆုံရွာက လူတော်တော်များများလဲ ဖူး,ဖူးကြပါတယ်။

ဆုတောင်းပြည့်ဘုရားက မြေပေါက်စေတီပါ။ အုတ်ခုံက ရင်စို့လောက် မြင့်ပါတယ်။ အုတ်လေ့ကားနဲ့ တက်ရပါတယ်။ ဘေးမှာ အရံတံတိုင်း ပါ,ပါတယ်။ ဉာဏ်တော်က ပေ(၁၅)ပေလောက်တော့ မြင့်ပါတယ်။

ဘုရားမှာ လိုဏ်ဂူပါ,ပါတယ်။ လိုဏ်ဂူရဲ့ မုခ်ပေါက်က **အရှေ့လှည့်ပြီး အတွင်းမှာ အရှေ့ဘက်ကို မျက်နှာမူထားတဲ့ တင်ပျဉ်**... **ဘုရားတစ်ဆူ** ရှိပါတယ်။ ဘုရား... ပျူတွေတည်ခဲ့တဲ့ ဘုရားလို့ ဆို... မယ့် ရုပ်ပွားတော်ကတော့ နော... လူတွေ ပြုပြင်ထားတဲ့ ရုပ်ပွား... လက်ရာပါပဲ။

ပျူဘုရားဆိုလို့ ပြောပြပါဦးမယ်... သစ်ဆုံရွာ အနောက်တံခါးနဲ့ ... (၃၀၀)လောက်အကွာ ယာခင်း... ကွက်ထဲမှာ ပျူခေတ်က မြေ... တံရိုးတို့၊ ကျောက်လက်နက်... ပုဆိန်သွားအပြားလို ဟာမျိုးတွေ... စာရေးသူတို့ ငယ်ငယ်တုန်း... မကြာခဏ တွေ့ရဖူးပါတယ်။

အခုချိန်ထိ စာရေးသူအိမ်မှာ... မြေခေးတံအိုးတစ်ခု၊ ကျော်... ပုဆိန်အပြားတစ်ခုကို သိမ်းထားတာ ရှိပါတယ်။

ရှေးတုန်းက ပျူလူမျိုးတွေ နေထိုင်ခဲ့တဲ့နေရာမို့ ဆုတောင်းပြည့်စေတီသည်လဲ ပျူလူမျိုးတွေ တည်ခဲ့တဲ့ ဘုရားပါလို့ ရှေးလူကြီးသူမများက ပါးစပ်ရာဇဝင်အဖြစ် ထားခဲ့ကြပါတယ်။

ပျူခေတ်ဆိုတဲ့ ရာဇဝင်နဲ့ ပတ်သက်ပြီးတော့လဲ ပြောပြချင်ပါသေးတယ်။ ရပ်အကြောင်း ရွာအကြောင်းနဲ့ ပတ်သက်လာလို့ စပ်မိစပ်ရာ ပြောရရင် သစ်ဆုံကြီးရွာရဲ့ တောင်ဘက် ''ရှမ်းဘုရား'' ဆိုတဲ့ ရွာက တော်တော်ချောတဲ့ မယဉ်မေဆိုတဲ့ ရွာသူတစ်ယောက်က အ,သုံးလုံး ခေတ်တုန်းက (ဘယ်သူပြိုင်လို့ လှပါတော့နိုင် အ,သုံးလုံး ဇာတ်ကားလိုမျိုးပေါ့။) လုပ်အားပေးလာတဲ့ တက္ကသိုလ်ကျောင်းသားတစ်ယောက်နဲ့ ရပါတယ်။

အဲဒီကျောင်းသားက ဘွဲ့ရပြီးနောက် စာရေးသူတို့ ရနောင်ကျောင်းက တွဲဖက် အထက်တန်းကျောင်းမှာ အင်္ဂလိပ်စာပြတဲ့ စာရေးသူတို့ရဲ့ဆရာ ဖြစ်ခဲ့ပါတယ်။

ဆရာ့အမည်က ဦးစိုးညွန့်ပါ(ယခု ကွယ်လွန်)၊ အဲဒီ ဆရာဦးစိုးညွန့်က ရန်ကုန်တက္ကသိုလ်က ဆရာတွေနဲ့ ကျောင်းသားတွေကို ခေါ်လာပြီး ရှမ်းဘုရားရွာနဲ့ သစ်ဆုံရွာကြားက ရှေးက တည်ခဲ့တဲ့ ဘုရားတွေကို လာရောက် လေ့လာသွားကြပါတယ်။

အဲဒီတုန်းက လေ့လာရေးအဖွဲ့တွေက စာရေးသူတို့ သစ်ဆုံကြီးရွာနားက **ရွာဆိုးကုန်း၊လို့ ခေါ်ကြတဲ့ ပျူရွာဟောင်းနေရာ**ကနေ စာရေးသူဆီမှာရှိတဲ့ ပျူမြေခေးတံအိုးမျိုးတွေ တစ်လွယ်အိတ်လောက် ကောက်သွားကြတယ်လို့ ကြားဖူးပါတယ်။

ဆုတောင်းပြည့်စေတီနဲ့ ပတ်သက်တဲ့ ထူးဆန်းတဲ့အကြောင်းအရာတစ်ခုကို ဘာသာရေး ဗဟုသုတအနေနဲ့ တင်ပြချင်ပါသေးတယ်။

စာရေးသူတို့ မိဘတွေကလဲ ဒီဒေသပေါက်တွေဆိုတော့ စာရေးသူရဲ့ အဘိုး(၉) ဒိုင်အုပ် သူကြီး ဦးဘဒင်ရဲ့ လက်ထက်က အခါကြီးရက်ကြီးတွေမှာဆို ဆုတောင်းပြည့်ဘုရားကုန်းမှာ စတုဒိသာကျွေးပြီး ကုသိုလ် လုပ်လေ့ရှိတဲ့အကြောင်း...

အဲဒီအခါမှာ ရွာနဲ့ တစ်မိုင်လောက်ဝေးတဲ့ တောထဲက ဆုတောင်းပြည့် ဘုရားကုန်းမှာ ကုသိုလ်လုပ်တာကို ဝေယျာဝစ္စ လုပ်ကိုင်ကူကြတဲ့ ရွာသူရွာသားတွေက ဘုရားကုန်းမှာပဲ စုပေါင်းပြီး ညအိပ်ကြတာပေါ့။

အဲဒီမှာပဲ မလင်းခင် ဝေလီဝေလင်းအချိန်မှာ ဆွမ်းကွမ်းချက်ဖို့ အစောထကြတဲ့အခါမှာ **ဝါးခနဲ သမ်းဝေလိုက်တဲ့ ပါးစပ်အကြီးကြီးထဲက ထွက်လာတဲ့ အသံကျယ်မျိုးကြီးကို ဆွမ်းချက်တဲ့ အဖွဲ့တစ်ဖွဲ့လုံး ကြားကြရတယ်တဲ့။**

အဲဒီအခါမှာ ဗဟုသုတရှိတဲ့ သက်ကြီးရွယ်အိုတွေက...

'ဒီအနီးအနားမှာရှိတဲ့ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်တွေလား၊ ဒါမှမဟုတ် ဒီဘုရားက အစောင့်အရှောက်တွေလားပေါ့၊ သူတို့ ဒီအနီးနားမှာ နေရတာ ငြီးငွေ့နေပြီ ကျွတ်ချင် လွတ်ချင်ပြီဆိုတဲ့ အကြောင်း လူတွေကို အသိပေးတာနဲ့ တူပါရဲ့ကွယ်' လို့ ပြောကြပါတယ်။

မနက်ကျ ကုသိုလ်လုပ်ပြီးရင် သူတို့ကိုလဲ ထည့်ပြီး အမျှဝေပေးလိုက်ကြပါလို့ ပြောတယ်တဲ့။

အဲဒီအကြောင်းကို မိခင်ကြီးက ပြောပြတော့ တွေးမိပါတယ်။ စာရေးသူရဲ့ အတွေးက အဲဒီ ဝါးခနဲ သမ်းဝေလိုက်တဲ့ ပုဂ္ဂိုလ်သာ ပျူခေတ်ကတည်းက ပုဂ္ဂိုလ်တွေဖြစ်ခဲ့ရင် သမိုင်းကြောင်းအရဆိုရင် အနှစ်(၇၀၀)ကျော်လောက် ရှိပြီပေါ့။

ဒါဆိုရင် နှစ်ပေါင်းကြာပြီဆိုတော့ ငြီးငွေ့နေလောက်ပြီပေါ့...သနားပါတယ်လို့ တွေးနေမိပါတယ်။ ကလေးဘဝကတည်းက အဲဒီအကြောင်းကို အမေက ပြောပြတော့ အဲဒီပုဂ္ဂိုလ်တွေကို သနားနေမိပါတယ်။

ငါ အသက်ကြီးလာလို့ အခါအခွင့်သင့်ရင် သူတို့ကို အကျွတ်အလွတ်ပွဲတစ်ခုလောက်တော့ လုပ်ပေးချင်တယ်ဆိုတာက ကလေးဘဝကတည်းက စိတ်ထဲမှာ ရှိနေခဲ့ပါတယ်။

ဒီလိုနဲ့ အချိန်တွေ ကြာလာတာနဲ့ အမျှ စာရေးသူ အသက်(၅၀)ကျော်လာတော့ ရွာပြန်သွားရင် ... တစ်နှစ်မတူ ပြောင်းလဲမှုတွေက အများကြီးပါ။ ... ထဲက အကြိုအပိုင်းတွေဆိုရင် ဒီနှစ်

www.burmeseclassic.com

တွေ့တဲ့လူ နောက်နှစ် မတွေ့ရတော့ပါ။

စာရေးသူရဲ့ မိဘတွေ အပါအဝင် အသက်ကြီးပိုင်းတွေက သစ်သီးမှည့်များ ကြွေသလို တဖြုတ်ဖြုတ် ကြွေပြီး လူ့လောကထဲက တစ်ယောက် တစ်လှည့်စီ တစ်လှည့်စီ အသီးသီး ထွက်ခွာနေကြပါပြီ။ စာရေးသူ အသက်အရွယ်လေး ရလာတော့လဲ စိတ်ထဲမှာ စဉ်းစားမိနေပါတယ်။

ဘိုးဘွားမိဘတွေအတွက်၊ ရပ်ဆွေရပ်မျိုးတွေအတွက် သူများ ရပ်ရွာတွေမှာ အကျွတ်အလွတ်ပွဲတွေ လုပ်တယ်ဆိုတာကို ကြားနေရတော့ စာရေးသူရဲ့ စိတ်ထဲမှာ ငါလဲပဲ တစ်ချိန်ချိန်မှာ ရွာပြန်ပြီး အကျွတ်အလွတ်ပွဲတစ်ခုတော့ လုပ်ရဦးမယ်ဆိုပြီး ကိုယ့်ဘာသာကို သမိုင်းပေး တာဝန်တစ်ခုအနေနဲ့ ပေးအပ်ထားခဲ့ပါတယ်။

အဲဒီကိစ္စအတွက် တာဝန်မကျေသေးဘူးဆိုပြီး စိတ်ထဲမှာ အကြွေးရှိသလိုမျိုး ခံစားရပါတယ်။ ဒါမျိုးပွဲတွေဆိုတာကလဲ တရားဟောပုဂ္ဂိုလ်တွေ ပင့်ဖို့ရယ်၊ အကျွေးအမွေးနဲ့ဆိုတော့ ရပ်နဲ့ရွာနဲ့ဒီပြီး လုပ်ကြရတာဆိုတော့ ငွေကြေးက အစ လူအင်အား နည်းနည်းနဲ့တော့ မရဘူးဆိုပြီး စိတ်ထဲမှာ အကြီးကြီး စဉ်းစားထားတာပါ။

ဒီလို စဉ်းစားထားပေမယ့်လဲ အကောင်အထည် မဖော်ဖြစ်ခဲ့ပါ။ အဲသလိုနဲ့ လွန်ခဲ့တဲ့ (၇)နှစ်ကျော်လောက်က စာရေးသူ ရွာကို



အလည်ပြန်သွားတော့ အစ်မတစ်ဝမ်းကွဲဖြစ်သူ မမညိုတို့အိမ် အရှေ့ခန်းမှာ ဆွေကြောင်းမျိုးကြောင်း... ရပ်ဓလေ့ ရွာဓလေ့ အကြောင်းတွေကို ပြောရင်း မိုးချုပ်တော့ တခြားအိမ်ကို မကူးတော့ဘဲ မမညိုတို့ အိမ်အရှေ့ခန်းမှာပဲ မမညိုနဲ့ ညီအစ်မနှစ်ယောက် အတူအိပ်ကြပါတယ်၊ စကားပြောရင်း အိပ်ရာဝင်ကြပါတယ်။

မနက်(၄)နာရီလောက် ရောက်တော့ ခေါင်းရင်းကပ်ရက် အိမ်က မအမာခင်က သူ့သား ကိုရင်တွေအတွက် ထင်းမီးမွှေးပြီး မီး တထိန်ထိန်နဲ့ ဆွမ်းထချက်နေပါတယ်။ အိုးခွက်ပန်းကန် ဆေးကြောတဲ့ အသံတွေကိုလဲ ကြားနေရပါတယ်။

အဲဒီအသံတွေကြောင့် နိုးလာကြတဲ့ စာရေးသူနဲ့ မမညိုတို့ ညီအစ်မနှစ်ယောက်က ထုံးစံအတိုင်း အိပ်ရာထဲမှာ စောင်ခြုံထဲက မထွက်ကြဘဲ စကားပြောနေကြပါတယ်။

သိပ်မကြာပါဘူး၊ တစ်အိမ်ကျော်က ဘဝတူဖြစ်တဲ့ ညှော်သည် အစ်မဝမ်းကွဲ မမသန်းကလဲပဲ အိပ်မပျော်လို့ဆိုပြီး ခေါင်းရင်းအိမ်က ဆွမ်းချက်နေတဲ့ မအမာခင်ရှိရာ မီးဖိုဆောင်ထဲကို တက်လာပြီး ရေနွေး သောက်ရင်း၊ မီးလှုံရင်း စကားပြောနေတဲ့ အသံတွေကိုပါ ထပ်ကြားနေရပါတယ်။

အဲဒီကနေပြီး သိပ်မကြာပါဘူး၊ မမသန်းတစ်ယောက် ခြေရင်းအိမ်ဘက်က စာရေးသူတို့ ညီအစ်မရဲ့ အိပ်ရာထဲက စကားပြောသံတွေကို ကြားနေရတော့ စာရေးသူ ရှိနေတဲ့ မမညိုတို့အိမ်ကို ဖယောင်းတိုင်မီး တထိန်ထိန်နဲ့ ကူးလာပြီး အပေါက် ဖွင့်ခိုင်းပြီး အိမ်ပေါ် တက်လာကာ မတွေ့တာကြာတဲ့ ဘဝတူညှော်သည် ညီအစ်မတစ်တွေ ရှေးဟောင်း နှောင်းဖြစ် စကားတွေ ပြောကြပါတယ်။

မမသန်းက ဖြူဖြူချောချော မျက်မှန်ကလေးနဲ့ပါ။ လူပုံနဲ့... ဖြူဖြူ ဖြူနွဲ့နဲ့ သူ့ရဲ့ ထင်ရာလုပ်တတ်တဲ့ အပြုအမူက တခြားစီပါ။

ဆောင်းတွင်းကြီး . ဒီလောက် ချမ်းတာကို မနက်(၄)နာရီက အိမ်လည်ပြီး စကားပြောရကောင်းလား... အအေးပတ်နေဦးမယ် စောင်ခြုံထဲကို ဝင်ဆိုပြီး မမသန်းကို စာရေးသူတို့ညီအစ်မက ဝိုင်းပြော ကြရပါတယ်။

မမသန်းက စောင်ခြုံထဲ မဝင်ဘဲ အိပ်နေတဲ့ လူတွေရဲ့ အလယ် ကောင်ကို ဝင်ထိုင်ပြီး စကားပြော နေကြပါတယ်။

စာရေးသူနဲ့ မမသန်းနဲ့ ဘဝတူ ညှော်သည်တွေ ဆိုတာက ဒီလိုပါ စိုက်ပျိုးရေးဝန်ထမ်းဖြစ်ပြီး နေပြည် တော် ရေဆင်းမှာ တာဝန်ကျနေတဲ့ စာရေးသူက ရွာကို အလည်ပြန်လာသလို...ယောက်ျားက ဆည်မြောင်းဌာနက ဝန်ထမ်းဖြစ်ပြီး ဝမ်းတွင်းမြို့တွင် အခြေချနေသော မမသန်းသည်လဲပဲ ရွာကို အလည်ပြန်လာခြင်းဖြစ်ပြီး...ညှော်သည်ချင်းလဲ ဖြစ်နေလို့ ဘဝတူလို့ ပြောတာပါ။

ဆုံဖြစ်ခဲသော အမျိုးများ တွေ့နေကြကာ ပြောမဆုံးပေါ်င် တောသုံးတောင် ဖြစ်နေကြပါတယ်။

အဲဒီနေ့ မနက်စောစော မမသန်းနဲ့ စကားစပ်မိရင်း ရွာနောက်ဘက်က ဆုတောင်းပြည့်ဘုရားကို သွားဖူးရန် အဖော်ညှိပြီး မနက်စာ စားသောက်ပြီး မနက်(၈)နာရီလောက်မှာ ညီအစ်မနှစ်ယောက် ရွာရဲ့ အနောက်ဘက် တစ်မိုင်လောက်ဝေးတဲ့ ဆုတောင်းပြည့်ဘုရားကို ဖူးရန် ထွက်လာကြတယ်။

မမသန်းတစ်ယောက် မနက်စောစောက ညီအစ်မတစ်တွေ ပြောခဲ့ကြတဲ့ ရှေးဟောင်းနှောင်းဖြစ် ကြောင်း၊ ပရိတ်အကြောင်း၊ ပဋ္ဌာန်း ကြောင်းတွေက အရှိန်က မပြေ သေးပါ။

နှစ်ယောက်သား တပြောပြောနဲ့ လျှောက်လာကြရင်းနဲ့ ရွာသင်္ချိုင်း ကုန်းနားကို ရောက်တော့ မမသန်း တစ်ယောက် ကြိုတင်ပြောထား ခြင်း၊ တိုင်ပင်ညှိနှိုင်းထားခြင်း မရှိဘဲ သင်္ချိုင်းကုန်းဘက်ကို လှည့်ပြီး...

'ဆုတောင်းပြည့်ဘုရားကို သွားဖူးမလို့ ကျွန်တော်များ နာချင်တဲ့ ပုဂ္ဂိုလ်များ ရှိရင် လိုက်ခဲ့ကြပါ'

လို့ ထင်ရာလုပ်တတ်တဲ့ သူ့ရဲ့ ဝသီအတိုင်း အော်ဖိတ်လိုက်ပါတယ်။

ဆိုင်းမဆင့် ဗုံမဆင့် ဆိုသလို ရုတ်တရက် အော်ဖိတ်လိုက်တာဆိုတော့ စာရေးသူ မျက်လုံး မျက်ဆန် ပြူး ဖြစ်သွားရုံမှတစ်ပါး အခြား ဘာမှ မပြောလိုက် မဟားလိုက်နိုင်တော့ပါ။

ဘာမှ မှတတ်နိုင်တော့တဲ့ အတူတူ ဖိတ်ချင်လဲ ဖိတ်ပါစေတော့ ဆိုပြီး ချော်လဲ ရောထိုင်လိုက်ရပါတော့တယ်။

ဘုရားနဲ့ကလဲ ဝေးသေးတော့ သူခေါ်လာတဲ့ ဖိတ်လာတဲ့ ပုဂ္ဂိုလ်တွေနဲ့ တစ်ခရီးတည်း ဘုရားကို အတူ သွားကြရတော့မှာပါလား... ဆို တဲ့ အသိနဲ့ ခြေလှမ်းကို ယခင်က ထက်ကျဲပြီး ခပ်သုတ်သုတ် လှမ်းရပါတော့တယ်။

စာရေးသူရဲ့ စိတ်ခံစားမှုက အလွန်အမင်းတော့ မကြောက်ပါဘူး။ နည်းနည်းတော့ ရင်ခုန်ပါတယ် ပြောရရင် (ကြောက်လို့ ရင်ခုန်ခြင်း ပေါ့။)

အစ်မတော်ဖြစ်သူ ဒေါ်ရွှေသန်းရဲ့ ရိုက်ချက် ပြင်းလိုက်ပုံက စာရေးသူ စကားကို မပြောနိုင်ဘဲ ခြေလှမ်းကို ခပ်သုတ်သုတ်လှမ်းကာ .သုတ်ခြေ တင် ရပါတော့တယ်။

သွားနေရတဲ့ လမ်းကလဲ လှည်းလမ်းကနေ ဘုရားဘက်ကို ဖဲ့ဆင်းပြီး ယာခင်းကြို ယာခင်းကြားက နေသွားရတဲ့ ဖြတ်လမ်း၊ ခြေလမ်း မြေနီလမ်း။

ဒီတော့... အချိန်ကလဲ မနက် (၉)နာရီထိုးခါနီး အချိန်ဆိုတော့ကား...ယာခင်းတွေထဲမှာ အကွက်ရှင် ယာခင်းရှင်တွေများ လူတွေများ တွေ့ရမလားဆိုပြီး ခြေလှမ်းကျဲကျဲနဲ့ သုတ်ခြေတင်ရင်းကနေ ဘေးဘယ်ညာကို အကဲခတ်ကြည့်ပါတယ်။

ဒါပေမယ့် ယာခင်းတွေက စိုက်ပျိုးထားတဲ့ အပင်မရှိသေးသော အရွက်မရှိတဲ့ ရိုးပြတ် ငရုတ်ပင်များသာ ရှိနေလို့ လူမပြောနဲ့ ခွေးတစ်ကောင်တောင် မတွေ့ရပါ။

အဲသလို နေသွားရင်းက ဘုရားနားရောက်တော့ ချောင်းရိုးလေး တစ်ခုကို ဆင်းမယ်အလုပ်မှာ နောက်ကနေ အမျိုးသားတစ်ယောက်ရဲ့ "အဟမ်း...အဟမ်း" ဆိုပြီး ချောင်းသံပေးလို့ လှည့်ကြည့်လိုက်တော့ ဘာမှ မတွေ့ရပါ။

နောက်ကို သေချာကြည့်တော့လည်း ဘာသစ်ပင်ချုံပုတ်မှ၊ ဘာအကာအကွယ်မှ မရှိသော ဟင်းလင်းပြင် မြေနီနီ ငရုတ်ရိုးပြတ်တောဆိုတော့ကား...အဖြေက ရှင်းနေပြီပေါ့။

မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေက သူတို့ပါလာတယ် ဆိုတာကို အသိပေးတာပါပဲ။ စာရေးသူလဲပဲ ကြက်သီးမွေးညင်းတော့ အနည်းငယ် ထသွားပါတယ်။ အနည်းငယ်သော ကြောက်စိတ်တို့ကို ပြန်ထိန်းလိုက်ရပါတယ်။

ဒီနေရာမှာ စာရေးသူ မဟုတ်ဘဲ တခြားသူသာဆိုရင် မမသန်းကို ဒီကြောင်တောင်မဟောင် အမျိုးသမီး





www.burmeseclassic.com

www.burmeseclassic.com

နဲ့တော့ ငါတော့ အပေါင်းအသင်းမှားပြီလို့ ယူဆကြမှာပါ။

စာရေးသူကတော့ အဲဒီလို မယူဆမိပါဘူး။ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကို ကူညီဖို့အတွက် သွားရင်းလာရင်း ရလာတဲ့ တာဝန်တစ်ခုလို့ ခံစားရပါတယ်။

ဘုရားရောက်ရင်လဲပဲ ပျူခေတ်က ပုဂ္ဂိုလ်တွေအတွက်ပါ ရောပြီး ဒီတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်တော့မယ်လို့ သန္နိဋ္ဌာန်ချထားလိုက်ပါတယ်။

အဲဒီမှာတင် စာရေးသူလဲ ရှေ့က သွားနေတဲ့ မမသန်းကို လက်ကို လှမ်းဆွဲပြီး…

'ဘုရားရောက်ရင် ဘယ်သူနဲ့မှ စကားမပြောနဲ့ဦး… ပဋ္ဌာန်းကို အရင်ရွတ် ရွတ်ပြီးတာနဲ့ ဖိတ်ထားတဲ့ ပုဂ္ဂိုလ်တွေကို အမျှဝေ ပြန်ပို့ပြီးမှ တခြားလူတွေနဲ့ စကားပြော'

လို့ ပြောထားရပါတယ်။

ဘာလို့လဲဆိုတော့ ရွာနဲ့ဝေးတဲ့ ဘုရားကုန်းဆိုပေမယ့် အဲဒီမှာ တဲကျောင်းထိုးပြီး တရားကျင့်နေတဲ့ ရှမ်းပြည်နယ်ဘက်ကနေ ကိုယ့်အရပ်ကို ပြန်လာတဲ့ ရပ်ဆွေရပ်မျိုး ဦးလေးကြီးတစ်ယောက် ရှိတယ်လေ။

အဲဒီဦးလေးကြီးအတွက် ကြားရက်တွေမှာ ဘုရားလှူလို့ရအောင် အမွေးတိုင်,ဖယောင်းတိုင်တွေ ပါလာတယ်လေ။

ထင်ရာလုပ်တတ်တဲ့ မမသန်း တစ်ယောက် ဖိတ်ထားတဲ့ပုဂ္ဂိုလ်တွေကို မေ့နေပြီး အဲဒီဦးလေးကြီးနဲ့ စကားသွားပြောနေမှာ ကြောက်လို့



သတိပေးရတာလို့ အဲလိုပြောတော့ မမသန်းက အော်ရယ်နေပါတယ်။

ဒီလိုနဲ့ ဘုရားရောက်တော့ ကျေဖူးရှင်က ဟုတ်တုတ်တုတ်ပါပဲ။ သူ့အိတ်ထဲက ပဋ္ဌာန်းစာအုပ်ကို ထုတ်ပြီး ရွတ်ပါတော့တယ်။

စာရေးသူလဲပဲ တရားနာလာရန် နတ်ကောင်းနတ်မြတ်များနဲ့ မြင်အပ်မမြင်အပ်သော သုခိတ ဒုက္ခိတ ဝေနေယျသတ္တဝါများနဲ့ ဘုရားတွင် စောင့်ရှောက်နေကုန်သော အစောင့်အရှောက်တို့ကို တရားနာဖိတ်ပြီး မေတ္တသုတ်ရွတ်၊ ပရိမိတ္တအာလသုတ်၊ ခါရဏပရိတ်၊ တခြား မိမိရသရွေ့ ဘုရားရှိခိုးတွေ ရွတ်ပြီးတဲ့နောက် မမသန်း ရွတ်ပြီးသွားတဲ့ ပဋ္ဌာန်းစာအုပ်ကို ယူပြီး ဆက်ရွတ်ပါတယ်။

ပဋ္ဌာန်းရွတ်ပြီးတော့ တရားနာပရိသတ်များအား မေတ္တာပို့ခြင်း၊ အမျှဝေခြင်းတို့ကို လုပ်ပြီး တရားနာပရိသတ်အပေါင်း မိမိတို့ နေရာဌာနကို ပြန်လည် ကြွရောက်နိုင်ကြပါပြီ ဆိုပြီးတော့မှပဲ မမသန်း ခိုင်းထားသော သမိုင်းပေးတာဝန်ကြီး ပြီးဆုံးသွားပါတော့တယ်။

**ဒီလို လုပ်ပေးလိုက်ရတာကိုလဲပဲ တစ်နည်းအားဖြင့် အကျွတ်အလွတ်ပွဲ တစ်ခုလို့ စာရေးသူ ယူဆထားပါတယ်။** ညောင်စေ့လောက်လှူပြီး ညောင်ပင်ကြီးလောက်ကြီးတဲ့ ကုသိုလ်ကောင်းမှု ဖြစ်ခဲ့ချေပြီလို့ ကြီးကြီးကျယ်ကျယ် ယူဆမိပါတယ်။ ဝမ်းသာပီတိ ဖြစ်မိပါတယ်။

ပြောရရင် မထင်မှတ်ဘဲ ရေမကူးတတ်တဲ့သူကို ရေထဲ တွန်းချလိုက်လို့ ကြောက်အားလန့်အားနဲ့ ရေပြင်ကို လက်နဲ့ပုတ်ပြီး ခြေကားရား လက်ကားရား လုပ်ရင်းနဲ့ ရေကူးတတ်သွားတဲ့ လူလိုပါပဲ။

ယခင်…ယခင်က အကျွတ်အလွတ်ပွဲအတွက် အကြီးကြီး မှန်း[ခဲ့]ပေမယ့်လဲ အထမမြောက်ဘဲ ဖြစ်[ခဲ့]ပါတယ်။ အခုတော့ ဒီလိုလုပ်ရ[င်]လဲပဲ ဖြစ်တာပါပဲလားဆိုတဲ့ အသိ[ကို]ရခဲ့ပါပြီ။ မထင်မှတ်ဘဲ အောင်မြ[င်]ခဲ့ပါပြီ။


ဒါကြောင့် စာဖတ်သူတို့သည်လဲပဲ မိမိပတ်ဝန်းကျင်အတွက် ငွေကုန်ကြေးကျခံပြီး သိုင်းဝိုင်း[၍] လုပ်နေမှ အကျွတ်အလွတ်ပွဲ[ကို] လုပ်လို့ရတာ မဟုတ်ပါဘူး။ မိမိ[တို့]ရဲ့ စရဏတရားနဲ့ မေတ္တာတ[ရား] ကရုဏာတရားကို အခြေခံပြီး လု[ပ်]ပေးရင်လဲ ဖြစ်တဲ့အကြော[င်း] သတင်းကောင်းပါးလိုက်ပါတ[ယ်]။

**မနှင်းဆီ**

***(ဖိုက်ပျိုးရေးသုတေသနဦးစီး[ဌာန])***

**ရေဆင်း–နေပြည်တော်**





ယွန်း (နောင်ချို)

# ပုတီးမေတ္တာနှင့်သီလ

**၁၉၈၁ ခုနှစ်၏ တစ်ခုသောနွေ[ဦး]နက်စောစောတွင်** ကျွန်တော်[တို့]...[မ]င်းဘူး။ အဝတ်အစားနှင့် စာရွက်...[စာ]တမ်းများကို ကျောပိုးအိတ်တွင် ...[ထ]ည့်၍ နံနက်စာ ထမင်းကြော်နှင့် ...ကြမ်းသောက်ပြီး ဦးရွှေသန်း ...ကိုညီညီတို့ကို စောင့်နေပါသည်။ [ကျ]ွန်တော်တို့သည် သမဝါယမ ...[ဌာ]နမှ စာရင်းစစ်အဖွဲ့ဖြစ်ပြီး ...ရွာ သမဝါယမအသင်းများသို့ [စာရင်း]စစ်ရန် ထွက်ခွာကြမည် ဖြစ်[ပါ]သည်။

...ကြ ကားလမ်းကလည်း ...[ကြမ်း]၊ ဆိုင်ကယ်လည်း ပေါပေါ...များမရှိ တရုတ်စက်ဘီးများသာ ...ကြမ်းရာ တရုတ်စက်ဘီး ...ယောက် တစ်စီးနှင့် ကိုယ့်အထုပ်ကိုယ် စက်ဘီးကယ်ရီယာတွင် ချည်ပြီး နံနက် (၆) နာရီတွင် စတင် ထွက်ခွာကြပါသည်။

ဦးရွှေသန်းမှာ ကျွန်တော့်အထက်အရာရှိဖြစ်၍ ကျွန်တော်နှင့် ကိုညီညီနှင့် အသင်းစုမှူးများ ဖြစ်ပါသည်။ ဖွဲ့စည်းပုံအတိုင်း မဟုတ်ဘဲ ကျွန်တော်တို့သုံးယောက် စာရင်းစစ်ထွက်ရခြင်းမှာ ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးဆိုသလိုပါပဲ။

ဦးရွှေသန်းမှာ ပုတီးသမားဖြစ်၍ ဘာသာရေး အားသန်၏။ ကိုညီညီမှာ လူငယ်သော်လည်း တရားထိုင်ခြင်း၊ ဥပုသ်စောင့်ခြင်းကို လပြည့်လကွယ်တိုင်းနှင့် ကြုံသလို ပြုလုပ်နေသူ ဖြစ်ပါသည်။

ကျွန်တော်ကမူ တရားထိုင်ခြင်းနှင့် မေတ္တာဘာဝနာ ပွားများခြင်း၏ အကျိုးကို ကြီးကြီးကျယ်ကျယ် ပြောရလျှင် သုတေသနပြုနေသူ ဖြစ်သည်။

သုတေသနပြုသည်ဟု ပြောရခြင်းမှာ တရားထိုင်ပြီး စူးစူးစိုက်စိုက် မေတ္တာပို့က ယင်း၏ အကျိုးသက်ရောက်မှုကို အမြဲ မှတ်တမ်းရေးပါသည်။ ကိုယ်တွေ့ပြောရပါမူ နည်းမမှန်၍ ပို၍ ထူးခြားမှုဟု မတွေ့ရပါ။

ယခု ခရီးကမူ **မိုင်းလုံ့ရှိ နားတဲစန့် ဘုရားပွဲ**ကို တပေါင်းလပြည့်နေ့တိုင်း ကျင်းပရာ ဘုရားပွဲအမီ သွားကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ခရီးစဉ်မှာ မိုင်းလုံသို့ တောက်





www.burmeseclassic.com

www.burmeseclassic.com

လျှောက်မသွားဘဲ တော့ဆန်၊ မင်းကုန်းရွာများရှိ သမဝါယမများကို တစ်ရွာ နှစ်ညအိပ်၍ စာရင်းစစ်ပြီး တပေါင်းမတိုင်မီနေ့တွင် မင်းကုန်းမှ မိုင်းလုံသို့ ကူးကြမည် ဖြစ်ပါသည်။

**အလောင်းစည်သူမင်းကြီး ကိုင်းခမ်း လှည့်လည်စဉ် ရှမ်းပြည်နယ်တက်၍ ရေထမ်းမျှောလာသော စံကားဝါတံ့ကြီးကို ကိုးကွယ်ပြီး ဆင်းတုတော် ထုပြီးသာသနာပြုရာ တစ်ရွာမှာ မင်းကုန်းရွာမှ ဂူကြီးတွင် မင်းကုန်းရှိ စံကားဝါသားနှင့်ထုထားသော ရုပ်ရှင်တော်မြတ်သည်လည်း တန်ခိုးကြီးသည်ဟု နာမည်ကြီးပါသည်။**

တော့ဆန် သမဝါယမအသင်းနှင့် မင်းကုန်း သမဝါယမအသင်းကို စစ်ဆေးရာတွင် ပြဿနာမရှိပါ။ မင်းကုန်းရှိ စံကားဝါသားနှင့် ထုထားသော ရုပ်ရှင်တော်မြတ်ကိုမူ နံနက်တိုင်း ဆီမီးတိုင်များ ပူဇော်၍ ပုတီးစိပ် တရားထိုင်ကြပါသည်။

တပေါင်းလပြည့်နေ့ မတိုင်မီ အဖိတ်နေ့တွင် နံနက်စောစော ထ၍ စံကားဝါဘုရားတွင် ဆီမီးအမွှေးတိုင်များ ပူဇော်၍ ရှိခိုးတရားထိုင်ကြပါသည်။ အဖိတ်နေ့ဖြစ်၍ ရွာသူကြီးများ၊ ကာလသား/သမီးများလည်း လာရောက်၍ ဆွမ်းဆီမီးများ ပူဇော်ကြရာ စည်ကားလှသည်။

သည်လောက် လူရှုပ်နေသည့်ကြားမှပင် တရားထိုင်၍ ကောင်းလွန်းနေ၏။ ကျွန်ုပ်သည်လည်း မေတ္တာသုတ်ကို ရွတ်ဆိုပြီး လမ်းခရီးရှိ သက်ရှိသတ္တဝါအားလုံးကို စူးစူးစိုက်စိုက် အာရုံပြု မေတ္တာပို့ပါသည်။

နံနက် ကိုးနာရီခန့်တွင် ရှေ့ဆုံးမှ ဦးရွှေသန်း၊ နောက်မှ ကျွန်တော်၊ ကျွန်တော့်နောက်မှ ကိုညီညီတို့ တန်းစီပြီး စက်ဘီးကိုယ်စီဖြင့် ချီတက်ကြပါသည်။ မြေပြန့်ကား နည်းလှပြီး လေးဖာလုံလောက်စီးပြီးသည်နှင့် ရှေ့တောင်ကို စတက်တော့ စီးမရတော့ပါ။

ဝေလေတောင်တန်းသည် မင်းကုန်းနှင့် မိုင်းလုံကို ကန့်လန့်ဖြတ်ခြားထားသလို အနေအထားဖြစ်ပြီး တောင်ကမ်းကြီးပါသည်။ လမ်းဘေးချော်ကျသွားလျှင် မသေတောင်ကျိုးနိုင်ပဲ့နိုင်ရာ သတိထား၍ သွားနေရသည်။

တောင်ကမ်းကြီးပဲ ပြောရလျှင် နွားရာသီသာ သုံးနိုင်သော လှည်းလမ်းပေါက်ထားရာ ကျွန်တော်တို့ စက်ဘီးတွန်းရာတွင် အားကုန်ကုန်း၍ တွန်းရ၍ မြေပြင်နှင့် ကျွန်တော့်ခန္ဓာကိုယ်မှာ မျဉ်းပြိုင်ဖြစ်နေသလား ထင်ရသည်။ ဦးရွှေသန်းက…

'ကိုထွန်းထွန်း… တောင်ပေါ်ကို မော့မကြည့်နဲ့ ပိုမောတယ်။ ကိုယ့်ခြေထောက်ကို ကြည့်တွန်း'

ဟု အကြံပေးပါသည်။

ကျွန်တော်လည်း အပေါ်မမော့မကြည့်ဘဲ ကိုယ့်ခြေထောက်ကို ကြည့်ပြီး တွန်းရာ ရှေ့ကို မမြင်ဘဲ သူ့စက်ဘီး သူ ကြည့်တွန်းနေသော ဦးရွှေသန်း၏ ဖနောင့်အား သွားတိုက်မိရာ ဦးရွှေသန်းမှာ ယိုင်သွားပြီး…

'ဘယ်တုန်းက အငြိုးလဲ ကိုထွန်းထွန်းရယ်'

ဟုသာ ပြောနိုင်ရှာသည်။

ဝေလေတောင်ကြော၏ ထိပ်သို့ ရောက်လျှင် မြေပြန့်သော နေရာရှိပြီး တောင်ထိပ်ရောက်လျှင် မိုင်းလုံရောက်သည်ထိ အဆင်းချည်း ဖြစ်သည်။

မောလွန်းသဖြင့် ခဏနားနေစဉ် တောင်ပေါ်မှ လူနှစ်ဦး ကျောပိုးအိတ်ကိုယ်စီနှင့် ဆင်းလာရာ ချက်ချင်းသူပုန် ဆက်ကြေးတောင်းအဖွဲ့မှန်း သိပါသည်။ ပြန်ပြေးလို့ကလဲ မရ၊ ရှေ့သာ တက်ဖို့လမ်းပဲရှိရာ ခပ်ငြိမ်ငြိမ် မြန်ပင် စက်ဘီးများတွန်း၍ တက်ရတော့သည်။

အပေါ်မှ ဆက်ကြေးကောက်သူနှစ်ဦးကလည်း ကျွန်တော်တို့ကို မြင်သော် တန့်ခနဲဖြစ်သွားပြီး ဆက်ဆင်းလာပါသည်။ တန့်ခနဲဖြစ်ခြင်းမှာ ကျွန်တော်တို့သုံးဦးမှာလည်း စစ်ဖိနပ်များ၊ ဘောင်းဘီရှည်များ၊ ကျောအိုးအိတ်များနှင့် ဖြစ်နေသည်။

သို့သော် တစ်ယောက်က တစ်ယောက် မသိကျိုးကျွံကာ တည်တည်နှင့် ဆက်တက်ခဲ့သည်။ သူတို့ကလည်း စကား တပြောပြောနှင့် ဆင်းသွားသည်။ ငါ မေတ္တာပို့တဲ့ တန်ခိုးပဲဟု ထင်သည်။

ကျွန်တော်တို့ကို ရှမ်း မတတ်ဟု ထင်ပုံရပါသည်။ ရှမ်း ကလဲ ဗမာရုပ်ကိုး။ ဒါ

ကျွန်တော်နှင့် ကိုညီညီမှာ ကပြားများဖြစ်၍ ရှမ်း အသင့်အတင့် နားလည်ပါ

'ဒီသုံးကောင်က ဘာကောင်လဲကွ'

F.37B. June, 2018



'လှည့်မကြည့်မနေနဲ့ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား သူတို့မှာလဲ လက်နက်ပါရင် အလကား ပြဿနာရှုပ်မယ်'

ကျွန်တော်နှင့် ကိုညီညီမှာ ထိုအခါ သက်ပြင်းချနိုင်တော့သည်။ သူတို့ကလဲ ကိုယ့်ကိုရှိန်၊ ကိုယ်ကလည်း သူတို့ကို ရှိန်ကိုး။

သုံးနာရီလောက် အတက်ချည်းတက်လာခဲ့ရာ မောကလည်း မော၊ ဆာကလည်း ဆာပြီး ရှေ့မှာ တောင်ထိပ်မြေပြန့်လေးကို တွေ့ရသောအခါ ခဏနားရန် အသော့နှင်တော့သည်။



တောင်ထိပ် မြေပြန့်လေးတွင် ညောင်ပင်ကြီး တစ်ပင်ရှိပြီး ကျွန်တော်တို့ ရောက်သွားသော် နားနေရန် သစ်သားကွပ်ပျစ်ကလေး ရှိ၍ ကွပ်ပျစ်ပေါ်မှာ ဖျာကြမ်းနှစ်ချပ် ခင်းထားပြီး ကွပ်ပျစ်ပေါ်တွင် မိသားစုသုံးဦး ထိုင်နေသည်။

'ဆရာတို့… လာပါ… နားပါဦး။ ကောက်ညှင်းပေါင်းနဲ့ ကြံသကာ စား၊ ရေနွေးလဲ သောက်ပေါ့ဆရာ'

ကွပ်ပျစ်မှာ ရှမ်းတိုင်းရင်းသား မိသားစု ဖြစ်ဟန်တူသော လူကြီးက ဖိတ်မန္တကပြုတော့ ကျွန်တော်တို့မှာ ဟန်မပင်မဆောင်နိုင်ဘဲ ကောက်ညှင်းပေါင်းနှင့် ကြံသကာကို ရေနွေးကြမ်းနှင့် အားရပါးရ စားကြ၏။

ကျွန်တော်နှင့် ကိုညီညီမှာ ရှမ်းပြည်နယ်မှာမွေး၊ ရှမ်းပြည်နယ်မှာ ကြီးခဲ့ကြပြီး လက်ဖက်အကြောင်း ကောင်းကောင်း သိကြပါသည်။ ကိုညီညီမှာ ကိုယ်ပိုင် လက်ဖက်ခြံရှိပါသည်။

ယခုသောက်ရသော လက်ဖက်ရည်ကြမ်းမှာ အကောင်းတကာ့ အကောင်းဆုံး လက်ဖက်ခြောက် ခပ်ထားသော ရေနွေးကြမ်းမှာ အရသာ ထူးကဲမှန်း ချက်ချင်း သိပါသည်။ ကိုညီညီမှာ မနေနိုင်ဘဲ…

'ကောင်းလိုက်တဲ့ လက်ဖက်ခြောက် အဘရယ်… ကျွန်တော့်ခြံက အကောင်းဆုံး ရွှေဖီဦးခြောက်ထက် အဆတစ်ရာသာတယ် ပြောရမှာပါ၊ ကျွန်တော့် လက်ဖက်ခြံကလဲ ရှမ်းပြည်နယ်မှာ အကောင်းဆုံးဆိုတဲ့ လက်ဖက်ခြောက် ထွက်တဲ့ အတွင်းတောင်ကနေ၊ ဒါတောင် ဒီလက်ဖက်ခြောက်ကို မမီဘူး'

'ကျွန်တော်တို့ရွာက အကောင်းဆုံး လက်ဖက်ခြောက်ပါ၊ ဆရာလေး ထပ်သောက်ကြပါဦး'

'ကောက်ညှင်းပေါင်း ကလဲ ကောင်းမှ ကောင်းပဲ၊ ကောက်ညှင်းဆန်ရော ပေါင်းထားပုံရော အဆင်ပြေလွန်းလှတယ်'

'ကိုထွန်းထွန်းနဲ့ ကိုညီညီတို့ ကြံသကာကို သေရာအရသာခံစားကြည့် ကျွန်တော်တို့စားဖူးတဲ့ ကြံသကာနဲ့ လုံးဝ မတူဘူး၊ အချိုမလွန်ဘူး၊ လျှာပေါ်တင်တာနဲ့က သူ့ဟာသူ ပျော့ပြီး စီးသွားတာ'


ကျွန်တော်တို့သည် ဤခရီးကို စာရင်းစစ်ရင်း ရောက်ဖူးနေကျ ဖြစ်သော်လည်း ဤသို့ ကျွေးမွေး လှူဒါန်းသည်ကို မတွေ့ဘူးပါ။ ဦးရွှေသန်းက…

'ခါတိုင်းလဲ ကျွန်တော်တို့ချည်း သွားနေတာ အဘတို့ကို မတွေ့မိပါဘူး'

'ကျွန်တော်တို့က တစ်နှစ်လုံးမှ ည ဒီ တပေါင်းလပြည့်နေ့ပဲ ဘုရားပွဲ သွားတဲ့ လူတွေ အမောပြေပါစေဆိုပြီး ဒါနပြုကြတာ၊ နေ့တိုင်း ဒါနပြုချင်ပေမယ့် မပြုနိုင်ပါဘူး။ ကျွန်တော်တို့ရွာကလဲ လမ်းနဲ့ နည်းနည်းလှမ်းတယ်၊ လမ်းသွယ်ထောက်မှာ'

'ဟား… စိတ်ကူးကောင်းလိုက်တာ အဘရေ၊ ကျွန်တော်တို့မှာ

www.burmeseclassic.com



တောင်ထိပ်နားရောက်လေ ဗိုက်က ဆာလေ၊ မောလဲ မောလေနဲ့ အဘတို့အလျှကြောင့် အမောပြေပြီး ဗိုက်လဲ ဝသွားတာ၊ သာဓုပျာ... သာဓု...ကဲ... ကျွန်တော်တို့လဲ ခရီးဆက်ရဦးမယ်။ အဲ...အဘတို့ကိုလဲ ကျေးဇူးတင်လို့ လက်ဆောင်ပေးရဦးမယ်၊ ဘာပေးရပါ့မလဲ'

သူ့ကျောပိုးအိတ်ကို ဖွင့်ပြီး မင်းကုန်းသမဝါယမက ဝယ်လာသော မွှေးဆပ်ပြာတစ်ခဲနှင့် အမွှေးတိုင်ထုပ်များကို လက်ဆောင်ပေးပါသည်။

ကျွန်တော်ကလည်း ကျွန်တော်ဝယ်လာသော မွှေးဆပ်ပြာတစ်ခဲနှင့် ဆေးလိပ် မသောက်သော်လည်း ခရီးသွားတိုင်း ဆောင်ထားသော ဂတ်စ်မီးခြစ် အသစ်တစ်လုံး၊ ကိုညီညီကလည်း မွှေးဆပ်ပြာတစ်ခဲနှင့် ဖယောင်းတိုင် သုံးထုပ်ကို လက်ဆောင်အဖြစ် ဖွတ်ပေးပြီး ခရီးဆက်ပါသည်။

အဆင်းမို့ သက်သာပြီ မထင်ပါနဲ့၊ လမ်းက မတ်စောက်လွန်းတော့ စက်ဘီးမစီးရဲပါ။ အတက်တုန်းကနှင့်ပြောင်းပြန် မြေပြင်ကို ကန့်၍ ပက်လက်နိုးပါး ထိန်းဆင်းရပြန်သည်။

ဤနေရာတွင် မိုင်းလုံ့ရှိ နားတဲစန့်ဘုရားအကြောင်း ပြောချင်ပါသည်။ ဤဆင်းတုတော်ကို ဘယ်အချိန် ဘယ်ခေတ်က သွန်းလုပ်ခဲ့သည်ဟု ဘယ်သူမှ မပြောနိုင်ပါ။ မိုင်းလုံ ဘုန်းတော်ကြီးကျောင်းတွင် အခြားဘုရား ဆင်းတုတော်များနှင့် အတူရှိနေခဲ့ပါသည်။

ရှေးဟောင်း ကြေးဘုရားများ ခေတ်ထလာပြီး တစ်ရက်တွင် ဆင်းတုတော်များ အခိုးခံရပါသည်။ မိုင်းလုံမြို့နယ်ခွဲဟု သတ်မှတ်သော်လည်း ရွာကြီးသာသာသာပင်ရှိရာ ရွာသားများက တစ်ရွာလုံး လှည့်ရှာတော့သည်။

စပါးကျီအတွင်းမှ လူညည်းသံကြားသဖြင့် တက်ကြည့်ရာ **ဤနားတဲစန့်ဘုရား**ကို ဂုန်နီအိတ်နှင့် ပတ်၍ ဝှက်ထားသည်ကို တွေ့တော့မှ ဆင်းတုတော်ကို သန့်စင်ပြီး ရောင်တော်ဖွင့်ကြပါသည်။

ဆင်းတုတော်ကို တွေ့သည်နှင့် ဘုရားသူခိုး ဘယ်သူဆိုတာ ရိပ်မိကြ၏။ လူမျိုးခြားတစ်ဦးက ဦးဆောင်ပြီး ခိုးခြင်းဖြစ်၍ သူခိုးများက ရွာမှာပင် မနေတော့ဘဲ ရှောင်ထွက်သွားကြ၏။

သို့သော် ခေါင်းဆောင်က ကျောက်မဲသို့ ထွက်ပြေး ရှောင်တိမ်းနေ၏။ စိန်အောင်ဝင်း ရုပ်ရှင်ရုံရှေ့တွင် အအေးသောက်ရင်း လဲကျ သေဆုံးသွားပါသည်။

ထိုနေ့မှာပင် နောက်သူခိုးတစ်ဦးက သွေးများအန်၍ သေဆုံးသွားပါသည်။ ကျန်တစ်ဦးမှာ သူ့အိမ်တွင် ထမင်းစားနေစဉ် ထမင်းနင်၍ သေဆုံးခဲ့ပါသည်။ ထိုသတင်းပျံ့သွားသည်နှင့် တန်ခိုးကြီးသည်ဟု ကျော်ကြားသွားပါသည်။

မိုးလုံလေလုံ ဂန္ဓကုဋိတိုက်တော်နှင့် ဓမ္မာရုံကြီးမှာလည်း သွပ်မိုးအုတ်ကာ မျက်နှာကြက်များ ကြွေသားကြမ်းပြင်တို့နှင့် လှပခံ့ညားစွာ ပေါက်လာပါသည်။

ကျွန်တော်တို့သည် စာရင်းပေးရင်း လမ်းကြုံတိုင်း ဘုရားရှိခိုး၍ ပုတီးစိပ်၏၊ တရားထိုင်၏၊ ငါတို့ ကာလနှင့်ကြုံလျှင် ဥပုသ်စောင့်ကြသည်။

ဆုတောင်းပြည့်သည်ဟု ကျော်ကြားပြီး တိုက်ဆိုင်မှု များလာ အခါ ကျွန်တော်တို့သုံးဦး တစ်နှစ်လျှင် တစ်ကြိမ်လောက် အောင် သွားကြသည်။

ကျွန်ုပ်တို့သုံးဦးတည်း သည်မှာ သုံးဦးလုံး အရက်မသောက်စား၊ ဘာသာရေး ရှိုင်း၏။ ထို့ကြောင့်လည်း ဖြစ်ပါသည်။

မိုင်းလုံကိုရောက်သည်နှင့် ဆိုင်တာဝန်ခံ ကိုသောင်းဖေအိမ်၌ တည်းကြသည်။ ရေမိုးချိုးပြီးသည်နှင့် ဘုရားသို့ ထွက်လာခဲ့ကြသည်။

ဘုရားရှေ့တွင် နောက်နေ့ ဆွမ်းတော်တင်ရန် ငှက်ပျောသီး၊ မာလကာသီး အခြား လှူဖွယ်ပစ္စည်းများကို ကြွေပန်းကန်များနှင့် ထည့်၍ ဘုရားရှေ့တွင်စားပွဲများနှင့်ခင်းကျင်းထားပါသည်။

**သုံးဦးသား ဦးချကန်တော့၍ ဘုရားကိုလည်း ပူဇော်လိုက်သည်နှင့်ဘုရားပလ္လင်ခုံရှေ့တွင် ငါးမြှား ယက်ထားသော လေးထောင့်ခြင်းပြားပြားလေးပေါ်မှ မွှေးဆပ်ပြာသုံးခဲထားမှ ခံလျှက်ယင်းအပေါ်မှ ဖယောင်းတိုင် အမွှေးတိုင်ထုပ်နှင့် ဓာတ်မီးပတ်ပင် မရှာရသေးသော ဂတ်စ်မီးခြစ်အသစ်ကလေးတစ်လုံး အောက်ခံ ပန်းကန်မပါဘဲ ရှိနေပါသည်။**

ဘယ်သူ့ကိုမှ စကားမပြောဘဲ ထိုခြင်းလေးကို သေချာကြည့်နေမိပါသည်။ ဟုတ်ပါတယ်။ ငါ့မီးခြစ်လေးပါ။ ငါတို့ လက်ဆောင်ပေးခဲ့တဲ့ ပစ္စည်းတွေ ဘယ်လိုလုပ်ရောက်နေပါလိမ့်၊ ဆက်မတွေးတော့ဘဲ ဘုရားရှိခိုး၍ တရားထိုင်ကြပါသည်။

ညနေ ခြောက်နာရီကျော်တွင် ဆိုင်တာဝန်ခံ ကိုသောင်းဖေက ထမင်းစား လာခေါ်ပါသည်။ ကျွန်တော်တို့က မဆာသေးလို့ဟု ပြောပြီး ရေနွေးကြမ်းပန်းလေးချသဖြင့် ရေနွေးကြမ်းသောက်ပြီး စကားဝိုင်းဖွဲ့ပါသည်။ ဦးရွှေသန်းက...



'ဒီတစ်ခါ လာရတာ အဆင်ပြေလိုက်တာ ကိုသောင်းဖေရယ်၊ ဇော်လေတောင်ထိပ် အရောက် မောလဲမော ဆာချိန်မှာ ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်းဒါနပြုနေတော့ အားရပါးရစားရတာ တစ်သက်မှာ ဒီတစ်ခါ စားရတာ အကောင်းဆုံးပဲ အတော်စိတ်ကူးကောင်းတဲ့ မိသားစုဗျ'

'တောင်ထိပ်မှာ ရေမရှိဘဲ ဘယ်သူက ရေနွေးကြမ်းနဲ့ ဒါနပြုလဲ ဆရာ'

'ဒီက သွားရင် တောင်ထိပ်က လမ်းညာဘက်မှာ သူတို့ရွာရှိတယ် ပြောတယ်၊ မိသားစုသုံးယောက်ဗျ'

'ဟာ...ဆရာကလဲ လမ်းညာဘက်မှာ ဘာရွာမှ မရှိဘူး။ (၁)ဖာလုံလောက်မှာတော့ စေတီပျက်ကြီးတစ်ဆူပဲ ရှိတယ်။ ဘယ်ခေတ်တယ်အခါက တည်ခဲ့မှန်းတော့ မသိဘူး'

ကျွန်တော်တို့စကားကို ထိုနေရာတွင် ဖြတ်ပြီး အခြားအကြောင်းများကိုသာ ဆက်ပြောကြသည်။ သို့သော် ဘုရားရှေ့မှ ဆပ်ပြာခဲများ၊ အမွှေးတိုင်များကို မကြာခဏ မျက်စိရောက်ပါသည်။

နောက်တစ်နေ့တွင် မိုင်းလုံမှ ကျောက်မဲသို့ အစောကြီး ပြန်ပါသည်။ မိုင်းလုံမှ ကျောက်မဲသို့ (၅၇) မိုင်ခရီးကို ပင်ပန်းလို့ ပင်ပန်းမှန်းမသိဘဲ စက်ဘီးကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။

ပင်ပန်းမှန်း မသိသော်လည်း ဦးရွှေသန်းက "**ငါ ပုတီးမှန်မှန်စိပ်လို့ ပုတီးတန်ခိုးပဲ**"ဟု ပီတိဖြစ်နေပုံ ရသည်။

ကျွန်တော်ကလည်း "**ငါ့မေတ္တာတန်ခိုးပဲ**"ဟု ပီတိဖြစ်နေပါသည်။ ကိုညီညီကလည်း "**ငါ့ဥပုသ်သီလစင်ကြယ်လို့ပဲ**"ဟု ပီတိဖြစ်နေပုံရသည်။

မည်သူမှန်း မသိသော်လည်း သုံးဦးစလုံး ကျင့်စဉ်မှာ အကျိုးယုတ်စရာ မရှိသဖြင့် ပီတိစား အားရှိခဲ့ပါသည်။ မေးရန် မေးခွန်းအချို့လည်း ရှိပါသည်။

'အိမ်သားစုဟာ တကယ့်လူတွေလား၊ စေတီပျက်ကြီးနဲ့ ဆက်စပ်သလား၊ ဘယ်လိုလုပ် ငါတို့အရင် ဘုရားမှာ လာတင်သွားပါလိမ့်၊ သူတို့နေတဲ့ရွာက သာမန်မျက်စိနဲ့ မြင်နိုင်ရဲ့လား၊

သေချာတာကတော့...ငါတို့ထက်... အဆင့်မြင့်တဲ့...ဘုံသားတွေလား... နောက်နှစ်လာရင်ကော ထပ်တွေ့မှာလား...လား...လား...'

**ထွန်း(နောင်ချို)**

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၌ ထုတ်ဝေဖြန့်ချိခဲ့သော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၇၆) စာမျက်နှာ (၂၃၃)မှာ ကိုကိုလတ်(ဆည်မြောင်း) ရေးသားဖော်ပြခဲ့သော **"အိမ်ထဲမှာရှာတဲ့မိုး"** ခေါင်းစဉ်ပါ စာသားများ၏ ထူးဆန်းသည့် အဖြစ်သနစ်များကို စိတ်ဝင်စားစွာ ဆုံးခန်းတိုင်ဖတ်ရှုလိုက်ပါသည်။

ပို၍ ထူးဆန်းသည်မှာ အိမ်စောင့်နတ်နှင့် ပရလောကသားများ အမှန်တကယ်ရှိသည်/မရှိသည်ကိုလည်းကောင်း၊ ရှိပါက လူသားတွေကို အန္တရာယ်ပေးတတ်သည် (သို့မဟုတ်) မပေးတတ်သည်ကိုလည်းကောင်း သိလိုသည်များကို ဂမ္ဘီရပညာရှင်ကြီးများက ဖြေကြားပေးရန် မေးခွန်းကိုးပုဒ်ထုတ်၍ မေးထားသည်ကို တွေ့ရပါသည်။

ကိုကိုလတ် မေးခွန်းများကို သမထကျင့်စဉ်အောင်မြင်သူများပင် ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ သမထကျင့်ရာတွင် သမာဓိ အားကောင်းလျှင် အားကောင်းသလို အထင်ဓာတ်၊ အမြင်ဓာတ်၊ အကြားဓာတ်၊ ကြိုးဓာတ်များ ရကြ၍ သာမန်လူတို့ မမြင်နိုင်သော နတ်နှင့် ပရလောကသားများကို မြင်နိုင်ကြပေသည်။

ကျွန်တော်လည်း သမထ ကျင့်ခဲ့ဖူး၍ အမြင်ဓာတ်ကို ရခဲ့ဖူးပါသည်။ စာပေသမား အချင်းချင်း၊ မန္တလေးသားအချင်းချင်း သံယောဇဉ်မကင်းသော ဆွေမျိုးရင်းပမာ ကိုကိုလတ် သိလိုသော မေးခွန်းများနှင့် နှိုင်းယှဉ်၍ ဖြေကြားပေးလိုက်ပါသည်။ မိမိထက် ပညာရင့်သန်သော ဂမ္ဘီရပညာရှင်ကြီးများကို ခွင့်ပန်၍ ဖြေကြားပေးခြင်း ဖြစ်ပါသည်။

ကိုကိုလတ်(ဆည်မြောင်း) သိလိုသော မေးခွန်းများ၏ အဖြေများကိုအောက်ပါအတိုင်းဖော်ပြလိုက်ပါသည်။



သမားတော် ဦးအောင်ဆန်း
(နန်းတော်ရှေ့)

အိမ်တိုင်းတွင်

# အိမ်စောင့်နတ်

ရှိပါသည်

### မေးခွန်း(၁)အဖြေ

မြို့ရွာများတွင် ရှိသော လူမနေသည့် အိမ်များ ... နတ်များ (သို့မဟုတ်) ပရလောကသားများ၊ တိရစ္ဆာန်များ ... ကြိုက်သလို ဝင်ရောက် နေထိုင်တတ်ကြပါသည်။

### မေးခွန်း(၂)အဖြေ

လက်ရှိ လူများနေထိုင်လျက်ရှိသည့် အိမ်များ ... အိမ်စောင့်နတ်တစ်ပါးသာနေထိုင် စောင့်ရှောက်ကြ ...





### မေးခွန်း(၃)အဖြေ

အိမ်ရှင်၏ အကျင့်စရိုက်ကို နှစ်သက်သော နတ်က အိမ်ကို အိမ်ရှင် နေထိုင်သရွေ့ စောင့်ရှောက်တတ်ပါသည်။ အိမ်ရှင်အသစ် ရောက်လာပါက အိမ်ရှင်အသစ်၏ အကျင့်စရိုက်နှင့် သင့်တော်နှစ်သက်သော နတ်ကပင် စောင့်ရှောက်ပါသည်။

### မေးခွန်း(၄)အဖြေ

အိမ်စောင့်နတ်တို့သည် အိမ်ဝန်းအတွင်းသို့ ဝင်မည့် ပရလောကသားများအား မဝင်ရောက်နိုင်ရန် ကာကွယ်ပေးပါသည်။

သို့ရာတွင် အောက်လမ်းဆရာတို့၏ စေခိုင်းခြင်းကို နာခံ၍ အန္တရာယ်ပေးနိုင်သည်။ ရုက္ခစိုး ပုဏ္ဏကနတ်များက ရေနှင့်ပက်ခြင်း ပြုလုပ်နိုင်ပါသည်။

### မေးခွန်း(၅)အဖြေ

ပရလောကသားများ၏ စွမ်းအားထက် အိမ်စောင့်နတ်များက ပို၍ ကမ္မဖိဒ္ဓိ ကြီးမားပါသည်။ သို့ရာတွင် ဆရာတို့၏ စေခိုင်းချက်အရ အိမ်အတွင်းသို့ ဝင်ရောက်၍ အန္တရာယ်ပေးနိုင်ပါသည်။

### မေးခွန်း(၆)အဖြေ

အိမ်တိုင်းတွင် လူနေသရွေ့ အိမ်စောင့်နတ်များနေ၍ စောင့်ရှောက်ကြပါသည်။ ပရလောကသားများသည် သက်မဲ့ ရုပ်ဝတ္ထုများကို လှုပ်ရှားအောင် မစွမ်းဆောင်နိုင်ပါ။

ပုဏ္ဏက၊ ရုက္ခစိုးနတ်များကသာ ရုပ်ဝတ္ထုသက်မဲ့များကို လှုပ်ရှားအောင် စွမ်းဆောင်နိုင်ကြပါသည်။

### မေးခွန်း(၇)အဖြေ

ပရလောကသားများက သားအဖနှစ်ဦးအပေါ် ရေနှင့်လောင်းခြင်း ကိုယ်တိုင်မဆောင်ရွက်နိုင်ကြပါ။ ပူးကပ်ခြင်းကို စွမ်းဆောင်နိုင်ကြပါသည်။ အိမ်စောင့်နတ်များက မကောင်းသောအမှုကို မပြုလုပ်ကြပါ။

### မေးခွန်း(၈)အဖြေ

လူနေသောအိမ်တွင် အိမ်စောင့်နတ်ရှိသည်။ သို့ရာတွင် တစ်ပါးထက်ပို၍ မရှိပါ။

### မေးခွန်း(၉)အဖြေ

လူနှစ်ဦးစလုံးအား ရေချိုးအောင် ပြုလုပ်များမှာ ပရလောကသားများနှင့် အိမ်စောင့်နတ်များ မဟုတ်ပါ။ ရုက္ခစိုးနတ် (သို့မဟုတ်) ပုဏ္ဏကနှင့် တိုက်ခြင်းကြောင့် (ရုက္ခစိုးနတ်နှင့်ပုဏ္ဏက)ယင်းတို့က ဆောင်ရွက်ခြင်းဖြစ်နိုင်ပါသည်။

အထက်ပါ ဖော်ပြပါ ဖြေကြားချက်များသည် ကိုယ်တွေ့ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ဖြေကြားပေးခြင်းပင်ဖြစ်ပါသည်။ ထပ်မံ သိရှိလိုပါသေးက ဖြေကြားသူလိပ်စာအတိုင်း လာရောက်မေးမြန်းနိုင်ပါသည်။

**ဖြေကြားသူ နေထိုင်ရာလိပ်စာ...**

ဦးအောင်ဆန်းမန်း ၁ ဘ ဗ ဝ(တဆ-၁၆၁၆)
အမှတ်(၉၅)၊ အကွက်(၈)၊ ၆၂×၆၃
၁၇×၁၈ မြန်နန္ဒာလမ်း နန်းတော်ရှေ့
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

လိပ်စာအတိုင်း ကိုယ်တိုင် လာရောက်မေးမြန်းနိုင်ပါကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အသိပေးအပ်ပါသည်။

သမားတော် ဦးအောင်ဆန်း
(နန်းတော်ရှေ့)



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲကောပင်

အသီးများ၊ အပင်သန့်စေရန်

တစ်နေ့တွင် စာရေးသူသည် သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၏ အရှေ့မြောက်ဘက်ကမ်းရှိ သဃ်န်းကုန်း ကျေးရွာအလယ်ပိုင်းရှိ ဆရာမ ဒေါ်ဝိုင်းတင်တို့ နေအိမ်သို့ ရောက်ရှိသွားပါသည်။

စာရေးသူ ရောက်ရှိသွားသောအခါ ဆရာမ ဒေါ်ဝိုင်းတင်တစ်ယောက် ကျွဲကောပင်များ၏အောက်တွင် အလုပ်သမားလေးများနှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရပါသည်။

သို့နှင့် စာရေးသူက...

'ဘယ်လိုလဲ ဆရာမရဲ့... ကျွဲကောပင်အောက်မှာ ဘာတွေများ အလုပ်ရှုပ်နေတာလဲဗျ'

ဟု မေးလိုက်တော့ ဆရာမ ဒေါ်ဝိုင်းတင်သည် စာရေးသူကို မြင်သွားပြီး...

'ဟော...ဘယ်သူများလဲလို့ စာရေးဆရာပါလား၊ ကဲ...လာဟေ့၊ မင်းရောက်လာတာနဲ့ အတော်ပဲ၊ ဒီမှာ ကျွဲကောသီးတွေ အဆွတ်ခိုင်းနေတာလေ။ အချို့လဲ ရောင်းဖို့၊ အချို့လဲ စားဖို့ပေါ့။ မင်းပြန်တော့ အိမ်အတွက် ယူသွား။

ဆွတ်ဆွတ်ချင်း စားလို့တော့ သိပ်မကောင်းဘူးကွ၊ ကျွဲကောသီးရဲ့ သဘောက နွမ်းလေကောင်းလေ ဆိုပါတော့'

'ဟုတ်လားဗျ၊ နို့...နေပါဦး၊ ဆရာမရဲ့ ကျွဲကောပင်တွေ ကြည့်ရတာ အားရစရာပဲ။

အပင်ကလဲသန့်၊ အသီးတွေကလဲ သီးနေလိုက်တာ ခဲနေတာပဲဗျာ။ အတော့်ကို ကြည့်လို့ကောင်းတယ်။ ဘယ်လိုအားဆေးတွေများ ကျွေးထားလို့လဲဗျ... ပြောပါဦး'

'ဘာလဲ မင်းက ခေတ်ပေါ်အားဆေးတွေ ကျွေးထားတယ် ထင်လို့လား'

'ဆိုပါတော့...'

'ဘယ်အားဆေးမှ မကျွေးဘူးကွ၊ ဒီမှာကြည့်'

ဟု ဆရာမ လက်ညှိုးထိုးပြသော ကျွဲကောပင်ခြေကို ကြည့်လိုက်သောအခါ **စက်ဖွဲပြာ ခေါ် စပါးခွံပြာ** များကို တွေ့မြင်ရပါသည်။

သို့နှင့် စာရေးသူက...

'ဖွဲပြာတွေ ပုံထားတာပဲ ဆရာမရဲ့၊ ဘယ်လို အကျိုး သက်ရောက်မှု ရှိလို့လဲ'.



'ဒီမယ်...ငါ ပြောပြမယ်။ ဒါက တို့မိဘဘိုးဘွားတွေ လက်ထက် အသုံးပြုခဲ့တဲ့နည်းပဲကွ။ မင်းကို တို့ ပြောပြမယ်။ သေသေချာချာ မှတ်ထားပြီးတော့ မင်း မယုံရင် မင်းအိမ်က ကျွဲကောပင်တွေကို လက်တွေ့ စမ်းကြည့်၊ တကယ်ကိုယ်တွေ့ သိရမယ်'

'ဟုတ်ကဲ့ ဆရာမ...ပြောပါဦး'

'ပြောမယ်၊ ဒီလိုကွ... ကျွဲကောပင်ရဲ့ အမြစ်ခြေမှာ အခုလို စက်ပြာ(ဖွဲပြာ)ကို ပုံပေး၊ ပြီးတော့ ရေဝလောင်းပေး၊ ကျွဲကောပင်တွေဟာ အပင်သန့်ပြီးတော့ အစုမြင်နေရသလို အသီးတွေလဲ ဝေဝေဆာဆာနဲ့သီးတာကို တွေ့မြင်ရမယ်'

ဟု ဆရာမဒေါ်ဝိုင်းတင်က စာရေးသူကို ပြောပြပါသည်။

စာရေးသူလည်း ဆရာမ ပြောပြသည့်အတိုင်း လုပ်ဆောင်ကြည့်တာ ကျွဲကောပင်တွေ သန်လာပြီး တော့ အသီးများ ထူးကဲစွာဖြင့် သီးသည်ကို တွေ့ရပါတော့သည်။

စာရှုသူများလည်း ငွေအပိုမကုန်ပါဘဲ မိမိုးဖလာနည်းဖြင့် ကျွဲကောသီးတွေများများ သီးစေပြီး အပင်သန့်မာ ထွားကျိုင်းသည့် နည်းကောင်းတစ်ရပ်ကို စေတနာ ကောင်းဖြင့် ဤနက္ခတ္တရောင်ခြည်မဂ္ဂဇင်းကနေ တင်ပြ လိုက်ရပါသည်။

မောင်နန္ဒာ(မန္တလေး)





ဦးကွန်းဆိုင် (U KUN SAING)
စမ်းချောင်း

ယုံချင်ယုံ မယုံချင်နေ ကာယသိဒ္ဓိနှင့်

# အဂ္ဂိရတ်စွမ်းအား

စာရေးသူ၏အဖေ ဦးဘဝင်းသည် ၁၉၇၇ ခုနှစ်၊ အသက်(၈၄)နှစ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသည်။ ယခု **(စာရေးချိန် ၂၀၁၄ ခုနှစ်)**ဆိုလျှင် (၂၇)နှစ်တောင် ရှိနေပါပြီ။ စာရေးသူတို့ မိသားစုသည် ငယ်စဉ်က **ဓနုဖြူမြို့နယ်အတွင်းရှိ နန်းတော်ကုန်း ကျေးရွာကြီးတွင်** နေထိုင်ကြပါသည်။

ဆေးပြင်းလိပ်ရုံလုပ်ငန်း၊ စပါးလုပ်ငန်းနှင့် ဝါးအရောင်းအဝယ်လုပ်ငန်းတို့ လုပ်ကိုင်ပြီး စီးပွားရေး အသင့်အတင့် ပြေလည်ကြပါသည်။

အဖေသည် **ကျေးရွာကာကွယ်ရေးခေါင်းဆောင် (ယခင်အခေါ် ကာလသားခေါင်း)**ဖြစ်ပြီး အိုးစည်၊ ဒိုးပတ်၊ ပလွေနှင့် ဝါးပတ်တလား တို့ကို ကျွမ်းကျင်စွာ တီးတတ်၊ မှုတ်တတ်သဖြင့် အလိုအလျောက် ကျေးရွာ တီးဝိုင်းခေါင်းဆောင်လည်း ဖြစ်နေပါသည်။

အရွယ်ရလာသောအခါ ကျေးရွာ၏ ဘာသာရေးခေါင်းဆောင်နှင့် အခမဲ့ ကုသပေးသော မြန်မာသမားတော်ကြီးတစ်ဦး ဖြစ်လာပြီး ကျေးရွာလူထု၏ ကြည်ညိုလေးစားအားထားမှုကို ခံရသော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါသည်။

အဖေ၏ ဆရာရင်းဖြစ်သူ **ဘုန်းကြီးဦးပညာသည် နာမည်ကျော် နန်းတွင်းသမားတော်ကြီး၊ ခေတ်ဆရာကြီး ဦးပို၏ တပည့်တစ်ဦး ဖြစ်ပါသည်။** အဖေ ကုသသော ကုထုံးများမှာ ဆရာတော် ဦးပညာ သင်ကြားပြသပေးခဲ့သော ဆရာပို၏ နည်းနာနိဿယများ ဖြစ်ပါသည်။

F.38A, June, 2018.



www.burmeseclassic.com

www.burmeseclassic.com

အဖေသည် ရှေးမိနောက်ဖိ ပုဂ္ဂိုလ်ကြီးဖြစ်ပြီး ဗဟုသုတအတော်ကြွယ်ဝပါသည်။ တစ်ခါတစ်ခါ မိသားစုများအား သူ၏ ကိုယ်တွေ့အဖြစ်အပျက်များကို ပြောပြလေ့ရှိပါသည်။

နားထောင်ရသူ စာရေးသူဖို့မှာမူ လျှို့ဝှက်ဆန်းကြယ် ဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသကဲ့သို့ ခံစားရပါသည်။ အောက်တွင် ဖော်ပြမည့် အကြောင်းအရာသည် အဖေကိုယ်တိုင် ပြောပြခဲ့သော ကိုယ်တွေ့ဖြစ်ရပ် အများအပြားထဲမှ တစ်ခုဖြစ်ပါသည်။ အဖေ၏ ပြောပြချက်များမှာ...

'ငါ ငယ်ငယ်တုန်းက အသက်(၁၂)နှစ်လောက်ကပေါ့။ ဆရာတော် ဦးပညာဟာ ငါတို့နေတဲ့ ရွာကြီးက ဘုန်းကြီးကျောင်းမှာ ကျောင်းထိုင်ဆရာတော်ပေါ့။ ဆေးဝါးနဲ့ အင်္ဂါရိတ်ပညာရပ်တွေကို တော်တော်လိုက်စားပြီး ဆရာတစ်ဆူလို ဖြစ်နေတယ်။

တစ်နေ့မှာ ဆရာတော်က ငါ့ကို ခေါ်ပြီး အထက်အညာဒေသကို အင်္ဂါရိတ်ပညာနဲ့ ပတ်သက်တဲ့ ဆရာရှာထွက်ကြတယ်။ ဘယ်နေရာ ဘယ်ဒေသမှာ အစွမ်းထက်တဲ့ ဆရာ ရှိတယ်လို့ကြားရင် အရောက်သွားတာပဲ။

ရောက်လို့ (၂)ရက်လောက် ပြောကြ၊ ဆိုကြ၊ ပညာချင်း ဖလှယ်ကြပြီးတဲ့ နောက်မှာတော့ ငါတို့ ဘုန်းကြီးကိုပဲ ဆရာတင်ကြတာ တွေ့ရတယ်။ ဆရာတော်က...

"ငါတို့ ဆရာတပည့်နှစ်ယောက် ဆရာရှာထွက်လာပါတယ်။ ရောက်တဲ့နေရာတိုင်းမှာ ငါ့ကိုပဲပိုင်းပြီး ဆရာတင်ကြတော့တာပဲ။ ပြန်ကြစို့ကွာ"

လို့ စိတ်ပျက်လက်ပျက်နဲ့ ပြောရှာတယ်။

ဒါနဲ့... ဆရာတော် ဦးပညာရဲ့ အင်္ဂါရိတ်ပညာ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ ငါ့ကိုယ်တွေ့ ပြောပြရဦးမယ်။ ဆရာတော်က သုံးလတစ်ကြိမ်လောက် နေပြည်မြို့ ဈေးထဲသွားပြီး ငါ့ကို ရွှေရောင်းခိုင်းတယ်။ တစ်ခါရောင်းရင် တစ်မတ်သားထက်မပိုဘူး။ **အင်္ဂါရိတ်ရွှေမှန်း မသိရအောင် ထုရိုက်ပြီး လက်စွပ်အရိုင်းကွင်းကလေး လုပ်ပြီး ရောင်းခိုင်းတယ်။**

ဘယ်ဆိုင်ကမှ အင်္ဂါရိတ်ရွှေလို့ မပြောဘူး။ အခေါက်ရွှေလို့ပဲ ပြောကြတယ်။ ရောင်းရတဲ့ငွေကို အင်္ဂါရိတ်ထိုးတဲ့အခါမှာ လိုအပ်တဲ့ မီးသွေး၊ လုံအကြီး၊အသေး၊ ပြဒါး၊ ကန့်စတဲ့ အမည်များကို စာရွက်ပေါ် ရေးပြီး...

"ဒီတွေအားလုံးဝယ်ခဲ့၊ ပိုတဲ့ပိုက်ဆံကို မင်း သုံးချင်ရာသုံး၊ ငါ့ကို တစ်ပြားမှ ပြန်မပေးနဲ့၊ ရွှေရောင်းလို့ ဘယ်လောက်ရတယ် ဆိုတာကိုလဲ မပြောနဲ့"

အဲဒီလို ပြောပြီးမှ ခိုင်းလေ့ရှိတယ်။ ဒါက ဆရာတော်ရဲ့ အင်္ဂါရိတ်ပညာအစွမ်းပါ။

ဒါနဲ့... ငါတို့ ဆရာတပည့်နှစ်ယောက်လဲ အောက်ပြည်အောက်ရွာကို ပြန်လာကြတယ်။ ကုန်းကြောင်းသွားတာက များတယ်။ လှေ၊သင်္ဘောစီးတာက နည်းတယ်။ အပြန်ခရီးမှာ သချိုင်းပျက်ကြီးတစ်ခုကို ရောက်သွားတယ်။ မနီးမဝေးမှာ ဇရပ်အပျက်ကြီးတစ်ခုလဲ ရှိတယ်။ အချိန်က နေ့လယ်(၂)နာရီလောက်ရှိမယ် ထင်တယ်။

ဆရာတည့်နှစ်ယောက် မောမော ပ န်းပန်းနဲ့ အဲဒီ ဇရပ်ပျက်ကြီးထဲမှာ အနားယူကြတယ်။ ဆရာတော်က ပါလာတဲ့ နေရာထိုင်လေးခင်းပြီး ပက်လက်အနေအထားနဲ့ မှိန်းနေတယ်။ ငါကလဲ မောလွန်းလို့ ဆရာတော်နဲ့ မနီးမဝေးမှာ အိပ်ပျော်နေတယ်။

ဆရာတော် နိုးသံကြားလို့ ထလာတဲ့အခါမှာ ဆရာတော်က လက်ညှိုးနဲ့အပေါ်ဘက်ကို ထိုးပြတယ်။

"ဘဝင်း မင်း ငါ့လက်ညှိုးထိုးပြတဲ့ နေရာကို မြင်တယ်မဟုတ်လား၊ အဲဒီ ပေထုပ်ပဲ၊ မင်း တက်ပြီးယူစမ်း၊ ကြည့်ပြီးတက်၊ သစ်သားတွေက ဆွေးနေတယ်"

ဆရာတော်ပြတဲ့ နေရာကို ကြည့်လိုက်တော့ ဘုံအပေါ်ဆုံးအဆင့်မှာ ပေထုပ်တစ်ထုပ် ဆွဲထားတာ မြင်ရတယ်။

ငါလဲ သတိဝီရိယနဲ့ တက်ယူပြီး ဆရာတော်လက်ထဲ ထည့်လိုက်တယ်။ ဆရာတော်က ဖုန်အလိမ်းလိမ်း တက်နေတဲ့ ပေထုပ်ကြီးကို သုတ်သင်ရှင်းလင်းပြီး ပေထုပ်ပါ အကြောင်းအရာကို ဖတ်ပြီးပြောပြတယ်။ **ကျိန်စာအမျိုးမျိုးတိုက်ပြီး** ရေးထားတဲ့ပေထုပ် ဖြစ်တယ်။ **ကျိန်စာရဲ့ အဓိပ္ပာယ်ကတော့...**



F.38B. June, 2018



"အကျွန်ုပ်သည် ဤပေထုပ်ပါ အကြောင်းအရာများကို မှန်မကန် ရေးခဲ့ပါက သေခြင်းဆိုးအမျိုးမျိုးနဲ့ တွေ့ဆုံသေရပြီး သေလွန်သောအခါ အဝီစိငရဲသို့ ကျရောက်ပါစေသား"

ဒီလို ရေးထားတယ်။

ရှေးတုန်းကတော့ ဒီလိုကျိန်စာမျိုး ရေးလေ့ရေးထရှိတယ်၊ အခုတော့ မရှိသလောက်ပါဘဲ။ ကျိန်စာအရပြောရရင် ဆေးကတော့ အစွမ်းထက်မယ့်ဆေးပဲ။ ဆေးနည်းကတော့ အလွယ်လေး။ အကုန်အကျလဲ သက်သာတယ်။

**ဆေးအမည်က လေးမျိုး။ (၁)စယို၊ (၂)နွားမျက်ရင်၊ (၃)ချင်းခြောက်၊ (၄)ပျားရည်။** သုံးမျိုးကို ဆတူအမှုန့်ကြိတ်၊ အားလုံးကိုရောပြီး ပျားရည်နှင့်နယ်၊ ဆီးကင်းခန့် အလုံးကလေးများ ပြုလုပ်ပြီး နေလှန်း၊ ခြောက်ရင် စားရန် အသင့်ဖြစ်ပြီ။ စားနည်းကတော့ ညအိပ်ရာဝင် တစ်လုံးသောက်၊ ရေအဝသောက်၊ ဒီအတိုင်း ခြောက်လတိတိ သောက်ရမယ်။

ခြောက်လပြည့်သော နေ့တွင် မနက်စောစောထပြီး နေထွက်ရာ အရှေ့ဘက်ကို လျှောက်သွားရမယ်။ လူရှင်းတဲ့ နေရာရောက်ရင် ဘုရားကို အာရုံပြု၊ သရဏဂုံသုံးပါးရွတ်၊ ပါးပါးသီလ ဆောက်တည်ပြီး လိုရာဆုတောင်းပါလေတဲ့'

အဖေ ပြောပြသည့် ဆေးနည်းကတော့ ဤမျှသာ ဖြစ်ပါသည်။ လွယ်လွန်း၍ စာရေးသူ အမြဲ မှတ်မိနေပါသည်။ ဘာတွေ အစွမ်းထက်သည်ကိုတော့ လက်တွေ့ မစမ်းသပ်ဘူး၍ မသိရပါ။

သို့သော် တစ်နေ့ အမှတ်မထင် ဆေးနည်းကို စမ်းသပ်ရန် အကြောင်းဖန်လာပါသည်။ လွန်ခဲ့သော အနှစ်ငါးဆယ်ခန့်က ဖြစ်ပါသည်။

စာရေးသူ အသက်(၂၁)နှစ်အရွယ်၊ စာရေးသူ၏ သူငယ်ချင်းလည်းဖြစ်၊ ဆွေမျိုးနီးစပ်တော်သူလည်းဖြစ်သူ စောမောင် နေထိုင်ရာ ဘိုကလေးမြို့သို့ စာရေးသူ အလည်အပတ် ရောက်သွားပါသည်။

စောမောင်၏အဖေ ဦးလေး ဦးဘိုးရှင်သည် လေငန်းရောဂါစွဲကပ်နေပါသည်။ အဆိုးကြီးတော့ မဟုတ်ပါ။ စကားပြောလေးခြင်း၊ လမ်းလျှောက်လျှင် ဆတ–ဆတဖြစ်ခြင်း၊ စိတ်တိုစိတ်မြန်ခြင်းတို့ လောက်သာ ဖြစ်ပါသည်။

တစ်ည ဝိုင်းဖွဲ့ပြီး စကားပြောကြရင်း ဆေးဝါးအကြောင်း ရောက်သွားပါသည်။ စာရေးသူလည်း အဖေ ပြောပြသည့် ဆေးနည်းကို ရပုံရနည်းကအစ အားလုံး ပြောပြလိုက်ရာ ဦးဘိုးရှင် အတော်သဘောကျ ဝမ်းသာသွားပါသည်။ "ဆေးစာ ဖတ်ရာ နားထောင်ပါ၊ ရောဂါ ပျောက်နိုးနိုး" ဆိုသလိုပါပဲ။

ဦးလေးဦးဘိုးရှင်က စာရေးသူအား...

'မင်းဆေးနည်းက မင်းပြောပုံအရဆိုရင် တော်တော်အစွမ်းထက်မယ့်ပုံပဲ။ ငါ စမ်းကြည့်မယ်ကွာ'

ဟု ပြောပြီး နောက်တစ်နေ့ နံနက် ဘိုကလေးဈေးထဲသွားပြီး အားလုံးဝယ်ခြမ်း အဆင်သင့်ပြုလုပ် ပျားရည်နှင့်နယ်၊ အလုံးလေးများလုပ်၊ နေလှန်းပြီး ယင်းနေ့ညတွင် ပင် ပျောက်ချင်ဇောနှင့် စပြီး စားပါတော့သည်။ စာရေးသူလည်း တစ်ပတ်ခန့် နေထိုင်ပြီး ရန်ကုန်သို့ ပြန်လာပါသည်။

သည်လိုနှင့် မေ့မေ့ပျောက်ပျောက် ရှိနေတုန်း သုံးနှစ်ခန့် ကြာသွားပြီး နောက် နောက်တစ်ကြိမ် အကြောင်းကိစ္စတစ်ခုနှင့် ဘိုကလေးမြို့သို့ ရောက်ခဲ့ပါသည်။ ရောက်လျှင် ရောက်ချင်း ဆေးအကြောင်း သတိရသဖြင့် မေးကြည့်ပါသည်။

'ဦးလေး ကျွန်တော် ပြောခဲ့တဲ့ ဆေးကို ဆက်ပြီး စားသေးလား၊ ဘာတွေထူးသလဲ'

ဟု မေးတော့ ဦးလေးက...

'မင်းဆေးက ပြီးဆေးကြီးပဲကွ၊ တုတ်ပြီး၊ဓားပြီးဆေး၊ ငါတို့အရွယ်နဲ့ ဒီဆေးတွေ မလိုအပ်ပါဘူးကွာ'

တဲ့။ စာရေးသူက ဆက်ပြီး...

'ပြောပါဦး ဦးလေး ဘာတွေ ဘယ်လိုဖြစ်လို့လဲ'

www.burmeseclassic.com

ဟု မေးတော့ ဦးလေးက...

'မင်း ပြန်သွားပြီးနောက် မင်းဆေးကို ငါ နှစ်လတိတိ ဆက်ပြီးစားတယ်၊ ထူးခြားလာတာကတော့ ငါ့ရဲ့ အသားအရေတွေဟာ မွဲခြောက်ခြောက် ဖြစ်လာပြီး ခုတ်မရ၊ ထစ်မရ ရိုက်လဲမနာ၊ ဓားနဲ့ လှီးကြည့်တယ်၊ မပြတ်ဘူး၊

အဲဒီတော့မှ မင်းပေးခဲ့တဲ့ ဆေးနည်းဟာ တုတ်ပြီး,ဓားပြီးဆေး ဖြစ်ကြောင်း သိရတယ်'

ဟု ပြန်ပြောပြသည်။ စာရေးသူလည်း ဦးလေး ပြောပြတော့မှ **''ငါ့ ဆေးနည်းဟာ ဓားပြီး,တုတ်ပြီး ဆေးကြီးပါလား''**ဟု သိရပါတော့သည်။ ကိုယ်တိုင်တော့ မစမ်းသပ်ခဲ့ဘူးပါ။

ဆရာတော်ဦးပညာ အကြောင်း ပြောပြရန် ကျန်ရှိပါသေးသည်။ အဖေ ကြီးပြင်းလာသောအခါ ဆရာတော်နှင့် ဆရာရင်း၊ ဒကာရင်းတွေ ဖြစ်ကုန်ကြပါသည်။ ဆရာတော်သည် ခနေဖြူမြို့နယ်ဇာတိမဟုတ်၊ အထက်အညာဒေသမှ ဖြစ်ပါသည်။ ခနေဖြူမြို့နယ်၊ နန်းတော်ကုန်း ကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် သက်တော်(၇၀)ကျော်အထိ နေထိုင်သွားပါသည်။

အသက် ကြီးရင့်လာသောအခါ ကျန်းမာရေး မကောင်းတော့ပါ။ ဗိုလ်ထိုးသည့် ဒဏ်တွေကြောင့် မျက်စိရောဂါ စွဲကပ်နေပါပြီ။ တစ်နေ့ စာရေးသူ၏အဖေကို ခေါ်ပြီး ပြောပါသည်။

'ဘဝင်... ငါလဲ အသက်ကြီးပြီ၊ မျက်စိလဲ မကောင်းတော့ဘူး မင်းတို့



ကျောင်းမှာ ငါ ကြာကြာနေလို့ မဖြစ်တော့ဘူး၊ ငါ့ ဆွေမျိုးများရှိရာ အထက်အညာကို ပြန်တော့မယ်၊

အဲဒီတော့ မင်းဟာ ငါ့ရဲ့သစ္စာရှိ တပည့်ရင်းတစ်ယောက် ဖြစ်လို့ မင်းကို ရှေ့ဖြစ်တဲ့ နည်းကို ပေးခဲ့မယ်၊ ဗိုလ်ထိုးဖို့ မီးသွေးများများလိုတယ်၊ ဒါပေမယ့် မီးသွေးအစား ဖွဲကိုပဲ သုံးမယ်၊ မင်း ခြံထဲမှာ ဖွဲ လှည်းအစီး(၂၀)တိုက် ရအောင်ရှာပြီး ပုံထားပေတော့'

ဟု အဖေ့ကို ပြောပါသည်။

အဖေလည်း ဆရာတော်ပြောသည့်အတိုင်း ဖွဲ လှည်းအစီး(၂၀)စာ ရအောင်ရှာကြံပြီး ခြံထဲတွင် ပုံထားပါသည်။ ပုံပြီးသည့်ညတွင်ပဲ မိုးအကြီးအကျယ် သုံး,လေးရက်ကြာ ဆက်တိုက် ရွာသွန်းသောကြောင့် ဖွဲများအားလုံး ရေထဲမျောပါသွားပါသည်။

အဖေလည်း စိတ်မကျေနပ်သေးဘဲ နောက်ထပ် နှစ်ကြိမ် ဖွဲများ ရအောင်ရှာပြီး ပုံပါသေးသည်။ ပုံပြီးတိုင်း ပုံပြီးတိုင်း မိုးဖျက်၍ အားလုံး ရေနှင့်အတူ မျောပါသွားပါသည်။ ဆရာတော်က အဖေ့အား...

'ဘဝင်... ဘယ်လိုမှ စိတ်မကောင်း မဖြစ်ပါနဲ့၊ ကိုယ်နဲ့မထိုက်လို့ မရဘူးလို့ မှတ်လိုက်ပါ၊ ဒါပေမယ့် ငါပြောခဲ့မယ်၊ ငါ့တပည့် ဘယ်တော့မှ ဆင်းဆင်းရဲရဲ မနေရပါဘူး၊ သေတဲ့အထိ ချမ်းချမ်းသာသာနဲ့ နေသွားရလိမ့်မယ်'

ဟု အဖေ့ကို ပြောခဲ့ပါသည်။

အဖေလည်း သေသည့်တိုင် ချမ်းချမ်းသာသာနှင့် နေရပြီး သေဆုံးသွားပါသည်။ စာရေးသူ မှတ်မိသလောက် အဖေသည် ဗိုလ်ထိုး နေသည်ကို မတွေ့ရဘူးပါ။ သို့သော် အင်္ဂရိတ် အကြောင်းကိုတော့ အတော်အတန် နားလည်ကြောင်း သိရပါသည်။

အပေါင်းအသင်းများနှင့် တွေ့ဆုံကြသောအခါ အဖေသည် စာ အကြောင်း၊ ပေအကြောင်း၊ ဘာသာရေးအကြောင်းများနှင့် အင်္ဂရိတ် အကြောင်းများ ပဟေဠိ၊ ပြောကြ ငြင်းခုံနေကြသည်ကို မကြာခဏ ကြားဖူးပါသည်။

အဖေ မကြာခဏ ရွတ်ဆိုပြလေ့ရှိသော အင်္ဂရိတ် စာချိုးလေးတစ်ပုဒ်ကို ယခုထက်တိုင် ကြားယောင်နေမိပါသည်။ ဘာတဲ့...**''တစ်–နှစ် သုံး–လေး စာမတွေးနဲ့ ပြဒါး,ချပ်ဆေး ခြောက်ဆယ့်လေး,တစ်သျှင် ဂဠုန် နှစ်သည်နဂါး''** စသဖြင့် စသဖြင့်...စသဖြင့်...။

*သံဃာတော်များအားလုံး သော ကြောင့်ကြ ဆင်းရဲကင်းကြ၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ*

**ဦးကွန်းဆိုင်**(*U KUN SAING*)
**စမ်းချောင်း**





ငြိမ်းစိုး (မတ္တရာ)

# ပွဲပြီးမီးသေ

မလုပ်မိလို့

**''ပွဲပြီး မီးသေ''**ဆိုသော စကားသည် ရှေးလူကြီးသူမများမှ အနာဂတ်၏ သားစဉ်မြေးဆက်များ လိုက်နာကျင့်သုံးရန်အတွက် ပြောကြားခဲ့သော ရှေးထုံးစဉ်လာ စကားလုံးတစ်ခုဖြစ်၏။

'ရှေးထုံးကိုလည်း မယယ်နှင့်၊ ဈေးသုံးကိုလည်း မလွှဲယ်နှင့်၊ ရှေးထုံးပယ်က လွဲတတ်သည်၊ ဈေးသုံးလွှယ်က မွဲတတ်သည်'

ဆိုသကဲ့သို့ ရှေးပညာရှိ လူကြီးသူမများ ပြောကြားခဲ့သော စကား[illegible]အား မှတ်သားလိုက်နာအပ်ပေ၏။

''ပွဲပြီး မီးသေ''ဆိုသော စကားသည် အလှူမင်္ဂလာ ဘုရားပွဲ စသည်တို့၌ ပွဲပြီး၍ မီးမသေသော်လည်း ထိခိုက်နစ်နာစရာ အကြောင်း မရှိပေ။

သို့သော်လည်း နာရေးကိစ္စများ၌ အလွန် အရေးကြီးလှ၏။ အိမ်တစ်အိမ်၌ နာရေးဖြစ်ခဲ့သော် ယင်းအိမ်မှ မီးကို အခြားအိမ်တစ်အိမ်သို့ သယ်ဆောင် ကူးယူခြင်း မပြုအပ်ပေ။

**နာရေးအိမ်မှ မီးကို ကူးယူပါက အသူ ကူးတတ်၍ ဖြစ်၏။ နာရေး ရက်လည် ထွက်သွားပြီးပါကလည်း ပြီးပြီးချင်းပင် နာရေးအိမ်၌ ချက်ပြုတ်သော မီးများကို ချေ့ငြှိမ်းသတ်ရ၏။ ဖိုခံလောက်များကိုလည်း ဖျက်သိမ်းခြင်း ပြုလုပ်ရ၏။ ပွဲပြီး မီးသေ ပြုလုပ်ခြင်းပင် ဖြစ်၏။**

ထိုမျှပင် မကပေ။ နာရေးအိမ်တွင် ပြုလုပ်ထားသော ကနားဖျင်း (အရိပ်စင်)ကိုလည်း ချက်ချင်း ဖျက်သိမ်းရ၏။ ယင်းအိမ်အတွက် အသုံးပြုရန် ငှားရမ်းထားသော အိုးခွက် ပန်းကန်နှင့် စားပွဲ၊ ကုလားထိုင်မှ အစ ပြန်ပို့ပေးရ၏။

အထူးမမေ့ရန်ကား သေသူ၏ ဝိညာဉ်အား သင်္ချိုင်းမှ ခေါ်ဆောင်ခဲ့သော သစ်ခက် (သို့မဟုတ်) အကိုင်းအား သင်္ချိုင်းသို့ ပြန်ပို့ခြင်းအား မမေ့မလျော့ ပြုလုပ်ရ၏။

''တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း''ဆိုသော်လည်း ရပ်ရွာအလိုက် ဓလေ့ထုံးတမ်းများကိုတော့ ဂရုပြု လိုက်နာအပ်ပေ၏။

www.burmeseclassic.com

လောကကြီးအား အရွဲ့တိုက်သည့်သဘောဖြင့် ရှေးထုံး(သို့မဟုတ်) ရှေးဟောင်းအစဉ်အလာ ကျင့်ဝတ်တစ်ခုကို မလေးမစား ပြက်ရယ်ပြုခဲ့သဖြင့် ပြုသူအပါအဝင် တစ်ရွာလုံးမှာ ဒုက္ခများ ရောက်ခဲ့ရ၏။ တတ်သိနားလည်သူ တစ်ယောက်နှင့် ရွာသူကြီးတို့၏ အချိန်မီ အစီအမံပြုမှုကြောင့်သာ ရွာမနာခဲ့ရခြင်း ဖြစ်ပေ၏။

ဒုက္ခရောက်ရခြင်း အကြောင်းကလည်း ပွဲပြီးသွားသော်လည်း မီးမသေခဲ့သဖြင့် ရိုးရာထုံးစံ၏ "ခိုက်"ခြင်းဟု ဆိုရပေမည်။

**လွန်ခဲ့သော နှစ်(၄၀)ခန့်က ဖြစ်၏။** မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့နယ်တစ်ခု၏ မြိုင်သာယာကျေးရွာတွင်ဖြစ်၏။ အိမ်ခြေ(၃၀၀)ခန့်ရှိသော အနီကျေးရွာ၌ ကျော်မောင်ဆိုလျှင် မသိသူ မရှိသလောက်နာမည်ကြီး၏။

ကျော်မောင်က မူးလာပြီဆိုလျှင် လူကြီးသူမလည်း နားမလည်။ ဘုန်းကြီး၊ သီလရှင်ဆိုလည်း ရိုသေရမှန်းမသိ။ ဇနီးသားသမီးကိုလည်း ကြင်နာရမှန်းမသိ။ ဇနီးနှင့်သားလေး(၂)ယောက်တို့ကိုလည်း ဟုတ်တိပတ်တိ လုပ်ကျွေးခြင်း မရှိချေ။

ကျော်မောင်၌ ကောင်းကွက်တစ်ခုအနေဖြင့် ရပ်ရွာတွင်း သာရေးနာရေးများ ရှိခဲ့ပါက ပွဲစပွဲဆုံး ကူညီတတ်ခြင်းပင် ဖြစ်၏။

အသက်(၃၅)နှစ်ရှိပြီ ဖြစ်သော ကျော်မောင်က အိမ်ထောင်သက်(၁၀)နှစ်ခန့်အတွင်း၌ ဇနီးဖြစ်သူ ထွေးလှနှင့် ကလေးများကို မည်မည်ရရ အလုပ်ပြု၍ ရှာဖွေကျွေးမွေးခြင်း မရှိသည်မှာ အမှန်ပင်ဖြစ်၏။

ကျော်မောင်၏ ဇနီးဖြစ်သူ ထွေးလှမှာ လင်ဆိုးမယား တဖားဖားဆိုသကဲ့သို့ ကျော်မောင်နှင့် သားလေး(၂)ယောက်တို့ကို ဈေးတောင်း ခေါင်းပေါ်တင်၍ ဈေးရောင်းချကာ ရှာဖွေကျွေးမွေးရ၏။

ထွေးလှမှာ ရာသီပေါ် သီးနှံများကို တစ်ဆင့် ဝယ်ယူပြီး ပြန်လည်ရောင်းချသူ ဖြစ်၏။ ဈေးတွင် ကုန်စိမ်းများ ရောင်းချ၍ ကုန်သွားပါက အရင်းနှုတ်ထားပြီး အမြတ်ကို အိမ်သုံးပစ္စည်းများ ဝယ်ယူရ၏။

ပြီးလျှင် ဈေးအနီးရှိ အရက်ဆိုင်သို့သွားကာ ကျော်မောင်အတွက် အရက်ဝယ်ရ၏။ အိမ်အပြန်အရက် မပါလျှင် ကျော်မောင်၏ ဆူဆဲမှုကို ခံရမည်ဖြစ်၏။

ထို့ကြောင့် နေ့စဉ်ပင် ဈေးရောင်းရာမှ အိမ်သို့ပြန်တိုင်း အရက်မှာ မပါမပြီး ဖြစ်လေ၏။

ထို့ကြောင့် ကျော်မောင်မှာ အရက်ကလေး တမြမြဖြင့် ဆက်ရက်မင်းစည်းစိမ် ခံစားကာ နေတော့၏။

ထွေးလှ ဈေးရောင်းသွားချိန်တွင် ကျော်မောင်က နံနက်စာ ထမင်း တစ်အိုးတော့ ချက်ထားပေးတတ်၏။

ထွေးလှ ဈေးက ပြန်လာမှသာ ဟင်းကို ထွေးလှမှ ချက်ရလေ၏။ နေ့စဉ် နံနက်စာ ထမင်းချက်ရသည်က ကျော်မောင်၏ တစ်ခုတည်းသောအလုပ် ဖြစ်ပေ၏။ ဤသည်ကိုပင် ထွေးလှက ကျေနပ်နေပေ၏။

တစ်နေ့တွင် ကျော်မောင်တို့ အိမ်ဘေးမှ အသက်(၈၀)ကျော်ခန့် အဒေါ်ကြီးတစ်ယောက် နာတာရှည် ရောဂါဖြင့် သေဆုံးသွားရှာ၏။

ကျော်မောင်က နာရေးအိမ်သို့ လှူမှုရေးအရ သွားရောက်ကာ တတ် အားသမျှ ကူညီပေး၏။

နာရေးမြေချသောအခါ မြေကျင်း တူးရာ၌ ကျော်မောင်နှင့် အဖွဲ့ပါ၏။ ပြီးနောက် ကျော်မောင်က သေသူ၏ ဝိညာဉ်အား သစ်ခက်ကလေးတစ်မှ ဖြင့် အိမ်သို့ ခေါ်ခဲ့၏။

နာရေးအိမ်တွင် သေသူ၏ အိ ရာပြင်ထားသော ခေါင်းရင်း၌ ယ သစ်ခက်ကလေးကို ချထားပေ လိုက်၏။

နာရေးအိမ်၏ ဝေယျာဝစ္စမျ တွင်လည်း ထင်းပေါက် ရေ တည့်မှ စ၍ ကျော်မောင်က အာ ရ၏။ နာရေးအိမ်တွင် ကနား (အရိပ်စင်) ဆောက်ရာ ကျော်မေ တို့အဖွဲ့က မပါလျှင် မပြီးပေ။

နာရေးအိမ်မှလည်း ကျော်မေ တို့အဖွဲ့အား ကျေးဇူးတင်စွာ ညှိခံကျွေးမွေးကာ ယမကာ လည်း တည်ခင်းခဲ့၏။

ကျော်မောင်က ဇနီးဖြစ် ထွေးလှ ဈေးသွားရောင်းချိန် နံနက်စာ ထမင်းချက်ပေးခြင်း ထမင်းစားချိန်၊ ညအိပ်ချိန်မှ လွ နာရေးအိမ်၌သာ သွား၍ ကူညီ နေ၏။

သား(၂)ယောက်မှာလည်း (၇) နှစ်နှင့်(၉)နှစ်စီ ရှိကြပြီဖြစ်၍ ထိန်းသိမ်းစရာ မလိုတော့ချေ။

ညအိပ်တာတောင်မှ နာရေးအိမ်တွင် အိပ်ချင်သော်လည်း မိန်းမနှင့်ကလေးများ ကြောက်ကြသည် ဆိုသဖြင့် အိမ်သို့ ပြန်အိပ်ခြင်းဖြစ်၏။

ဤသို့ဖြင့် (၇)ရက်ကြာသော် နာရေးအိမ်မှ ရက်လည်ဆွမ်းသွတ်သည့်နေ့ကို ရောက်လာခဲ့၏။ နံနက်(၆)နာရီတွင် သံဃာ(၅)ပါးအား ပင့်ဖိတ်ကာ ဆွမ်းကပ်လေ၏။ ပြီးနောက် သံဃာတော်များထံမှ တရားနာယူပြီး အမျှအတန်း ပေးဝေလေ၏။

သံဃာတော်များ ပြန်ကြွသွားပြီးနောက် ဧည့်သည်များကို ထမင်းကျွေးကြ၏။

သေဆုံးသူ အဒေါ်ကြီး၏ သားဖြစ်သော ကိုလှကျော်မှ ကျော်မောင်အား သူ့မိခင်၏ ဝိညာဉ်အဖြစ် ခေါ်ဆောင်ခဲ့သော သစ်ခက်ကလေးကို သုသာန်သို့ပြန်ပို့နိုင်းသဖြင့် ကျော်မောင်က ယင်းသစ်ခက်ကလေးကို သုသာန်သို့ပို့ရန် ယူခဲ့၏။

သို့သော်လည်း သစ်ခက်ကလေးကို သုသာန်သို့အရောက် ပြန်မပို့ခဲ့ချေ။ ရွာအစပ်တွင် ချထားခဲ့ကာ ပြန်လာခဲ့လေ၏။

နာရေးအိမ်သို့ ကျော်မောင်ပြန်ရောက်ချိန်သည် နံနက်(၉)နာရီရှိ ဖြစ်၏။

ကျော်မောင်က ကိုလှကျော်အား သစ်ခက်ကလေးကို သုသာန်သို့ ပို့ပြီးဖြစ်ကြောင်း ပြောပြ၏။ ကိုလှကျော်မှ...



'ကျော်မောင်ရေ... ထမင်းဝင်စားလိုက်လေကွာ၊ ဧည့်သည်တွေလဲ ပြန်ကုန်ပါပြီ။ စားပြီးရင်တော့ ပစ္စည်းတွေ ကူသိမ်းပေးပါဦး'

'ဟုတ်ကဲ့ပါ ကိုလှကျော်'

ဟု ပြောကာ ကျော်မောင်က ကူညီ ချက်ပြုတ်သူများနှင့်အတူ ထမင်းဝင်စား၏။ ထမင်းစားပြီးသော် ပန်းကန်ခွက်ယောက်များကို ဆေးကြောသန့်စင်ပေး၏။

ကာလသား အဖွဲ့များကလည်း ငှားရမ်းထားသည့် ပစ္စည်းများကို သက်ဆိုင်ရာသို့ ပြန်ပို့ပေးကြ၏။

အချို့က အိမ်ရှေ့တွင် ရှိသော ကနားဖျင်း(အရိပ်စင်)ကို ဖျက်သိမ်းပေးကြ၏။ ထမင်းချက်အဖွဲ့မှ ထမင်းမီးများကို ရေဖြင့် လောင်း၍ ငြိမ်းသတ်ရန် ပြုလုပ်စဉ် ကျော်မောင်က...

'နေကြပါဦးဟ... ငါထမင်းချက်ဖို့ ထင်းမီးစ တစ်ချောင်းတော့ ယူပါဦးမယ်။ ထွေးလှ ဈေးကပြန်လာလို့ ထမင်းချက်မထားရင် ပြောနေမှာစိုးလို့ပါ။ ထမင်းချက်ဖို့ကလဲ မနက်(၁၀)နာရီကျော်နေလို့ မီးမွေးချိန် မရဘူးလေ'

'ဟ...ကျော်မောင် နာရေးအိမ်က မီးကို မယူကောင်းဘူးကွ။ အပူကူးတတ်တယ်။ "ပွဲပြီး မီးသေ" ဆိုစကား ရှိတယ်ကွ'

ဟု ဘကြီးသောင်းရွှေဆိုသူမှ ပြောရာ သူက...

'ကျုပ်တော်ကတော့ အယူမသီးပါဘူးဗျာ... ရှေးက စကားတွေကို မယုံလို့ ယူသွားပြီဗျို့'

ဟု ပြောကာ ဘကြီးသောင်းရွှေ တားနေသည့် ကြားမှပင် ထင်းမီးစ တစ်ချောင်းကို ကောက်ကိုင်၍ သူ့အိမ်သို့ ယူသွားလေ၏။ ဘကြီးသောင်းရွှေက တားမရသည့် ကျော်မောင်ကို အသာပင် ကြည့်နေလိုက်ရပြီး လက်ကျန် ထင်းမီးများကို ရေဖြင့် ရွှဲရွှဲစိုအောင် လောင်းကာ ငြိမ်းသတ်လိုက်စေ၏။

ပြီးနောက် ဖိုခုံလောက်များကိုလည်း ဖျက်သိမ်းလိုက်စေ၏။ နာရေးအိမ်တွင်တော့ "ပွဲပြီး မီးသေ"ပြုလုပ်လိုက်ပြီ ဖြစ်၏။

နာရေးအိမ်မှ မီးကို ယူသွားသော ကျော်မောင်၊ ဝိညာဉ်သစ်ခက်အား သုသာန်သို့အရောက် ပြန်မပို့သော ကျော်မောင်ကတော့ ရှေးထုံးဓလေ့များကို ပြက်ရယ်ပြုနေသယောင်





www.burmeseclassic.com

www.burmeseclassic.com

ယောင်ပင် ဖြစ်လေ၏။

နာရေးအိမ်မှ ရက်လည်ပြီးသည့်နေ့၏ ညနေပိုင်း နေဝင်ရီတရောအချိန်တွင် အိမ်ရှေ့ ထွက်ဆော့နေသော ကျော်မောင်၏ သားအငယ်ဖြစ်သူ နက်ကျော်မှာ မည်သို့မည်ပုံဖြစ်သည်ဟု မသိရဘဲ အိမ်ခြံဝင်းအတွင်းသို့ ပြေးဝင်လာခဲ့၏။ သူ့နှုတ်မှ...

'အပေကြီးရေ... ဘကြီးလဲ မသိဘူး။ မည်းမည်းကြီး သားကြောက်တယ်။ သားကြောက်တယ်'

နှင့် ပြောကာ အကြောက်လွန်၍ အပြင်းဖျားလေ၏။ ထွေးလှမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ တတ်အားသမျှ ပြုစုရ၏။

အရေးထဲ ကျော်မောင်က အရက်ဆိုင်သွားနေသဖြင့် သားအကြီးကောင် နီကျော်အား သူ့အဖေ ကျော်မောင်ကို အခေါ်လွှတ်မှ ပြန်လာ၏။

ညပိုင်းတွင် ကလေးမှာ အဖျားပိုကြီးလာပြီး ကယောင်ကတမ်းများ ပြောလာ၏။ ကျော်မောင်နှင့် ထွေးလှတို့က တတ်အားသမျှ ပြုစုကြသော်လည်း သနားစရာကောင်းရှာသော နက်ကျော်လေးမှာ နံနက်လင်းခါနီးအချိန်တွင် သေဆုံးသွားရှာတော့၏။

ကျော်မောင်တို့အိမ် အနီးဝန်းကျင်မှ သံရှည်ဆွဲ အူသွားကြသော ခွေးများ၏ အသံကလည်း တိုက်ဆိုင်စွာ ထိတ်လန့်ဖွယ် ကြားလိုက်ကြရ၏။

ကျော်မောင်တို့အိမ်မှ ငိုသံများကြောင့် ဘေးအိမ်များမှ ရောက်လာကြ၏။

သေဆုံးနေသော ကလေး၏ ပုံစံမှာ နေမကောင်း၍ သေဆုံးခြင်းထက် ကြောက်ရွံ့နေသည့်ပုံစံ ဖြစ်နေသည်ကို အားလုံးက တွေ့နေကြရ၏။

အကြောင်းစုံကို ရိပ်မိသော ဘကြီးသောင်းရွှေက အလောင်းကို နေ့ချင်းသင်္ဂြိုဟ်စေ၏။ ကျော်မောင်၏ သားလေး မြေချပြီး နောက်တစ်နေ့တွင် အခြား ခပ်ဝေးဝေးအိမ်မှ ကလေးတစ်ယောက် အပြင်းဖျား၍ သေဆုံးသွားပြန်၏။

ထိုကလေး သေဆုံးသောညတွင်လည်း သံရှည်ဆွဲ၍ အူသွားကြသော ခွေးများ၏ အသံလို အသည်းတုန်အူတုန်မျှ ကြားကြရ၏။

အခြေအနေကို ရိပ်မိသော ဘကြီးသောင်းရွှေက ရွာသူကြီးထံ သွားရောက်ကာ ကျော်မော်၏''ပွဲပြီးမီးသေ''လုပ်ရပ်ကြောင့် ''ရွာ''ကို ထိခိုက်ခြင်း ဖြစ်နိုင်ကြောင်း ပြောပြ၏။

ထို့နောက် မည်သို့မည်ပုံ ပြုလုပ်ကြမည်ကို သူကြီးနှင့် ဆွေးနွေးကြ၏။ ပြီးသော် သူကြီးနှင့် ဘကြီးသောင်းရွှေတို့က ရွာရှိ ဝါတော်အကြီးဆုံး ဖြစ်သော ဘုန်းတော်ကြီးထံသို့ သွားရောက်ကာ အကျိုးအကြောင်း လျှောက်ထားကြ၏။

ဆရာတော်၏ ခိုင်းစေမှုအရ သူတို့မြို့သာယာကျေးရွာရှိ အခြားဘုန်းကြီးကျောင်း (၂)ကျောင်းမှ ဆရာတော်များကိုလည်း သွားရောက်ပင့်ဆောင်ခဲ့ကာ ဆွေးနွေးမှုပြုကြ၏။

ထို့နောက် ဆရာတော်များမှ ထိုနေ့ညနေပိုင်းတွင် ရွာအစွန်နှစ်ဖက်နှင့် ရွာအလယ်တို့တွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ကမ္မဝါများ ရွတ်ဖတ်ပေးကြ၏။

ဘုန်းတော်ကြီးများ ရွတ်ဖတ်ပြီးချိန်တွင် ရွာသားများက အိုးခွက်သံပုံးများ တီးပြီး ရှိနိုင်မည်ဟု ထင်ရသော မကောင်းဆိုးဝါးကို **''တောထုတ်''**ကြ၏။

ရွာရှိ ခွေးများက သံရှည်များဆွဲ၍ အူကြကာ သုသာန်ဘက်သို့ ပြေးလိုက်သွားကြသည်ကို တွေ့လိုက်ကြ၏။

ထိုသို့ပြုလုပ်ပြီးသည့်နောက်တွင် မြို့သာယာ ရွာကလေးမှာ ပယော ကသား၏ အန္တရာယ်ပေးခြင်း နှောင့်ယှက်ခြင်း မခံရတော့ဘဲ ရွာသူရွာသားများမှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ဖြစ်ကြရတော့၏။

ရှေးလူကြီးသူမများ၏ ဆိုရိုးစကားနှင့် ဓလေ့ထုံးတမ်းကို မထီမဲ့မြင် ပြုခဲ့သော ကျော်မောင်တစ်ယောက်မှာတော့ သားလေး နက်ကျော်နှင့် ရင်း၍ တစ်သက်တာ သင်ခန်းစာ ရရှိသွားခဲ့ရပြီ ဖြစ်ပေ၏။

ထို့ကြောင့်ပင် ''ပွဲပြီး မီးသေ'' ဆိုရိုးစကားအား မထီမဲ့မြင် မလေး မစား မပြုလုပ်အပ်ပေကြောင်း ရေးသားလိုက်ရပေသတည်း။

ဦးစိုး(မတ္တရာ)



# နို့ချောင်းပိတ်နေသူ မွေးဖွားပြီးစ မိခင်လောင်းများအတွက်

အေးချမ်းအောင် (မင်းလှ)



## ဆေးနည်းကောင်းတစ်လက်

စာရေးသူတို့နေအိမ်သည် ဆေးရုံရှေ့တွင် ဖြစ်သည့်အတွက် စာရေးသူ၏ ဧဒင်ဟောခန်းကို ခေါင်းရင်းဘက် အရှေ့ဘက်ခန်းတွင် ဖွင့်ထားပြီး အနောက်ဘက်နှစ်ခန်းကိုတော့ဖြင့် စာရေးသူ၏ အစ်မကြီးက ဆေးရုံအသုံးအဆောင်ပစ္စည်းများ၊ သောက်ရေသန့်၊ အအေးမျိုးစုံ၊ မုန့်မျိုးစုံကို ရောင်းပါသည်။

တစ်နေ့သော ညနေဘက် ကျောင်းဆင်းချိန်မှဖြင့် စာရေးသူ၏ ကျောင်းနေဖက်သူငယ်ချင်း ကြည်ကြည်ဆွေ တစ်ယောက် ကလေးကျောင်းကြိုပြီး စာရေးသူ၏ နေအိမ် ဝင်ရောက်လာပြီး သူငယ်ချင်းနှစ်ယောက် စကားပြောနေသည်။

ထိုအချိန်တွင် စာရေးသူသူတို့နေအိမ် ဈေးဆိုင်သို့ ညနေ ဆေးရုံမပိတ်မီ ဈေးဝယ်သူများ လိုအပ်သော ပစ္စည်းအသုံးအဆောင်များ တဖွဲဖွဲ လာရောက်ဝယ်ယူနေကြပါသည်။

စာရေးသူတို့ စကားပြော ကောင်းနေချိန်မှာဖြင့် ဈေးဝယ်နေသူ အမျိုးသမီး နှစ်ယောက်၊ သုံးယောက်နှင့် အမျိုးသားတစ်ယောက် ဈေးဝယ်နေသူ အချင်းချင်း စကားပြောနေသံ နားထဲမှာ ကြားလိုက်ရပါသည်။

'ကျွန်မတို့က မွေးလူနာ လာစောင့်ပေးတာ၊ ကျွန်မတို့ကလဲ မလုပ်တတ် မကိုင်တတ် ကလေးပေါက်စလေးက ညက တစ်ညလုံး မအိပ်ရဘူး ငိုနေတာ။

မိခင် နို့မထွက်လို့၊ အနားက အစ်မတို့ကိုလဲ အားနာပါတယ်။ နို့မသောက်ရတော့ ကလေးက ငိုနေတာ'

'ရပါတယ်၊ လူနာစောင့်အချင်းချင်းတွေပဲ။ ကိစ္စမရှိပါဘူး'

စကားပြောနေရင်း သူငယ်ချင်း ကြည်ကြည်ဆွေမှ ဈေးဝယ်သူထံ ထသွားပြီး...

'ဒီက ညီမလေးတို့က လူနာစောင့်တာလား'

'ဟုတ်ပါတယ် အစ်မ'

'ဒါဆိုရင် မိခင်အတွက် အစ်မ ဆေးနည်းပေးမလို့၊ အစ်မ ကလေးမီးဖွားတုန်းက ဟိုမှာထိုင်နေတဲ့သား အဲဒီသားလေး မွေးတုန်းကပေါ့၊ နို့မထွက်လို့ နို့ချောင်းပိတ်နေတာ။

အစ်မရဲ့ အတွားကလေ ရွှေဖရုံသီးအညှာတံကို သနပ်ခါး ကျောက်ပျဉ်မှာ သွေးပြီး အစ်မရဲ့ နို့ရင်သားပေါ်ကို သနပ်ခါးလိမ်းသလို လိမ်းပေးတာ၊ ခြောက်သွားလိုက် ထပ်ပြီး လိမ်းပေးလိုက်နဲ့... မကြာပါဘူး နို့တွေထွက်လာတော့တာ၊ အစ်မကိုယ်တိုင် အစ်မကိုယ်တွေ့ပဲ။ အခုပဲ အမြန်လုပ်ပေးလိုက်ပါ၊ မိခင်ဖြစ်သူ နို့တွေ လျှံလျှံထွက်လာပါလိမ့်မယ်'

စာရေးသူလည်း ထိုင်မနေနိုင်တော့ပါ။ သူတို့ စကားဝိုင်းသို့ ရောက်ရှိသွားပါတော့သည်။

လူနာစောင့်နှင့် ကလေးအဖေဖြစ်သူကနေ...

'ကျွန်တော်တို့က ကန့်ဖွန့်အင်းကနေ လာပြီး မီးဖွားတာပါ။ ကျောက်ပျဉ်လဲ ဘယ်ပါပါ့မလဲ၊ ရွှေဖရုံသီးအညှာ ကကော ဘယ်မှာ ရနိုင်မလဲ အစ်မ'

စာရေးသူကနေ...

'အဲဒီအတွက် မပူပါနဲ့၊ သနပ်ခါးကျောက်ပျဉ်ရော ရွှေဖရုံသီးအညှာပါ ပေးလိုက်ပါမယ်'

ဆိုပြီး စာရေးသူပါ ပါဝင်ကူညီပေးလိုက်ပါသည်။

စာရေးသူ၏ သနပ်ခါးကျောက်ပျဉ်မှာ ကျွန်ုပ်သိလ် ကျောင်းတက်တုန်းက အသေးအလတ် တစ်ချပ် ဝယ်ထားသည်ကို ရေဆေးပြီး ရွှေဖရုံငါးရွာမှ ဆွေမျိုး





www.burmeseclassic.com

www.burmeseclassic.com

တွေ ဝါတွင်းကာလ ဆွမ်းလောင်းလှူဖို့ နှစ်စဥ် သခွားသီးနှင့် ရွှေဖရုံသီးများ ပို့ပေးပါသည်။

အချိန်ဆွဲမနေပါဘဲ ချက်ချင်းပင် အိမ်နောက်မှ ရွှေဖရုံသီးတစ်လုံး၏ အညှာကို ဓားဖြင့် ခုတ်ချလိုက်ပြီး အညှာကိုပါ ရေဆေးပေးလိုက်ပြီး လူနာစောင့်ကို သူငယ်ချင်းဖြစ်သူ ကြည်ကြည်ဆွေနှင့် နှစ်ယောက်သား ကျောက်ပျဥ်ပေါ်တွင် လိမ်းပေးရန် အကြိမ်ကြိမ် အခါခါ မှာပြီး ပေးလိုက်ပါသည်။

နောက်တစ်နေ့ နှစ်ရက်မြောက်နေ့တွင် အမျိုးသမီး နှစ်ယောက် သနပ်ခါးကျောက်ပျဥ်ကို ကိုင်၍ စာရေးသူတို့ နေအိမ်ဈေးဆိုင်သို့ အပြုံးများဖြင့် ဝင်ရောက်လာပါသည်။

'အစ်မတို့ကို အရမ်းကျေးဇူးတင်ပါတယ်။ အစ်မတို့ ကူညီပေးလိုက်တဲ့အတွက် ရွှေဖရုံသီးအညှာကို ကျောက်ပျဥ်မှာ သနပ်ခါးသွေးသလို သွေးပြီးလိမ်းတာ ခြောက်သွားလိုက် ထပ်လိမ်းလိုက်နဲ့... တကယ် လက်တွေ့ပဲ အစ်မရေ...

အရောင်ကလဲ သနပ်ခါးအရောင်အတိုင်းပဲ။ အခု တော့ ကလေးလဲ နို့တွေဝပြီး ကောင်းကောင်း အိပ်နေ ပါပြီ။ ကလေးရဲ့မိခင်ကလဲ ဝမ်းသာလွန်းလို့ ကျေးဇူး တင်တဲ့အကြောင်း ပြောလိုက်ပါတယ် အစ်မ။ ညီမတို့လဲ ကျောက်ပျဥ်လဲပို့ရင်း မိခင်လဲ နို့ထွက်နေပြီဆိုတဲ့ အကြောင်း လာပြောတာပါ'

စာရေးသူကနေ...

'ပေးလိုက်တဲ့ ဆေးနည်းက တကယ် လက်တွေ့ပဲ ဆိုတော့ အရမ်းဝမ်းသာပါတယ်။ အခုလို ပြန်ကြားရတာ နဲ့တင် ဝမ်းသာပီတိ ဖြစ်ရပါတယ်။

ဒီဆေးနည်းကောင်းတစ်လက်ကိုတော့ ကလေး မီးဖွားပြီး နို့မထွက်တဲ့ မိခင်လောင်းတွေအတွက် နဂ္ဂါ ရောင်ခြည်မဂ္ဂဇင်းကနေ ဖော်ပြပေးလိုက်ပါမယ်' ဟု ပြောပြလိုက်ပါသည်။

အမျိုးသမီးနှစ်ယောက်လည်း စာရေးသူကို နှုတ်ဆက် ကာ ပျော်ရွှင်လန်းဆန်းတက်ကြွသော ခြေလှမ်းများဖြင့် ထွက်ခွာသွားပါတော့သည်။

အေးချမ်းအောင်(မင်းလှ)




# ကြယ်ပါဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုရောဂါဆေး

ဆီးရိုးသွေးရိုးကြောင့် မကြာခဏ ရေငတ်ခြင်း။ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဥ်ကိုက်ခဲခြင်း၊ ရွှေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်၊

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်၊



မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)

လိုင်စင် ၂/၂၀၁၃၊တထထလ၊(၂၃၈၅)

ပင်ရင်း ကြယ်ပါဖြူမင်း ဆေးတိုက် အမှတ်(၄၅၃)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်း... (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ၊ ၀၉-၇၃၀၁၄၀၄၄၊ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၉...

ဖြန့်ချိ (ပြည်မြို့-လေးနန်းတော်ကြီးဆေးဆိုင်) (တောင်ငူမြို့-ရွှေပင်ငွေပင်သက်န်းတိုက်) (ပုသိမ်မြို့-မြဲမှုမွှန်ဆေးခန်း) (ဒေးဒရဲမြို့-ထက်ဆေးခန်း) (မှော်ဘီမြို့-ဦးတင်မော...) (ရန်ကုန်-ကြည့်မြင်တိုင်ညဈေး-သီရိမေတ္တာ၊ ပွင့်လွှာဆေးဆိုင်) (ရန်ကုန်-ကျောက်မြောင်း-ကောင်းထက်အောင်ဆေးဆိုင်၊ သတိပဋ္ဌာန်လမ်းထိပ်) (တောင်ဥက္ကလာပ-ဇီဝကဆေးဆိုင်)

✱ ကိုဝင်းမြင့် + မဘောဘီဆေးမျိုးစုံဆိုင်၊ (၀၅)လမ်းထိပ်၊ ရန်ကုန်မြို့

✱ ကမ္ဘာ့လုံးဦးဘညိန်ဆေးတိုက်၊ အမှတ်(၀၆၇)၊ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း... ဖုန်း-၂၅၆၄၀၀ (လိုင်းခွဲ-၇၂၅)




F.39B. June, 2013


# ရွှေပြာသဗ္ဗြီ ရသာယန အားဆေးများ

(၁)ကိုယ်/စိတ်၌ဖြစ်ပေါ်သောရောဂါများသက်သာပျောက်ကင်းစေသည်။

(၂)သက်ကြီးသော်လည်း နုပျိုနေမည်။

(၃)ပညာဉာဏ်၊ အသိအမြင်အဆင်တိုးတက်လာမည်။

(၄)ခန္ဓာကိုယ်ရှိ ဓာတ်(၇)ပါးစင်ကြယ်သန့်ရှင်းတိုးပွားလာမည်။

(၅)ကိုယ်ခံစွမ်းအား၊ ခံနိုင်ရည်အားများ တိုးတက်လာမည်။

(၆)ရွှေပြာသဗ္ဗြီ ဥသျှာ အရည်ကို သောက်ခြင်း၊ လိမ်းခြင်း၊ အသုံးပြုခြင်းဖြင့် နုဖွံ့၊လက်၊ခြေဖွံ့လာပြီး ကျန်းမာလာမည်။



ရသာယနအားဆေး ကိုယ်ခံစွမ်းအားတိုးဆေး ရသာယနပျားရည်ဆေး ဥသျှာအားဆေးရည်များ

ရွှေပြာသဗ္ဗြီ တိုင်းရင်းအထူးကုဆေးခန်း - အမှတ်-၅၂၄/၈၊ မေဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉ ၅၁၀၅၆၀၃၆၊ ၀၉ ၂၅၄၀၇၅၀၃၅





အဓိဋ္ဌာန်အောင်မြင်တဲ့ အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်ဘုရားကြီးမှ

အဓိဋ္ဌာန်ပါရမီ အကြားအမြင် ဂေါ်သမနောပညာရှင်

## ဆရာမ နန်းစန္ဒာ

ဘဝအခက်အခဲနှင့် ကြုံတွေ့ကြသူတိုင်း ဆရာမရဲ့ အဓိဋ္ဌာန်ကျင့်စဥ်ပညာစွမ်းနဲ့ ဟောပြောပြုလုပ်ပေးရာမှာ အခက်အခဲမရှိ အောင်မြင်ကြောင်းကို ဆရာမရဲ့ သားတပည့် အပေါင်း သိပြီး ဖြစ်ပါတယ်။ "လာခဲ့ပါ" မိတ်သစ်ပဋ္ဌာန်းဆက်များကို ဖိတ်ခေါ်လိုက် ပါတယ်။ အဓိဋ္ဌာန်ပါရမီအကြားအမြင် ဂေါ်သမနောပညာစွမ်းဖြင့် မရေးမတွက် ရုပ်ဆင်းသဏ္ဌာန်ကို ကြည့်ရုံမျှဖြင့် သင် ယခုကြုံတွေ့ခံစားနေရတဲ့ ကိစ္စမှန်သမျှကို အံ့သြလောက်အောင် မှန်ရမည်။

အိမ်ထောင်ရေး၊ စီးပွားရေး၊ အချစ်ရေး၊ မြေ၊ အိမ်၊ အမွေ၊ နာမည်ခိုက်၊ ဘေးဥပဒ်အန္တရာယ်၊ အမှုအခင်း ပြဿနာနဲ့ ကားအရောင်းအဝယ်၊ ပညာရေးအခြေအနေ၊ စာမေးပွဲအောင်/ရှုံးတို့ကို တိကျပြတ်သားစွာ ဟောပြော ပြုလုပ်ပေးလို့ စိတ်တိုင်းကျစေရမည်။ သင့်ကံကြမ္မာကို ကျင့်စဥ်၊ ဒေဝယတြာ၊ ဂမ္ဘီရယတြာနည်းတို့ဖြင့် ဇာတာမြှင့်ပေးပါမည်။

ကံဇာတာ စစ်ကြည့်ကြရအောင်၊ ရာထူးအတက်အကျ၊ ထီပေါက်ကိန်းရှိနေရင်တော့ ကျိန်းသေ ထီပေါက်ရမည်။ (...ခြားသွားဖို့ အခက်အခဲရှိနေပြီဆိုရင်တော့ အမြန်ဆုံးသာ လာခဲ့ပါ။)

သင့်ဘဝ အောင်မြင်ရေးအတွက် ကျိုက်ပိုင်ဘုရားကြီးမှာ

## ဆရာမ နန်းစန္ဒာ ရှိတယ်။

ဒုက္ခကင်းရမည် အောင်မြင်ရမည် စိတ်ချမ်းသာရမည် ကျေနပ်စေရမည်။

ဟောခန်းဖွင့်ချိန်။ ။ နံနက်(၈)နာရီမှ ညနေ(၅)နာရီထိ(လပြည့်၊ လကွယ်နေ့တိုင်း နားမည်။)

ဆေးခန်းအမှတ်(၁၁)၊ ကျိုက်ပိုင်ဘုရား၊ အနောက်ဘက်မုခ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၃၀၄၃၁၂၂

www.burmeseclassic.com

